မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန

Yever smarter together

Certified B Corporation



PWINT THIT SA
Transparency in Myanmar Enterprises

# ပွင့်သစ်စ

## မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု

**ဆ၃မအကြိမ် အစီရင်ခံစာ | ၂၀၂၀ ပြည့်နှစ်**


+95 1 512613 | info@myanmar-responsiblebusiness.org | www.mcrb.org.mm
+95 9 422 091 979 | contact@yever.org | www.yever.org


ပွင့်သစ်စ စီမံချက်သည် မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုကို တိုးမြင့်စေရန်နှင့် ပိုမိုကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုများ ဆောင်ရွက်လာနိုင်စေရန်အတွက် တိုက်တွန်းအားပေးရန် ရည်ရွယ်သည်။

MCRB နှင့် *Yever* မှ ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာလတွင် ပုံနှိပ်ထုတ်ဝေသည်။ မူပိုင်ခွင့်ရှိသည်။ MCRB နှင့် Yever သည် ဤအစီရင်ခံစာတွင် ပါဝင်သည့် အကြောင်းအရာများအား လွတ်လပ်စွာပြန်လည်ကူးယူ ထုတ်ဝေခြင်းကို ခွင့်ပြုသည်။ ထိုသို့ ပြန်လည်ကူးယူ ထုတ်ဝေမည်ဆိုပါက MCRB နှင့် *Yever* ထံသို့ အကြောင်းကြားရန်နှင့် ထိုကူးယူထုတ်ဝေမည့် စာမိတ္တူအား MCRB နှင့် Yever ရုံးသို့ပေးပို့ရန် လိုအပ်သည်။ ထိုသို့ ပြန်လည်ကူးယူထုတ်ဝေမည့် ခွင့်ပြုချက်အား တောင်းခံရန်နှင့် ပုံနှိပ်ထုတ်ဝေမည့် ဘာသာပြန်ချက်ကို ပေးပို့ရန် MCRB နှင့် *Yever* လိပ်စာအတိုင်း ဆက်သွယ်ရမည် ဖြစ်ပါသည်။

**မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန** (MCRB) သည် Institute of Human Rights and Business နှင့် Danish Institute for Human Rights တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံအများးစုမှ အစိုးရရန်ပုံငွေနှင့် ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မြို့အခြေစိုက် ဖွင့်လှစ်ထားသော အဖွဲ့အစည်းပင် ဖြစ်ပါသည်။ MCRB တည်ထောင်ရခြင်းမှာ မြန်မာနိုင်ငံတွင်း တာဝန်ယူမှုရှိသော စီးပွားရေးနှင့် ပတ်သက်သည့် အသိပညာ၊ စွမ်းရည်နှင့် စကားဝိုင်းများ ဖန်တီးရန်အတွက် ထိရောက်တရားဝင်နည်းလမ်းကျသော လမ်းကြောင်း (platform) တစ်ခု ပေါ်ထွန်းလာစေရန် ဖြစ်သည်။ ဒေသတွင်းလိုအပ်ချက်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းများပေါ်တွင် အခြေခံ၍ တာဝန်ယူမှုရှိသော စီးပွားရေးအလေ့အကျင့်ကောင်းများ ပေါ်ပေါက်လာစေရန်ဖြစ်သည်။ ၎င်းသည် စီးပွားရေးလုပ်ငန်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရများအကြား ကြားနေကာ အတူတကွ လုပ်ဆောင်ရန်ဖြစ်သည်။ ယူကေ၊ ဒိန်းမတ်၊နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန်နှင့် အိုင်ယာလန်နိုင်ငံ အစိုးရများထံမှ ရန်ပုံငွေ အထောက်အပံ့ရရှိပါသည်။

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)
အမှတ် (၆) က၊ ရှင်စောပုလမ်း၊
ကရင်ခြံရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
info@myanmar-responsiblebusiness.org
www.myanmar-responsiblebusiness.org and www.mcrb.org.mm

*Yever* သည် ကော်ပိုရိတ်ခေါင်းဆောင်များ၏ လိုအပ်ချက်များနှင့်အညီ ဝန်ဆောင်မှုပေးသော ရန်ကုန်အခြေစိုက် စီးပွားရေးအကြံပေး ကုမ္ပဏီတစ်ခုဖြစ်သည်။ ကုမ္ပဏီများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရေရှည်တည်တံ့နိုင်သော ဈေးကွက်များ တည်ဆောက်ခြင်းဖြင့် ၎င်းတို့၏စီးပွားရေးစနစ် တိုးတက်ပြောင်းလဲမှုအား အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။ *Yever* အား ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံမှ အရည်အချင်းရှိသော လူငယ်များနှင့် နိုင်ငံတကာ အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။ ကျွန်ုပ်တို့လုပ်ငန်း၏ အဓိကသော့ချက်မှာ ယုံကြည်မှုပင် ဖြစ်သည်။ ရည်ရွယ်ချက်ကို ဖြစ်မြောက်အောင်လုပ်ဆောင်ခြင်း၊ ကျွန်ုပ်တို့သည် ဆိုထားသည့်အတိုင်း ဖြစ်မြောက်အောင် လုပ်ဆောင်ရန် ရည်ရွယ်သည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင်တစ်ခုတည်းသော Certified B Corp အဖွဲ့ဝင်ကုမ္ပဏီဖြစ်ပြီး စီမံကိန်းအမျိုးမျိုးအတွက် အခကြေးငွေမယူပဲလုပ်ဆောင်ပေးရသည့်အတွက်ဂုဏ်ယူပါသည်။

*Yever*
အမှတ် (၂၇) ၊အောင်ဇေယျာလမ်း၊ အခန်း (၅၀၁)
ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
contact@yever.org
www.yever.org

ဤအစီရင်ခံစာရေးသားခြင်းနှင့် သုတေသနလုပ်ငန်းများကို MCRB မှ Vicky Bowman၊ ဖြူဖြူဇင်၊ Maya Muller နှင့် Yever မှ Nicolas Delange၊ Maddy နှင့် ဝေယံကျော်တို့မှ လုပ်ဆောင်ခဲ့ပါသည်။ ဤအစီရင်ခံစာ၏ ဖော်ပြချက်များသည် စာတမ်းရေးသားသူများ၏ ထင်မြင်ယူဆချက်များ ဖြစ်ပါသည်။ အချို့သောကုမ္ပဏီများကို ရည်ညွှန်းဖော်ပြထားခြင်းများ ရှိသော်လည်း ထိုကုမ္ပဏီများကို MCRB နှင့် Yever မှ ထောက်ခံပေးခြင်းမျိုး မဟုတ်ပါ။ ရမှတ်အဆင့်များမှာ  ကုမ္ပဏီများ၏ လက်တွေ့စီးပွားရေး လုပ်ဆောင်ချက်များအပေါ်တွင် တိုင်းတာထားခြင်း မဟုတ်ပါ။

ဤလက်စွဲစာအုပ်တွင် ဖော်ပြထားသောအချက်အလက်များသည် ဥပဒေရေးရာ အကြံဥာဏ်များပေးရန် မဟုတ်ဘဲ ဤလက်စွဲစာအုပ်ပါ သတင်းအချက်အလက်၊ အကြောင်းအရာနှင့် စာရွက်စာတမ်းများသည် ယေဘုယျအချက်အလက်များ ပံ့ပိုးပေးရန်သာ ဖြစ်သည့်အတွက် နောက်ဆုံးရ ဥပဒေရေးရာအချက်အလက်များ သော်လည်းကောင်း၊ အခြားအချက်အလက်များ သော်လည်းကောင်းပါဝင်ခြင်းမရှိပါ။ ဤလက်စွဲစာအုပ်ကို အသုံးပြုသူများ အနေဖြင့်ဥပဒေရေးရာ ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ အကြံဥာဏ်များ ရယူနိုင်ရန် ရှေ့နေရှေ့ရပ်များအား ဆက်သွယ် ဆောင်ရွက်သင့်ပါသည်။

ဓာတ်ပုံ– တရုတ်စကားပန်း

Vicky Bowman, Greta Cowie, Swaminathan, Thangaraj Kumaravel, Ronel Reyes, Andrew Stewart

## မာတိကာ


အတိုကောက်စကားလုံးများ ၇

အစီရင်ခံစာ အနှစ်ချုပ် ၉

အခန်း (၁) – မိတ်ဆက်ခြင်း ၁၆

ပွင့်သစ်စ၊ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းမှ ထုတ်ဖော်ကြေညာမှုများ ၁၆

စီမံအုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးကို အထောက်အကူပြုပေးခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိသော ဖွံ့ဖြိုးတိုးတက်ခြင်း ၂၀

ယုံကြည်မှုတည်ဆောက်ခြင်း ၂၂

အခန်း (၂) – ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ကော်ပိုရိတ်ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ တည်ဆဲဥပဒေနှင့်စည်းမျဉ်းများ ၂၆

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ၂၆

၁၉၅၀ အထူးကုမ္ပဏီအက်ဥပဒေ (SCA) အရဖွဲ့စည်းသောကုမ္ပဏီများ ၂၈

နိုင်ငံပိုင်ဘဏ်များ ၂၉

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၃၁

သင့်လျော်မှန်ကန်မှုရှိခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက် ၃၁

ဘဏ်၏ ဒါရိုက်တာများဆိုင်ရာ ညွှန်ကြားချက် ၃၂

ဘဏ်၏ ပြင်ပစာရင်းစစ်များနှင့် သက်ဆိုင်သည့်ညွှန်ကြားချက် ၃၂

ဆက်နွယ်သူများဆိုင်ရာ ညွှန်ကြားချက် ၃၄

အဓိကကျသည့် အကျိုးစီးပွားဆိုင်ရာ ညွှန်ကြားချက် ၃၅

ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ညွှန်ကြားချက် ၃၅

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) နှင့် မြန်မာကုမ္ပဏီများဥပဒေ ၃၆

ပုဂ္ဂလိကပိုင်နှင့် အများပိုင်ကုမ္ပဏီ ဆိုသည်မှာ အဘယ်နည်း။ ၃၇

မြန်မာကုမ္ပဏီများဥပဒေမှ ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ လိုအပ်ချက်များ ၃၈

နှစ်စဉ်အစီရင်ခံစာ ၃၉

ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာ ၄၀

ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းနှင့် ဒါရိုက်တာ၏အစီရင်ခံစာ ၄၀

သီးခြားလွတ်လပ်သော ဒါရိုက်တာ ၄၁

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် ၄၂

စဉ်ဆက်မပြတ်ထုတ်ဖော်ပြသခြင်း ၄၃

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စည်းမျဉ်းမူကြမ်း ၄၅

ဆက်နွယ်သည့်ပုဂ္ဂိုလ်(သို့မဟုတ်) အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်း ၄၆

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူနှင့် နိုင်ငံရေးအရသြဇာတိက္ကမရှိသူ ၄၇

မြန်မာဥပဒေမှ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ ၄၉

မြန်မာနိုင်ငံ သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်း (EITI) မှ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ၅၀
အကျိုးအမြတ်ရရှိပိုင်ဆိုင်သူနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ပြောင်းလဲတိုးတက်မှုများ ၅၆
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၅၇

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံသူမှ ထုတ်ဖော်ကြေညာချက်** ၅၈
ရင်းနှီးမြှုပ်နှံသူမှ ထုတ်ဖော်ကြေညာချက် ၅၉
ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ၆၀

## အခန်း (၃) – မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ထုတ်ဖော်ကြေညာခြင်း ဆိုင်ရာ အကြောင်းအရာများ ၆၂

**စီးပွားရေးနှင့် လူ့အခွင့်အရေး** ၆၂
**ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေး မစ်ရှင်း (IFFMM) ၏ ၂၀၁၉ အစီရင်ခံစာ** ၆၅
**တပ်မတော် ပိုင်စီးပွားရေးလုပ်ငန်းများ** ၆၇
မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEH) ၆၇
မြန်မာစီးပွားရေးကော်ပိုရေးရှင်း (MEC) ၇၀

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ** ၇၀
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ၇၀
အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ၇၃
လုပ်ငန်းအဆင်ပြေ လွယ်ကူစေရန် ငွေပေးခြင်း ၇၄
ကိုဗစ်–၁၉ နှင့် အဂတိလိုက်စားမှု ၇၈
အဂတိလိုက်စားမှုကိုတိုက်ဖျက်ရန်အတွက် နောက်ထပ်လုပ်ဆောင်သွားမည့်အရာများ ၇၉

**လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံအုပ်ချုပ်မှု (ESG) နှင့် ရေရှည်တည်တံ့မြဲရေး အစီရင်ခံစာ** ၈၆
လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံအုပ်ချုပ်မှု (ESG) နှင့် ရေရှည် တည်တံ့မြဲရေး အစီရင်ခံစာ ၈၆
လူမှုပတ်ဝန်းကျင်နှင့် သဃာဝပတ်ဝန်းကျင်ဆိုင်ရာစီမံအုပ်ချုပ်မှု (ESG) အစီရင်ခံစာအတွက် မြန်မာနိုင်ငံ တရားဝင်ချဉ်းကပ်မှု ၈၉
ထုတ်ပြန်ကြေညာခြင်းနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် အစီရင်ခံခြင်းဆိုင်ရာ မူဘောင်များ ၉၀

**ရေရှည်တည်တံ့ခိုင်မြဲခြင်းနှင့် ထုတ်ဖော်ကြေညာခြင်းကောင်းမွန်အောင်လုပ်ဆောင်ရာတွင်စတော့အိတ်ချိန်း များ၏ အခန်းကဏ္ဍ** ၉၂
ရန်ကုန်စတော့အိတ်ချိန်း (YSX) ၉၃

**ဖြစ်နိုင်ခြေရှိသည့် လူ့အခွင့်အရေးသက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (human rights due diligence) များနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် အစီရင်ခံခြင်းတို့အတွက် လိုအပ်သည့် စည်းမျဉ်းသတ်မှတ်ချက်များ** ၉၅
European Union ၏ ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်းဆိုင်ရာ သတ်မှတ်ချက်များ ၉၅
နိုင်ငံအလိုက် လုပ်ဆောင်ရသည့် လိုအပ်ချက်များ ၉၈

**အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း** ၉၉
ကော်ပိုရိတ်လူမှုရေးဆိုင်ရာတာဝန်ယူမှု' (CSR) နှင့် "ပရဟိတဆောင်ရွက်ခြင်း ၁၀၁
၂၀၁၄ ခုနှစ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ ၁၀၅
ကုမ္ပဏီများ၏ မဖြစ်မနေနှင့် ဆန္ဒအရလုပ်ဆောင်သည့် လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာအသုံးစရိတ်များ ၁၀၆
ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် သတင်းအချက်အလက်ထုတ်ဖော်ကြေညာခြင်းအတွက် တစ်သမတ်တည်းဖြစ်သော ချဉ်းကပ်မှုတစ်ခုကို မြန်မာနိုင်ငံတွင် အကောင်ထည်ဖော်ဆောင်ရွက်ခြင်း ၁၀၉
မြန်မာနိုင်ငံ ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်း ၁၁၀

## အခန်း (၄) – ၂၀၁၉ ပွင့်သစ်စအစီရင်ခံစာ–ရလဒ်များ ၁၁၃

**စစ်တမ်းဆောင်ရွက်ပုံနည်းလမ်း** ၁၁၃
တည်ဆဲ စံချိန်စံနှုန်းများ၊ မူဘောင်များနှင့် ပွင့်သစ်စအားလိုက်လျောညီထွေမှုရှိအောင် လုပ်ဆောင်ခြင်း ၁၁၆
ထည့်သွင်း စဉ်းစားထားသော သတင်းအချက်အလက်များ၏ အရင်းအမြစ်များ ၁၁၈
စစ်တမ်းတွင် ပါဝင်မည့်ကုမ္ပဏီများအား ရွေးချယ်ခြင်း ၁၁၉
ကုမ္ပဏီများနှင့် လုပ်ငန်းစုများကို ရွေးထုတ်ရာတွင် ကြုံတွေ့ရသော ပြဿနာများ ၁၁၉
ဝက်(ဘ်)ဆိုဒ်ဆန်းစစ်ခြင်းနှင့် ကုမ္ပဏီများနှင့် စေ့စပ်ဆွေးနွေးခြင်း ၁၁၉
အမှတ်ပေးခြင်း ၁၂၁
**ရလဒ်များ** ၁၂၂

## အခန်း (၅) – အကြံပြုချက်များ ၁၃၄

**မြန်မာကုမ္ပဏီများအတွက် အကြံပြုချက်များ** ၁၃၄
ပွင့်လင်းမြင်သာမှုနှင့် အစီရင်ခံခြင်း
ကုမ္ပဏီဒါရိုက်တာများနှင့် ၎င်းတို့၏တာဝန်များ
စီးပွားရေးကျင့်ဝတ်များဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု
**မြန်မာနိုင်ငံတော် အစိုးရသို့** ၁၃၈
ကော်ပိုရိတ်စီမံအုပ်ချုပ်မှု
ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်များ လွယ်ကူစွာရရှိနိုင်မှု
အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် နိုင်ငံရေးအရ ဩဇာအာဏာရှိသူများ
**ရန်ကုန်စတော့အိပ်ချိန်းသို့** ၁၄၄
အဂတိလိုက်စားမှု တိုက်ဖျက်ရေး
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့** ၁၄၅
**လွှတ်တော်သို့** ၁၄၆
**မြန်မာ့ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများသို့** ၁၄၆
**ရင်းနှီးမြှုပ်နှံသူ အသိုင်းအဝိုင်းသို့** ၁၄၇

နောက်ဆက်တွဲ (၁)။ ရလဒ်အပြည့်အစုံ ဖော်ပြထားသည့် ဇယား ၁၄၈

နောက်ဆက်တွဲ (၂)။ မေးခွန်းများ ၁၅၈

ပုံ (၁) – ကုမ္ပဏီအမျိုးအစားအလိုက် အမြင့်ဆုံး၊ အနိမ့်ဆုံးနှင့် ပျမ်းမျှရလဒ်များ ၁၁

ပုံ (၂) – ၂၀၁၈ နှင့် ၂၀၂၀ အကြား မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ်ပွင့်လင်းမြင်သာမှု အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခြင်း ၁၃

ပုံ (၃) – MCRB ၏ Spectrum of Corporate (Social) Responsibility သို့မဟုတ် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ အလေ့အကျင့် ၁၀၃

ပုံ (၄) – ကုမ္ပဏီအမျိုးအစား ၂ခုအပေါ် အမှတ်ပေးပုံ ၁၁၅

ပုံ (၅) – ၂၀၁၉ နှင့် ၂၀၂၀ တို့အကြား ပျမ်းမျှရမှတ် တိုးတက်ပြောင်းလဲလာပုံ ၁၂၃

ဇယား (၁) – MCRB နှင့် Yever ပူးပေါင်းလုပ်ကိုင်မှု ၁၅

ဇယား (၂) – ကိုဗစ် –၁၉ ကာလအတွင်းမှ နှစ်ပတ်လည် အထွေထွေအစည်းဝေးပွဲများ ၁၈

ဇယား (၃) – မြန်မာနောင်းမှ ရေးသားထားသော သတင်းများ ၂၅

ဇယား (၄) – တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) အဖွဲ့၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က သဘောတူထားသော အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု (BO) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ၅၂

ဇယား (၅) – တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) အဖွဲ့၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က သဘောတူထားသော နိုင်ငံရေးအရ သြဇာအာဏာရှိသူ (PEP)၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ၅၃

ဇယား (၆) – Myanmar Business Environment Index 2020 ၇၄

ဇယား (၇) – Doing Good Index ၂၀၂၀ ၁၀၄

ဇယား (၈) – IFC ၏ မြန်မာ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရှေ့ဆောင် MCGI ၁၁၁

ဇယားကွက် (၁) – ညွှန်ကြားချက်၁၀/၂၀၁၉ ကို ဆောင်ရွက်ထားသည့် ဘဏ်များ ၃၃

ဇယားကွက် (၂) – ၂၀၂၀ ပြည့်နှစ် ပွင့်သစ်စ အစီရင်ခံစာမှ အကျိုးအမြတ်ရရှိပိုင်ဆိုင်ရရှိမှု ၅၅

ဇယားကွက် (၃) – ၂၀၂၀ ပြည့်နှစ် ပွင့်သစ်စ အစီရင်ခံစာတွင် ထည့်သွင်းခဲ့သော အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ် မှတ်တမ်း၏ ပထမအဆင့်စံသတ်မှတ်ချက်များ ၁၁၆

ဇယားကွက်(၄) – ၂၀၂၀ပြည့်နှစ် ပွင့်သစ်စ အစီရင်ခံစာ အမှတ်ပေးစနစ်တွင်ပါရှိသည့် စံသတ်မှတ်ချက်များ ၁၁၇

ဇယားကွက်(၅) – ၂၀၂၀ ပွင့်သစ်စ အစီရင်ခံစာတွင် အသုံးပြုထားသော အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (ACGS) နှင့် ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (Integrated Reporting Framework) ဆိုင်ရာ စံသတ်မှတ်ချက်များ ၁၁၈

ဇယားကွက်(၆) – ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူမှုရေးဆိုင်ရာခေါင်းစဉ်များအပေါ်ကုမ္ပဏီများမှထုတ်ဖော်ကြေညာမှုများ ၁၂၆

ဇယားကွက် (၇)– ၂၀၂၀ပြည့်နှစ် ပွင့်သစ်စ အစီရင်ခံစာတွင် အကဲဖြတ်ဆန်းစစ်ထားသော အကောင်းဆုံး ထိပ်တန်းကုမ္ပဏီ (၃၀) ခု ၁၂၈

ဇယားကွက် (၈) – ထိပ်တန်း အများပြည်သူနှင့်သက်ဆိုင်သော ကုမ္ပဏီ (၁၀) ခု ၁၃၀

ဇယားကွက် (၉) – ထိပ်တန်း နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (၁၀) ခု ၁၃၁

ဇယားကွက် (၁၀) – ၂၀၂၀ပြည့်နှစ် ပွင့်သစ်စ အစီရင်ခံစာ မှ ဘဏ်များ ၁၃၂

## အတိုကောက်စကားလုံးများ

| | |
|---|---|
| ACGS | ASEAN Corporate Governance Scorecard (အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း) |
| ACMF | ASEAN Capital Markets Forum (အာဆီယံအရင်းအနှီး စျေးကွက်ဖိုရမ်) |
| AML | Anti–Money Laundering (ငွေကြေးခဝါချမှု တိုက်ဖျက်ရေး) |
| ASEAN | Association of South East Asian Nations (အရှေ့တောင်အာရှနိုင်ငံများအသင်း) |
| BOD | Board of Directors (ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ) |
| CDD | Customer Due Diligence (ဆက်သွယ်ဆောင်ရွက်သူအပေါ်အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်) |
| CG | Corporate Governance (ကော်ပိုရိတ် စီမံအုပ်ချုပ်မှု) |
| CSR | Corporate Social Responsibility (ကော်ပိုရိတ် လူမှုတာဝန်ယူမှု) |
| DICA | Directorate of Investment and Company Administration (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန) |
| DNFBP | Designated Non–Financial Businesses and Professions (သတ်မှတ်ထားသည့် ငွေကြေးနှင့်မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ) |
| ESG | Environmental, Social and Governance (ပတ်ဝန်းကျင်၊ လူမှုရေးနှင့်စီမံအုပ်ချုပ်မှု) |
| FY | Financial Year (ဘဏ္ဍာရေးနှစ်) |
| GRI | Global Reporting Initiative (ကမ္ဘာ့အဆင့် အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက်) |
| IFC | International Finance Corporation (အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း) |
| IIRC | International Integrated Reporting Council (နိုင်ငံတကာ ပူးတွဲအစီရင်ခံခြင်းဆိုင်ရာကောင်စီ) |
| IPO | Initial Public Offering (အများပြည်သူထံ ကနဦး အစုရှယ်ယာရောင်းချခြင်း) |
| KPI | Key Performance Indicator (အဓိက စွမ်းဆောင်ရည်ညွှန်းကိန်း) |
| MCL | Myanmar Companies Law (မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ) |
| MCGS | Myanmar Corporate Governance Scorecard (မြန်မာကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း) |
| MCRB | Myanmar Centre for Responsible Business (မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှု ရှိရေး အထောက်အကူပြုဌာန) |
| MERRP | Myanmar Economic Resilience and Reform Plan<br>မြန်မာစီးပွားရေးနာလန်ထူရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် |
| MIC | Myanmar Investment Commission (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်) |
| MIFER | Ministry of Investment and Foreign Economic Relations (ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန) |

| | |
|---|---|
| MIL | Myanmar Investment Law (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ) |
| MIoD | Myanmar Institute of Directors (မြန်မာဒါရိုက်တာများ အင်စတီကျု) |
| MIR | Myanmar Investment Rules (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ) |
| MoPFI | Ministry of Planning, Finance and Industry (စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာန) |
| MSDP | Myanmar Sustainable Development Plan (မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း) |
| MyCo | Myanmar Companies Register Online (မြန်မာကုမ္ပဏီများအား အွန်လိုင်းတွင် မှတ်ပုံတင်ခြင်း) |
| NRGI | Natural Resources Governance Institute (သဘာဝသယံဇာတ အရင်းအမြစ်များ အုပ်ချုပ်မှု အင်စတီကျု) |
| OECD | Organization for Economic Cooperation and Development (စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့) |
| OTC | Over the Counter (an organized market for trading of unlisted securities) (ကောင်တာဈေးကွက်ပေါ်တွင် ရောင်းချသည့် သက်သေခံလက်မှတ်များ) |
| SAMCO | State Assets Management Corporation (နိုင်ငံတော်ပိုင်ဆိုင်မှုများစီမံခန့်ခွဲမှုကော်ပိုရေးရှင်း) |
| SASB | Sustainability Assconting Standards Board |
| SECM | Securities and Exchange Commission of Myanmar (မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်) |
| SEE/ SOE | State–owned Enterprise (နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း) |
| UMFCCI | Union of Myanmar Federation of Chambers of Commerce and Industry (မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း) |
| YMDC | Yangon Metropolitan Development Company |
| YSX | Yangon Stock Ecchange (ရန်ကုန်စတော့အိတ်ချိန်း) |

## အစီရင်ခံစာအနှစ်ချုပ်

ယခုအစီရင်ခံစာသည် ဆဌမအကြိမ်ထုတ်ပြန်သော ပွင့်သစ်စ/မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု (Transparency in Myanmar Enterprises – TiME) အစီရင်ခံစာဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိကုမ္ပဏီကြီး (၂၆၀) (၂၀၁၉ ခုနှစ်တွင် ၂၄၈ ခု) ခုတို့၏ ကုမ္ပဏီဝက်ဘ်ဆိုဒ်များတွင် ထုတ်ပြန်ကြေညာထားသော သတင်းအချက်အလက်များကို အကဲဖြတ်သုံးသပ်၍ ဆန်းစစ်ထားခြင်း ဖြစ်ပါသည်။ စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၊ အများပိုင်ကုမ္ပဏီများ၊ အခွန်အများဆုံးထမ်းဆောင်သော၊ အများသိထင်ရှားသော ပုဂ္ဂလိကပိုင်ကုမ္ပဏီများနှင့် မိမိသဘောဆန္ဒအလျောက် အကဲဖြတ် အမှတ်ပေးမှုခံယူသော ကုမ္ပဏီများ စသည်တို့ပါဝင်ပါသည်။ ၂၀၁၉ ခုနှစ်ကဲ့သို့ပင် ထင်ရှားသော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ ကော်ပိုရိတ် ထုတ်ဖော်ကြေညာမှုများကိုလည်း အကဲဖြတ်ထားပါသည်။ သို့ဖြစ်၍ ပွင့်သစ်စအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် ကုမ္ပဏီစီးပွားရေးလုပ်ငန်းများဆိုင်ရာ ကော်ပိုရိတ်ဆိုင်ရာ ထုတ်ဖော်ကြေညာခြင်းနှင့်ပတ်သက်၍ ရည်မှန်းချက် အမြင့်ဆုံးသော အများပြည်သူဆိုင်ရာ အစီရင်ခံစာတစ်စောင် ဖြစ်ပါသည်။

၂၀၂၀ပြည့်နှစ် အစီရင်ခံစာသည် ၂၀၁၈ခုနှစ်ကတည်းကအသုံးပြုခဲ့သည့် အမှတ်ပေးစနစ်အတိုင်းပင် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (ASEAN Corporate Governance Scorecard–ACGS) (ဇယား ၃) ကို အသုံးပြု၍ ကုမ္ပဏီများကို အမှတ်ပေးထားပါသည်။ အာဆီယံဒေသတွင်းနိုင်ငံများက အေစီဂျီအက်(စ်) စံသတ်မှတ်ချက်များကို ကုမ္ပဏီကြီးများ၏ အွန်လိုင်းပေါ်၌ထုတ်ပြန်ထားသော ကော်ပိုရိတ် ထုတ်ဖော်ကြေညာမှု အခြေအနေဆိုင်ရာ သတင်းအချက်အလက်များကို အကဲဖြတ်ဆန်းစစ်ရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက် ရှိပါသည်။ ၂၀၁၈–၁၉ ခုနှစ်တွင် မြန်မာအစိုးရကလည်း မြန်မာထိပ်တန်းကုမ္ပဏီကြီး (၂၄) ခု၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို အကဲဖြတ်နိုင်မည့် မြန်မာကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (Myanmar Corporate Governance Scorecard) အား အသုံးပြုခဲ့ပါသည်။ ယင်း ကို မြန်မာကုမ္ပဏီကြီးငါးခုက ထုတ်ဖော်ကြေညာခြင်းဆိုင်ရာခြင်းဆိုင်ရာ မူဘောင်အဖြစ် အသုံးပြုကြပါသည်။ Dagon, MAEX, Max Myanmar, TMH and uab bank)တို့ဖြစ်ပြီး (CMHL, FMI နှင့် Shwe Taung)တို့လည်း ပါဝင်လာပါသည်။ ယင်းအချက်သည် ပွင့်သစ်စ၏ တိုက်တွန်းအားပေးမှုက ကုမ္ပဏီများကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေရန် အားပေးသည်ကို သက်သေပြုရာ ရောက်ပါသည်။

သို့ရာတွင် ပွင့်သစ်စ အစီရင်ခံစာတွင်မူ အေစီဂျီအက်(စ်) စံသတ်မှတ်ချက်များအားလုံးကို အသုံးပြုထားခြင်း မဟုတ်ဘဲ ရေရှည်တည်တံ့ခိုင်မြဲမှု၊ ကုမ္ပဏီ၏ စီးပွားရေးပုံစံနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု ဆက်စပ်ပုံ အစရှိသည့် အခြားသော ထပ်တိုးစံသတ်မှတ်ချက်များအား ဘက်စုံပါဝင်သော အစီရင်ခံခြင်းဆိုင်ရာ မူဘောင် (Integrated Reporting Framework) နှင့်အညီ ၂၀၁၉ အစီရင်ခံစာကဲ့သို့ပင် ထည့်သွင်းထားသည်။ ထိုသို့ ဆောင်ရွက်ခြင်းမှာ ထိပ်တန်းကုမ္ပဏီများအရေးအတွက် များပြားလာစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၁၂ နှင့် ၁၆ တို့အား ထင်ဟပ်မှုရှိစေရန်၊ အထောက်အပံ့ဖြစ်စေရန်အတွက် ဖြစ်သည်။

ထို့ကြောင့် ယခုအသုံးပြုထားသော အမှတ်ပေးသည့် နည်းစနစ်တွင် ACGS ထဲမှ မြန်မာနိုင်ငံနှင့် ဆက်စပ်မှုအရှိဆုံး စံသတ်မှတ်ချက် (၇၁) ခုကို အသုံးပြုထားပါသည် (နောက်ဆက်တွဲ – ၂ ကို ကြည့်ပါ)။ အပိုင်းလေးပိုင်း/နယ်ပယ်လေးခု (ကော်ပိုရိတ် အကြောင်းအရာ၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ ရေရှည်တည်တံ့ ခိုင်မြဲမှုဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် အစီရင်ခံခြင်း)ကို စုစုပေါင်း စံသတ်မှတ်ချက် (၁၄၃) ခု – (အွန်လိုင်းပေါ်၌ ထုတ်ပြန်ထားသော သတင်း အချက်အလက်များကို အခြေခံထားသည့် စံသတ်မှတ်ချက် (၈၂) ခုနှင့် ကုမ္ပဏီစွမ်းဆောင်ရည်ကို အခြေခံထားသည့် စံသတ်မှတ်ချက် (၆၁) ခု) ကို အသုံးပြု၍ ပေးထားပြီး ရမှတ်အများဆုံး စုစုပေါင်းရမှတ် (၂၀၄) မှတ် – (အွန်လိုင်းပေါ်၌ ထုတ်ပြန်ထားသော သတင်းအချက် အလက်များအတွက်

ရမှတ် (၈၂) မှတ်နှင့် ကုမ္ပဏီစွမ်းဆောင်ရည် (၁၂၂) မှတ်) ရရှိနိုင်ရန် သတ်မှတ်ထားပါသည်။ ယခုနှစ်တွင် ပရဟိတဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းစသော အပိုင်းများနှင့်ပတ်သက်၍ မေးခွန်းများပါဝင်လာပြီး သက်ဆိုင်မှုမရှိသော အဓိပ္ပာယ်ပြည့်ဝမှု အားနည်းသော အပိုင်းများကို ချန်လှပ်ထားခဲ့ပါသည်။ ထို့အပြင် ပွင့်သစ်စမေးခွန်းများ (စံသတ်မှတ်ချက်များ)သည် ကုမ္ပဏီများကို ထုတ်ဖော်ကြေညာမှုအပိုင်းများတွင် ပိုမိုအားကောင်းစေရန်၊ အမှန်တကယ် ဆောင်ရွက်စေရန် တွန်းအားပေးသဖြင့် အမှတ်ရရုံသာဆောင်ရွက်မှုမျိုးနှင့် လက်တွေ့ဆောင်ရွက်ချက် မပါဝင်ပါက အမြင့်ဆုံးအမှတ်များ ရနိုင်ရန်မလွယ်ကူပေ။

စတော့အိတ်ချိန်း စာရင်းဝင်ထားသော ကုမ္ပဏီများ၊ ဘဏ်များနှင့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများမှလွဲ၍ ယခုအစီရင်ခံစာ၌ အကဲဖြတ်ဆန်းစစ်ထားသည့် ကုမ္ပဏီအများစုအတွက် ဤအချက်အလက်များကို ထုတ်ပြန်ရန်လိုအပ်သည်ဟု မြန်မာဥပဒေတစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းထားခြင်း မရှိပါ။ သို့ရာတွင် ထိုသို့ သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်းကြောင့် မြန်မာကုမ္ပဏီများအနေနှင့် အခြားစီးပွားရေး မိတ်ဖက်များထက် နှာတစ်ဖျားပိုသာနိုင်မည် ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများက ကုမ္ပဏီများအကြောင်း လေ့လာရာတွင်လည်း မိမိ၏ ကုမ္ပဏီ ဝက်ဘ်ဆိုက်(ဒ်)ကို ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။


ယခုနှစ်တွင် မည်သည့်ကုမ္ပဏီအမျိုးအစားများက ထုတ်ဖော်ကြေညာမှုအပိုင်းများတွင် လုပ်ဆောင်ရန် လိုအပ်သည်၊ မလိုသည် စသည်တို့ကို သီးသာစွာ ခွဲခြားဖော်ပြထားပြီး မည်သည့် ပုဂ္ဂလိကပိုင်ကုမ္ပဏီက (ဥပဒေအရ မလိုအပ်သော်လည်း) လုပ်ဆောင်သည်ကို ဖော်ပြထားပါသည်။ လိုအပ်သည်ထက်ကျော်လွန်လုပ်ဆောင်ထားသော (နိုင်ငံတကာ စံချိန်မီရန် ဆောင်ရွက်ထားသော)ကုမ္ပဏီများကို ဥပမာ ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များကို ဖော်ပြထားခြင်းမျိုးရှိပါက ဂုဏ်ပြုချီးမြှောက်သည့်အနေဖြင့် အပိုဆောင်းအမှတ်များ ပေးထားပါသည်။ နောက်ထပ် အသေးစိတ်အချက်များကို အခန်း (၄) စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းတွင် ဖော်ပြထားပါသည်။

၂၀၂၀ ပြည့်နှစ်၏ ပျမ်းမျှရလဒ်မှာ (၇) ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၉ တွင် (၅) ရာခိုင်နှုန်းဖြစ်သည်။ ထုတ်ဖော်ကြေညာချက်ဆိုင်ရာတွင် အကြမ်းအားဖြင့် အားလုံးတိုးတက်မှုရှိပြီး ထိပ်တန်းလုပ်ငန်းကြီးများမှာ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များထုတ်ပြန်ခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ အချက်အလက်များ ထုတ်ဖော်ကြေညာရာတွင် စိန်ခေါ်မှုများ ယခင်ကထက် များလာသည်ကို တွေ့နိုင်သည်။

၂၀၂၀ ပြည့်နှစ်၏ အမှတ်အမြင့်ဆုံးရရှိသည့် ထိပ်တန်းကုမ္ပဏီကြီး (၃) ခုမှာ uab bank ၊ City Mart Holdings Limited (CMHL)နှင့် Shwe Taung Group တို့ဖြစ်ပါသည်။ ဤကုမ္ပဏီကြီးများသည် ၂၀၁၉ ခုနှစ်တွင်လည်း နေရာ(အမှတ်စဉ်) အပြောင်းအလဲသာရှိသော်လည်း ထိပ်တန်းတွင်ပင် ရှိနေခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ထိပ်တန်းကုမ္ပဏီများသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့်ဘဏ္ဍာရေးမသက်ဆိုင်သောအစီရင်ခံခြင်းစသည့်သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာမှုကို တိုးမြှင့်လုပ်ဆောင်လာခဲ့ကြသည်။ ၎င်းတို့၏ ရမှတ်မူကြမ်းများကို ဆွေးနွေးရန်၊ စံသတ်မှတ်ချက်များကို သေသေချာချာ ကောင်းမွန်စွာ နားလည်ရန်နှင့် ကုမ္ပဏီသတင်းအချက် အလက်ထုတ်ပြန်ပေးမှုအတွက် စံသတ်မှတ်ချက်များက မည်သည့် အကြောင်းအရာများကို ရည်ညွှန်းသည် စသည်တို့ကိုနားလည်ရန်အတွက် MCRB/ Yever သို့ (အွန်လိုင်းမှတစ်ဆင့်) တိုက်ရိုက်ဆက်သွယ် အစည်းအဝေးများဆောင်ရွက်ခဲ့သော ကုမ္ပဏီ (၃၂)ခုလုံး၏ ကြိုးစားအားထုတ်မှုကို အမှန်တကယ်ပင် မြင်တွေ့ခဲ့ရပါသည်။ ယေဘုယျအားဖြင့်ဆိုရသော် ထိုသို့ အချင်းချင်းဆက်သွယ်ဆောင်ရွက်ခြင်းကြောင့် အဆိုပါကုမ္ပဏီများ၏ ရမှတ်များသည် (၂၃၁) ရာခိုင်နှုန်းအထိ ပိုမိုတိုးတက်လာကြောင်း တွေ့ရှိရပါသည်။

စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၏ ရမှတ်မှာ (၃၉) ရာခိုင်နှုန်းဖြစ်သောကြောင့် ပျမ်းမျှရမှတ် (၅) ရာခိုင်နှုန်း နှင့် (၇)ရာခိုင်နှုန်း အသီးသီးရရှိထားသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများနှင့် ပုဂ္ဂလိကကုမ္ပဏီများထက် စွမ်းဆောင်ရည် သိသိသာသာ ပိုမိုကောင်းမွန်သည်ကို တွေ့ရှိရသည်။ သို့သော်လည်း အမျိုးအစားတစ်ခုချင်းအလိုက် ကွာခြားချက်မှာသိသာကြောင်း ပုံတွင် တွေ့နိုင်သည်။ ပုံ (၁) ၌ ကုမ္ပဏီအမျိုးအစားပေါ် မူတည်၍ အမြင့်ဆုံး၊ အနိမ့်ဆုံးနှင့် ပျမ်းမျှရလဒ်များကို ဖော်ပြထားသည်။ စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၏ ပျမ်းမျှရမှတ်ထက် ပိုမိုမြင့်မားသော ချန်ပီယံစာရင်းဝင် ကုမ္ပဏီ ၁၉ ခု ရှိပါသည်။ စွမ်းဆောင်မှုအကောင်းဆုံးကုမ္ပဏီ (၂၀)၏ ရမှတ်များသည် ကုမ္ပဏီများအားလုံး၏ ပျမ်းမျှရလဒ်ဖြစ်သော (၇) ရာခိုင်နှုန်းထက် အနည်းဆုံး (၅) ဆတိုး၍ အမှတ်ရရှိကြသည်။

ပုံ – ၁။
ကုမ္ပဏီအမျိုးအစားအလိုက် အမြင့်ဆုံး၊ အနိမ့်ဆုံးနှင့် ပျမ်းမျှရလဒ်များ




ပုံ (၁) အရ စွမ်းဆောင်မှုအကောင်းဆုံး ကုမ္ပဏီဖြစ်သော uab bank မှာ ပုဂ္ဂလိကပိုင်ဖြစ်ပြီး စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီမဟုတ်ကြောင်း တွေ့ရသည်။ သို့ဖြစ်ပါသောကြောင့် ပုဂ္ဂလိကကုမ္ပဏီများသည် များပြားလှစွာသော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့် ကုမ္ပဏီစွမ်းဆောင်ရည်ဆိုင်ရာ သတင်းအချက်အလက်များကို တိုင်းတာ၊ ထုတ်ပြန်ရန် ဆုံးဖြတ်နိုင်ကြောင်းကို တွေ့နိုင်ပါသည်။ ထို့အပြင် ယခင် ပွင့်သစ်စအစီရင်ခံစာများ၏ ထိပ်တန်းကုမ္ပဏီ အခု(၂၀)စာရင်းတွင် မပါရှိခဲ့သော Yoma Bank, IME Group, Alpha Power Engineering, Proven Group နှင့် Maha Agriculture Microfinance အစရှိသည့် ပုဂ္ဂလိကကုမ္ပဏီ အချို့သည်လည်း ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာတွင် ပါဝင်လာသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ပွင့်သစ်စသည် မြန်မာကုမ္ပဏီများအား ကော်ပို


ရိတ်စီမံအုပ်ချုပ်မှု၊ သတင်းအချက်အလက် ထုတ်ပြန်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု စသည်တို့ကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန် အားပေးရာတွင် ထိရောက်မှုရှိသည်ကို တွေ့ရသည်။ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးမိတ်ဖက်များကလည်း အဆိုပါအကြောင်းအရာများကို စိတ်ဝင်စားမှုရှိသည့်အပြင် လက်ရှိ မြန်မာနိုင်ငံ၏ ပြောင်းလဲမှုများ၊ အထူးသဖြင့် ၂၀၁၇ ခုနှစ် မြန်မာကုမ္ပဏီများဥပဒေ ပြဋ္ဌာန်းလိုက်ခြင်းကြောင့်လည်း အဆိုပါရလဒ်များကို ရရှိလာရခြင်း ဖြစ်ပါသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) များမှာ ကုမ္ပဏီစွမ်းဆောင်ရည်အားအနည်းဆုံးအမျိုးအစားထဲတွင် ပါဝင်နေသည်။ သတင်းအချက်အလက်ထုတ်ပြန်မှုတွင် ဦးဆောင်လျက်ရှိသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) များမှာ Yangon Electricity Supply Corporation (YESC) နှင့် Myanmar Shipyards တို့ ဖြစ်ပါသည်။ အဆိုပါကုမ္ပဏီများ၏ သီးသန့်အခြေအနေများနှင့် ၎င်းတို့ရင်ဆိုင်နေရသည့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ အခက်အခဲများကြောင့် ၎င်းတို့ကို ဇယားကွက် (၉) တွင် သီးခြားအမှတ်ပေးထားပါသည်။ သို့သော်လည်း အကဲဖြတ်ဆန်းစစ်ရာတွင်မူ စစ်တမ်းဆောင်ရွက်ပုံနည်းလမ်း တစ်ရပ်တည်းကိုသာ တူညီစွာအသုံးပြုထားပါသည်။ ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်သော ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Action Plan) နှင့် မြန်မာ့စီးပွားရေးနာလန်ထူရေးနှင့် ပြုပြင်ပြောင်းလဲရေး စီမံချက် 2020 Myanmar Economic Recovery and Reform Plan (MERRP) ဆိုင်ရာ မျှော်မှန်းထားသော ပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) များသည်လည်း ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် သတင်းအချက်အလက်ထုတ်ပြန်မှုတို့ကို ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

အမှတ်အမြင့်ဆုံး ဦးဆောင်ကုမ္ပဏီများ၏ အဓိကအားသာသော နယ်ပယ်မှာ ၎င်းတို့၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဖြစ်ပြီး ထိပ်ဆုံးကုမ္ပဏီ(၁၀)ခု၏ ပျမ်းမျှရလဒ်မှာ(၁၂၉) ရာခိုင်နှုန်းဖြစ်သည်။ ပုဂ္ဂလိကကုမ္ပဏီ များမှ အချို့ကဏ္ဍများတွင် ၎င်းတို့၏ ဆန္ဒအလျောက် ထုတ်ဖော်ပြသထားသောအချက်များကြောင့် (၁၀၀) ရာခိုင်နှုန်းထက်သာလွန်၍ အမှတ်ရရှိနေကြခြင်းဖြစ်သည်။ အားနည်းနေသည့် နယ်ပယ်များတွင် အစီရင်ခံခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ စီမံခန့်ခွဲခြင်းတို့ပါဝင်ပြီး ထိပ်ဆုံးကုမ္ပဏီ (၁၀) ခု၏ ပျမ်းမျှရလာဒ်မှာ (၅၆) ရာခိုင်နှုန်းနှင့် (၅၅) ရာခိုင်နှုန်းတို့ အသီးသီး ဖြစ်ကြသည်။

ဆန်းစစ်အကဲဖြတ်ထားသော ကုမ္ပဏီ စုစုပေါင်း (၂၆၀) ခုတွင် ကုမ္ပဏီ (၉၈) ခု (သို့မဟုတ်) ကုမ္ပဏီ (၃၈) ရာခိုင်နှုန်းမှာ (၂၀၁၉ တွင် ၄၄ ရာခိုင်နှုန်း) ကော်ပိုရိတ်ဝက်ဘ်ဆိုဒ်များ မရှိခြင်း၊ သို့မဟုတ် မည်သည့်အချက် အလက်မျှ မရှိခြင်းတို့ကို တွေ့ရှိရသည် (ပုံ -၂) ရှိ အမဲရောင်အမှတ်အသားကို ကြည့်ပါ)။ ကော်ပိုရိတ် ဝက်ဘ်ဆိုဒ်များရှိနေလျှင်လည်း အများစုမှာ အချက်အလက်အနည်းငယ်သာ ထုတ်ပြန်ထားခြင်း၊ သို့မဟုတ် ယခုလေ့လာဆန်းစစ်မှုတွင် အကျုံးဝင်သော စံသတ်မှတ်ချက်များနှင့် သက်ဆိုင်သည့် အချက်အလက်များ မရှိခြင်းတို့ကို တွေ့ရှိရသည်။ ကော်ပိုရိတ် သတင်းအချက်အလက်များအား ထုတ်ပြန်ထားသည့်ကုမ္ပဏီ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အပါအဝင်) ၄၄ ရာခိုင်နှုန်း၏ ရမှတ်များသည် ကုမ္ပဏီများအားလုံးကို ဆန်းစစ်အကဲဖြတ်ထားသည့် ယေဘုယျပျမ်းမျှရမှတ်ထက် နည်းပါးလျက်ရှိနေသည်ကို တွေ့ရပါသည်။ (ပုံ (၂) ရှိ လိမ္မော်ရောင် အမှတ်အသားကို ကြည့်ပါ)။

**ပုံ – ၂။**
**၂၀၁၈ နှင့် ၂၀၂၀ အကြား မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ်ပွင့်လင်းမြင်သာမှု အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခြင်း**




ယခုစစ်တမ်းနှင့် ယင်းမှပေါ်ထွက်လာသည့် အဆင့်သတ်မှတ်ချက်တို့သည် ကုမ္ပဏီမှနေ၍ အများပြည်သူ အလွယ်တကူသိရှိနိုင်အောင် ထုတ်ပြန်ပေးသော သတင်းအချက်အလက်များကိုသာ အခြေခံ၍ ယခင်က လိုပင် အမှတ်ပေးဆန်းစစ်ထားခြင်းသာ ဖြစ်ပါသည်။ လွတ်လပ်၍ အမှီအခိုကင်းသည့် ကျွမ်းကျင်စာရင်းစစ်ပညာရှင်၏ အာမခံချက်ပေးရန် လိုအပ်သော ကုမ္ပဏီအရည်အသွေး (သို့မဟုတ်) ကုမ္ပဏီ၏ စွမ်းဆောင်ရည် (သို့မဟုတ်) အချက်အလက်များ၏ တိကျမှန်ကန်မှု စသည့်အချက်များကို မဆန်းစစ်ထားပါ။ ယခုနှစ်တွင် မူဝါဒများနှင့် ရေရှည်တည်တံ့ရေးတို့အတွက် ကတိကဝတ်များကို မည်မျှနီးကပ်စွာ အကောင်အထည်ဖော်နိုင်သည်ကို မူတည်ပြီး အမှတ်များကို (၀,၁,၂) စသည်ဖြင့် ပေးအပ်ထားသောကြောင့် လုပ်ငန်းများ၏အကောင်အထည်ဖော်နိုင်မှုကို ထင်ဟပ်စေပါသည်။ ထို့အပြင် ကုမ္ပဏီများနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်မှု မှတစ်ဆင့် ကောက်ချက်ချနိုင်သည်မှာ အမှတ်ပိုများနေသော ကုမ္ပဏီများသည် ပို၍ခိုင်မာအားကောင်းသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်ဆောင်ရွက်မှုကို တည်ထောင်နေသူများနှင့် ရေရှည်တည်တံ့မှုကို နားလည်သဘောပေါက်သူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

အစီရင်ခံစာ၏ အခန်း(၁)တွင် ကိုဗစ်–၁၉ကြောင့် စီမံအုပ်ချုပ်မှုနှင့် သတင်းအချက်အလက်ဖော်ထုတ် ကြေညာမှုအပိုင်းတွင် သက်ရောက်မှုအပါအဝင် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကို ဖော်ပြထားပြီး ယခင်အတိုင်းပင် အခန်း(၂)တွင်မူ မြန်မာနိုင်ငံရှိ သတင်းအချက်အလက်ထုတ်ပြန်ကြေညာမှုနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်၊ ပွင့်လင်းမြင်သာမှုနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတို့ကို အနှစ်ချုပ်တင်ပြထားပါသည်။ ဤနောက်ခံ

အကြောင်းအရာ အချက်အလက်များကို တင်ပြထားသည်မှာ အသိအမြင် ပိုမိုပွင့်လင်းလာစေရန်နှင့် လိုက်နာမှုရှိစေရန် တိုက်တွန်းအားပေးလိုသော ရည်ရွယ်ချက်ကြောင့် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) နှင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံလတ်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) တို့က လုပ်ဆောင်လျက်ရှိသော ကုမ္ပဏီစီးပွားရေးလုပ်ငန်းများ၏ စီမံအုပ်ချုပ်မှုစွမ်းဆောင်ရည် တည်ဆောက်ပေးသည့် ဆောင်ရွက်ချက်များကိုလည်း ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။

အခန်း (၃) တွင် အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အစပြုဆောင်ရွက်ချက်များနှင့် ပွင့်လင်းမြင်သာမှုနှင့် ဆက်စပ်၍ မြန်မာနိုင်ငံနှင့်လည်း သက်ဆိုင်သလို အပြည်ပြည်ဆိုင်ရာနိုင်ငံများတွင်လည်း ဆွေးနွေးငြင်းခုံနေကြသည့် အကြောင်းအရာများဖြစ်သော လူ့အခွင့်အရေးဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် မတူကွဲပြားမှု၊ ကျား/မ တန်းတူညီမျှရှိမှုတို့လည်းပါဝင်သော ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အစီရင်ခံခြင်းတို့ ပါဝင်သည်။ ၂၀၁၉ ဩဂုတ်လက ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်က ထုတ်ပြန်ထားသော တပ်မတော်နှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများနှင့် အကျိုးဆက်များအကြောင်းလည်း ပါဝင်ပြီး ယင်းတပ်မတော်ပိုင်လုပ်ငန်းနှစ်ခု၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာများကိုလည်း ယခု အစီရင်ခံတွင် လေ့လာတွေ့ရှိချက်ကို ဖော်ပြထားပါသည်။

အခန်း(၄)တွင် ၂၀၂၀ ပြည့်နှစ် ပွင့်သစ်စ အစီရင်ခံစာရှိ သက်ဆိုင်ရာရမှတ်များနှင့် စစ်တမ်းဆောင်ရွက်ပုံ နည်းလမ်းများကို ဖော်ပြထားသည်။

နောက်ဆုံးအခန်း (၅) တွင် မြန်မာကုမ္ပဏီများ၊ အစိုးရနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ လွှတ်တော်၊ အင်စတီကျူးရှင်းများတွင် ရင်းနှီးမြှုပ်နှံသူများ၊ အရက်ဖက်လူမှုအဖွဲ့အစည်းများနှင့်မီဒီယာများအားအကြံပြုချက်များကိုဖော်ပြထားပြီးထိုအကြံပြုချက်များသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို ပိုမိုမြှင့်တင်နိုင်ရန် ရည်ရွယ်ပါသည်။

ကိုဗစ်–၁၉ကြောင့် အရာရာသည် မသေမချာဖြစ်နေသော်လည်း ကုမ္ပဏီများ၏ မူဝါဒများ၊ အစီရင်ခံခြင်းများ၊ ထုတ်ဖော်ကြေငြာခြင်းများနှင့် ဝဘ်ဆိုဒ်များကို မသန်စွမ်းများအပါအဝင် အများပြည်သူ လက်လှမ်းမီနိုင်မှုရှိရေးတို့အပေါ် စိတ်ဝင်စားမှုရှိသောကုမ္ပဏီများကို ၂၀၂၁ ခုနှစ်အတွင်းတွင် MCRB နှင့် Yever တို့က  အထောက်အပံ့ပြုနိုင်ရန် ရည်ရွယ်ထားပါသည်။ ယင်းကို မြန်မာဒါရိုက်တာများ အင်စတီကျူနှင့် တွဲဖက်ဆောင်ရွက်မည်ဖြစ်သည်။ နောက်ထပ်ပွင့်သစ်စ အစီရင်ခံစာသစ်ကိုမူ ၂၀၂၂ ခုနှစ်မှသာ ထုတ်ပြန်ရန် ရည်ရွယ်ထားပါသည်။

## ဇယား – ၁

## MCRB နှင့် Yever ပူးပေါင်းဆောင်ရွက်မှု

**Yever သည် မည်သူနည်း။** လွတ်လပ်ပြီး ရည်ရွယ်ချက်မြင့်မားသော စီးပွားရေးအတိုင်ပင်ခံလုပ်ငန်းတစ်ခုဖြစ်ကာ မြန်မာစီးပွားရေးလုပ်ငန်းရှင်များကို ပိုမိုတာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော အလေ့အကျင့်များကို ကျင့်သုံးစေရန် Yever က ရည်မှန်းထားပါသည်။ ၂၀၁၈ ခုနှစ်တွင် MCRB သည် မြန်မာပြည်အခြေစိုက်၊ ရေရှည် တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်များ ပေါ်ပေါက်လာစေရေးဆိုင်ရာ အကြံပေးကုမ္ပဏီသစ်ဖြစ်သော Yever နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ Yever ၏ ဒါရိုက်တာဖြစ်သော Nicolas Delange ကလည်း မြန်မာ ကုမ္ပဏီများအတွက် ရေရှည်တည်တံ့ခိုင်မြဲရေးညွှန်းကိန်း စံသတ်မှတ်ချက်များကို နှစ်အတန်ကြာ ပြုစုဆောင်ရွက်နေသူဖြစ်သည်။ Nicolas Delange သည် (SECM) ၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အမှတ်စာရင်း ရမှတ်မှတ်တမ်းကို အစပျိုးလုပ်ဆောင်နိုင်ရန် ICF အား ထောက်ပံ့ကူညီပေးခဲ့ပါသည် ။ ၂၀၁၇ နိုဝင်ဘာလကတည်း ကကော်ပိုရိတ်စီမံအုပ်ချုပ်မှုများနှင့် ပတ်သက်ပြီး IFC အားအကြံပေးအနေဖြင့် ဆောင်ရွက်ခဲ့သည်။

**သက်ဆိုင်ရာလုပ်ငန်းတာဝန်များ** –၂၀၂၀ ပြည့်နှစ် ပွင့်သစ်စအစီရင်ခံစာတွင် စစ်ဆေးအကဲဖြတ်မည့်ကုမ္ပဏီများ အား စီမံချက်ကာလအတွင်း ဆက်သွယ်သတင်းပေးပို့မှု၊ ချိတ်ဆက်ဆောင်ရွက်မှုများကို ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့ကဲ့သို့ပင် MCRB က ပြုလုပ်ခဲ့ပါသည်။ ကုမ္ပဏီတစ်ခုချင်း၏ စစ်ဆေးအကဲဖြတ်ခြင်းများကို Yever မှ (ရက်ပေါင်း ၃၀၀ ခန့် အခမဲ့) လုပ်ဆောင်ပေးပြီး အကြမ်းဖျင်းရမှတ်များပေါ်မူတည်၍ အကဲဖြတ်ဝေဖန်မှုများကို ပြုစုခဲ့ပါသည်။ ကုမ္ပဏီများသို့ ဤရမှတ်မူကြမ်းများအား ပေးပို့ခဲ့သလို ကုမ္ပဏီများမှ မေးမြန်းမှုများရှိသည့်အခါတွင် MCRB နှင့် Yever မှ ရမှတ်များနှင့် ပတ်သက်၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် အကြံပေးခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။

**အကျိုးအမြတ်ဆိုင်ရာ အငြင်းပွားဖွယ်ကိစ္စရပ်များအား ထုတ်ဖော်ကြေညာခြင်း–** Yever သည် ၂၀၂၀ပြည့်နှစ် ပွင့်သစ်စ အစီရင်ခံစာတွင် ပါဝင်သည့် ကုမ္ပဏီ (၆) ခု ဖြစ်သည့် Alpha Power Engineering, City Mart Holdings Limited, IME Group, Shwe Taung Group, TMH နှင့် Yoma Bank တို့အတွက် အကြံပေးအဖြစ် လုပ်ဆောင်လျက်ရှိပါသည်။ ထို့ကြောင့် အကျိုးအမြတ်ဆိုင်ရာ အငြင်းပွားမှုများ မရှိစေရန်အတွက် အဆိုပါကုမ္ပဏီများ၏ နောက်ဆုံးရလာဒ်များအား MCRB မှ ထပ်မံစစ်ဆေးခဲ့ပါသည်။ အစီရင်ခံစာတွင်ပါဝင်သည့် ကုမ္ပဏီများအား တူညီသည့် သတင်းအချက်အလက်များကိုသာပေးခဲ့ပြီး ဆွေးနွေးတိုင်ပင်ရန်အတွက်လည်း တူညီသော ကမ်းလှမ်းမှုများကို ပြုလုပ်ခဲ့သည့်အပြင် သတ်မှတ်ထားသော အချိန်ကာလထက် အချိန်ပိုမိုလိုအပ်ပါကလည်း ညှိနှိုင်းပေးခဲ့ပါသည်။

**အပြောနှင့်အလုပ်ကိုက်ညီအောင် လုပ်ဆောင်ခြင်း** – MCRB နှင့် Yever သည် စစ်တမ်းပါ အခြားကုမ္ပဏီများကဲ့သို့ပင် ၎င်းတို့ ဝက်(ဘ်)ဆိုဒ်တွင် ဖော်ထုတ်ပြသထားသည့် သတင်းများအပေါ် အခြေခံ၍ ကိုယ်ပိုင်စိစစ်အကဲဖြတ်မှု ပြုလုပ်ခဲ့ပါသည်။ MCRB အတွက် ယေဘုယျရမှတ်မှာ (၁၇) ရာခိုင်နှုန်းဖြစ်ပြီး အဆင့် (၂၈) နေရာတွင်ရှိ၍ Yever အနေဖြင့် (၁၆) ရာခိုင်နှုန်းရရှိခဲ့ပြီး အဆင့် (၃၀) ခုမြောက်တွင် ရှိပါသည်။ စစ်တမ်းကောက်ယူသည့် မေးခွန်းများသည် အကြီးစားကုမ္ပဏီများအတွက် ရည်ရွယ်ထားသော်လည်း အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (ASEAN CG Socrecard) သည် အသေးစားကုမ္ပဏီများအတွက်ပါ အသုံးဝင်ကြောင်း တွေ့ရှိရပါသည် (MCRB တွင် ဝန်ထမ်း (၁၇) ဦးရှိပြီး Yever တွင် ဝန်ထမ်း (၈) ဦး ရှိသည်)။ Yever သည် မြန်မာနိုင်ငံရှိ ပထမဆုံးသော Certified B Corp အဖွဲ့ဝင်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာခြင်းတို့ကို လေးလေးနက်နက် ဖော်ဆောင်နေသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။[1]

1 https://bcorporation.net/directory/yever

## အခန်း ၁။ မိတ်ဆက်ခြင်း

မြန်မာကုမ္ပဏီများအတွက် ပြုလုပ်သည့် ပွင့်သစ်စ[2] ခေါ် Transparency in Myanmar Enterprises (TiME) အစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ မြန်မာကုမ္ပဏီများ၏ ထုတ်ဖော်ကြေညာမှုနှင့် ပွင့်လင်းမြင်သာမှုကို အသိအမှတ်ပြုပေးခြင်းအားဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် အခြားသော သတင်းအချက်အလက်များ တရားဝင်ထုတ်ပြန်မှု ပိုမိုအားကောင်းလာစေရန် ဖြစ်သည်။ MCRB အနေဖြင့် ပထမဦးဆုံးသော အစီရင်ခံစာအား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေခဲ့ပြီး အခြားသော အစီရင်ခံစာများကိုလည်း ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်များတွင် ထုတ်ဝေခဲ့ပါသည်။

ပေါ်ပေါက်ဖြစ်ထွန်းလာသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ စံနှုန်းများနှင့်အညီ ၂၀၁၈ ခုနှစ်မှစတင်၍ အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းကို (ACGS) အသုံးပြုပြီး ကုမ္ပဏီအရေးအတွက် တိုးမြှင့်အကဲဖြတ်ခဲ့သည်။ ၂၀၁၈ နှင့် ၂၀၁၉ တို့ကဲ့သို့ပင် MCRB သည် ယခုအစီရင်ခံစာကို Yever နှင့်ပူးပေါင်းလုပ်ကိုင်ခဲ့ပြီး Yever မှ အခကြေးငွေမယူဘဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (ဇယား- ၁)

ပွင့်သစ်စအစီရင်ခံစာသည် MCRB ၏ ကျော်ကြားသော အစီရင်ခံစာများထဲမှ တစ်ခုဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့သော အစီရင်ခံစာအား ဝက်(ဘ်)ဆိုဒ်မှတစ်ဆင့် အကြိမ်ရေ (၆၀၀၀) ကျော်တိုင်အောင် ဒေါင်းလုဒ်လုပ်ခဲ့ပြီး (၂၀၁၈ခုနှစ်တွင် အကြိမ်ရေ ၂၀၀၀ ကျော်ဒေါင်းလုဒ်လုပ်ခဲ့) ပွင့်သစ်စအစီရင်ခံစာ မြန်မာဘာသာဖြင့် စာအုပ်ပေါင်း (၂၀၀၀) ခန့်၊ အင်္ဂလိပ်ဘာသာဖြင့် ၁၄၀၀ ခန့်အား ပတ်သက်ဆက်နွယ်သူများ၊ နိုင်ငံခြားကုမ္ပဏီများ၊ မြန်မာကုမ္ပဏီများ၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ အစိုးရဝန်ကြီးများနှင့် အရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အရက်ဖက်လူမှုအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါသည်။ မီဒီယာများမှလည်း ဤအစီရင်ခံစာကို သတင်းဖော်ပြမှု အများအပြားရှိသည့်အပြင် ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန်စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုမ္ပဏီများက ဤအစီရင်ခံစာအား ရည်ညွှန်းချက်တစ်ခုအနေနှင့်လည်း ကိုးကားအသုံးပြုလျက် ရှိပါသည်။ ရမှတ်မြင့် မြန်မာကုမ္ပဏီများကလည်း နှစ်အလိုက်အစီရင်ခံစာများနှင့် ဝက်(ဘ်)ဆိုဒ်များတွင် ပွင့်သစ်စအစီရင်ခံစာအကြောင်း အများသိစေရန် မျှဝေသလို ATM စက်များတွင်လည်း ဖော်ပြပါသည်။ ထို့အပြင် အချို့ဘဏ်များနှင့် အဖွဲ့အစည်းများက ငွေမချေးမီ ထောက်ပံ့မှုများမပြုမီ ပွင့်သစ်စ မေးခွန်းများကို အသုံးပြု၍ ဖြစ်နိုင်ချေအန္တရာယ်များကို စစ်ဆေးပြီးမှ ပေးအပ်ပါသည်။

### ပွင့်သစ်စ၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းမှ ထုတ်ဖော်ကြေညာမှုများ

ကိုဗစ် ၁၉ ၏ ကန့်သတ်တားမြစ်ချက်များသည် ယခုနှစ် အစီရင်ခံစာထုတ်လုပ်မှုအပေါ် လက်တွေ့ကျကျ သက်ရောက်မှုများရှိခဲ့သည်။ ဖေဖော်ဝါရီလတွင်ကျင်းပခဲ့သည့် မိတ်ဆက်ပွဲအခမ်းအနားမှအပ ကုမ္ပဏီများနှင့် ချိတ်ဆက်ဆက်သွယ်မှုအားလုံးကို အွန်လိုင်းမှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ယခုနှစ်တွင် ကုမ္ပဏီမှ အကြီးပိုင်းစီမံခန့်ခွဲအုပ်ချုပ်သူများနှင့် ထိတွေ့ဆက်ဆံမှုများ၊ ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုပြုလုပ်နိုင်ခဲ့သည်။ ဤအခြေအနေကို အခွင့်ကောင်းယူ၍ ယခုနှစ်တွင် ယခင်က ပွင့်သစ်စနှင့် ထိတွေ့ဆက်ဆံမှုမရှိခဲ့သည့် ကုမ္ပဏီ ၁၁ ခုခန့်နှင့် ၎င်းတို့၏ ရမှတ်မူကြမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများကို အွန်းလိုင်းမှ ပြုလုပ်နိုင်ခဲ့သည်။

ဤကူးစက်ရောဂါဖြစ်ပွားမှုကြောင့် အွန်လိုင်းပေါ်တွင် ပိုမိုအလုပ်လုပ်ကိုင်လာသည့်အချိန်မှ ဝက်(ဘ်)ဆိုဒ်များပေါ်တွင် သတင်းအချက်အလက်များ တိတိကျကျ၊ ပြည့်ပြည့်စုံစုံ ဖော်ပြ

2 ပွင့်သစ်စ ဆိုသည်မှာ "အဖူးအပွင့်အသစ်များ"ဟု အဓိပ္ပာယ်ရပြီး တစ်နည်းအားဖြင့် "အရည်အချင်းအသစ်များ"ဟု ဆိုလိုသည်။ ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ ပေါ်ထွက်လာသော ပွင့်လင်းမြင်သာမှုနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကျင့်စဉ်အား ထင်ဟပ်လာစေရန် ထိုသို့ အမည်ပေးခဲ့ခြင်းဖြစ်သည်၊

ခြင်းသည် ကုမ္ပဏီများအတွက် အရေးကြီးကြောင်းကို ပိုမိုထင်ဟပ်စေပါသည်။ ထို့အပြင် အွန်လိုင်းအသုံးပြု၍ ဘုတ်အဖွဲ့အစည်းအဝေးများ ပြုလုပ်ခြင်းဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စနစ်ကိုယ်တိုင်ပင် အွန်လိုင်းသို့ပြောင်းလဲလာသည်ကို တွေ့ရသည်။ ထို့ပြင် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးပွဲများ (AGMs) များကို အီလက်ထရောနစ် နည်းပညာများကို အသုံးပြု၍ ကျင်းပခြင်းဖြင့် အစုရှယ်ယာရှင်များ ပိုမိုတက်ရောက်နိုင်ပါသည်။ စင်ကာပူနိုင်ငံ အစိုးရက ကိုဗစ်ကာလအတွင်းတွင် နှစ်ပတ်လည်အထွေထွေအစည်းအဝေးပွဲများ (AGMs) ကို အီလက်ထရောနစ် နည်းပညာကိုအသုံးပြု၍ ကျင်းပရန် လမ်းညွှန်ချက်များနှင့် ကျင်းပခွင့် ပြုခဲ့ပြီး အနည်းဆုံးတက်ရောက်ရမည့် လူဦးရေကိုလည်း[3] ပြန်လည်သတ်မှတ်ခဲ့သည်။ ဂျပန်နိုင်ငံကလည်း ကုမ္ပဏီများဥပဒေကို ပြင်ဆင်ရန်စီစဉ်နေပါသည်။[4] ရင်းနှီးမြုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)မှ လမ်းညွှန်ချက်များ မထုတ်ပြန်သော်လည်း မြန်မာ ကုမ္ပဏီအများစုမှာ အွန်လိုင်းမှ ကျင်းပခဲ့ပါသည် (ဇယား ၂)။

ထို့ပြင် ကိုဗစ် ၁၉ သည် ဘေးကင်းလုံခြုံမှု၊ စီးပွားရေးအဆက်မပြတ်ရေး လုပ်ငန်းစဉ်များ (Business Continuity Plans) နှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုများကဲ့သို့သော ကုမ္ပဏီများ၏ ဒဏ်ခံနိုင်ရည်ရှိမှု (Resilience) နှင့် အန္တရာယ်စီမံခန့်ခွဲမှုလမ်းစဉ်များ (Risk Management Process) အပေါ်လည်း မီးမောင်းထိုးပြသခဲ့သည်။ ကုမ္ပဏီများအနေဖြင့် မြန်မာအစိုးရထံမှ ချေးငွေများလျှောက်ထားရာတွင် ၎င်းတို့၏ လုပ်ငန်းလိုင်စင်များ၊ ဘဏ် စာရင်းရှင်းတမ်းများနှင့် အခွန်ပြေစာများပြသရန်လိုအပ်ခြင်း[5] တို့ကလည်း ယုံကြည့်စိတ်ချရသည့် စာရင်အင်းများ၊ နှင့်စာရွက်စာတမ်းများရှိခြင်းနှင့် ဥပဒေအားလေးစားလိုက်နာခြင်း တို့၏တန်ဖိုးကို ထပ်လောင်း၍ မီးမောင်းထိုး ပြသနေပါသည်။

---

3 COVID (Temporary Measures) Act 2020: Alternative arrangements for meetings for companies, variable capital companies, business trusts, unit trusts and debenture holders, Order 2020, Minister for Law, Singapore

4 Spurred by COVID, Japan seeks fully online shareholder meetings, Nikkei Asia 19 November 2020

5 COVID ချေးငွေများ ရရှိရန်အတွက် ကုမ္ပဏီများအနေဖြင့် ပြသရန်လိုအပ်သော စာရွက်စာတမ်းများမှာ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ အစုရှယ်ယာစာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း၊ ချေးငွေရယူရန်အတွက် အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်း (မူရင်း)၊ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ကုမ္ပဏီသမိုင်းကြောင်း၊ လွန်ခဲ့သောဘဏ္ဍာရေးနှစ် (၂)နှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်း၊ ဝင်ငွေထွက်ငွေ အထောက်အထား၊ ဝန်ထမ်းအရေအတွက်တို့ ဖြစ်ပါသည်။ MyCo တွင် မှတ်ပုံတင်ထားခြင်းမရှိသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် စည်ပင် သို့မဟုတ် အခြားလိုင်စင်များနှင့်အတူ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများ၊ အခွန်ပြေလွှာနှင့် စီးပွားရေးအစီအစဉ်တို့ကို ပြသရန်လိုသည်။ COVID ရန်ပုံငွေစာရွက်စာတမ်းများ၊ DICA ကို ကြည့်ပါ။

## ဇယား –၂။
## ကိုဗစ် ၁၉ ကာလအတွင်းမှ နှစ်ပတ်လည်အထွေထွေအစည်းဝေးပွဲများ

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်သည့် FMI သည် ၎င်းတို့၏ ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ကျင်းပမည့် ၂၈ ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးပွဲတွင် တက်ရောက်မည့်သူများကို ကိုဗစ် ၁၉ ကူးစက်မှုမှ အတက်နိုင်ဆုံး လျှော့ချကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်ကိုထုတ်ပြန်ခဲ့သည်။ နှစ်ပတ်လည်အစည်းဝေးပွဲ ပိုမိုတက်ရောက်စေရန် လုပ်ဆောင်သည့် ဆိုင်ခန်းများဖွင့်လှစ်ခြင်းနှင့် လက်ဆောင်များပေးခြင်းအစီအစဉ်ကို ဖျက်သိမ်းခဲ့သည့်အပြင်၊ အပူချိန်တိုင်းတာသည့်စက်များထားရှိခြင်း၊ အစုရှယ်ယာရှင်များ အွန်လိုင်းမှတစ်ဆင့် တက်ရောက်နိုင်ရန် ၎င်းတို့၏ ဝက်(ဘ်)ဆိုဒ်နှင့် ဖေ့စ်ဘွတ်ခ်မှ တိုက်ရိုက်ထုတ်လွှင့်ခြင်း၊ ဖေဖော်ဝါရီ ၁၄ ရက် နေ့မတိုင်ခင် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ အစုရှယ်ယာရှင်များ၏ သဘောထားမှတ်ချက်များနှင့် မေးခွန်းများ ပေးပို့နိုင်ရန်စီစဉ်ပေးခြင်းနှင့် ကိုယ်စားလှယ်များတက်ရောက်နိုင်ရန် ဖောင်ပုံစံ (Proxy Forms) များ ပေးပို့သည့်ကိစ္စရပ်များကို လုပ်ဆောင်ခဲ့သည်။ နောက်ထပ် စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar Thilawa SEZ Holdings သည် ၎င်းတို့၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးပွဲ [6] ကို Zoom မှတစ်ဆင့် ဇွန်လ ၂၄ရက်နေ့တွင် ကျင်းပခဲ့ပြီး၊ ဖေ့စ်ဘွတ်ခ်မှလည်း တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့်အပြင်အွန်လိုင်းမှမဲပေးနိုင်ရန်လည်းပြုလုပ်ခဲ့သည်။နှစ်ပတ်လည်အထွေထွေအစည်းအဝေးပွဲတစ်ခုလုံးကိုလည်း အများပြည်သူများမှလည်း ကြည့်ရှုနိုင်ခဲ့ပါသည်။ [7]

မြန်မာဒါရိုက်တာများ အင်စတီကျု (MIoD)သည်လည်း ဇွန်လ ၂၅ ရက်နေ့တွင်ကျင်းပမည့် ၎င်းတို့၏ ပထမအကြိမ် အထွေထွေနှစ်ပတ်လည်အစည်းဝေးပွဲအတွက် အထက်တွင်ဖော်ပြခဲ့သည့် အဖွဲ့အစည်းများကဲ့သို့ ချဉ်းကပ်လုပ်ဆောင်မှုများကို ပြုလုပ်ခဲ့သည်။ ၎င်းတို့၏ အဖွဲ့ဝင် ၂၀၀ ကျော်အား နှစ်ပတ်လည်အထွေထွေအစည်းဝေးပွဲအတွက် (အမည်မဖော်သော) ဥက္ကဋ္ဌခန့်ထားနိုင်ရန်၊ သို့မဟုတ် ကိုယ်စားလှယ်အဖြစ်တက်ရောက်မည့်သူများ တင်ပြရန်အပြင် တက်ရောက်သူအရေအတွက်ကို လျှော့ချနိုင်ရန်အတွက်လည်း အဖွဲ့ဝင်များမှ ကြိုတင်၍မေးခွန်းများပေးပို့နိုင်ရန် ၃ ပတ်ခန့်ကြိုတင်၍ စာများ တက်တက်ကြွကြွပေးပို့၍ လှုံ့ဆော်ခဲ့သည်။ ကန့်သတ်ထားသည့် လူဦးရေ (AGM ဥက္ကဋ္ဌ၊ စာရင်းစစ်၊ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်မည့် ဘုတ်အဖွဲ့ဝင် ၄ ဦးသာ ကိုဗစ်ရောဂါကာကွယ်ရေး (Social Distancing) လမ်းညွှန်ချက်များနှင့်အညီ အစည်းဝေးပွဲသို့ ကိုယ်တိုင်တက်ရောက်ခွင့်ပြုပြီး၊ အဖွဲ့ဝင် ၃၀ လောက်မှလည်း Microsoft Teams ကိုအသုံးပြု၍ တက်ရောက်ခဲ့သည်။ ထို့ပြင် MIoD သည် AGM ရွေးချယ်ရန်လျာထားသည့် ကိုယ်လှယ်လောင်းများကို Election Runner ဟုခေါ်သည့် ဆော့ဝဲကိုအသုံးပြုခဲ့၍ မဲကောက်ခံခဲ့ပြီး ၆၈ ရာခိုင်နှုန်းခန့် ဆန္ဒမဲပေးခဲ့သည်။ AGMs နှင့် ဘုတ် အစည်းဝေးပွဲများကို အွန်လိုင်းပေါ်ကကျင်းပခြင်းသည် "ဓလေ့သစ် (New Normal)" ဖြစ်လာကာ ကုမ္ပဏီများသည် အနည်းဆုံးပါဝင်တက်ရောက်ရမည့် လူဦးရေနှင့် အစည်းဝေးပွဲများကို အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရန် ၎င်းတို့၏ ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများကို ပြန်လည် သုံးသပ်သင့်သည်။

မြန်မာကုမ္ပဏီအများစုသည် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည်များ မရှိကြသကဲ့သို့ စွန့်စားမှု၊ ကော်ပိုရိတ်စီမံခန့်ခွဲမှုများ၊ ကိုဗစ်ကဲ့သို့သော အကျပ်အတည်းများကို စီမံခန့်ခွဲရန်၊ တုန့်ပြန်ရန်နှင့် အစီရင်ခံမှုများနှင့်ဆိုင်သည့် လိုက်နာမှုများကို လုပ်ဆောင်နိုင်ရန်လည်း စွမ်းဆောင်ရည်မရှိကြပေ။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) သည် ပုဂ္ဂလိကပိုင်ကုမ္ပဏီများနှင့် စာရင်းသွင်းထားသည့်ကုမ္ပဏီများ မည်သည့်အချက်များကို ထည့်သွင်းစဉ်းစားရန်နှင့် ကူးစက်ရောဂါ၏ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသက်ရောက်မှုများကို ဘယ်လိုစီမံခန့်ခွဲသွားမည့်နှင့်ဆိုင်သည့် အချက်များကို ထုတ်ပြန်ကြေညာရန် လမ်းညွှန်ချက်များ ထုတ်ပြန်ခဲ့သည်။[8] ၎င်းသည် မဟာဗျူဟာ၊ ကော်ပိုရိတ်စီမံခန့်ခွဲမှုနှင့် စွမ်းဆောင်ရည်တို့ကို ဦးစားပေးထားသည့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ၏ ထုတ်ဖော်ကြေညာခြင်းနှင့် ပွင့်လင်းမြင်သာမှုမူဘောင်ကို အသုံးပြုထားသည်။[9]

6 MTSH will hold its 7th Annual General Meeting online, MTSH website
7 https://www.facebook.com/mtshofficial/videos/272498320532561
8 COVID အတွင်း ဖွင့်ဟဖော်ထုတ်ကြေညာခြင်းနှင့် ပွင့်လင်းမြင်သာခြင်း၊ Corporate Governance Tipsheet, IFC, 2020
9 Beyond the Balance Sheet – IFC Toolkit for Disclosure and Transparency, IFC 2018

ယင်းမှုဘောင်သည် စံသတ်မှတ်ထားသောကော်ပိုရိတ်အစီရင်ခံစာများနှင့် အချက်အလက်များကိုထုတ်ဖော်ရန် အထောက်အကူပြုသည်။ ရင်းနှီးမြှုပ်နှံသူများနှင့် အဓိကပတ်သက်ဆက်နွှယ်သူများကို ကုမ္ပဏီ၏ ခံနိုင်ရည်ရှိမှု၊ ကြိုတင်ပြင်ဆင်ထားမှုကို သုံးသပ်ရန်နှင့် ဆက်လက်၍ အကျပ်အတည်းကြားထဲတွင် နှင့် အကျပ်အတည်းအပြီးတွင် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု (ESG) ဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးပေးသည်။

"ကိုဗစ် ၁၉၏ ပြည်သူ့ကျန်းမာရေးအပေါ် ရုတ်တရက် ရိုက်ခတ်မှုများသည် ကမ္ဘာတစ်ဝှမ်း (သို့မဟုတ်) ယင်းကိုပင်ကျော်လွန်၍ပင် မြန်မာနိုင်ငံတွင် သက်ရောက်မှုများရှိပြီး၊ အမျိုးသားစီးပွားရေးကျဆင်းမှုမှာ ကျန်းမာရေးအကျပ်အတည်းကိုပင် ကျော်လွန်၍ ကြာရှည်သွားနိုင်ပါသည်။ ယနေ့အချိန်ထိရရှိခဲ့သည့် အရေးကြီးဆုံးသင်ခန်းစာများထဲမှ တစ်ခုမှာ အစိုးရမှဖြစ်စေ၊ ကုမ္ပဏီများမှဖြစ်စေ တိကျသောသတင်းအချက်အလက်များကို အချိန်မီ ထုတ်ပြန်ခြင်း၏ တန်ဖိုးရှိမှုပင်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် တာဝန်ခံမှုနှင့် ယုံကြည်မှုကို မြှင့်တင်ပေးသည်။ ယခုကဲ့သို့ မသေချာ မရေရာသည့်အချိန်များတွင် ကျွန်ုပ်တို့ကဲ့သို့ ရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံမှုများ၊ အရင်းနှီးများချပေးရန် ဆုံးဖြတ်ချက်များကို ဂရုတစိုက် သေချာစဉ်းစားချမှတ်ရသည်။ အုပ်ချုပ်စီမံခန့်ခွဲသူများက ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များ တင်ပြနိုင်မှု၊ ကိုဗစ်ကာလကျော်လွန်သွားချိန်တွင် ဘုတ်အဖွဲ့များက မဟာဗျူဟာကျကျ လုပ်ဆောင်သွားမည့် မျှော်မှန်းချက်များရှိမှု၊ ကုမ္ပဏီအပေါ် အမှန်တကယ်ကျရောက်နိုင်သော အန္တရာယ်များကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်သတ်မှတ်နိုင်သော ကုမ္ပဏီဖြစ်မှသာလျှင် ကျွန်ုပ်တို့က ရင်းနှီးမြှုပ်နှံကြမည်ဖြစ်သည်။ ”ဟု မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသူတစ်ဦးက MCRB ကိုပြောပါသည်။

ပြန်လည်ထူထောင်ရေးကာလတွင် ရန်ပုံငွေများရရှိရန် ပြိုင်ဆိုင်မှုများ ပြင်းထန်လာသည်နှင့်အမျှ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကောင်းကောင်းရှိသည့် ကုမ္ပဏီများကသာ နိုင်ငံခြားဘဏ်များ[10]၊ ပုဂ္ဂလိက အစုရှယ်ယာရင်းနှီးမြှုပ်နှံသူများ၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ကဲ့သို့သော ဘဏ္ဍာရေးဖွံ့ဖြိုးမှု အဖွဲ့အစည်းများထံမှ ချေးငွေများနှင့် အစုရှယ်ယာများကို ပိုမိုရရှိနိုင်လိမ့်မည်။ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သိသာမြင်သာပြီး အမှန်တကယ် ကတိကဝတ်ရှိသည့် ကုမ္ပဏီများသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သောသက်ရောက်မှုများကို ဖြေရှင်းနိုင်သည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသည့် “အစိမ်းရောင်ရန်ပုံငွေ (Green Finance)“များကို ပိုမိုစွဲဆောင်နိုင်မည် ဖြစ်သည်။

လုပ်ငန်းတွင်းနှင့် ပြင်ပစံနှုန်းသတ်မှတ်ချက်များ၏ အရေးပါပုံကိုသိလာသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းအချို့မှာ ပွင့်သစ်စမှာ ပါဝင်လိုကြောင်း အလိုအလျောက်ဆန္ဒပြုလာမှုများ ရှိလာခဲ့သည်။ ၎င်းတို့၏ ပထမရလဒ်မူကြမ်းအပြီးတွင် Yever နှင့် MCRB အဖွဲ့မှ အကြံပြုချက်များကြောင့် Authentic နှင့် Mya Ayer ကုမ္ပဏီနှစ်ခုစလုံး၏ နောက်ဆုံးရလဒ်မှာ သိသိသာသာ တိုးမြင့်ခဲ့သည်။

ကိုဗစ်ကြောင့် ဝန်ထမ်းများအလုပ်ထွက်နှုန်း ကျဆင်းစေသော်လည်း၊ ပြန်လည်ထူထောင်သည့် ကာလတွင် ဒစ်ဂျစ်တယ်ကဲ့သို့သော ကျွမ်းကျင်မှုအစုံအလင်ကို လိုအပ်လာမည်ဖြစ်သည်။ ပွင့်လင်းမြင်သာမှုရှိသည်ဟု ဂုဏ်သတင်းကျော်ဇောသည့် ကုမ္ပဏီတစ်ခုသည် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများကို ပိုမိုခန့်ထားနိုင်၍ ဝန်ထမ်းများ ရေရှည်စွာလုပ်ကိုင်နိုင်ရေးတို့ကို ထောက်ပံ့ပေးပါသည်။ ဝန်ထမ်းများ နေအိမ်မှနေ၍ အလုပ်လုပ်နိုင်ရန် အပါအဝင် ဝန်ထမ်းများနှင့် ဆက်သွယ်ခြင်း၊ သတင်းပေးပို့ခြင်း၊ အားပေးခြင်းအတွက် ဝက်(ဘ်)ဆိုဒ်နှင့် ဖေ့စ်ဘွတ်ခ် စာမျက်နှာတို့သည် မည်သည့်ကုမ္ပဏီအတွက်မဆို အလွန်အရေးပါသည့် ကိရိယာတစ်ခုဖြစ်လာသည်။ ဝန်ထမ်းများသည် ကုမ္ပဏီ၏ နောက်ဆုံးပေါ် တာဝန်ယူမှုရှိသော

10 Central Bank greenlights corporate loans by foreign banks, Frontier Magazine, 24 November 2018

စီးပွားရေးလုပ်ငန်းဆိုင်ရာလုပ်ဆောင်မှုများကို ဝက်(ဘ်)ဆိုဒ်ပေါ်မှတစ်ဆင့် အလွယ်တကူ သတင်းရရှိနိုင်ခြင်းဖြင့် ထိုတာဝန်ယူမှုရှိသောလုပ်ဆောင်မှုများကို ယင်းတို့၏ လုပ်ငန်းခွင်ထဲတွင် အကောင်အထည်ဖော်နိုင်သည်သာမက အဝေးမှလည်း အသုံးချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကိုဗစ် ၁၉ သည် မြန်မာနိုင်ငံတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ပွင့်လင်းမြင်သာမှုတို့ ပိုမိုအားကောင်းစေရန် တွန်းအားပေးနေသည့် စီးပွားရေးဖြစ်ရပ်ပင် ဖြစ်သည်။

## စီမံအုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးကို အထောက်အပံ့ပြုခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိသော ဖွံ့ဖြိုးတိုးတက်ခြင်း

ပွင့်သစ်စအစီရင်ခံစာသည် ၂၀၁၈ တွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း[11] (Myanmar Sustainable Development Action Plan) (အခန်း – ၂ ကိုကြည့်ပါ) ကို အကောင်အထည်ဖော်နိုင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဖြစ်သော Sustainable Development Goal (SDG) ပန်းတိုင် ၁၆ ကို ရေးရှုသော စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကို ထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။

> **SDG ၁၆** – ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေးနှင့် အများပါဝင်သော အဖွဲ့အစည်းများကို ပံ့ပိုးပေးရန်၊ အများအတွက် တရားမျှတမှု ရရှိရေးကို ဆောင်ရွက်ပေးသည့်အပြင် ထိရောက်မှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသည့်အပြင် အားလုံးပါဝင်သော အဖွဲ့အစည်းများကို တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။
>
> **SDG ၁၆.၅** – ရေရှည်တည်တံ့သောနည်းဖြင့် ကဏ္ဍအသီးသီးရှိ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု အမျိုးမျိုးအဖုံဖုံကို လျှော့ကျနိုင်ရေးနှင့်
>
> **SDG ၁၆.၆** – ထိရောက်မှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့်အပြင် ပွင့်လင်းမြင်သာသော အဖွဲ့အစည်းများကို အဆင့်တိုင်းတွင် ဖွဲ့စည်းတည်ဆောက်နိုင်ရေး။

ပွင့်သစ်စအစီရင်ခံစာသည် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ မူဝါဒများ ပိုမိုရှင်းလင်း၍ အချင်းချင်းချိတ်ဆက်မှုရှိရန် ပုံဖော်ချမှတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ခြင်း စသည်တို့ကို အားပေးခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဖြစ်သော Sustainable Development Goal (SDG) ပန်းတိုင် ၁၇ ကို တိုက်ရိုက် အထောက်အကူပြုပါသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဖြစ်သော Sustainable Development Goal (SDG) ပန်းတိုင် ၁၇ တွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ မူဝါဒများ ရှင်းလင်း၍ အချင်းချင်း ချိတ်ဆက်မှုရှိခြင်းနှင့် အစိုးရ – ပုဂ္ဂလိက စကားဝိုင်းဆွေးနွေးပွဲများကို ဆောင်ရွက်ရန်အတွက် ကမ္ဘာ့အဆင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကောင်းမွန်စေ၍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်အားလုံးကိုလည်း သွယ်ဝိုက်အထောက် အကူပြုပေးသည်ဟု ဆိုနိုင်ပါသည်။

ထို့အပြင် ကော်ပိုရိတ်ထုတ်ဖော်ကြေညာခြင်းသည် SDG ၁၂ ကို အထောက်အပံ့ပေးသည် (ရေရှည်တည့်တံ့ခိုင်မြဲသော စားသုံးမှုနှင့် ထုတ်လုပ်မှုကို သေချာစေခြင်း)။ အထူးသဖြင့် SDG ညွှန်းကိန်း ၁၂.၆.၁ ၏ ရေရှည်တည်တံ့ခိုင်မြဲခြင်း အစီရင်ခံစာထုတ်ပြန်သည့် ကုမ္ပဏီ အရေအတွက်ကို ဖြစ်ပါသည်။ ၎င်းသည် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းများကို စောင့်ကြည့်သော SDG ညွှန်းကိန်း ၂၃၁ ခုထဲမှ တစ်ခုတည်းသော ညွှန်းကိန်းဖြစ်သည်။ ကော်ပိုရိတ်ရေရှည်တည်တံ့ခိုင်မြဲသော အစီရင်ခံစာများ၏ အရည်အသွေးနှင့် ချဉ်းကပ်မှုပုံစံများ အမျိုးမျိုးရှိသောကြောင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီရင်ခံစာများ

11 မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈–၂၀၃၀၊ ဩဂုတ်လ ၂၀၁၈။

ထုတ်ပြန်ရာတွင် အနိမ့်ဆုံးလိုအပ်ချက်များနှင့် တန်းမြင့်အဆင့် သတ်မှတ်နိုင်ရန် နည်းစနစ်များကို ကမ္ဘာအနှံ့တွင် အကောင်ထည်ဖော်ဆောင်ရွက်နေသည်။ ယင်းတို့မှာ အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများဖြစ်သည့် ကမ္ဘာ့အဆင့်အစီရင်ခံခြင်း[12] ကနဦးဆောင်ရွက်ချက် (GRI)၊ စဉ်ဆက်မပြတ် တိုးတက်စေရန် စာရင်းကိုင်စံချိန်စံနှုန်းဆိုင်ရာ ဘုတ်အဖွဲ့ (SASB) နှင့် အပြည်ပြည်ဆိုင်ရာ ပူးတွဲအစီရင်ခံခြင်းဆိုင်ရာကောင်စီ (IIRC) (အပိုင်း ၃တွင် အသေးစိတ်ရှုပါ)။[13] တိုးတက်မှုကိုတိုင်းတာရန် နိုင်ငံများသည် အမျိုးသားအဆင့်တွင် အသုံးပြုနိုင်လိမ့်မည်။[14] ပွင့်သစ်စသည် မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အစီရင်ခံခြင်းစံချိန်စံနှုန်းများကို လက်ခံကျင့်သုံးလာစေရန် ရည်ရွယ်ထားပါသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၏ လုပ်ငန်းစဉ်များတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ထုတ်ဖော်ကြေညာခြင်းဆိုင်ရာအချက်များပါဝင်သည်။

**၁.၄.၅** – နစ်နာမှုများကို ထုတ်ဖော်ခြင်းနှင့် တိုင်ကြားမှုစနစ်များ ပိုမိုအားကောင်းစေခြင်းအပါအဝင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့်ဥပဒေများ၊ သက်ဝင်ကျင့်သုံးမှုနှင့် မူဝါဒများကို သုံးသပ်ရန်နှင့် ပိုမိုခိုင်မာစေရန်။

**၃.၃.၁** – စနစ်ကျ၍ ကြိုတင်ခန့်မှန်းနိုင်ပြီး ပွင့်လင်းမြင်သာမှုရှိစွာ ချမှတ်ကျင့်သုံးသွားရန်၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာချက်များ၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုချက်များကို ချမှတ်ကျင့်သုံးသွားရန်။

**၃.၃.၄** – ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် ထုတ်ဖော်တင်ပြမှုနည်းများကို မြှင့်တင်ရန်နှင့် ပြဋ္ဌာန်းရန်။

ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းသည် မြန်မာ့အခွန် အကောက်စနစ်ကို ပိုမိုပွင့်လင်းမြင်သာပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးအမြင်ပါထည့်သွင်းကာ သတင်းအချက်အလက် နည်းပညာကိုအသုံးပြုပြီး ခေတ်နှင့်လျော်ညီအောင်ပြုပြင်ခြင်းနှင့် အခွန်ပညာပေးခြင်းတို့ကို ဦးစားပေးပါသည်။

မဟာဗျူဟာ ၃.၅ (ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ လက်လှမ်းမီလာရေးနှင့် ဘဏ္ဍာရေးစနစ် အားကောင်းခိုင်မာရေး)တွင် ပွင့်လင်းမြင်သာမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများအပေါ် ထိရောက်စွာ ကြီးကြပ်နိုင်မှုတို့၏ အရေးပါပုံကို မီးမောင်းထိုးပြထားသည်။ ဘဏ်များကို ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ ဗဟိုဘဏ်က ကြီးကြပ်သည်။ ဗဟိုဘဏ်သည် ၂၀၁၉ ခုနှစ်တွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့သည်။

၂၀၂၀ ပြည့်နှစ်ကုန်ပိုင်းတွင် ကိုဗစ်လွန်ကာလအတွက် မြန်မာစီးပွားရေးနာလန်ထူရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP)ကို မြန်မာနိုင်ငံ၏ ရေရှည်တည့်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP) တွင် နောက်ဆက်တွဲ ရေးဆွဲထားပြီး ယင်းဆောင်ရွက်ချက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ၂ ခုတို့မှ နောက် ၂ နှစ်တာအတွင်း ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်သည်။ ပွင့်သစ်စသည် မြန်မာစီးပွားရေး နာလန်ထူရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP) ၏ ရန်ကုန်စတော့အိတ်ချိန်း (YSX) နှင့်ဆက်စပ်မှုရှိသည့် ပန်းတိုင် (၆) "ဘဏ္ဍာရေးစနစ်နှင့် သတင်းအချက်အလက်များရရှိမှုကို ပိုမိုကျယ်ပြန့်စွာ

12 SDG Indicators, Meytada repository for SDG 12.6.1, United Nations Statistics.

13 SASB နှင့် IIRC တို့သည် ၂၀၂၀ နိုဝင်ဘာလတွင် Value Reporting Fundation အဖြစ်ပေါင်းစည်းရန် ရည်ရွယ်ကြောင်း ကြေညာခဲ့သည်။

14 မြန်မာနိုင်ငံ၏ SDG အညွှန်းကိန်းအခြေခံအစီရင်ခံစာ၊ ၂၀၁၇၊ မြန်မာနိုင်ငံ ဗဟိုစာရင်းအင်းအဖွဲ့နှင့် UNDP တို့က ၂၀၁၆ ခုနှစ်တွင် ဤအညွှန်းကိန်း၏ တန်ဖိုးကို သုညအဖြစ် သတ်မှတ်ခဲ့ကြသည်။

လက်လှမ်းမီလာရေး" ကိုထောက်ခံသကဲ့သို့ နိုင်ငံပိုင်စီးပွားလုပ်ငန်း (SEEs)နှင့် ဆက်စပ်မှုရှိသည့် ပန်းတိုင်(၉) "အများပြည်သူပိုင်ဆိုင်မှုများကို ထိရောက်စွာအသုံးပြုချင်းနှင့် အများနှင့်ဆိုင်သည့် သတင်းအချက်အလက်များကို ဒီဂျစ်တယ်စနစ်ပြုလုပ်ခြင်း"ကို ထောက်ခံပါသည်။ (အခန်း ၂ တွင် အသေးစိတ်ကို ဆက်လက်၍ဖတ်ရှုပါ)။

မြန်မာစီးပွားရေးနာလန်ထူရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP) ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန (MoFPI) နှင့် ရန်ကုန်စတော့အိတ်ချိန်း (YSX) တို့သည် ရန်ကုန်စတော့အိတ်ချိန်း (YSX) ၌ ဒုတိယအဆင့် အရည်အသွေးစံသတ်မှတ်ချက်များ သတ်မှတ်နိုင်ရန် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာတွင် စတင်လုပ်ဆောင်နေသည် (အပိုင်း ၃ တွင် ပါရှိသည့် ရန်ကုန်စတော့ အိတ်ချိန်းတွင်ဖတ်ပါ)။ ထိုပထမဆင့် (သို့) ဒုတိယ အဆင့်အရည်အသွေး စံသတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်ထားသည် စီးပွားရေးလုပ်ငန်းများသာ ချေးငွေစာချုပ်များ ထုတ်လုပ်ရောင်းချနိုင်မည် ဖြစ်သည်။[15]

## ယုံကြည်မှုတည်ဆောက်ခြင်း

ထိရောက်သော အရင်းအနှီးဈေးကွက်ဖြစ်ပေါ်လာစေရန်မှာ ကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်စိတ်ချရမှု အထူးသဖြင့် ဘဏ္ဍာရေးဈေးကွက်အတွင်းရှိ အများပိုင်ကုမ္ပဏီများအပေါ်တွင် မူတည်သည်။ ပွင့်သစ်စသည် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအပေါ် ယုံကြည်မှုတည်ဆောက်နိုင်ရန် အထောက်အကူဖြစ်စေသည်။ ၂၀၂၀ ခုနှစ် Transparency International Asia Corruption Barometer တွင် မြန်မာနိုင်ငံရှိ လူဦးရေ ၁၀၀၀ ကို နယ်ပယ်အမျိုးမျိုးမှ အဖွဲ့အစည်းများသည် အဂတိလိုက်စားမှုနှင့်ပါဝင်ပတ်သက်မှု ရှိမရှိနှင့် စပ်လျဉ်း၍ ယင်းတို့၏ သဘောထားထင်မြင်ယူဆချက်များကို ဖုန်းဖြင့် ကျပန်း စစ်တမ်းကောက်ယူခဲ့သည်။[16] အနုတ်သဘောဆောင်သော သဘောထားအများဆုံးအား ဒေသန္တရအစိုးရအရာရှိများ (၃၅ ရာခိုင်နှုန်း)၊ ရဲဝန်ထမ်းများ (၃၀ရာခိုင်နှုန်း)နှင့် စီးပွားရေး အမှုဆောင်များ (၂၄ ရာခိုင်နှုန်း) တို့တွင် တွေ့ရှိခဲ့ရသည်။ အစိုးရအရာရှိများ (၂၂ ရာခိုင်နှုန်း)၊ သမ္မတ/ဝန်ကြီးချုပ် (၂၀ရာခိုင်နှုန်း)နှင့် လွှတ်တော် အမတ်များ (၁၈ရာခိုင်နှုန်း) နှင့်စပ်လျဉ်း၍ အနည်းငယ် အပြုသဘောဆောင်သည့်သဘောထားများရှိသည်။ စစ်တပ်ခေါင်းဆောင်များ (၄ရာခိုင်နှုန်း)၊ ဘာသာရေးခေါင်းဆောင်များ (၁၀ရာခိုင်နှုန်း)၊ ဘဏ်လုပ်ငန်းလုပ်ကိုင်သူများနှင့် အရပ်ဖက်အဖွဲ့အစည်း (NGOs) များ (၁၁ရာခိုင်နှုန်း) နှင့် တရားသူကြီးများနှင့်ရာဇဝတ်တရားသူကြီးများ (၁၂ ရာခိုင်နှုန်း) စပ်လျဉ်း၍ အပြုသဘောဆောင်သည့် အမြင်များ အများအပြားရှိသည်။

၂၀၂၀ပြည့်နှစ် ပွင့်သစ်စအစီရင်ခံစာတွင် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုနှင့်တစ်ခုကြားရှိ ပွင့်လင်းမြင်သာမှုကို ယှဉ်ပြိုင်ဆန်းစစ်ပေးထားပါသည်။(ဇယား ကွက် ၁၀ ကို ကြည့်ပါ) ၂၀၁၉ ခုနှစ် ပွင့်သစ်စ အစီရင်ခံစာအရ ကုမ္ပဏီအားလုံး၏ စုစုပေါင်းရမှတ် ပျမ်းမျှ (၅) ရာခိုင်နှုန်းရှိသည့်အချိန်တွင် ငွေရေးကြေးရေးအဖွဲ့အစည်းများက စုစုပေါင်းပျမ်းမျှ (၁၁) ရာခိုင်နှုန်း ရရှိသည်ကို တွေ့ရသည်။ ၂၀၂၀တွင်မူ ကုမ္ပဏီအားလုံး၏ စုစုပေါင်းရမှတ် ပျမ်းမျှ (၇) ရာခိုင်နှုန်းရှိချိန်တွင် ငွေရေးကြေးရေး အဖွဲ့အစည်းများက(၁၂) ရာခိုင်နှုန်းဖြစ်ရာ အတော်အတန် တိုးတက်မှုရှိသည်ဟု ဆိုနိုင်ပါသည်။

ကျွမ်းကျင်မှုရှိသော အကြံပေးများ အထူးသဖြင့် စာရင်းစစ်များ သည် ကုမ္ပဏီ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ယုံကြည်မှုတည်ဆောက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ အထောက်အကူပြုပါသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အဆင့်မြင့်မားစေရန် ကုမ္ပဏီများကို ကူညီပံ့ပိုးပေးသော ကျွမ်းကျင်ပညာရှင်များ၊ အထူးသဖြင့် စာရင်းစစ်များ၏ အရေးပါပုံကို အသိအမှတ်

15 https://ysx-mm.com/pre-listing-board/about-plb/

16 Transparency International Asia Corruption Barometer 2020 တွင် ဖြေကြားသူများအား ၄င်းတို့၏ အဖြေရွေးချယ်မှုတွင် "မည်သူမျှမဟုတ်၊ အချို့၊ အများစု၊ အားလုံး" စသည်ဖြင့် ရွေးချယ်ခွင့်ပြုခဲ့သည်။ ဖြေဆိုသူများသည် စစ်ခေါင်းဆောင်များနှင့် ပတ်သက်၍ မေးခွန်းကို သူတို့အနေဖြင့် သက်သောင့်သက်သာရှိစွာ ဖြေဆိုခြင်း ရှိ၊ မရှိနှင့် ပတ်သက်၍ ငြင်းခုံစရာဖြစ်နေသည်။

ပြုရန် အလွန်အရေးကြီးသည်။ ယုံကြည်ရသောစာရင်းစစ်များနှင့် စိတ်ချရသည့် အစီရင်ခံစာများ ရှိခြင်းသည်လည်း ဒါရိုက်တာအဖွဲ့က မိမိတို့၏လုပ်ငန်းတာဝန်များအား အလေးထားလုပ်ဆောင်နိုင်ရန်အတွက် အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ ထို့အပြင် စာရင်းစစ်ထားသည့် ဘဏ္ဍာရေးရှင်းတမ်းများအတွက်လည်း ဥပဒေအရ စည်းမျဉ်းစည်းကမ်းတစ်ရပ်ရှိပါသည် (ပုဒ်မ ၂၆၀ (ခ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ )နှင့် ဘဏ်များအတွက် ဗဟိုဘဏ်ထုတ်ပြန်ချက်ဖြစ်သည့် (ဗဟိုဘဏ်ထုတ်ပြန်ချက် ၁၀/၂၀၁၉ အောက်တွင် ဖော်ပြထားသည်။ ) မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ၏ ပုဒ်မ ၂၅၇ အရ "အသေးစားကုမ္ပဏီများ"[17] မှအပ အခြားသောကုမ္ပဏီအားလုံးသည် ၎င်းတို့၏ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုထိန်းသိမ်းရာတွင် ကျွမ်းကျင်လက်မှတ်ရ စာရင်းစစ်များဖြင့်သာ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ချမှတ်ထားသော စံနှုန်းများနှင့်အညီ စာရင်းစစ်ခြင်းများအား ဆောင်ရွက်ရမည်ဟု ပါရှိပါသည် (ပုဒ်မ ၂၅၇ နှင့် ပုဒ်မ ၂၇၉)။ အများပိုင် နှင့် YSX စာရင်းဝင် ကုမ္ပဏီများအတွက်မူ အဆိုပါ စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းတမ်းများအား မှတ်ပုံတင်အရာရှိထံ တင်ပြရန် လိုအပ်ပါသည် (ပုဒ်မ ၂၆၆ (က)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ)။ ကုမ္ပဏီမှတ်ပုံတင်ရာတွင် “အသေးစား”မဟုတ်သော ကုမ္ပဏီတော်တော်များများသည် မှားယွင်းစွာ အမှန်ခြစ်ထားသည်ကို အီလက်ထရောနစ်ကုမ္ပဏီ မှတ်ပုံတင်စနစ် (MyCO) တွင် တွေ့နိုင်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)မှ ဖြေရှင်းမှုကို လိုအပ်ပါသည်။

သင့်လျော်သောစံနှုန်းများနှင့် ကိုက်ညီအောင် ကျွမ်းကျင်ပညာရှင်များက တည်းဖြတ်ထားသည့် စာရင်းများသည် မြန်မာကုမ္ပဏီများမှ စာရင်းစစ်များအား လက်ရှိတွင် ပေးဆောင်နေသော အခကြေးငွေ (နှစ်စဉ်စာရင်းချုပ်တွင် ဖော်ပြထားသော စာရင်းစစ်ပညာရှင်များအား ပေးဆောင်နေသည့် အခကြေးငွေ)နှင့် နှိုင်းယှဉ်ကြည့်ပါက ပိုမိုငွေကြေးကုန်ကျမည်ဖြစ်သည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့နှင့်အတူ ကမ္ဘာ့ဘဏ်တို့မှ ပူးပေါင်းစိစစ်အကဲဖြတ်ထားသော ၂၀၁၇ ခုနှစ်က ထွက်ရှိလာသည့် Report on Observance of Standards and Codes (ROSC) အစီရင်ခံစာတွင် စာရင်းစစ်များ၏ အရည်အသွေး၊ စာရင်းစစ်ပညာရှင်များ၏ လွတ်လပ်စွာဆောင်ရွက်နိုင်မှုနှင့် အခကြေးငွေနိမ့်ကျမှု အစရှိသည့် ပြဿနာများကြောင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် ဂယက်ရိုက်ခတ်နိုင်မှုရှိနိုင်ကြောင်းကို ဖော်ပြထားပြီး အကြံပြုချက်များကိုလည်း ထည့်သွင်းဖော်ပြထားသည်။[18]

မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၂၀၁၈ အမိန့်ကြော်ငြာစာအရ ပြည်သူ့စာရင်းကိုင်များသည် အပြည်ပြည်ဆိုင်ရာစာရင်းစစ်ခြင်းစံနှုန်းများ(IFRS)ကို၂၀၂၂/၂၀၂၃ဘဏ္ဍာရေးနှစ်ကာလတွင် လိုက်နာဆောင်ရွက်ရမည်ဟု ညွှန်ကြားချက်ပါရှိသလို[19] ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) က စာရင်းစစ်များကို အပြည်ပြည်ဆိုင်ရာ စာရင်းစစ်ခြင်း စံနှုန်းများနှင့်အညီ လုပ်ဆောင်ကြရန် တိုက်တွန်းထားသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ဘဏ်များကို စာရင်းစစ်ရန်နှင့် စာရင်းစစ်ကော်မတီအတွက် လိုအပ်သည့် အသေးစိတ်အချက်အလက်များကို ချမှတ်ပေးထားသည် (အောက်တွင်ကြည့်ပါ)။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု တစ်စိတ်တစ်ပိုင်းအဖြစ် အခွန်အရာရှိများကလည်း အခွန်ပေးဆောင်ချိန်တွင် စာရင်းစစ်စစ်ဆေးပြီးသား အခွန်စာရင်းကို ပိုမိုအလေးပေးသင့်သည်။ (သုံးစွဲသင့်သည်။) မြို့နယ်အခွန်ရုံးမှ အခွန်အရာရှိက စည်းကြပ်သည့်စနစ်တွင် အမြဲတမ်းဟု မဆိုလိုသော်လည်း ကုမ္ပဏီ

17 မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ၊ အခန်း(၁) အပိုဒ် ၃၈ အရ အသေးစားကုမ္ပဏီဆိုသည်မှာ ယင်းကုမ္ပဏီနှင့် လက်အောက်ခံကုမ္ပဏီများတွင် ၃၀ ထက်မပိုသော ဝန်ထမ်းဦးရေရှိခြင်းနှင့် ယခင်နှစ်၏ တစ်နှစ်တာဝင်ငွေ စုစုပေါင်းသည် ကျပ်သန်း ၅၀ အောက် (ပျမ်းမျှ ဒေါ်လာ ၃၃၀၀၀)တွင် ရှိခြင်းကို ဆိုလိုသည်။ ပုဒ်မ ၁၄၆ (င)နှင့် ပုဒ်မ ၂၅၇ (ဂ)တို့တွင် အသေးစားကုမ္ပဏီများနှင့် သက်ဆိုင်ခြင်းမရှိသည့် အကြောင်းအရာများကို သတ်မှတ်ခဲ့သည်။

18 The Report on Observance of Standards and Codes (ROSC): Accounting and Auditing Module: Myanmar, World Bank with support from the Korean Ministry of Strategy and Finance ၏ လက်အောက်ရှိ Korean Trust ၏ ငွေကြေးအထောက်အပံ့ဖြင့် ကမ္ဘာ့ဘဏ်သည် ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် ဤစာတမ်းကို ထုတ်ဝေခဲ့သည်။

19 ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့၏ နံပါတ် ၂၀/၂၀၁၈ Notification, Myanmar Accountancy Council

များနှင့် စာရင်းစစ်များသည် စာရင်းများကို ပြုပြင်ပြောင်းလဲထားလေ့ရှိသည်ဟု သံသယဖြစ်နေရသည်မှာ ကြာမြင့်လှပြီဖြစ်သည်။ အခွန်မည်မျှ ကျသည်ကိုအခွန်ထမ်းကိုယ်တိုင်တွက်ချက်ပေးဆောင်ရသည့်စနစ်တွင်မူ အခွန်ထမ်း၏ တာဝန်ယူမှု၊ တာဝန်ခံမှုကို ပါဝင်စေပြီး အခွန်အရာရှိက မည်မျှပေးရမည်ဟု တောင်းဆိုနိုင်မှုလည်း ကျဆင်းသွားမည် ဖြစ်သည်။[20]

နောက်ဆုံးတွင် အရည်အသွေးပြည့်မီသည့် မီဒီယာအစီရင်ခံခြင်းသည် စီးပွားရေးလုပ်ငန်းအပေါ်နှင့် အစိုးရအပေါ် ယုံကြည်မှုရှိလာစေရန် ပံ့ပိုးပေးရာတွင် အလွန်အရေးပါသည်။ ယင်းကိစ္စရပ်များကို လွယ်ကူချောမွေ့စေရန်နှင့် စာနယ်ဇင်းသမားများအနေဖြင့် ၎င်းတို့၏လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် ကုမ္ပဏီများသည် တိကျမှန်ကန်သော သတင်းအချက်အလက်များထုတ်ပြန်၍ လွယ်ကူစွာရရှိနိုင်ရန် လုပ်ဆောင်ပေးသင့်သည်။ ၎င်းတို့၏ မီဒီယာဆက်ဆံရေးဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပြီး[21] ၊ စာနယ်ဇင်းသမားများသည်လည်း စီးပွားဆိုင်ရာအစီရင်ခံစာများ ရေးသားနိုင်ရန် သင်တန်းများ တက်ရောက်ရန်လိုအပ်သည်။ အီလက်ထရောနစ်မှတ်ပုံတင်စနစ် (MyCO) အပါအဝင် အစိုးရထံမှ ကုမ္ပဏီများနှင့်သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များ အွန်လိုင်းပေါ်မှရရှိနိုင်ခြင်း၊ အွန်လိုင်းကုမ္ပဏီများမှတ်ပုံတင်ခြင်း အစရှိသည့် သတင်းအချက်အလက်များ ပိုမိုရရှိနိုင်ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)မှ ခွင့်ပြုချက်ချထားပေးသည့် ကုမ္ပဏီများ၏ အချက်အလက်အသေးစိတ်ကို ရှာဖွေနိုင်သည့် မြန်မာအွန်လိုင်းရင်းနှီးမြှုပ်နှံမှုလမ်းညွှန် (MyInDy) နှင့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး(EITI)၏ အစိတ်အပိုင်းတစ်ခုအဖြစ် တည်ဆောက်ထားသည့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဒေတာဘေ့စ်(database)မှ သတင်းအချက်များပိုမိုရရှိနိုင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အစီရင်ခံခြင်းကို အထောက်အပံ့ဖြစ်စေပါသည် (အောက်တွင်ဖတ်ရှုပါ)။ ထိုမှသာ စာနယ်ဇင်းသမားများသည် စီမံအုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးအတွက် တွန်းအားပေးရာတွင် အမှန်တကယ်သက်ရောက်မှု ရှိစေမည်ဖြစ်သည် (ဇယား ၃ တွင်ကြည့်ပါ။)

20 MCRB နှင့် ပုဂ္ဂိုလ်ရေးအရ ဆက်သွယ်ပြောဆိုခြင်း၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ။

21 See Who's Running the Company: A Guide to Reporting on Corporate Governance, IFC 2012

### ဇယား -၃

### မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်(MEHL)နှင့်စပ်လျဉ်း၍မြန်မာနောင်း Myanmar Now ၏ စီးပွားရေးဆိုင်ရာအစီရင်ခံခြင်း

အွန်လိုင်းသတင်းဌာနတစ်ခုဖြစ်သည့် Myanmar Now သည် တပ်မတော်အကျိုးစီးပွားအတွက် လုပ်ဆောင်နေသည့် စီးပွားရေးလုပ်ငန်းကြီးနှစ်ခုဖြစ်သည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) နှင့် မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှပိုင်သည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) တို့၏ အကျိုးစီးပွားများကို စုံစမ်းစစ်ဆေးထားသည့် သတင်းဆောင်းပါးများစွာကိုရေးသားခဲ့သည် (ယင်း ကုမ္ပဏီနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို သိရှိနိုင်ရန် အခန်း ၃ တွင်ကြည့်ပါ)။ အီလက်ထရောနစ်ကုမ္ပဏီ မှတ်ပုံတင်စနစ် (MyCo) ကိုအသုံးပြု၍ သတင်းအချက်အလက်များ ရယူထားပါသည်။

ဗိုလ်မှူးချုပ်ဟောင်းနှစ်ဦးဖြစ်သည့် ဦးနီအောင် (မန်နေဂျင်းဒါရိုက်တာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)နှင့် ဦးကျော်ထင် (ညွှန်ကြားရေးမှူးချုပ်၊ အကောက်အခွန်ဦးစီးဌာန)တို့မှာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) တွင်လည်း ဘုတ်အဖွဲ့ဝင်ဖြစ်နေသဖြင့် အကျိုးစီးပွား ပဋိပက္ခများပေါ်ပေါက်ရန် အလားအလာရှိကြောင်းကို ၂၀၂၀ ပြည့်နှစ်၊ မေလတွင် မီးမောင်းထိုးဖော်ပြခဲ့သည်။

သို့သော် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၂ ခုစလုံးမှ အကျိုးစီးပွား ပဋိပက္ခမရှိနိုင်ကြောင်း ဦးစွာကနဦး မှတ်ချက်ပေးခဲ့သော်လည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူမှ ယင်းတို့၏လုပ်ဆောင်မှုများသည် ၂၀၁၃ ခုနှစ် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀ (စ) နှင့် ပုဒ်မ ၃၇ တို့ကို ချိုးဖောက်ကြောင်း ဇူလိုင်လ ၁၇ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထို့နောက် ထိုသူ ၂ ဦးစလုံးမှာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL)၏ ဘုတ်အဖွဲ့မှ ဇူလိုင် ၆ ရက်နေ့တွင် နုတ်ထွက်ခဲ့သည်။[22]

Myanmar Now ၏ စုံစမ်းထောက်လှမ်းဖော်ထုတ်ရေးသားမှု သတင်းစာပညာဖြင့်ရေးသားမှုများကို စီးပွားရေး၊ အဂတိနှင့် အကျိုးစီးပွား ပဋိပက္ခဖြစ်ခြင်းအထူးသဖြင့် တပ်မတော်နှင့်ဆက်စပ်သည့် သတင်းများတွင် တွေ့နိုင်သည်။ အစီရင်ခံစာ၏ အောက်ခြေမှတ်စုများတွင် တွေ့နိုင်သည်။ ယင်းသို့ ဖော်ထုတ်ရေးသားမှုများကပင် Myanmar Now ၏ အယ်ဒီတာချုပ် ကိုဆွေဝင်းကို ၂၀၁၉ ဒီဇင်ဘာ ၃၁ ရက်နေ့တွင် (မအောင်မြင်သော) တိုက်ခိုက်ကြံစည်မှုဖြစ်စေရန် ပံ့ပိုးခဲ့သည်။[23]

22 သမ္မတရုံးမှ MEHL ၏ ဘုတ်အဖွဲ့တွင် ဖြစ်နိုင်ခြေရှိသော အကျိုးစီးပွားပဋိပက္ခဖြစ်မှုများကို စုံစမ်းစစ်ဆေးရန် အမိန့်ထုတ်ပြန်ခြင်း Myanmar Now ၊ ၂၀၂၀၊ ဇွန် ၁ ရက်နှင့် ဗိုလ်ချုပ်ဟောင်းများသည် အကျိုးစီးပွားပဋိပက္ခများနှင့် စပ်လျဉ်း၍ MEHL ဘုတ်အဖွဲ့မှ နုတ်ထွက်ခဲ့သည်၊ Myanmar Now ၂၀၂၀၊ ဇူလိုင်လ ၂၁ ရက်။

23 Myanmar Now မှ အယ်ဒီတာသည် ရခိုင်တောင်ပိုင်းသို့ သွားရောက်သည့် ခရီးစဉ်တွင် ခြေထောက်တွင် သေနတ်ဒဏ်ရာ ရရှိခဲ့သည်၊ Myanmar Now ၊ ၂၀၂၀ နိုဝင်ဘာ ၂၆ ရက်။

## အခန်း –၂
## ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ကော်ပိုရိတ် ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ တည်ဆဲဥပဒေနှင့် စည်းမျဉ်းများ

ပိုမိုကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ကော်ပိုရိတ်ထုတ်ဖော်ကြေညာမှု ဖြစ်ပေါ်စေရန်အတွက် စည်းမျဉ်းလိုအပ်ချက်များ ပိုမိုများပြားလာရန် အလားအလာရှိသည်။ ၎င်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ ဦးဆောင်ဆောင်ရွက်နေပြီး၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) နှင့် ဗဟိုဘဏ်တို့၏ စည်းမျဉ်းများမှ ပံ့ပိုးပေးထားသည်။

ဤအခန်းသည် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကကုမ္ပဏီများတို့ အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM)၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM)၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA)၏ မြန်မာကုမ္ပဏီများဥပဒေ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) တို့မှ ကော်ပိုရိတ် သတင်းထုတ်ဖော်ကြေညာခြင်းနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လိုအပ်ချက်များကို ဖော်ပြထားသည်။ ထို့အတူ ဆက်စပ်မှုရှိသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ဥပဒေမူဘောင်များနှင့် ငွေကြေးခဝါချမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုလည်း အကျဉ်းချုပ်ဖော်ပြထားပါသည်။

### နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ

အပိုင်း ၁ တွင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အကြောင်းကို အကျဉ်းချုပ်ဖော်ပြခဲ့သည်။ မဟာဗျူဟာ ၂.၅ တွင် "နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း" ဟူသည့် အစိုးရ၏ကတိကဝတ်နှင့် နိုင်ငံပိုင်လုပ်ငန်းများ ဘက်စုံ အကဲဖြတ်သုံးသပ်ပြီး နိုင်ငံပိုင်လုပ်ငန်းဆိုင်ရာ မူဝါဒတစ်ခု ပေါ်ပေါက်လာစေရန်ဟူသော လုပ်ငန်းစဉ် ၂.၅.၁ တို့ဖြင့် ပြုပြင်ပြောင်းလဲသွားရန် ရည်ရွယ်ထားပါသည်။ ထို့အပြင် အစိုးရအနေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ၎င်းတို့၏လုပ်ငန်းအရ အမျိုးအစားပြန်လည်သတ်မှတ်ခြင်း၊ ၎င်းတို့၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်မှုများကို ပိုမိုကျွမ်းကျင်ပီပြင်လာစေခြင်း၊ ကြီးကြပ်ရေးတာဝန်နှင့် ပွင့်လင်းမြင်သာမှုတို့ကို မြှင့်တင်ပေးခြင်း၊ ပိုင်ဆိုင်မှုကို ခွဲဝေလုပ်ကိုင်စေခြင်း (သို့မဟုတ်) ပုဂ္ဂလိကအားလွှဲပေးခြင်းတို့ဖြင့် ပြုပြင်ပြောင်းလဲသွားရန် ရည်ရွယ်ထားပါသည်။ သို့ရာတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs)၏ ပြုပြင်ပြောင်းလဲမှုများမှာ တိုးတက်မှု သိပ်မတွေ့ရပါ။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမြတ်အစွန်းမရှိဘဲ အရှုံးပေါ်နေသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SEEs) ၄ခု (ဆေးဝါးလုပ်ငန်းနှင့် အကြီးစားစက်မှုလုပ်ငန်း ၃ ခု) ကို ဦးဆောင်နေသည့် စက်မှုဝန်ကြီးဌာနတို့အား ဝန်ကြီးဌာန တစ်ခုတည်းအဖြစ် ပြန်လည်ပူးပေါင်း၍ဖွဲ့စည်းခဲ့သည့် သိသာထင်ရှားသော ပြောင်းလဲမှုတစ်ခုသာ တွေ့ရှိခဲ့ပါသည်။[24]

မြန်မာစီးပွားရေးနာလန်ထူရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP)သည် မြန်မာနိုင်ငံ၏စီမံကိန်းဘဏ် Project Bank ကို အသုံးပြုခြင်းအပါအဝင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ပုဂ္ဂလိကအာဏာလွှဲပေးခြင်းနှင့် ဦးစားပေးဆောင်ရွက်သွားမည့် ပြုပြင်ပြောင်းလဲမှုများကို အားဖြည့်ပေးထားပါသည်။ လုပ်ငန်းစဉ်တစ်ချို့မှာ–

**၉.၁** – စနစ်တကျ အဆင့်သတ်မှတ်ချက်များကို အခြေခံ၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs)များ အသွင်ပုံစံပြောင်းလဲမှုကို စီမံခန့်ခွဲအုပ်ချုပ်ရန် သက်ဆိုင်သောမူဝါဒများနှင့် ကော်ပိုရေးရှင်း/အစုရှယ်ယာများ ပြောင်းလဲခြင်းဆိုင်ရာ စည်းမျဉ်းများ ရေးဆွဲရန်။

**၉.၂**– ကော်ပိုရေးရှင်း/အစုရှယ်ယာများပြောင်းလဲခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်အတူ တွဲဖက်၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် ထုတ်လုပ်မှု စွမ်းဆောင်ရည် တိုးမြင့်ရန်။

24 ဘီလီလျံချီ အရှုံးပေါ်ဝန်ကြီးဌာန၏ အသွင်ကူးပြောင်းရေး၊ Myanmar Now (မြန်မာ)၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၂ ရက်။

၉.၃ – အစုရှယ်ယာဝင် အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများရှိ အစိုးရ၏ ရှယ်ယာများနှင့် ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲရန် နိုင်ငံတော်ပိုင်ဆိုင်မှုများစီမံခန့်ခွဲမှုကော်ပိုရေးရှင်း (SAMCO) ကို ဖွဲ့စည်းရန်။

ဝင်ငွေအမြောက်အမြားရရှိသည့် နိုင်ငံပိုင် သဘာဝသယံဇာတကုမ္ပဏီများကို ၂၀၁၈ အစီရင်ခံစာတွင် အဓိက အလေးပေးဖော်ပြထားပြီး အစိုးရအတွက် အကြံပြုချက်များတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများဆိုင်ရာ လိုက်နာမှုနှင့် ဆောင်ရွက်ချက်များကို ပိုမိုထိရောက်ကောင်းမွန်စွာ ကြီးကြပ်ရန်နှင့် သတင်းအချက်အလက်များကို ပိုမိုထုတ်ပြန်ရန်တို့ ပါဝင်သည်။[25] ထပ်မံအကြံပြုချက်များတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် လွတ်လပ်သည့် ဒါရိုက်တာဘုတ်အဖွဲ့ တည်ထောင်ခြင်းနှင့် လွတ်လပ်သော ပြင်ပစာရင်းစစ်ဆေးမှု ပြုလုပ်ခြင်းတို့လည်း ပါဝင်ပါသည်။ အစီရင်ခံစာတွင် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့နိုင်ပါသည်။

"မြန်မာနိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် ယေဘုယျအားဖြင့် သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများမဟုတ်ဘဲ အစိုးရဝန်ကြီးဌာနများအောက်တွင် ရှိနေပါသည်။ နောက်ဆုံး ရေတွက်ချက်အရ မြန်မာအမျိုးသားလေကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် စသည့် နိုင်ငံပိုင်ဘဏ် (၄) ခုသာလျှင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းရပ်များကို စောင့်ကြည့်စစ်ဆေးရန် အတိုင်းအတာတစ်ခုထိ လွတ်လပ်သည့်ဘုတ်အဖွဲ့များ ရှိကြပါသည်။ မြန်မာအမျိုးသားလေကြောင်းတွင်မူ ဘုတ်အဖွဲ့၌ အငြိမ်းစားပြည်သူ့ဝန်ထမ်း (၅) ဦး ပါဝင်ပြီး ယင်းဘုတ်အဖွဲ့သည် ကိစ္စရပ်များစွာတွင် လွတ်လပ်သည့်ဘုတ်အဖွဲ့တစ်ခုအဖြစ် ဆောင်ရွက်နိုင်သည် မဟုတ်ပေ။ အခြားနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် ဘုတ်အဖွဲ့များ ရှိကြသော်လည်း ကြီးကြပ်ကွပ်ကဲစစ်ဆေးရေး အဖွဲ့များအဖြစ်ထက် စီမံခန့်ခွဲရေးကော်မတီများအဖြစ် ဆောင်ရွက်ကြပါသည်။ ကိစ္စရပ်တိုင်း အားလုံးနီးပါးတွင် စီမံခန့်ခွဲမှုအပိုင်းက မိခင်ဝန်ကြီးဌာနသို့ အစီရင်ခံပါသည်။ ငွေလုံးငွေရင်းဘတ်ဂျက်ကို မိခင်ဝန်ကြီးဌာနမှ ချပေးပါသည်။"

၂၀၁၉ ခုနှစ်၊ ဇွန်လတွင် သိသာထင်ရှားသည့် ပြောင်းလဲမှုတစ်ခုကိုတွေ့ရသည်။ ယင်းမှာ မြန်မာနိုင်ငံအစိုးရမှ မြန်မာ့စီးပွားရေးဘဏ်ရှိ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (Other Account) များအားလုံးကို ပိတ်သိမ်းခဲ့ပြီး၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှုများ အားလုံး (အထူးသဖြင့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ)၏ ကုန်သွယ်မှု (အရှုံး၊ အမြတ်) စာရင်းအရ အမြတ်ရရှိပါက ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ကျန်ရှိသည့်အမြတ်ငွေအားလုံးကို နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ပြည်တွင်းအခွန်များဦးစီးဌာနသို့လွှဲပြောင်းရန် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ထိုမှသာ ဘတ်ဂျက်များကို ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများတွင် ပိုမိုအကျိုးရှိစွာသုံးစွဲနိုင်လိမ့်မည်။[26]

၂၀၁၉ ခုနှစ် ပွင့်လင်းမြင်သာမှုနှင့် ... 

၂၀၁၉ ခုနှစ် ပွင့်သစ်စတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs)များအား ပထမဆုံးအကြိမ်အဖြစ် အကဲဖြတ်ထားသောရလဒ်များ ပါဝင်လာခဲ့သည်။ ၂၀၂၀ ခုနှစ်တွင်လည်း ၎င်းတို့၏ ပွင့်လင်းမြင်သာမှုနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရလဒ်များမှာ အနိမ့်ဆုံးအဖြစ် ဆက်လက်၍ ရပ်တည်နေပါသည်။ (ပုံ–၁)။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) အားလုံး အထူးသဖြင့် အများပိုင် စီးပွားရေးလုပ်ငန်း သို့မဟုတ် ၁၉၅၀ ခုနှစ် အထူးကုမ္ပဏီအက်အရ[27] ပုဂ္ဂလိကအဖြစ် ပြောင်းလဲဆောင်ရွက်သွားမည့် လုပ်ငန်းများသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာခြင်းနှင့်ဆိုင်သည့် ပြုပြင်ပြောင်းလဲမှုများကို ပိုမို အလေးပေးလုပ်ဆောင်ရန် လိုအပ်ပါသည်။

25 State Owned Economic Enterprise Reform, Natural Resources Governance Institute, July 2018

26 Myanmar Ends Opaque Banking of Proceeds from State Enterprises, Natural Resources, Governance Institute, ၂၀၁၉၊ နိုဝင်ဘာလ။

27 Special Companies Act, 1950

## ၁၉၅၀ အထူးကုမ္ပဏီအက်ဥပဒေ (SCA) အရဖွဲ့စည်းသောကုမ္ပဏီများ

မြန်မာအစိုးရဌာနများမှ မည့်သည့်အစုရှယ်ယာအမျိုးစားမဆို ပိုင်ဆိုင်မှုရှိသည့် ကုမ္ပဏီတစ်ခုသည် အထူးကုမ္ပဏီအက်ဥပဒေ (SCA) အရ ဖွဲ့စည်းထားပြီး၊ မြန်မာကုမ္ပဏီများဥပဒေ (MCL) အရ မှတ်ပုံတင်ရသည်။ အထူးကုမ္ပဏီအက်ဥပဒေ (SCA) အရခွင့်ပြုထားခြင်းမရှိသော်လည်း SCA အရဖွဲ့စည်းထားသော ကုမ္ပဏီသည် MCL ၏ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည်။ အစိုးရသည် (အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရသည်) အစုရှယ်ယာအားလုံး ပိုင်ဆိုင်သူ သို့မဟုတ် အစုရှယ်ယာအမြောက်အမြားပိုင်ဆိုင်သည့် တိကျသော ရင်းနှီးမြှုပ်နှံမှုများ ရယူရန် ဤကုမ္ပဏီပုံစံကို အသုံးပြုခဲ့သည်။ ဥပမာအားဖြင့် New Yangon Development Company Limited (NYDC) သည် ရန်ကုန်အနောက်ပိုင်းခရိုင် ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်ရန် တည်ထောင်ထားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည်။ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များတွင် ရန်ကုန်တိုင်းဒေသကြီး ဒုတိယမြို့တော်ဝန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အတွင်းရေးမှူး၊ ကုမ္ပဏီ၏စီအီးအို Serge Pun နှင့် လွတ်လပ်သော ဒါရိုက်တာနှစ်ဦးတို့ ပါဝင်သည်။[28] ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) တွင် တင်ပြချက်အရ ရှယ်ယာအပြည့်အဝပိုင်ဆိုင်သူမှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရဖြစ်သည်။ ၎င်းမှာ ရှယ်ယာ ၉၉၉,၉၉၉ စုကို ပိုင်ဆိုင်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရှယ်ယာ ၁ စုကိုသာ ပိုင်ဆိုင်သည်။[29] ကုမ္ပဏီများသည် ၎င်း၏ ဝက်(ဘ်)ဆိုဒ်နှင့် ပုံမှန်သတင်းလွှာများမှတစ်ဆင့် သတင်းအချက်အလက်များကို ထုတ်ဖော်ကြေညာရန် သိသာထင်ရှားသည့် ကြိုးစားအားထုတ်မှုများ ပြုလာခဲ့သည်။

ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ပိုမိုကောင်းမွန်သော ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းတစ်ခု အကောင်ထည်ဖော်ဆောင်ရွက်ရန် ၂၀၁၆ ခုနှစ်တွင် ဆုံးဖြတ်ပြီးနောက် ၁၉၅၀ အက်ဥပဒေအရဖွဲ့စည်းခဲ့သည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ ၎င်း၏ နာယကများမှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြို့တော်ဝန်၊ လျှပ်စစ်စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးတို့ဖြစ်ပြီး၊ ယေဘုယျအားဖြင့် အစုရှယ်ယာအနည်းစုပိုင်ဆိုင်သော ဘတ်စ်ကားပိုင်ရှင် အချို့သည် ဘုတ်ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ကိုယ်စားပြုဆောင်ရွက်လျက်ရှိပါသည်။[30] ၎င်းတို့ ဝက်(ဘ်)ဆိုဒ် တွင်ကြေညာထားချက်အရ ရှယ်ယာရှင် ၂၉၀ ရှိပြီး ရင်းနှီးမြှုပ်နှံမှုမှာမြန်မာကျပ်ငွေ၅.၆၃၄၄ ဘီလီယံ (၁၄ရာခိုင်နှုန်း) ရှိ၍ရန်ကုန်တိုင်းဒေသကြီး အစိုးရက ၃၅ ဘီလီယံရှိသည်။ ပွင့်သစ်စ ၂၀၂၀ တွင် ယင်းက ရမှတ် ၅ ရာခိုင်နှုန်းရရှိပါသည်။ သို့သော်လည်း ထိုကုမ္ပဏီသည် ကိုဗစ်မတိုင်မီကပင် စီးပွားဖြစ်အောင်မြင်မှု မရရှိခဲ့သည့်အပြင် အစုရှယ်ယာဝင်များက တရားစွဲဆိုမည်ဟု ခြိမ်းခြောက်မှုများပြုလုပ်၍ ယင်းတို့၏ အစုရှယ်ယာများကို ပြန်လည်ဝယ်ယူရန် ဖိအားပေးမှုများရှိခဲ့သည်။[31]

Yangon Metropolitan Development Public Company (YMDC) ၏ ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ အလေ့အထများ အားနည်းမှုကြောင့် Eleven မှ သတင်းထောက် ၃ ဦး မှားယွင်းစွာ ဖမ်းဆီးခံခဲ့ရသည်။ ယင်းနှင့်ဆိုင်သည့် သတင်းအချက်အလက်အသေးစိတ်ကို ၂၀၁၉ ခုနှစ် ပွင့်သစ်စအစီရင်ခံစာ၏ ဇယား ၁ တွင် ဖော်ပြပြီး ဖြစ်ပါသည်။ YMDC သည် အိမ်ခြံမြေဖွံ့ဖြိုးရေးကုမ္ပဏီတစ်ခုဖြစ်ပြီး အထူးကုမ္ပဏီအက်ဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုလည်း ဖြစ်ပါသည်။ MyCo တွင် ဖော်ပြထားချက်အရ ၎င်းကို ဆောက်လုပ်ရေးစီးပွားရေး

28 https://www.nydc.com.mm/board-of-directors

29 Company extract obtained from DICA 1 December 2020

30 http://www.yuptpublic.com.mm/en/history.html YUPT ဝက်(ဘ်)ဆိုဒ်တွင် အစုရှယ်ယာရှင် ၉၀ ဦးရှိပြီး ယင်းတို့၏ ရင်းနှီးမြှုပ်နှံမှုမှာ ကျပ် ၅.၆၃၄၄ ဘီလီယံဖြစ်သည်ဟု ထုတ်ဖော်ကြေညာထားသည်။ ဘတ်စ်ကားအသစ်များ ဝယ်ယူရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် ကျပ်ငွေ ၃၅ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့သည်။ ၎င်းတို့၏ စုစုပေါင်း မတည်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဘီလီယံ ၄၀.၆၃၄၄ ကျပ်ဖြစ်သည်။

31 YUPT ၏ ရှယ်ယာများသည် ဆုံးရှုံးမှုအတွက် တရားစွဲဆိုခြင်း၊ Eleven ဂျာနယ်၊ ဖေဖော်ဝါရီ ၅ ရက်၊ ၂၀၂၀။

လုပ်ငန်းရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များပါရှိသည့် ဒါရိုက်တာ ၁၁ ဦးနှင့် ဖွဲ့စည်းထားပြီး၊ ၎င်း၏ အစုရှယ်ယာအများဆုံးပိုင်ဆိုင်သူမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရ ဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းရှင်အချို့မှလည်း ရှယ်ယာပိုင်ဆိုင်မှုရှိသည်ဟု ယူဆရသည်။ သို့သော်လည်း ယင်းနှင့်ဆိုင်သည့် သတင်းအချက်အလက်များသည် ယနေ့အချိန်အထိ ထုတ်ဖော်ကြေညာခြင်း မရှိပါ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် အထက်ပါကုမ္ပဏီတွင် ၎င်း၏ ကိုယ်ကျိုးစီးပွားပါဝင်မှုရှိကြောင်းကို ဝန်ခံရန် ငြင်းဆန်မှုများရှိခဲ့ခြင်းကြောင့် ဟိုတယ်နှင့်ခရီးသွားအဆောက်အဦဟောင်း (Tourist Burma Building) အား အသစ်ပြန်လည်ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ တရားရုံးတွင် တရားစွဲဆိုမှုများလည်း ရှိခဲ့သည်။[32] MyCo ရှိ YMDC ကုမ္ပဏီနှင့်ဆိုင်သည် အကြောင်းအရာများတွင် ၎င်း၏ ၅၈၉,၀၀၀ သော အစုများ၏ ပိုင်ရှင် ရှယ်ယာရှင်များ၏အမည်များ သို့မဟုတ် အများဆုံး အစုရှယ်ယာပိုင်ဆိုင်သူများကို တင်ပြထားခြင်းမရှိပေ။ အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သဖြင့် အနည်းဆုံး အစုရှယ်ယာပိုင်ရှင် ၇ ဦး ရှိရမည်ဖြစ်သော်လည်း SECM သည် ၎င်းတို့၏ ကြီးကြပ်မှုအောက်တွင်ရှိသော ကုမ္ပဏီတစ်ခုအဖြစ် စာရင်းသွင်းထားခြင်းမရှိသဖြင့် ၎င်းသည် ၁၀၀ အောက်သာ ရှိမည်ဟု ဖော်ပြထားမည်သာဖြစ်သည်။ (အောက်တွင် ကြည့်ပါ)။ အများပြည်သူရန်ပုံငွေများကို အသုံးပြုနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော်လည်း ကုမ္ပဏီတွင် ဝဘ်ဆိုက်ပင် မရှိပေ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ဝက်(ဘ်)ဆိုဒ်တွင်လည်း ၎င်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ မရှိပါ။[33] ထိုသို့ မရှင်းလင်းသော အစုစပ်စီမံခန့်ခွဲမှုနှင့် ဘုတ်အဖွဲ့တွင် ဆောက်လုပ်ရေးကုမ္ပဏီများ ပါဝင်မှုကြောင့် အကျိုးစီးပွားပဋိပက္ခဖြစ်ခြင်းနှင့် ဆက်နွယ်သူများကို အရောင်းအဝယ်များပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ အထူးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။

## နိုင်ငံပိုင်ဘဏ်လုပ်ငန်းများ

ယခုတွင် နိုင်ငံပိုင်ဘဏ်လုပ်ငန်းများ၏ ပြုပြင်ပြောင်းလဲမှုများမှာ နိုင်ငံပိုင် စက်မှုလုပ်ငန်းနှင့် နိုင်ငံပိုင် သယံဇာတလုပ်ငန်းများ၏ ပြုပြင်ပြောင်းလဲမှုများထက် ပိုမိုကောင်းမွန်နေကြောင်း တွေ့ရပါသည်။ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံအစိုးရမှ စွမ်းဆောင်ရည်မပြည့်ဝ၍ အရှုံးပေါ်နေသည့် နိုင်ငံပိုင်ဘဏ်လုပ်ငန်း ၄ ခုကို ခေတ်နှင့်အညီ တိုးတက်လာစေရန် ပြောင်းလဲခဲ့သည်။[34] လယ်သမားများနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SMEs) ကို ချေးငွေများ ပိုမိုထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့စီးပွားရေးဘဏ် (MEB) နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ပေါင်းစည်းခဲ့သည်။ လက်ရှိတွင် အခြားဘဏ်နှစ်ခု ဖြစ်သည့် မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB)နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) တို့သည်လည်း ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသည်။ ယင်းတို့အားလုံးကို ပွင့်သစ်စတွင် အကဲဖြတ်ဆန်းစစ်ထားပါသည်။ (ဇယားကွက် ၁၀ ကို ကြည့်ပါ)

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MoFPI) က နိုင်ငံပိုင်ဘဏ်များ၏ ငွေကြေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူဘောင်များ တိုးတက်လာစေရန်ရည်ရွယ်ချက်ဖြင့် အမိန့်ကြော်ငြာစာအမှတ် ၇၆/ ၂၀၁၉ အား ထုတ်ပြန်ခဲ့သည်။[35] အစိုးရအဖွဲ့ (သို့) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့၏ တာဝန်ဝတ္တရားများလည်း ပါရှိပါသည်။ ဦးဆောင် ဆောင်ရွက်သွားမည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် အကျိုးစီးပွားပဋိပက္ခဖြစ်ခြင်းနှင့် ဆိုင်သည့် မူဝါဒများအပါအဝင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) အတွက် ရည်မှန်းချက်များ၊ မျှော်မှန်းချက်များအပြင် ဆုံးရှုံးမှုကို သွေဖယ်စေရန်အတွက် မူဝါဒများ၊ စည်းမျဉ်းများကိုလည်း သတ်မှတ်ရမည်။ ကျွမ်းကျင်မှုတိုးတက်ခြင်း၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ ပွင့်လင်း

32 Court deals blow against man who claimes to own the Tourist Burma building

33 သို့သော်လည်းပဲ Yangon Metropolitan Development Company တွင် အတည်မပြုရသေးသည့် Facebook စာမျက်နှာရှိသည်။

34 Government plans to merge state-owned banks of facilitate more leading, Myanmar Times, ၂၃ ဇန်နဝါရီ ၂၀၂၀။

35 Myanmar Gazette ၊ အတွဲ ၇၂၊ အမှတ် ၄၇၊ စာမျက်နှာ ၃၄၅၉၊ ၂၂ နိုဝင်ဘာ ၂၀၁၉။

မြင်သာမှုနှင့် တာဝန်ခံမှုတို့ကို ရှင်းလင်းစွာဖော်ပြထားသည်။ အစိုးရအနေဖြင့် နေ့စဉ် စီမံခန့်ခွဲမှုတွင် ဝင်ရောက်စွက်ဖက်ခြင်းများ မပြုလုပ်ဘဲ၊ သီးခြားလွတ်လပ်စွာ လုပ်ကိုင်နိုင်ရန် ဘုတ်အဖွဲ့များအား အာဏာလွှဲအပ်ပေးရမည်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MoFPI) အောက်ရှိ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် နိုင်ငံပိုင်ဘဏ် လုပ်ငန်း၏ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် မဟာဗျူဟာများရေးဆွဲခြင်း အစရှိသည့် လုပ်ငန်းလည် ပတ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ဆက်စပ်သည့် စီမံခန့်ခွဲမှုများကို ကြီးကြပ်သွားမည် ဖြစ်သည်။ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ်တို့သည် ဗဟိုဘဏ်က ချမှတ်ထားသည့် ၂၀၁၆ ခုနှစ် ငွေရေးကြေး ရေးအဖွဲ့ အစည်းများဥပဒေ၏ လိုအပ်ချက်ဖြစ်သော အစီရင်ခံခြင်းနှင့်ဆိုင်သည့် စည်းမျဉ်း စည်းကမ်းများကိုလိုက်နာရမည်ဖြစ်သည်။သို့ရာတွင်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ အရ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သည် "စီစဉ်ထားသည့်အဖွဲ့အစည်း" အဖြစ် ကင်းလွတ် ခွင့်ရှိသော်လည်း ယခုတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်မှ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန(MoFPI) သို့ လုပ်ပိုင်ခွင့်များလွှဲပြောင်းခဲ့သဖြင့် လိုက်နာရန် လိုအပ်သည်။ ဝန်ကြီးဌာန အားလုံးသည် ၎င်းတို့၏စည်းမျဉ်းများ ချမှတ်လုပ်ဆောင်ရာတွင် စီမံကိန်း၊ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန (MoFPI)နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ အခြားသောဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်သွားရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MoFPI)၏ ဦးဆောင်ကော်မတီ (Steering Committe) နှင့် လုပ်ငန်းကော်မတီများ (Working Com–mittee) ဖွဲ့စည်းသွားရမည်ဖြစ်သည်။

အမိန့်ကြော်ငြာချက် အမှတ် ၇၆၊ ၂၀၁၉ အရ ဘဏ်တစ်ခုချင်း၏ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ သည် ယင်းတို့ဘဏ်၏ မဟာဗျူဟာများကို ချမှတ်အကောင်ထည်ဖော်ဆောင်ရွက်၍ ကြီးကြပ် ရန်တာဝန်ရှိပြီး၊ ထိုလုပ်ငန်းတာဝန်များကို လုပ်ဆောင်နိုင်ရန် စွမ်းဆောင်ရည်ပြည့်ဝ၍ သက်ဆိုင်ရာလုပ်ငန်း အတွေ့အကြုံရှိသူများကို ခန့်ထားရန်လိုအပ်ပါသည်။ ထိုသူများသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ကတိကဝတ်ပြုသူများလည်းဖြစ်ရမည်။ ဘုတ်အဖွဲ့များသည် စီမံခန့်ခွဲသူများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို ဝင်ရောက်စွက် ဖက်ခြင်းများ မပြုလုပ်သင့်ဘဲ မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံခန့်ခွဲသူများကို တာဝန်ပေးအပ်ရမည်။

ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် စပ်လျဉ်း၍ နိုင်ငံပိုင်ဘဏ်များသည် အများပြည်သူအကျိုး အတွက် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများကို အပြည်ပြည် ဆိုင်ရာ စံချိန်စံနှုန်းများနှင့်အညီ တင်ပြရန်လိုအပ်ပြီး၊ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သည့် သတင်းအချက်များကိုလည်း ထုတ်ဖော်တင်ပြရန် လိုအပ်ပါသည်။ ယင်းတို့သည် လုပ်ငန်း လည်ပတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပေးခြင်းဖြင့် အချိန်နှင့်တစ်ပြေးညီ တိကျသော သတင်းအချက်များရရှိသဖြင့် စီမံခန့်ခွဲသူများသည် တာဝန်များကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။ ၎င်းတို့၏ အစီရင်ခံစာများ အရည်အသွေးကောင်းမွန်စေရန် ပြင်ပမှ စာရင်းစစ်များ၏ စစ်ဆေးမှုများကိုလည်းခံယူရမည်။ ဘဏ္ဍာရေးစာရင်းရှင်းတမ်း များနှင့် နှစ်ပတ်လည်အစီရင်ခံစာများကို ၎င်းတို့၏ ဝက်(ဘ်)ဆိုဒ်များ ပေါ်တွင်တင်ပြရမည်။ ယင်းတွင် ၎င်းတို့၏ ရည်မှန်းချက်များ၊ မျှော်မှန်းချက်များ လူမှုရေးလုပ်ငန်း ဆောင်ရွက်ချက် များ အပါအဝင် ပတ်သက်ဆက်နွယ်သူများနှင့် သက်ဆိုင်သည့် အန္တရာယ်များကဲ့သို့သော ဘဏ္ဍာရေးနှင့် မသက်ဆိုင်သည့် သတင်းအချက်အလက်များလည်း ပါဝင်သင့်သည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံပိုင်ဘဏ်များကို ပြုပြင်ပြောင်းလဲရန် ကော်မတီ တစ်ခုကို ဖွဲ့စည်းခဲ့ပြီး၊ ယင်းကော်မတီကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပြီး၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ

ဦးဘိုဘိုငယ်အား ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်၍ ပြုပြင်မွမ်းမံခဲ့သည်။ နိုင်ငံပိုင်ဘဏ်များ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုများ တိုးတက်စေရန်နှင့် စီးပွားရေးကိစ္စရပ်များကို ဖြေရှင်းသည့် လုပ်ငန်းစဉ်များကိုလုပ်ဆောင်ရန် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် လုပ်ငန်းကော်မတီခွဲများကို ကမ္ဘာ့ဘဏ်နှင့်အတူ ဖွဲ့စည်းခဲ့သည်။ ထိုသို့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ယူကေ နိုင်ငံမှ Business for Shared Prosperity Programme[36] မှ အထောက်အပံ့ပေးပြီး ကမ္ဘာ့ဘဏ် (World Bank) လက်အောက်ရှိ ဘဏ္ဍာရေးကဏ္ဍတိုးတက်မှုအစီအစဉ် (FSDP) မှ အကောင်ထည်ဖော် ဆောင်ရွက်ပါသည်။

လက်ရှိဘဏ်များ၏ ပြုပြင်ပြောင်းလဲမှုများက အဖွဲ့အစည်းအသစ်များအား ၎င်းတို့၏ စီမံခန့်ခွဲအုပ်ချုပ်မှု၊ အစီရင်ခံစာများနှင့် သတင်းအချက်လက်ထုတ်ဖော်တင်ပြခြင်းတို့ကို သိသိသာသာတိုးတက်စေရန် အခွင့်အလမ်းပေးပါသည်။ ထိုဘဏ်များသည် အစိမ်းရောင်စီးပွားရေး (Green Economy) ကို အထောက်အပံ့ဖြစ်စေသည့် ရေရှည်တည့်တံ့ခိုင်မြဲသော အလေ့အကျင့်များကို အာရုံစိုက်နိုင်ရန် အခွင့်အလမ်းလည်း ပေးပါသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဥပဒေစည်းမျဉ်းများအရ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အခြားသောကဏ္ဍများရှိ စီးပွားရေးလုပ်ငန်းများထက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် သတင်းအချက်များထုတ်ဖော်ကြေညာခြင်းနှင့်သက်ဆိုင်သည့်လိုအပ်ချက်ပိုများသည်။ အကြောင်းပြချက်ကောင်းတစ်ခုမှာ ၎င်းတို့သည် အခြားသူများ၏ငွေများကို စီမံခန့်ခွဲလုပ်ကိုင်နေရသောကြောင့် ဖြစ်သည်။ ဘဏ်များသည် မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ ဗဟိုဘဏ် (CBM)၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ သို့ရာတွင် ဘဏ်အုပ်ချုပ်မှု၏ ရှုထောင့်အမျိုးမျိုးကို လွှမ်းခြုံမှုရှိသည့် စည်းမျဉ်းသတ်မှတ်ထားခြင်း မရှိသော်လည်း ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ၏ ပုဒ်မ ၈၅ အရ ဘဏ်များအားလုံးသည် စာရင်းစစ်ကော်မတီကို ဖွဲ့စည်းထားရန်လိုအပ်ပြီး၊ သုံးလတစ်ကြိမ် အစည်းဝေးပွဲကျင်းပရမည် ဖြစ်သည်။ ပုဒ်မ ၈၅ (ခ)တွင် ဘဏ်၏ အစုဝင်များ သင်းလုံးကျွတ်အစည်းအဝေးမှ အဖွဲ့ဝင် သုံးဦးပါဝင်သော စာရင်းစစ်ကော်မတီကို ဖွဲ့စည်းရမည်၊ စာရင်းစစ်ကော်မတီ အဖွဲ့ဝင်များ၏ သက်တမ်းမှာ လေးနှစ်ဖြစ်သည်။ ပုဒ်မ ၈၅ (ဂ) တွင် ဒါရိုက်တာ အဖွဲ့ဝင် တစ်ဦးဦးသည် စာရင်းစစ်ကော်မတီကို ဦးဆောင်ရမည်၊ စီမံခန့်ခွဲမှုအဖွဲ့ဝင်များသည် စာရင်းစစ်ကော်မတီတွင် ပါဝင်တာဝန်ထမ်းဆောင်ခြင်း မပြုရ၊ ပုဒ်မ ၈၅ (ဃ) အရ စာရင်းစစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များမှာ ဘဏ်နှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိမရှိ စောင့်ကြည့်ရန်၊ ကြီးကြပ်ရန်နှင့် စစ်ဆေးရန်ဖြစ်ပြီး၊ ဒါရိုက်တာ အဖွဲ့ဝင်များသို့ အကြံပြုချက်များပေးရန် ဖြစ်သည်။

ဗဟိုဘဏ် (CBM) သည် ငွေရေးကြေးရေးဥပဒေအရ ဘဏ်များအား လိုင်စင်ထုတ်ပေးသည့် အဖွဲ့အစည်းဖြစ်သည့်အပြင် ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်နှင့်ဆိုင်သည့် ညွှန်ကြားချက်များနှင့် အမိန့်များကိုလည်း ထုတ်ပြန်သည်။ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကမ္ဘာ့ဘဏ်၏အထောက်အပံ့ဖြင့် ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်များကို ဘုတ်အဖွဲ့ဝင်များအား အာဏာလွှဲပြောင်းပေးသည့် ညွှန်ကြားချက်များနှင့် အမိန့်စာ ၅ စောင်ကို ထုတ်ပြန်ခဲ့သည်။

## သင့်လျော်မှန်ကန်ခြင်း ရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်

ညွှန်ကြားချက်အမှတ် ၈/ ၂၀၁၉ (၂၅၊ ၃၊ ၂၀၂၀ မှစ၍ သက်ရောက်သည်) မှာ ဒါရိုက်တာများ၊ ဘဏ်အရာရှိများ၊[37] ပြင်ပစာရင်းစစ်များနှင့် 'အဓိကကျသည့် အကျိုးစီးပွားရှိသူ' အစုရှယ်ယာရှင်များနှင့် သက်ဆိုင်ပါသည် (၁၀ ရာခိုင်နှုန်းဟု သတ်မှတ်ထားပါသည် – အောက်တွင် ဆက်လက်ကြည့်ရှုပါ)။ ဘဏ်၏ဒါရိုက်တာအဖွဲ့သည် ဘဏ်၏အရာရှိများမှာ 'သင့်လျော်မှန်

36 https://www.danafacility.com/the-financial-sector-development-programme/

37 ယင်းတို့တွင် အမှုဆောင်အရာရှိချုပ်၊ မန်နေးဂျင်းဒါရိုက်တာ၊ လက်ထောက်မန်နေးဂျင်းဒါရိုက်တာ၊ ငွေရေးကြေးရေးဆိုင်ရာ အရာရှိချုပ်၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အရာရှိချုပ်၊ လိုက်နာကျင့်သုံးခြင်းဆိုင်ရာ အရာရှိချုပ်၊ ကုမ္ပဏီတွင်းစာရင်းချုပ်၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အရာရှိချုပ်နှင့် ကြွေးမြီဆိုင်ရာ အရာရှိချုပ်တို့ ပါဝင်ပါသည်။

ကန်မှုရှိကြောင်း' သေချာစေရန် တာဝန်ရှိပြီး ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိချုပ် ခန့်အပ်ရာတွင် ၎င်းတို့အား မခန့်အပ်မီ တစ်လကြိုတင်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အတည်ပြုချက်ကို တောင်းခံရမည်။ သင့်လျော်မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးသည့် စံသတ်မှတ်ချက်များတွင် ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် နာမည်ကောင်းရှိခြင်း၊ လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်နိုင်ရည်ရှိခြင်း (နောက်ဆက်တွဲတွင် ဖော်ပြထားသည့် ကဏ္ဍအလိုက် လုပ်ငန်းအတွေ့အကြုံများနှင့်ဆိုင်သည့် သတ်မှတ်ချက်များဆိုင်ရာ လမ်းညွှန်ချက် အပါအဝင်) နှင့် ငွေရေးကြေးရေး ခိုင်မာတောင့်တင်းခြင်းတို့ ပါဝင်ပါသည်။ ဤသတ်မှတ်ချက်များမှာ မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၁၇၅ တွင် ဖော်ပြထားသော သတ်မှတ်ချက်များထက် ပို၍ အသေးစိတ်အားထုတ်ရန် လိုအပ်ကြောင်း တွေ့ရှိရသည်။ ဥပဒေတွင် ဒါရိုက်တာများ၏ အသက်မှာ ၁၈ နှစ်ထက် ကျော်လွန်ရန် လိုအပ်ကြောင်း၊ စိတ်ပေါ့သွပ်ခြင်း မရှိသူဖြစ်ရန် လိုအပ်ကြောင်း၊ ဒေဝါလီခံရခြင်း မရှိထားကြောင်း စသည့်သတ်မှတ်ချက်များ ပါရှိပြီး ထိုသတ်မှတ်ချက်များနှင့် မကိုက်ညီပါက အရည်အချင်းပြည့်မီသည်ဟု မသတ်မှတ်ပေ။

## ဘဏ်၏ ဒါရိုက်တာများဆိုင်ရာ ညွှန်ကြားချက်

ညွှန်ကြားချက်အမှတ် ၉/ ၂၀၁၉ သည် (၂၅. ၃. ၂၀၂၀ မှစ၍ သက်ရောက်သည်) ဘဏ်ဒါရိုက်တာဘုတ်အဖွဲ့များအတွက် သတ်မှတ်ချက်များဖြစ်သည်။ ဘဏ်ဒါရိုက်များသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အတည်ပြုချက်ရရှိထားရန် လိုအပ်ပြီး ဘဏ်တိုင်းတွင် အဖွဲ့ဝင် (၁၁) ဦးထက် မပိုသော ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းလျှင် ဘဏ်၏အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာတစ်ယောက် အနည်းဆုံးရှိရန် လိုအပ်ပြီး အဖွဲ့ဝင် (၁၁) ဦးနှင့် (၁၅) ဦးကြားရှိသည့် ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းလျှင် ဘဏ်၏အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာ (၂) ယောက် အနည်းဆုံးရှိရန် လိုအပ်သည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဘဏ်၏ အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာ ဆိုသည်မှာ ဆက်နွယ်သူမဟုတ်သော (အောက်တွင် ကြည့်ပါ)၊ ဘဏ်၏ မဲပေးပိုင်ခွင့်ရှိသည့် အစုရှယ်ယာ ၅ ရာခိုင်နှုန်းအောက် ပိုင်ဆိုင်သူဟု အဓိပ္ပာယ်ကန့်သတ်၍ ဖွင့်ဆိုထားသည်။ ယင်းသည် အစိုးရက သီးခြားလွတ်လပ်သော (ဒါရိုက်တာ) ဟူသည်ကို ပထမဆုံး အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည်။ ၂၀၂၀ အောက်တိုဘာတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) က နောက်ထပ် သီးခြားအဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို ထုတ်ပြန်ခဲ့သည် (အောက်တွင် ကြည့်ပါ)။ ညွှန်ကြားချက်အမှတ် ၉/ ၂၀၁၉ တွင် ဘုတ်အဖွဲ့ဆိုင်ရာ စီမံအုပ်ချုပ်မှု၊ အကျိုးစီးပွားပဋိပက္ခနှင့် ဒါရိုက်တာများ၏ လုပ်ငန်းကျွမ်းကျင်မှုအား အဆက်မပြတ် မြှင့်တင်ခြင်းတို့နှင့်သက်ဆိုင်သည့် သတ်မှတ်ချက်များကို အသေးစိတ် ဖော်ပြပေးထားသဖြင့် မြန်မာကုမ္ပဏီများဥပဒေတွင်ပါရှိသည့် ကန့်သတ်မှုရှိနေသော ပြဋ္ဌာန်းချက်တချို့ထက် ပိုမိုပြည့်စုံကြောင်း တွေ့ရှိရသည်။

## ဘဏ်၏ပြင်ပစာရင်းစစ်များနှင့် သက်ဆိုင်သည့် ညွှန်ကြားချက်

ညွှန်ကြားချက်အမှတ် ၁၀ / ၂၀၁၉ သည် ၂၀၁၉ တွင်ထုတ်ပြန်ခဲ့ပြီး နောင်ဘဏ္ဍာရေးနှစ် (အောက်တိုဘာ ၂၀၁၉ မှ ၂၀၂၀ စက်တင်ဘာ) တွင် စတင်အကျုံးဝင်သည်။ ဘဏ်အနေနှင့် မြန်မာနိုင်ငံစာရင်းကောင်စီမှ လက်မှတ်ရထားသည့် အရည်အချင်းပြည့်မီသော ပြင်ပစာရင်းစစ်အား နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ခန့်အပ်ရန်လိုအပ်ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အတည်ပြုချက်ကိုလည်း လိုအပ်သည်။ ပြင်ပစာရင်းစစ်အား ငါးနှစ်တစ်ကြိမ် အစားထိုးခန့်အပ်ရမည်ဖြစ်ပြီး ပြင်ပစာရင်းစစ်တစ်ဦးတည်းအား တစ်ဆက်တည်း သုံးကြိမ်ထက် ကျော်လွန်၍ ခန့်ထားခြင်းမပြုရပေ။ ညွှန်ကြားချက်များတွင် စာရင်းနှင့်သက်ဆိုင်သည့် သတ်မှတ်ချက်များပါရှိပြီး အပိုဒ် ၃၄ – ၃၅ အရ ဘဏ်တိုင်းသည် ပြင်ပစာရင်းစစ်မှ စာရင်းစစ်ဆေးပြီးသည့် အလုံးစုံပါဝင်သော ဝင်ငွေရှင်းတမ်းနှင့် ဘဏ္ဍာရေးအခြေအနေဖော်ပြချက်တို့ကို စာရင်းစစ်ထင်မြင်ယူဆချက်နှင့်အတူ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် လေးလ

## ဇယားကွက်-၁။ ညွှန်ကြားချက် ၁၀/၂၀၁၉ ကို ဆောင်ရွက်ထားသည့် ဘဏ်များ

| ကုမ္ပဏီအမည် | ဝဘ်ဆိုဒ်ရှိမှု | နှစ်စဉ်အစီရင်ခံစာတင်ပြမှု | ဘဏ္ဍာရေးအစီရင်ခံစာတင်ပြမှု |
|---|---|---|---|
| uab bank | Yes | Yes | Yes |
| Yoma Bank | Yes | Yes | Yes |
| Kanbawza Bank (KBZ Bank) | Yes | No | No |
| Ayeyarwady Bank (AYA Bank) | Yes | No | Yes |
| Ayeyarwaddy Farmers Development Bank Public (A Bank) | Yes | No | No |
| First Private Bank (FPB) | Yes | Yes | Yes |
| Co-operative Bank (CB Bank) | Yes | No | No |
| Myanmar Citizens Bank Public (MCB) | Yes | Yes | Yes |
| Myanmar Oriental Bank (MOB) | Yes | No | No |
| Global Treasure Bank Public | Yes | Yes | Yes |
| Asia Green Development Bank (AGD Bank) | Yes | No | No |
| Myawaddy Bank | Yes | No | Yes |
| Shwe (Rural and Urban Development) Bank | Yes | No | No |
| Nay Pyi Taw Development Bank (Nay Pyi Taw Sibin Bank) | Yes | No | Yes |
| Construction, Housing and Infrastructure Development Public Bank (CHIDB) | Yes | No | No |
| Myanma Investment and Commercial Bank (MICB) | Yes | No | No |
| Myanma Economic Bank | Yes | No | No |
| Myanma Tourism Bank Public | Yes | No | No |
| Mineral Development Bank | Yes | No | No |
| Myanmar Microfinance Bank | Yes | No | No |
| Small & Medium Enterprise Development Bank | Yes | No | No |
| Myanma Apex Bank | Yes | No | No |
| Myanmar Foreign Trade Bank | Yes | No | No |
| Tun Commercial Bank | Yes | No | No |
| Glory Farmer Development Bank Limited (G Bank) | Yes | No | No |
| Innwa Bank | Yes | No | No |
| Rural Development Bank | Yes | No | No |
| Farmers Development Bank Public | No | No | No |
| Myanma Agricultural Development Bank | No | No | No |
| Yadanabon Bank | No | No | No |
| Yangon City Bank | No | No | No |

အတွင်း ယင်း၏ ဝက်(ဘ်)ဆိုဒ်နှင့် မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုသည့် သတင်းစာ အနည်းဆုံးတစ်စောင်တွင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။ ထို့အပြင် ဘဏ်သည် စာရင်းစစ်ဆေးပြီးသည့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသောနေ့ရှိ ဘဏ္ဍာရေး ရှင်းတမ်းများနှင့်ပြင်ပစာရင်းစစ်အစီရင်ခံစာမိတ္တူကိုယင်း၏ဘဏ်လုပ်ငန်းဆောင်ရွက်သည့် ရုံးများနှင့် ဘဏ်ခွဲတစ်ခုချင်းစီရှိ ခန်းမများ၏ မြင်သာသောနေရာတွင် တစ်နှစ်ပတ်လုံး ပြသထားရမည်။ သို့သော် ဘဏ် ၅ ခုသာလျှင် ဝက်(ဘ်)ဆိုက်နှင့် နှစ်စဉ်အစီရင်ခံစာ၊ ဘဏ္ဍာရေး အစီရင်ခံစာတို့ကို ထုတ်ပြန်ထားသည်ကို တွေ့ရပြီး နောက်ထပ် ဘဏ် ၃ ခုမှ ၎င်းတို့၏ ဘဏ္ဍာရေးအစီရင်ခံစာကိုသာ ထုတ်ပြန်သည်ကို လည်းတွေ့ရပါသည်။ (ဇယားကွက် ၁ ကို ကြည့်ပါ)

## ဆက်နွယ်သူများဆိုင်ရာ ညွှန်ကြားချက်

ညွှန်ကြားချက်အမှတ် ၁၁ / ၂၀၁၉ သည် လက်ငင်းသက်ရောက်သော ညွှန်ကြားချက်ဖြစ်ပြီး ဆက်နွယ်သူများအား ချေးငွေထုတ်ချေးခြင်းနှင့်စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများနှင့် ဆက်နွယ်သူများနှင့်ပတ်သက်သည့် ဘဏ်၏ ဝန်ဆောင်မှုများအတွက် ငွေပေးချေမှုများ၊ ဘဏ်၏ ဥပစာ၊ ဝန်ထမ်းရေးရာကိစ္စ သို့မဟုတ် ပစ္စည်းကိရိယာကဲ့သို့သော အထောက်အပံ့ ပစ္စည်းများအား အသုံးပြုခြင်းအတွက် ငွေပေးချေမှုများနှင့် ဘဏ်၏ ရရန်ပိုင်ခွင့်များ ရောင်းချခြင်းအတွက် ငွေပေးချေမှုများ အစရှိသည်တို့ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်အား အစီရင်ခံတင်ပြရမည့် သတ်မှတ်ချက်များအား ညွှန်ကြားချက် ထုတ်ပြန်ထားခြင်း ဖြစ်သည်။

ဘဏ်နှင့်ဆက်နွယ်သူများဆိုသည်မှာ –

(၁) ဘဏ်တွင် အကျိုးစီးပွားအများအပြားရှိသူ သို့မဟုတ် ဘဏ်တစ်ခုက ပုဂ္ဂိုလ်ထံတွင် သိသာထင်ရှားသော အကျိုးခံစားခွင့်ရှိခြင်း၊

(၂) ဘဏ်၏ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦး သို့မဟုတ် ဘဏ်ကို ထိန်းချုပ်နိုင်သော စီးပွားရေးလုပ်ငန်းတစ်ခု၊

(၃) အပိုဒ်ခွဲငယ် (၁) နှင့် (၂) တို့ပါ လူပုဂ္ဂိုလ်တစ်ဦး၏ ဆွေမျိုးသားချင်း တစ်ဦးဦး၊

(၄) အပိုဒ်ခွဲငယ် (၁) မှ (၃) ထိ ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်သည့် အဖွဲ့အစည်း တစ်ခုခု၊

(၅) ဘဏ်၌ ယခင် သို့မဟုတ် လက်ရှိကာလတွင် အကျိုးစီးပွားများစွာ ရှိနေခြင်း သို့မဟုတ် ဘဏ်နှင့် ဆက်နွယ်ပတ်သက်နေခြင်းတို့ကြောင့် ဆက်နွယ်နေသူဟု ဗဟိုဘဏ်က သတ်မှတ်ခြင်းခံရသူဟု အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။

ဆွေမျိုးသားချင်း၏ အဓိပ္ပာယ်အား လူပုဂ္ဂိုလ်တစ်ဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ ညီအစ်ကို မောင်နှမများ၊ ထိုသူ၏ ဇနီး သို့မဟုတ် ခင်ပွန်း၏ ညီအစ်ကို မောင်နှမများ၊ ထိုသူနှင့် ထိုသူ၏ ဇနီး သို့မဟုတ် ခင်ပွန်း၏ မိဘ၊ ဘိုးဘွားနှင့် ဆက်ခံသူ သားသမီး၊ မြေးမြစ်များ၊ ၎င်းကို မှီခိုသူများနှင့် မွေးစားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆွေမျိုးတော်စပ်သူများဟု ဖွင့်ဆိုထားပါသည်။[38] ယင်းသည်လည်း ဆက်နွယ်သူများဆိုင်ရာကို ပထမဆုံး အဓိပ္ပာယ်ဖွင့်ဆိုခြင်း ဖြစ်သည်။ SECM ကလည်း ဆိုခဲ့ပါအဓိပ္ပာယ်ဆင်သည့် ဆက်နွယ်သူများဆိုင်ရာ ညွှန်ကြားချက်ကို ၃/၂၀၂၀ တွင် ထုတ်ပြန်ခဲ့သည်။ (အခန်း ၃ တွင် ကြည့်ပါ။ )

38 ယင်းသည် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်းဆိုင်ရာ အစီရင်ခံစာတွင် ပါဝင်သည့် နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများ ကဏ္ဍတွင် ထည့်သွင်းထားသော မိသားစုဝင်၏ အဓိပ္ပာယ်ပြဋ္ဌာန်းချက်နှင့် မတူညီပေ။ ထိုအစီရင်ခံစာတွင် ဖွင့်ဆိုထားသည့် မိသားစုဝင်ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး၏ ဘိုးဘွား၊ မြေး၊ ဦးလေး၊ အန်တီ၊ တူ၊ တူမနှင့် ဝမ်းကွဲမောင်နှမများအပြင် ရင်းနှီးသော မိတ်ဆွေများ (လုပ်ငန်းခွင် သို့မဟုတ် လူမှုအသိုက်အဝန်း)ကို ဆိုလိုခြင်းဖြစ်သည်။

## အဓိကကျသည့် အကျိုးစီးပွားဆိုင်ရာ ညွှန်ကြားချက်

ညွှန်ကြားချက်အမှတ် ၁၂/ ၂၀၁၉ သည် လက်ငင်းသက်ရောက်မှုရှိသော ညွှန်ကြားချက်ဖြစ်ပြီး 'အဓိကအကျိုးစီးပွား'၏ အဓိပ္ပာယ်အား 'ဗဟိုဘဏ်က သတ်မှတ်သည့်အတိုင်း ငွေရေးကြေးရေးအဖွဲ့အစည်း၏ မတည်ရင်းနှီးငွေ သို့မဟုတ် ဆန္ဒမဲပေးပိုင်ခွင့်ကို ၁၀ ရာခိုင်နှုန်းနှင့်အထက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်မှုကိုသော်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲပိုင်ခွင့်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိန်းချုပ်ကွပ်ကဲနိုင်မှုကိုသော်လည်းကောင်း' ဟူ၍ သတ်မှတ်ထားသည်။ ဘဏ်တွင် အဓိကကျသည့် အကျိုးစီးပွားကို ရယူပိုင်ဆိုင်လိုလျှင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြိုတင်သဘောတူခွင့်ပြုချက်ကို ရယူရန်လိုအပ်သည်။ ထို့အပြင် ဘဏ်များက အဓိကကျသည့် အကျိုးစီးပွား ရယူထားသော အစုရှယ်ယာရှင်များနှင့် ၎င်းတို့၏ အစုရှယ်ယာများကို နှစ်စဉ်အစီရင်ခံတင်ပြရမည်။

မြန်မာကုမ္ပဏီ ဥပဒေတွင် ယင်းနှင့်ပတ်သက်သောယူဆချက် မပါဝင်ပါ။ သို့သော် အခြားနိုင်ငံများ၏ ကုမ္ပဏီဥပဒေများရှိ 'အဓိကကျသည့် အကျိုးစီးပွား' အဆင့်များသည် အမျိုးမျိုးကွဲပြားသည်။ (အမေရိကန်နိုင်ငံတွင် ၃ ရာခိုင်နှုန်း၊ နယ်သာလန်နိုင်ငံတွင် ၅ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံတွင် ၂၀ ရာခိုင်နှုန်း၊ ယူကေနိုင်ငံတွင် ဆန္ဒမဲပေးပိုင်ခွင့် ၃၀ ရာခိုင်နှုန်း)။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက် ၁၂/ ၂၀၁၉ ရှိ ၁၀ရာခိုင်နှုန်း အဆင့်သည် မြန်မာနိုင်ငံ၏ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) (အောက်တွင်ကြည့်ပါ) ရှိ အကျိုးအမြတ်ပိုင်ဆိုင်မှု ၅ ရာခိုင်နှုန်းထက် ပိုမိုမြင့်မား၍ အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (ACGS) တွင်လည်း ၅ ရာခိုင်နှုန်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) မှ ထုတ်ပြန်ထားသော ၂၀ ရာခိုင်နှုန်းထက်တော့ လျော့နည်းပါသည်။

## ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ် ဆိုင်ရာညွှန်ကြားချက်

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့တွင်လည်း Financial Action Task Force (FATF)၏ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပံ့ပိုးသည့်အနေဖြင့် (အောက်တွင်ကြည့်ပါ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၉(ဂ)နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၄၀ တွင် အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များသို့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်နိုင်ရန် ဗဟိုဘဏ်သည် ညွှန်ကြားချက်အမိန့်စာအမှတ် ၁၈/၂၀၁၉ [39] ကို ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အစောပိုင်းက ထုတ်ပြန်ခဲ့သည့် ဗဟိုဘဏ်၏ ညွှန်ကြားချက်အမှတ် ၂၁/၂၀၁၅ (ဘဏ်များက အထူးသဖြင့် ၂၀ ရာခိုင်နှုန်းထက်ပို၍ပိုင်ဆိုင်သော ဆက်သွယ်ဆောင်ရွက်သူ (သို့မဟုတ်) ကုမ္ပဏီနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ကို သတ်မှတ်ရန်) အား ဤညွှန်ကြားချက်ဖြင့် အစားထိုးခဲ့သည်။ ဤညွှန်ကြားချက်သည် ချက်ချင်းအသက်ဝင်ခဲ့သည်။

အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုသည်မှာ မူလအဓိကပိုင်ဆိုင်သူကိုဖြစ်စေ၊ ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအား ထိန်းချုပ်သူကိုဖြစ်စေ (သို့မဟုတ်) လွှဲပြောင်းဆောင်ရွက်မှုတစ်ခုခုကို မိမိကိုယ်စား အခြားသူတစ်ဦးက ဆောင်ရွက်စေသည့်သူတစ်ဦးကိုဆိုသည်၊ ယင်းစကားရပ်တွင် ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခု (သို့မဟုတ်) စီစဉ်ဆောင်ရွက်မှုတစ်ခုခုကို ထိရောက်သော ထိန်းချုပ်မှုပြုလုပ်နေသူ တစ်ဦးဦးလည်း ပါဝင်သည်။

ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းနှင့် စပ်လျဉ်း၍ ဘဏ်များက ဆောင်ရွက်နေသည်မှာ ၂၀ ရာခိုင်နှုန်းထက်ပို၍ ပိုင်ဆိုင်သောသူများကို သတ်မှတ်ရန်ဖြစ်သည် (ပုဒ်မ ၂၆ မှ ၃၂)၎င်းတို့သည် အန္တရာယ်အဆင့်အလိုက် သင့်လျော်သည့် စီမံခန့်ခွဲတစ်ခုထားရှိ၍ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်မှာ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်

39 https://www.cbm.gov.mm/content/5262

ပုံမှန်အန္တရာယ် အဆင့်မြင့်မားသည်ဟု ဖော်ထုတ်သိရှိရပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ် (CDD) တိုးမြှင့်ဆောင်ရွက်ရမည်။ (ပုဒ်မ ၂၁ – ၂၃ ) ။ ပုဒ်မ ၃ (၄) နှင့် (၃) အရ ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူ သို့မဟုတ် အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ၎င်းတို့၏ မိသားစုဝင်များ သို့မဟုတ် ၎င်းတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူများလည်း ပါရှိပါသည်။ ပုဒ်မ ၂၂ တွင် ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးတစ်ယောက် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တစ်ဦးအား ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူ သို့မဟုတ် အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများ ဟုတ်မဟုတ် ဆုံးဖြတ်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

- နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများနှင့်သက်ဆိုင်သည့် ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ပြုစုထားသည့် စီးပွားရေးသတင်းအချက်အလက်များကို ရည်ညွှန်းကိုးကားခြင်း။
- အသက်အာမခံပေါ်လစီ အကျိုးခံစားခွင့်ရှိသူ(များ)နှင့်/သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်သည် PEPs ဟုတ်/မဟုတ် ဆုံးဖြတ်ရန် သင့်လျော်သော နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း၊ ယင်းသို့ဆောင်ရွက်ခြင်းကို အာမခံကြေးငွေထုတ်ပေးသည့်အချိန်အား နောက်ဆုံးထား၍ ပြုလုပ်ခြင်းတို့ဖြစ်သည်။
- ဆက်သွယ်ဆောင်ရွက်သူနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရည်ညွှန်းကိုးကား ရယူခြင်း။
- ဆက်သွယ်ဆောင်ရွက်သူများထံမှ ဆီလျော်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူခြင်း။

## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) နှင့် မြန်မာကုမ္ပဏီများဥပဒေ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) သည် ကုမ္ပဏီများမှတ်ပုံတင်ဌာနအဖြစ်လည်း ဆောင်ရွက်ရပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးလက်အောက်မှ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးလက်အောက်သို့ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ရွှေ့ပြောင်းခဲ့သည်။ ၎င်း၏ အရေးကြီးသောတာဝန်များထဲမှ တစ်ခုမှာ ၁၉၁၄ ကုမ္ပဏီများအက်ဥပဒေကို အစားထိုးရန်အတွက် ကုမ္ပဏီများဥပဒေ[40] အသစ်တစ်ခုကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် အတည်ပြုခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် အသက်ဝင်ခဲ့သည်။ ထို့နောက် ကုမ္ပဏီများနည်းဥပဒေ[41] ကိုလည်း ပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေများ၏ အကောင်ထည်ဖော်ဆောင်ရွက်မှုများကို ကြီးကြပ်ရန်ဖြစ်သည်။ ထို့နောက် မြန်မာနိုင်ငံကုမ္ပဏီများဆိုင်ရာ စည်းမျဉ်းများကိုလည်း ဆက်လက်၍ ပြဋ္ဌာန်းခဲ့ပါသည်။ ကုမ္ပဏီများဥပဒေသစ်အရ ကုမ္ပဏီများအားလုံးသည် အီလက်ထရောနစ်ကုမ္ပဏီ မှတ်ပုံတင်စနစ် (MyCO) အသုံးပြုရန် လိုအပ်ပါသည်။ ကုမ္ပဏီများသည် ၎င်းတို့ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို ပိုမိုသိရှိနားလည်လာခြင်းနှင့်အတူ ကုမ္ပဏီများမှတ်ပုံတင်ခြင်းမှာ ပိုမိုလွယ်ကူလာသောကြောင့် ကုမ္ပဏီပေါင်း ၇၀,၀၀၀ နီးပါး မှတ်ပုံတင်ထားပါသည် (အောက်တွင် ကြည့်ပါ)။

ယခု ဥပဒေအသစ်တွင် သိသာသောပြောင်းလဲမှုတစ်ခုမှာ မြန်မာကုမ္ပဏီတစ်ခုတွင် ၃၅ ရာခိုင်နှုန်းအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရှယ်ယာထည့်ဝင်မှုကြောင့် မြန်မာကုမ္ပဏီများအနေဖြင့် နိုင်ငံခြား မတည်ငွေရင်းကို ရရှိနိုင်ပါသည်။ ထို့ပြင် ရန်ကုန်စတော့အိတ်စ်ချိန်း (YSX) မှလည်း နိုင်ငံခြား မတည်ငွေရင်းကို ရရှိနိုင်ပါသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အပြောင်းအလဲတစ်ခုအနေဖြင့်လည်း ဥပဒေတွင် ကုမ္ပဏီသည် နည်းလမ်းတကျ ကောင်းမွန်စွာလည်ပတ်နေစေရန်နှင့် ရှယ်ယာပိုင်ရှင်များ၏ အကျိုးစီးပွားအတွက် ရာနှုန်းပြည့် စီမံခန့်ခွဲထားကြောင်း သေချာနိုင်စေရေးအတွက် "ဒါရိုက်တာများ၏ တာဝန်ဝတ္တရားများ" (ဥပဒေအခန်း ၁၆၅ မှ ၁၇၂ အထိ) ပြည့်ဝစွာ ပါဝင်ပါသည်။ ထိုတာဝန်ဝတ္တရာများမှာ –

40 ၂၀၁၇ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အင်္ဂလိပ်နှင့် မြန်မာဘာသာ

41 မြန်မာကုမ္ပဏီများလိုက်နာရမည့် စည်းမျဉ်းများ ၂၀၁၈ နှင့် အမိန့်ကြော်ငြာစာ။

- ထိုက်သင့်သော ဂရုပြုမှုနှင့် လုံ့လဝီရိယဖြင့် ဆောင်ရွက်ရန်တာဝန်။
- ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် သဘောရိုးဖြင့် ဆောင်ရွက်ရမည့်တာဝန်။
- ရာထူးနေရာကို အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် တာဝန်။
- သတင်းအချက်အလက်များကို အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် တာဝန်။
- ကုမ္ပဏီများ ဥပဒေအသစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား လိုက်နာဆောင်ရွက်ရန်။
- ကျိုးကြောင်းစဉ်းစားမှု မပြုဘဲ ကုန်သွယ်ခြင်းမှ ရှောင်ကြဉ်ရန်တာဝန်။
- တာဝန်များနှင့် ရယူဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့်တာဝန်။
- အချို့သော ခံစားခွင့်များကို ထုတ်ဖော်ပြောဆိုရမည့်တာဝန်။

အချို့သော အခြေအနေများတွင် ဒါရိုက်တာများသည် ၎င်းတို့၏ တာဝန်များကို ပျက်ကွက်ခြင်းရှိပါက စည်းမျဉ်းစည်းကမ်းများအရ ကိုယ်တိုင်ပြစ်ဒဏ်များ ရင်ဆိုင်ရမည်ဖြစ်သည်။ ဥပဒေအား လေးစားလိုက်နာခြင်းမရှိပါက ကြီးလေးသောပြစ်ဒဏ်များကို DICA မှ (ကုမ္ပဏီပေါ်တွင်၊ ဒါရိုက်တာတစ်ဦးချင်း၊ ပါဝင်သက်ဆိုင်သော အရာရှိတစ်ဦးချင်းအား) ပြစ်ဒဏ်ဆိုင်ရာ အသိပေးအကြောင်းကြားမှုများကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်သွားမည် ဖြစ်သည် (S. 439 CL)။ DICA မှလည်း တရားဥပဒေအရ အရေးယူရန် ဆောင်ရွက်သွားမည်ဖြစ်သည် (S.440)။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် (DICA) သည် ဒါရိုက်တာများ၏ လုပ်ခလစာခံစားခွင့်များ[42] နှင့် ပတ်သက်ပြီးလည်း လမ်းညွှန်ချက်ထုတ်ပြန်ခဲ့သည်။

**ပုဂ္ဂလိကပိုင် နှင့် အများပိုင် ကုမ္ပဏီ ဆိုသည်မှာ အဘယ်နည်း။**

'အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီ' (သို့မဟုတ် ပုဂ္ဂလိကကုမ္ပဏီ) သည် ရှယ်ယာကန့်သတ်ထားသော ကုမ္ပဏီ[43] အမျိုးအစားဖြစ်ပြီး မြန်မာကုမ္ပဏီများဥပဒေ၊ အခန်း (၁)၊ အပိုဒ် (၂၅) တွင် 'ဤဥပဒေအရဖြစ်စေ၊ ရုတ်သိမ်းခဲ့ပြီးသော ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီတစ်ခုကိုဆိုလိုပြီး ယင်းသည် အောက်ပါကန့်သတ်ချက်များကို လိုက်နာရမည်' ဟူ၍ ဖော်ပြထားပါသည်။ ထိုကန့်သတ်ချက်များမှာ –

- ကုမ္ပဏီ၏ ဝန်ထမ်းအဖြစ်ခန့်ထားသူများ ပါဝင်ခြင်းမရှိသော ပါဝင်သူဦးရေ ၅၀ ဦးထက် မပိုစေရ။
- ကုမ္ပဏီ၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူမှ ဝယ်ယူနိုင်ရန်အတွက် ကမ်းလှမ်းခြင်း တစ်စုံတစ်ရာ မပြုလုပ်ရ။
- အစုရှယ်ယာများအား လွှဲပြောင်းခြင်းကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ကန့်သတ်နိုင်သည်။

မြန်မာကုမ္ပဏီများဥပဒေ၊ အခန်း (၁)၊ အပိုဒ် (၂၈) အရ 'အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ' မှာ ဤဥပဒေအရဖြစ်စေ သို့မဟုတ် ရုတ်သိမ်းခဲ့ပြီးသော ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်းထားသော အများနှင့်မသက်ဆိုင်သော ကုမ္ပဏီမဟုတ်သည့် ကုမ္ပဏီဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီတစ်ခုသည် အများပြည်သူအား ရှယ်ယာထုတ်ရောင်းနိုင်သည်။ ၎င်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီတွင် အဖွဲ့ဝင်/ရှယ်ယာပိုင်ရှင် အနည်းဆုံး (၇) ဦး (အများဆုံး အရေအတွက်ကန့်သတ်ချက် မရှိ၊ အနည်းဆုံး ဒါရိုက်တာ (၃) ဦး ရှိရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်နေထိုင်သော မြန်မာနိုင်ငံသားဒါရိုက်တာ အနည်းဆုံး တစ်ဦး

42 Guidance on the Approval Requirements for Payment of Remuneration and Other Benefits to Directors and Related Parties, DICA ညွှန်ကြားချက်အမှတ် ၂/၂၀၂၀၊ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ၊ ၃ ရက်။

43 မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေတွင် ကုမ္ပဏီတစ်ခုသည် အကျိုးအမြတ်မယူသော ကုမ္ပဏီဖြစ်လျှင် အာမခံဖြင့် မှတ်ပုံတင်နိုင်မည့် ပြဋ္ဌာန်းချက်များလည်း ပါရှိသည်။

ပါဝင်ရမည် ဖြစ်သည်။ (မြန်မာကုမ္ပဏီများ ဥပဒေပုဒ်မခွဲ ၄ (က)(ဖ) အရ)။ စီးပွားရေး လုပ်ငန်းစတင်ရန် အတည်ပြုချက်လက်မှတ်တစ်ခုကို လုပ်ငန်းစတင်မလည်ပတ်မီ လျှောက်ထားရမည် ဖြစ်သည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် နိုင်ငံခြားသားပိုင်ကုမ္ပဏီများ မဟုတ်ကြပေ။ သို့သော် ၂၀၁၇ ကုမ္ပဏီများဥပဒေအရ နိုင်ငံခြားသားပိုင် ရှယ်ယာပမာဏသည် ၃၅ ရာခိုင်နှုန်း အထိ ရှိနိုင်သည်ဟူသော ပြဋ္ဌာန်းချက်သည် လက်ရှိအနေအထားနှင့်ယှဉ်လျှင် အပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်စေသည်။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (၆) ခု သည် ရန်ကုန်စတော့အိတ်ချိန်းတွင် မှတ်ပုံတင်ထားသည်။

လွန်ခဲ့သော ဆယ်စုနှစ်က မြန်မာနိုင်ငံတွင် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခြင်းသည် ရေပန်းစားခဲ့ပြီး ရာနှင့်ချီသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ အများအပြား ပေါ်ပေါက်ခဲ့သည်။ ထိုသို့ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခြင်းသည် ဦးသိန်းစိန်အစိုးရမှ တင်ဒါခေါ်ယူသည့်အခါတွင် ပိုမို ဦးစားပေးခံရမည်ဟူသော ယူဆချက်ကြောင့်လည်း ဖြစ်သည်။ သို့သော်လည်း အဆိုပါကုမ္ပဏီအများအပြားသည် လုပ်ငန်းလည်ပတ်မှု ပုံမှန်မရှိသည့်အပြင် စီမံအုပ်ချုပ်မှုနှင့် သတင်းအချက်အလက်ထုတ်ပြန်မှုဆိုင်ရာ လိုက်နာမှုလည်း အားနည်းကြသည်။ ၂၀၁၉ ပွင့်သစ်စတွင် ၎င်းအများပိုင် ကုမ္ပဏီများသည် ပျမ်းမျှရမှတ် ၄ ရာခိုင်နှုန်းရရှိပြီး အခြားကုမ္ပဏီများက ပျှမ်းမျှ ၅ ရာခိုင်နှုန်း ရရှိကြသည်။ ၂၀၂၀ တွင်မူ ၎င်းအများပိုင်ကုမ္ပဏီများသည် ပျမ်းမျှရမှတ် ၅ ရာခိုင်နှုန်း ရရှိပြီး အခြားကုမ္ပဏီများက ပျှမ်းမျှ ၇ ရာခိုင်နှုန်း ရရှိသည်။ MyCo ၏ ကုမ္ပဏီမှတ်ပုံတင်ခြင်းပြန်လည်လုပ်ကိုင်သည့် လုပ်ငန်းစဉ်တွင် ကုမ္ပဏီကို ပြန်လည်မှတ်ပုံတင်ခြင်းနှင့် အမွေဆက်ခံထားသည့်ကုမ္ပဏီများကို စာရင်းထဲမှ ပြန်လည်ဖယ်ထုတ်ခြင်းတို့ဖြင့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီအရေအတွက်ကို လျှော့ချနိုင်ရန် ရည်ရွယ်ထားပါသည်။

၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သော DICA အမိန့်ကြော်ငြာစာ ၅၉/ ၂၀၁၈[44] အရ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) နှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) တို့က ချမှတ်ထားသော အများပြည်သူထံ ရှယ်ယာများ ရောင်းချခြင်းနှင့် အလားအလာညွှန်းတမ်း (prospectus)များကို ထုတ်ပြန်ခြင်း စသည့် တာဝန်ဝတ္တရားများကို လိုက်နာရန် လိုအပ်သလို ရှယ်ယာအများဆုံး ကိုင်ဆောင်ထားသော အသင်းဝင် အယောက် (၅၀) ရှိသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာပြောင်းလဲမှုများကို မှတ်ပုံတင်အရာရှိနှင့် အွန်လိုင်းတွင်လုပ်ဆောင်ရမည့် စည်းကမ်းချက်တစ်ရပ်လည်း ပါဝင်ပါသည်။ ဥပဒေအရတင်ပြရမည့် စာရွက်စာတမ်းများအား အောက်ပါအတိုင်း ကြည့်ရှုနိုင်ပါသည်။

## မြန်မာကုမ္ပဏီများဥပဒေမှ ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ လိုအပ်ချက်များ

မြန်မာကုမ္ပဏီများဥပဒေနှင့် သက်ဆိုင်သည့် သိသာထင်ရှားသော အပြောင်းအလဲတစ်ရပ်မှာ အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်ခြင်း၊ ကုမ္ပဏီစာရွက်စာတမ်းများအား အွန်လိုင်းမှတစ်ဆင့် ဖြည့်စွက်တင်ပြခြင်းနှင့် အများပြည်သူ ဝင်ရောက်ကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးထားခြင်းတို့ကို စတင်လုပ်ဆောင်ခြင်းပင် ဖြစ်သည်။ MyCo (www.myco.dica.gov.mm) သည် ကုမ္ပဏီအမည်၊ ကုမ္ပဏီအမျိုးအစား၊ မှတ်ပုံတင်ထားသောနံပါတ်၊ လိပ်စာနှင့် ကုမ္ပဏီအရာရှိများ၏စာရင်းတို့ကို လွတ်လပ်ပွင့်လင်းစွာ ရှာဖွေနိုင်သော DICA ၏ အွန်လိုင်းအချက်အလက်ရှာဖွေရေး စနစ်တစ်ခုဖြစ်ပါသည်။ (DICA) မှတ်ပုံတင်အရာရှိအား တင်ပြထားသော အခြားအချက်အလက်များနှင့် မှတ်တမ်းများအား သိရှိလိုလျှင် DICA အား ကျသင့်ငွေ (၁၀၀၀၀) ကျပ် ပေးသွင်း၍ မည်သူမဆို စစ်ဆေးကြည့်ရှုနိုင်သည် (မြန်မာကုမ္ပဏီများ ဥပဒေ၊ အပိုဒ် ၄၂၁–င)။ ရှယ်ယာရှင်များ မည်သူပါဝင်သည်ကို ကြည့်ရှုနိုင်သည့် ကုမ္ပဏီအကျဉ်းချုပ်ကို

44 အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများအတွက် သတ်မှတ်ချက်များ၊ DICA ညွှန်ကြားချက်အမှတ် ၅၉/၂၀၁၈၊ ၉ ရက်၊ ဇူလိုင် ၂၀၁၈ ခုနှစ်။

ကြည့်ရှုရန် ကန့်သတ်ထားသော်လည်း ၂၀၂၀ အောက်တိုဘာမှစ၍ ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ် မိတ္တူမှန် (၂၀၀၀၀ ကျပ်ပေးသွင်းရသည်။ သတင်းအချက်အလက် များများပိုမပါပါ။)၊ အီလက်ထရောနစ်စနစ်ဖြင့် ကုမ္ပဏီ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း မှန်ကန်ကြောင်းထောက်ခံခြင်း၊ ကုမ္ပဏီ၏ သမိုင်းကြောင်းဆိုင်ရာ အသေးစိတ် အချက်အလက်များ (၂၀၀၀၀ ကျပ်ပေးသွင်းရသည်)နှင့် ကုမ္ပဏီဖွဲ့စည်းပုံ (တစ်မျက်နှာ ၁၀၀၀ ကျပ်ပေးသွင်းရသည်) စသည်တို့ကို အခကြေးငွေပေးသွင်း ကြည့်ရှုနိုင်သည်။

မြန်မာကုမ္ပဏီများဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရ(အသေးစားကုမ္ပဏီများ–အောက်ခြေမှတ်စု ၁၇ တွင်ကြည့်ပါ– မှလွဲ၍) ကုမ္ပဏီများသည် မှတ်ပုံတင်အရာရှိအား သက်ဆိုင်ရာ သတင်းအချက်အလက်များကို နှစ်စဉ်တင်ပြရန် လိုအပ်သည်။ မြန်မာကုမ္ပဏီများဥပဒေအရ ကုမ္ပဏီမှ တင်ပြပေးပို့ထားသည့် သတင်းအချက်အလက်တိုင်းကို ၎င်းတို့၏ သက်ဆိုင်ရာ ဝက်(ဘ်)ဆိုဒ်များတွင် တင်ပြရန် ဥပဒေသတ်မှတ်ချက် မရှိသော်လည်း ထိုအချက်အလက်များမှာ အခြေခံမူအားဖြင့် လူသိရှင်ကြား ဖြစ်သင့်ပါသည်။ ထို့ကြောင့် အချက်အလက် တင်ပြသည့် မည်သည့်ကုမ္ပဏီမဆို ၎င်းတို့၏ ဝက်(ဘ်)ဆိုဒ်များတွင် သက်ဆိုင်ရာ အချက်အလက်များကို ဆန္ဒအလျောက် ထုတ်ဖော်ကြေညာရန် စဉ်းစားသင့်ပါသည်။ အထူးသဖြင့် ရှယ်ယာရှင် ၁၀၀ နှင့်အထက်ရှိ အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ အချို့သော အချက်အလက်များမှာ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေအရ မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ လိုအပ်ချက်များတွင် အကြုံးဝင်ပါဝင်နေသည်ဖြစ်သောကြောင့်လည်း ထိုသို့ စဉ်းစားသင့်ပါသည်။(အောက်တွင် ကြည့်ပါ။)

## နှစ်စဉ်အစီရင်ခံစာ

ကုမ္ပဏီအားလုံးသည် (မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၂၅၇) ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့်နေ့မှ နှစ်လအတွင်းနှင့် ၎င်းနောက်ပိုင်းကာလအတွက် နှစ်စဉ် အနည်းဆုံး တစ်ကြိမ် (သို့ရာတွင် ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့် နှစ်ပတ်လည်ကာလ ကုန်ဆုံးပြီးနောက် တစ်လထက်နောက်မကျစေဘဲ) ကုမ္ပဏီ၏ နှစ်စဉ်အစီရင်ခံစာအား (မြန်မာကုမ္ပဏီများ ဥပဒေ၊ အပိုဒ် ၉၇ ) သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့်[45] တင်ပြရမည်။

နှစ်စဉ်အစီရင်ခံစာတင်ပြရာတွင် ကုမ္ပဏီများသည် အောက်ပါ အချက်အလက်များဖြစ်စေ၊ အောက်ပါအချက်အလက်များနှင့် ပတ်သက်၍ ရှိပြီးသတင်းအချက်အလက်များကို အတည်ပြု၍ဖြစ်စေ တင်ပြပေးရန် လိုအပ်သည်။

- ကုမ္ပဏီ၏အမည်၊ ဒါရိုက်တာ(များ)၊ ကုမ္ပဏီ၏ အတွင်းရေးမှူး (ရှိခဲ့လျှင်) နှင့် ရုံးခန်းလိပ်စာ။
- အစုရှယ်ယာမတည်ငွေရင်းဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် ကုမ္ပဏီတွင် အစုရှယ်ယာ အရေအတွက် အများဆုံးပိုင်ဆိုင်ထားသည့် ပါဝင်သူ ဦးရေ ၅၀ (အထိ) ၏ စာရင်းနှင့် ၎င်းတို့၏အမည်များ၊ နေရပ်လိပ်စာများ၊ မည်သည့် နိုင်ငံသားဖြစ်ကြောင်းနှင့် ပါဝင်သောအစုရှယ်ယာအရေအတွက်။
- ကုမ္ပဏီ၏ နောက်ဆုံးပြုလုပ်ခဲ့သော နှစ်ပတ်လည် အထွေထွေ အစည်းအဝေး (ကျင်းပဆောင်ရွက်ခဲ့လျှင်) ကျင်းပသည့်နေ့ရက်။
- ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်ရှိခြင်းများကို မှတ်ပုံတင်ထားပြီးကြောင်း အတည်ပြုချက်။
- နိုင်ငံခြားကုမ္ပဏီ (သို့မဟုတ်) အသေးစားကုမ္ပဏီ၏ ရပ်တည်မှု၊
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် (သို့မဟုတ်) ထပ်ဆင့်ထောက်ခံ အတည်ပြုချက်။

45 မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ အခန်း ၉၇ အရ Annual Return Form

- ကုမ္ပဏီ၏ အဓိက လုပ်ဆောင်မှုများ၊
- (အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီများအတွက်သာ) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများအတွက် ငွေကြေးထည့်ဝင်စေရန် အများပြည်သူအား တစ်စုံတစ်ရာ ကမ်းလှမ်းထားခြင်း မရှိကြောင်း သက်သေခံလက်မှတ်။

နှစ်စဉ်အစီရင်ခံစာ တင်ပြရန် ပျက်ကွက်လျှင် သို့မဟုတ် မှတ်ပုံတင်အရာရှိထံ တင်ပြသော စာရွက်စာတမ်းများတွင် လိမ်လည်ထားခြင်းများ ပြုလုပ်ထားလျှင် မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၄၃၀(ဃ) အရ ကုမ္ပဏီ၏ မှတ်ပုံတင်ထားရှိမှုကို ဆိုင်းငံ့မည်ဖြစ်ပြီး ငွေဒဏ် ၁၀၀,၀၀၀ ကျပ် အပြင် ကုမ္ပဏီဆိုင်းငံ့ခံရခြင်းကြောင့် ပြန်လည်မှတ်ပုံတင်လိုပါက ဒဏ်ငွေ ၁၀၀,၀၀၀ ကျပ်အား ထပ်မံ ပေးဆောင်ရမည် ဖြစ်သည်။[46]

## ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာ

၂၀၁၇ ခုနှစ်၊ မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၁၄၈ (က) နှင့် (ခ) အရ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီများ၊ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများအားလုံးမှ ဒါရိုက်တာများသည် အစည်းအဝေးကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံး ၂၁ ရက် ကြိုတင်၍ "ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာတစ်စောင်"ကို ကုမ္ပဏီတွင်ပါဝင်သူအားလုံးထံသို့ ဖြန့်ဝေရမည်။ ယင်းအစီရင်ခံစာတွင် ပါဝင်ရမည့်အချက်များမှာ ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာ အရေအတွက်စုစုပေါင်း၊ ယင်းတို့တွင် အပြည့်အဝကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ငွေသားဖြင့် ပေးချေထားသော ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာများအား ပိုင်းခြားဖော်ပြချက်၊ ကုမ္ပဏီက လက်ခံရရှိပြီးဖြစ်သည့် ငွေသားပမာဏစုစုပေါင်း၊ လက်ကျန်ရှင်းတမ်း၊ ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ဖော်ပြပါရှိခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာများ၊ စာရင်းစစ်များနှင့် အတွင်းရေးမှူးရှိခဲ့လျှင် ၎င်းတို့၏ အမည်များ၊ နေရပ်လိပ်စာများ၊ နိုင်ငံသားနှင့် အခြားသက်ဆိုင်သည့် ရှင်းလင်းဖော်ပြချက်များ၊ ယင်းတို့အား ပြောင်းလဲပြင်ဆင်ထားသည့် ဖော်ပြချက်များရှိခဲ့လျှင် ယင်းပြင်ဆင်ဖော်ပြချက်များ စသည်တို့ ဖြစ်သည်။ ၎င်းအစီရင်ခံစာအား ကုမ္ပဏီ၏ ဒါရိုက်တာများအနက်မှ နှစ်ဦးထက်မနည်းသော ဒါရိုက်တာများမှဖြစ်စေ၊ ဒါရိုက်တာတစ်ဦးတည်းရှိသော ကုမ္ပဏီတွင် တစ်ဦးတည်းရှိသော ဒါရိုက်တာမှဖြစ်စေ၊ ဒါရိုက်တာများကိုယ်စား ဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသော ဒါရိုက်တာများ၏ ဥက္ကဋ္ဌကဖြစ်စေ မှန်ကန်ကြောင်းလက်မှတ်ရေးထိုးထားရမည် (မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၁၄၈-ဂ)။ ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာကို လျှောက်လွှာပုံစံ G-1[47] အား အသုံးပြုဖြည့်စွက်၍ မှတ်ပုံတင်အရာရှိထံသို့ တင်ပြပေးရမည် (မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၁၄၈-င)။

## ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများနှင့် ဒါရိုက်တာ၏ အစီရင်ခံစာ

ထို့အပြင် ကုမ္ပဏီများ (အသေးစားကုမ္ပဏီများမှအပ – မြန်မာကုမ္ပဏီများဥပဒေ အပိုဒ် ၂၅၇-ဂ) အရ ကုမ္ပဏီများသည် စာရင်းစစ်ထားသော ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများနှင့် ဒါရိုက်တာ၏ အစီရင်ခံစာတစ်စောင်အား နှစ်စဉ်အထွေထွေအစည်းအဝေးတွင် လက်ခံသဘောတူထားသည့်အတိုင်း လျှောက်လွှာပုံစံ G-5[48] အား အသုံးပြုဖြည့်စွက်၍ (မြန်မာကုမ္ပဏီများဥပဒေ အပိုဒ် ၂၆၆-က) တင်ပြရန် လိုအပ်သည်။ အများပိုင်မဟုတ်သည့် ကုမ္ပဏီများအနေဖြင့် ထိုစာရွက်စာတမ်းများကို ပြင်ဆင်ရန် လိုအပ်မည်ဖြစ်သော်လည်း မှတ်ပုံတင်အရာရှိအား တင်ပြရန် မလိုအပ်ပါ (မြန်မာကုမ္ပဏီများ ဥပဒေအပိုဒ် ၂၆၆-ဂ)။ ဒါရိုက်တာများ၏ အစီရင်ခံစာဆိုသည်မှာ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏ အစိတ်အပိုင်းဖြစ်သော 'ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များ' ကိုရှင်းလင်းတင်ပြထားသော အစီရင်ခံစာဖြစ်ပါသည် (မြန်မာကုမ္ပဏီများဥပဒေ

46 Schedule Two of DICA Notification 57/2018 on Prescribed Fees and Late Lodgement Fees under the Myanmar Companies Law, 9 July 2018

47 Statutory report of public company, Form G-1, DICA

48 Financial Statements of a Public Company, Form G-5

အပိုဒ် ၂၆၁-က)။ ပါဝင်သည့်အချက်များမှာ -

(၁) ကုမ္ပဏီ၏ မူလစီးပွားရေးလုပ်ငန်းဆိုင်ရာ ဖော်ပြချက်အပါအဝင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ လျော်ကန်မှုတာသည့် သုံးသပ်တင်ပြချက်၊

(၂) အဆိုပါနှစ်ကာလအတွင်း ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သုံးသပ်ဖော်ပြချက်၊

(၃) ကုမ္ပဏီတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မသေချာသော ကိစ္စရပ်များဆိုင်ရာ ဖော်ပြချက်နှင့်

(၄) အခြားသတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များတို့ ဖြစ်ပါသည်။

## သီးခြားလွတ်လပ်သော ဒါရိုက်တာ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် မြန်မာကုမ္ပဏီများဥပဒေပုဒ်မ ၁၇၅ ပုဒ်မခွဲ (ဇ)နှင့် ပုဒ်မ ၄၆၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၂) တို့မှ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ သီးခြားလွတ်လပ်သော ဒါရိုက်တာအရည်အချင်းနှင့်စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာ (အမှတ် ၉၀/၂၀၂၀)[49] ကို ထုတ်ပြန်ကြေညာထားပါသည်။ သီးခြားလွတ်လပ်သော ဒါရိုက်တာဆိုသည်မှာ-

(က) အဆိုပါကုမ္ပဏီ သို့မဟုတ် ယင်းနှင့်ဆက်စပ်သည့် အဖွဲ့အစည်းတွင် လက်ရှိ သို့မဟုတ် လွန်ခဲ့သောဘဏ္ဍာရေးနှစ် သုံးနှစ်အတွင်း အလုပ်ခန့်ထားသူ မဖြစ်စေရ။

(ခ) ၎င်း၏မိသားစုဝင်ကို အဆိုပါကုမ္ပဏီ သို့မဟုတ် ယင်းနှင့်ဆက်စပ်သည့် အဖွဲ့အစည်းတွင် လက်ရှိ သို့မဟုတ် လွန်ခဲ့သောဘဏ္ဍာရေးနှစ် သုံးနှစ်အတွင်း အလုပ်ခန့်အပ်ထားခြင်း မရှိစေရ။

(ဂ) တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ဖြစ်စေ မတည်ငွေရင်း သို့မဟုတ် မဲပေးပိုင်ခွင့်၏ ငါးပုံတစ်ပုံနှင့်အထက် ပိုင်ဆိုင်မှုရှိသူ မဖြစ်စေရ။

(ဃ) အဆိုပါကုမ္ပဏီနှင့် ပစ္စည်း၊ ငွေကြေးဆက်ဆံမှုရှိသည့် အခြားကုမ္ပဏီများတွင် အမှုဆောင်အရာရှိအဖြစ် ဆောင်ရွက်နေသူ မဖြစ်စေရ။

“ကုမ္ပဏီနှင့်ဆက်စပ်သည့် အဖွဲ့အစည်း” ဆိုသည်မှာ မြန်မာကုမ္ပဏီများဥပဒေပုဒ်မ ၁ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ် (၃၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းဖြစ်သည်ဟု မှတ်ယူရမည်။ (က) ကော်ပိုရေးရှင်း၏ ပင်မကုမ္ပဏီ (ခ) ကော်ပိုရေးရှင်း၏ လက်အောက်ခံကုမ္ပဏီ (ဂ) ကော်ပိုရေးရှင်း၏ ပင်မကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီဟု ဖွင့်ဆိုထားသည်။

ရန်ကုန်စတော့အိတ်ချိန်း (YSX) တွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီများနှင့် အစုရှယ်ယာဝင်ထားသူ (၁၀၀) ထက်မနည်းရှိသည့် ကုမ္ပဏီများတွင် လွတ်လပ်သည့် ဘုတ်အဖွဲ့ဝင်များ ဖွဲ့စည်းရမည်ဟူသော လိုအပ်ချက်အသစ်ကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကော်မရှင် (SECM)မှ မိတ်ဆက်သွားမည်ဖြစ်သည်။ ယင်းအား DICA မှ အကောင်ထည်ဖော် ဆောင်ရွက်ရန်မျှော်မှန်းထားသော်လည်း အတည်ပြုပြဌာန်းထားခြင်း မရှိပါ။ သို့ရာတွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကော်မရှင် (SECM)၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အမိန့်မူကြမ်း (အောက်တွင်ကြည့်ပါ) သာ အတည်ပြုခဲ့ပါက အများနှင့်သက်ဆိုင်သော ကုမ္ပဏီများနှင့် ရန်ကုန် စတော့အိတ်ချိန်း စာရင်းဝင် ကုမ္ပဏီများတွင် လွတ်လပ်သော အမှုဆောင်ဒါရိုက်တာတစ်ဦး ခန့်ထားရန် လိုအပ်ပြီး၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီများနှင့် အစုရှယ်ယာဝင်ထားသူ (၁၀၀) ထက်မနည်းရှိသည့် ကုမ္ပဏီများသည်၎င်းတို့တွင် ခန့်အပ်သော လွတ်လပ်သော အမှုဆောင်ဒါရိုက်တာဦးရေကို ကြေညာချက်ထုတ်ဖော်ရမည်ဖြစ်သည်။

49 သီးခြားလွတ်လပ်သော ဒါရိုက်တာများ၏ အရည်အချင်းများ၊ ညွှန်ကြားချက်အမှတ် ၉၀/၂၀၂၀၊ DICA ၊ အောက်တိုဘာ ၁၄ ရက်၊ ၂၀၂၀။

DICA ၏အမိန့်ကြော်ငြာချက်တွင် လွတ်လပ်စွာဆိုသော အဓိပ္ပာယ်ဖွင့်ဆိုချက်သည် နားလည်ရန် ရှုပ်ထွေးပါသည်။ အခြားနိုင်ငံများတွင် အသုံးပြုနေသည့် ယင်းထက်ပိုကောင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များလည်း ရှိပါသည်။[50] ဇဟိုဘဏ်မှထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက် အမှတ် ၉ /၂၀၁၉ နှင့်လည်း ကိုက်ညီမှုမရှိပါ။ လွတ်လပ်သောဒါရိုက်တာများ၏ မဲပေးခွင့် ၅ ရာခိုင်နှုန်းသာဖြစ်ပြီး ၂၀ ရာခိုင်နှုန်း မဟုတ်ပါ။ ထို့အတူ ဆက်နွှယ်သူများဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ပိုမိုရှင်းလင်းပါသည် (ညွှန်ကြားချက် ၁၁ / ၂၀၁၉ )။ (မဲပေးနိုင်မှု)အများဆုံး အရေအတွက်အဖြစ် ကန့်သတ်ထားသည့် ၂၀ ရာခိုင်နှုန်းမှာ မြင့်မားလွန်းပြီး ၂၀၁၉ ခုနှစ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း OECD ၏ ကော်ပိုရိတ်အုပ်ချုပ်မှု အချက်အလက်အရ နိုင်ငံအတော်တော်များတွင် ၅ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်းသာ သတ်မှတ်ထားကြောင်း တွေ့ရှိခဲ့သည်။[51]

ထို့ကြောင့် မြန်မာနိုင်ငံတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကုဒ်များနှင့် စည်းမျဉ်းစည်းကမ်းများသည် ကန့်သက်ချက်များရှိပြီး ရှုပ်ထွေးမှုကိုဖြစ်စေသောကြောင့် ယင်းတို့ကို ညှိနှိုင်းပြင်ဆင်ရန် လိုအပ်ပါသည် (အခန်း ၃တွင် ကြည့်ပါ)။

## ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်

ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) ကို ၂၀၁၃ ခုနှစ် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ[52] အရ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပြီး အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ (O.T.C) ဈေးကွက်၊ စတော့အိတ်ချိန်းနှင့် ၎င်း၏ တာဝန်ရှိပုဂ္ဂိုလ်များ၊ လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများ၊ စာရင်းစစ်များနှင့် ကိုယ်စားလှယ်များအားလုံးကို ကြီးကြပ်ကွပ်ကဲရန် ရည်ရွယ်သည်။ ကြီးကြပ်ကွပ်ကဲရေးအပိုင်းတွင် ငွေချေးသက်သေခံလက်မှတ်များ လဲ့လှယ်ရောင်းဝယ်ရေးဥပဒေ၏အခန်း ၆ တွင် ဖော်ပြထားသည့်အတိုင်း ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ ကော်မရှင်သို့တင်ပြပြီး အတည်ပြုချက် ရယူရမည်။ ခွင့်ပြုချက်ရရှိရန် ရက်ပေါင်း ၆၀ ကြာမြင့်မည်ဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ်များကို ရောင်းချသည့်အခါ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့်အတူ အလားအလာညွှန်တမ်းကိုပါ ထုတ်ပြန်ကြေညာရမည်။ ပထမဦးဆုံးနှစ်ပတ်လည် အစီရင်ခံစာအား ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး၊ ယင်းတွင် စတင်ခဲ့သည့်နှစ်မှ ၂၀၁၈ ခုနှစ်အထိ[53] လုပ်ငန်းဆောင်ရွက်ချက်အပါအဝင် စောင့်ကြည့်လေ့လာမှုလှုပ်ရှားမှုများနှင့် လူ့စွမ်းအားရင်းမြစ်များကိုလည်း ဖော်ပြခဲ့ပါသည်။ ၎င်းကို Yeverက အခကြေးငွေမယူဘဲ ထောက်ပံ့ကူညီမှုပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အစီရင်ခံစာကိုလည်းမကြာခင်ထုတ်ပြန်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) ၏ လုပ်ငန်း တာဝန်များမှာ ပိုမိုများပြားလာပါသည်။ ၎င်းကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ပံ့ပိုးပေးထားသော်လည်း ဖြည့်ဆည်းပေးရန် ရင်းမြစ်များ နည်းပါးနေပါသည်။ ယခုတွင် ကုမ္ပဏီပေါင်း ၅၁ ခုအား စီမံခန့်ခွဲနေပါသည်။ ၎င်းတို့မှာ ရန်ကုန်စတော့အိတ်စ်ချိန်း စာရင်းဝင်ကုမ္ပဏီ ၆ ခု[54] ၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ခွင့်ပြုချက်ဖြင့် အများပြည်သူကို ရှယ်ယာများရောင်းချနေသည့် ကုမ္ပဏီ ၃ ခု[55] နှင့်

50 ဥပမာအားဖြင့် independent Director, Indicative Definition, IFC Corporate Governance Methodology ကြည့်ပါ။

51 https://www.oecd.org/corporate/corporate-governance-factbook.htm

52 Securities Exchange Law 20/13 of 31 July 2013

53 ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ နှစ်ပတ်လည်အစီရင်ခံစာ၊ အင်္ဂလိပ်-မြန်မာ။

54 ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ (၆)ခုရှိရာ ၎င်းတို့မှာ-First Myanmar Investment Public Co Ltd. (FMI), Myanmar Thilawa SEZ Holdings Public Co Ltd (MTSH), Myanmar Citizens Bank Ltd (MCB), First Private Bank Ltd. FPB), TMH Telecom Public Co Ltd (TMH) နှင့် Ever Flow River Group Public Co Ltd.

55 လက်ရှိတွင် ကုမ္ပဏီ ၃ ခုဖြစ်သော Yangon Bus Public Company, Myanmar Agro Exchange Public နှင့် Amata Holding Public Co တို့ကို ငွေကြေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က ပြည်တွင်း OTC ဈေးကွက်တွင် ရှယ်ယာများ ရောင်းချခွင့်ပြုထားသည်။

တပ်မတော်ပိုင် ကုမ္ပဏီနှင့် MEHL[56] တို့အပါအဝင် အစုရှယ်ယာဝင် ၁၀၀ ကျော်ရှိသည့် ကုမ္ပဏီ ၄၂ ခု တို့ဖြစ်သည်။ ၎င်းတို့သည် စတော့အိတ်စ်ချိန်းကိုလည်း ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းတို့ ပြုလုပ်ပါသည်။ ယခုတွင် ရန်ကုန်စတော့အိတ်စ်ချိန်းဖြစ်ပြီး နောင်တွင် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို 'Pre-Listing Board' (အောက်တွင်ကြည့်ပါ) နှင့် တရားဝင်ငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီ ၆ ခုနှင့်အတူ ၎င်း၏ လုပ်ငန်းများကို တိုးချဲ့ သွားပါမည်။[57]

၂၀၁၉ -၂၀၂၀ တွင် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM)သည် ရန်ကုန်စတော့အိတ်စ်ချိန်း (YSX)[58] တွင် နိုင်ငံခြားသားများပါ စတင်ပါဝင်လာမှုနှင့် ယင်းတို့၏ အစုရှယ်ယာများ ရောင်းဝယ်မှုများကို ကြီးကြပ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် မြန်မာကုမ္ပဏီများ ဥပဒေကိုအတည်ပြုပြီးနောက် "မြန်မာ" ဟု သတ်မှတ်သော ကုမ္ပဏီတစ်ခု တွင် နိုင်ငံခြားသားများ ပိုင်ဆိုင်မှုအစုရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ခွင့်ပြုထားသည်။ မတည် ငွေအရင်းအနှီး မြှင့်တင်ချင်သည့် အများပိုင်နှင့် စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများ အတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် သတင်းအချက်များ ထုတ်ဖော်ကြေညာခြင်းများ ပိုမို အားကောင်းလာစေရန်အတွက် တွန်းအားတစ်ခုပင် ဖြစ်ပေလိမ့်မည်။

## စဉ်ဆက်မပြတ်ထုတ်ဖော်ပြသခြင်း

'စဉ်ဆက်မပြတ်ထုတ်ဖော်ပြသခြင်း'ဆိုင်ရာလိုအပ်ချက်များကိုငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေများနှင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး အမိန့်ကြော်ငြာစာ ၁/၂၀၁၆[59] တွင် သတ်မှတ်ထားသည်။ ထိုလိုအပ်ချက်များသည် အောက်ပါတို့တွင် အကျုံးဝင်သည်။

- ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီများ ။
- (O.T.C) ဈေးကွက်တွင် ၎င်း၏ ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်သည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ။
- ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချရန် ကော်မရှင်မှ အတည်ပြုထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ။
- အစုရှယ်ယာဝင်ထားသူ (၁၀၀) ထက်မနည်းရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ။

အထက်ပါစာရင်းတွင် ပါဝင်သော ကုမ္ပဏီများသည် အောက်ပါတို့ကို တင်ပြရန် လိုအပ်သည်။

- နှစ်ပတ်လည်အစီရင်ခံစာများ (နည်းဥပဒေ ၁၁၈ အရ) ကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် ၃ လထက် နောက်ကျစေခြင်းမရှိဘဲ တင်ပြရမည်။
- နှစ်ဝက်အစီရင်ခံစာများ (နည်းဥပဒေ ၁၂၁) ကို ဘဏ္ဍာရေးနှစ်၏ ပထမ ၆ လ ကုန်ဆုံးပြီးနောက်၃လထက်နောက်ကျစေခြင်းမရှိဘဲကော်မရှင်သို့တင်ပြရမည်။
- အထူးအစီရင်ခံစာများ။

နှစ်ပတ်လည်အစီရင်ခံစာများတွင် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် အတည်ပြုပြဌာန်းခဲ့သည့် ယင်း၏ ယခင်ဘဏ္ဍာရေးနှစ် လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်း၊ ဤစာရင်းများပါဝင်သည့် စာရင်းစစ်အစီရင်ခံစာနှင့် ကုမ္ပဏီ၏ အရေးကြီးသော အချက်အလက်များကိုလည်း ပါဝင်ရမည်ဖြစ်သည်။ အရေးကြီးသော အချက်အလက်များ (နည်းဥပဒေ ၁၀၉ အရ) ဆိုသည်မှာ -

56 https://secm.gov.mm/en/public-companies/

57 https://ysx-mm.com/trading/tradingparticipant/

58 https://secm.gov.mm/en/foreign-investors/

59 ငွေကြေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့၌ ထုတ်ပြန်သည့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၁၈၀၆။ လက်ရှိတွင် မြန်မာဘာသာဖြင့်သာ ရရှိနိုင်သည်။ စဉ်ဆက်မပြတ်လုပ်ဆောင်ရမည့် ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ တာဝန်ဝတ္တရားများနှင့်ပတ်သက်သည့် ကြေညာချက်၊ SECM အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်။

- ကုမ္ပဏီ၏သမိုင်းကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်း၏ပင်မနှင့် လက်အောက်ခံ ကုမ္ပဏီများ၊ ယင်းနှင့် ဆက်စပ်သည့်ကုမ္ပဏီများ၊ ယင်း၏ဝန်ထမ်းများ စသည်တို့နှင့်ပတ်သက်သည့်သတင်းအချက်အလက်များအပါအဝင်ကုမ္ပဏီ၏အကြောင်းအရာ အကျဉ်းချုပ်။
- ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အဓိကဈေးကွက်များ၊ ကုမ္ပဏီမှ ရင်ဆိုင်နေရသည့် အဓိကအန္တရာယ်နှင့် မရေရာမှုများ၊ အရေးကြီးသော စာချုပ်များ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုများ စသည်တို့ပါဝင်သည့် လုပ်ငန်းသုံးသပ်ချက်။
- ကုမ္ပဏီ၏ပစ္စည်းကိရိယာများတွင် ရင်းနှီးမြှုပ်နှံမှု၊ ပင်မစက်ရုံနှင့် ပစ္စည်းကိရိယာများစသည့် သတင်းအချက်အလက်များပါဝင်သည့် ကုမ္ပဏီ၏ စက်ရုံနှင့် ပစ္စည်းကိရိယာများ ဖော်ပြချက်နှင့်
- အဓိကအစုရှယ်ယာပိုင်ရှင်များ၊ အမြတ်ဝေစုမူဝါဒ၊ အဖွဲ့အစည်းဖွဲ့စည်းမှုပုံသဏ္ဌာန်၊ စီမံခန့်ခွဲမှုစနစ် စသည့်သတင်းအချက်အလက်များ ပါဝင်သည့် ကုမ္ပဏီ၏ အကြောင်းအရာ ဖော်ပြချက်တို့ဖြစ်သည်။
- နှစ်ပတ်လည်အစီရင်ခံစာများတွင် စာရင်းစစ်ထားပြီးဖြစ်သော လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းများ ပါဝင်ရမည်ဖြစ်သည်။ သက်ဆိုင်သော ကာလအတွင်း ပေါ်ပေါက်ခဲ့သည့် အဓိကဖြစ်ရပ်နှင့် ရောင်းဝယ်မှုများ၊ ယင်းတို့ကြောင့် ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် ထိန်းချုပ်တာဝန်ယူမှုများအပေါ် ရိုက်ခတ်မှုများနှင့် သက်ဆိုင်သောကာလအတွင်း ကုမ္ပဏီ၏ ငွေရေးကြေးရေးအခြေအနေ၊ စွမ်းဆောင်မှုနှင့် ထိန်းချုပ်တာဝန်ယူမှုများကို ယေဘုယျဖော်ပြထားသည့် ဒါရိုက်တာများ၏ အစီရင်ခံစာ သို့မဟုတ် စီမံအုပ်ချုပ်သူများ၏ ကြားဖြတ်အစီရင်ခံစာများလည်း ပါဝင်ရမည် ဖြစ်သည် (နည်းဥပဒေ ၁၂၁)။

အထူးအစီရင်ခံစာများကို အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ (လက်အောက်ခံကုမ္ပဏီများအပါအဝင်) က အောက်ပါအခြေအနေများတွင် လိုအပ်သည်။

- မိခင်ကုမ္ပဏီ (သို့မဟုတ်) လက်အောက်ခံကုမ္ပဏီ ပြောင်းလဲခြင်း၊
- ကုမ္ပဏီ၏ အစုရှယ်ယာပိုင်ဆိုင်မှုကို အခြေခံသော မဲပေးပိုင်ခွင့် ၂၀ရာခိုင်နှုန်းထက် ကျော်လွန်ပိုင်ဆိုင်သော အဓိက ရှယ်ယာပိုင်ရှင်များ အပြောင်းအလဲ၊
- ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းကို ထိခိုက်စေသည့် ဘေးအန္တရာယ် ကျရောက်ခြင်း၊
- ကုမ္ပဏီအား တရားစွဲဆို၍ လျော်ကြေးတောင်းခံမှု (သို့) ယင်းတရားစွဲဆိုခြင်းကို ဖြေရှင်းမှု (သို့) လျော်ကြေးပေးချေမှု၊
- ကုမ္ပဏီမှ ဆောင်ရွက်နေသည့် အရေးကြီးတာဝန်များအား အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်း (သို့) အခြားပုဂ္ဂိုလ်တစ်ဦးထံမှ လွှဲပြောင်းလက်ခံခြင်း၊
- ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ (သို့) မန်နေဂျာအပြောင်းအလဲ၊
- ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြုသည့် အထွေထွေနှစ်ပတ်လည်အစည်းအဝေးဆုံးဖြတ်ချက်မှတပါး၊ရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးဆုံးဖြတ်ချက် (သို့) အထူးအစည်းအဝေး၏ ဆုံးဖြတ်ချက်၊
- ကုမ္ပဏီ၏ စာရင်းစစ် အပြောင်းအလဲ၊
- ကုမ္ပဏီအား အတင်းအကျပ်ဖျက်သိမ်းရန် လျှောက်ထားမှု၊ သဘောဆန္ဒအလျောက် စီစဉ်ဆောင်ရွက်မှုများ၊
- မိမိဆန္ဒအရ ကုမ္ပဏီဖျက်သိမ်းခြင်း (သို့မဟုတ်) တရားရုံး၏ အမိန့်ဖြင့် ကုမ္ပဏီဖျက်သိမ်းခြင်း၊
- ကုမ္ပဏီ ငွေရေးကြေးရေးဆိုင်ရာ တောင်းခံမှုကြီးများကိုပေးရန် ပျက်ကွက်ခြင်း (သို့မဟုတ်) ပေးရန်ပျက်ကွက်မည်ဟု စိုးရိမ်ရန် အကြောင်းပေါ်ပေါက်လာခြင်း၊

- စာရင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် အကျုံးဝင်သက်ဆိုင်သည့် နောက်ဆက်တွဲဖြစ်ရပ်များမှ ကိစ္စရပ်တစ်ရပ်ဖြစ်ပွားမှု (သို့) ဖြစ်ရပ်တစ်ရပ်ဖြစ်ပွားမှု။

အထက်ဖော်ပြပါ အစီရင်ခံစာအားလုံးကို နည်းဥပဒေ ၁၂၄ အရ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးစလုံးဖြင့် ပုံနှိပ်ထားရှိပြီး အများပြည်သူ အလွယ်တကူ ရရှိနိုင်ရမည် ဖြစ်သည်။ ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ်နှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် ဝက်(ဘ်)ဆိုဒ်တွင် နှစ်ပတ်လည်အစီရင်ခံစာများကို (၅) နှစ်အထိ၊ နှစ်ဝက်အစီရင်ခံစာကို (၃) နှစ်နှင့် အထူးအစီရင်ခံစာကို (၁) နှစ်အထိ အများပြည်သူသိရှိနိုင်ရန် ပုံနှိပ်ထားသည့် ပုံစံဖြစ်စေ၊ ဝက်(ဘ်)ဆိုဒ်တွင် အီလက်ထရောနစ်ပုံစံဖြစ်စေ ထားရှိရမည်။ စာရင်းဝင်ကုမ္ပဏီများသည်လည်း ၎င်းတို့ကို ရန်ကုန်စတော့အိတ်ချိန်းတွင် အများပြည်သူ သိရှိစေရန် ထုတ်ပြန်ရမည် ဖြစ်ပါသည်။

စီးပွားရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များ လုပ်ဆောင်မှုမရှိသည့် အများပိုင်ကုမ္ပဏီများ (သို့မဟုတ်) ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများ၏ စုစုပေါင်းအရေအတွက်မှာ ကော်မရှင်မှထုတ်ပြန်ချက်တွင် သတ်မှတ်ထားသော အရေအတွက်ထက်နည်းသော အများပိုင်ကုမ္ပဏီများဖြစ်ပါက အစီရင်ခံစာများ တင်ပြခြင်းမှ ကင်းလွတ်ခွင့် ပြုထားသည် (ယင်းမှာ ၁၀၀ ဖြစ်သည်)။

## ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စည်းမျဉ်းစည်းကမ်းများ (မူကြမ်း)

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်(SECM)သည် စတော့အိတ်စ်ချိန်းစာရင်းဝင် ကုမ္ပဏီများအတွက် စာရင်းစစ်နှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်များ စံချိန်စံနှုန်းများကို ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းနှင့်အညီ တိုးတက်လာအောင် လုပ်ဆောင်သွားရန် တာဝန်ရှိပါသည်။ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်(SECM) သည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) တို့နှင့်အတူ ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သည်။[60] စတော့အိတ်စ်ချိန်းစာရင်းဝင်၊ အစုရှယ်ယာဝင် ၁၀၀ ကျော် ရှိသော်လည်း စာရင်းသွင်းထားခြင်းမရှိသည့် ကုမ္ပဏီများနှင့် အများပြည်သူထံ ကနဦး အစုရှယ်ယာရောင်းချခြင်း (IPO) အပါအဝင် ကုမ္ပဏီများအားလုံးကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SECM) ၏ ကြီးကြပ်မှုအောက်တွင် ထားရှိသွားရန် ရည်ရွယ်ထားပါသည်။ ကုမ္ပဏီများစာရင်းကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) ဝက်(ဘ်)ဆိုဒ်တွင် ကြည့်ရှုနိုင်ပြီး ၂၀၂၀ ခုနှစ် ပွင့်သစ်အစီရင်ခံစာတွင် ပါဝင်ရန် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများကိုရွေးချယ်ရာတွင် အခြေခံအဖြစ် အသုံးပြုခဲ့ပါသည်။[61]

ဤအမိန့်ကြော်ငြာစာသည် အခြေခံမူထက် စည်းမျဉ်းကိုအခြေခံထားခြင်းဖြစ်ပြီး၊ ၎င်းကို ဂျပန်အစိုးရမှ ပံ့ပိုးပေးထားသည့် OECD ၏ နည်းပညာအထောက်အကူဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။ စာရင်းဝင်ကုမ္ပဏီများအတွက် လက်ရှိဥပဒေများအရ လိုအပ်ချက်ဖြစ်သည့် စာရင်းစစ်ကော်မတီ (၁)ခုနှင့် အနည်းဆုံး သီးခြားလွတ်လပ်သောဒါရိုက်တာ (၁)ဦး ရှိရန်လိုအပ်ချက်ကို ထပ်လောင်းပြောကြားထားပြီး၊ ၎င်းသည် လက်ရှိဥပဒေအရ လိုအပ်ချက်များကို စနစ်တကျ ပေါင်းစည်းထားခြင်းဖြစ်သည်။ သို့သော်လည်း ဤလိုအပ်ချက်များကို အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများပါ အကျုံးဝင်အောင် ဆက်လက်၍ လုပ်ဆောင်ခြင်းမရှိပါ။ စာရင်းဝင်ကုမ္ပဏီ (Listed Company) နှင့် အစုရှယ်ယာရှင် ၁၀၀ ဦးနှင့်အထက်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် ၎င်းတို့တွင် သီးခြားလွတ်လပ်သောဒါရိုက်တာ မည်မျှခန့်အပ်ထားကြောင်းကို ထုတ်ဖော်ကြေညာရန် လိုအပ်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့်

60 SECM Notification 2/2020 on Requirements for Effective Corporate Governance, 3 December 202
61 https://secm.gov.mm/en/public-companies/

ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် သီးခြားလွတ်လပ်သော ဒါရိုက်တာနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့သည် (အပေါ်တွင်ကြည့်ပါ။)

အမိန့်ကြော်ငြာစာ ၂/၂၀၂၀၏ အခန်း (၃)၏ ရည်ရွယ်ချက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အပါအဝင် အစုရှယ်ယာရှင်များအားလုံး၏ မဲပေးပိုင်ခွင့်ကို လွယ်ကူချောမွေ့အောင် လုပ်ဆောင်စေရန် ကုမ္ပဏီအားတောင်းဆိုခြင်းဖြင့် အစုရှယ်ယာရှင်များ၏ အခွင့်အရေးကို ကာကွယ်ရန် ဖြစ်သည်။ အစုရှယ်ယာရှင်များအားလုံးသည် တိကျမှန်ကန်ပြီး လုံလောက်သော သတင်းအချက်အလက်များကို အချိန်မီပုံမှန်ရယူနိုင်အောင် လုပ်ဆောင်ရမည်။ ထိုမှသာ အစုရှယ်ယာရှင်များသည် ယင်းတို့၏အခွင့်အရေးများကို ထိရောက်စွာအသုံးချနိုင်မည် ဖြစ်သည်။ ကုမ္ပဏီများအနေဖြင့် အမြတ်ဝေစုခွဲဝေးပေးခြင်းဆိုင်ရာ မူဝါဒများကိုရေးဆွဲရန်နှင့် ၎င်းတို့ကို ထုတ်ပြန်ကြေညာရန် လိုအပ်သည်။

ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းဆိုင်ရာ (RPTs) အကြောင်းအရာများကို အခန်းတိုတစ်ခုအနေဖြင့် ထည့်သွင်းခြင်းကြောင့် ၎င်းနှင့်တစ်နေ့တည်း ထုတ်ပြန်ကြေညာခဲ့သည့် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ညွှန်ကြားချက်အမှတ် ၃/၂၀၂၀ နှင့် ထပ်နေသည် (အောက်တွင်ကြည့်ပါ။) 'မိသားစုဝင်များ' ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင်လည်း ညွှန်ကြားချက်အမှတ် ၂/၂၀၂၀ တွင် ပုဂ္ဂိုလ်တစ်ဦး၏တရားဝင်မွေးဖွားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆွေးမျိုးတော်စပ်သူများအပါအဝင် ယင်းတို့၏ဇနီး သို့မဟုတ် ခင်ပွန်း၊ ညီအစ်ကိုမောင်နှမများသာ ဖော်ပြထားပြီး ညွှန်ကြားချက်အမှတ် ၃ / ၂၀၂၀တွင် ပိုမိုကျယ်ပြန့်သည့် စာရင်းပါရှိသောကြောင့် ၎င်းသည် ဗဟိုဘဏ်၏ လမ်းညွှန်ချက်အမှတ် ၁၁ /၂၀၁၉ နှင့် ဆင်တူသည်။

**ဆက်နွယ်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်း**

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) သည် ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၇၁ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ဆက်နွယ်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းများအကြား များပြားသော ရောင်းဝယ် လွှဲပြောင်းခြင်းဆိုင်ရာ ထုတ်ပြန်မှုအတွက် အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)က ပံ့ပိုးမှုပေးခဲ့သည်[62] ထိုညွှန်ကြားချက်အရ ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းကို စစ်ဆေးမှုပြုလုပ်ခြင်းနှင့် သတင်းထုတ်ပြန်ချက်များပြုလုပ်ရာတွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။ ၎င်း၏ရည်ရွယ်ချက်မှာ အစုရှယ်ယာရှင်များနှင့် အခြားသော ပတ်သက်ဆက်နွယ်သူများဖြစ်သည့် စာရင်းဝင် စီးပွားရေးလုပ်ငန်းများနှင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအကြားသက်ဆိုင်သူအချင်းချင်း ပမာဏများပြားသောရောင်းဝယ်လွှဲပြောင်းခြင်းများဆိုင်ရာ အန္တရာယ်များကို လျှော့ချနိုင်ရန်ဖြစ်သည်။ ယင်းညွှန်ကြားချက်မှာ စာရင်းဝင်ကုမ္ပဏီများနှင့် အစုရှယ်ယာရှင် ၁၀၀ ဦးနှင့်အထက်ရှိသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ အပေါ်သက်ရောက်မှုရှိပါမည်။

ဆက်နွယ်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများဆိုသည်မှာ –

၁။ ကုမ္ပဏီနှင့်ဆက်နွယ်သည့် အဖွဲ့အစည်းများ၏ ဒါရိုက်တာအဖွဲ့ဝင်များ။

၂။ ကုမ္ပဏီနှင့် ၎င်း၏မိခင် ကုမ္ပဏီတို့၏ အမှုဆောင်အရာရှိများ။

၃။ ကုမ္ပဏီနှင့် ဆက်နွယ်သည့်အဖွဲ့အစည်းများ၏ ရှယ်ယာအများအပြား ပိုင်ဆိုင်သည့် အစုရှယ်ယာရှင်များ။

62 စာရင်းဝင်ကုမ္ပဏီများနှင့် အစုရှယ်ယာရှင် ၁၀၀ နှင့်အထက်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် ပမာဏများသည့် အရောင်းအဝယ်များ ပြုလုပ်ခြင်းအပေါ် SECM ၏ ညွှန်ကြားချက် ၃/၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ၊ ၃ ရက်။

၄။ ဖက်စပ်လုပ်ငန်းဆောင်ရွက်ရာမှ ဖြစ်ပေါ်လာသည့် ဆက်နွှယ်သော အဖွဲ့အစည်းနှင့်ကုမ္ပဏီများ။

၅။ အပိုဒ်ခွဲငယ် (၁)၊ (၂)၊ နှင့် (၃) တို့တွင် ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦး၏ မိသားစုဝင်များ။

၆။ အပိုဒ်ခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၅)တို့တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များက တစ်ဦးချင်း သို့မဟုတ် ပူးတွဲ၍ဖြစ်စေနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ အနည်းဆုံး ၂၀ ရာခိုင်နှုန်း မဲပေးပိုင်ခွင့်ရှိသည့် စီးပွားရေးလုပ်ငန်းတစ်ခုခုနှင့် စီးပွားရေးလုပ်ငန်းတစ်ခုခု၏ ဒါရိုက်တာများ၊ အမှုဆောင်အရာရှိများ။

၇။ ကုမ္ပဏီတွင် ယခင် သို့မဟုတ် ယခု အကျိုးစီးပွားဆက်စပ်မှု သို့မဟုတ် ဆက်ဆံရေးအရ ဆက်နွှယ်သည့်ပုဂ္ဂိုလ်အဖြစ် ကော်မရှင်က သတ်မှတ်သည့် ပုဂ္ဂိုလ်များ။

ရှယ်ယာအများအပြားပိုင်ဆိုင်သည့် အစုရှယ်ယာရှင်များဆိုသည်မှာ ကုမ္ပဏီ၏ ၂၀ ရာခိုင်နှုန်း သို့မဟုတ် ယင်းထက်ပိုသော မဲပေးပိုင်ခွင့်ကို ပိုင်ဆိုင်ထားသည့် တရားဝင်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုလိုသည်။ ပုဂ္ဂိုလ်တစ်ဦး၏ မိသားစုဝင်ဆိုသည်မှာ အောက်ပါတို့ကို ဆိုလိုသည်။

(၁) ပုဂ္ဂိုလ်တစ်ဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ ညီအစ်ကို မောင်နှမများ၊

(၂) ထိုသူ၏ ဇနီး သို့မဟုတ် ခင်ပွန်း၏ ညီအစ်ကိုမောင်နှမများ

(၃) ထိုသူနှင့် ထိုသူ၏ ဇနီး သို့မဟုတ် ခင်ပွန်း၏မိဘ၊ ဘိုးဘွားနှင့် ဆက်ခံသူသားသမီး၊ မြေးမြစ်များ၊ ၎င်းကိုမှီခိုသူများနှင့်

(၄) တရားဝင်မွေးစားခြင်းကြောင့် ဆွေမျိုးတော်စပ်သူများ။

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူနှင့် နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူ

ငွေကြေးခဝါချမှု၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း၊ သဘာဝသယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်း (EITI) နှင့် ပွင့်လင်းမြင်သာမှုတို့နှင့်ပတ်သက်လျှင် "အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု"ဟူသော အချက်နှင့် ဆက်စပ်မေးခွန်းထုတ်စရာကောင်းသော အချက်မှာ 'နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများ'ဖြစ်ပြီး ယင်းသည် နိုင်ငံတကာနှင့် မြန်မာ့ဇာတ်ခုံတွင် အကြိတ်အနယ် ဆွေးနွေးလျက်ရှိသော အကြောင်းအရာလည်း ဖြစ်သည်။

၂၀၁၈ ခုနှစ်နှောင်းပိုင်းတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အာရှ/ပစိဖိတ်အဖွဲ့ (APG) မှ 'မြန်မာနိုင်ငံဆိုင်ရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ငွေကြေးအကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နည်းလမ်းများ'ဟူသည့် အပြန်အလှန် ဆန်းစစ်ထားသည့် အစီရင်ခံစာ တစ်စောင်အား[63] ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာသည် ၂၀၁၇ ခုနှစ်တွင် သတ်မှတ်ထားရှိခဲ့သည့် နည်းလမ်းများကို ပြန်လည်ဆန်းစစ်ထားသည်။ ထို့အပြင် Financial Action Task Force (FATF) ၏ အကြံပြုချက် အချက် (၄၀) ကို လိုက်နာကျင့်သုံးခြင်းအဆင့်နှင့် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ငွေကြေးအကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာစနစ်၏ ထိရောက်မှုအဆင့်တို့အား ဆန်းစစ်ထားပြီး ထိုစနစ်များကို မည်သို့ ပိုမိုခိုင်မာလာစေရန် ဆောင်ရွက်သင့်သည်တို့ကို အကြံပြုထားပါသည်။

အသေးစိတ်ရေးသားထားသော အစီရင်ခံစာတွင် ပါဝင်သည့် အချက်အချို့မှာ –

- ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် သတ်မှတ်ထားသည့် ငွေကြေးနှင့် မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ (DNFBPs)[64] မှာ

63 Anti–money laundering and counter–terrorism financing (AML/CFT) measures: Myanmar, APG, FATF–GAVI, September 2018

64 DNFBPs ဆိုသည်မှာ ငွေကြေးခဝါချခြင်းဆိုင်ရာ အန္တရာယ်များဖြစ်လာနိုင်သော ငွေရေးကြေးရေးဆိုင်ရာ မဟုတ်သည့်အဖွဲ့အစည်းများ ဖြစ်သည်။ ဥပမာ–ကာစီနိုများနှင့် အခြားလောင်းကစားစီးပွားရေးများ၊ စာရင်းကိုင်များ၊ ရှေ့နေများ၊ အိမ်ရာအေးဂျင့်များ၊ ကျောက်မျက်ရတနာ၊ ကားနှင့်လေ့အရောင်းအဝယ်ပြုလုပ်သူများ။

သက်ရောက်မှုအန္တရာယ် မြင့်မားသည့်ကိစ္စရပ်များကို နားလည်ခြင်း အလျဉ်းမရှိဘဲ ဘဏ်အနည်းအကျဉ်းကသာလျှင် သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားထားသော နည်းလမ်းကို ပြောင်းလဲအသုံးပြုကြောင်း သိရှိရသည်။ DNFBPs အများစုသည် မြန်မာနိုင်ငံဆိုင်ရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ငွေကြေးအကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်ဝတ္တရားများကို နားလည်သည့် အခြေခံကင်းမဲ့လျက်ရှိနေပြီး ၎င်းတို့နှင့်သက်ဆိုင်သည့် ထိန်းချုပ်မှုနည်းလမ်းများအား အကောင်အထည်ဖော်ထားခြင်း မရှိသေးပေ။ ဘဏ်များကသာလျှင် သံသယဖြစ်ဖွယ်ကောင်းသော လုပ်ဆောင်ချက်ဆိုင်ရာ အစီရင်ခံစာများ (Suspicious Transaction Reports) ကို တင်ပြပြီး ထိုအစီရင်ခံစာများမှာလည်း များသောအားဖြင့် အရည်အသွေးပြည့်မီခြင်း မရှိပေ။

- ငွေရေးကြေးရေးအဖွဲ့အစည်းများအား သေသေချာချာနှင့် ဆီလျော်စွာ စစ်ဆေးရမည့် နယ်ပယ်အတိုင်းအတာနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုတို့မှာလည်း ယခုအချိန်ထိ တိုးတက်မှုရှိရန် လိုအပ်နေဆဲဖြစ်သည်။ ရာဇဝတ်မှုကျူးလွန်သူများက အဖွဲ့အစည်းများအား ထိန်းချုပ်ခြင်းနှင့် ပိုင်ဆိုင်ခြင်းတို့ကို ကြိုတင်တားဆီးနိုင်ရန် လုပ်ဆောင်နေသော DNFBPs များ၏ ဆောင်ရွက်ချက်များ၌လည်း သက်ရောက်မှုအန္တရာယ်များနှင့် ဆက်စပ်အခြေအနေများအား ထည့်သွင်းစဉ်းစားခြင်းစသည့် အခြေခံကျသော တိုးတက်မှုများ လိုအပ်နေသည်။ ထိုသို့ သက်ရောက်မှုအန္တရာယ်များ ကြီးမြင့်နေသော်လည်း DNFBPs များအား မည်သူမျှ ကြီးကြပ်ခြင်းမရှိကြောင်း တွေ့ရှိရသည်။ DNFBPs အများစုအား ကြီးကြပ်ရန် သတ်မှတ်ထားသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ငွေကြေးအကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များမှာလည်း စွမ်းဆောင်ရည်ဆိုင်ရာ အခက်အခဲများကို ကြုံတွေ့နေရသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို ထည့်သွင်းစဉ်းစား အခြေခံထားသည့် ကြီးကြပ်မှုစနစ် (risk-based supervision) ကို ဆောင်ရွက်ရာတွင် ၎င်းတို့အနေနှင့် တိုးတက်မှုရှိလာကြောင်းနှင့် ဘဏ်များအတွက် ကြီးကြပ်မှုစွမ်းရည်နှင့် နယ်ပယ်အတိုင်း အတာကိုကြည့်လျှင်လည်း ၎င်းတို့အနေနှင့် သိသာထင်ရှားစွာ တိုးတက်လာကြောင်း လက်တွေ့ပြသခဲ့သည်။ သို့သော် ထပ်ပြန်တလဲလဲ ဖြစ်ပေါ်နေသော လိုက်နာကျင့်သုံးမှုဆိုင်ရာ ပြဿနာများနှင့် စည်းစနစ်တကျ ဖွဲ့စည်းထားခြင်း မရှိသော စည်းမျဉ်းစည်းကမ်းလိုက်နာမှုဆိုင်ရာ မူဘောင်တို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ်အဖွဲ့အစည်းများအပေါ်ထားရှိသည့် လက်ရှိ စည်းမျဉ်းစည်းကမ်းများမှာ ထိရောက်မှုမရှိလှကြောင်း သိရှိရသည်။

သို့ရာတွင် အစိုးရသည် အကောင်ထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများကို အကဲဖြတ်ရာတွင် တွေ့ရှိရမည့် အားနည်းချက်များကိုဖြေရှင်းရန် အရေးယူဆောင်ရွက်သွားမည့် အစီအစဉ် (Action Plan)ကို လုပ်ဆောင်သွားရန် ဆန္ဒပြုပါသည်။ မြန်မာနိုင်ငံတွင် "တရားစီရင်ပိုင်ခွင့်ကို စောင့်ကြည့်လေ့လာမှုများတိုးမြှင့်"ဆိုသည်နှင့်အတူ မီးခိုးရောင်စာရင်းသို့ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ဆိုလိုသည်မှာ မြန်မာအစိုးရသည် အားနည်းမှုရှိနေသော ငွေကြေးခဝါချမှု တိုက်ဖျက်ရေးစနစ်များကို သတ်မှတ်ထားသောအချိန်အတွင်း ဖြေရှင်းသွားပြီး စောင့်ကြည့်လေ့လာမှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဟု ကတိကဝတ်ပြုထားပါသည်။

Financial Action Task Force (FATF) သည် မီးခိုးရောင်စာရင်းသို့ရောက်ရှိရန် "ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်းများ (due diligence) များကို တိုးမြှင့်ဆောင်ရွက်ရန် မတောင်းဆိုထားသော်လည်း ၎င်းတို့၏ အဖွဲ့ဝင်များကို အလားလာရှိသည့် အန္တရာယ်များဆန်းစစ်မှုတွင်ပါရှိသည့် သတင်းအချက်များကို ထည့်သွင်းစဉ်းစားရန် တိုက်တွန်း

ထားပါသည်။ APG ၏၂၀၁၉ ခုနှစ်၊ ဩဂုတ်တွင် နောက်ဆက်တွဲအစီရင်ခံစာတွင် မြန်မာအတွက်ဖော်ပြထားသည့် အကြံပြုများ ၁ (Natioanl Risk Assessment) နှင့် ၁၉ ("ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့်သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်းများ (due diligence)[65] များနှင့်ဆက်စပ်သည့်အကြောင်းရာများ ပါရှိပါသည်။ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင်ထုတ်ပြန်သည့် APG ၏ ဒုတိယအကြိမ် Enhanced Expedited Follow–Up အစီရင်ခံစာ[66] တွင် ၂၀၁၉ နိုဝင်ဘာလတွင် ပြုလုပ်ခဲ့သည့် BO နှင့် CDD နှင့်သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းသစ်များအပေါ် အခြေခံ၍ ပြန်လည်ဆန်းစစ်ရန် မြန်မာနိုင်ငံမှတောင်းဆိုထားသည့် အစီအမံ ၇ ခုအနက် ၅ ခုနှင့် ဆီလျော်ပါသည် (အောက်တွင်ကြည့်ပါ။)

## မြန်မာဥပဒေမှ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု

၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၏ အပိုင်း ၃ (ည) အရ ပိုင်ဆိုင်မှု အကျိုးခံစားခွင့်ဆိုသည်မှာ အလုပ်အပ်နှံသူများအား အခြေခံသဘောတရားအရ ပိုင်ဆိုင်သူ (သို့မဟုတ်) ထိန်းချုပ်သူ (သို့မဟုတ်) ၎င်းပုဂ္ဂိုလ်အစား အခြားသူအား လုပ်ငန်းများ လွှဲပြောင်းလုပ်ကိုင်စေနိုင်သူ ဖြစ်သည်။ ထိုဖော်ပြချက်တွင် မည်သည့်ကုမ္ပဏီအပေါ်တွင်ဖြစ်စေ၊ အစီအစဉ်အပေါ်တွင်ဖြစ်စေ ထိရောက်သော ထိန်းချုပ်ကိုင်တွယ်မှုပြုသူနှင့် အစုရှယ်ယာရာခိုင်နှုန်းကို ဆုံးဖြတ်ခြင်း မပြုသူကို ဆိုလိုသည်။

ဥပဒေတွင် ရာခိုင်နှုန်းကို အတိအကျဖော်ြပမထားပေ။ သို့သော် ၂၀၁၅ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေ ပုဒ်မ ၄၂ တွင် "သတင်းပို့အဖွဲ့အစည်းများသည် အခြားသောကုမ္ပဏီအဖွဲ့အစည်းများ၊ သို့မဟုတ် ဥဒေအရ အခြားသူတစ်ဦးကိုယ်စား ငွေကြေး/ပစ္စည်းလွှဲပြောင်းလက်ခံဆောင်ရွက်ခွင့်ရှိသော အောက်ဖော်ပြပါ ဆက်သွယ်ဆောင်ရွက်သူ၏ ပိုင်ဆိုင်မှု သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းမှုပုံစံကို နားလည်သဘောပေါက်စေရန်အတွက် လုံလောက်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်–

(က)ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပတ်သက်၍ မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြု ဖော်ထုတ်ခြင်းပြုလုပ်ရာတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးချင်းစီအပေါ်ဆောင်ရွက်ခြင်း–

(၁) ယင်းကုမ္ပဏီ အဖွဲ့အစည်း၏ ပိုင်ဆိုင်မှု (၂၅) ရာခိုင်နှုန်းအထက်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့် ပုဂ္ဂိုလ်။

(၂) ယင်းကုမ္ပဏီ၏ စီမံအုပ်ချုပ်ခွင့်အတွက် တာဝန်ရှိသည့်ပုဂ္ဂိုလ်ဟု ဖော်ပြထားသည်။

၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် နိုင်ငံရေးအရ ဩဇာအာဏာရှိသူများအား ဤသို့ ဖော်ပြထားသည်။

၃(၅) ပြည်တွင်းနှင့် ပြည်ပနိုင်ငံရေးအရ ဩဇာအာဏာရှိသူဆိုသည်မှာ ထင်ရှားကျော်ကြားသူ၊ နိုင်ငံတွင်း (သို့မဟုတ်) ပြည်ပနိုင်ငံမှ အများပြည်သူဆိုင်ရာ လုပ်ငန်းများအား ယုံကြည်စွာ အပ်နှင်းခြင်းခံရသူနှင့် ၎င်း၏ မိသားစုဝင်များ၊ နီးစပ်သူများကို ဆိုလိုသည်။

၃(၃)နိုင်ငံတကာ နိုင်ငံရေးအရ ဩဇာအာဏာရှိသူဆိုသည်မှာ ဒါရိုက်တာ၊ ဒုတိယဒါရိုက်တာ၊ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာ၊ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု၏ ထိပ်တန်းအဖွဲ့ဝင်၊ အများပြည်သူဆိုင်ရာလုပ်ငန်းများအား ယုံကြည်စွာ တာဝန်အပ်နှင်းခြင်းခံရသောသူ (သို့မဟုတ်) အလားတူ ရာထူးတာဝန်ရှိသူများနှင့် ၎င်း၏ မိသားစုဝင်များ (သို့မဟုတ်) နီးစပ်သူများကိုဆိုလိုသည်။

65 1st Follow–Up Report, Asia/Pacific Group on Money Laundering (APG), August 2019

66 2nd Enhanced Expedited Follow–Up Report, Asia/Pacific Group on Money Laundering (APG), August 2020

၂၀၁၇ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် နိုင်ငံရေးအရ ဩဇာအာဏာ ရှိသူများဟူသော အသုံးအနှုန်းများကို အသုံးမပြုထားသော်လည်း အပိုဒ်– ၁ (၂၂) တွင် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အား ကုမ္ပဏီတွင် တရားဝင် သို့မဟုတ် သာတူညီမျှ ရထိုက်သော သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အကျိုးခံစားခွင့်တစ်ရပ်ကို ဆိုလိုသည်ဟု ဖော်ပြထားသည်။ အောက်ဖော်ပြပါ နည်းလမ်းများအပါအဝင် ကုမ္ပဏီတစ်ခုတွင် ပိုင်ဆိုင်မှု အကျိုးခံစားခွင့်များကို ရရှိနိုင်သည် –

- ဖော်ပြပါကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက်ပိုင်ဆိုင်ခြင်း၊ သို့မဟုတ်
- ဖော်ပြပါကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက်ပိုင်ဆိုင်ခြင်းဖြင့် ဖြစ်စေ၊ သွယ်ဝိုက်သောအားဖြင့် ပိုင်ဆိုင်၍ဖြစ်စေ ရရှိထားသည့် အခြားကုမ္ပဏီတစ်ခု၌ အစုရှယ်ယာများကို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း သို့မဟုတ်၊
- ကုမ္ပဏီ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ဆန္ဒမဲပေးနိုင်ခွင့်အတွက် တိုက်ရိုက် ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေကြီးကြပ်ဆောင်ရွက်နိုင်သည့်အခွင့်အရေးရရှိသောသူ အဖြစ် သဘောတူညီချက်ရှိခြင်း။

သို့သော်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) သည် 'ကုမ္ပဏီ တစ်ခုနှင့် ဆက်နွှယ်နေသည့် မူရင်းအစုများပိုင်ဆိုင်သည့်ကုမ္ပဏီ' (Ultimate Holding Company) ဆိုင်ရာ အချက်အလက်များကို မှတ်ပုံတင်သည့်အချိန်နှင့် နှစ်စဉ် အစီရင်ခံစာ တင်ပြသည့်အချိန်တို့တွင် လိုအပ်ပြီး ထိုအချက်အလက်များအား မှတ်ပုံတင်သောအခါတွင် ရရှိနိုင်သည် (ငွေသွင်းခြင်းဖြင့်)။

**မြန်မာနိုင်ငံ သဘာဝသယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်း (EITI) မှ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု**

၂၀၁၉ ခုနှစ် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) ၏ စံချိန်စံနှုန်း လိုအပ်ချက်များ (၂.၅)[67] အရ ၂၀၂၀ ဇန်နဝါရီလ ၁ ရက်၊ မတိုင်မီ မြန်မာနိုင်ငံအပါအဝင် EITI ကို လက်တွေ့အကောင်အထည်ဖော်သော နိုင်ငံ များရှိ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုပစ္စည်းများတူးဖော်ခြင်း၊ ထုတ်လုပ်ရောင်းချခြင်း ဆိုင်ရာ လိုင်စင်ခွင့်ပြုချက်များ ရရှိထားသည့် ကုမ္ပဏီများသည် ၎င်းတို့၏ အကျိုးအမြတ်ရရှိ ပိုင်ဆိုင်သူများ၏ အမည်နာမများ၊ ပိုင်ဆိုင်မှုအနေအထားနှင့် အခွင့်အာဏာ မည်မျှရှိသည်ဟူ သည့် အသေးစိတ်အချက်အလက်များကို ရှင်းလင်းသေချာစွာ ထုတ်ဖော်ကြေညာရမည် ဖြစ်သည်။

အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုရှိသူများနှင့်ဆိုင်သည့် သတင်းအချက်အလက်များတွင် အကျိုး ခံစားခွင့်ရှိသူ၏ အမည်၊ နိုင်ငံသား၊ နေထိုင်ရာတိုင်းပြည်တို့အပြင် ဩဇာတိက္ကမရှိသူများ (PEPs) မည်သူကိုမဆို ဖော်ပြထားသင့်ပါသည်။ ၎င်းတို့၏ နိုင်ငံသားမှတ်ပုံတင်နံပါတ်၊ မွေးနေ့၊ နေရပ်လိပ်စာ၊ အလုပ်လိပ်စာနှင့် ဆက်သွယ်နိုင်မည့်နည်းလမ်းများကို ဖော်ပြရမည် ဖြစ်သည်။

အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများနှင့် နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများဆိုင်ရာ အချက် အလက်များကို အများပြည်သူမှသိရှိစေရန် EITI အစီရင်ခံစာများနှင့် သက်ဆိုင်သော စာရင်း များတွင် ထည့်သွင်းဖော်ပြရပြီး၊ ထိုသတင်းအချက်အလက်များ တစ်စုံတစ်ရာ ပြောင်းလဲမှု ရှိလာပါက ပြုပြင်မွမ်းမံမှုများ ပြုလုပ်ရပါမည်။ EITI တွင် ပါဝင်သောနိုင်ငံများသည် သယံ ဇာတတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်ရန် မှတ်ပုံတင်ထား သည့်သူများ၏ စာရင်းကို အများပြည်သူမှသိရှိရန် သတင်းထုတ်ပြန်ထားရပြီး၊ ဖြစ်နိုင်ပါက ကုမ္ပဏီများသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ တရားဝင်ထိန်းသိမ်းသူများ၊ စတော့

67 Extractives Industries Transparency Initiative (EITI) 2019 Standard

အိတ်ချိန်းများ၊ တွင်းထွက်သယံဇာတ လုပ်ငန်းများလုပ်ကိုင်ရန် လုပ်ငန်းလိုင်စင် ချထားသူများထံသို့ လက်ရှိတင်ပြနေရသည့် အစီရင်ခံစာများတွင် အကျိုးအမြတ်ခံစား ရရှိပိုင်ဆိုင်မှု သတင်းအချက်အလက်များ ထည့်သွင်း တင်ပြသင့်သည်။ ယင်းအချက်အလက်များကို တရားဝင်ထုတ်ပြန်ထားပြီးပါက EITI အစီရင်ခံစာတွင် ထိုအချက်အလက်များကို မည်သို့ရရှိနိုင်သည်ကို လမ်းညွှန်သင့်သည်။

တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) စံသတ်မှတ်ချက်များ (၂.၅ စ) တွင် ‘ကုမ္ပဏီနှင့် ပတ်သက်နေသည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ”သည် ကော်ပိုရိတ်လုပ်ငန်းစဉ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အန္တိမပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့် သက်ရှိထင်ရှား လူပုဂ္ဂိုလ်(များ) ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပြီး နိုင်ငံတွင်းရှိ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) သည် နိုင်ငံတကာစံနှုန်းများနှင့် အမျိုးသားဥပဒေများနှင့်အညီ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ အနက်အဓိပ္ပာယ်ကို ကိုယ်တိုင်ဖွင့်ဆိုသတ်မှတ်နိုင်ရန် အခွင့်အရေးပေးထားရာ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ[68] (ဇယား ၄)နှင့် နိုင်ငံရေးအရဩဇာတိတ္တမရှိသူများ[69] (ဇယား ၅) ၏အဓိပ္ပယ်ကို လက်ခံဖွင့်ဆိုခဲ့သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၁၈ အရ[70] အဖွဲ့ဝင် (၁၄) ယောက်ပါဝင်သော အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ (Beneficial Ownership Task Force) အား ၂၀၁၈ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းက ဥက္ကဋ္ဌ[71] အဖြစ်ဆောင်ရွက်၍ အဖွဲ့ဝင်များမှာ သတ္တုတွင်းဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ အရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ် (၂) ဦးနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၂) ဦးတို့ ဖြစ်ကြသည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့မှ လေ့လာစိစစ်သွားမည့် ကဏ္ဍနယ်ပယ်များ (ToRs) တွင် လုပ်ငန်းဆောင်တာများအား ရေးဆွဲပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူနှင့် နိုင်ငံရေးအရ ဩဇာအာဏာရှိသူဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များအား ဥပဒေမူဘောင်နှင့် ကိုက်ညီမှုရှိစေရန် ဖြေရှင်းဆောင်ရွက်ခြင်းနှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ သတင်းထုတ်ပြန်ကြေညာခြင်းအတွက် ဥပဒေရေးရာ သတ်မှတ်ချက်များအား ပိုမိုထိရောက်မှုရှိစေရန် အသက်သွင်းခြင်းတို့ ပါဝင်သည်။

68 Myanmar EITI ၏ Beneficial Ownership ဖွင့်ဆိုချက် အင်္ဂလိပ်ဘာသာ။

69 Myanmar EITI ၏ PEP ဖွင့်ဆိုချက် အင်္ဂလိပ်ဘာသာ-မြန်မာဘာသာ။

70 https://myanmareiti.org/sites/myanmareiti.org/files/bo_notification_30_june_2018.pdf

71 ၂၀၂၀ ပြည့်နှစ်အလယ်ပိုင်းမှစ၍ EITI အမျိုးသားအဆင့်ညှိနှိုင်းရေးတာဝန်ကို ဦးအေးလွင်က တာဝန်ယူခဲ့သည်။

## ဇယား – ၄
## တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး(EITI) အဖွဲ့၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က သဘောတူထားသော အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

မြန်မာနိုင်ငံ၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က အကျိုးအမြတ်ရရှိပိုင်ဆိုင်သူသည် ကော်ပိုရိတ်လုပ်ငန်းစဉ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အန္တိမပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့် သက်ရှိထင်ရှား လူပုဂ္ဂိုလ်(များ) သူများဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

လူပုဂ္ဂိုလ်တစ်ဦးသည် ပုဂ္ဂလိကပိုင်ကုမ္ပဏီဖြစ်စေ၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်စေ၊ ကော်ပိုရိတ်ကုမ္ပဏီဖြစ်စေ အဆိုပါကုမ္ပဏီ၏ ၅ ရာခိုင်နှုန်း (သို့မဟုတ်) ၅ ရာခိုင်နှုန်းနှင့်အထက် ပိုင်ဆိုင်ထားလျှင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအဖြစ် အလိုအလျောက် သတ်မှတ်ထားပြီးသားဖြစ်သည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အောက်ပါအကြောင်းအရာများနှင့် ကိုက်ညီလျှင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအဖြစ် သတ်မှတ်နိုင်သည်။

၁။ အများပိုင်ကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ ကော်ပိုရေးရှင်း၏ အစုရှယ်ယာ ၅ ရာခိုင်နှုန်း (သို့မဟုတ်) ၅ ရာခိုင်နှုန်းအထက် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်ပိုင်ဆိုင်သော လူပုဂ္ဂိုလ်။

၂။ အများပိုင်ကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင် ကုမ္ပဏီကော်ပိုရေးရှင်း၏ မဲပေးပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် ၅ ရာခိုင်နှုန်းနှင့် ၅ ရာခိုင်နှုန်းအထက်ကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်ပိုင်ဆိုင်သော လူပုဂ္ဂိုလ်။

၃။ အများပိုင်ကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင် ကုမ္ပဏီကော်ပိုရေးရှင်း၏ ဘုတ်အဖွဲ့ဝင်အများစုကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ ခန့်အပ်ပိုင်ခွင့် ဖယ်ရှားပိုင်ခွင့်ရှိသော လူပုဂ္ဂိုလ်။

၄။ အများပိုင်ကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင် ကုမ္ပဏီကော်ပိုရေးရှင်းပေါ်တွင် သိသာထင်ရှားစွာ လွှမ်းမိုးထိန်းချုပ်နိုင်သည့် အခွင့်အရေးရှိသည့်သူ (သို့) သိသာထင်ရှားစွာ လွှမ်းမိုးထိန်းချုပ်သူ လူပုဂ္ဂိုလ်။

(အဆုံးစွန်ပိုင်ဆိုင်ခြင်း၊ ထိန်းချုပ်နိုင်ခြင်းဆိုသည်မှာ ပိုင်ဆိုင်မှု (သို့မဟုတ်) ထိန်းချုပ်နိုင်မှုကို တိုက်ရိုက်အပြင် အဆင့်ဆင့်သော ပိုင်ဆိုင်မှု (သို့မဟုတ်) အခြားသောနည်းလမ်းများဖြင့် ထိန်းချုပ်မှုရှိခြင်းကို ဆိုလိုသည်။ အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အခြားသောရင်းနှီးမြှုပ်နှံမှုများမှ တစ်နည်းနည်းဖြင့် အကျိုးအမြတ်ရရှိနေလျှင်လည်း အကျုံးဝင်သည်။)

၅။ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူသည် လူပုဂ္ဂိုလ်မဟုတ်ဘဲ အောက်ပါအစုရှယ်ယာများဖြင့် စုဖွဲ့ထားသော အဖွဲ့အစည်းများဖြစ်လျှင် –

(က) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ၎င်းတို့၏လက်အောက်ခံ လုပ်ငန်းခွဲများအနေဖြင့် ၎င်းတို့၏ မိခင်ဝန်ကြီးဌာနနှင့် နိုင်ငံအမည်တို့အား ထုတ်ဖော်ရန်၊

(ခ) အများပိုင် စတော့ဈေးကွက်တွင် စာရင်းဝင်သည့် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ အစုရှယ်ယာများကို ရောင်းချလျက်ရှိသော စတော့ဈေးကွက်အမည်နှင့် ကုမ္ပဏီမှ စတော့ဈေးကွက်တွင် မိမိ၏ စာရင်းရှင်းတမ်းများကို တင်ထားသည့် အင်တာနက် စာမျက်နှာလိပ်စာတို့အား ထုတ်ဖော်တင်ပြရန်။

## ဇယား – ၅

## တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) အဖွဲ့၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က သဘောတူထားသော နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူ(PEP)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့နှင့် မြန်မာနိုင်ငံ သဘာဝသယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်း သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MEITI–MSG) တို့မှ သဘောတူထားသည့် မြန်မာ EITI မူဘောင်အရ နိုင်ငံရေးအရာ ဩဇာတိတ္တမရှိသူများ (PEPs) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားနိုင်ငံများမှဖြစ်စေ ထင်ရှားသည့် ပြည်သူ့ဝန်ထမ်း ရာထူး(များ)ကို လက်ရှိ (သို့) ယခင်က အပ်နှင်းခံထားရသူ၊ ထမ်းဆောင်ရသူကို ဆိုလိုပါသည်။ ၎င်းတို့တွင် အောက်ပါတို့လည်း ပါဝင်သည်။

၁။ နိုင်ငံရေးအရာ ဩဇာတိက္ကမရှိသူများ၏ "မိသားစုဝင်များ"– မိဘဘိုးဘွားတူသူများ၊ လက်ထပ်ထိမ်းမြားမှုမှ တစ်ဆင့်ဖြစ်စေ၊ အခြားပေါင်းဖက်မှုများမှ တစ်ဆင့်ဖြစ်စေ အမျိုးတော်သူများ၊

၂။ နိုင်ငံရေးအရာ ဩဇာတိက္ကမရှိသူများနှင့် "သက်ဆိုင်သူများ" – ၎င်းတို့၏ ရာထူးရာခံကို အကြောင်းပြု၍ လုပ်ငန်းသဘောအရဖြစ်စေ၊ လူမှုရေးသဘောအရဖြစ်စေ ရင်းနှီးကျွမ်းဝင်သူများပါဝင်သည့် ရာထူးများ – မြန်မာနိုင်ငံတွင် နိုင်ငံရေးအရာ ဩဇာတိက္ကမရှိသူဟု သတ်မှတ်သည့် ပုဂ္ဂိုလ်များတွင် အောက်ပါအမျိုးအစားများနှင့် ရာထူးများပါဝင်ပါသည်။

| နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူအမျိုးအစား | ပါဝင်သည့်ရာထူးများ |
|---|---|
| နိုင်ငံတော်အကြီးအကဲနှင့် ဒုတိယအကြီးအကဲများ | • နိုင်ငံတော် သမ္မတ<br>• ဒုတိယ သမ္မတများ<br>• နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် |
| ပြည်ထောင်စု အစိုးရအဖွဲ့ဝန်ကြီးများ | • ပြည်ထောင်စုဝန်ကြီးများ<br>• ဒုတိယဝန်ကြီးများ |
| တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အကြီးအကဲများနှင့် ဒုတိယအကြီးအကဲများ | • တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ<br>• အထူးဒေသများ၏ တိုင်းဒေသဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ (ဥပမာနေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ) |
| တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ | • တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ |
| ပြည်ထောင်စုအဆင့် ဥပဒေပြုရေး အဖွဲ့ဝင်များ | • ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ<br>• အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ |
| တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဥပဒေပြုရေးအဖွဲ့ဝင်များ | • တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ |
| ပြည်ထောင်စုအဆင့် အစိုးရအရာထမ်းများ (ဥပမာ–ဝန်ကြီးဌာနများ၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ဗဟိုဘဏ်၊ အခြားဦးစီးဌာနများ၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲသည့် အဖွဲ့အစည်းများ စသည် | • ညွှန်ကြားရေးမှူးနှင့် တူညီသော ရာထူးမှ အထက်အဆင့်ဆင့် |
| တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆင့် အစိုးရအရာထမ်းများ | • ညွှန်ကြားရေးမှူးနှင့် တူညီသော ရာထူးမှ အထက်အဆင့်ဆင့် |

| | |
|---|---|
| တပ်မတော်အရာရှိများ | • ဒုတိယဗိုလ်မှူးကြီးနှင့် တူညီသောရာထူးမှ အထက် အဆင့်ဆင့် |
| ပြည်သူ့ရဲတပ်ဖွဲ့ဝင် အရာရှိများ | • ဒုတိယဗိုလ်မှူးကြီးနှင့် တူညီသောရာထူးမှ အထက်အဆင့်ဆင့် |
| အထူးလုံခြုံရေး တပ်ဖွဲ့အရာရှိများ | • ဒုတိယဗိုလ်မှူးကြီးနှင့် တူညီသောရာထူးမှ အထက် အဆင့်ဆင့် |
| တရားစီရင်ရေးဆိုင်ရာ အရာရှိများ | • ပြည်ထောင်စု ရှေ့နေချုပ်<br>• ပြည်ထောင်စုလွှတ်တော်တရားသူကြီးချုပ်<br>• ပြည်ထောင်စုလွှတ်တော်တရားသူကြီးများ<br>• တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေချုပ်<br>• တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် တရားသူကြီးချုပ်<br>• တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် တရားသူကြီးများ<br>• ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ<br>• ဗဟိုတရားရုံး တရားသူကြီးများ<br>• ခရိုင်တရားသူကြီးများ |
| မြို့တော်ဝန်များ | • မြို့တော်ဝန်များနှင့် ဒုတိယမြို့တော်ဝန်များ<br>• ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝန်များ<br>• မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝန်များ<br>• နေပြည်တော်ကောင်စီ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ |
| သံရုံးများနှင့် ကောင်စစ်ဝန်ရုံးဝန်ထမ်းများ | • သံအမတ်များ<br>• ဒုတိယသံအမတ်များ (သို့) သံရုံးတာဝန်ခံများ<br>• သံမှူးများ |
| ဘာသာရေးခေါင်းဆောင်များ | • ဘာသာရေးအဖွဲ့အစည်းခေါင်းဆောင်များ |
| နိုင်ငံရေးပါတီ ခေါင်းဆောင်များ | • နိုင်ငံရေးပါတီများ၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ |
| နိုင်ငံတကာအဖွဲ့အစည်းများမှ အရာရှိများ | • အားကစားအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်များ |
| နိုင်ငံရေးအင်အားစုများနှင့် အလုပ်သမားအဖွဲ့အစည်းများမှ အရာရှိများ (ဥပမာ-သမဂ္ဂများ) | • ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ |
| နိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ | • ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ |
| တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များ (ငြိမ်းချမ်းရေးသဘောတူညီမှု လက်မှတ်ထိုးပြီးသော၊ မထိုးရသေးသောအဖွဲ့များ၊ ပြည်သူ့စစ်အဖွဲ့အပါအဝင်) | • ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ<br>• ဒုတိယဗိုလ်မှူးကြီးနှင့် တူညီသော ရာထူးမှ အထက်အဆင့်ဆင့် |
| နိုင်ငံခြားမှ နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူ | • မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူ များကို သတ်မှတ်ထားသည့်အတိုင်း ၎င်းတို့၏ နိုင်ငံအသီးသီးတွင် အမျိုးအစား၊ ရာထူးတူညီသူများ |

| | |
|---|---|
| မိသားစုဝင်များ | • မိသားစုဝင်များ (မိဘများ၊ သားသမီးများ၊ မောင်နှမများ၊ ဘိုးဘွားများ၊ မြေးများ၊ အိမ်ထောင်ဘက်များ၊ သားမက်ချွေးမများ၊ ယောက္ခထီး/မများ စသည်ဖြင့်) |
| သက်ဆိုင်သူများ | • ဖော်ပြပါ နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများ၏ ကိုယ်ရေးအရာရှိများ၊ အတွင်းရေးမှူးများ စသည်ဖြင့် |
| ဩဇာလွှမ်းမိုးနိုင်သူများ | • နိုင်ငံရေးစီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် ဩဇာတိက္ကမ ရှိသူများ |

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် MEITI ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အွန်လိုင်း ဒေတာဗေ့စ်အား DICA မှစတင်မိတ်ခဲ့ပြီး၊ လက်ရှိအချိန်အထိ ကုမ္ပဏီ ၁၂၄ ခု [72] စာရင်းသွင်းထားပါသည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ သတင်းအချက်များမှာ အပြုသဘောဆောင်သည့် တိုးတက်မှုဖြစ်သော်လည်း သတင်းအချက်အလက်များမှာ ပြည့်စုံတိကျမှုမရှိပါ။ ထို့ကြောင့် အစိုးရမှထုတ်ပြန်ချက်များနှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ အဆင့်သတ်မှတ်ချက်များ ကိုက်ညီမှုရှိရန် အပါအဝင် အခြားသောလုပ်ငန်းစဉ်များ လုပ်ဆောင်သွားသင့်ပါသည်[73] (အကြံပြုချက်အပိုင်းတွင် ဖတ်ပါ)။

ဇယားကွက် ၂ သည် ပွင့်သစ်စတွင်ပါဝင်သော အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် သက်ဆိုင်သည့်အချက်များနှင့် အချက်အလက်များထုတ်ဖော်တင်ပြထားသော ကုမ္ပဏီများကို ဖော်ပြထားပါသည်။ ယခုအချက်အလက်များကို ယင်းကုမ္ပဏီများ၏ ဝက်(ဘ်)ဆိုဒ်များမှရရှိပြီး MyCo/MEITI BO database မှ ကုမ္ပဏီ ၁၂၄ခု တို့၏ အချက်အလက်များမှလည်း ရရှိပါသည်။ ယင်း ကုမ္ပဏီအများစုမှာ ပွင့်သစ်စတွင် မပါဝင်ပါ။ တပ်မတော်ပိုင် မြန်မာ့စီးပွားရေးဦးပိုင် အများပိုင်ကဲ့သို့ ကိစ္စများတွင် ယင်းအချက်များမှာ မှန်ကန်စွာမရရှိပါ။ (အောက်တွင်ကြည့်ပါ)

**ဇယားကွက် (၂) – ၂၀၂၀ ပြည့်နှစ် ပွင့်သစ်စအစီရင်ခံစာမှ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု**

| | ပွင့်သစ်စ စံသတ်မှတ်ချက် မေးခွန်း | ကုမ္ပဏီအရေအတွက် |
|---|---|---|
| ၆ | ကုမ္ပဏီသည် ၎င်း၏မိခင်ကုမ္ပဏီ၊ ဦးပိုင်ကုမ္ပဏီ၊ လက်အောက်ခံကုမ္ပဏီ၊ တွဲဖက်ကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီ၊ အထူးရည်ရွယ်ချက်ဖြင့်ဆောင်ရွက်သည့် special purpose enterprises/vehicles (SPEs)/(SPVs) နှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို ဖော်ပြပါသလား။ (D1.5) | ၇၅ ခု |
| ၇ | ရှယ်ယာများ၏ ၅ ရာခိုင်နှုန်း (သို့) ၅ ရာခိုင်နှုန်းထက်ပိုသော ရှယ်ယာပိုင်ရှင်များသည် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြနိုင်သည့် အချက်အလက်များကို ဖော်ပြပါသလား။ (ASEAN CGS D1.1) | ၂၈ ခု |
| ၈ | ရှယ်ယာအများစုကိုပိုင်ဆိုင်သော ပိုင်ရှင်များကို သွယ်ဝိုက်သော (သို့မဟုတ်) တိုက်ရိုက်ကျသော နည်းလမ်းဖြင့် ဖော်ပြပါသလား။ (D.1.2) | ၂၈ ခု |
| ၁၀ | အကြီးတန်းစီမံခန့်ခွဲမှု၏ ပိုင်ဆိုင်သော ရှယ်ယာပမာဏကို တိုက်ရိုက်(သို့မဟုတ်)သွယ်ဝိုက်သော နည်းဖြင့် ဖော်ပြပါသလား။ (D1.4) | ၂၆ခု |

72 http://bo.dica.gov.mm/
73 Out of the Shadows, Global Witness Briefing 22 July 2020

## အကျိုးအမြတ်ရရှိပိုင်ဆိုင်သူနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထား စိစစ်ခြင်းလုပ်ငန်းစဉ် နှင့်စပ်လျဉ်း၍ ပြောင်းလဲ တိုးတက်မှုများ

၂၀၁၉ ခုနှစ် နိုဝင်ဘာလလယ်တွင် မြန်မာနိုင်ငံအစိုးရသည် အကျိုးခံစားခွင့်ရှိသူပိုင်ရှင် (Beneficial Owner) နှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ် (Customer Due Diligence – CDD)နှင့်သက်ဆိုင်သည့် ညွှန်ကြားချက်အသစ်တစ်ခုကို ထုတ်ပြန်ခဲ့သည်။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အမိန့်စာအမှတ် ၄၅/၂၀၁၉ တွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေတွင်ပါရှိသည့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အသုံးပြုခဲ့သည်။ ယင်းတွင် ဘဏ်လုပ်ငန်းများ၊ ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများ၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်းအဖွဲ့အစည်း၊ အာမခံလုပ်ငန်းများနှင့် ငွေချေးသက်သေခံရောင်းဝယ်ရေး ကုမ္ပဏီတို့လည်း ပါဝင်ပါသည်။ ရှေ့နေချုပ်ရုံးက ဥပဒေအရလုပ်ဆောင်ချက်များနှင့် တားမြစ်ပိတ်ပင်ချက်များ အသက်ဝင်အောင် ဖော်ဆောင်ရာတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လုပ်ဆောင်ရမည်ဟု အကြံပြုထားသည်။ ဗဟိုဘဏ် (ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ညွှန်ကြားချက်အမှတ် ၁၈ / ၂၀၁၉ အထက်တွင်ကြည့်ပါ) အပါအဝင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) နှင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) (အောက်တွင်ကြည့်ပါ) စသည့် အဖွဲ့အစည်းတော်တော်များများသည် အမိန့်စာများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ကြသည်။ ယင်းထုတ်ပြန်ချက်များသည် ၂၀၂၀ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သည့် APG ၏အစီရင်ခံပါ အကြံပြုချက်များဖြစ်သည့် ယခင်က နည်းပညာဆိုင်ရာ အားနည်းချက်များဖြစ်ခဲ့ပြီး၊ သတ်မှတ်ချက်များမရှိခဲ့သည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ် (CDD)၊ အမည်မသိအကောင့်များ၊ အကျိုးခံစားခွင့်ရှိသူပိုင်ရှင် အစရှိသည့် အချက်များ ထည့်သွင်းစဉ်းစား၍ ထုတ်ပြန်ထားခြင်းဖြစ်သည်။

ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) ၏ညွှန်ကြားချက် အမှတ် ( ၁/ ၂၀၁၉ )[74] သည် ညွှန်ကြားချက်အမှတ် (၃/၂၀၁၆) အားအစားထိုးသည့်အနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ၆၉၊ပုဒ်မခွဲ(ဂ)နှင့်ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၇၁၊ ပုဒ်မခွဲ (ခ) တို့နှင့်အညီ ဤညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ငွေချေးသက်သေခံကုမ္ပဏီများ၊ စတော့အိတ်ချိန်းနှင့် ကောင်တာဈေးကွက်တွင် ဆောင်ရွက်နေသည့် စိစစ်ခြင်းနှင့် သတင်းထုတ်ပြန်ချက်များကို တိုးမြှင့် လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် DICA၏ ညွှန်ကြားချက်အမှတ် (၁၇/၂၀၁၉) တွင် ကုမ္ပဏီများသည် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများဆိုင်ရာ အချက်အလက်များ ထုတ်ဖော်တင်ပြရမည်ဟု ညွှန်ကြားထားသည်။ သို့သော်လည်း မည်သို့သတင်းထုတ်ပြန် အစီရင်ခံရမည်ဆိုသည့် အသေးစိတ်လမ်းညွှန်ချက်များမပါရှိသောကြောင့် စီးပွားရေးလုပ်ငန်းများနှင့် ဥပဒေရေးရာအသိုင်းအဝန်းမှသူများက ညွှန်ကြားချက်နှင့်အညီ မည်သို့ဆောင်ရွက်ရမည်ကို မသိရှိပါ။ ဒီဇင်ဘာ ၂၀၁၉ ခုနှစ်တွင် DICA သည် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများဆိုင်ရာ သတင်းအချက်များကို တင်ပြတောင်းဆိုခဲ့ပြီး၊ MCRBမှ လည်း DICA ညွှန်ကြားချက် ၁၇/၂၀၁၉ နှင့် SECM နှင့် CBM တို့၏ချဉ်းကပ်မှုအကြား ကွဲပြားခြားနားနေမှုများကို သတိပြုမိစေရန် သဘောထားမှတ်ချက်များနှင့် အကြံပြုချက်များကို ကျယ်ကျယ်ပြန့်ပြန့် ပေးပို့ခဲ့သည်။[75] အထူးသဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဟူသော စံသတ်မှတ်ချက်မှ အစု

74 Directive for the Enhanced Customer Due Diligence Measures of Anti-Money Laundering and Combating Financing to Terrorism in Securities Industry, ညွှန်ကြားချက် ၁/၂၀၁၉၊ SECM ၁၈ ရက်၊ နိုဝင်ဘာလ ၂၀၁၉ ခုနှစ်။

75 MCRB Provides Comments to DICA Consultation on the Disclosure of Company Information, MCRB 31 January 2020

ရှယ်ယာပိုင်ဆိုင်မှုသည် အစိုးရဌာနများ အချင်းချင်းကွဲလွဲမှုရှိပါသည်။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနည်းဥပဒေတွင် စံသတ်မှတ်ချက်အား အပြည်ပြည်ဆိုင်ရာစံ သတ်မှတ်များ အတိုင်း အစုရှယ်ယာ ၂၅ ရာခိုင်နှုန်းဟုသတ်မှတ်ထားသည်။ သို့သော်လည်း ဗဟိုဘဏ်သည် ၂၀ ရာခိုင်နှုန်းဟုသတ်မှတ်၍ DICA ၏ညွှန်ကြားချက် (၁၇/၂၀၁၉) တွင် MEITI မှ သတ်မှတ်ထားသော ၅ ရာခိုင်နှုန်းကိုသာ ကုမ္ပဏီအားလုံးအတွက် သတ်မှတ်ထားသည်။ MEITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) မှ သယံဇာတတူးဖော်ခြင်းလုပ်ငန်းများအတွက် ရာခိုင်နှုန်း အနည်းငယ်ကိုသာ သတ်မှတ်ထားခြင်းဖြစ်သော်လည်း ယင်းမှာ ကုမ္ပဏီအားလုံးကို သတ်မှတ်ရန် ယုတ္တိမရှိပါ။

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၂၀၁၆ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ[76] သည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ လိုက်နာကျင့်သုံးရန် တူညီသည့် ဥပဒေတစ်ရပ် ဖြစ်သည်။ ဤဥပဒေသည် ၂၀၁၂ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ၂၀၁၃ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကို အစားထိုးထားသော ဥပဒေတစ်ရပ်လည်း ဖြစ်သည်။ ၂၀၁၇ ခုနှစ်၊ မတ်လတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ (MIR)[77] အား လက်ခံကျင့်သုံးလာကြသည်။ ဥပဒေအသစ်နှင့် စည်းမျဉ်းစည်းကမ်းအသစ်များတွင် ယခင် ၂၀၁၂ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နှိုင်းယှဉ်လျှင် အချို့သော ပြောင်းလဲမှုများကို ထည့်သွင်းမိတ်ဆက်ထားသည်။ ထိုပြောင်းလဲမှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ခွင့်ပြုချက်အမျိုးအစားသစ်များအား ထည့်သွင်းမိတ်ဆက်ထားသည်။ တစ်ခုမှာ မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ အပြည့်အဝခွင့်ပြုချက်ဖြစ်ပြီး အခြား တစ်ခုမှာခွင့်ပြုချက်ရရန် အနည်းငယ်မြန်ဆန်သည့် မြေနေရာအသုံးပြုနိုင်ရန် အတွက် အတည်ပြုချက် (သို့) ထောက်ခံချက်တို့ဖြစ်သည်။ မဟာဗျူဟာကျသော၊ ကြီးမားသော၊ သဘာဝပတ်ဝန်းကျင် (သို့) လူမှုဝန်းကျင်အား သက်ရောက်မှု ရှိသော စီမံကိန်းများအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက် အပြည့်အစုံရရှိရန်လိုအပ်သည်။ (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၏ အပိုဒ် ၃၆၊ မြန်မာ့ရင်းနှီးမြှုပ်နှံစည်းမျဉ်းများ (၃-၁၁) တွင် ထပ်မံဖော်ပြထားသည်)
- မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေသည် ရင်းနှီးမြှုပ်နှံသူတိုင်းအတွက် သက်ရောက်မှု ရှိသည်။ ယခင် ၂၀၁၂ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံ မှုကော်မရှင်၏ ခွင့်ပြုချက်ကိုင်ဆောင်ထားသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ နှင့်သာ သက်ဆိုင်သည်။ ယခု မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်တွင် မြန်မာနိုင်ငံ ၌ ရင်းနှီးမြှုပ်နှံသူများအားလုံးသည် ၂၀၁၆ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရင်းနှီး မြှုပ်နှံသူအဖြစ် အကျုံးဝင်သည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေအား လက်ခံကျင့်သုံးပြီးနောက် အစိုးရသည် ရင်းနှီးမြှုပ်နှံမှုမူဝါဒ တစ်ခုကိုလည်း ၂၀၁၆ ဒီဇင်ဘာတွင် လက်ခံကျင့်သုံးခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် "တာဝန်ယူမှုရှိပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိစေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု" ကို ကြိုဆိုသည် ဟူသောအချက်ကို ထင်ရှားစေပြီး လုပ်ငန်းများလုပ်ကိုင်နိုင်ရန် ပွင့်လင်းမြင်သာသော၊ ရှင်း လင်းသော၊ မြန်ဆန်ထိရောက်သော နည်းလမ်းများဖြင့် ဆောင်ရွက်ပေးမည်ဟု ကတိပေးရာ ရောက်သည်။ ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ အချက် (၅) တွင် "ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အနေဖြင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးကျင့်ဝတ်များကို လိုက်နာကျင့် သုံးပြီး သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ အကြောင်းအရာများကို ခွဲခြား

76 မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ၄၀/၂၀၁၆။
77 မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမိန့်ညွှန်ကြားချက် ၃၅/၂၀၁၇။

ဆက်ဆံခြင်း လုံးဝမရှိသော တန်းတူညီတူနည်းဖြင့် ဖြေရှင်းလုပ်ကိုင်ရမည်" ဟု ဖော်ပြထားသည်။

## မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ဖော်ကြေညာချက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေများအရ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှခွင့်ပြုချက် ရရှိသောကုမ္ပဏီနှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုယ်တိုင် ထုတ်ဖော်ကြေညာမှုများ ပြုလုပ်ရန် လိုသော်လည်း ယနေ့အချိန်အထိ ယင်းပွင့်လင်းမြင်သာမှုဆိုင်ရာအချက်ကို အကောင်အထည် ဖော်ခြင်းနှင့် အကောင်အထည်ဖော်စေရန် တိုက်တွန်းခြင်းများ မရှိသေးပါ။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာ အကျဉ်းချုပ်အား အဆိုပြုလွှာကို လက်ခံရရှိသည့် (၁၀) ရက်အတွင်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထိုအဆိုပြုလွှာအား စိစစ်ဆုံးဖြတ်ခြင်းမပြုမီ အများပြည်သူများသိရှိစေရန် ထုတ်ပြန်ရမည်ဖြစ်ကြောင်း သတ်မှတ်ချက် ပါရှိသည်။ သို့သော်လည်း ထိုအဆိုပြုလွှာ အကျဉ်းချုပ်များအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က သဘောတူလက်ခံပြီးမှသာလျှင် ထုတ်ပြန်ကြေညာကြောင်း သိရှိရသည်။ ထို့အပြင် သတင်းအချက်အလက်မှာ ပြည့်စုံမှုမရှိသည့်အပြင် ရင်းနှီးမြှုပ်နှံသူများက စာရွက်စာတမ်းဖြည့်စွက်ရာတွင် လက်ရေးဖြင့်ရေးသားပြီး PDF အဖြစ် အသွင်ပြောင်းလိုက်ခြင်းကြောင့် ထိုအချက်အလက်များကို အွန်လိုင်းတွင် ရှာဖွေလိုသောအခါတွင် အလွန်ခက်ခဲကြောင်း တွေ့ရှိရပါသည်။

သတင်းအချက်အလက်များအား မြန်မာရင်းနှီးမြှုပ်နှံမှုလမ်းညွှန် (MyInDy) တွင်ပါ ရရှိနိုင်သဖြင့် ကုမ္ပဏီများ၏အမည်၊ ကဏ္ဍ၊ လုပ်ငန်းဆောင်ရွက်နေသည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် လုပ်ကိုင်ခွင့် အမျိုးအစားကိုတို့ကို ရှာဖွေနိုင်သည့်အပြင် အစိုးရအဖွဲ့အစည်းများကိုလည်း ရှာဖွေနိုင်သော[78] တိုးတက်မှုတစ်ခုအား ၂၀၂၀ ခုနှစ်တွင် တွေ့မြင်ခဲ့ရပါသည်။ သို့သော်လည်း ကုမ္ပဏီအချို့မှာ အရည်အသွေးညံ့ဖျင်းပြီး ရှာဖွေ၍မရနိုင်သည့် ကုမ္ပဏီသမိုင်းကြောင်းဆိုင်ရာအချက်အလက်များကို တင်ထားသောကြောင့် ယင်း၏အသုံးဝင်မှုကို အကန့်အသတ်ဖြစ်စေပါသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လျှောက်လွှာများ အွန်လိုင်းမှတင်သွင်းခြင်း မိတ်ဆက်ပေးခြင်းနှင့်အတူ သတင်းအချက်အလက်များ ထုတ်ဖော်ပါရှိလာမည်ဟု မျှော်လင့်ရသဖြင့် နောက်ထပ် တိုးတက်မှုများအား တွေ့ရှိရတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ကော်မရှင်က ခွင့်ပြုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကိုပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်ပြအစီရင်ခံရန် လိုအပ်ပြီး (မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အပိုဒ် ၂၄ ဆ) ၎င်း၏ ဝက်(ဘ်)ဆိုဒ်တွင်လည်း ရက်ပေါင်း (၂၀) အတွင်း ထိုအစီရင်ခံစာအား အများပြည်သူသိရှိရန် ထုတ်ပြန်ရမည် (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ ၁၄၈)။ မြန်မာ့ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းများအရ ယင်းအစီရင်ခံစာတွင် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်ရမည်–

(က) ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုအခြေအနေ၊

(ခ) ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်သည့်ဌာနခွဲနှင့် ရင်းနှီးမြှုပ်နှံမှု အကူအညီပေးရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအကျဉ်းချုပ်နှင့် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်း ဆောင်ရွက်ချက်များ အပါအဝင် ကော်မရှင်၏ အဓိကလုပ်ငန်းဆောင်ရွက်ချက်များ၊

(ဂ) ရင်းနှီးမြှုပ်နှံသူများ၏ တိုင်ကြားချက်များအတွက် နစ်နာမှုဖြေရှင်းချက်များ အကျဉ်းချုပ်နှင့်

78 https://www.dica.gov.mm/en/myindy/

(ဃ) ရင်းနှီးမြှုပ်နှံသူများအပေါ် ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များစာရင်း။

စာမျက်နှာ ၂ မျက်နှာသာပါဝင်သော ၂၀၁၈-၁၉ အစီရင်ခံစာအကျဉ်းချုပ်သာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ၏ ဝက်(ဘ်)ဆိုဒ်တွင် ရယူနိုင်ပါသည်။

## ရင်းနှီးမြှုပ်နှံသူမှ ထုတ်ဖော်ကြေညာချက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကိုင်ဆောင်ထားသူများ (သို့မဟုတ်) (ပြည်ထောင်စုအဆင့် သို့မဟုတ် ပြည်နယ်/တိုင်းအဆင့်မှ) အခွန်သက်သာခွင့်ရရှိထားသူများသည် နှစ်စဉ် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးလအတွင်း နှစ်စဉ်အစီရင်ခံစာအား သတ်မှတ်ထားသောပုံစံဖြင့် တင်ပြပြီး အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာရမည် (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ ၁၉၆/၁၉၉)။ ပါဝင်ရမည့် အကြောင်းအရာများမှာ -

၁။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲခြင်း - တိုးတက်မှု၊ အရေးပါသည့်ပြောင်းလဲမှုများ၊ ဥပဒေအား လိုက်နာဆောင်ရွက်မှုနှင့် လိုက်နာရန်ပျက်ကွက်ပါက ပျက်ကွက်ရသည့်အကြောင်းရင်း၊ စာရင်းစစ်ဆေးပြီးသော ငွေစာရင်းရှင်းတမ်းများ။

၂။ အခွန်သက်သာခွင့်များနှင့် ဇုန်အလိုက် ရင်းနှီးမြှုပ်နှံမှု ကင်းလွတ်ခွင့်များ (သက်ဆိုင်ပါက)။

၃။ ရင်းနှီးမြှုပ်နှံမှုအား ရေရှည်တည်တံ့မှုဆိုင်ရာ သတ်မှတ်ချက်များ ပြည့်မီစေရန် မည်သို့ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းတွင် ပါဝင်ရမည့်အချက်များမှာ - ဝန်ထမ်း၏ စွမ်းဆောင်မှုအရည်အသွေး။

၄။ ရင်းနှီးမြှုပ်နှံရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူလူထုအပေါ် သက်ရောက်မှု။

၅။ မြေယာအသုံးပြုမှုနှင့်။

၆။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အပိုဒ် ၃ ရှိ ရည်မှန်းချက်များအား ပြည့်မီစေရန် ရင်းနှီးမြှုပ်နှံမှုအား မည်သို့ဆောင်ရွက်နေကြောင်း၊ ဆိုလိုသည်မှာ လူမှုအသိုင်းအဝိုင်းနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ဘေးအန္တရာယ် မကျရောက်စေဘဲ နိုင်ငံနှင့် နိုင်ငံသားတို့အတွက် အကျိုးရှိစေရန်အပြင် အပြည်ပြည်ဆိုင်ရာစံနှုန်းများ ပြည့်မီစေရန်အတွက် တာဝန်ယူမှုရှိသော၊ ရေရှည်တည်တံ့သော သန္နိဋ္ဌာန်ဖြင့် ရင်းနှီးမြှုပ်နှံမှုအား မည်သို့ဆောင်ရွက်နေကြောင်း။

ရင်းနှီးမြှုပ်နှံသူသည် နှစ်စဉ်အစီရင်ခံစာ၏ အကျဉ်းချုပ်ကို တင်ပြသည့်နေ့မှစ၍ (၃) ရက်အတွင်း ယင်း၏ ဝက်(ဘ်)ဆိုဒ်တွင်ဖြစ်စေ (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အား ဝက်(ဘ်) ဆိုဒ်လိပ်စာကို အကြောင်းကြားခြင်းဖြင့်) အများပြည်သူ သိရှိစေရန် ထုတ်ပြန်ရမည် (သို့မဟုတ်) အကယ်၍ ရင်းနှီးမြှုပ်နှံသူ၌ ဝက်(ဘ်)ဆိုဒ်မရှိပါက ကော်မရှင်၏ ဝက်(ဘ်)ဆိုဒ်တွင် soft copy တင်၍ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည် (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ ၁၉၉)။

လက်တွေ့တွင်မူ ထိုနှစ်ပတ်လည်ဆောင်ရွက်ချက်အစီရင်ခံစာများကို တင်ပြရန် (သို့မဟုတ်) ထုတ်ပြန်ပေးရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) က ရင်းနှီးမြှုပ်နှံသူများအား ဇွန်လ ၁၂ ရက်၊ ၂၀၁၈[79] ခုနှစ်တွင် သတိပေးခဲ့သော်လည်း လိုက်နာလုပ်ဆောင်ထားခြင်းမျိုးကို မတွေ့ရှိရသေးပါ ။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) သည် ပုံစံ-၁၁[80] ကို ရည်ညွှန်းထားသော်လည်း စည်းမျဉ်း ၁၉၆ အရ အစီရင်ခံစာတွင် လိုအပ်သောအကြောင်းအရာများ အလုံးစုံ မပါဝင်သောကြောင့် အစီရင်ခံစာပုံစံကို ရှင်းလင်းအောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

79 Notice regarding Annual Performance Report, DICA 12 June 2018
80 Annual Performance Report (Form 11) DICA

ကုမ္ပဏီများသည် အစီရင်ခံစာများနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ လမ်းညွှန်ပြသမှုကို လိုအပ်သော်လည်း ပတ်သက်ဆက်နွှယ်သူများနှင့် ပိုမိုတွင်ကျယ်စွာ ဆက်သွယ်နိုင်ရန်အတွက် တစ်ချိန်တည်းမှာပင် ထိုအစီရင်ခံစာများကို တင်ပြခြင်းနှင့် ကုမ္ပဏီဝက်(ဘ်)ဆိုဒ်များတွင် ထုတ်ပြန်ကြေညာခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်ပါသည်။

DICA ၏ အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO)၊ MEITI အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဆိုင်ရာအချက်အလက်များ ဒေတာဘေ့စ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှု လမ်းညွှန် (MyInDy)၊ လုပ်ထုံးလုပ်နည်းနှင့် ငွေကြေးနှင့်ပတ်သက်သည့် အွန်လိုင်းပေါ်မှ ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်သည့် အချက်များနှင့် ကွာဟချက်များရှိနေသော်လည်း ၎င်းတွင်ပါရှိသည့် စီးပွားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် ပါဝင်သော မြန်မာအာဏာပိုင်များနှင့် ပတ်သက်၍ သတင်းအချက်အလက် ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ပြီး၊ အသုံးပြုသူများအတွက် လွယ်ကူသော ဝက်(ဘ်)ဆိုဒ်တစ်ခုပင် ဖြစ်သည်။

## ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ၊ ၂၉ ရက်တွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို အစိုးရက ထုတ်ပြန်ကြေညာခဲ့ပြီး အများပြည်သူ၏ အကြံပေးဆွေးနွေးခြင်းများဆောင်ရွက်ရန်နှင့် အဆိုပါဆန်းစစ်ချက် (လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများလည်း ပါဝင်သည်) အစီရင်ခံစာကို တရားဝင်ထုတ်ပြန်ကြေညာရန် လိုအပ်သည်ဟု ထုတ်ပြန်ခဲ့သည်။ IEE/EIA လုပ်ငန်းစဉ်တစ်လျှောက် အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာရမည့် သတ်မှတ်ချက်အပြည့်အစုံကို မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်များတွင် အများပြည်သူ ပူးပေါင်းပါဝင်မှုများအတွက် လမ်းညွှန်ချက်မူကြမ်းတွင် အသေးစိတ်ဖော်ပြထားသည်။ ယင်းလုပ်ငန်းစဉ်မှာ ကံအကြောင်းမလှစွာဖြင့် မူကြမ်းအဖြစ် ၃ နှစ်ခန့်ကြာမြင့်ခဲ့သည်။[81] ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်၏ နောက်ဆက်တွဲ ၁ ကို ၂၀၁၉ ဒီဇင်ဘာတွင် ထုတ်ပြန်နိုင်ခဲ့သည်။[82]

အဆိုပါလုပ်ထုံးလုပ်နည်းတွင် (သဘာဝပတ်ဝန်းကျင်အား ကနဦးစစ်ဆေးခြင်း လုပ်ငန်းအတွက် ဥပဒေပုဒ်မ ၃၈၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအတွက် ဥပဒေပုဒ်မ ၆၅) စီမံကိန်းအဆိုပြုသူ (ကုမ္ပဏီဖြစ်စေ အများနှင့်သက်ဆိုင်သောကိုယ်စားလှယ်များဖြစ်စေ)အနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်သွင်းပြီးနောက် ၁၅ ရက်ထက် နောက်မကျစေဘဲ လူမှုအဖွဲ့အစည်း၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် အခြားအကျိုးသက်ဆိုင်သူများသိရှိနိုင်ရန် ထုတ်ဖော်ကြေညာရမည် ဖြစ်သည်။ ထိုသို့ထုတ်ဖော်ကြေညာရမည့် နည်းလမ်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

- စီမံကိန်း သို့မဟုတ် စီမံကိန်းအဆိုပြုသူ၏ ဝက်(ဘ်)ဆိုဒ်ပေါ်တွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာကို ဖော်ပြထားရှိခြင်း။
- သတင်းစာကဲ့သို့သော မီဒီယာများမှတစ်ဆင့် ဆက်သွယ်အကြောင်းကြားခြင်း။
- စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင် ထုတ်ဖော်ကြေညာခြင်း။
- စီမံကိန်းအဆိုပြုသူ၏ ရုံးဌာနများတွင် ထုတ်ဖော်ကြေညာခြင်း။

အဆိုပါနေရာများအပြင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက အစီရင်ခံစာကို လက်ခံရရှိပြီးသောအခါ အွန်လိုင်း

81 မြန်မာနိုင်ငံ၏ EIA လုပ်ငန်းစဉ်များ၌ အများပြည်သူမှ ပူးပေါင်းပါဝင်မှုဆိုင်ရာ လမ်းညွှန်မူကြမ်း၊ ၃၁ ရက်၊ မေလ ၂၀၁၇ ခုနှစ်။

82 MONREC စာအမှတ် ၂၄၆/၂၀၁၉ ခုနှစ်၊ ဆောက်လုပ်ရေးနှင့်ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လှုပ်ရှားမှုများ၊ ဒီဇင်ဘာလ ၂၀ ရက်၊ ၂၀၁၉ ခုနှစ်၊ MCRB ဖိုင်တွဲ။

ပေါ်တွင် အများပြည်သူ ဝင်ရောက်လေ့လာနိုင်အောင် တင်ပြထားရှိရန် လိုအပ်သလို ၎င်း၏ ဆုံးဖြတ်ချက် (သဘောတူခွင့်ပြုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) ထုတ်ပေးပြီး အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာရမည် (သို့မဟုတ်) ငြင်းပယ်ခံရလျှင်လည်း ထုတ်ပြန်ကြေညာရမည်) (EIA လုပ်ထုံးလုပ်နည်းများ၊ အပိုဒ် ၄၁၊ အပိုဒ် ၇၀၊ အပိုဒ် ၈၀) နှင့် ဆုံးဖြတ်ချက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများရှိပါကလည်း (EIA လုပ်ထုံးလုပ်နည်းများ၊ အပိုဒ် ၇၅) ယင်းတို့ကို ထုတ်ပြန်ကြေညာရန် လိုအပ်ပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ကုမ္ပဏီအနေဖြင့် ၎င်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) ကို ထုတ်ပြန်ကြေညာရန် သတ်မှတ်ချက် တိတိကျကျမရှိသော်လည်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၏နောက်ဆက်တွဲများတွင်ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ကုမ္ပဏီ၏ ခြောက်လတစ်ကြိမ် ရေးသားထုတ်ပြန်သော စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာများကိုလည်း ကုမ္ပဏီ၏ စီမံကိန်းပြီးဆုံးချိန်မှစ၍ (၁၀) ရက်အတွင်း ဝက်(ဘ်)ဆိုဒ်နှင့် အများပြည်သူဆိုင်ရာ နေရာများတွင် ထုတ်ပြန်ကြေညာရန် လိုအပ်သည်။ ၎င်းတို့သည် စီမံကိန်းများ၏ လုပ်ငန်းလည်ပတ်နစ်နာမှုများကို တိုင်ကြားနိုင်သည့် ယန္တရားမှ ရရှိသော တိုင်ကြားမှုများကို မှတ်တမ်းတင်ထားသင့်ပါသည်။ ၎င်းမှာလည်း ECCs ၏ လိုအပ်ချက်စံနှုန်းတစ်ခု ဖြစ်လာသည်။

သို့သော် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာကို အနည်းအကျဉ်းသော ကုမ္ပဏီများကသာ ထုတ်ဝေထားသည်။ ထို့အပြင် အကျိုးသက်ဆိုင်သူများက မည်သည့်ရင်းနှီးမြှုပ်နှံမှုများ၏ IEE/ EIA အား ဆောင်ရွက်နေသည် အစရှိသည်တို့ကို ကြည့်ရှုနိုင်ရန် အွန်လိုင်း အချက်အလက်မရှိခြင်း၊ တိုးတက်မှုအတိုင်းအတာကို သိရှိခွင့်နှင့် ထုတ်ဖော်ကြေညာထားသော အစီရင်ခံစာများ ကြည့်ရှုခွင့်မရှိခြင်းစသော စီမံအုပ်ချုပ်မှုဆိုင်ရာ ကိုင်တွယ်မှုများသည် ပွင့်လင်းမြင်သာမှုမရှိခြင်းတို့ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်၏ ဂုဏ်သတင်းသည်လည်း ပျက်စီးယိုယွင်းလျက်ရှိသည်။

အခြားပြဿနာတစ်ခုမှာ စာရင်းစစ်ခြင်းဆိုင်ရာများကဲ့သို့ပင် ကုမ္ပဏီများသည် အရည်အသွေးပြည့်မီသည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာအတွက် ငွေကြေးအကုန်အကျခံရန် မလိုလားကြပေ။ ကုမ္ပဏီအများစုသည် အခြေခံအချက်အလက်များ၊ ဘေးအန္တရာယ်ဆန်းစစ်ချက်နှင့် ဘေးအန္တရာယ်လျော့ပါးစေရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ လုံလုံလောက်လောက် ပါဝင်ခြင်းမရှိသည့် အစီရင်ခံစာများကိုသာ တင်ပြကြသည်ကို တွေ့ရသည်။ ထို့အပြင် ၎င်းတို့ကို အများနှင့် တိုင်ပင်ညှိနှိုင်းဆွေးနွေးမှု ပမာဏအားနည်းစွာဖြင့် စီစဉ်ဆောင်ရွက်လေ့ရှိသည်။

## အခန်း – ၃။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု နှင့် ထုတ်ဖော်ကြေညာခြင်း ဆိုင်ရာ အကြောင်းအရာများ

ရခိုင်ပြည်နယ်ရှိ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်တွင် ပွင့်သစ်စ အစီရင်ခံသာမက အခြားအစီရင်ခံစာများစွာနှင့် စည်းရုံးလှုံ့ဆော်ရေး ဆောင်ရွက် မှုများတွင် "ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်လာနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်း (due diligence)"၊ ကော်ပိုရိတ်အုပ်ချုပ်မှု၊ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှုတို့သည် စီးပွားရေးလုပ်ငန်းများ တာဝန်ယူမှုရှိစွာ လုပ်ဆောင်နိုင်ရန်နှင့် ဥပဒေရေးရာနှင့် မူဝါဒပြုပြင်ပြောင်းလဲရေးတို့ကို ဆက်လက်လုပ်ဆောင်သွားနိုင်ရန်အတွက် အလွန်အရေးပါကြောင်း ဖော်ပြခဲ့ကြသည်။ ဤအချက်များမှာ ယခုမှ စတင်ကျယ်ပြန့်လာသောအရာများ မဟုတ်ပါ။ မြန်မာနိုင်ငံသည် လူ့အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်း ကျင့်ဝတ်ဖြောင့်မှန်ရေး ဂုဏ်သိက္ခာဆိုင်ရာ အကြောင်းအရာများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် စွန့်စားမှုမြင့်မားသော ဈေးကွက်တစ်ခုအဖြစ် ရှိနေခဲ့ပြီးဖြစ်သည်။[83] ပြီးနောက် မြန်မာနိုင်ငံသည် စစ်အုပ်ချုပ်ရေးကာလတွင် တက်တက်ကြွကြွ သပိတ်မှောက်လှုပ်ရှားမှုများနှင့် အစရှိသည့် အုပ်ချုပ်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းများကြောင့် အခြားနိုင်ငံများ ထက်ပို၍ အာရုံစိုက်မှုခံနေရသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ရှိနေပြီဖြစ်သည်။ ဤအချက်များကြောင့် မြန်မာနိုင်ငံရှိကုမ္ပဏီများသည် ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်လာနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်း (due diligence)များ ဆောင်ရွက်ပြီး ထိုဆောင်ရွက်မှုများကို ထုတ်ဖော်ပြသခြင်းဖြင့် မိမိတို့၏ကုမ္ပဏီအဖွဲ့အစည်းများသည် လူ့အခွင့်အရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ကြိုတင်သိရှိ၍ ကြိုတင်ကာကွယ်မှုများဖြင့် စီမံနေကြောင်းကို ပေါ်လွင်နေစေရန်မှာ အလွန်အရေးကြီးပါသည်။

### စီးပွားရေးနှင့် လူ့အခွင့်အရေး

ရိုဟင်ဂျာပြဿနာများကြောင့် တာဝန်ယူမှုရှိစွာလုပ်ဆောင်လိုသည့် ကုမ္ပဏီများသည် မြန်မာနိုင်ငံဈေးကွက်သို့ ဝင်ရောက်သင့်၊ မသင့် (သို့မဟုတ်) စီးပွားရေးဆက်လက်လုပ်ကိုင်သင့်၊ မသင့်နှင့်စပ်လျဉ်းသည့် ဆွေးနွေးငြင်းခုန်မှုများပြန်လည် ဖြစ်ပေါ်လာစေခဲ့သည်။ ဤသည်မှာ ဥရောပနိုင်ငံများတွင် တွင်ကျယ်လာသော အကြောင်းအရာတစ်ခုဖြစ်သည့် ကုမ္ပဏီများ အနေဖြင့် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ ထောက်ပံ့ရေးကွင်းဆက်တို့နှင့် ဆိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန်စစ်ဆေးခြင်းနှင့်ထိခိုက်စေနိုင်သည့်သက်ရောက်မှုများအားကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) များကို လုပ်ဆောင်ရန်နှင့် အထူးကိစ္စရပ်များဖြစ်သည့် ကလေးလုပ်သားနှင့် ကျေးကျွန်ပြုခြင်းတို့အပါအဝင် ၎င်းတို့ဆောင်ရွက်ပြီးစီးမှုနှင့် အစီရင်ခံခြင်းတို့ကို မဖြစ်မနေ လုပ်ဆောင်ရန်အတွက် ဥပဒေပြဋ္ဌာန်းရန် ဆောင်ရွက်နေမှုများနှင့်ယှဉ်လျှင် ဆန့်ကျင်ဖက်ဖြစ်နေသည်။[84] ဤအရာများက ကုမ္ပဏီများကို စွန့်စားမှုနည်းသည်ဟုယူဆသော ဈေးကွက်များသို့သာဝင်၍ ၎င်းတို့၏စီးပွားရေးလုပ်ငန်းများကို ခိုင်မာအောင်လုပ်ဆောင်ခြင်းမျိုး ဖြစ်ပေါ်စေနိုင်သောကြောင့် မြန်မာအစိုးရအနေဖြင့် လူ့အခွင့်အရေးကို ကာကွယ်ရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်လိုအပ်ကြောင်း ဖော်ပြနေသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများ လူ့အခွင့်အရေးကို လေးစားလိုက်နာနိုင်သော ပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်စေရန် ပံ့ပိုးပေးသင့်သည်။ သို့မဟုတ်ပါက မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု (ESG)များနှင့်အညီ လုပ်ကိုင်ရန်ကြိုးပမ်းနေသော၊တာဝန်ယူမှုရှိသောစီးပွားရေး လုပ်ငန်းများ ပေါ်ပေါက်စေရန် ပြုပြင်ပြောင်းလဲမှုများတွင် တက်ကြွစွာပါဝင်လိုသည့် ရင်းနှီးမြှုပ်နှံသူများထံမှ ရင်းနှီးမြှုပ်နှံမှုများနှင့် လွဲချော်သွားနိုင်သည်။

အထူးသဖြင့် မကြာသေးမီနှစ်များအတွင်းက အဓိကအာရုံစိုက်ခံရသောအရာမှာ စစ်တပ်ပိုင် ကုမ္ပဏီများအား စီးပွားရေးမိတ်ဖက်များ (သို့မဟုတ်) ပေးသွင်းသူများအဖြစ် လုပ်ကိုင်ဆောင်

83 ဥပမာ–ကမ္ဘာ့ဘဏ်နှင့် Natural Resources Governance Institute (NRGI) နှင့် Bookings Worldwide Governance Indicators (WGI) နှင့် World Justics Project ၏ တရားဥပဒေစိုးမိုးမှုညွှန်းကိန်းကို ကြည့်ပါ။

84 မဖြစ်မနေ လုပ်ဆောင်ရန်လိုအပ်သော ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန်စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) ဆောင်ရွက်ရန် စီးပွားရေးနှင့်လူ့အခွင့်အရေး အရင်းအမြစ်စင်တာ ဝက်(ဘ်)ဆိုဒ်တွင် ရရှိနိုင်သည်။ ဥပဒေအကြောင်းအရ တာဝန်ယူမှုနှင့် ၎င်းကို မိတ်ဆက်ပေးရန် အဆိုပြုချက်မှာ ဆွစ်ဇာလန်နိုင်ငံ ဆန္ဒခံယူပွဲတွင် တင်းကြပ်စွာ ပယ်ချခံခဲ့ရသည်။ ဆွစ်ဇာလန်နိုင်ငံသည် မဖြစ်မနေ အစီရင်ခံတင်ပြခြင်းကို အားပေးသောကြောင့် ပြည်ပတွင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် စီးပွားရေးတာဝန်ယူမှုအား တိုးမြှင့်ခြင်းကို မပေးခဲ့သည်။ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၉ ရက် CNN.

ရှက်ခြင်းဖြစ်သည် (အောက်တွင် ကြည့်ပါ)။[85] သို့သော် ရိုဟင်ဂျာကိစ္စရပ်များဖြစ်ပွားသည့်ကာလတွင်[86] မြန်မာကုမ္ပဏီများ လှူဒါန်းမှုများပြုလုပ်ရာ၌ အကဲဖြတ်သုံးသပ်မှုညံ့ဖျင်းသဖြင့် စစ်တပ်သို့ရောက်ရှိသွားသော လှူဒါန်းမှုရလဒ်ကြောင့် ၂၀၁၉ ခုနှစ်တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေး မစ်ရှင်း (IFFMM) မှ ထုတ်ပြန်လိုက်သော အစီရင်ခံထွက်ရှိလာကတည်းက ယင်းကုမ္ပဏီများနှင့် စီးပွားရေးမိတ်ဖက် ပြုလုပ်နေသူများကိုပါ စောင့်ကြည့်ခြင်းခံနေရသည် (အောက်တွင် ကြည့်ပါ)။

၂၀၁၈ ခုနှစ်အစောပိုင်းက ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်း (IFFMM) ၏ အစီရင်ခံစာတွင် အောက်ပါအတိုင်း အကြံပြုခဲ့သည်။

"၁၇၁၇။ ။ မြန်မာနိုင်ငံတွင် လက်ရှိ လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများ (သို့မဟုတ်) မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် ရောင်းဝယ်ဖောက်ကားမှု (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုစသည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများသည် မြန်မာ့လုံခြုံရေးတပ်ဖွဲ့များ၊ အထူးသဖြင့် တပ်မတော်နှင့်ဖြစ်စေ (သို့မဟုတ်) တပ်မတော်ကဖြစ်စေ၊ ၎င်းတို့ထဲမှ တစ်ဦးဦးကဖြစ်စေ ထိန်းချုပ်လုပ်ကိုင်နေသော၊ သို့မဟုတ် ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးအရဖြစ်စေ၊ ဘဏ္ဍာရေးအရဖြစ်စေ မစ်ရှင်တွင် အကြံပြုဖော်ပြထားသည့်အတိုင်း ပြန်လည်ဖွဲ့စည်းထားခြင်း (သို့မဟုတ်) ပြောင်းလဲထားခြင်း မရှိပါက ဆက်စပ်ဆောင်ရွက်ခြင်း မပြုလုပ်သင့်ပါ။"[87]

၂၀၁၈ ခုနှစ် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် မစ်ရှင်း၏ အကြံပြုချက်များတွင် အောက်ပါအချက်များ ပါဝင်သည်။

"၁၆၉၀။ ။ အရပ်ဖက်အာဏာပိုင်များနှင့် တပ်မတော်အပါအဝင် မြန်မာနိုင်ငံအစိုးရသည် သိသာထင်ထားရှားသော လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ချက်ချင်းလုပ်ဆောင်သင့်သည်။

(စ)တပ်မတော်အတွက်ရန်ပုံငွေအားလုံးကို လွှတ်တော်မှအတည်ပြုရန်နှင့် လွှတ်တော်၏ ထိန်းချုပ်မှုအောက်တွင်မရှိသော တပ်မတော်၏ မည်သည့်ဝင်ငွေရလမ်းကိုမဆို တားရန်လိုအပ်သည်။ ထို့ကြောင့် တပ်မတော်အား မြန်မာ့စီးပွားရေးလုပ်ငန်းကဏ္ဍတွင် မည်သည့်ဆောင်ရွက်မှုမျိုးမဆို ပါဝင်ဆောင်ရွက်ခြင်း မပြုနိုင်ရန်နှင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား မည်သည့်စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုမျိုးကိုမဆို အကျိုးစီးပွားအတွက်ထိန်းချုပ်ခြင်းအား ဥပဒေအရတားမြစ်ပါ။"[88]

ထိုအချိန်မှစ၍ နိုင်ငံတကာမှရင်းနှီးမြှုပ်နှံသူများနှင့် အခြားအဖွဲ့အစည်းများသည် မြန်မာစီးပွားရေးမိတ်ဖက်နှင့်စပ်လျဉ်း၍စစ်တပ်နှင့်ဆက်နွှယ်မှုရှိသည့်သက်သေအထောက်အထားများကို စုံစမ်းစစ်ဆေးမှုများ (due diligence)အသေးစိတ်ပြုလုပ်ခြင်းနှင့် ပြန်လည်သုံးသပ်မှုများ ပြုလုပ်နေသည်။ ကုမ္ပဏီများ၏ ပရဟိတဆောင်ရွက်မှုများ အပါအဝင် ကော်ပိုရိတ်အုပ်

85 Burma Campaign UK က MEH နှင့် MEC လက်အောက်ခံကုမ္ပဏီများအပေါ် Boycott စာရင်းကို ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်း လုပ်ငန်း (due diligence) များ ဆောင်ရွက်ရာတွင် အကူအညီဖြစ်စေရန် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် updated ပြုလုပ်ခဲ့သည်။

86 စီးပွားရေးလုပ်ငန်းကျင့်ဝတ်ဖြောင့်မှန်ရေး ဂုဏ်သိက္ခာဆိုင်ရာ စွန့်စားမှုများသည် [၂၀၁၈ ခုနှစ်၊ ပွင့်သစ်စအစီရင်ခံစာ စာမျက်နှာ ၃၆] နှင့် [၂၀၁၉ ခုနှစ် ပွင့်သစ်စအစီရင်ခံစာ စာမျက်နှာ ၅၁] တို့တွင် ဖော်ပြထားသည်။ (စာမျက်နှာရည်ညွှန်းချက်များမှာ အင်္ဂလိပ်စာအုပ်ကို အခြေခံထားသည်။)

87 မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့၏ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာတွင် ပါရှိသည့် အပိုဒ် ၁၇၁၇ ကို ကြည့်ပါ။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်။ A/HRC/39/CRP.2

88 အပိုဒ် ၁၆၉၀ က မှ င သည် စစ်တပ်အတွက် တာဝန်ထမ်းဆောင်ရန်၊ ဒုတိယသမ္မတနှင့် ဝန်ကြီးဌာနအချို့တွင် တပ်မတော်ပါဝင်မှု၊ ဝန်ကြီးအဖြစ် အချို့ကို ခန့်ထားမှုများ၊ တပ်မတော်၏ အရပ်သားကြီးကြပ်ရေးနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတို့၏ ဖွဲ့စည်းပုံနှင့် လွှတ်တော်အမတ်နေရာများတွင် တပ်မတော်က ၂၅ ရာခိုင်နှုန်း ပါဝင်မှုနှင့်စပ်လျဉ်း၍ အကြံပြုခဲ့သည်။ ၎င်းတို့အားလုံးကို ၂၀၁၅ ခုနှစ်တွင် NLD အစိုးရအနေဖြင့် ဖော်ဆောင်ရာတွင် မအောင်မြင်ခဲ့ပါ။ ၂၀၂၀ ပြည့်နှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်လိမ့်မည်ဖြစ်သည်။

ချုပ်မှုအလေ့အထများ၏ တိုးတက်မှုကိုပြသနိုင်ရန် ၎င်းတို့မှမျှော်လင့်ကြောင်း ဖော်ပြခဲ့သည်။ နိုင်ငံတကာမှ ရန်ပုံငွေများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးမိတ်ဖက်များရရှိရန် မျှော်လင့်နေသော မြန်မာကုမ္ပဏီများအတွက် ယင်းမှာ ၎င်းတို့၏ ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် ထုတ်ဖော်ကြေညာမှုကို တိုးတက်စေရန် မက်လုံးတစ်ခု ဖြစ်ပေသည်။[89]

၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် ဖြေလျှော့ပေးခြင်း (Liberalization) ဆိုသည်မှာ စစ်တပ်ပိုင်ကုမ္ပဏီများ တက်ကြွစွာလုပ်ကိုင်နေသည့် ဘဏ်လုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများအပါအဝင် စီးပွားရေးကဏ္ဍအများစုတွင် ရှောင်ရှားရန် ဖြစ်နိုင်ခြင်းဖြစ်သည်။ သို့သော်ဆိပ်ကမ်းကဏ္ဍသည် ခက်ခဲနေသော၊ လုပ်ငန်းကြန့်ကြာမှုရှိနေသော ကဏ္ဍတစ်ခု ဖြစ်နေသည်။ တာဝန်ယူမှုရှိသည့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများမှ ဆိပ်ကမ်းလုပ်ငန်းများ လုပ်ကိုင်ရန်၊ ကုန်စည်တင်သင်္ဘောများဆိုက်ကပ်ရန်၊ အစသဖြင့် ဝန်ဆောင်မှုပေးနိုင်သော ဆိပ်ကမ်းအများစုကို ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) များ ဆောင်ရွက်ရာတွင် အောင်မြင်သည့်ရလဒ်တစ်ခုမရခဲ့ပေ။ ခက်ခဲနေသည်။ အဘယ်ကြောင့်ဆိုသော် ၂၀၁၀/၂၀၁၁ တွင် အသွင်ကူးပြောင်းခြင်း၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် အစိုးရပိုင်ဆိုင်မှုများကို ဝယ်ယူခဲ့သော MEC/MEH ၏ ပိုင်ဆိုင်မှုကြောင့် သို့မဟုတ် အခြားလည်ပတ်နေသော မြန်မာကုမ္ပဏီများနှင့်သက်ဆိုင်သည့် အခြားသော စီးပွားရေးလုပ်ငန်း ကျင့်ဝတ်ဖြောင့်မှန်ရေး၊ ဂုဏ်သိက္ခာဆိုင်ရာ ကိစ္စရပ်များကြောင့်ဖြစ်သည်။[90]

၂၀၁၈ FFM အစီရင်ခံစာ၏အကြံပြုချက် ၁၆၉၀ (စ) တွင် မီးမောင်းထိုးပြခဲ့သည့်အတိုင်း စစ်တပ်နှင့် ပိုမိုတက်ကြွစွာ ဆွေးနွေးမှုများပြုလုပ်၍ စီးပွားရေးကဏ္ဍများတွင် ကော်ပိုရိတ်နှင့် စစ်တပ်မှ တစ်ဦးချင်းစီ၏ပါဝင်မှုများကို ပြုပြင်ပြောင်းလဲခြင်းနှင့် ပြန်လည်ဖွဲ့စည်းခြင်းတို့ ပြုလုပ်ရန်လိုအပ်သည်။ ထိုသို့ပြုလုပ်ရာတွင်လည်း ဖွံ့ဖြိုးမှု မိတ်ဖက်များမှ လက်ရှိရွေးချယ်ခံ အစိုးရအား စစ်တပ်ပိုင်ကုမ္ပဏီများက သက်ဆိုင်ရာမြန်မာဥပဒေများကို အပြည့်အဝ လိုက်နာမှုရှိစေရန် ဆောင်ရွက်မှုအပါအဝင် စီးပွားရေးနှင့်အုပ်ချုပ်မှု ပြန်လည်ဖွဲ့စည်းမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ထောက်ပံ့မှုများ ပြုလုပ်သွားသင့်သည်။ အစိုးရအနေဖြင့် လိုင်စင်များချထားခြင်းနှင့် ပြည်သူပိုင်များကိုဝယ်ယူခြင်းနှင့်ဆိုင်သည့် ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့်ဆောင်ရွက်ရန်နှင့် စေ့စပ်သေချာစွာ ဆက်လက်လုပ်ဆောင်ရန်သင့်သည် (အောက်တွင်ကြည့်ပါ)။[91] အထူးသဖြင့် တွင်းထွက်နှင့် ကျောက်မျက်လုပ်ငန်းကဏ္ဍတွင် ပွင့်လင်းမြင်သာမှုတိုးမြှင့်ရန်၊ လုပ်ငန်းလုပ်ကိုင်ရာတွင် ဘက်လိုက်မှုမရှိသော နယ်ပယ်ဖြစ်စေရန်၊ ဥပဒေအားပိုမိုလေးစားလိုက်နာရန်နှင့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်စီမံအုပ်ချုပ်မှု (ESG) စွမ်းဆောင်ရည်တို့ တိုးတက်စေရန် ဖြစ်သည်။

စစ်တပ်၏ စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များကို ပြုပြင်ပြောင်းလဲရန်အတွက် အထောက်အကူပြုမည့် အခြားအရာများမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ထုတ်ဖော်ကြေညာရန် လိုအပ်ချက်များကို အကောင်အထည်ဖော်ရန် ဖြစ်သည်။ စစ်တပ်မှအကြီးတန်း ဝန်ထမ်းများ၏ မိသားစုများပိုင်ဆိုင်သော ကုမ္ပဏီများ၏ အကျိုးအမြတ်ပိုင်ဆိုင်မှု (beneficial ownership) နှင့် သြဇာတိက္ကမရှိသူ များ (PEPs)နှင့် အချက်အလက်များ ထုတ်ဖော်ကြေညာချက်များကို ဖော်ထုတ်ရန် (အောက်တွင် ကြည့်ပါ)။ ထိုလုပ်ငန်းစဉ်သည် အကျိုးစီးပွားပဋိပက္ခများ ပေါ်ပေါက်ခြင်းကိုဖြေရှင်းရာတွင် အထောက်အပံ့ဖြစ်သည်။[92] Myanmar Now သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြား

89 ကုမ္ပဏီ ၁၁ ခုသည် ၎င်းတို့၏ လှူခြင်း၊ ပရဟိတလုပ်ငန်းဆောင်ရွက်ချက်နှင့် စပ်လျဉ်းသည့် တိကျသော မူဝါဒကို ထုတ်ဖော်ကြေညာခဲ့ပြီး ၁၈ ခုသည် ၎င်းတို့ လှူဒါန်းခဲ့သည့် ပမာဏကို ဖော်ပြထားသည်။

90 British company runs port that earns Myanmar military $3million a year, Myanmar Now, 14 February 2020

91 ပြည်သူပိုင်ပစ္စည်းများ ဝယ်ယူခြင်း ဥပဒေမူကြမ်းကို လွှတ်တော်သို့တင်ပြခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အတိုချုပ်ဆွေးနွေးခဲ့သော်လည်း ထပ်မံထည့်သွင်းချက်များကို စဉ်းစားရန် MoPFI သို့ ပြန်လည်ပေးအပ်ခဲ့ပြီး လွှတ်တော်သို့ ထပ်မံထည့်သွင်းရမည်ဖြစ်သည်။

92 Preventing and Managing Conflicts of Interest in the Public Sector: Good Practices Guide, ကမ္ဘာ့ဘဏ်၊ UNODC, OECD ၏ G20 အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ တောင်းဆိုချက်အရ ပြင်ဆင်သည်၊ ဇူလိုင်လ ၂၀၂၀ ပြည့်နှစ်။

ရေးမှုးနှင့်အကောက်အခွန်ဦးစီးဌာနတွင်ညွှန်ကြားရေးမှူးချုပ်အဖြစ်တာဝန်ထမ်းဆောင်နေသူများသည် တစ်ချိန်တည်းတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEH) တွင် ဒါရိုက်တာများအဖြစ် တာဝန်ထမ်းဆောင်နေကြောင်း အစီရင်ခံတင်ပြခဲ့သည်။ ဤအချက်ကြောင့် အစိုးရသည် ပြန်လည်သုံးသပ်မှုများပြုလုပ်ခဲ့ပြီး၊ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လတွင် MEH ၏ ဘုတ်အဖွဲ့ဝင်များဖွဲ့စည်းမှုကို ပြောင်းလဲခြင်းကို ဖြစ်စေခဲ့သည် (ဇယား ၃ ကိုကြည့်ပါ)။

## ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး မစ်ရှင်း (IFFMM) ၏ ၂၀၁၉ အစီရင်ခံစာ

ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လူ့အခွင့်ရေးဆိုင်ရာ ချိုးဖောက်မှုများကို ရှာဖွေရန် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် ဖွဲ့စည်းထားသည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသီးသန့်လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေရေးမစ်ရှင်း (IFFMM) က "မြန်မာ့တပ်မတော်၏ စီးပွားရေးဆိုင်ရာအကျိုးစီးပွားများ" အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။[93] ထို ၂၀၁၉ အစီရင်ခံစာတွင် တပ်မတော်၏ အဓိကကုမ္ပဏီများဖြစ်သည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEH) နှင့် ၎င်းတို့၏ လက်အောက်ခံကုမ္ပဏီများနှင့် ၎င်းတို့နှင့် ဆက်စပ်မှုရှိသည်ဟုယူဆသည့် ကုမ္ပဏီများ (Alleged Affiliates) များကို ဖော်ထုတ်ရန်ကြိုးစားခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်နှင့်စက်တင်ဘာလတို့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော အစုလိုက်အပြုံလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများအပြီးတွင် စစ်တပ်နှင့် အရပ်သားအစိုးရသို့ အလှူငွေထည့်ဝင်မှုပြုခဲ့သည့် ပုဂ္ဂလိကကုမ္ပဏီများ (သို့) ၎င်းတို့၏ ဖောင်ဒေးရှင်းများကိုလည်း မှတ်တမ်းတင်ထားသည်။ ဤအစီရင်ခံစာသည် NLD အစိုးရမှဖွဲ့စည်းသည့် လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ (UEHRD) ၏ကိုယ်စား ခြံစည်းရိုးကာရာတွင် ငွေကြေးထောက်ပံ့မှုပေးခဲ့သည့် ကုမ္ပဏီများအတွက် ရှုပ်ထွေးမှုရှိသောအန္တရာယ်များကို ဖော်ပြထားသည်။ အွန်လိုင်းနှင့် အင်္ဂလိပ်ဘာသာစကားဖြင့် ရေးသားထားသော သတင်းအချက်အလက်များ မရှိခြင်းကြောင့် ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ရိုဟင်ဂျာများနေထိုင်ခဲ့သည့် ကျေးရွာများကို မြေထိုးစက်များနှင့်ထိုးခြင်းနှင့် မြေပြန့်ဖြစ်အောင်ပြုလုပ်ရန် တင်ဒါအနိုင်ရခဲ့သည့် ရခိုင်အခြေစိုက် ဆောက်လုပ်ရေးကုမ္ပဏီများနှင့်စပ်လျဉ်းသည့် သိသာထင်ရှားသော ရှုပ်ထွေးမှုများကို အစီရင်ခံစာတွင် မဖော်ပြခဲ့ပါ။[94]

ကုလသမဂ္ဂစနစ်အတွင်း ဤအစီရင်ခံစာသည် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ရန်ပုံငွေများထည့်သွင်းခြင်းအတွက် စီးပွားရေးလုပ်ငန်းများပါဝင်မှုကို အာရုံစိုက်မှုရှိစေခဲ့သည့် ground-breaking အစီရင်ခံစာတစ်ခုပင် ဖြစ်သည်။[95] ယင်းကြောင့် ကြီးစွာသော သက်ရောက်မှုများ ဖြစ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာကုမ္ပဏီများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြားနယ်စပ်ခြံစည်းရိုးကာရန်ခြင်း အပါအဝင် ကုမ္ပဏီတစ်ခုက စစ်တပ်သို့ လှူဒါန်းမှုပြုလုပ်နေခြင်းဟုတ်၊ မဟုတ်၊ သို့မဟုတ် အရပ်ဖက်အစိုးရ၏ UEHRD ကပင် လူ့အခွင့်ရေးဆိုင်ရာချိုးဖောက်မှုများတွင် ပါဝင်ခဲ့ခြင်း ဟုတ်၊ မဟုတ်ကို အပြည်ပြည်ဆိုင်ရာကုမ္ပဏီများနှင့်ဖွံ့ဖြိုးရေးမိတ်ဖက်များက ဆွေးနွေးငြင်းခုံမှုများ ပြုခဲ့သည်။ ၎င်းသည် မြန်မာကုမ္ပဏီများနှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်များအကြား ဤထိခိုက်လွယ်သောကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရန် လမ်းကြောင်းတစ်ခု ဖွင့်ပေးခဲ့သည်။ အစီရင်ခံစာ၏ အကျိုးဆက်အနေဖြင့် အချို့သော နိုင်ငံတကာကုမ္ပဏီများနှင့် အဖွဲ့အစည်းများသည် လေ့လာမှုများပြုလာကြပြီး စစ်တပ်အတွက် အဓိကအလှူရှင်များဖြစ်သည့် နောက်ဆက်တွဲ ၄ ပါကုမ္ပဏီများ[96] နှင့် MEC/MEH တို့၏လက်အောက်ခံများ[97] နှင့် မိတ်ဖက်ပြုခြင်းများမှ ရှောင်ရှားလာသည်။

93 The Economic Interests of the Myanmar Military, ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၃ ရက်၊ UN ၏ မြန်မာနိုင်ငံဆိုင်ရာသီးသန့်လွတ်လပ်သော အချက်အလက် ရှာဖွေရေးမစ်ရှင်။

94 ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်နေ့တွင် နောက်ကျစွာထုတ်ပြန်ခဲ့သည့် သမ္မတရုံးညွှန်ကြားချက် ၂/၂၀၂၀။ on Preservation of Evidence and Property in areas of northern Rakhine State.

95 OHCHR နှင့် MCRB ဆွေးနွေးမှု၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ။

96 ဤကုမ္ပဏီများကို အစီရင်ခံစာ၏ နောက်ဆက်တွဲ ၄ တွင် စာရင်းပြုစုထားသည်။

97 နောက်ဆက်တွဲ ၂ (ခ)တွင် စာရင်းပြုစုထားသည်။

ခရိုနီများဟု တံဆိပ်တပ်ခံထားသော မြန်မာကုမ္ပဏီများအား သတင်းအချက်များ ထုတ်ဖော်ကြေညာခြင်းနှင့် ပွင့်လင်းမြင်သာမှုတိုးတက်ရန် စသောကိစ္စရပ်များတွင် နိုးထလာစေရန်အတွက် ဤအစီရင်ခံစာက ထပ်မံ၍ အားပေးလိုက်သည်။ ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် ၎င်းတို့၏ကော်ပိုရိတ် ပရဟိတလုပ်ငန်းများနှင့် ဖောင်ဒေးရှင်းများ အားကောင်းစေရန် ပွင့်သစ်စ၏အကြံပြုချက်များကို ပိုမိုခိုင်မာလာစေရန် အားဖြည့်ပေးခဲ့သည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် MCRB သည် ကော်ပိုရိတ်ပရဟိတလုပ်ငန်းနှင့်ဆိုင်သည့် ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးတစ်ခုကို ကျင်းပခဲ့ပြီး ယင်းအစီရင်ခံစာတွင် ဖော်ပြခြင်းခံခဲ့ရသည့် ကုမ္ပဏီအတော်တော်များများ တက်ရောက်ခဲ့သည်။[98] ထို့အပြင် ယခုနှစ်အစီရင်ခံစာတွင် ကုမ္ပဏီတစ်ခုသည် လှူဒါန်းခြင်း/ပရဟိတလုပ်ငန်းဆိုင်ရာ ပေါ်လစီရှိ၊ မရှိနှင့် ပတ်သက်၍ အကဲဖြတ်အမှတ်ပေးရန် စံသတ်မှတ်ချက်အသစ် (၇၅) ကို ထည့်သွင်းထားသည်။

၂၀၁၉ ခုနှစ် တွင် IFFMM အစီရင်ခံစာတွင် ဖော်ပြခြင်းခံခဲ့သော မြန်မာကုမ္ပဏီတော်တော်များများသည် MCRB သို့ ပထမဆုံးအကြိမ် ဆက်သွယ်လာခဲ့သည်။ MCRB သည် ထိုအခွင့်အရေးကိုအသုံးပြု၍ စီးပွားရေးနှင့်လူ့အခွင့်အရေးများဆိုင်ရာ လမ်းညွှန်အခြေခံမှုများ၊ လူ့အခွင့်အရေးဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့်သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence)နှင့် ရှုပ်ထွေးနက်နဲသည့် အန္တရာယ်များအကြောင်းကို ရှင်းပြခဲ့သည်။ MCRB သည် ၎င်းတို့၏ ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် သတင်းအချက်အလက် ထုတ်ဖော်ကြေညာချက်များ တိုးတက်စေရန်အတွက် လမ်းညွှန်ချက်တစ်ခုအနေဖြင့် ပွင့်သစ်စ၏မူဘောင်ကို လမ်းညွှန်ခဲ့သည်။ အစီရင်ခံစာ၏ နောက်ဆက်တွဲ ၄ တွင် ဖော်ပြထားသော ကုမ္ပဏီများသည် စစ်တပ်သို့ လှူဒါန်းမှုများ ပြုလုပ်ခဲ့သောကြောင့် ပွင့်သစ်စတွင်ဖော်ပြရန် လုံလောက်သောအကြောင်းပြချက်ဖြစ်သော်လည်း အလှူပါဝင်ရန် ဖိတ်ကြားခြင်းမခံခဲ့ရသည့် ကုမ္ပဏီများကိုလည်း ပွင့်သစ်စ ၂၀၂၀ တွင် ဆန္ဒအလျောက်ပါဝင်ရန် ဖိတ်ကြားခဲ့သည်။ နယ်သာလန်အစိုးရမှ ငွေကြေးထောက်ပံ့ထားသော စီမံကိန်းတစ်ခုတွင်ပါဝင်မှုကြောင့် ၎င်းတို့၏ထိန်းချုပ်မှုနှင့် သတင်းအချက်အလက် ထုတ်ဖော်ကြေညာမှုများကို တိုးမြှင့်ပေးရန် မက်လုံးပေးခံခဲ့ရသည့် Authentic သည် ဤကမ်းလှမ်းချက်ကို လက်ခံခဲ့ပြီးပွင့်သစ်စတွင်ပါဝင်ကာ ၂၀၂၀ ခုနှစ်တွင် အဆင့် ၂၃ အဖြစ် ရပ်တည်ခဲ့သည်။

အချက်အလက်များရှာဖွေရေးမစ်ရှင်သည် အရင်းအမြစ်အားနည်းပြီး၊ မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်ကိုလည်း တားမြစ်ခြင်းခံခဲ့ရသည်။ ထို့ကြောင့် အွန်လိုင်းမှရရှိသည့် အင်္ဂလိပ်ရင်းမြစ်များအပေါ်တွင် အဓိက အားထားခဲ့ရသောကြောင့် အချို့အကြောင်းအရာများမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ လောက်တွင်ဖြစ်ခဲ့သည့် အကြောင်းအရာများဖြစ်သည်။ အချို့မှာ စစ်တပ်အုပ်ချုပ်စဉ်ကာလအတွင်း စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့်မှန်ကန်သော သတင်းအချက်အလက်ရရှိရန် ခက်ခဲသည့်အကြောင်းရာများနှင့် သံသယဖြစ်ဖွယ်ရှိသော တိကျမှုမရှိသည့် အကြောင်းအရာများဖြစ်သည်။ ထို့ကြောင့် ယင်းအစီရင်ခံစာသည် မြန်မာ့စီးပွားရေးနှင့် တိကျသောကုမ္ပဏီများကို ချောက်တွန်းရန်အတွက် ခေတ်နောက်ကျနေသော (သို့မဟုတ်) တိကျမှုမရှိသော အွန်လိုင်းသတင်းအချက်များကို အသုံးပြုကြောင်း ဝေဖန်ခြင်းခံခဲ့ရသည်။ ဤအစီရင်ခံစာတွင် ၂၀၁၁ ခုနှစ် အရပ်ဖက်အုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းရေးကာလမှစ၍ ရခိုင်နှင့်ပတ်သက်သော အလှူငွေများနှင့် ပါဝင်ပတ်သက်မှုမရှိသော (သို့မဟုတ်) တပ်မတော်စီးပွားရေးလုပ်ငန်းများနှင့် မိတ်ဖက်မပြုလုပ်ခဲ့သော ကုမ္ပဏီအချို့အား ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့သည်။ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEH)၏ ဆက်စပ်မှုရှိသည်ဟုယူဆရသော (Alleged Affiliates) စီးပွားရေးလုပ်ငန်း အချို့ကိုဖော်ထုတ်သည့် နည်းလမ်းသည် အစုရှယ်ယာဝင်ထားသော ဒါရိုက်တာအပေါ် အခြေခံထားသောကြောင့် မှားယွင်းစွာ ကောက်ချက်များထားသော အဖြေများ ရနိုင်

98 https://www.myanmar-responsiblebusiness.org/news/governance-of-corporate-philanthropy.html

သည်။ သို့သော်လည်း ၎င်းသည် စုံစမ်းစစ်ဆေးရေးနှင့်ဆိုင်သည့် အစီရင်ခံစာများအတွက် opencorporates.com နှင့် MyCo တို့၏ အရေးပါပုံကို မီးမောင်းထိုးပြသခဲ့သည်။ မြန်မာ ကုမ္ပဏီများအား စီရင်ခံစာထုတ်ဝေခြင်းမပြုမီက ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် ရှင်းလင်း ခြင်းပြုလုပ်ရန် မည်သည့်အခွင့်အရေးများ မပေးခဲ့ပါ။ ထို့ပြင် အလှူငွေများထည့်ဝင်ရန် ဖိတ်ကြားခြင်းကို ယင်းတို့အနေဖြင့် မည်သည့်အတွက်ကြောင့် တုံ့ပြန်ခဲ့ရသလဲနှင့် မည်သည့် အချက်များကြောင့် ဖိတ်ကြားခြင်းခံကြောင်းတို့ကို ဖြေရှင်းပေးရန်အတွက် မည်သည့်အခွင့် အရေးမှ မပေးခဲ့ပါ။ နောက်ပိုင်းတွင် အချို့သည် တရားဝင်ရှင်းလင်းချက်များထုတ်ပြန်ချက် များ ထုတ်ပြန်ခဲ့ခြင်း (သို့မဟုတ်) FFM သို့ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာတွင် မိတ်ဖက်အဖြစ် ဆောင်ရွက်ရန် ကမ်းလှမ်းခြင်းသည့်စာများ ပေးပို့ခဲ့သည်။ (အချို့ကို အွန်လိုင်းတွင် ဖော်ပြ ထားသည်။)

## တပ်မတော်ပိုင် စီးပွားရေး လုပ်ငန်းများ

IFFMM ၏ အစီရင်ခံစာက မြန်မာစစ်တပ်ပိုင်လုပ်ငန်းစုနှစ်ခုအပေါ် ရင်းနှီးမြှုပ်နှံသူနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်တို့၏ စိတ်ဝင်စားမှု ပြန်လည်မြင့်တက်လာစေသည်။ ၎င်းတို့မှာ မြန်မာ့ စီးပွားရေးကော်ပိုရေးရှင်း (MEC)နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEH) (ယခင်က Union of Myanmar Economic Holdings Limited (သို့မဟုတ်) UMEHL ဟု အသိများပြီး “ဦးပိုင်ကုမ္ပဏီ”ဟု အမိပ္ပာယ်ဖွင့်ဆိုနိုင်သော “ဦးပိုင်”ဟုလည်း ရည်ညွှန်းခေါ်ဆိုကြသည်) တို့ ဖြစ်ကြသည်။ ထိုလုပ်ငန်းနှစ်ခုသည် ကွဲပြားခြားနားမှု ရှိပါသည်။ MEC သည် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း ဆိုသော်ငြားလည်း တပ်မတော်ကပိုင်ဆိုင်ပြီး၊ ပုဂ္ဂလိကကုမ္ပဏီများကဲ့သို့ လက်အောက်ခံကုမ္ပဏီများကို စာရင်းသွင်းသည်။ နောက်လုပ်ငန်းတစ်ခုဖြစ်သည့် MEH သည် စတော့အိပ်ချိန်းတွင် အများပိုင်ကုမ္ပဏီအဖြစ် စာရင်းသွင်းမထားဘဲ လက်အောက်ခံ ကုမ္ပဏီတော်တော်များများလည်း ရှိသည်။ အချို့မှာ ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်နေသည်။ အထက်ပါစီးပွားရေးလုပ်ငန်းနှစ်ခုလုံးသည် ဘဏ္ဍာရေးကဏ္ဍ၊ လက်လီရောင်းဝယ် ဖောက် ကားရေးကဏ္ဍ၊ သတ္တုတွင်းကဏ္ဍနှင့် ကျောက်မျက်ရတနာလုပ်ငန်းကဏ္ဍ လုပ်ငန်းများ စီမံ ခန့်ခွဲလျက်ရှိသည်။ ၎င်းတို့တွင် ‘ပုဂ္ဂလိကပိုင်ကုမ္ပဏီများ’အဖြစ် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် လက်အောက်ခံကုမ္ပဏီများလည်း ရှိသည်။ MEH လက်အောက်ခံကုမ္ပဏီများတွင် Myawady Bank, Myawady Trading,MyanmarImperialJade တို့ ပါဝင်ပြီး ထိုကုမ္ပဏီအားလုံးမှာ အခွန်များစွာဆောင်ထားခြင်း သို့မဟုတ် ဘဏ္ဍာရေးကဏ္ဍတွင် ပါဝင်ခြင်းကြောင့် ယခုအစီ ရင်ခံစာတွင် ထည့်သွင်းထားပါသည်။ ယင်းတို့ကို အစီရင်ခံစာတွင် ‘ပုဂ္ဂလိကပိုင်’ ဟု သတ် မှတ်ထားသည်။ MEC ၏လက်အောက်ခံကုမ္ပဏီများတွင် Innwa Bank အပြင် Viettal နှင့် ဖက်စပ်ပူးပေါင်းထားသည့် မြန်မာနိုင်ငံရှိ လေးခုမြောက် တယ်လီဖုန်းအော်ပရေတာဖြစ်သော MyTel တွင် ရှယ်ယာထားဝင်ထားသော Star High Co Ltd တို့ ပါဝင်ပါသည်။

## မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEH)

MEH (၁၉၉၀ ခုနှစ်တွင် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ယခင်ကအမည်မှာ UMEHL ဖြစ်သည်) သည် အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်ပြီး၊ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလအထိ ဒါရိုက်တာအဖွဲ့ဝင် စုစုပေါင်း (၇) ယောက်နှင့် အလုပ်အမှုဆောင် ဒါရိုက်တာ(၁)ယောက်ရှိပြီး ယင်းတို့တွင် တပ်မတော်၌ လက်ရှိတာဝန်ထမ်းဆောင်နေသူနှင့် တပ်မတော်အငြိမ်းစားများ ဖြစ်သည်။ MyCo ကုမ္ပဏီ မှတ်ပုံတင်စာရင်းအရ MEH တွင် ဦးပိုင်ကုမ္ပဏီ မရှိပါ။ စုစုပေါင်းရှယ်ယာများဖြစ်သည့် ၃၁၇,၀၉၄,၈၅၄ (ရှယ်ယာတစ်စောင်လျှင် ငွေတစ်ထောင်ကျပ်)ကို လက်ရှိနှင့် အငြိမ်းစား တပ်မတော်အရာရှိများက ပိုင်ဆိုင်သည်ဟု ယူဆထားသည်။[99] ထို့ကြောင့် MEH ကို ၂၀၂၀ ခုနှစ် ပွင့်သစ်စစ်အစီရင်ခံစာတွင် အစုရှယ်ယာ ၁၀၀ အထက်ရှိသည့် အများပိုင်ကုမ္ပဏီဟု အဆင့်သတ်မှတ်ထားသည်။ ထို့ကြောင့်၎င်းသည် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်

99 ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် MEH သည် အစုရှယ်ယာ ၂၈၀,၉၈၇,၈၂၅ ကိုသာ ထုတ်ဝေခဲ့သည်။

လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM)၏ ကြီးကြပ်မှုအောက်တွင်ရှိသည်။

MEH ၏အစောဆုံး (ပမာဏအများဆုံး မဟုတ်ပါ) အစုရှယ်ယာ ၅၀ သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ မြန်မာနိုင်ငံ သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်း (MEITI) ၏ အကျိုးအမြတ်ပိုင်ဆိုင်မှု (beneficial ownership) ပထမဆုံးသော ဒေတာဗေ့စ် ဗားရှင်းတွင် ထုတ်ပြန်ခြင်းခံခဲ့ရသည်။[100] ဤအချက်က အစုရှယ်ယာပိုင်ဆိုင်မှု၏ သုံးပုံတစ်ပုံကို တပ်ရင်းများနှင့် ၎င်းတို့၏ လူမှုဖူလုံရေးလုပ်ငန်းများကဲ့သို့သော အဖွဲ့အစည်းများက ပိုင်ဆိုင်ကြောင်းနှင့် အခြားသော သုံးပုံနှစ်ပုံကို တစ်ဦးချင်းစီက ပိုင်ဆိုင်ကြောင်း ဖော်ပြသည်။

MCRB သည် MyCo မှ MEH ၏ ၂၀၁၈–၁၉ စာရင်းများ၏ မိတ္တူများနှင့်  ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းကို တစ်ရွက်လျှင် ၂၀၀၀ ကျပ်ဖြင့် (စုစုပေါင်း ၁၆၂၀၀၀ ကျပ်) ဖြင့် ၂၀၂၀ ခုနှစ် မေလတွင် တောင်းခံရယူခဲ့သည်။  မှတ်ပုံတင်သူထံသို့ တင်ပြပြီးနောက် စာရွက်စာတမ်း နှစ်မျိုးလုံးကို ပုဒ်မ ၄၂၁ (c) အရ ရယူနိုင်သည်။

MEH ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကုမ္ပဏီ၏ရည်ရွယ်ချက်များမှာ –

၁။ တပ်မတော်သားများ၊ ယင်းတို့၏အိမ်ထောင်ဖက်များနှင့် သားသမီးများ၏ လူမှုဖူလုံရေးအတွက်။

၂။ စစ်ပြန်စစ်မှုထမ်းဟောင်းများ၊ ယင်းတို့၏ အိမ်ထောင်ဖက်များနှင့် သားသမီးများ၏ လူမှုဖူလုံရေးအတွက်။

၃။ အများပြည်သူများ၏ လူမှုဖူလုံရေး ထောက်ပံ့ရန်။

၄။ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ရန်။

MEH၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(နံပါတ်၅နှင့်နံပါတ်၁၁၁)တွင်ဘုတ်အဖွဲ့ကိုကြီးကြပ်သော နာယကအဖွဲ့ သို့မဟုတ် ဦးဆောင်ဘုတ်အဖွဲ့ရှိပြီး၊ ထိုအဖွဲ့ကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လမ်းညွှန်မှုကိုခံနေသောကြောင့် ဖွဲ့စည်းပုံသည် တိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း တပ်မတော်မှထိန်းချုပ်ထားသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းတို့ နှစ်ဦးလုံးကို အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့မှ စီးပွားရေးပိတ်ဆို့ခြင်း ခံထားရသော်ကြောင့် ယင်းတို့နှင့် စီးပွားရေးတွဲလုပ်သော ကုမ္ပဏီများသည် ဥပဒေရေးရာ ကိစ္စရပ်များ ဖြစ်ပေါ်စေသည်။ ထို့အတူ ဂုဏ်သတင်းနှင့်ဆိုင်သည့်ကိစ္စရပ်များလည်း ဖြစ်ပေါ်စေသည်။[101]

၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် MCRB နှင့်  Yever တို့သည် ပွင့်သစ်စ မူကြမ်းရလဒ်များနှင့်စပ်လျဉ်း၍ဆွေးနွေးရန် MEH မှ စီမံခန့်ခွဲမှုအဖွဲ့ဝင် ၁၅ ဦးနှင့် တွေ့ဆုံခဲ့သည်။ ထိုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) ၏ 'စဉ်ဆက်မပြတ်ထုတ်ဖော်ပြသခြင်း'ဆိုင်ရာ လိုအပ်ချက်များကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေများနှင့် ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး အမိန့်ကြော်ငြာစာ ၁/၂၀၁၆ တွင် အရ အစုရှယ်ယာရှင် ၁၀၀ ထက်ပိုသော အများပိုင်ကုမ္ပဏီတစ်ခုအနေနှင့် တရားဝင်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍ ဦးစားပေးဆွေးနွေးခဲ့သည်။ MEHL သည် အဘယ်ကြောင့် ၎င်းတို့၏ ပိုင်ဆိုင်မှုအများဆုံး အစုရှယ်ယာရှင်များအား အဘယ်ကြောင့် ထုတ်ဖော်ခြင်းမပြုရသလဲနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ မြန်မာနိုင်ငံ သဘာဝသယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်း

100 ဒေတာဗေ့စ်အဆင့်မြှင့်တင်ရာတွင် ၄င်းစာရွက်စာတမ်း ပျောက်ကွယ်သွားခဲ့သည်။

101 Shipping giant Maersk to stop using Military Ports in Burma, Burma Campaign UK, 8 October 2020; Progress report regarding Kirin's operations in Myanmar, 6 June 2020, Kirin

(MEITI)၏ အကျိုးအမြတ်ပိုင်ဆိုင်မှု ထုတ်ဖော်ကြေညာချက်များတွင် ရှေ့နောက်မညီညွတ်မှုများနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့သည်။ အစုရှယ်ယာပိုင်ရှင်များ ထောင်ပေါင်းများစွာရှိသော်လည်း MEH၏ ဘုတ်အဖွဲ့ဝင် သုံးဦးသည်သာ ၃၃% စီဖြင့် ကုမ္ပဏီ၏ အကျိုးအမြတ်ပိုင်ဆိုင်မှု (beneficial ownership) ရှိသည်ဟု (MEITI) ၏ အကျိုးအမြတ်ပိုင်ဆိုင်မှု (beneficial ownership) ထုတ်ဖော်ကြေညာချက်တွင် မှားယွင်းစွာ (ဖော်ပြထားသည်။)သတ်မှတ်ခြင်းခံခဲ့ရသည်။ ထိုပုဂ္ဂိုလ်များသည် ဗိုလ်ချုပ်၊ ဒုဗိုလ်ချုပ်ကြီးနှင့် ဗိုလ်မှူးချုပ်များ ဖြစ်သော်လည်း မည်သူမှ ဩဇာတိက္ကမရှိသူများ (PEPs) ဟု မသတ်မှတ်ပါ။ MEHL သည် တပ်ရင်းများကဲ့သို့ 'အဖွဲ့အစည်းဆိုင်ရာ' ရှယ်ယာရှင်များက အမြတ်အစွန်းများရရှိပြီး အသုံးပြုနေမှုကိုလည်း ရှင်းပြခဲ့သည်။ ထို့အပြင် ၎င်းတို့ကို စစ်ရေးအရမဟုတ်ဘဲ လူမှုဖူလုံရေးအတွက်သာ သုံးစွဲခဲ့သည်ဟု အခိုင်အမာပြောကြားခဲ့ပြီး၊ ကုမ္ပဏီအနေဖြင့် အမြတ်ငွေ ၃၀% ပေးရန်ရည်ရွယ်ကြောင်း အတည်ပြုခဲ့သည်။

၂၀၁၈/၂၀၁၉ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEH) ဘဏ္ဍာရေးရှင်းတမ်းများတွင် မှတ်စုများ မပါသော်လည်း လုပ်ငန်းလည်ပတ်မှုမှဝင်ငွေများ ရရှိကြောင်းနှင့် လက်ရှိငွေလဲစျေးနှုန်းအရ အခြားသော ဝင်ငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၁၀ သန်းရှိကြောင်း ဖော်ပြသည်။ အမြတ်ဝေစုများခွဲပေးပြီးနောက် ကျန်ရှိနေသော အသားတင်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၀ သန်းဖြစ်ပြီး၊ ၂၀၁၈/၂၀၁၉ ခုနှစ်တွင် အမြတ်စုငွေကျပ် ၇၁.၆ ဘီလီယံ (ဒေါ်လာ ၅၅ သန်းခန့်)အား အမြတ်ဝေစုပေးမည်ဟု ကုမ္ပဏီက အဆိုပြုထားသည်။[102] ၂၀၁၇/၁၈ တွင် အမြတ်ငွေသည် ကျပ် ၅၆.၈ ဘီလီယံ သို့မဟုတ် ဒေါ်လာ ၄၄ သန်းရှိခဲ့သကဲ့သို့ ၂၀၁၈/၂၀၁၉ ခုနှစ်တွင် အမြတ်ငွေသည် ခန့်မှန်းခြေအားဖြင့် ၂၈% နှင့်ညီမျှသည်။[103]

ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအမှတ် ၁၇၆ အရ အမြတ်ဝေစုကို ထိုနှစ်အမြတ်အစွန်းနှင့် ခွဲဝေမပေးရသော အခြားအမြတ်အစွန်းထဲမှတစ်ပါး အခြားငွေကြေးများထဲမှ ခွဲဝေမပေးရပါ။ လက်ရှိတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEH) ၏ အမြတ်အစွန်းအများစုမှာ ၎င်းနှင့် ဖက်စပ်လုပ်ကိုင်သည့် မြန်မာဘီယာမှရရှိသည်။ ၎င်းတွင် MEH မှ ရှယ်ယာ ၄၉ ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး Kirin က ၅၁ ရာခိုင်နှုန်း ပိုင်ဆိုင်သည်။ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ တွင် Kirin က "မြန်မာဘီယာနှင့် မန္တလေးဘီယာတို့၏ လုပ်ငန်းလည်ပတ်မှုများကို ဆက်လက်၍ အကဲဖြတ်နေခြင်းနှင့် မြန်မာနိုင်ငံတွင် ကိုဗစ် ၁၉ ပြန့်ပွားနေမှု အပါအဝင် ၎င်းတို့နှင့် ဖက်စပ်လုပ်ကိုင်နေသော မြန်မာစီးပွားရေးလုပ်ငန်းများ၏ အနာဂါတ်စီးပွားရေးဝန်းကျင်နှင့် ပတ်သက်၍ ခန့်မှန်း၍ မရရှိနိုင်သောကြောင့် မြန်မာဘီယာနှင့် မန္တလေးဘီယာမှ ရရှိသော အမြတ်ဝေစုများပေးခြင်းကို ဆိုင်းငံ့ထားမည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။[104]

ပွင့်သစ်စ ၂၀၂၀ တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ရလာဒ်မှာ ၃ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၉ တွင်မူ လည်ပတ်နေသည့် ဝဘ်ဆိုဒ်မရှိသည့်အတွက် ၀ ရာခိုင်နှုန်းသာရထားရာမှ တိုးတက်လာခြင်းဖြစ်သည်။

102 ယခုဖော်ပြထားသည့် အမေရိကန်ဒေါ်လာပမာဏသည် Amnesty International 's September 2020 report Military Ltd: the company financing human rights abuses in Myanmar စက်တင်ဘာလ ၂၀၂၀ အစီရင်ခံစာတွင် ဖော်ပြသော အမြတ်ဝေစုများ၏ တန်ဖိုးထက် သိသိသာသာ နည်းပါးသည်။ Amnesty သည် ၂၀၁၀/၂၀၁၁ တွင်ရှိသည့် အမှန်တကယ်ငွေလဲနှုန်း ၉၀၀ ကျပ်အစား တရားဝင်ငွေလဲနှုန်း ၆.၅ ကျပ်ကို အသုံးပြုခဲ့သည်။ ဤသည်မှာ ၎င်းတို့ရရှိခဲ့သည့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် သက်ဆိုင်ရာဒေသဆိုင်ရာ စစ်ဌာနချုပ်လက်အောက်ရှိ စစ်တပ်ယူနစ်များမှ ရရှိသော အမြတ်ဝေစုများနှင့် အစုရှယ်ယာ အခြေအနေနှင့်စပ်လျဉ်း၍ ရရှိခဲ့သည့် အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြထားသည့် ၂၀၁၀-၂၀၁၁ အတွက်ရရှိသည့် အမြတ်ဝေစုထက် အမေရိကန်ဒေါ်လာတန်ဖိုး ၁၄၀ ဆ ပို၍များနေသည်။ ၂၀၁၁ ခုနှစ်တွင် MEH ၏ အမြတ်ဝေစုကို မြန်မာငွေ ဖြင့် လက်ခံရရှိခဲ့သူများသည် အမေရိကန်ဒေါ်လာ ၆.၅ ကျပ်နှုန်းဖြင့်သာ လက်ခံရရှိလိမ့်မည်ဟု ဘယ်လိုနည်းနဲ့မှ မယုံကြည်ပါ။ ထိုငွေလဲနှုန်းထားမှာလည်း ၂၀၁၂ ခုနှစ် ဧပြီလတွင် ပယ်ဖျက်ခဲ့ပြီးဖြစ်သည်။

103 အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်ထားခြင်း မဟုတ်သောကြောင့် ၎င်းကို အမြတ်ဝေစု မတည်ငွေပေးချေခြင်းအဖြစ် တွက်ချက်သည်။

104 https://www.kirinholdings.co.jp/english/news/2020/1111_02.html

## မြန်မာစီးပွားရေးကော်ပိုရေးရှင်း (MEC)

မြန်မာစီးပွားရေးကော်ပိုရေးရှင်း (MEC) သည် ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော ပြည်သူပိုင်မဟုတ်သည့် (သို့မဟုတ်) ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် မသက်ဆိုင်သည့်(စာရင်းစစ်ခွင့်မရှိသည့်) တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ လက်အောက်ခံကုမ္ပဏီဖြစ်သည့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း လီမိတက်ကိုလည်း ပုဂ္ဂလိကကုမ္ပဏီအဖြစ် စာရင်းသွင်းထားသည်ကိုတွေ့ရပြီး ရှယ်ယာအားဖြင့်လည်း MEC က တစ်ဦးတည်းပိုင်ဖြစ်သည်ကိုတွေ့ရကာ MyCo ကုမ္ပဏီစာရင်းတွင် တပ်မတော်ပိုင် စီးပွားရေး လုပ်ငန်းဖြစ်သည့် MEC က အပြည့်အဝပိုင်ဆိုင်သူဟု ဖော်ပြထားသည်ကို တွေ့ရသည်။ MEC တွင် ဒါရိုက်တာ (၁၆) ယောက်ရှိပြီး အများစုမှာ စစ်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်ကြသော်လည်း စာရင်းသွင်းသောအခါတွင် ထိုရာထူးများကို ထည့်သွင်းခဲ့ခြင်းမရှိပေ။ MEC သည် စီးပွားရေးလုပ်ငန်းကဏ္ဍ တော်တော်များများတွင် လုပ်ကိုင်နေပြီး ယခုအခါတွင် စီးပွားရေးဆန်ဆန် အပြည့်အဝဆောင်ရွက်ရန် ရှိနေပြီဖြစ်သည်။[105] သို့သော်လည်း ၎င်း၏ စီမံထိန်းချုပ်လုပ်ကိုင်မှုနှင့် ပိုင်ဆိုင်မှုတို့ကြောင့် ပွင့်သစ်စစအစီရင်ခံစာတွင် ၎င်းကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ထည့်သွင်းထားပါသည်။ ပွင့်သစ်စ ၂၀၂၀တွင် MEC ၏ ရလဒ်မှာ ၂ ရာခိုင်နှုန်းဖြစ်ပြီး (၂၀၁၉ နှင့် အတူတူပင် ဖြစ်သည်။)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ

လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုတို့သည် NLD အစိုးရ၏ ဦးစားပေးကိုင်တွယ်ဖြေရှင်းလျက်ရှိသော ကိစ္စရပ်များဖြစ်သည်။ ၂၀၁၈ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (2018 Myanmar Sustainable Development Plan – MSDP) တွင် အစိုးရကဏ္ဍရှိ အဂတိလိုက်စားခြင်းဆိုင်ရာ ပြဿနာများ၊ အခွန်ကိစ္စရပ်များနှင့် ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းနိုင်ရန် ဦးစားပေးရေး ဆွဲထားပြီး မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင် (SDG ပန်းတိုင် အမှတ် ၁၆.၅) (အမျိုးမျိုးသော လာဘ်ပေးလာဘ်ယူမှုများအား အများအပြားလျှော့ချခြင်း)အား အောက်ပါဆောင်ရွက်ချက် (၂) ရပ်ဖြင့် ထောက်ပံ့မှုဖြစ်စေနိုင်ရန် ရည်ရွယ်ထားသည်။

- **(၁.၄.၅)** နစ်နာမှုများကို ထုတ်ဖော်ခြင်းနှင့် တိုင်ကြားခြင်းစနစ်များ ပိုမိုကောင်းမွန်စေခြင်းအပါအဝင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့်ဥပဒေများ၊ သက်ဝင်ကျင့်သုံးမှုနှင့် မူဝါဒများကို သုံးသပ်ရန်နှင့် ပိုမိုခိုင်မာစေရန်။
- **(၂.၃.၅)** အဂတိလိုက်စားမှုနှင့် အခွန်တိမ်းရှောင်မှုကာကွယ်နိုင်ရေး အစီအမံများ လုပ်ဆောင်ခြင်းနှင့် ဌာနတွင်းစာရင်းစစ်ဆေးခြင်းအား ပိုမိုတိုးချဲ့ပြီး စစ်ဆေးရေးဌာနခွဲတစ်ခုဖွဲ့စည်းခြင်းအပါအဝင် အခွန်စနစ်၏ မှန်ကန်ဖြောင့်မတ်မှုနှင့် ဂုဏ်သတင်းတို့ကို ကာကွယ်စောင့်ရှောက်ရန်။

၂၀၁၉ ဩဂုတ်လတွင် ဗီယင်နာအခြေစိုက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းဖြစ်သော အပြည်ပြည်ဆိုင်ရာ အဂတိတိုက်ဖျက်ရေးအကယ်ဒမီသို့ ဝင်ရောက်မှုကို လွှတ်တော်က အတည်ပြုခဲ့သည်။[106]

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍရှိ လာဘ်ပေးလာဘ်ယူမှု ပုံစံအမျိုးမျိုးကိုဖော်ပြထားပြီး မတရားသောနည်းဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လာဘ်ပေးလာဘ်ယူမှု၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ အထမမြောက်သော လာဘ်ပေးလာဘ်ယူမှုနှင့် ရာထူးအလွဲသုံးစားပြုခြင်းတို့ ပါဝင်သည်။ မြန်မာနိုင်ငံ၏ ရာဇသတ်ကြီးတွင် အချို့သော ပုဂ္ဂလိကကဏ္ဍဆိုင်ရာ လာဘ်ပေးလာဘ်ယူမှုဆိုင်ရာပြစ်မှုများ ပါဝင်သော်လည်း ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတင် မိတ်ဆက်ပြီးသောအခါ

105 MCRB နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ၂၀၁၉။ MCRB သည် ၂၀၂၀ ပြည့်နှစ်တွင် MEC နှင့် မတွေ့ဆုံနိုင်ခဲ့ပါ။
106 ၂၀၁၉ အောက်တိုဘာ ၉ ရက်၊ မြန်မာနိုင်ငံသည် IACA တွင် အဖွဲ့ဝင်ဖြစ်ခဲ့သည်။

အဆိုပါရာဇသတ်ထဲရှိစည်းမျဉ်းမှာ မည်မျှ အသုံးဝင်သေးကြောင်း မရှင်းမလင်း ဖြစ်နေသေးသည်။ အဂတိလိုက်စားခြင်း၏ အကြီးမားဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ် (၁၅) နှစ်နှင့် ဒဏ်ကြေးပေးဆောင်ရန်ဖြစ်သည် (ပုဒ်မ ၅၅)။ အဂတိလိုက်စားခြင်း ပြစ်မှုအတွက် အမြင့်မားဆုံး ထောင်ဒဏ်မှာ နိုင်ငံရေးအာဏာရှိသူဖြစ်ပါက ၁၅ နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက (၁၀)နှစ်နှင့် အခြားသူများက (၇)နှစ် အစရှိသဖြင့် ဖြစ်သည်။

ဥပဒေအားစတင်ပြဋ္ဌာန်းခဲ့သည့် ၂၀၁၃ ခုနှစ်မှစ၍ လေးကြိမ်တိုင်တိုင်ပြုပြင်ဖြည့်စွက်မှုများ ပြုလုပ်ပြီးဖြစ်သည်။ နောက်ဆုံးဆောင်ရွက်ထားသည့် ပြုပြင်ဖြည့်စွက်ချက်ကို ၂၀၁၈ ဇွန်လတွင် ဆောင်ရွက်ခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် ပုဂ္ဂလိကကဏ္ဍ၏ တာဝန်ဝတ္တရားကို ဖော်ပြထားသည်။ ပုဒ်မ ၁၆(ထ) အရ ပုဂ္ဂလိကကုမ္ပဏီများအား အဂတိလိုက်စားမှုမှ တားဆီးကာကွယ်ရေးအတွက် အခြေခံခိုင်မာသောလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်ချမှတ် ကျင့်သုံးစေရေးအတွက် အမိန့်ထုတ်ပြန်ခြင်း ဆောင်ရွက်နိုင်ရန်ကော်မရှင်အား အာဏာပေးအပ်ထားသည်။ လေးကြိမ်မြောက် ပြုပြင်ဖြည့်စွက်ချက်ကို အကောင်ထည်ဖော်မည့် စည်းမျဉ်းများမှာ ထုတ်ပြန်ခဲ့ခြင်းမရှိပါ။ သို့သော်လည်း ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ထိုင်းနိုင်ငံရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ထုတ်ပြန်ခဲ့သော အခြေခံအချက်များအားထင်ဟပ်သည့် ကုမ္ပဏီများ၏ သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအချက် (၈) ချက်အား သတ်မှတ်ထုတ်ပြန်ခဲ့သည်။[107] ကုမ္ပဏီများအား အဆိုပါထုတ်ပြန်ချက်ကို ကိုးကား၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်မှုနည်းလမ်းများအား စတင်ဆောင်ရွက်ရန်အတွက် ၂၀၁၉ ဇန်နဝါရီလတွင် DICA က အသိပေးတိုက်တွန်းခဲ့သည်။[108] အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် မြန်မာဥပဒေမူဘောင်များနှင့်ဆိုင်သည့် နောက်ထပ်သတင်းအချက်အလက်များကို ၂၀၂၀ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည့် MCRB ၏စီးပွားရေးလုပ်ငန်း ကျင့်ဝတ်ဖြောင့်မှန်ရေးဂုဏ်သိက္ခာဆိုင်ရာ လက်စွဲစာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။[109]

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်တွင် အဖွဲ့ဝင်သစ် (၁၂) ဦး ပါဝင်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အား ပြန်လည်ဖွဲ့စည်းခဲ့ပြီး ဝန်ကြီးဟောင်းတစ်ဦးဖြစ်သူ ဦးအောင်ကြည်က ဦးဆောင်ခဲ့ပြီး ယင်းသည် ၂၀၂၀ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် ရာထူးမှ အနားယူလိုက်သည်။ ၎င်းတို့၏ရုံးခွဲအား ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် မော်လမြိုင်မြို့တို့တွင် ဖွင့်လှစ်ထားသည်။ ကော်မရှင်ဥက္ကဋ္ဌသည် အဂတိလိုက်စားမှုအကြီးစားများကို စုံစမ်းထုတ်ဖော်စစ်ဆေးမှုလုပ်မည်ဟု ကတိကဝတ် ပြုခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် စုံစမ်းထုတ်ဖော်စစ်ဆေးမှုများကြောင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးရှေ့နေချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် အပါအဝင် အရာရှိကြီးများကိုလည်း အရေးယူဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ် အမှုဖွင့်အရေးယူဆောင်ရွက်မှုများတွင် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသံဒိုင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ ဖြင့် ဦးစွာစွပ်ချက်တင်ခဲ့သည်၊ ထောင်ဒဏ် ၁၀ နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သည်။ တိုင်ကြားစာအရ ဦးသံဒိုင်သည် ရမည်းသင်းမြို့ရှိ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၏ မိုးထိမိုးမိရွှေတွင်းထံမှ ကျပ်သိန်း ၇၀ ကျော် (ယင်းပိုင်ဆိုင်မှုမြေကွက်အား မြေညှိမြေဖို့ခြင်းလုပ်ငန်းနှင့် ငပလီကမ်းခြေ အပန်းဖြေခရီးသွားရောက်ခြင်းတို့အတွက် ကုန်ကျစရိတ်များ) ရယူခဲ့ကြောင်း စွပ်စွဲခံခဲ့ရသည်။ ထို့အတွက်ဦးသံဒိုင်သည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၆၅ (ရာထူးအား အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်း) ဖြင့် မန္တလေးတိုင်းဒေသကြီး တရားရုံးက ပြစ်ဒဏ် ချမှတ်ခဲ့

107 Fundamental principles for businesses to develop a strong code of ethics and establish appropriate internal control measures to prevent corruption, မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ အမိန့်ကြော်ငြာစာ ၁၄/၂၀၁၈၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် (နှစ်ဘာသာ)

108 Announcement for fundamental principles of Anti-corruption Code of Ethics for Companies and Body Corporates, DICA 16 January 2019

109 Business Integrity: A Handbook for Myanmar Businesses, MCRB July 2020

သည်။[110] သို့သော်လည်း ထောင်ဒဏ် ၆လ သာ အမိန့်ချမှတ်ခဲ့သဖြင့် ၂၀၂၀ ခုနှစ် ဇွန်လအတွင်း ဦးသံဒိုင်၏ ပြစ်ဒဏ်အား မန္တလေးတိုင်းဒေသကြီး တရားရုံးနေချုပ်ရုံးမှ ပြန်လည်သုံးသပ်ရန် လုပ်ဆောင်နေသည်။ သို့သော်လည်း ကုမ္ပဏီ၏မန်နေးဂျင်းဒါရိုက်တာ ဦးထွန်းအောင်စိုးအား မမှန်မကန်သတင်းထွက်ဆိုရန် အားပေးကူညီခဲ့သဖြင့် ပထမဆုံးအကြိမ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၉ အား ပထမဆုံးအကြိမ်အသုံးပြု၍ အရေးယူခဲ့သည်။[111] ပုဒ်မ ၅၆ ဖြင့်တရားစွဲဆိုခံထားရသည့် အခြားသိသာထင်ရှားသည့် အမှုများတွင် အကြီးတန်း အရာရှိကြီး ၅ ဦး ပါဝင်သည်။ ထိုထဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မှ ညွှန်ကြားရေးမှူးချုပ်သည် ပြည်သူ့ဘဏ္ဍာငွေအား အလွဲသုံးစားလုပ်ခြင်း၊[112] မန္တလေးမြို့ အရိုးအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးသည် တင်ဒါရရှိရေးအတွက် လုပ်ငန်းရှင်နှစ်ဦးထံမှ ကျပ်သိန်း ၆၀ ကို လက်ခံရယူခဲ့ခြင်း၊[113] ရေအားလျှပ်စစ် အကောင်ထည်ဖော်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ၂ ဦးသည် မြစ်ငယ်ရေအားလျှပ်စစ်စီမံကိန်း ဒီဇိုင်းရေးဆွဲခြင်းနှင့်ဆောက်လုပ်ရေး တင်ဒါတင်သူများထံမှ လာဘ်ရယူခဲ့သဖြင့် အဖမ်းခံခဲ့ရခြင်း[114] နှင့် မိုးညိုမြို့နယ် ပြည်သူ့လွှတ်တော်အမတ်သည် အင်းသားကြီး ၉ ဦးအား နောက်ထပ် အင်းသက်တမ်း ၃ နှစ် ကြေးတိုင်ရအောင် တာဝန်ယူ၍ လုပ်ပေးမည်ဟုပြောကြား၍ ငွေကြေးများတောင်းယူပြီး ကိုယ်ကျိုးအလွဲသုံးခဲ့သဖြင့် တရားစွဲဆိုခံခဲ့ရသည်။[115]

၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် တိုင်တန်းမှု ၁၀,၀၀၀ ကျော်ကို လက်ခံရရှိခဲ့ပြီး၊ ၂၀၁၇ ခုနှစ်ထက် ၅ ဆပိုများသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အား အဖွဲ့အစည်းတစ်ခုအနေဖြင့် အသိအမှတ်ပြုခြင်းနှင့် ယုံကြည်မှုမြင့်တက်လာခြင်းကို ပြသနိုင်ခဲ့သည့်အပြင် ဤတိုင်ကြားချက်များ တိုးများလာခြင်းသည် အများပြည်သူ၏ သဘောထားများပြောင်းလဲခြင်းကိုပြသပြီး၊ အဂတိလိုက်စားမှု အလေ့အထကို ကိုင်တွယ်ဖြေရှင်းရန်မှာ အရေးကြီးသော ကိစ္စရပ်တစ်ခုအဖြစ် ပိုမိုရှုမြင်လာခြင်းဖြစ်သည်။ သို့သော်လည်း တိုင်ကြားချက်များစွာသည် ACC ၏ လုပ်ပိုင်ခွင့်နှင့်မကိုက်ညီခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးရန် အကြောင်းပြချက် ခိုင်လုံမှုမရှိသော်လည်း အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် တိုင်ကြားစာများ အရေအတွက်မှ သိသိသာသာတိုးပွားလာသောကြောင့် လက်ခံရရှိသော အချက်အလက်များနှင့် သတင်းအချက်အလက်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်းသည် ကော်မရှင်၏လုပ်ငန်းဆောင်ရွက်မှု၏ အရေးပါသောအစိတ်အပိုင်း တစ်ခုဖြစ်လာသည်။ UNODC သည် ACC အား အွန်လိုင်းတွင်ပါ အသုံးပြုနိုင်သည့် မှုခင်းဆိုင်ရာစီမံခန့်ခွဲမှုစနစ် (goCASE) အတွက် ပစ္စည်းကိရိယာနှင့် အထောက်အပံ့များပေးခဲ့သည်။[116]

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ဆောင်မှုများအား အများပြည်သူမှ အသိအမှတ်ပြုခဲ့သည်။ Transparency International Corruption Barometer for Asia သည် ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် အစီရင်ခံစာတစ်ခု ထုတ်ပြန်ခဲ့သည်။ ၎င်းသည် ၂၀၂၀ ခုနှစ် ဇွန်လနှင့်ဇူလိုင်လအတွင်း မြန်မာနိုင်ငံမှ လူပေါင်း၁၀၀၀ ကျော် အပါအဝင် အာရှရှိ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ လူပေါင်း၂၀၀၀၀ ကျော်အား ဖုန်းဖြင့် ကျပန်း စစ်တမ်းကောက်ယူခဲ့သည်။[117] မြန်မာနိုင်ငံသားဖြေဆိုသူထဲများအနက် ၉၃ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံအစိုးရသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ကောင်းမွန်စွာလုပ်ဆောင်နေသည်ဟု ယူဆသဖြင့် ရာခိုင်နှုန်း

110 Senior Mining Official Arrested for Corruption, Irrawaddy 1 April 2019 and Mining MD's 1 year corruption sentence submitted for review, Irrawaddy (မြန်မာဘာသာ) ဇွန်လ ၁၂ ရက်၊ ၂၀၂၀ ပြည့်နှစ်။

111 Anti-Corruption Commission Sues Gold Mining Firm's Staff for False Bribery Claim, Irrawaddy, 3 April 2019

112 5 Water resources officials face corruption charges, Irrawaddy,11 April 2019

113 Medical Superintendent at Hospital in Myanmar's Mandalay Arrested for Corruption, Irrawaddy, December 2019

114 Two Myanmar Electricity Ministry officials arrested for corruption, Irrawaddy, 26 September 2019

115 Monyo lower house MP accused of corruption, Mizzima 29 August 2019

116 စီမံခန့်ခွဲမှုအသစ်သည် မြန်မာနိုင်ငံ၏အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်နိုင်ရန် ကူညီမှုပေးသည်၊ UNODC၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၊ ၂၀ ရက်

117 Global Corruption Barometer Asia 2020: Citizens Views and Experiences of Corruption Transparency International, ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ။ ၂၀၂၀ ဇွန်/ဇူလိုင်လတွင် ယင်းမြန်မာနိုင်ငံစစ်တမ်းကို Myanmar Survey Research (MSR) နှင့် Efficience-3 တို့မှ ကျပန်းနမူနာ ၁၀၀၀ အရွယ်အစားပေါ်အခြေခံ၍ ကောက်ယူခဲ့သည်။

အမြင့်ဆုံးဖြစ်သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ၉၄ ရာခိုင်နှုန်းရခဲ့သဖြင့် အိမ်နီးချင်းနိုင်ငံများတွင် အမြင့်ဆုံးဖြစ်ခဲ့သည် (ထိုင်းနိုင်ငံသည် ၃၄ ရာခိုင်နှုန်းဖြင့် အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သည်)။

**အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့**

၂၀၁၉ ခုနှစ်တွင် စတင်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ၂၀၁၈ – ၂၀၂၂ မဟာဗျူဟာစီမံကိန်းမှ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည့် ဝန်ကြီးဌာနများပါဝင်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ (CPUs) ကိုတည်ထောင်ခဲ့သည်။ ၂၀၂၀ စက်တင်ဘာလအထိ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPUs) ၃၆ ခုထားရှိပြီး ဖြစ်သည်။[118]

ပြည်သူ့ဝန်ဆောင်မှုပေးရသည့် အဖွဲ့အစည်းများ၏ အဂတိလိုက်စားမှုကြီးများကို အဂတိတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးစဉ်တွင် CPU များကသက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဦးဆောင်မှု၊ အဂတိတိုက်ဖျက်ရေးကော်မရှင်၏ လမ်းညွှန်မှုတို့ဖြင့် လုပ်ငန်းများဆောင်ရွက်ကာ သမ္မတနှင့် အဂတိတိုက်ဖျက်ရေးကော်မရှင်တို့ထံ အစီရင်ခံရသည်။ ၎င်းတို့၏တာဝန်များမှာ–

(၁) ဌာနများရှိ အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်

(၂) ဖော်ထုတ်ပြီးသော အဂတိလိုက်စားမှုပြဿနာများကို ဖြေရှင်းရန်

(၃) နောက်ထပ်အဂတိလိုက်စားမှုပြဿနာများတွင် ပြည်သူ့ဝန်ထမ်းများပါဝင်ခြင်းမှ ကာကွယ်ရန်တို့ဖြစ် သည်။

**CPUs များတွင် လုပ်ငန်းတာဝန် ၆ ချက်ရှိပြီး ၎င်းတို့မှာ–**

၁။ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်ဝတ္တရားများ (ToR)ကို ရေးဆွဲပြဋ္ဌာန်းရန်။

၂။ ဌာနအလိုက် တည်မြဲလုပ်ထုံးလုပ်နည်းများ (SOPs) များ ရေးဆွဲရာတွင် ကူညီရန်နှင့် ဝန်ဆောင်မှုရယူသော ပြည်သူများနှင့် တိုက်ရိုက်သက်ဆိုင်နေသောအချက်များကိုဌာနခွဲများနှင့် ပြည်သူလူထုအားအသိပေးရန်။

၃။ အဂတိလိုက်စားမှုဘေးအန္တရာယ်ဖြစ်နိုင် ခြေရှိသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ပြုပြင်ပြောင်းလဲရေးအတွက် တင်ပြဆောင်ရွက်ရန်။

၄။ ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများ ကျင့်ဝတ်လိုက်နာမှုရှိစွာ ဆောင်ရွက်မှုရှိစေရေး ဆောင်ရွက်ရန်။

၅။ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများအကြား လွတ်လပ်၍ ပွင့်လင်းမြင်သာသော ဆွေးနွေးပွဲများ ပြုလုပ်သွားရန်နှင့်

၆။ အောက်ခြေရုံးများတွင် ဝန်ဆောင်မှုရယူနေသော ပြည်သူတစ်ဦးချင်းထံသို့ (ပြည့်ဆည်းခြင်းအစီအစဉ်ဖြင့်) ဖုန်းမှတစ်ဆင့်ဆက်သွယ်ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေမှုရှိမရှိ သေချာစေရန်အတွက် ဆောင်ရွက်ရန်တို့ဖြစ်သည်။

CPU များကို ၎င်းတို့ဝန်ကြီးဌာနများရှိ အဂတိဖြစ်နိုင်ခြေအန္တရာယ်များသည့်ဧရိယာများကို ဆုံးဖြတ်ရန် 'အဂတိလိုက် စားမှုအန္တရာယ်ဆန်းစစ်အကဲဖြတ်ခြင်း'များပြုလုပ်ရန်တိုက်တွန်းသည်။ ဥပမာအားဖြင့် လုပ်ငန်းမှတ်ပုံတင်ရန်၊ လိုင်စင်ထုတ်ပေးရန် သို့မဟုတ် ရေမီးစသည့် ဝန်ဆောင်မှုများရယူရန်စသော နေရာများတွင် ဖြစ်နိုင်သမျှလုပ်ငန်းများ ရှင်းလင်းလွယ်ကူ

118 ၎င်းတို့မှာ ပြည်ထောင်စုရေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ နေပြည်တော်စည်ပင်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ နိုင်ငံခြားရေး၊ ပြည်ထဲရေး၊ ကာကွယ်ရေး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လျှပ်စစ်နှင့်စွမ်းအင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၊ စီးပွားကူးသန်း၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစား၊ ဆောက်လုပ်ရေးနှင့် ဟိုတယ်နှင့်ခရီးသွား စသောဝန်ကြီးဌာနများတို့ ဖြစ်သည်။

စေရန်လုပ်ဆောင်သင့်သည်။ အကျင့်ပျက်ခြစားမှုပြဿနာများကို ဖော်ထုတ်ရန်အတွက် CPU များ၏ လုပ်ငန်းတာဝန်အမှတ် ၃ နှင့်အညီ အဂတိဖြစ်နိုင်ခြေအန္တရာယ်များသည့် ဧရိယာများကိုဆုံးဖြတ်ရန် ကောက်ယူခြင်း corruption risk assessments –CRA များ လုပ်ဆောင်နိုင်ရန်အတွက် CPU များကို တိုက်တွန်းသည်။ ဥပမာ ရောင်းဝယ်ရေးကိစ္စများနှင့် ဝန်ထမ်းခန့်အပ်ခြင်းများဖြစ်သည်။[119]ထိုစနစ်ကိုကိုရီးယားနိုင်ငံမှနမူနာယူခဲ့ခြင်းဖြစ်သည်။[120]

## လုပ်ငန်းအဆင်ပြေ လွယ်ကူစေရန် ငွေပေးခြင်း

လုပ်ငန်းအဆင်ပြေ လွယ်ကူစေရန် ငွေပေးခြင်း (အစိုးရဌာနပိုင်းဆိုင်ရာရှိ နိုင်ငံ့ဝန်ထမ်းများမှလုပ်ငန်းတစ်ခုကို ပြီးစီးအောင်ဆောင်ရွက်မှု လျင်မြန်စေရန် မက်လုံးအနေဖြင့် ပေးသည့်ငွေ) သည် လူအများကြားတွင် တွင်ကျယ်နေသော ကိစ္စရပ်တစ်ခု ဖြစ်နေသေးသည်။ ဤအကြောင်းအရာကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင်လည်း စေ့စေ့ငှငှ ဖော်ပြထားခြင်း မရှိပါ။ သို့သော်လည်း နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ပါ ဝန်ထမ်းများလိုက်နာရမည့် စည်းမျဉ်း (၇)အရ လာဘ်ပေးလာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် တံစိုးလက်ဆောင်ယူခြင်းအပြင် တာဝန်အရဆောင်ရွက်ရန်ရှိသည့်အလုပ် သို့မဟုတ် ပြုလုပ်ပေးခဲ့ရသည့် လုပ်ငန်းအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း (သို့မဟုတ်) တာဝန်အရ ပြုလုပ်ရမည့်အလုပ်ကို မပြုလုပ်စေရန်အတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ထားပါသည်။

NLD အစိုးရသည် ၎င်းတို့ အာဏာစရလာချိန်မှစ၍ ပြည်သူ့ဝန်ထမ်းများ၏ လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့်ပတ်သက်သည့် လမ်းညွှန်ချက်များကို ချက်ခြင်းဆိုသလို ချမှတ်ထုတ်ပြန်ခဲ့သည်။ လက်ဆောင်ပစ္စည်း လက်ခံရာတွင်ယခင်က ကျပ်ငွေ (၃၀၀၀၀၀) ကျပ်အထိ အများဆုံးလက်ခံခွင့်ရှိရာမှ ယခုအခါတွင်မူ(၂၅၀၀၀) ကျပ်ထက်မပိုသော (၁၅ ဒေါ်လာဝန်းကျင်) လက်ဆောင်ပစ္စည်းကိုသာ လက်ခံခွင့်ရှိမည် ဖြစ်သည်။[121]

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ပြည်တွင်းအခွန်များ ဦးစီးဌာန (IRD) က ‘အများပြည်သူဆိုင်ရာ အရာရှိများထံပေးအပ်သည့် တံစိုးလက်ဆောင်များအတွက် ကုန်ကျစရိတ်ကို ဝင်ငွေခွန်တွက်ချက်မှုတွင် စရိတ်အဖြစ် နှုတ်ပယ်ခွင့်မပြုခြင်း’ နှင့် ပတ်သက်သည့် လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်အမှတ် ၁/ ၂၀၁၈ ကို ထုတ်ပြန်ခဲ့သည်။ ‘အများပြည်သူဆိုင်ရာအရာရှိများ’ ကို အောက်ပါအတိုင်း အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။

(၁) နိုင်ငံ့ဝန်ထမ်းများ (ပြည်ပတွင်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ အပါအဝင်)၊

(၂) နိုင်ငံတော်အစိုးရ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များတွင် ရာထူး ရယူထားသူများ၊

(၃) နိုင်ငံတော်အစိုးရကဖွဲ့စည်းတည်ထောင်ထားသည့်ဘုတ်အဖွဲ့၊ကော်မရှင်စသည်တို့တွင်ခန့်အပ်ခြင်းခံရသူများနှင့်၊

(၄) အများပြည်သူဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၏ ဝန်ထမ်းများ။[122]

119 ဥပမာအားဖြင့် ပညာရေးဝန်ကြီးဌာနသည် မူလတန်းပညာရေးကဏ္ဍတွင် အကောင်အထည်ဖော်နေသည့် ဝယ်ယူရေးဆိုင်ရာတွင် ဖြစ်နိုင်ခြေရှိသော အဂတိဆိုင်ရာ အန္တရာယ်မျိုး ဆန်းစစ်ခြင်း။

120 Introduction to Korea's Corruption Risk Assessment: A Tool to Analyze and Reduce Corruption Risks in Bills, Laws and Regulations, UNDP ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လနှင့် State of Integrity: A guide on conducting corruption risk assessments in public organisations, UNODC ၊ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ။

121 Contained in Annex C of the Business Integrity: A Handbook for Myanmar Businesses, ၏ နောက်ဆက်တွဲ (ဂ) တွင် ပါဝင်သည်၊ MCRB ဇူလိုင်လ ၂၀၂၀ ပြည့်နှစ်။

122 Deductibility of Gifts to Government Officials, ပြည်တွင်းအခွန်များ ဦးစီးဌာန (IRD) ၏ လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်အမှတ် ၁/၂၀၁၈၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ။

## ဇယား ၆
## Myanmar Business Environment Index 2020 Subindex 6: Transparency

၁။ ပြည်နယ်/တိုင်းဒေသကြီး တို့၏ ဘတ်ဂျက် အချက်အလက်များအား လက်လှမ်းမီခြင်း (%)
၂။ ပြည်ထောင်စုဥပဒေများ လက်လှမ်းမီခြင်း (%)
၃။ ပြည်ထောင်စုဝန်ကြီးဌာနများ၏ အကောင်ထည်ဖော်မှုဆိုင်ရာ စာရွက်စာတမ်းများနှင့် စည်းမျဉ်း စည်းကမ်းများကို လက်လှမ်းမီခြင်း (%)
၄။ ပြည်နယ်/တိုင်းဒေသကြီး ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ လက်လှမ်းမီခြင်း (%)
၅။ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းအသစ်များသိရှိနိုင်မှု လက်လှမ်းမီခြင်း (%)
၆။ ရေအားလျှပ်စစ်စီမံကိန်းများ၊ လေဆိပ်များနှင့် အဝေးပြေးလမ်းမကြီးများ ကဲ့သို့သော အများပိုင် ရင်းနှီးမြှုပ်နှံမှုအစီများသတင်းကို လက်လှမ်းမီခြင်း (%)
၇။ မြေယာအသုံးချမှု အစီအစဉ်နှင့် မြေပုံများလက်လှမ်းမီခြင်း (%)
၈။ ပြည်နယ်/တိုင်းဒေသကြီးဆိုင်ရာ စက်မှုလုပ်ငန်းများနှင့် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းစာရွက်စာတမ်းများ လက်လှမ်းမီခြင်း (%)
၉ ။ စည်းမျဉ်းစည်းကမ်း/ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပုံစံဖြည့်ရန် အသင့်ရှိစာရွက်စာတမ်းများ လက်လှမ်းမီခြင်း
၁၀။ ပြည်ထောင်စုအဆင့်တွင် ဥပဒေနှင့် စည်းမျဉ်းများပြောင်းလဲမှုအတွက် ခန့်မှန်းနိုင်မှု (%)
၁၁။ ပြည်နယ် / တိုင်းအဆင့်တွင် စည်းမျဉ်းများပြောင်းလဲခြင်းကို ခန့်မှန်းနိုင်မှု (%)
၁၂။ ပြည်နယ် / တိုင်းအဆင့်တွင် အကောင်ထည်မှုဆိုင်ရာ စည်းမျဉ်းများကို ခန့်မှန်းနိုင်မှု (%)
၁၃။ ထွေအုပ်ဆိုင်ရာစာရွက်စာတမ်း အချက်အလက်များ အများပြည်သူတို့အသိပေးအကြောင်းကြားမှု (%)
၁၄။ စည်ပင်မှ စာရွက်စာတမ်းအချက်အလက်များ အများပြည်သူသို့ အသိပေးအကြောင်းကြားမှု (%)

လုပ်ငန်းအဆင်ပြေလွယ်ကူစေရန် ငွေပေးခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်နှင့် အချို့ကို Dana Facility ၏ ပံ့ပိုးမှုဖြင့် အာရှဖောင်ဒေးရှင်းမှ ဆောင်ရွက်ခဲ့သည့် မြန်မာ့စီးပွားရေးပတ်ဝန်းကျင် အညွှန်းကိန်း (MBEI) မှရရှိခဲ့သည်။ မြို့နယ်၊ ပြည်နယ်နှင့် တိုင်းအဆင့်ရှိ စီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုများအား သုတေသနပြုလုပ်ထားပြီး ဝန်ဆောင်မှုနှင့် ထုတ်လုပ်မှု ကဏ္ဍ၊ အထူးသဖြင့် အစားအသောက်နှင့် စက်ပစ္စည်းများ ပြင်ဆင်ခြင်းတို့ကို လုပ်ကိုင်နေကြသည့် မြန်မာ့အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အများစုပါဝင်သော မြန်မာ့စီးပွားရေးလုပ်ငန်းပေါင်း (၄၈၇၄) ခုအား မြို့နယ်အဆင့်ဆိုင်ရာ သုတေသနပြုလုပ်ထားသည်။ ယင်းသည် ဗီယက်နမ်နိုင်ငံ ဒေသပိုင်းဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းညွှန်းကိန်းတွင် အကောင်အထည်ဖော်ပြီးဖြစ်သော အာရှဖောင်ဒေးရှင်း၏ စစ်တမ်းဆောင်ရွက်ပုံ နည်းလမ်းအား အသုံးပြုထားသည်။ ယခုစစ်တမ်းတွင်ပါဝင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ရှိ စီးပွားရေးဆိုင်ရာကိစ္စရပ် အကြောင်းအရာများမှာ စာရင်းသွင်းခြင်းဆိုင်ရာ ကုန်ကျစရိတ်များ၊ မြေယာရရှိခြင်းနှင့် လုံခြုံရေး၊ စာရင်းသွင်းပြီးလျှင် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ တရားဝင်မဟုတ်သည့် ငွေပေးချေမှုများ၊ အခြေခံအဆောက်အဦ၊ ပွင့်လင်းမြင်သာမှု၊ ဘက်လိုက်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာ လေးစားလိုက်နာမှု၊ ဝန်ထမ်းခန့်အပ်မှု၊ ဥပဒေနှင့် အမိန့်တို့ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် အာရှဖောင်ဒေးရှင်းသည် ပိုမိုကောင်းမွန်သော စစ်တမ်းကောက်ယူမှုစနစ်ဖြင့် မြန်မာ့စီးပွားရေးပတ်ဝန်းကျင်အညွှန်းကိန်း (MBEI) ကို ဒုတိယအကြိမ် အကောင်ထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယင်းတွင် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းပေါင်း ၅၆၀၅ ကို စစ်တမ်း ကောက်ယူခဲ့သည်။[123]

123 Malesky, E.J., D. Dulay, V. Peltovuori. 2020. The Myanmar Business Environment Index: Measuring Economic Governance for Private Sector Development. The DaNa Facility and The Asia Foundation (Burmese version)

TI corruption ၂၀၂၀ နှင့် MBEI ၂၀၂၀ ၏ အစီရင်ခံစာများအရ "အသေးစား အဂတိလိုက်စားမှုများမှာ အခက်အခဲမဟုတ်သော်လည်း အကြီးစားအဂတိလိုက်စားမှုများအတွက်မူ စိုးရိမ်ဖွယ်ရှိသည်။ လုပ်ငန်းမှတ်ပုံတင်ခြင်းအတွက် တရားမဝင်ပေးချေရမှု ရာခိုင်နှုန်းမှာ သုညရာခိုင်နှုန်းခန့်သာ ရှိပါသည်။ သို့သော်လည်း လုပ်ငန်း ၇၀ ရာခိုင်နှုန်းက ဆောက်လုပ်ခွင့်လိုင်စင် ရရှိရန်အတွက် တရားမဝင်ပေးဆောင်ခဲ့ပြီး လုပ်ငန်းတစ်ခုလျှင် ကျပ် ၃.၄ သန်း (ကန်ဒေါ်လာ ၂၄၃၀) နှုန်းထားအထိ ကုန်ကျခဲ့သည်။" သို့ရာတွင် MBEI ၂၀၂၀ တွင် "စီးပွားရေးလုပ်ငန်းအများစုအနေဖြင့် အစိုးရအရာရှိများသည် ဥပဒေအထက်တွင် ရှိနေကြသည်ဟု ထင်မြင်ယူဆကြဟန်တူပြီး ယင်းအခြေအနေသည် ဤကာလအတွင်း ပိုမိုဆိုးဝါးလာခဲ့သည်။ လုပ်ငန်းများ၏ ၂၆.၅ ရာခိုင်နှုန်းသာလျှင် ပြဿနာဖြေရှင်းရာတွင် ၎င်းတို့အနေဖြင့် အထက်အစိုးရရုံးသို့ အယူခံတက်နိုင်သည်ဟု ယုံကြည်ကြပြီး ၂၀.၁ ရာခိုင်နှုန်းသာလျှင် ခေါင်းဆောင်ဖြစ်သူသည် အပြစ်ကျူးလွန်သော လက်အောက်ဝန်ထမ်းကို အရေးယူလိမ့်မည်ဟု ယုံကြည်ကြသည်။"

လုပ်ငန်းအဆင်ပြေ လွယ်ကူစေရန် ငွေပေးခြင်းဖြစ်စေသည့် အဓိကတွန်းအားမှာ အချက်အလက်များ ရှင်းလင်းစွာ ထုတ်ပြန်ထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခွင့်ပြုချက်လျှောက်ထားရန် အရာရှိများနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံရန် လိုအပ်နေခြင်းဖြစ်သည်။ တွေ့ဆုံဆွေးနွေး၍ ယင်းတို့၏ ခွင့်ပြုချက်ယူရသည်ဖြစ်ရာ လုပ်ငန်းအဆင်ပြေ လွယ်ကူစေရန် ငွေပေးရန်လိုအပ်သည်။ ထို့ကြောင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်အမှတ် ၂ တွင် ဖော်ပြထားသည့် အတိုင်း လာဘ်ပေးလာဘ်ယူကို လျှော့ချရန်နည်းလမ်းတစ်ရပ်မှာ လုပ်ငန်းစဉ်များနှင့် အခကြေးငွေများနှင့် စပ်လျဉ်း၍ ရှင်းလင်းသော သတင်းအချက်များကို အွန်လိုင်းနှင့်ရုံးတွင် ဖော်ပြရန်ဖြစ်သည်။ ယင်းတွင် ရုံးက ဆောင်ရွက်ပေးရသည့် တရားဝင်အခကြေးငွေများနှင့် အဆင့်တစ်ခုချင်းစီအတွက် လိုအပ်သော အချိန်ကာလ (ပါမစ်၊ လိုင်စင်၊ သဘောတူခွင့်ပြုချက်၊ အသုံးပြုဆောင်ရွက်ခြင်းစသည်) တို့ပါဝင်သင့်သည်။ ယင်းတွင် သုံးစွဲသူပြည်သူများအား ဗဟုသုတနှင့် ၎င်းတို့အနေဖြင့် မည်သည်တို့ကို မျှော်လင့်လုပ်ကိုင်ရမည်ကို လက်တွေ့ကျကျ သိရှိနားလည်မှုများ ပေးရမည်ဖြစ်သည်။ အင်တာနက်စာမျက်နှာများ၊ သတင်းကြော်ငြာများနှင့် အပြင်ဘက် လမ်းညွှန်ဆိုင်းဘုတ်များ အသုံးပြုပြီး ပေးဆောင်ရမည့် အခကြေးငွေများ၊ အချိန်ဇယားများကို အသိပေးနိုင်သည်။ ထိုသို့ သိထားခြင်းဖြင့် လိုအပ်သောစာရွက်စာတမ်းများ သို့မဟုတ် ကြိုတင်ခွင့်ပြုချက်များရရှိရန် စီးပွားရေးလုပ်ငန်းများက ကြိုတင်ဆောင်ရွက်နိုင်သည်။ MBEI ၏ ပွင့်လင်းမြင်သာမှုညွှန်းကိန်းတွင် တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ ပွင်လင်းမြင်သာမှု အတိုင်းအတာကို လေ့လာထားပါသည်။ (ဇယားကွက်-၆ ကိုကြည့်ပါ။) (ရန်ကုန်တိုင်းဒေသကြီးသည် ပွင့်လင်းမြင်သာမှုအကောင်းဆုံးဖြစ်ပြီး၊ ရခိုင်ပြည်နယ်သည် ပွင့်လင်းမြင်သာမှုအနည်းဆုံးဖြစ်သည်။)

ဇယား ၆ တွင်ပြထားသည့်တိုင်း ပြည်နယ်/တိုင်းအဆင့် စည်းမျဉ်းများတွင် ခန့်မှန်းနိုင်ခြင်းသည် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဥပဒေအသစ်များကို ပြဋ္ဌာန်းခြင်းနှင့် ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို လျှော့ချခြင်းတို့တွင် ထောက်ခံချက်၊ ခွင့်ပြုချက်များကို အဆင့်ဆင့်ယူရမည့် လုပ်ငန်းစဉ်များ ပါဝင်နေသည်။

**ထို့ကြောင့် MBEI သည်**

"အားနည်းပြီး ရှုပ်ထွေးသော စီးပွားရေးအုပ်ချုပ်မှု နည်းနာများက မြန်မာ့စီးပွားရေးလုပ်ငန်းများ၏တိုးတက်မှုကို နှောင့်နှေးစေပြီး ဖွံ့ဖြိုးရေးကိုလည်း အဟန့်အတားဖြစ်စေသည်။ တိကျရှင်းလင်းမှုမရှိသောစီးပွားရေးလုပ်ငန်းများလိုင်စင်ချပေးသည့်လုပ်ထုံးလုပ်နည်းများကြောင့် စီးပွားရေးစီမံကိန်းရေးဆွဲရာတွင် ရှုပ်ထွေးစေပြီး၊ အခြေခံအဆောက်အအုံ လုံလောက်မှု မရှိခြင်းက ရင်းနှီးမြုပ်နှံမှုများကို ဆွဲဆောင်ရာတွင် အားနည်းစေသည်။ SMEs များသည်လည်း လုပ်ငန်းတိုးချဲ့ရန်နှင့် ဒေသကုန်စည်စီးဆင်းမှုတွင် ပါဝင်ပေါင်းစပ်ရန်အတွက် အရင်းအနှီး

မရှိကြပေ။ ထို့ပြင် ပွင့်လင်းမြင်သာမှုအားနည်းပြီး၊ ရှုပ်ထွေးယှက်နွယ်နေသော အုပ်ချုပ်ရေးပုံစံများကြောင့် ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များအနေဖြင့် လုပ်ထုံးလုပ်နည်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများ အားလုံးအတွက် တစ်ပြေးညီသတ်မှတ်ထားရှိရေးမှာ အခက်အခဲဖြစ်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အချို့သောစီးပွားရေးလုပ်ငန်းဆိုင်ရာ စည်းကြပ်ဆောင်ရွက်ခြင်းမှာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်သာ သက်ဆိုင်ပြီး၊ အချို့မှာမူ ပြည်နယ်/တိုင်းဒေသကြီးများနှင့် မြို့နယ်အဆင့် ရုံးများနှင့်သာ သက်ဆိုင်သည်။ ရလဒ်အားဖြင့် မြန်မာနိုင်ငံ၏ ဒေသန္တရစီးပွားရေးအုပ်ချုပ်မှုသည် အများအားဖြင့် ထိရောက်မှုမရှိဘဲ ၎င်း၏ အကျိုးသက်ရောက်မှုကိုခံနေရသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကိုယ်၌ပင်လျှင် စီးပွားရေးအုပ်ချုပ်မှုကို ကောင်းစွာနားမလည်နိုင်ကြပေ။”ဟု မှတ်ချက်ပြုထားသည်။

သို့ရာတွင် ဒေသခံအာဏာပိုင်များ၏ ခေါင်းဆောင်မှုပြသမှု အပေါ်များစွာမူတည်သည်။ MBEI ၂၀၂၀ ခုနှစ်ရလဒ်တွင် *“မြန်မာနိုင်ငံရှိပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသည်အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အားသာချက်များနှင့် အားနည်းချက်များကို ကွဲပြားခြားနားစွာတွေ့ရသည်။ အလုံးစုံ စီးပွားရေးအုပ်ချုပ်မှုနှင့်ပတ်သက်၍ မည်သည့် ပြည်နယ် သို့မဟုတ် မည်သည့်တိုင်းဒေသကြီးက တစ်ခုနှင့်တစ်ခု သာလွန်ကောင်းမွန်ခြင်းမရှိပါ။”* ဟု ဖော်ပြထားသည်။ ပြီးနောက် “ပြည်နယ်နှင့်တိုင်းဒေသကြီး အချင်းအချင်းထက်စာလျှင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များကြားတွင်ရှိသော စီးပွားရေးအုပ်ချုပ်မှု ကွာခြားချက်များမှ ပို၍သိသာပြီး ဤအချက်သည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်များ၏ အရေးကြီးပုံကို ညွှန်းဆိုလျှက်ရှိသည်”ဟုပြောကြားထားသည်။

အထူးသဖြင့် လုပ်ငန်းအဆင်ပြေရန်ငွေပေးချေမှုနှင့် ပတ်သက်၍ အစိုးရဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် အဂတိလိုက်စားမှုဖြစ်နိုင်ချေရှိသည်တို့ကို ဖော်ထုတ်ရန် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များသည် SMS ကို အခြေခံသည့် အများပြည်သူ၏ တုံ့ပြန်ချက်စီမံကိန်း (PFP) ကို World Bank ၏ပံ့ပိုးမှုဖြင့်စတင်ခဲ့ပြီး ၎င်းကိုဖြည့်ဆည်းခြင်းဟုလည်း မြန်မာလိုခေါ်သည်။ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလအထိ PFP အစီစဉ်အား ဝန်ကြီးဌာန ၁၀ ခုတွင် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အခြားသော ဝန်ကြီးဌာန ၆ခု ကျော်ကလည်း စိတ်ဝင်စားလျက်ရှိသည်။[124] ၂၀၂၀ ခုနှစ် ဇန်နဝါရီလ – ဖေဖော်ဝါရီလတွင် တုံ့ပြန်မှုမှာ ၁၁.၈ % (၁၀၂၄၈၀ SMS ပေးပို့ခဲ့ပြီး ၁၂၀၅၈ မှ အကြောင်းပြန်ခဲ့သည်။)[125] အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် “တက်ညီလက်ညီ” ဟု အမည်ရသည့် ပညာပေးတီဗီကြော်ငြာကို ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသနေပြီး၊ အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်၍ တိုင်ကြားမှုကိုပြုလုပ်မှုကို အားပေးရန်အတွက် ဖေ့ဘုတ်စာမျက်နှာလည်း ဖွင့်လှစ်ထားသည်။ [126] Transparency International Corruption Barometer တွင် အများပြည်သူဝန်ဆောင်မှုများထဲမှ မှတ်ပုံတင်ကဒ်များလျှောက်ထားသည့်နေရာသည် လာဘ်ပေးလာဘ်ယူမှုပြုလုပ်ရန် တောင်းဆိုမှုအများဆုံးခံရသည့် နေရာဖြစ်သည်။ (၂၇ % သည် ထိုဝန်ဆောင်မှုကို ၁၂ လအတွင်း အသုံးပြုခဲ့သည်)။ ဒုတိယမှာ ရဲဖြစ်သည် (၂၈%)။[127]

COVID-19 ဖြစ်ပွားမှုကြောင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းအတွက် MyCo ကဲ့သို့သော အွန်လိုင်းလုပ်ငန်းစဉ်များသို့ ပြောင်းလဲခြင်းသည် လုပ်ငန်းလွယ်ကူရန်ငွေပေးချေခြင်း ဖြစ်ပွားမှုကို

124 အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထဲရေး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှု၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၊ စီးပွားကူးသန်း၊ ပညာရေး၊ ကျန်းမာရေးနှင့်အားကစား၊ ဟိုတယ်နှင့်ခရီးသွားလာရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်။ စိတ်ဝင်စားမှုပြနေသော ဝန်ကြီးဌာနများ–သာသနာရေးနှင့် ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း၊ သယံဇာတနှင့် ပတ်ဝန်းကျင်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်၊ ဆောက်လုပ်ရေး၊ နေပြည်တော်စည်ပင်တို့ ဖြစ်သည်။

125 အဂတိလိုက်စားမှုတိုက်ဖျက်ကော်မရှင် ဥက္ကဌ၏မိန့်ခွန်း

126 https://www.facebook.com/tetnyiletnyi/

127 https://www.transparency.org/en/gcb/asia/asia-2020/results/mmr

လျှော့ချရန် အကူညီဖြစ်စေသည်။ ၂၀၂၀ ပြည့်နှစ်အောက်တိုဘာ ၁ ရက်တွင် ကော်ပိုရိတ်အခွန်များကို မဖြစ်မနေ အွန်လိုင်းမှ ငွေပေးချေခြင်းကို စတင်မိတ်ဆက်ခဲ့သဖြင့် မြို့နယ်အခွန်ရုံး၌ ငွေသား သို့မဟုတ် ချက်လက်မှတ်ကို အသုံးပြု၍ငွေပေးချေမှုစနစ်နှင့် အခွန်စာအုပ်များ၏ လက်စွဲစနစ်ကို အဆုံးသတ်စေခြင်းမှာ သိသာထင်ရှားသည့် ခြေလှမ်းပင်ဖြစ်သည်။[128] လုပ်ငန်းအဆင်ပြေစေရန် ငွေပေးချေခြင်းမပြုပါက အခွန်အရာရှိမှ တားဆီး၊ ဟန့်တားနိုင်သည့် အခွန်တောင်းခံမှုကို ဖယ်ရှားပစ်နိုင်ခဲ့သည်။ ရှုပ်ထွေးမှုကိုလျှော့ချရန် နောက်ထပ်အပြုသဘောဆောင်သည့် တိုးတက်မှုမှာ အခွန်ကောက်ခံရာတွင် အခွန်ရှောင်တိမ်းမှုနှင့် အကျင့်ပျက်ခြစားမှု အလားလာကို လျှော့ချနိုင်ရန် အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကို ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ပြဋ္ဌာန်းခဲ့သည်။[129] ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် တင်ပို့မှု/တင်သွင်းခွင့်လိုင်စင်များအတွက် အွန်လိုင်းမှလျှောက်ထားသည့် လုပ်ငန်းစဉ်စတင်မိတ်ဆက်ခြင်းကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုရိုးရှင်းစေခြင်း၊ အဂတိလိုက်စားမှုကို လျှော့ချခြင်းနှင့် စာရင်းစစ်ရာတွင်လည်း လွယ်ကူစေသည်။[130]

## ကိုဗစ်-၁၉ နှင့် အဂတိလိုက်စားမှု

တစ်ကမ္ဘာလုံးတွင် ကိုဗစ် ၁၉ တုန့်ပြန်မှုများ၌ အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အန္တရာယ်များရှိနေကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် UNODC သည် ACC နှင့် CPUs အား ကိုဗစ်ကပ်ရောဂါကာလအတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လမ်းညွှန်ချက်များကို ပံ့ပိုးပေးခဲ့သည်။ ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် လိမ်လည်မှုများ ဖြစ်ပေါ်နိုင်သည့် အန္တရာယ် ဆိုးရွားစွာမြင့်တက်စေသည်။[131] အဆိုပါ အန္တရယ်များသည် ရိုးရှင်းသော ဝယ်ယူရေးစနစ်၊ ဆေးကုသမှုဆိုင်ရာဝန်ဆောင်မှုများတွင် လာဘ်ပေးလာဘ်ယူမှု၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် အထောက်အပံ့များဖြန့်ဝေရာတွင် မမျှတမှု/မညီမျှမှု၊ ဆေးဝါးအတု၊ ကာကွယ်ရေးကိရိယာ (Masks နှင့် လက်အိတ်များ စသဖြင့်) သုတေသနပြုလုပ်မှုတို့နှင့် ဆက်စပ်နေသည့် လိမ်လည်မှု၊ ရိုးရှင်းစွာလုပ်ဆောင်နေသည့် ဝယ်ယူရေးလုပ်ထုံးလုပ်နည်းများအား ထိန်းကျောင်း၊ စစ်ဆေးမှုမရှိသောကြောင့် ဆေးပစ္စည်းကိရိယာများ၏ အရည်အသွေးနိမ့်ကျမှုစသည်တို့နှင့် ဆက်စပ်မှုရှိသည်။ ကိုဗစ်ပြန်လည်ထူထောင်ရေး ချေးငွေများကို ၁ နှစ်လျှင် အတိုးနှုန်း ၁%နှင့် ချေးထားသည်။ ယနေ့အချိန်အထိ ချေးငွေများသုံးကြိမ်တိတိထုတ်ပေးခဲ့ပြီး ချေးငွေထုတ်ချေးနိုင်သည့် ကုမ္ပဏီအမည်နှင့် လိပ်စာများကို ထုတ်ပြန်ခဲ့သည့်အတွက် ပွင့်လင်းမြင်သာမှုရှိခဲ့သည်။[132] European Union၏ အကူညီဖြင့် အထည်ချုပ်အလုပ်သမားများအားငွေသားအထောက်အပံ့များပေးရာတွင်မြန်ကူအရေးပေါ်ရန်ပုံငွေကဲ့သို့သော မိုဘိုင်းငွေပေးနည်းကို အသုံးပြု၍ အဂတိလိုက်စားမှုဖြစ်နိုင်ချေရှိသည့် အန္တရာယ်ကိုလျှော့ချနိုင်သည်။[133] မြန်မာနိုင်ငံအစိုးရသည်လည်း ဆင်းရဲသည့်သူများနှင့် ထိလွယ်ရှလွယ်သည့်သူများထံ ငွေသားထောက်ပံ့ပေးမှုနှင့်ပတ်သက်၍ မကျေနပ်၊ နစ်နာမှုများ တိုင်ကြားနိုင်သည့် စင်တာလည်း ဖွင့်လှစ်ပေးထားသည်။[134]

ပုဂ္ဂလိကကုမ္ပဏီများသည် COVID ၏တုန့်ပြန်မှုများတွင် သိသာထင်ရှားသော ပံ့ပိုးမှုများပြုလုပ်ခဲ့ကြသည်။ KBZ နှင့် Max/AYA တို့ကဲ့သို့သော ကုမ္ပဏီများသည် ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်ကိစ္စတွင် အမှားအယွင်းများရှိပြီးနောက် ၎င်းတို့၏ ကြီးကြပ်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာ

128 Myanmar: IRD Introduces E-Filing System & Expands E-Payment Platforms to Taxpayers, DFDL, 10 September 2020
129 Tax Administration Law, effective from 1st October 2019, PWC Tax Newsletter Issue 18, 24 July 2019
130 Myanmar to launch TradeNet 2.0 system in January, Myanmar Times, 13 November 2020
131 Guidelines on Prevention of Corruption during the Covid-19 Pandemic (Myanmar version), UNODC, June 2020
132 See DICA's third list of 698 companies, 18 November 2020 and Myanmar Government gives out third batch of COVID loans, Myanmar Times, 20 November 2020
133 https://smartmyanmar.org/en/eu-myan-ku-fund
134 Complaints made over COVID-19 cash assistance programme for poor people, Mizzima, 21 November 2020

တို့ကို ပိုမိုအာရုံစိုက်ကြသည်။[135] ဥပမာအားဖြင့် KBZ သည် အင်းယားစင်တာ ယာယီဆေးခန်းအတွက် ရန်ပုံငွေထပ်မံလှူဒါန်းရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ ယုံကြည်ရသောဌာနများကို ကြီးကြပ်စေခဲ့သည်။[136] ကော်ပိုရိတ်ပရဟိတလုပ်ငန်း၊ အခွန်ကောက်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့နှင့်ပတ်သတ်၍ ဆက်လက်ဖြစ်ပွားနေ သော ကိစ္စရပ်များကို အောက်တွင်ဖော်ပြထားသည့် လှူဒါန်းမှုများအပိုင်းတွင် တွေ့ရှိမည်ဖြစ်သည်။

## အဂတိလိုက်စားမှုကိုတိုက်ဖျက်ရန်အတွက် နောက်ထပ်လုပ်ဆောင်သွားမည့် အရာများ

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ဥက္ကဋ္ဌသည် အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်အတွက် လုပ်ဆောင်ရန် များစွာကျန်သေးကြောင်း သတိပြုမိသဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာ (၂၀၂၂–၂၀၃၂) ကို အကောင်ထည်ဖော်ရန် စတင်နေသည်။[137] ဥက္ကဋ္ဌသည်ပုဂ္ဂလိကကဏ္ဍနှင့်အရပ်ဖက်အဖွဲ့အစည်းများအထောက်ကူပြုလုပ်ငန်းကော်မတီတွင် ပူးပေါင်းပါဝင်ဆောင်ရန် ဆန္ဒရှိသူများကို ဖိတ်ခေါ်ခဲ့သည်။ ပုဂ္ဂလိက ကဏ္ဍနှင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် အဓိပ္ပာယ်ရှိသောဆွေးနွေးမှုများ အားပေးသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်လည်း ကိုက်ညီမှုရှိသည်။ ၎င်းသည် ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် အလွတ်သဘောအကြံပေးသည့် အဖွဲ့ကို အစားထိုးလိမ့်မည်ဖြစ်သည်။ အထက်တွင် မီးမောင်းထိုးပြထားသော ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်သွားရမည့်အပြင် အပိုင်း ၂ တွင် တင်ပြထားသည့် အကျိုးအမြတ်ပိုင်ဆိုင်မှု (beneficial ownership) အပြင် အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည့်နေရာများကို ဖြေရှင်းရန်လိုအပ်သည်။ အမှန်တကယ်တွင် စည်းမျဉ်းများနှင့် စီးပွားရေးလုပ်ငန်းများပါဝင်မှု အပါအဝင် ပြည်သူ့ဝန်ထမ်းများ၏ ကျင့်ဝတ်ဖြောင့်မှန်ရေး၊ တာဝန်ခံမှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့် ထုံတမ်းဓလေ့များဆိုင်ရာ လိုအပ်မှုများကြောင့် Transparency International Australia သည် အားနည်းချက်များကို ကိုင်တွယ်ဖြေရှင်း လုပ်ဆောင်ရန် အစီစဉ်များနှင့်အတူ ၎င်းကို "အမျိုးသားအဆင့် ကျင့်ဝတ် ဖြောင့်မှန်ရေးစနစ်" အဖြစ်ရှုမြင်ရန်နှင့် အဆိုပြုခဲ့သည်။[138] မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် မဟာဗျူဟာအသစ် ရေးဆွဲအကောင်ထည်ဖော်သည့် အချိန်တွင် ၎င်းသည် ထည့်သွင်းစဉ်းစားသင့်သည့် နည်းလမ်းတစ်ခုဖြစ်သည်။

### အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲရောင်းချခြင်း

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ အစိုးရ၏ဝယ်ယူရေးနှင့် ပုံသေပိုင် ပစ္စည်းများထုခွဲရောင်းချခြင်းဆိုင်ရာအတွက် ထိရောက်သော ဥပဒေမူဘောင်မရှိပါ။ အမိန့်ကြော်ငြာစာ ၁/၂၀၁၇ ကို ထုတ်ပြန်ထားသော်လည်း တင်ဒါခေါ်ယူမှုများနှင့် ဝယ်ယူရေးလုပ်ငန်းစဉ်များအတွက် အခြေခံလိုအပ်ချက်များနှင့် သတ်မှတ်ချက်အဆင့်များ သတ်မှတ်ထားသော်လည်း မကြာခဏ လျစ်လျူရှုခံရခြင်း၊ စာချုပ်တွင်ပါရှိသည့် တင်ဒါ တင်သူများသည် ဆက်စပ်မှုရှိသည့်ပါတီများ၊ တင်ဒါခေါ်ယူမှုကော်မတီသည် ယုံကြည်စိတ်ချရမှုမရှိခြင်း၊ တင်ဒါ စံနှုန်းများကိုလိုက်နာခြင်းနှင့် အရည်အသွေးထိန်းချုပ်ခြင်းတွင် တစ်တမတ်တည်း အမြဲတမ်း မဖြစ်ခြင်း နှင့် လွှတ်တော်အမတ်များသည် အမြဲတမ်းကြည့်ကြပ်ရန် မဖြစ်နိုင်ခြင်းတို့ကြောင့် ကွာခြားမှုများကို လျှော့ချရန်အတွက် သမ္မတသည် ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ ကိုထုတ်ပြန်ခဲ့သည်။[139] ကမ္ဘာ့

135 Myanmar's KBZ Takes Leading Role in Country's Fight Against COVID–19, Irrawaddy, 5 October 2020, Ayewarwady Foundation builds COVID–19 test centre in Taikkyi, Myanmar Digital News, 20 October 2020

136 Inya Center Facebook စာမျက်နှာ၊ ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ https://www.facebook.com/InyaCentre/posts/127644719100428

137 Corruption is still rooted in many places: Anti–Corruption Commission, Eleven News Journal 27 October 2020

138 Australia's National Integrity System: The Blueprint For Action, Transparency International Australia, November 2020

139 Tender procedures to be followed by government departments and organisations in construction, purchase, procurement of services, lease and sale, သမ္မတရုံးညွှန်ကြားချက် ၁/၂၀၁၇၊ ၁၀ ရက် ဧပြီလ ၂၀၁၇ ခုနှစ် ဘာသာပြန်ချက်၊ Lincoln Legal Services ။

ဘဏ်၏အကူအညီဖြင့် ဝယ်ယူရေးနှင့် ပိုင်ဆိုင်ပစ္စည်းများ ထုခွဲရောင်းချခြင်းဆိုင်ရာ ဥပဒေ (မူကြမ်း)ကို ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး၊[140] ၂၀၂၀ ခုနှစ် ဇူလိုင်လတွင် လွှတ်တော်၌ ဆွေးနွေးခဲ့ပြီးနောက် လွှတ်တော်တွင်ပြန်လည်တင်ပြရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနထံသို့ ပြန်လည်ပေးပို့ထားသည်။ ဆောက်လုပ်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (CoST) သည် အများပြည်သူပိုင်အခြေခံ အဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအနေဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်အတွက် တင်ဒါစတင်သည့် အချိန်မှစပြီး လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် အသုံးပြုနိုင်ရန် စံသတ်မှတ်ချက် အချက် (၄၀) ခုကို ထုတ်ဝေထားကာ အစိုးရ၊ လုပ်ငန်းရှင်များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူပေါင်းလုပ်ဆောင်သည့် တစ်ကမ္ဘာလုံးအဆင့်ရှိ ရှေ့ပြေးလုပ်ဆောင်မှုတစ်ရပ်ဖြစ်သည်။[141] ဤသို့ ထုတ်ပြန်ထားခြင်းကြောင့် နိုင်ငံရှိပြည်သူများအား အသိပညာပေးနိုင်သလို ပြည်သူများအနေဖြင့် ဆုံးဖြတ်ချက်များချသည့် အခွင့်အာဏာရှိသူများ၏ လုပ်ရပ်များသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေအောင် ထိန်းကွပ်ပေးနိုင်သည်။ သက်ဆိုင်ရာအကြောင်းအရာ အချက်အလက်များကို သိရှိထားပြီးဖြစ်သော နိုင်ငံသားများနှင့် စိတ်ဝင်စားတက်ကြွမှုရှိသော လူထုအဖွဲ့အစည်းများသည် စီမံခန့်ခွဲမှုညံ့ဖျင်းခြင်း မဖြစ်စေရန်၊ ထိရောက်မှုမနည်းပါးစေရန်၊ အဂတိလိုက်စားမှုများ မရှိစေရန်နှင့် လူထုရင်းနှီးမြှုပ်နှံမှုများ၏ ငွေကြေးတန်ဖိုးများ မြင့်မားလာစေရန် အစရှိသည့် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် အားပေးကူညီနိုင်သည်။ CoST သည် အခြေခံအဆောက်အအုံများ ပွင့်လင်းမြင်သာမှုအဆင့်တွင် ပါဝင်လုပ်ဆောင်မှုနှင့် တာဝန်ခံမှုတိုးတက်စေရန် လုပ်ငန်းစဉ်များနှင့် ဆက်စပ်မှုရှိသည့် အရည်အသွေးကို အကဲဖြတ်ရန် Infrastructure Transparency Index (ITI) ကို စတင်မိတ်ဆက်ခဲ့သည်။[142] ထိုင်းနိုင်ငံသည် ယင်းတွင်ပါဝင်လိမ့်မည်ဖြစ်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားဆက်နွယ်ပတ်သက်သူများ၏ စိတ်ဝင်စားမှုကြောင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာန (DFID) ၏ ထောက်ပံ့မှုဖြင့် CoST သည် မြန်မာနိုင်ငံရှိ အများပြည်သူပိုင်အခြေခံအဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် ပွင့်လင်းမြင်သာမှုရှိလာရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိလာစေရန် မည်သို့ပံ့ပိုးပေးနိုင်ကြောင်း ခွဲခြမ်းစိတ်ဖြာနိုင်မည့် ကနဦးလေ့လာချက်တစ်ခုကို ၂၀၁၈ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ မတ်လတွင် အစီရင်ခံစာမူကြမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြခဲ့သော်လည်း ဆက်လက်၍ လုပ်ဆောင်မှုများ မရှိသေးပါ။

ဝယ်ယူခြင်းဆိုင်ရာ ဥပဒေကြမ်းတွင် CoST ၏ စံသတ်မှတ်ချက် အချက်(၄၀)နှင့်လည်း ကိုက်ညီနိုင်သည့်အချက်များ ထည့်သွင်းနိုင်သည်။ ဝယ်ယူမည့်အစိုးရဌာနသည် ဝယ်ယူမှု၏ ရည်ရွယ်ချက်၊ နယ်ပယ်၊ ကုန်ကျစရိတ်နှင့် အကောင်အထည်ဖော်မှုဆိုင်ရာများကို အဓိကအဆင့်ဖြစ်သည့် စီမံကိန်းပြင်ဆင်သည့် အချိန်၊ တင်ဒါတင်သည့်အချိန်နှင့် စာချုပ်အကောင်ထည်ဖော် လုပ်ဆောင်သည့်အချိန်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းများနှင့်အညီ သတင်းအချက်အလက် ထုတ်ပြန်ရန် စသည်တို့ဖြစ်သည်။

## အသိပေးတိုင်ကြားသူများအား အကာကွယ်ပေးခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ACC) သည် အများပြည်သူအကျိုးစီးပွားအတွက် အသိပေးတိုင်ကြားသူများကို အကာကွယ်ပေးသည့် ဥပဒေမူကြမ်းကို ရေးဆွဲနေသည်။[143] ဤသည်မှာ ဥပဒေမူဘောင်တွင် အရေးကြီးသော ကွာဟနေချက်တစ်ခုဖြစ်သည်။ MCRB သည် လျှပ်စစ်မီတာတင်ဒါများတွင် အကျင့်ပျက်ခြစားမှုများနှင့် စပ်လျဉ်းမှုကြောင့် သတင်းမှန်တိုင်ကြားခဲ့ခြင်းကြောင့် အကျိုးဆက်အနေဖြင့် နစ်နာစေရန်နှောင့်ယှက်ခံခဲ့ရသော ကုမ္ပဏီ

140 MHM Newsletter, November 2018

141 infrastructuretransparency.org

142 Infrastructure Transparency Index Manual, Construction Sector Transparency Initiative, 9 December 2020

143 Anti–graft Commission Readies Whistleblower Protection Bill, Myanmar Times 20 May 2019

တစ်ခုကိုသတိပြုမိသည်။[144] သတင်းမှန်တိုင်ကြားသူများကို အကာကွယ်ပေးခြင်းသည် အဂတိလိုက်စားမှုကို ကျော်လွှန်၍ ပိုမိုကျယ်ပြန့်ပြီး ရှုပ်ထွေးသောပြဿနာတစ်ခုပင်ဖြစ်သည်။ လွှတ်တော်သို့ မတင်သွင်းမီ ကျယ်ကျယ်ပြန့်ပြန့် အများပြည်သူဖြင့်ဆွေးနွေးခြင်းဖြင့် ပိုမိုကောင်းမွန်သော မူကြမ်းကို ရရှိလိမ့်မည်ဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းများအပေါ် မည်သို့ သက်ရောက်နိုင်မည်ဆိုသည့် အချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

ဥပဒေအား အတည်ပြု ပြဋ္ဌာန်းသည်ဖြစ်စေ၊ မပြဋ္ဌာန်းသည်ဖြစ်စေ အဂတိလိုက်စားမှု ကော်မရှင်၏ အမိန့်ကြော်ငြာစာတွင် "ကုမ္ပဏီများသည် အဂတိလိုက်စားကြောင်း သံသယရှိယူကို သတင်းပေးပို့နိုင်သော ယုံကြည်စိတ်ချရသည့် ယန္တရားများထားရှိရမည်ဟု" အကြံပြုထားသည်။[145] လွတ်လပ်သော အမှုဆောင်ဒါရိုက်တာများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။[146] ၂၀၂၀ ခုနှစ် ပွင့်သစ်စအစီရင်ခံစာတွင် ကုမ္ပဏီများသည် သတင်းမှန်တိုင်ကြားသူများကို အကာကွယ်ပေးသည့် မူဝါဒရှိမရှိနှင့်လုပ်ငန်းစဉ်များ ချမှတ်ထားခြင်း ရှိမရှိကို မေးခွန်းစံအမှတ် ၇၉/၈၀/၈၁ များတွင် အကဲဖြတ်ထားပြီး ကုမ္ပဏီ ၃၆ခု က ဆက်နွယ်ပတ်သက်သူများ တိုင်ကြားနိုင်ရန်၊စိုးရိမ်မှုများကို ပြောဆိုနိုင်ရန်အတွက် ဆက်သွယ်ရန် လိပ်စာပေးထားပြီး ကုမ္ပဏီ ၂၂ ခုက တိုင်ကြားသည့်ဝန်ထမ်းကို အကာအကွယ်ပေးသည့်မူဝါဒ ရှိကြောင်း တွေ့ရှိခဲ့သည်။

ထို့အပြင် ကုမ္ပဏီများအနေဖြင့် အသိပေးတိုင်ကြားသူများအား အကာကွယ်ပေးမှုကို တည်ထောင်ရန်အတွက် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရာတွင် အသိပေးတိုင်ကြားသူ အကာကွယ်ပေးခြင်း မူကြမ်း သို့မဟုတ် မြန်မာကုမ္ပဏီများဥပဒေ ပြင်ဆင်ချက်နှင့်အညီ ထည့်သွင်းစဉ်းစားသင့်သည်။ ၂၀၁၉ ခုနှစ်တွင် ဩစတြေးလျသည် ၎င်း၏ကော်ပိုရေးရှင်းအက်ဥပဒေ (ယင်းက မြန်မာနိုင်ငံ၏ ၂၀၁၇ ခုနှစ် ကုမ္ပဏီများဥပဒေအတွက် လှုံ့ဆော်မှုဖြစ်စေခဲ့သည်။) နှင့် အခွန်စီမံခန့်ခွဲမှုအက်ဥပဒေနှစ်ခုလုံးကိုပြင်ဆင်ခြင်းရှိသလို European Union သည်လည်း စည်းမျဉ်းတစ်ခု မိတ်ဆက်ပြီးဖြစ်ပါသည်။ ဩစတြေးလျ၏ ပြောင်းလဲမှုရည်ရွယ်ချက်မှာ ကျင့်ဝတ်နှင့်အညီ သတင်းမှန်တိုင်ကြားရန်နှင့် လုပ်ငန်းခွင်နှင့် ပတ်သက်ပြီး ရာထူးကြီးသူများက ငွေရေးကြေးရေးနှင့် ပတ်သက်ပြီး ကျူးလွန်မှုများ –white collar crime များကို တိုင်ကြားသည့်အခါ ရဲဝင့်စွာတိုင်ကြားနိုင်စေရန်အတွက် အလုပ်ရှင်များသည် သတင်းမှန်တိုင်ကြားသူများကို တာဝန်ယူကာကွယ်ပေးရန်ဖြစ်သည်။[147] ဩစတြေးလျကုမ္ပဏီများ မှတ်ပုံတင်ဌာနသည် (ASIC) သည် ဥပဒေသစ်နှင့်ဆိုင်သည့် လမ်းညွှန်ချက်ထုတ်ပြန်ခဲ့သည်။[148] ကုမ္ပဏီတစ်ခုနှင့် ဆက်ဆံရေးရှိခဲ့ဖူးသူ မည်သူမဆို (ဥပမာ – ယခင်ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ ကန်ထရိုက်တာများ၏ ဝန်ထမ်းများ၊ အပေါင်းအသင်းများနှင့် ထိုကဲ့သို့သောပုဂ္ဂိုလ်များ၏ ဆွေမျိုးများအပါအဝင်) "သတင်းမှန် တိုင်ကြားရန်အရည်ချင်းပြည့်မီသူများ" ဖြစ်နိုင်သည်။ ထို့အပြင် အကြီးတန်းမန်နေဂျာများ၊ ဒါရိုက်တာများနှင့် စာရင်းစစ်များအပါအဝင် လူအများအပြားသည် သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းကို "လက်ခံရန် အရည်ချင်းပြည့်မီသူများ" ဖြစ်နိုင်သည်။ အချို့သော အခြေအနေများတွင် အခြားလမ်းကြောင်းများ ကုန်ဆုံးပြီးနောက် စာနယ်ဇင်းသမားများနှင့်နိုင်ငံရေးသမားများပင် "လက်ခံရန် အရည်ချင်းပြည့်မီသူများ" ဖြစ်နိုင်သည်။[149]

---

144 Unhappily ever after: Myanmar's power meter racket, Frontier Magazine, စက်တင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် လျှပ်စစ်မီတာဈေးကွက်တွင် အဂတိလိုက်စားမှုများကို ဖော်ထုတ်ခဲ့သည်။

145 Fundamental principles for businesses to develop a strong code of ethics and establish appropriate internal control measures to prevent corruption, မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ကြော်ငြာချက် ၁၄/၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် (နှစ်ဘာသာ)

146 What Non-Executive Directors Need to Know about Whistleblowing, NED on Board, 2020

147 Treasury Laws Amendment (Enhancing Whistleblower Protections) Act 2019, ဩစတြေးလျအစိုးရ။

148 https://asic.gov.au/about-asic/asic-investigations-and-enforcement/whistleblowing/

149 New whistleblower laws apply from 1 July 2019: three things employers should do, Hall and Willcox, 25 June 2019

## အသရေဖျက်မှုဥပဒေများပြုပြင်ပြောင်းလဲခြင်း

အသရေဖျက်မှုကိုတားမြစ်ထားသည့် ပြစ်မှုဆိုင်ရာဥပဒေ ၆ ခုတွင် ပြဋ္ဌာန်းချက် ၁၁ မျိုးတွင် တွေ့ရသည်၊ သို့သော်လည်း ၎င်းတို့အားလုံးသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုမရှိပါ။ ၁၈၆၀ ခုနှစ် ပြစ်မှုဆိုင်ရာဥပဒေ၊ ရာဇသတ်ကြီး တစ်ခုတည်းတွင်သာ အသရေဖျက်မှုအား အမှန်တကယ် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း (သို့မဟုတ်) ခုခံကာကွယ်မှုများလည်း ပါရှိသည်။ ဤဥပဒေများသည် အချက်အလက် အခိုင်အမာ ပြောဆိုခြင်းထက် အမြင်အယူအဆ ထုတ်ဖော်ခြင်းများကိုသာ ပြစ်ဒဏ်ပေးလေ့ရှိသည်။ ဥပဒေက ငွေဒဏ်နှင့် ထောင်ဒဏ်နှစ်ရပ်စလုံး ပြဋ္ဌာန်းထားသော်လည်း တရားရုံးများက ပိုမိုပြင်းထန်သည့် အပြစ်ဒဏ်ကိုသာ ရွေးချယ်ကြသည်။ ၂၀၁၇ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေတွင် အသရေဖျက်မှုနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်ပါဝင်ခဲ့သော်လည်း ၎င်းသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုမရှိပါ။ ဤဥပဒေတွင် အသရေဖျက်မှုနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ဖွင့်ဆိုခြင်းများ မပါရှိ၊ ပြည်သူ့ဝန်ထမ်းအရာရှိများသည် ပြည်သူလူထု၏ ဝေဖန်မှုများအပေါ် သည်းခံစိတ်မွေးရန် တိုက်တွန်းခြင်းမပါရှိပါ။ အမှန်တရား သို့မဟုတ် ထင်မြင်ယူဆချက်ပေးခြင်းကို ကာကွယ်ခုခံခြင်းအဖြစ် အသုံးပြုရမည်ဟု မဖော်ပြထားပါ၊ ထို့နောက် ပြစ်ဒဏ်ချမှတ်ရာတွင်လည်း ထောင်ဒဏ်တစ်ခုတည်းသာချမှတ်ရမည်ဟုလည်း မဖော်ပြထားပါ။

MCRB ၏ နှစ်စဉ်ကျင်းပလေ့ရှိသည့် မြန်မာဒီဂျစ်တယ်အခွင့်အရေးဖိုရမ်၏ မိတ်ဖက်ပါတနာဖြစ်သည့် လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း မြန်မာ (Free Expression Myanmar)သည် အသရေဖျက်မှုဥပဒေများ ပြုပြင်ပြောင်းလဲရေးနှင့် တရားမမှုဆိုင်ရာ အသရေဖျက်မှုဥပဒေတစ်ခုဖြင့်အစားထိုးရန်အတွက် လှုပ်ရှားမှုတစ်ခုကို စတင်ခဲ့သည်။[150] ထိုပြုပြင်ပြောင်းလဲမှုများမပြုလုပ်ပါက မြန်မာအစိုးရမှ ဦးစားပေးလုပ်ဆောင်နေသည့် စီးပွားရေးစီမံအုပ်ချုပ်မှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအောင်မြင်မည်မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ဤဥပဒေများသည် စာနယ်ဇင်းသမားများ၊ လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် အဂတိလိုက်စားခြင်းနှင့်ပတ်သက်၍ သတင်းပေးပို့သူများအပေါ် သက်ရောက်မှုများရှိနေသောကြောင့်ဖြစ်သည်။

## နိုင်ငံ့ဝန်ထမ်းများ၏ ပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ဖော်ကြေညာမှု

UNCAC ၏ ပိုဒ်မ ၈ အပိုဒ် ၅ ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နိုင်ငံများတွင် ဝင်ငွေနှင့် အကျိုးအမြတ် ကြေညာသည့် စနစ်အားဖြင့် သုံးမျိုးရှိသည်။ ယင်းစနစ်များမှာ အကျိုးစီးပွားပဋိပက္ခများကို အပြည့်အဝစီမံခန့်ခွဲရန်ရည်ရွယ်ထားသည့်စနစ်၊ နိုင်ငံဝန်ထမ်းအရာရှိများ၏ ချမ်းသာကြွယ်ဝမှုကို ဖော်ထုတ်ရန်ရည်ရွယ်သည့်စနစ်နှင့် – အများအားဖြင့် – နှစ်မျိုးလုံးအောင်မြင်ရန် ရည်ရွယ်ထားသည့် နှစ်မျိုးသုံးစနစ်ဟူ၍ ဖြစ်သည်။ ထုတ်ဖော်ရာတွင် သတင်းအချက်အလက်များအားလုံး သို့မဟုတ် အချို့တစ်ဝက်ကို အများပြည်သူမှ သိရှိရန် ထုတ်ပြန်ကြေညာခြင်း သို့မဟုတ် သတင်းအချက်များ ကာကွယ်ခြင်းနှင့် လုံခြုံရေး လိုအပ်မှုများကို ထည့်သွင်းစဉ်းစား၍ တောင်းဆိုလာသည့်အခါမှသာ သတင်းအချက်အလက်များ ဝေမျှခြင်းတို့ပြုလုပ်သည်။[151]

မြန်မာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ၏ အခန်း (၁၃) အရ အစိုးရ၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးအစရှိသည့် အခန်းကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေသော အကြီးတန်းအရာရှိ ပြည်သူ့ဝန်ထမ်းများသည် ("လုပ်ပိုင်ခွင့် အာဏာရှိသူများ" ဟု

150 freeexpressionmyanmar.org/defamation/

151 Asset and interest disclosure systems: Background Paper ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်တွင် အဂတိလိုက်စားမှုတားဆီးရေးဆိုင်ရာ အစိုးရအဖွဲ့များအတွက် ပြင်ဆင်ထားသည်၊ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) တွင် ပါဝင်သော နိုင်ငံများ၏ ကွန်ဖရင့်။

လည်း သုံးနှုန်းသည်)၎င်းတို့၏ပိုင်ဆိုင်မှုများအား ထုတ်ဖော်ကြေညာရန် လိုအပ်ပြီး ထိုသို့ ကြေညာခြင်းမရှိသူများအတွက် အရေးယူမှုများလည်း သတ်မှတ်ထားသည်။ ၂၀၁၅ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနည်းဥပဒေ၏ အခန်း (၈) (ပုဒ်မ ၃၇) တွင် ဖော်ပြထားသည့် အတိုင်း "လုပ်ပိုင်ခွင့်အာဏာရှိသူများ"၏ ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်၊ ရရန်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ကြေညာခြင်း"ဟူသောအပိုင်းအရ ကော်မရှင်သည် ပြည်ထောင်စု အစိုးရ၏ အတည်ပြုချက်ဖြင့် ပိုင်ဆိုင်မှုများ စာရင်းပြုစုတင်ပြရမည့် လုပ်ပိုင်ခွင့် အာဏာရှိသူ အဆင့်ကို သတ်မှတ်ရမည်ဖြစ်သည်။ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများသည် ၎င်းတို့ဌာနရှိ ပိုင်ဆိုင်မှုကြေညာလွှာပေးပို့ရန် တာဝန်ရှိသည့် လုပ်ပိုင်ခွင့်အာဏာရှိသူများထံမှ စာရင်းကို မိသားစုပိုင်ဆိုင်မှုနှင့် သက်ဆိုင်သည့် ပုံစံ (၇)ဖြင့် ပြုစုပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သို့ ပေးပို့တင်ပြရမည် (ပုဒ်မ ၃၈–၄၁)။[152] သို့သော်ကော်မရှင်က ထိုလိုအပ်ချက်များ ကို အသက်ဝင်ရန်အတွက် လုပ်ဆောင်နေမှုများမှာ ရှင်းလင်းမှု မရှိပါ။ ထို့ပြင် ကော်မရှင်သည် တိကျမှန်ကန်သည့် နိုင်ငံရေးဩဇာတိက္ကမရှိသူ (PEPs) စာရင်းကို တည်ဆောက်ရာတွင် အသုံးဝင်မည့် တာဝန်ရှိသည့် လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ အမည်စာရင်းကို ဖြစ်စေ သို့မဟုတ် ၎င်းတို့၏ ထုတ်ဖော်ကြေညာချက်များကိုဖြစ်စေ အများပြည်သူသိရှိအောင် ကြေညာ ပေးရန် လိုအပ်ချက်ရှိပုံ မရပါ။

## နိုင်ငံရေးပါတီများအား ရန်ပုံငွေထောက်ပံ့ခြင်း

မြန်မာနိုင်ငံ၏ ပါတီများအားရန်ပုံငွေထောက်ပံ့ခြင်းဆိုင်ရာ ဥပဒေများသည် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သဘောတူစာချုပ်တွင် ပါရှိ သည့် "အများပြည်သူဆိုင်ရာ ရာထူးသို့ ဝင်ရောက်အရွေးခံသူများအား ရန်ပုံငွေထောက် ပံ့ခြင်းနှင့် သင့်လျော်သည့်အခါ နိုင်ငံရေးပါတီများအား ရန်ပုံငွေထောက်ပံ့ခြင်းတို့တွင် ပွင့် လင်းမြင်သာမှုကိုတိုးမြှင့်ရန် သင့်လျော်သောဥပဒေပြုရေးတွင် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် ကိုက်ညီရမည်" ဟူသောအချက်"နှင့် ညီညွတ်မှုမရှိပါ။ (၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ ဇူလိုင်လတွင် စစ်တမ်းကောက်ယူခဲ့သည့်) Transparency International ၏ အဂတိလိုက်စားမှု ပြောင်းလဲမှုကိုပြသည့် လက္ခဏာ (Corruption Barometer) က မြန်မာနိုင်ငံတွင် ဆန္ဒမဲများဝယ်ယူခြင်းသည် အဓိကပြဿနာ မဟုတ်သေးကြောင်း ဖော် ပြထားသည်။ စစ်တမ်းကောက်ယူခဲ့သူထဲမှ ၃ ရာခိုင်နှုန်းသာ မဲပေးရန် ငွေကမ်းလှမ်းခံရပြီး၊ ဖိလစ်ပိုင်နိုင်ငံ သို့မဟုတ် ထိုင်းနိုင်ငံတွင် ၂၈ ရာခိုင်နှုန်းဖြစ်သည်။[153] သို့သော်လည်း (NLD အနိုင်ရခြင်း)အချက်သည် ဒေါ်အောင်ဆန်းစုကြည်၏ ဂုဏ်သတင်းကျော်ဇော်မှုနှင့် လူကြိုက် များမှုကြောင့်သာ ဖြစ်သောကြောင့် ပါတီရန်ပုံငွေများကို တင်းတင်းကျပ်ကျပ် ကြီးကြပ်ခြင်း က ပိုကောင်းပြီး အခြားပါတီများက မဲဝယ်ယူပါကလည်း အချည်းနှီးသာ ဖြစ်ပေမည်။

ထို့အပြင် နောက်လာမည့်အစိုးရထံမှ မျက်နှာရရန်ကြိုးစားနေသည့် မည့်သည်စီးပွားရေး လုပ်ငန်းမဆို မဲဆန္ဒနယ်များစွာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)သည်သာ အသေ ချာဆုံးဟု သတ်မှတ်လိမ့်မည်။ ရွေးကောက်ပွဲအပြီးတွင် ချင်းပြည်နယ် ထန်တလန်ရှိ NLD ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီကြသည့် ကုမ္ပဏီများစာရင်းပေါ်ပေါက်ခဲ့ ပြီး ထိုစာရင်းတွင်ပါရှိသည့် ကုမ္ပဏီများသည် ပါတီသို့ လှူဒါန်းထည့်ဝင်ထားသူများနှင့် ပညာရေးဝန်ကြီးဌာနတွင် တင်ဒါလျှောက်ထားသူများအဖြစ် နှစ်နေရာလုံးတွင် ပါဝင်သူများ အဖြစ် ရှာဖွေတွေ့ရှိခဲ့သည်။ ထိုကဲ့သို့သော လုပ်ဆောင်မှုများသည် အောက်တိုဘာ ၂ ရက်က ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်ဖြစ်သည့် အနှောင်အဖွဲ့ပါနိုင်သည့် မည်သည့်ရန်ပုံငွေမျိုး ကိုမဆို လက်ခံခြင်းမပြုရန် တိကျသည့်ညွှန်ကြားချက်နှင့် ဆန့်ကျင်မှုရှိနေသောကြောင့်

152 Asset Declaration Form (မြန်မာဘာသာ)၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်။

153 How much is your vote worth? Analysis by Transparency International, 2020 Corruption Barometer.

ပါတီမှ စုံစမ်းစစ်ဆေးမှုပြုလုပ်နေကြောင်းကို နိုဝင်ဘာ ၂၇ ရက်တွင် ချင်းပြည်နယ် NLD ရွေးကောက်ပွဲ အောင်နိုင်ရေးကော်မတီက သတင်းထုတ်ပြန်ကြေညာခဲ့ပါသည်။[154]

မြန်မာနိုင်ငံလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေတွင် ရန်ပုံငွေများ ထည့်ဝင်ခြင်းနှင့်ဆိုင်သည့် ကန့်သတ်ချက်များပါဝင်ပြီး နိုင်ငံခြားအဖွဲ့အစည်းများထံမှ အလှူငွေများလက်ခံခြင်းနှင့် နိုင်ငံတော်၏ရင်းမြစ်များကို အသုံးပြုခြင်းတို့ကိုသာ တားမြစ်ပိတ်ပင်ထားသည်။ ကိုယ်စားလှယ်လောင်းများ တစ်ဦးချင်းစီအတွက် အသုံးစရိတ်ကန့်သတ်ချက်ရှိပါသည်။ သို့သော် စီးပွားရေးလုပ်ငန်းများက သို့မဟုတ် စီးပွားရေးလုပ်ငန်းများ၏ပိုင်ရှင်များက တိတ်တဆိတ် ပါတီသို့ အလှူငွေများလှူဒါန်းခြင်းအတွက် ကန့်သတ်ချက်များမရှိပါ။ လှူဒါန်းမှုများဆိုရာတွင် နိုင်ငံရေးသမားများသည် ကုမ္ပဏီ၏ လေကြောင်းလိုင်းများတွင် အခမဲ့လိုက်ပါစီးနင်းခွင့်၊ သို့မဟုတ် ဟိုတယ်များနှင့် အခြားသော အဆောက်အအုံများကို အခမဲ့အသုံးပြုခွင့် သို့မဟုတ် နိုင်ငံရေးပါတီများတွင်ကူညီရန် ကုမ္ပဏီဝန်ထမ်းများ၏ အင်အားကို အသုံးချခြင်းတို့လည်း ပါဝင်သည်။ ပါတီများနှင့် ကုမ္ပဏီများအား လှူငွေများနှင့်ဆိုင်သည့် သတင်းအချက်အလက်များ ထုတ်ဖော်ကြေညာရမည်ဟူသော လိုအပ်ချက်ရှိမနေပါ။ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် Myanmar Times မှ ကုမ္ပဏီကြီး ၂၂ ခုအားစစ်တမ်းကောက်ယူခဲ့ပြီး ၎င်းတို့ထဲမှ အများစုသည် နိုင်ငံရေးပါတီများသို့ လှူဒါန်းခြင်းနှင့်ပတ်သက်သည့်မူဝါဒများနှင့် တစ်ဦးချင်း၏ လှူဒါန်းမှုများကို ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပါ။[155] တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရုပ်ရုပ်သဲသဲဖြစ်သွားခဲ့သည့် ရန်ပုံငွေများစွာဖြင့်လည်ပတ်နေခဲ့သော ညီညွတ်သော ဒီမိုကရက်တစ်ပါတီ၏ဖြစ်စဉ်သည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပါတီများ၏ရန်ပုံငွေများကို စစ်ဆေးခြင်းမရှိခြင်းကို ဖော်ပြနေသည်။ ပါတီတည်ထောင်သူ စီးပွားရေးလုပ်ငန်းရှင် ဦးကျော်မြင့်၏အကြောင်းနှင့် စပ်လျဉ်း၍ Myanmar Now ၏ စုံစမ်းစစ်ဆေးမှု တစ်ခုထဲကြောင့်သာ ယင်းပါတီအား ဖျက်သိမ်းခြင်းနှင့် ခေါင်းဆောင်အား ထောင်ချခြင်းတို့ပြုလုပ်ခဲ့သည်။[156] မြန်မာနိုင်ငံ၏ ဒီမိုကရေစီကို ခိုင်မာစေရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ဆောင်မှုတစ်ခုအနေဖြင့် နိုင်ငံရေးပါတီများ၏ ရန်ပုံငွေများကို တင်းတင်းကြပ်ကြပ်စောင့်ကြည့်ရန် အစိုးရသစ်တွင် တာဝန်ရှိသည်။

## ပွင့်လင်းမြင်သာသော အချက်အလက်များနှင့် သတင်းအချက်အလက်များ လွယ်ကူစွာ ရရှိနိုင်မှု

စီးပွားရေးနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ ထုတ်ဖော်ကြေညာခြင်းနှင့်သက်ဆိုင်သည့် အရေးကြီးသည့်တာဝန်ဝတ္တရားများကို အပိုင်း ၂ တွင် အကျဉ်းချုံးဖော်ပြထားသော်လည်း အရာအားလုံးသည် အကောင်ထည်ဖော် ဆောင်ရွက်ခြင်း၊ အသုံးချခြင်းနှင့် အသက်ဝင်အောင် အရေးယူမှုများ မရှိသေးပါ။ [157] တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) သည် Open Jade Data portal ကို တည်ထောင်ရန် သဘာဝသယံဇာတအရင်းအမြစ်များအုပ်ချုပ်မှု အင်စတီကျု (NRGI) အား အသုံးဝင်သည့် သတင်းအချက်အလက်ကိုလည်း ပံ့ပိုးပေးနေသည်။[158]

ဖန်တီးရာသည် Open Development Network ၏တစ်စိတ်တစ်ပိုင်းဖြစ်သည့် Open Development Myanmar (ODMm)[159] ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ Open Development Network ဆိုသည်မှာ မဲခေါင်ဒေသတွင်းရှိနိုင်ငံများနှင့် ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု

154 https://www.facebook.com/nldchnstate/posts/3244870908954981?_rdc=2&_rdr
155 Companies in Myanmar quiet about political donations Myanmar Times, 23 August 2020,
156 What Kyaw Myint’s downfall tells us about doing business in Myanmar, Frontier magazine, 21 October 2020.
157 These are also summarized in The Right to Information and Natural Resources in Myanmar, တွင် ၄င်းတို့ကို အကျဉ်းချုံး ဖော်ပြထားပါသည် Article 19 ဇူလိုင်လ ၂၀၁၉ ခုနှစ်။
158 www.openjadedata.org
159 opendevelopmentmyanmar.net

ဆိုင်ရာ အလားအလာများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားသော သတင်းများ၊ မြေပုံများနှင့် အချက်အလက်များကို တစ်စုတစ်စည်းတည်း ဖော်ပြနိုင်၊ မျှဝေနိုင်မည့် ပွင့်လင်းမြင်သာသော အချက်အလက်နှင့် အသိပညာတစ်ရပ် ဖော်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ ပေါင်းစည်းကွန်ရက်တစ်ခု ဖြစ်ပါသည်။ ၎င်းသည် စီးပွားရေး၊ မြေယာ၊ အလုပ်သမားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်သည်။ Open Myanmar Initiative ဆောင်ရွက်ချက်မှ ပေါ်ပေါက်လာသည့် the Ananda သည် ပွင့်လင်းမြင်သာသော အချက်အလက်အမျိုးအစား များစွာအား အကောင်အထည်ဖော်လျက်ရှိပြီး၊ အထူးသဖြင့် အစိုးရဘတ်ဂျတ်ဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် လွှတ်တော်ဆိုင်ရာ ပွင့်လင်းမြင်သာသောအချက်အလက်များတွင် အဓိကလုပ်ဆောင်လျက်ရှိသည်။[160] ဒေသဆိုင်ရာ လွှတ်တော်အချို့မှာလည်း ပြည်သူ့ဘဏ္ဍာငွေဖြင့် ဝယ်ယူဖြည့်တင်းရသည့်ကိစ္စများနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စများတွင် ပွင့်လင်းမြင်သာမှုရှိရေးကို တက်ကြွစွာ လုပ်ဆောင်လျက်ရှိသည်။ Friedrich Ebert Stiftung၊ ဖန်တီးရာ (Phandeeyar) နှင့် အာရှဖောင်ဒေးရှင်းတို့သည် နှစ်စဉ်မတ်လတွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ Open Data Day အား ကျင်းပဆင်နွှဲခဲ့သည်။

သို့သော်လည်း မြန်မာနိုင်ငံတွင် သတင်းအချက်အလက်များ လွယ်ကူစွာရရှိနိုင်မှုနှင့်ဆိုင်သည့်ဥပဒေမရှိပါ။ PEN မြန်မာနှင့် ပြည်ကြီးခင် (Pyi-gyi-khin – PGK) အပါအဝင် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည်လည်း သတင်းအချက်အလက် ရရှိပိုင်ခွင့်ဥပဒေအား ပြဋ္ဌာန်းရန် ပြန်ကြားရေးဝန်ကြီးဌာနအားလည်း အဆိုပြုလွှာများ တင်သွင်းခဲ့ပါသည်။[161] ၂၀၁၆ ခုနှစ်တွင် USDP အစိုးရမှ မူကြမ်းရေးဆွဲခဲ့သည်။ သို့သော်လည်း အစိုးရသည် ဤဥပဒေကြမ်းကို အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်အညီ ပြင်ဆင်ရန် ဆန္ဒမရှိခြင်းကြောင့် ၎င်း၏တိုးတက်မှုမှာ ၂၀၁၈ ခုနှစ်တွင် ရပ်တန့်သွားခဲ့သည်။[162]

## အခွန်လျှော့ပေါ့ခြင်း၊ အခွန်ကင်းလွတ်ခွင့်

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏အဆိုအရ အခွန်ရှောင်ခြင်းသည် သိသာထင်ရှားသည့် အဂတိလိုက်စားမှုဖြစ်ပြီး မြန်မာနိုင်ငံ၏ အခွန်ရရှိနှုန်းမှာ ကျဆင်းနေကာ GDP ၏ ၇ ရာခိုင်နှုန်းသာရှိသည်။[163] မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၂.၃.၅တွင် "အဂတိလိုက်စားမှုနှင့် အခွန်တိမ်းရှောင်မှုကာကွယ်နိုင်ရေးအစီအမံများ လုပ်ဆောင်ခြင်းနှင့် ဌာနတွင်း စာရင်းစစ်ဆေးခြင်းအား ပိုမိုတိုးချဲ့ပြီး စစ်ဆေးရေးဌာနခွဲတစ်ခု ဖွဲ့စည်းခြင်းအပါအဝင် အခွန်စနစ်၏ မှန်ကန်ဖြောင့်မတ်မှုနှင့် ဂုဏ်သတင်းတို့ကို ကာကွယ်စောင့်ရှောက်ရန်"ဟု ပါရှိသည်။ ထို့ကြောင့် အခွန်ဥပဒေပြုပြင်ပြင်ဆင်သည့်လုပ်ငန်းစဉ်အား ၂၀၁၂ ခုနှစ်ကပင် စတင်ခဲ့သည်။[164] သို့သော်လည်း အခွန်လျှော့ပေါ့ခြင်း၊ အခွန်ကင်းလွတ်ခွင့်ရှိခြင်းတို့ကြောင့် အခွန်တိမ်းရှောင်မှုများ ဆက်လက်၍ ဖြစ်ပွားနေသည်။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁)ရက် နေ့မှ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့ အထိ) တွင် အခွန်ကင်းလွတ်ခွင့် အနေဖြင့် ဝင်ငွေပမာဏ မြန်မာကျပ်သန်း ၁၀၀ အထိ ဝင်ငွေရှိသည့်သူအား ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိသည့် ဝင်ငွေကိုလည်း ၃ ရာခိုင်နှုန်းသာ ကောက်ခံခဲ့သည်။ ပုံမှန်အားဖြင့် ဝင်ငွေရလမ်း တင်ပြနိုင်သူအား ၂၅ ရာခိုင်နှုန်းကောက်ခံ၍ မတင်ပြနိုင်သူအား ၃၀ ရာခိုင်နှုန်း ကောက်ခံသည်။

160 theananda.org

161 Business Integrity Handbook MCRB ၏ နောက်ဆက်တွဲ (c) တွင် ဖော်ပြထားသည့် ပွင့်လင်းမြင်သာမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် အခြားသောအရပ်ဖက် လူမှုအဖွဲ့အစည်းများစာရင်း၊ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ။

162 http://freeexpressionmyanmar.org/right-to-information-bill/

163 www.imf.org/en/News/Articles/2020/03/26/pr20111-myanmar-imf-executive-board-concludes-2019-article-iv-consultation

164 မြန်မာအခွန်ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်အပြည့်အစုံကို ၂၀၁၉ ခုနှစ်၊ ပွင့်သစ်စစာမျက်နှာ ၃၉-၄၀ တွင်ကြည့်ပါ။

ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အခွန်ကင်းလွတ်ခွင့်အား ဆက်လက်၍ အဆိုပြုတင်သွင်းခြင်းမရှိခဲ့သော်လည်း လွှတ်တော်သည် ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စုအခွန်ကောက်ဥပဒေတွင် အခွန်လျှော့ပေါ့ခြင်း၊ အခွန်ကင်းလွတ်ခွင့်တို့ကို ၆ ရာခိုင်နှုန်းမှစတင်၍ ပေးခဲ့သည်။[165]

## သဘာဝသယံဇာတအရင်းအမြစ်များဆိုင်ရာ အုပ်ချုပ်မှု

မြန်မာနိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော် ဆောင်ရေးလုပ်ငန်း (EITI)တွင် အဖွဲ့ဝင်ဖြစ်လာသည့် ၂၀၁၄ ခုနှစ်မှ စတင်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တု တူးဖော်ရေးလုပ်ငန်းနှင့် သစ်တောလုပ်ငန်း ကဏ္ဍတို့တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုပိုမိုတိုးမြှင့်လာပြီး၊[166] သတ္တုတူးဖော်သည့် ကုမ္ပဏီများ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အပါအဝင် သတင်းအချက်အလက်များလည်း ပိုမိုရရှိလာသည်။[167] သို့သော်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ပိုမိုလုပ်ဆောင်ရန် လိုအပ်နေသေးသည်။ အထူးသဖြင့် လိုင်စင်ချပေးခြင်းနှင့် စာချုပ်များကို ထုတ်ဖော်တင်ပြခြင်းတို့တွင် လုပ်ထုံးလုပ်နည်းများ ပိုမိုပွင့်လင်းမြင်သာမှု ရှိလာစေရန် လုပ်ဆောင်ရန်လိုအပ်သည်။ သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်း (EITI)၏ စံနှုန်း ၂.၄ အရ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့ နောက်ပိုင်း စာချုပ်ချုပ်ဆို (သို့) ပြင်ဆင်သည့် သယံဇာတတူးဖော်ရေး စာချုပ်နှင့်လိုင်စင်များကို ထုတ်ပြန်ရမည်ဖြစ်သည်။[168] ထို့အပြင်အကောင်အထည်ဖော်ဆောင်ရွက်နေသာ နိုင်ငံများအနေဖြင့် ရေနံ၊သဘာဝ ဓာတ်ငွေ့နှင့် တွင်းထွက်သတ္တုတူးဖော်ရေးနှင့် သက်ဆိုင်သည့် အသုံးအနှုန်းများ ပါဝင်သည့် စာချုပ်များနှင့် လိုင်စင်များကို လူသိရှင်ကြား ထုတ်ဖော်ရန် တိုက်တွန်းထားသည်။ နောက်ထပ် ပေါ်ပေါက်လာသည့် အဂတိလိုက်စားမှုအန္တရာယ်မှာ အသေးစား လက်လုပ်လက်စား သတ္တုတူးဖော်သူများ၏ 'CSR' ထည့်ဝင်မှုများအတွက် မြို့နယ်အဆင့်တွင် ဘဏ်စာရင်းများ ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ( အောက်တွင် ဖော်ြပထားသည်များကို ကြည့်ပါ။)

## လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှု (ESG) နှင့် ရေရှည်တည်တံ့မြဲရေး အစီရင်ခံစာ

တစ်ကမ္ဘာလုံးအတိုင်းအတာအရ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်လာသည့် ဦးရေများပြားလာသည်နှင့်အမျှ ရာသီဥတုပြောင်းလဲမှုဆိုသည်ထက် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုဆိုင်ရာ အကြောင်းအရာများကို ပိုမို အသိမှတ်ပြုလာခြင်းကြောင့် ကုမ္ပဏီများ၏ စီးပွားရေးလုပ်ငန်းများ၊ ဆုံးရှုံးခြေစီမံခန့်ခွဲမှုနှင့် ၎င်းတို့၏တန်ဖိုးနှင့် ရန်ပုံငွေပိုမိုဆွဲဆောင်ရန်အတွက် ပိုမိုအားစိုက်လာရသည်။ ၂၀၂၀ အစောပိုင်းတွင် ဒေါ်လာ ၇ ထရီလီယံခန့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသည့် Blackrock ၏ အမှုဆောင်အရာရှိ Larry Fink သည် "ရာသီဥတုဆိုင်ရာအန္တရာယ်သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအန္တရာယ်" ဖြစ်ပြီး "ရာသီဥတုပြောင်းလဲမှုသည် BlackRock မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသည့် ရင်းနှီးမြှုပ်နှံသူများ၏ အမြဲတမ်းထိပ်ဆုံးဖြစ်နေသည့် ပြဿနာတစ်ရပ်" ဖြစ်ကြောင်း ပြောပြရန် ၎င်းတို့ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသော ကုမ္ပဏီများထံသို့ စာရေးသားခဲ့သည်။[169]

၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလတွင်ထုတ်ပြန်သော Blackrock ၏ Global Client Sustainable Investing Survey စစ်တမ်းမှ ၎င်းတို့၏ စီမံခန့်ခွဲမှုအောက်ရှိ ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ ၂၅ ထရီလီယံ နီးပါးရှိသည့် နိုင်ငံပေါင်း၂၇ နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူ ၄၂၅ ဦး သည် နောင်လာမည့် ငါးနှစ်တာကာလအတွင်း ရေရှည်တည်တံ့မှုကို ထည့်သွင်းစဉ်းစားသည့် ထုတ်ကုန်များတွင်

165 Parliament approves 2020 Union Tax Law with amnesty, Myanmar Times, 28 August 2020

166 MEITI တွင်ကြည့်ပါ။

167 bo.dica.gov.mm

168 Contract Disclosure in Myanmar: A Guide for implementing the new requirements of the EITI, Natural Resources Governance Institute (NRGI), ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ မြန်မာဘာသာဖြင့် ရရှိနိုင်သည်။

169 A fundamental reshaping of finance, Larry Fink, CEO Blackrock, January 2020

ရင်းနှီးမြှုပ်နှံမှု နှစ်ဆတိုးရန်စီစဉ်ထားကြောင်းနှင့် ၂၀ ရာခိုင်နှုန်းသော ဖြေဆိုသူများက COVID 19 ကြောင့် ယင်းတို့၏ ရေရှည်တည်တံ့ရင်းနှီးမှုကို အရှိန်ဟုန်တိုး ဆောင်ရွက်နိုင်မည်ဟု ပြောကြားခဲ့သည်။ ရေရှည်တည်တံ့ခိုင်မြဲသော ပိုင်ဆိုင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများသည် ဥရောပတွင် တွင်တွင်ကျယ်ကျယ် ဖြစ်နေပြီး အမေရိကန်နှင့် အာရှ – ပစိဖိတ်ဒေသများတွင်လည်း ထင်ပေါ်ကျော်ကြားမှု များပြားလာသည်။[170] ထို့ကြောင့် ရေရှည်တည်တံ့ခိုင်မြဲသောစီးပွားရေးလုပ်ငန်းပုံစံ အကောင်ထည်ဖော်ဆောင်ရွက်ခြင်းနှင့် လူမှုပတ်ဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံအုပ်ချုပ်မှု (ESG) အစီရင်ခံခြင်းသည် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုမ္ပဏီ၏ရေရှည်တန်ဖိုးကို ဖန်တီးနိုင်မှုစွမ်းရည်ကို အကဲဖြတ်ရာတွင် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကုမ္ပဏီနှင့် ပတ်သက်ဆက်နွယ်သူများကိုလည်း တာဝန်ယူမှု၊ တာဝန်ခံမှု ပေးအပ်သလိုလည်းဖြစ်စေသည်။ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု (ESG) ဆိုင်ရာ ကိစ္စရပ်များကို စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်းကြောင့် ကုမ္ပဏီများသည် ငွေများ ပိုမိုချွေတာနိုင်ပါသည်။ ဥပမာအားဖြင့်လျှပ်စစ်စွမ်းအင်သုံးစွဲမှု ကုန်ကျစရိတ်များဖြစ်သည်။

၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် စင်ကာပူဘဏ်နှစ်ခုဖြစ်သည့် OCBC နှင့် UOBတို့ သည် Junction City complex တွင် အသုံးပြုရန်အတွက် Shwe Taung Group သို့ ဒေါ်လာ ၄၄ မီလျံ "အစိမ်းရောင်ချေးငွေ (green loan)" ပေးခဲ့သည်။[171] ၎င်းသည် ပွင့်သစ်စ ၂၀၂၀ တွင်အဆင့် ၃ ဖြစ်ပါသည်။ ၎င်းသည်မြန်မာနိုင်ငံတွင် ပထမဆုံး 'အစိမ်းရောင်ချေးငွေ (green loan)' ဖြစ်သည်။ Junction City သည်မြန်မာနိုင်ငံ၏ပထမဆုံး Building and Construc-tion Authority Green Mark လက်မှတ်ရရှိခဲ့သည့် ဈေးဝယ်စင်တာဖြစ်သောကြောင့်ဖြစ်သည်။ ထိုချေးငွေသည် Shwe Taung Group ၏ အစိမ်းရောင်ချေးငွေမူဘောင်ကို အခြေခံ၍ ချေးငွေကို တိုးချဲ့ခဲ့ခြင်းဖြစ်ပြီး ဤဘောင်သည် Shwe Taung Group ၏ အရည်ချင်းပြည့်မှီသည့် အစိမ်းရောင်စီမံကိန်းများကို အကဲဖြတ်ရန်နှင့် အစိမ်းရောင်ချေးငွေ (green loan)မှ ရရှိသည့် အသားတင် အကျိုးအမြတ်ငွေကြေးများကို စီမံခန့်ခွဲရန် OCBC ဘဏ်နှင့် အတူတကွ ဖန်တီးခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ချေးငွေဈေးကွက်အဖွဲ့အစည်း (Loan Market Association) ၏ အစိမ်းရောင်ချေးငွေ (Green Loan)ဆိုင်ရာ အခြေခံမူများနှင့်အညီ ရေးဆွဲထားခြင်းဖြစ်သည်။[172]

ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု (ESG) ဆိုင်ရာစီမံခန့်ခွဲမှုများနှင့် အစီရင်ခံခြင်းတို့မှ တစ်ဆင့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်စီမံအုပ်ချုပ်မှု (ESG) ဆိုင်ရာချဉ်းကပ်မှုများကို ပြသနိုင်သည့် မြန်မာနိုင်ငံရှိကုမ္ပဏီများသည် IFC နှင့်CDCကဲ့သို့သော အဖွဲ့များမှ ဒေါ်လာသန်းပေါင်းများစွာသော အစိမ်းရောင်ချေးငွေ (Green Loan) များနှင့် ပုဂ္ဂလိက ရှယ်ယာရင်းနှီးမြှုပ်နှံမှုမှသည် အသေးစားထောက်ပံ့ငွေများအထိ ပိုမိုကျယ်ပြန့်သော ငွေကြေးရွေးချယ်မှုများ ရရှိနိုင်ခြင်းနှင့် USAID ၏ RITA programme၊ [173] ဒိန်းမတ်သံရုံး၏ တာဝန်ယူမှုရှိသောစီးပွားရေးရန်ပုံငွေနှင့်[174] ယူကေ Carbon Trust[175] ကဲ့သို့သော အဖွဲ့အစည်းများထံမှ ရင်းမြစ်မှ ထိရောက်စွာ အသုံးချနိုင်ရန်အတွက် နည်းပညာပံ့ပိုးမှုများကို လက်လှမ်းမှီကြောင်း ဤအချက်က ပြသပါသည်။ အစိမ်းရောင်ရာသီဥတုရန်ပုံငွေ The Green Climate Fund (GCF)သည် ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရာတွင်

170 Blackrock survey shows acceleration of sustainable investing, Blackrock 3 December 2020.

171 OCBC bank partners Shwetaung Group on Myanmar's first green loan, OCBC and Shwetaung, 5 February 2020

172 Green Loan Principles, Loan Market Association, Asia-Pacific Loan Market Association and Loan Syndications and Trading Association (LSTA), December 2018

173 Burma—Responsible Investment and Trade Activity (RITA), 2020–2025, DAI

174 The Responsible Business Fund သည် မြန်မာနိုင်ငံရှိ စီမံကိန်း ၄၅၃ ခုအတွက် ထောက်ပံ့ငွေတစ်စိတ်တစ်ပိုင်း ပေးအပ်ခဲ့သည်။ အထူးသဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် ဖြစ်ပြီး၊ ၎င်းတို့အား ရင်းမြစ်များ ထိရောက်စွာအသုံးချနိုင်ရန်၊ လုံခြုံရေး၊ အစားအသောက်၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်မှုများတွင် ရင်းနှီးမြှုပ်နှံနိုင်ရန်ဖြစ်သည်။ နောက်ထပ်ရန်ပုံငွေကို ၂၀၂၁ ခုနှစ်တွင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

175 ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံရှိကုမ္ပဏီများအတွက် စွမ်းအင်ထိရောက်စွာ အသုံးပြုနိုင်ရန် နည်းပညာအကူအညီကို Carbon Trust ထံမှ ရရှိနိုင်ပါသည်။

အောင်မြင်သည့်နိုင်ငံများကို ထောက်ပံ့ငွေ၊ ချေးငွေများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ထောက်ပံ့သည်။ အစိမ်းရောင်ရာသီဥတုရန်ပုံငွေအတွက် အမျိုးသားအဆင့် ခန့်အပ်ထားသော တာဝန်ယူရသည့်အဖွဲ့ Nationally Designated Authority (NDA)မှာ မြန်မာနိုင်ငံအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဖြစ်ပြီး အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး အကောင်ထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် (Nationally Determined Contributions – NDC)[176] ရည်မှန်းချက်ပြည့်မီစေရန်အတွက် ထောက်ပံ့မှုများရအောင်တက်ကြွစွာ စည်းရုံးသည်။ ယင်းတွင် Global Green Growth Institute (GGGI) နှင့်ဆွေးနွေးခြင်းနှင့် နေပြည်တော်၊တောင်ကြီး၊ ပဲခူးနှင့် ပုသိမ်တို့တွင်ဆောင်ရွက်မည့် အစိမ်းရောင်မြို့ပြများ စီမံကိန်းအတွက် ရင်းနှီးငွေရှိရေးလည်းပါဝင်သည်။[177] ထို့အပြင် GGGI မှ အကောင်ထည်ဖော်နေသည့် အစိမ်းရောင်ရာသီဥတုရန်ပုံငွေ အဆင်သင့်ဖြစ်စေရေး စီမံချက်ကလည်း အများနှင့်သက်ဆိုင်သည့်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ငွေရေးကြေးရေးအဖွဲ့များက အစိမ်းရောင်ရာသီဥတုရန်ပုံငွေမှ ချေးငွေတိုက်ရိုက်ရရှိနိုင်ရန် အမည်စာရင်း ထောက်ပံ့ပေးနိုင်အောင် ဆောင်ရွက်နေသည်။ ယင်းကိုရရှိရန် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံအုပ်ချုပ်မှု (ESG) မူဝါဒများနှင့် လုပ်ဆောင်မှုများကို လုပ်ဆောင်ရမည်ဖြစ်သလို ယုံကြည်ရသူဖြစ်ရန်လည်း လိုအပ်သည်။

Larry Fink ၏ စာတွင် ယင်းသည် "စည်းမျဉ်းကြီးကြပ်သူများ၊ အာမခံသူများနှင့် အများပြည်သူတို့နှင့်အတူ ရင်းနှီးမြှုပ်နှံသူအားလုံးက ကုမ္ပဏီများသည် ရေရှည်တည်တံ့ခိုင်မြဲမှုနှင့်ပတ်သက်၍ မည်သို့ စီမံခန့်ခွဲနေသည်ဆိုသည်ကို ရှင်းရှင်းလင်းလင်းပြသရန်လိုအပ်သည်။ ဤအချက်အလက်များသည် ၎င်း၏ လုပ်သားအင်အား၏မတူကွဲပြားမှု၊ ၎င်းတို့၏ ထောက်ပံ့ရေးကွင်းဆက်၏ ရေရှည်တည်တံ့မှု သို့မဟုတ် ၎င်းတို့၏ စားသုံးသူများ၏ သတင်းအချက်များကို ကောင်းမွန်စွာ အကာအကွယ်ပေးထားမှု ကဲသို့သော ရာသီဥတုပြောင်းလဲမှုထက်ကျော်လွန်၍ ကုမ္ပဏီတစ်ခုချင်းစီသည် ၎င်းတို့၏ သက်ဆိုင်သူများကို မည်သို့ အပြည့်အဝဆောင်ရွက်ပေးနေသည်နှင့် ပတ်သက်၍ မေးခွန်းများဖြေနိုင်သည်အထိ ထည့်သွင်းစဉ်းစားသင့်သည်။ ကုမ္ပဏီတစ်ခု၏ တိုးတက်မှုအလားလာဆိုသည်မှာ ၎င်းတို့၏ ရေရှည်တည်တံ့ခိုင်မြဲစွာ လည်ပတ်နိုင်စွမ်းနှင့် သက်ဆိုင်သူများအား အပြည့်အဝကောင်းမွန်စွာ လုပ်ဆောင်ပေးနိုင်သည့် စွမ်းရည်တို့သာ မလွဲကေန်ဖြစ်သည်။" ဟု သူ၏ခံယူချက်ကို ဖော်ပြခဲ့သည်။

ထို့ကြောင့် ရေရှည်တည်တံ့ခိုင်မြဲသော အရင်းအနှီးရရှိရန် ငွေကြေးအရင်းအနှီးဈေးကွက်တွင် ယုံကြည်မှု တည်ဆောက်ရန်အတွက် တသမတ်တည်းဖြစ်မှု နှင့် ပွင့်လင်းမြင်သာမှုသည် မရှိမဖြစ်လိုအပ်သည်။ ယင်းကို ပံ့ပိုးမှုရန် ၂၀၂၀ ခုနှစ်တွင် European Unionသည် ၎င်း၏ ၂၀၁၈ ခုနှစ် ရေရှည်တည်တံ့ခိုင်မြဲသောတိုးတက်မှုကို ငွေကြေးထောက်ပံ့မှု၏ လုပ်ငန်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် "Taxonomy Regulation" ကို ချမှတ်ခဲ့သည်။ မည်သည့်အတိုင်းတာအထိ ဈေးကွက်စီးပွားရေး လုပ်ငန်းဆောင်ရွက်မှုများသည် ပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲသည်ဟု သတ်မှတ်ရန် ရှင်းလင်းသောဘာသာစကားဖြင့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများအား ပံ့ပိုးမှုပေးရန် ၎င်းသည် European Union တစ်ခုလုံး အဆင့်သတ်မှတ်သည့်စနစ် (EU–wide classification system)ကို စတင်ခဲ့သည်။[178] မြန်မာနိုင်ငံနှင့် နီးကပ်မှုရှိသည့် အာဆီယံအရင်းအနှီးဈေးကွက်များဖိုရမ် (ACMF) သည် အာဆီယံစိမ်းလန်းသော၊ လူမှုရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲသော (စိမ်းလန်းစိုပြေရေးနှင့်လူမှုရေး) အစိုးရ သို့မဟုတ် အဖွဲ့စည်းတစ်ခု၏ ဝယ်ယူသူထံသို့ ကြွေးမြီ အာမခံချက် စာရွက်စာတမ်းဆိုင်ရာစံနှုန်းများကို လုပ်ဆောင်ခဲ့သည်။[179] ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် အာဆီယံ

176 www.greenclimate.fund/countries/myanmar

177 GGGI's မှ မြန်မာအဖွဲ့သည် GCF Green City Steering Committee အစည်းအဝေးကို ကျင်းခဲ့သည်။ ၆ ရက်၊ ဩဂုတ်လ ၂၀၂၀ ခုနှစ်။

178 EU Regulation 2020/852 on the establishment of a framework to facilitate sustainable investment, 18 June 2020

179 ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှားနှင့် စင်ကာပူတို့မှ ဈေးကွက်တွင် ပါဝင်သူများက Bonds နှင့် Sukuk တို့ကို ASEAN Green (2017)/ Social (2018)/Sustainability (2018) စံနှုန်းများနှင့်အညီ ထုတ်ဝေခဲ့သည်။ ACMF ၏ နောက်ဆုံးရသတင်းများစာရင်း။

ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အုပ်ချုပ်သူများသည် ရေရှည်တည်တံ့ခိုင်မြဲသော အာဆီယံ အရင်းအနှီးဈေးကွက်များအတွက် လမ်းပြမြေပုံတစ်ခုရေးဆွဲရန် ဆုံးဖြတ်ခဲ့ကြသည်။ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ် (၁) အဖြစ် " အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ပွင့်လင်းမြင်သာမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုကို အားပေးမှုဖြစ်စေသည့် အစီရင်ခံခြင်းတိုးမြှင့်နိုင်ရန်အတွက် တသမတ်တည်း လုပ်ဆောင်ရန်လိုကြောင်း" အသိမှတ်ပြုခဲ့သည်။[180]

ပွင့်သစ်စသည် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ACMF)၏ အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း၏ E&S စံနှုန်းများအားလုံးကို ထည့်သွင်းထားခြင်းမရှိဘဲ အုပ်ချုပ်မှုဆိုင်ရာသာ ဦးစားပေးလုပ်ဆောင်ထားသည်။ လမ်းပြမြေပုံအရ ESG စွမ်းဆောင်ရည် ကောင်းမွန်သည့် အသေးစားနှင့်အလတ်စား ကုမ္ပဏီများကို မြင်သာမှုရှိစေရန်အတွက် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းတွင် စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာများကို ထည့်သွင်းစဉ်းစားခြင်း၊ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု (ESG) ရမှတ်မှတ်တမ်း အကောင်ထည်ဖော်ခြင်း သို့မဟုတ် စီးပွားရေးတိုးမြှင့်မှုများကို အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ACMF) မှ လုပ်ဆောင်လိမ့်မည်။ Corporate Governance Scorecard တွင်စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ တိုးမြှင့်လိမ့်မည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ် အစီရင်ခံစာကဲ့သို့ပင် ၂၀၂၀ ပွင့်သစ်စ အစီရင်ခံစာသည် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (ASEAN Corporate Governance Scorecard–ACGS) အပြင် ကုမ္ပဏီများမှ အများပြည်သူသိရှိစေရန်အွန်လိုင်းပေါ်၌ ထုတ်ပြန်ထားသော ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု (ESG) ဆိုင်ရာ သတင်းအချက်အလက်များကို ဆန်းစစ်အမှတ်ပေးခြင်းတို့ပါဝင်သည်။ မြန်မာနိုင်ငံရှိ ထိပ်တန်းကုမ္ပဏီကြီးသည် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကို အစီရင်ခံခြင်းစတင်နေပြီး အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးမဟုတ် သောအစီရင်ခံခြင်းဆိုင်ရာစံနှုန်းများကို အသုံးပြုနေသည်။ (အောက်တွင်ကြည့်ပါ။)

## လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှု (ESG) အစီရင်ခံစာအတွက် မြန်မာနိုင်ငံတရားဝင် ချဉ်းကပ်မှု

SDG ပန်းတိုင် ၁၂.၆.၁ (ရေရှည် တည်တံ့ခိုင်မြဲမှု အစီရင်ခံစာများကို ထုတ်ဝေသောကုမ္ပဏီအရေအတွက်) နှင့် ကာဗွန်ထုတ်လွှတ်မှု သတင်းအချက်အလက်များ အပါအဝင် ကုမ္ပဏီများ သတင်းပေးပို့ခြင်းနှင့်ဆိုင်သည့် ESG အစီရင်ခံခြင်းများတွင် မြန်မာအစိုးရအနေဖြင့် မည်သို့ချဉ်းကပ်သင့်သည်နှင့် ပတ်သက်၍ ဆွေးနွေးမှုများ စတင်နေသည်။ ထို့အပြင် ကာဗွန်ထုတ်လွှတ်မှုလျှော့ခြင်းအပါအဝင် အခြားအစီရင်ခံခြင်းများပါဆောင်ရွက်ရန် တိုက်တွန်းသည်။ ယူကေ အစိုးရ၏ Prosperity Fund မှထောက်ပံ့မှုပေးထား၍ EY မှ အကောင်ထည်ဖော်ဆောင်ရွက်နေသည့် The Low Carbon Energy Programme (LCEP)၏ ဒေသတွင်း လုပ်ဆောင်မှု အစိတ်ပိုင်းတစ်ခု ဖြစ်သည့် Green Finance သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန (ECD) နှင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) တို့အား မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု (ESG) မူဘောင်တစ်ခုတည်ဆောက်နိုင်ရန် ကူညီနေသည်။

လက်ရှိ အုပ်ချုပ်မှုဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများကိုအသက်ဝင်စေရန် အဖွဲ့အစည်းနှစ်ခုလုံး၏ စွမ်းဆောင်ရည်မှာ ကန့်သတ်မှုများရှိနေသေးသည်။ မြန်မာအစိုးရအနေဖြင့် မြန်မာနိုင်ငံအတွက် သီးသန့် လိုအပ်ချက်များကိုသာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမဟုတ်ဘဲ တိုးတက်ပြောင်းလဲနေသော အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံ စံချိန်စံနှုန်းများကို ခြေရာခံရန်နှင့် ၎င်းတို့နှင့်အညီ သေချာလုပ်ဆောင်သင့်သည်။ ထို့ပြင် အခြေခံ ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာများကိုလုပ်ဆောင်ရန်ပင် ရုန်းကန်နေရသော ကုမ္ပဏီများအတွက် မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်ချက်များကို မိတ်ဆက်ပေးခြင်းထက် အာဏာပိုင်များသည် ရေတိုနှင့် အလယ်အလတ်ကာလတွင် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု (Green Finance) များ

180 [Roadmap for ASEAN Sustainable Capital Markets](Roadmap for ASEAN Sustainable Capital Markets) ASEAN Capital Markets Forum, April 2019

ရရှိရေးနည်းလမ်းများ အပါအဝင်ပြောင်းလဲနေသော အပြည်ပြည်ဆိုင်ရာမူဘောင်များ (အောက်တွင်ကြည့်ပါ)နှင့်အညီ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု (ESG)ဆိုင်ရာ အစီရင်ခံခြင်းကို ကုမ္ပဏီများအားမှ ဆန္ဒအလျောက်တင်ပြရန်အားပေးသင့်သည်။

သို့ရာတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး အကောင်ထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် (Nationally Determined Contributions–NDC) (မူကြမ်း) ကိုအကောင်ထည်ဖော်ဆောင်ရွက်ရာတွင် စွမ်းအင်လုပ်ငန်းကဏ္ဍမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုဆိုင်ရာ သတင်းအချက်များကို ရရှိရန် အထူးလိုအပ်သည်။ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ ထုတ်လွှတ်မှုများကို တိုင်းတာရန်နှင့် သတင်းအချက်အလက်များထုတ်ပြန်ရန် လိုအပ်ချက်များကို ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်စနစ်များတွင် ထည့်သွင်းသင့်သည်။ အထူးသဖြင့် စွမ်းအင်လုပ်ငန်းကဏ္ဍ အတွက်ဖြစ်သည်။

## ထုတ်ပြန်ကြေညာခြင်းနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် အစီရင်ခံခြင်းဆိုင်ရာ မူဘောင်များ

ကုမ္ပဏီများအတွက် ရေရှည်တည်တံ့ခိုင်မြဲမှုအစီရင်ခံခြင်းဆိုင်ရာ မူဘောင်များစွာရှိသည်။ လွယ်ကူချောမွေ့စေရန်အတွက် ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်း အများစုကို လမ်းညွှန်မှုပေးသည့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့စည်း ၅ ခုသည် ပေါင်းစည်းရန် စတင်လုပ်ဆောင်နေပါသည်။ ၎င်း ၅ ခုမှာ ကာဗွန်ထုတ်လွှတ်မှု ထုတ်ဖော်ပြသသည့် စီမံကိန်း (CDP)၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာထုတ်ဖော်မှုစံသတ်မှတ်ချက် ဘုတ်အဖွဲ့ (CDSB)၊ ကမ္ဘာ့အဆင့် အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက် (GRI)၊ လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် နိုင်ငံတကာ ပူးတွဲအစီရင်ခံခြင်းဆိုင်ရာကောင်စီ (IIRC)၊ စဉ်ဆက်မပြတ်တိုးတက်စေရန် စာရင်းကိုင်စံချိန်စံနှုန်းဘုတ်အဖွဲ့ (SASB) တို့ဖြစ်သည်။ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလတွင် ၎င်းတို့သည် အောက်ပါအချက်များကို အထောက်အပံ့ပေးရန် အတူတကွ လုပ်ကိုင်ဆောင်ရွက်နေသည်။

- မူဘောင်များနှင့် စံနှုန်းများကို မည်သို့ဖြည့်စွက်အသုံးချနိုင်ကြောင်းပြသည့် ပူးတွဲဈေးကွက်လမ်းညွှန်မှု။
- ဤအချက်များသည် fFinancial Generally Accepted Accounting Principles (Financial GAAP)သို့ မည်သို့ဖြည့်စွက်နိုင်ကြောင်းနှင့် လွယ်ကူရှင်းလင်း၍ ပြည့်စုံမှုရှိသော ကော်ပိုရိတ်ဆိုင်ရာအစီရင်ခံမှုစနစ် တစ်ခုဆီသို့ ဦးတည်သောတိုးတက်မှုအတွက် သဘာဝကျကျ စတင်နိုင်ရန်အတွက် ပူးတွဲမျှော်မှန်းချက်။
- အခြားသောစိတ်ဝင်စားမှုရှိသည့် ပတ်သက်ဆက်နွယ်သူများနှင့် ထိတွေ့ဆက်ဆံရန်နှင့် ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်ရန်လုပ်ဆောင်နေသည့် စီမံကိန်းမှတစ်ဆင့် ဤရည်မှန်းချက်များပြည့်ရန် ပူးတွဲကတိကဝတ်ပြုခြင်းတို့ ဖြစ်သည်။ ယင်းတွင် အပြည်ပြည်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ် ကော်မရှင်အဖွဲ့အစည်း (IOSCO)၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးဆိုင်ရာအစီရင်ခံစံချိန်စံနှုန်း (IFRS)၊ ဥရောပကော်မရှင်နှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အပြည်ပြည်ဆိုင်ရာ စီးပွားရေးကောင်စီတို့လည်း ပါဝင်သည်။[181]

ပွင့်သစ်စ ၂၀၂၀၏ ထပ်တိုး E&S စံနှုန်းများအား ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (IR) နှင့် ကမ္ဘာ့အဆင့်အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက်ဆိုင်ရာ စံနှုန်းများ (GRI)မှ ရယူထားပါသည်။

181 Statement of Intent to Work Together Towards Comprehensive Corporate Reporting ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလတွင် အကျိုးသက်ရောက်မှုစီမံခန့်ခွဲမှုစီမံကိန်း၊ ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် Deloitte မှ ပံ့ပိုးပေးသော Integrated Reporting နှင့် ရေရှည်တည်တံ့မှု ဦးဆောင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများဖြစ်သည့် CDP, CDSB, GRI, IIRC နှင့် SASB တို့၏ ညှိနှိုင်းဆွေးနွေးမှုအကျဉ်းချုပ်။

## ပူးတွဲအစီရင်ခံခြင်းဆိုင်ရာ မူဘောင် (Integrated Reporting Framework)

ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင်အား လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း တစ်ခုဖြစ်သည့် နိုင်ငံတကာ ပူးတွဲအစီရင်ခံခြင်းဆိုင်ရာကောင်စီ (IIRC) မှ အကောင်အထည် ဖော်ထားခြင်းဖြစ်ပြီး IIRC သည် စည်းကြပ်သူ အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ကုမ္ပဏီ များနှင့် ကျွမ်းကျင်အတတ်ပညာရှင်များ ပူးပေါင်းထားသော အပြည်ပြည်ဆိုင်ရာ ကောင်စီ တစ်ခုဖြစ်သည်။ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းတစ်ခုဖြစ်သည့် နိုင်ငံတကာ ပူးတွဲအစီရင်ခံခြင်းဆိုင်ရာကောင်စီ (IIRC)၊ စဉ်ဆက် မပြတ်တိုးတက်စေရန် စာရင်းကိုင်စံချိန်စံနှုန်းဘုတ်အဖွဲ့ (SASB) တို့သည် Value Reporting Foundation အဖြစ်သို့ပေါင်းစည်းရန် သဘောတူညီမှုရယူထားကြောင်းကို ထုတ်ပြန်ကြေညာ ခဲ့သည်။[182] MTSH ကုမ္ပဏီ၏ ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (Integrated Reporting Framework) အား ယင်းတို့၏ နောက်ဆုံးနှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။ အခြားကုမ္ပဏီများဖြစ်သည့် uab Bank, CMHL, Shwe Taung Group, Yoma နှင့် FMI တို့တွင်လည်း ၎င်းတို့၏ ကော်ပိုရိတ်ထုတ်ပြန်ကြေညာချက်များတွင် ပူးတွဲ အစီရင်ခံခြင်းဆိုင်ရာမူဘောင် (Integrated Reporting Framework) နှင့်ပတ်သက်သော အချက်အလက်တစ်ချို့ကို ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။

## ကမ္ဘာ့အဆင့်အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက် (GRI)

ကမ္ဘာ့အဆင့်အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက် (GRI)သည် လွတ်လပ်သော နိုင်ငံတကာ အဖွဲ့အစည်း တစ်ခုဖြစ်သည်။ နယ်ပယ်စုံရှိ အကျိုးသက်ဆိုင်သူများပါဝင်သည့် လုပ်ငန်း စဉ်အောက်တွင် ၎င်း၏ ရေရှည်တည်တံ့ခိုင်မြဲရေး အစီရင်ခံခြင်းဆိုင်ရာ စံနှုန်းများကို ရေးသားထုတ်ဝေခဲ့ပြီး အဆိုပါစံနှုန်းများကို နိုင်ငံတကာကုမ္ပဏီများမှ အစီရင်ခံခြင်းမူဘောင် အဖြစ် ကျယ်ပြန့်စွာ သုံးစွဲလျက်ရှိသည်။ ၂၀၂၀ ပွင့်သစ်စ အစီရင်ခံစာတွင် ပါဝင်သည့် ကုမ္ပဏီ (၉) ခုဖြစ်သော Alpha Power Engineering, CMHL, IME, MSP CAT, Proven, Shwe Taung Group, TMH, uab Bank နှင့် Yoma Bank တို့သည် GRI အားကိုးကား၍ ၎င်းတို့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။[183] မြန်မာနိုင်ငံ၏ ဗဟိုစာရင်းအင်းအဖွဲ့က SDG ညွှန်း ကိန်း ၁၂.၆.၁ ကိုပြည့်မီခြင်းရှိမရှိ ခြေရာခံဆောင်ရွက်နိုင်ရန် ယင်းအချက်များကို ကိုးကား သည်။

## ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် (UN Global Compact)

**ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်သည်** IR နှင့် GRIတို့ ကဲ့သို့ အစီရင်ခံခြင်း မျိုးထက် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားပေးသည်။ ၂၀၂၀ ဒီဇင်ဘာတွင် UNGC ၌ အဖွဲ့ဝင်ထားသည့် မြန်မာ့စီးပွားရေးလုပ်ငန်း စုစုပေါင်း ၁၂၅ ခုရှိပြီး (၇၂ ခုမှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) ၂၀၁၉ ခုနှစ်မတ်လတွင် ၁၆၄ ခုရှိခဲ့သည်။ ယင်းတို့အနက် ၂၃ ခုအား နှစ်စဉ်ထုတ်ပြန်ရမည့် COP အား ထုတ်ပြန်ခြင်းမရှိသောကြောင့် 'ဆက်သွယ်ပြော ဆိုခြင်းမရှိ' (non-communicating) အဖြစ် သတ်မှတ်ထားသည် (ဆိုလိုသည်မှာ ၂ နှစ် ပြီးသည့်အချိန်တွင် COP ထုတ်ပြန်ကြေညာခြင်းမရှိပါက အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခံရမည် ဖြစ်သည်)။ ၂၀၁၆ ဩဂုတ်လ ထုတ်ပြန်ခဲ့သည့် ပွင့်သစ်စအစီရင်ခံစာအရ ယင်းအချိန်တွင် အဖွဲ့ဝင်အများဆုံး အဖြစ် ၃၅၄ခု ရှိနေပြီး ယင်းနောက်တွင် ကျဆင်းသွားခဲ့သည်။ ၂၀၂၀ ပွင့်သစ်စအစီရင်ခံစာတွင် ကုမ္ပဏီ ၃၁ ခုက UNGC အဖွဲ့ဝင်ဖြစ်နေပြီး ၂ ခုက 'ဆက်သွယ်

182 IIRC and SASB announce intent to merge in major step towards simplifying the corporate reporting system, IIRC 25 Nov 2020

183 database.globalreporting.org

ပြောဆိုခြင်းမရှိ' စာရင်းတွင် ပါဝင်နေသည်။

UNGC အဖွဲ့ဝင်များသည် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး စသည်တို့ပါဝင်သော တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ မူဝါဒများကို လိုက်နာကျင့်သုံးကြောင်း နှစ်စဉ်အစီရင်ခံစာ တင်ပြရသည်။အကျိုးအမြတ်မယူသောအဖွဲ့များက ၂နှစ်တစ်ကြိမ်အစီရင်ခံစာတင်ပြရသည်။ မြန်မာနိုင်ငံတွင် MCRB အပါအဝင် အကျိုးအမြတ်မယူသော အဖွဲ့ ၆ ဖွဲ့ က ၂ နှစ်တစ်ကြိမ်တင်ပြနေသည်။[184] UNGC ဝက်ဆိုဒ်တွင်[185] ဆက်သွယ်မှုများကို ကြည့်ရှုနိုင်သည်။ UNGC အတွက် ကုမ္ပဏီက နှစ်စဉ် ရေရှည်တည်တံ့ခိုင်မြဲရေး အစီရင်ခံစာများရေးသားရာတွင် GRI သို့မဟုတ် အခြားအစီရင်ခံစာ စံနှုန်းများနှင့် ကိုက်ညီအောင် ရေးသားဆောင်ရွက်ပါက အဆင့်အတန်းပိုမို မြင့်မားလာကာ ရင်းနှီးမြှုပ်နှံသူများကို ပိုမို ဆွဲဆောင်နိုင်မည်ဖြစ်သည်။ UNGC နှင့် GRI တို့နှစ်ခုလုံးသည် စီးပွားရေးလုပ်ငန်းများကို လက်ရှိအစီရင်ခံခြင်းများတွင် ရေရှည်တိုးတက်မှု အစီရင်ခံခြင်းပါ ပါဝင်လာစေရန် အားပေးသည်။[186] ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် မြန်မာကုမ္ပဏီများကို အစိုးရ၏ MSDP နှင့်ပါ ကိုက်ညီစေသည်။ ၂၀၂၀ ပွင့်သစ်စတွင် ကုမ္ပဏီ ၂၃ ခုက အစီရင်ခံစာများတွင် ရေရှည်တိုးတက်မှု အစီရင်ခံခြင်းကို ဖော်ညွှန်းရေးသားကြသည်။

မြန်မာနိုင်ငံတွင် UNGC၏ဒေသတွင်း ကွန်ယက်မရှိတော့ပါ။၂၀၂၁ ခုနှစ်အစောပိုင်းတွင် UNGC ၏ ရုံးချုပ်သည် ဒေသခံကွန်ယက်အတွက် ပြုပြင်မွမ်းမံမှုအစီအစဉ်သစ်များ ကြေညာလိမ့်မည်ဖြစ်သည်။ ပြီးမှသာ မြန်မာနိုင်ငံတွင် UNGC ကွန်ရက်ကိုစတင်မိတ်ဆက်ရန် MCRB က စိတ်ဝင်စားမှု ရှိ၊ မရှိကို သုံးသပ်နိုင်မည်ဖြစ်သည်။

## ရေရှည် တည်တံ့ခိုင်မြဲခြင်းနှင့် ထုတ်ဖော်ကြေညာခြင်းကောင်းမွန်အောင် လုပ်ဆောင်ရာတွင် စတော့အိတ်ချိန်းများ၏ အခန်းကဏ္ဍ

စျေးကွက်ကြီးကြပ်သူများသည် စျေးကွက်တွင်ပါဝင်လုပ်ကိုင်သူများ၏ ယုံကြည်မှုကို ရရှိရန်အတွက် ထိန်းသိမ်းစောင့်ရှောက်သူ အခန်းကဏ္ဍမှပါဝင်ပါသည်။ ၎င်းတို့သည် ရင်းနှီးမြှုပ်နှံသူများကို ကာကွယ်ရန်၊ မျှတ၍ ပွင့်လင်းမြင်သာမှုရှိသော စျေးကွက်အခြေအနေကိုထိန်းသိမ်းရန်နှင့် ထိန်းချုပ်နိုင်သော ဆုံးရှုံးနိုင်ခြေများကို လျှော့ချရန် ဖြစ်သည်။ International Organization of Securities Commissions (IOSCO) က ESG အပြည့်ပြည့်ဆိုင်ရာ အစီရင်ခံခြင်းဆိုင် စံချိန်စံနှုန်းများအပေါ် အခြေခံ၍ ကုမ္ပဏီများသည် ၎င်းတို့၏ အန္တရာယ်များကို ထုတ်ဖော် ကြေညာသင့်သည်။ အပြည်ပြည်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ် ကော်မရှင်အဖွဲ့အစည်း (IOSCO) က “ESG ကိစ္စရပ်များကို အရေးကြီးသည်ဟု သတ်မှတ်သည့်အခါ ထုတ်ပေးသူများသည် ၎င်းတို့၏ ဘဏ္ဍာရေး စွမ်းဆောင်မှုများနှင့် တန်းဖိုးဖန်တီးမှုအပေါ် သက်ရောက်မှုရှိနေသော၊သက်ရောက်မှု ရှိနိုင်ခြေ များကို ထုတ်ဖော်ကြေညာရန်လိုအပ်သည်။ ESG နှင့်သက်ဆိုင်သည့် ဆုံးရှုံးနိုင်ခြေများနှင့် အုပ်ချုပ်မှုဆိုင်ရာတို့ကို ထိုးထွင်းသိမြင်နိုင်ရန် အချက်အလက်များ ဖော်ပြသင့်ကြောင်း တိုက်တွန်းထားသည်။”[187]

မြန်မာနိုင်ငံတွင် စျေးကွက်ကြီးကြပ်သူများသည် SECM နှင့် YSXတို့ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများလိုအပ်သည့် သတင်းအချက်အလက်များကို ထုတ်ပေးသူများထံမှ ရရှိစေရန်နှင့် ESG ဆိုင်ရာအန္တရာယ်များ ကိုနိုင်ငံတကာစံနှန်းများနှင့်အညီဖော်ပြရန် ကုမ္ပဏီများကို တိုက်တွန်းရမည်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှု အားနည်းသော မြန်မာနိုင်ငံကဲ့သို့ စွန့်စားမှုအန္တရာယ်များသောပတ်ဝန်းကျင်တွင် ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်မှုနှင့် မြေယာကဲ့သို့သော ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ထုတ်ဖော်ကြေညာချက်များသည် ကဏ္ဍတော်တော်များများအတွက် အရေးကြီးသည်။ မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်များတွင်

184 MCRB’s ၏ တတိယအကြိမ်မြောက် Communication on Engagement ၊ ဇူလိုင်လ ၂၀၁၈ ဇွန်လ ၂၀၂၀။

185 www.unglobalcompact.org/participation/report

186 www.unglobalcompact.org/take-action/action-platforms/sdg-reporting

187 IOSCO ရေရှည်တည်တံ့ခိုင်မြဲသော ဘဏ္ဍာရေးနှင့် ငွေချေးသက်သေခံလက်မှတ် စည်းကြပ်သူများနှင့် IOSCO ၏ အခန်းကဏ္ဍ နောက်ဆုံးအစီရင်ခံစာ။

သတင်းအချက်အလက် ကာကွယ်မှုကဲ့သို့သော လိုအပ်ချက်များရှိနေသောကြောင့် လူ့အခွင့်ရေးဆိုင်ရာချိုးဖောက်မှု အန္တရာယ်များဖြစ်ပေါ်ရန် အားပေးနေသည်။ ဆက်သွယ်ရေးနှင့်အိုင်စီတီကဏ္ဍရှိကုမ္ပဏီများက ၎င်းကို ကြီးမားသော ဆုံးရှုံးနိုင်ခြေ(high risk) သည်ဟု မယူဆပါ။

စတော့အိတ်ချိန်းများသည် ၎င်းတို့၏ အရင်းအနှီးဈေးကွက် အခန်းကဏ္ဍအပြင် ESG ရင်းနှီးမြှုပ်နှံမှုဖြစ်ပေါ်ရန် တွန်းအားဖြစ်လာသည်။ အာရှအပါဝင် တစ်ကမ္ဘာလုံးတွင် စတော့အိတ်ချိန်းများသည် နှစ်ပတ်လည် ရေရှည်တည်တံ့ခိုင်မြဲရေးအစီရင်ခံစာများကို မဖြစ်မနေထုတ်ပြန်ရန် လုပ်ဆောင်ရမည်ဖြစ်သည်။ သို့သော်လည်း အဆိုပါအစီရင်ခံစာသည် "comply or explain" စနစ်ကို အခြေခံ၍ ရေးသားထုတ်ပြန် ထားခြင်းဖြစ်သည်။ "ရေရှည်တည်တံ့ခိုင်မြဲသော စတော့အိတ်ချိန်းဖော်ဆောင်ရေးအဖွဲ့" (SSE)အား UN Global Compact၊ UNEP၊ UNCTAD နှင့် the Principles for Responsible Investment တို့မှပံ့ပိုးထားပြီး၊ ရန်ကုန်စတော့အိတ်ချိန်းကို တစ်စိတ်တစ်ပိုင်းပိုင်သည့် ဂျပန်စတော့အိတ်ချိန်းအဖွဲ့သည်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်သည်။ ထို့ပြင် မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူစတော့အိတ်ချိန်း၊ ဟန်ဂျိုင်းနှင့် ဟိုချီမင်း အိတ်ချိန်းနှင့် ထိုင်းစတော့အိတ်ချိန်း (SET) တို့လည်းပါဝင်သည်။ အစိမ်းရောင်အရင်းအနှီးအင်အားတိုးပွားအောင် စတော့အိတ်ချိန်းအနေဖြင့်မည်သို့ လုပ်ဆောင်ရမည် ကဲ့သို့သော လမ်းညွှန်ချက်များ[188] နှင့် ESG အစီရင်ခြင်းပုံစံလမ်းညွှန်ချက်များကို ထုတ်ဝေခဲ့ပါသည်။[189] အထက်တွင် ဖော်ပြခဲ့သည့် စတော့အိတ်ချိန်းများ အားလုံးသည် စာရင်းသွင်းထား သောကုမ္ပဏီများအတွက် လမ်းညွှန်ချက်များထုတ်ပြန်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) သည် အမျိုးမျိုးသော စံချိန်စံညွှန်းများကို ကုမ္ပဏီများ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် toolkit တစ်ခု ဖန်တီးထားသည်။[190]

ထိုင်းစတော့အိတ်ချိန်း(SET) သည် တစ်ကမ္ဘာလုံးတွင် အဆင့် ၉ ဖြစ်ပြီး[191] အာရှတွင် ထိုင်းနိုင်ငံသည် ရေရှည်တည်တံ့ခိုင်မြဲခြင်းဆိုင်ရာ အစီရင်ခံတင်ပြခြင်းတွင် ဦးဆောင်နေသည်။ အခြားသော စတော့အိတ်ချိန်းများဖြစ်သည့် ဘာဆာမလေးရှား (အဆင့် ၂၂)၊ စင်ကာပူ (အဆင့် ၂၄)၊ ဖိလစ်ပိုင် (အဆင့် ၃၀)၊ တိုကျို (အဆင့် ၃၄)၊ အင်ဒိုနီးရှား (အဆင့် ၃၆) နှင့် ဟိုချီမင်း (အဆင့် ၄၅) ဖြစ်သည်။ စာရင်းသွင်းထားသည့် ကုမ္ပဏီ ၆ ခုသာရှိသေးသည့် ရန်ကုန်စတော့အိတ်ချိန်းအား အဆင့်သတ်မှတ်ချက် ဖော်ပြထားခြင်းမရှိပါ။

## ရန်ကုန်စတော့အိတ်ချိန်း (YSX)

ရန်ကုန်စတော့အိတ်ချိန်းသည် ဂျပန်အိတ်ချိန်းအဖွဲ့ (၁၈.၇၅%)၊ Daiwa Securities Group (၃၀.၂၅%)နှင့်မြန်မာ့စီးပွားရေးဘဏ် (MEB) (၅၁%)[192]တို့ကြား စီးပွားဖက်စပ်တစ်ခုဖြစ်သည်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ စီးပွားဖက်စပ်လုပ်ကိုင်ခွင့်ပြုခဲ့ပြီး၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေများ (၂၀၁၅ ခုနှစ်) အခန်း ၈ အရ စတော့အိတ်ချိန်း လုပ်ကိုင်ခွင့်အား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) ထံမှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ရရှိခဲ့သည်။ ၂၀၁၆ ခုနှစ်၊ မတ်လတွင် YSX တွင် ရောင်းဝယ်မှုများစတင်ခဲ့ပြီး၊ အုပ်ချုပ်မှုဆိုင်ရာ၊ လိုက်နာရမည့်ကိစ္စရပ်များကို စစ်ဆေးရန်နှင့် ရလဒ်များထုတ်ပြန်နိုင်ရန်အတွက် ရန်ကုန်စတော့အိတ်ချိန်း (YSX) နှင့် ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်သည့် ကုမ္ပဏီများအား စစ်ဆေးမှုကို ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)မှ ကြီးကြပ်သည်။[193]

188 How Stock Exchanges can Grow Green Finance, Sustainable Stock Exchanges initiative, 2017

189 Model Guidance on ESG reporting, Sustainable Stock Exchanges initiative, 2015

190 Beyond the Balance Sheet – IFC Toolkit for Disclosure and Transparency, 2018

191 Measuring Sustainability Disclosure: Ranking the World's Stock Exchanges, Corporate Knights/Aviva 2019

192 Japan Exchange Group သည် Tokyo Stock Exchange, Osaka Securities Exchange နှင့် Tokyo Commodity Exchange တို့ကိုလည်း ပိုင်ပါသည်။

193 ဥပမာအားဖြင့် Announcement of Inspection Results for 2019, SECM ကြော်ငြာချက် ၅/၂၀၂၀၊ ၂၀၂၀ ခုနှစ်၊ မေလ ၁၈ ရက်။

မြန်မာနိုင်ငံအရင်းအနှီးဈေးကွက်များကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစိုးရသည် အသေးစား နှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ စာရင်းသွင်း၍ အစုရှယ်ယာ အရင်းအနှီးများရရှိနိုင်ရန် ဒုတိယဆင့်စာရင်းသွင်းခြင်း လုပ်ထုံးလုပ်နည်းကို စတင်ရန် အားပေးနေသည် (မြန်မာစီးပွားရေးနာလန်ထူရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP) မူကြမ်း၏ လုပ်ငန်းအစီအစဉ် ၆.၄) ။ စက်တင်ဘာလ ၂၈ ရက်နေ့တွင် သမ္မတ၊ စီမံကိန်းဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MoPFI) နှင့် SECM တို့၏ခွင့်ပြုချက်ဖြင့် YSX သည် စာရင်းမသွင်းထားသော ကုမ္ပဏီများအတွက် ဒုတိယအဆင့် 'Pre–Listing Board (PLB)' အားစတင်မည်ဟု ကြေညာချက် ထုတ်ပြန်ခဲ့သည်။[194] ၂၀၂၀ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် YSX သည် Securities Registration Business Regulations နှင့် Business Operation Manual for the PLB ကိုထုတ်ပြန်ခဲ့သည်။[195]

IFRS / MFRS နှင့်အညီ ဘဏ္ဍာရေးစာရင်းရှင်းတမ်းကိုပြင်ဆင်ထား၍ စာရင်းစစ်ဆေးထားပြီး၊ အခွန်ပေး ဆောင်ထားပြီးဖြစ်သည့် အစုရှယ်ယာရှင် ၁၀၀ ကျော်ရှိသည့် စာရင်းမသွင်းထားသောအများပိုင်ကုမ္ပဏီများသည် SECM ၏စည်းမျဉ်းများ နှင့် AML/CFT စည်းမျဉ်းများကို လိုက်နာရန်လိုအပ်သည်။ ၎င်းတို့၏ အစုရှယ်ယာ လက်မှတ်များသည် အီလက်ထရောနစ် ပုံစံရှိပါက PLB တွင်မှတ်ပုံတင်နိုင်သည်။ ယင်းကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံခန့်ခွဲမှုနှင့် ပွင့်လင်းမြင်သာမှုနှင့် သတင်းထုတ်ပြန်မှုစနစ်များ ပိုမိုကောင်းမွန်လာစေရန်အတွက် ရန်ကုန်စတော့အိပ်ချိန်းမှ လေ့ကျင့်ပျိုးထောင်ပေးမည်ဖြစ်ပြီး ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်လာနိုင်ရန် ရည်ရွယ်ပါသည်။ လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် လိုအပ်ပါသည်။ ပွင့်သစ်စတွင် လက်ရှိအများနှင့်သက်ဆိုင်သော ကုမ္ပဏီများအားလုံး၏ ရမှတ်များမှာ ပျမ်းမျှအားဖြင့် နိမ့်ကျစွာ ရရှိနေသောကြောင့်ဖြစ်သည် (အထက်တွင်ကြည့်ပါ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီနှင့်ဇယားကွက် ၈) ထိုထဲမှ ကုမ္ပဏီအချို့သည် စတော့အိပ်ချိန်းတွင် စာရင်းသွင်း မည်မဟုတ်သော်လည်း၊ အခြားသော မိသားစုပိုင် ကုမ္ပဏီများသည် အများပြည်သူနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်ရန်နှင့် နောက်ဆုံးတွင်စာရင်းသွင်းရန်ဖြစ်သည်။

PLB မှတ်ပုံတင်ထားသော အများပိုင်ကုမ္ပဏီများသည် ရန်ပုံငွေများကို ယခုထက်လွယ်ကူစွာ ရရှိရန် YSX မှလုပ်ဆောင်သွားမည်ဖြစ်သည် ။ SECM ကြီးကြပ်မှုဖြင့် ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်သည့် ကုမ္ပဏီများမှတဆင့် ၎င်းတို့သည်ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နိုင်မည်ဖြစ်သည်။ မှတ်ပုံတင်ထားသော ကုမ္ပဏီများသည် စာရင်းသွင်းထားသောကုမ္ပဏီများကဲ့သို့ ဝင်ငွေခွန်သက်သာခွင့် (၂၅% အစား ၂၀%) ခံစားခွင့်ရနိုင်မည်ဟု YSX ကအရိပ်အမြွက်ပြောကြားထားသော်လည်း မြန်မာနိုင်ငံ၏ ဘတ်ဂျက်လိုငွေမှာကြီးထွားနေသောကြောင့် မေးခွန်းထုတ်စရာဖြစ်သည်။ မြန်မာစီးပွားရေးနာလန်ထူရေးနှင့် ပြုပြင်ပြောင်းလဲရေး စီမံချက် (MERRP) မူကြမ်း၏ လုပ်ငန်းစဉ် ၆.၅ သည် YSX တွင် ပထမအဆင့် သို့မဟုတ် ဒုတိယအဆင့် စာရင်းသွင်းထားသည့် ကုမ္ပဏီများသည် ငွေတိုက်စာချုပ်များ ထုတ်လုပ်ရောင်းချနိုင်ရန်လည်း ခွင့်ပြုထားသည်။

၂၀၁၉ ခုနှစ် မတ်လတွင် ပထမအကြိမ်၊ ၂၀၂၀ ဧပြီလတွင် ဒုတိယအကြိမ် YSX မှ ရန်ကုန်စတော့အိပ်ချိန်း စာရင်းဝင်ကုမ္ပဏီဆုနှင့် ငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီဆုကို ချီးမြှင့်ခဲ့ပါသည်။[196] အမျိုးအစားများမှာ သတင်းထုတ်ပြန်မှုအလေ့အကျင့်၊ ရင်းနှီးမြှုပ်နှံမှုပြန်လည်ရရှိမှု အကောင်းဆုံး၊ အစုရှယ်ယာဈေးနှုန်း အကောင်းဆုံးနှင့် အမြတ်ဝေစုခွဲဝေပေးမှု အကောင်းဆုံးတို့ဖြစ်သည်။ နှစ်နှစ်စလုံးတွင် FMI သည် သတင်းထုတ်ပြန်မှုစနစ် အကောင်းဆုံးဆုကို ရရှိပါသည်။ ယင်းမှာ ပွင့်သစ်စ၏ပွင့်လင်းမြင်သာမှုအရှိဆုံးသောကုမ္ပဏီစာရင်း

194 ysx-mm.com/wp-content/uploads/2020/09/Press-Release-for-PLB_ENG.pdf and ysx-mm.com/pre-listing-board/about-plb/

195 ysx-mm.com/notice/notice-02102020_01/

196 ysx-mm.com/news_release/news-07042020_01/

(၂၀၂၀ ခုနှစ်တွင် အဆင့် ၅။ ၂၀၁၉ ခုနှစ်တွင် အဆင့် ၂) နှင့်လည်း ကိုက်ညီမှုရှိကြောင်းကို ထင်ဟပ်စေသည်။

YSX သည် ငွေချေးသက်သေခံလတ်မှတ်ရောင်းဝယ်သည့် ကုမ္ပဏီများအတွက် – Under-writing and Share–trading အများဆုံးပြုလုပ်ခြင်း၊ ငွေချေးသက်သေခံအကောင့်အများဆုံးနှင့် စီးပွားဖြစ်ရောင်းဝယ်မှုအများဆုံးဆု တို့ကိုလည်း ချီးမြှင့်ခဲ့ပါသည်။ ၁၉၉၆ ခုနှစ်မှစတင်၍ မြန်မာ့စီးပွားရေးဘဏ်နှင့် Daiwa Securities တို့မှ စီးပွားရေးဖက်စပ်လုပ်ကိုင် နေသည့် Myanmar Securities Exchange Center သည် ဆု ၃ ဆုလုံးကို ၂၀၂၀ ခုနှစ်တွင် ရရှိပါသည်။ Daiwa Securities သည် YSX နှင့်လည်း စီးပွားရေး ဖက်စပ်လုပ်ကိုင်နေပါသည်။ ၂၀၁၉ ခုနှစ်တွင် uab Securities ၏ ငွေချေးသက်သေခံစာရင်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ၎င်း၏ စွမ်းဆောင်ရည်ကိုအသိအမှတ်ပြုအနေဖြင့် အထူးဆုအား ၂၀၂၀ ခုနှစ်တွင် ဆုချီးမြှင့်ခဲ့သည်။

အခြားသော စတော့အိတ်ချိန်းများနှင့်မတူဘဲ YSX ဆုများသည် ရေရှည်တည်တံ့မှု သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အမှုဆောင်အရာရှိချုပ်၏ စွမ်းဆောင်ရည်ကို အသိမှတ်ပြုခြင်းထက် ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုများကို အသိမှတ်ပြုရန် ဒီဇိုင်းရေးဆွဲထားပုံပေါ်ပါသည်။ စာရင်းသွင်းထားသည့် ကုမ္ပဏီ ၆ ခုသာရှိသောကြောင့် ယှဉ်ပြိုင်မှုနှင့် ၎င်းတို့၏တန်ဖိုးမှာ အကန့်အသတ်ရှိသည်။ YSX သည် ရေရှည်တည်တံ့ခိုင်မြဲမှု အစီရင်ခံခြင်းဆုအား စတင်မိတ်ဆက်သည့် အချိန်တွင်လည်း FMI ကပဲ ယင်းအမျိုးအစားတွင်ပါ အနိုင်ရရှိလိမ့်မည်ဟုယူဆရသည်။ FMI သည် ရေရှည်တည်တံ့ရေးမဟာဗျူဟာကို ထုတ်ဝေသည့် တစ်ခုတည်းသော စာရင်းဝင်ကုမ္ပဏီဖြစ်ပြီး ယင်းတို့၏ပထမဆုံးမဟာဗျူဟာကို YSX ၏စာမျက်နှာမှတစ်ဆင့် ၂၀၂၀ ဧပြီတွင် ထုတ်ပြန်ထားသည်။[197]

### ဖြစ်နိုင်ခြေရှိသည့် လူ့အခွင့်အရေး သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (HUMAN RIGHTS DUE DILIGENCE) များနှင့် ရေရှည် တည်တံ့ခိုင်မြဲမှုအတွက် အစီရင်ခံခြင်းတို့အတွက် လိုအပ်သည့် စည်းမျဉ်း သတ်မှတ်ချက်များ

စတော့အိတ်ချိန်းများမှ စတင်မိတ်ဆက်သည့် လိုအပ်ချက်များအပြင် နိုင်ငံတကာအစိုးရများအနေဖြင့် ကုမ္ပဏီများ၏ လူ့အခွင့်ရေးဆိုင်ရာချိုးဖောက်မှုများ ပါဝင်သည့် ဘဏ္ဍာရေးမဟုတ်သည့်အစီရင်ခံစာ (ဥပမာ ESG) များ ပိုမိုလိုအပ်လာသည်။ ဤကနဦးဆောင်ရွက်မှုများသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုနေသည့် ကုမ္ပဏီများ သို့မဟုတ် မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုကိုရယူသည့် ကုမ္ပဏီများနှင့် သက်ဆိုင်ပါသည်။ လူ့အခွင့်ရေးချိုးဖောက်မှုမရှိစေရန် လိုက်နာဆောင်ရွက်နေကြောင်းနှင့် ESG ကို စီမံခန့်ခွဲနေကြောင်း အများပြည်သူသိရှိအောင်ပြသနိုင်ပါက မြန်မာကုမ္ပဏီများသည် ထိုကိစ္စရပ်များနှင့် စပ်လျဉ်း၍ (မလိုက်နာပါက) တရားစီရင်ပိုင်ခွင့်ရှိသည့် နိုင်ငံများမှ စီးပွားဖက်များကို ဆွဲဆောင်ရာတွင်အားသာမှုရှိလိမ့်မည်။

ပွင့်သစ်စ ၂၀၂၀ တွင် အကဲဖြတ်ထားသည့် မြန်မာကုမ္ပဏီများသည် အနက် ၃၅ ခုတွင် လူ့အခွင့်အရေးဆိုင်ရာ မူဝါဒများရှိသည် (သို့မဟုတ်) မူဝါဒများတွင် လူ့အခွင့်အရေးနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များကို ဖော်ပြထားသည်ကို တွေ့ရှိရသည်။

### EUROPEAN UNION၏ ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်းဆိုင်ရာ သတ်မှတ်ချက်များ

#### ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်း

ဥရောပသမဂ္ဂဥပဒေအရ ကုမ္ပဏီကြီးများ (အချို့သည် မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်နေသည်) သည် တိကျသည့် ဘဏ္ဍာရေးမဟုတ်သော အချက်အလက်များကို ၂၀၁၈ ခုနှစ်မှ စတင်ပြီး နှစ်ပတ်လည်အစီရင်ခံစာတွင် ထည့်သွင်းထုတ်ပြန်ရမည်ဖြစ်သည်။[198] ထည့်သွင်းထုတ်ပြန်ရမည့် အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်သည်။

197 First Myanmar Investment Sustainability Strategy, April 2020

198 အချို့သော ကြီးမားသောဆောင်ရွက်ချက်များနှင့် အုပ်စုများ၏ ဘဏ္ဍာရေးမဟုတ်သောနှင့် မတူကွဲပြားမှုဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ဖော်ကြေညာခြင်းနှင့်စပ်လျဉ်းသည့် ၂၀၁၃/၃၄/EU ကို ပြုပြင်မွမ်းမံထားသည့် EU ညွှန်ကြားချက်အမှတ် ၂၀၁၄/၉၅/EU ၊ EUR–LEx ၂၂ ရက်၊ အောက်တိုဘာလ ၂၀၁၄ ခုနှစ်.

- စီးပွားရေးလုပ်ငန်း၏ မူပုံစံကို အကျဉ်းချုပ်ဖော်ပြခြင်း။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးနှင့် ဝန်ထမ်းရေးရာ၊ လူ့အခွင့်အရေးဆိုင်ရာ လေးစားလိုက်နာခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်း၊ လာဘ်ပေး လာဘ်ယူမှုပပျောက်စေခြင်း၊ ဒါရိုက်တာအဖွဲ့တွင် ကျား၊ မ အချိုးညီစွာပါဝင်ခြင်း အစရှိသည်တို့နှင့်ပတ်သက်သည့် မူဝါဒများ၊ ဆုံးရှုံးနိုင်ခြေများ၊ ရလဒ်များအား ဖော်ပြခြင်း။
- အထက်ဖော်ပြပါ မူဝါဒများ၏ ရလဒ်များ။
- စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်မှုရှိသည့် ဘဏ္ဍာရေးမဟုတ်သော အဓိက စွမ်းဆောင်မှုညွှန်းကိန်းများ (KPIs)။

ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်း စည်းမျဉ်းများသည် ဝန်ထမ်းအရေအတွက် ၅၀၀ အထက်ရှိသော ပြည်သူများက စိတ်ဝင်စားမှုရှိသည့် ကုမ္ပဏီများအတွက်သာ အကျုံးဝင်ပြီး အဆိုပါအချက်များနှင့် ကိုက်ညီသည့် ကုမ္ပဏီများသည် ဥရောပသမဂ္ဂတစ်ဝှမ်းတွင် စုစုပေါင်း (၆၀၀၀) ခန့်သာရှိသည်။ ဥရောပသမဂ္ဂက ပိုမို သင့်တော်ပြီး ကုမ္ပဏီများအနေဖြင့် ထုတ်ဖော်ကြေညာမည့် အကြောင်းအရာများအနက် မည်သည့်အကြောင်းအရာသည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်ရှိပြီး နိုင်ငံတကာညွှန်ကြားချက် (သို့မဟုတ်) ဥရောပသမဂ္ဂ၏ ညွှန်ကြားချက် (သို့မဟုတ်) နိုင်ငံတွင်း အသုံးပြုနိုင်သည့် ညွှန်ကြားချက်များအရ ထုတ်ပြန်ချက်များကို ရေးသားနိုင်သည်။ ၂၀၂၀ တွင် ဥရောပသမဂ္ဂသည် ညွှန်ကြားချက်များကို သုံးသပ်ရန် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။[199]

## မတူကွဲပြားမှုများ

ကျား/မ တန်းတူညီမျှခွင့်အပါအဝင် မတူကွဲပြားမှုများကို လက်ခံခြင်း၊ အမြင်ဖွင့်ခြင်းနှင့် ယင်းတို့ကို အစီရင်ခံတို့ကို ဥရောပသမဂ္ဂ၏ ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်းများတွင် လိုအပ်သည်။ နော်ဝေးနှင့် ပြင်သစ်ကဲ့သို့သော နိုင်ငံမျိုးတွင် အမျိုးသမီးများ ကို ဘုတ်အဖွဲ့တွင် ကိုတာစနစ်ဖြင့် မဖြစ်မနေထည့်သွင်းပေးရသည်။[200]

အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ရမှတ်မှတ်တမ်းသည် ကုမ္ပဏီများရှိ ထိပ်တန်းအရာရှိများတွင် ကျား/မ တန်းတူညီမျှရှိမှုနှင့် ပတ်သက်ပြီး ဆွေးနွေးအကဲဖြတ်ထားခြင်းမရှိသော်လည်း Yever သည် ကုမ္ပဏီစစ်တမ်းများပြုစုရာတွင် အမျိုးသမီး ဒါရိုက်တာဘုတ်အဖွဲ့ဝင်များနှင့်ပတ်သက်သည့် အချက်အလက်များရှိလျှင် အဆိုပါအချက်များကို ကောက်ယူခဲ့သည်။ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များကို တရားဝင်ထုတ်ပြန်ထားသော ကုမ္ပဏီ (၅၇) ခု ရှိသည့်အနက် (၄၃) ခုတွင် တစ်ယောက် (သို့မဟုတ်) တစ်ယောက်ထက်ပိုသော အမျိုးသမီး ဘုတ်အဖွဲ့ဝင်များကို ရှိနေပြီး၊ ယေဘုယျအားဖြင့်ဘုတ်အဖွဲ့တစ်ဖွဲ့တွင် အမျိုးသမီး ၁.၈ ဦး ရာခိုင်နှုန်းအားဖြင့် ၂၁ ရာခိုင်နှုန်းခန်း ပါဝင်သည်။

ပွင့်သစ်စတွင်ကောက်ယူထားသောစာရင်းများအရ ကုမ္ပဏီ ၃၃ ခုသည် မတူကွဲပြားမှု သို့ ခွဲခြားဆက်ဆံမှုမရှိသည့် မူဝါဒများသို့ စာရွက်စာတမ်းဖြင့် ကတိပြုထားမှုများ (စံသတ်မှတ်ချက်-၉၆) ရှိသည်။ ထို့အပြင် ၉ ရာခိုင်နှုန်းသော ကုမ္ပဏီများသည် မတူကွဲပြားခြင်း၊ ကျားမရေးရာ တန်းတူညီမျှခြင်းနှင့် တန်းတူအခွင့်အရေးပေးထားသော လုပ်ငန်းခွင်ဖြစ်ကြောင်းများကို ဖော်ပြထားသည့် KPI များ ရှိသည်။

မြန်မာနိုင်ငံရှိ အမျိုးသမီးခေါင်းဆောင်များကို ပံ့ပိုးပေးလျက်ရန်အတွက် များပြားလှသော စီးပွားရေးလုပ်ငန်းများမှ ဦးစီးလုပ်ကိုင်သည့် ရှေ့ပြေးဆောင်ရွက်မှုများရှိသည်။ AusAid

199 Consultation (closed) on Non-financial reporting by large companies (updated rules), European Commission, 2020

200 ပြင်သစ်နိုင်ငံတွင် ဝန်ထမ်း ၅၀၀ နှင့် ဝင်ငွေယူရိုသန်း ၅၀ နှင့်အထက်ရှိသည့် ကုမ္ပဏီများတွင် အမျိုးသမီးဘုတ်အဖွဲ့ဝင်အနည်းဆုံး ၄၀ ရာခိုင်နှုန်း ထားရှိရသည်။

မှပံ့ပိုးမှုပေးထားသည့် စီးပွားရေးလုပ်ငန်းရှင်များ ကျား/မတန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း Business Coalition for Gender Equality (BCGE)[201] ကဲ့သို့သောဦးဆောင်လှုပ်ရှားမှုများ ရှိသည်။ BCGE အားစတင်တည်ထောင်သူများတွင် City Mart Holding Limited (CMHL)၊ KBZ ဘဏ်၊ KBZ MS၊ AYA ဘဏ်၊ FMI၊ Parami Energy နှင့် Shwe Taung Groupတို့ပါဝင်သည်။ အဖွဲ့ဝင်အဖြစ်လျှောက်ထားမှု တိုးပွားလျက်ရှိပြီး မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် မည့်သည့်စီးပွားရေး လုပ်ငန်း၊အဖွဲ့အစည်းမဆို ကျား/မ တန်းတူညီမျှရေး လုပ်ငန်းဆောင်ရွက်မှုများကိုလုပ်ဆောင်ရန် ကတိကဝတ်ပြုဆောင်ရွက်နိုင်ပါက အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်သည်။ ၂၀၂၀ ဖေဖော်ဝါရီတွင် MCRB သည် BCGE နှင့် နည်းဗျူဟာပူးပေါင်းဆောင်ရွက်မှု တည်ထောင်ခဲ့သည်။ Yever ကလည်း ပူးပေါင်းပါဝင်လာပါသည်။ အဖွဲ့အစည်းများအား လုပ်ငန်းခွင် EDGE အသိမှတ်ပြု လက်မှတ်ပေးအပ်ခြင်း အပါအဝင် လုပ်ငန်းခွင် ကျား/မတန်းတူညီမျှရေးဆိုင်ရာ ဆန်းစစ်မှုနှင့်သင်တန်းများပေးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်နေသောကြောင့် BCGE သည် ထူးချွန်သော စင်တာတစ်ခုအဖြစ် ရပ်တည်နေသည်။[202]

စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်နိုင်ရန် စွမ်းဆောင်ရည်မြှင့်ပေးသည့် အခြားအဖွဲ့အစည်းများမှာ မကြာသေးမီက ဖွဲ့စည်းထားသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်၊[203] မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ ယူကေ Chamber of Commerce[204] မှ ငွေကြေးထောက်ပံ့ထားသည့် Professional Women' Net–work၊ မြန်မာဒါရိုက်တာများ အင်စတီကျု (MIoD) နှင့် Women Corporate Directors မြန်မာ တို့ဖြစ်သည်။ ဘုတ်အဖွဲ့နှင့် ကော်ပိုရိတ်ခေါင်းဆောင်မှုများတွင် ကျား/မတန်းတူညီမျှရေးကိုထောက်ခံရန် ‘ကျား/ မ တန်းတူညီမျှရေးအတွက် နှိုးဆော်ခေါင်းလောင်းတီးခြင်း’ (Ring the Bell) ပွဲအား IFC၊ YSX၊ SECM တို့အတူပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့တွင် စတော့အိတ်ချိန်း၌ နှစ်စဉ်ကျင်းပသည်။ IFC သည် အမျိုးသမီးများအနေနှင့် ကော်ပိုရိတ် ခေါင်းဆောင်များ ဖြစ်လာစေရန် ပံ့ပိုးပေးသော ‘Igniting Change’ အစီအစဉ်ကို မြန်မာဒါရိုက်တာများ အင်စတီကျု (MIoD) အပါအဝင် အခြားသော အဖွဲ့များနှင့် လုပ်ဆောင်နေသည်။

အခြားသောလူနည်းစုအုပ်စုများအတွက် တန်းတူညီမျှမှုကိုမြှင့်တင်ရန် MCRB သည် မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဆိုင်ရာ မြန်မာနိုင်ငံရှိလုပ်ရှင်များအတွက် လက်စွဲစာအုပ်ကို ထုတ်ဝေခဲ့ပြီး၊ ၎င်းသည် အစိုးရ၏ လုပ်ငန်းဆောင်ရွက်မ အစီစဉ်များကိုလည်း အထောက်အကူပြုခဲ့သည်။[205] MCRB သည် Colors Rainbow နှင့် မိတ်ဖက်ပြုလုပ်၍ လိင်တူချစ်သူများအပေါ် ရွံ့ရှာမုန်းတီးမှုအားဆန့်ကျင်သောနေ့ (IDAHOT)တွင် ကုမ္ပဏီများအား သက်တံ့ရောင်အလံအား လွှင့်တင်ရန်အားပေးခြင်းနှင့် ကုလသမဂ္ဂ၏ Standards for Con–duct for Business ကို အခြေခံ၍ရေးသားထားသော လုပ်ငန်းခွင်တွင် LGBT+ များ တန်းတူညီမျှမှု ခံစားရရှိရေး လမ်းညွှန်ကို ထုတ်ဝေခဲ့သည်။[206]

မဖြစ်မနေလုပ်ဆောင်ရမည့် လူ့အခွင့်အရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန်စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်း လုပ်ငန်း (due diligence) ဥရောပကော်မရှင်သည် 'ရေရှည်တည်တံ့သည့်ကော်ပိုရိတ်အုပ်ချုပ်မှု' နှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေး အကြံဉာဏ်တောင်းခံမှုများပြုလုပ်နေသည်။ ၎င်းတို့သည် မဖြစ်မနေလုပ်ဆောင်ရမည့် လူ့အခွင့်အရေး

201 www.mbcgea.com

202 edge-cert.org

203 www.myanwen.org

204 www.facebook.com/ProfessionalWomensNetworkMyanmar/

205 အလုပ်ခွင်၌ မသန်စွမ်းမှု တန်းတူညီမျှမှုကို မြှင့်တင်ရန် MCRB’s ၏ လုပ်ဆောင်ချက်မှုများကို ဤနေရာတွင် ရရှိသည်။

206 LGBT+ Equality In The Workplace: A Bilingual Resource For Employers, MCRB May 2020

ဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန်စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင် သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) (mHREDD) ဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ရန် ၂၀၂၁ ခုနှစ်တွင် အဆိုပြုလွှာတင်သွင်းသွားမည်ဟုမျှော်လင့်ရသည်။[207] mHREDD သည် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမူကို အခြေခံ၍ ကုမ္ပဏီများအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန်စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) လုပ်ဆောင်ရန်၊ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန်နှင့် ပြန်လည်ကုစားမှုပေးခြင်းတို့ လုပ်ဆောင်သင့်သည်ဟု ဖော်ပြထားသည်။

## နိုင်ငံအလိုက် လုပ်ဆောင်ရသည့် လိုအပ်ချက်များ

### ပြင်သစ်

၂၀၁၇ ခုနှစ်တွင် ပြင်သစ်နိုင်ငံက devoir de vigilance ဥပဒေ အား သတ်မှတ်ပြဋ္ဌာန်းလိုက်သည်။ ယင်းမှာ မိဘကုမ္ပဏီများနှင့်လက်အောက်ခံလုပ်ငန်းများ၏တာဝန်များကိုဖော်ပြထားပြီး ကုမ္ပဏီများအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန်စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) လုပ်ဆောင်ရန် ညွှန်ကြားထားသည်။

- ပြင်သစ်နိုင်ငံတွင် တိုက်ရိုက်ဖြစ်စေ၊ လုပ်ငန်းခွဲအဖြစ်သွယ်ဝိုက်အားဖြင့် ဖြစ်စေ မှတ်ပုံတင်ထားပြီး ဝန်ထမ်း အင်အား ၅၀၀ အထက်ရှိပါက
- ပြင်သစ်နိုင်ငံတွင် တိုက်ရိုက်ဖြစ်စေ၊ လုပ်ငန်းခွဲအဖြစ် သွယ်ဝိုက်အားဖြင့်ဖြစ်စေ မှတ်ပုံတင်ထားပြီး ဝန်ထမ်းအင်အား ၁၀၀၀ အထက်ရှိလျှင် နိုင်ငံတွင်းတွင်ဖြစ်စေ၊ နိုင်ငံပြင်ပတွင်ဖြစ်စေလုပ်ကိုင်ပါက –

ကုမ္ပဏီများသည် နှစ်စဉ်ထိန်းသိမ်းစောင့်ရှောက်မှု အစီရင်ခံစာကို တင်ပြရသည်။ ယင်းတွင် ကုမ္ပဏီများ၊ လုပ်ငန်းခွဲများ၊ ပစ္စည်းပေးသွင်းသူများ နှင့်တဆင့်ခံကန်ထရိုက်များ၏ လုပ်ငန်းဆောင်ရွက်မှုများကြောင့် လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များနှင့်ပတ်သက်ပြီးချိုးဖောက်မှုများ ဖြစ်နိုင်ချေအန္တရာယ်များကို မည်သို့တိုက်ဖျက်မည်၊ မည်သို့ကာကွယ်မည်၊ လူနှင့် ပတ်ဝန်းကျင်အတွက် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ စသည်တို့ကို အသေးစိပ်အချက်များကို တင်ပြရသည်။[208]

### ဗြိတိန်နိုင်ငံ

ဗြိတိန်၏ ခေတ်သစ်ကျေးကျွန်ပြုမှု အက်ဥပဒေ ၂၀၁၅ အရ ကုမ္ပဏီများသည် ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးမှုဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာများပြုလုပ်ရန် လိုအပ်ပြီး အစီရင်ခံစာတွင် မိမိကုမ္ပဏီနှင့် ကုန်စည်စီးဆင်းမှု ကွင်းဆက်တစ်လျှောက်လုံး (supply chain) တွင် ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးမှုများမရှိစေရန် ကုမ္ပဏီက မည်သို့ ဆောင်ရွက်လျက်ရှိကြောင်း အဆင့်ဆင့်လုပ်ဆောင်ချက်များ ဖော်ပြရမည်ဖြစ်သည်။[209] ဥပမာအားဖြင့် အကြွေးကြောင့် ကျေးကျွန်ပြုခံရခြင်း၊ အလုပ်သမားများ၏ မှတ်ပုံတင် အထောက်အထားများကို အလုပ်ရှင်မှ သိမ်းယူထားခြင်းများကို ဖြစ်ပေါ်စေနိုင်သည့် အလုပ်သမားပွဲစားခများ ပေးဆောင်ရခြင်း ရှိ၊ မရှိဟူသော အချက်မျိုးလည်း ပါဝင်နိုင်သည်။

207 European Commission ၏ Consultation on Sustainable Corporate Governance ၈ ရက်၊ ဖေဖော်ဝါရီလ ၂၀၂၁ ခုနှစ် အထိ ဖွင့်လှစ်သည်။

208 French Duty of Vigilance Law takes trend towards mandated corporate disclosure regimes to a new level, Freshfields, 8 April 2017

209 UK Modern Slavery Act, 2015

## နယ်သာလန်နိုင်ငံ

နယ်သာလန်နိုင်ငံသည် ကလေးသူငယ်အလုပ်သမားဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) ဥပဒေ ကို ၂၀၁၉ ခုနှစ်တွင်စတင်ပြဋ္ဌာန်းခဲ့ပြီး၊ ၂၀၂၂ ခုနှစ် အလယ်ပိုင်းလောက်တွင် စတင်အသက်ဝင် မည်။ ၎င်းသည်ကုမ္ပဏီများအနေဖြင့် ကလေးအလုပ်သမားမှ ၎င်းတို့၏ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်းရှိ၊ မရှိကိုစုံစမ်းရန်နှင့် အကယ်၍ ထောက်ပံ့ရေးကွင်းဆက်များတွင် ကလေးသူငယ်များအား တွေ့ရှိပါက တားဆီးကာကွယ်ရန် အစီအစဉ်တစ်ခုကို လုပ်ဆောင်ရန်တာဝန်ရှိသည်။[210] လေးစားလိုက်နာမှု မရှိပါက ပြင်းထန်သည့်ဒဏ်ငွေများနှင့် ပြစ်မှုဆိုင်ရာ အရေးယူမှုများရှိသည်။ ထိုဥပဒေတွင် အစီရင်ခံစာများ တင်ပြရန်လည်း တာဝန်ရှိသည်။

## ဆွစ်ဇာလန်နိုင်ငံ

ဆွစ်ကုမ္ပဏီများအနေဖြင့် မိမိတို့၏ လုပ်ငန်းလည်ပတ်ရာတွင်သာမက လက်အောက်ခံကုမ္ပဏီများ၊ ကုန်ပစ္စည်း ပေးသွင်းသူများနှင့် စီးပွားရေးမိတ်ဖက်ပါတနာများ၏ လူ့အခွင့်အရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အလေ့အထများကို အကဲဖြတ်ပေးရန်အတွက် အဆိုပြုလွှာများတင်သွင်းထားသည်မှာ ကြာမြင့်နေသည့်ဖြစ်သည့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ကနဦးဆောင်ရွက်မှု (Responsible Business Initiative)ဖြစ်ပြီး ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ဆန္ဒခံယူပွဲ (referedum) တွင် ရှုံးနိမ့်ခဲ့သည်။[211] အငြင်းပွားဖွယ်ရာတစ်ခုမှာ ဆွစ်ကုမ္ပဏီများသည် ဆွစ်တရားရုံးများတွင် လက်အောက်ခံ ကုမ္ပဏီများနှင့် ကုန်ပစ္စည်းပေးသွင်းသူများက ချိုးဖောက်မှုများ ကျူးလွန်ခဲ့ပါက စီမံခန့်ခွဲသူများသည် ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) များကို သေချာစွာ လုပ်ဆောင်ထားခြင်းရှိသည်ဟု သက်သေမပြနိုင်ပါက ၎င်းတို့သည် ပြစ်ဒဏ်ပေးခံရမည်။ ထို့ကြောင့် ဆွစ်ကုမ္ပဏီများသည် ကလေးအလုပ်သမားနှင့် တွင်းထွက်ပစ္စည်းပဋိပက္ခများကို အထူးအလေးပေးထားသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာပြုလုပ်ရန် ပိုမိုလိုအပ်သည်။

## အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

နိုင်ငံတကာအဆင့်တွင် ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ၏အစိတ်အပိုင်းတစ်ခုအနေဖြင့် အစု ရှယ်ယာရှင်များနှင့် သာမက အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့်ပါ ချိတ်ဆက်ဆောင်ရွက်မှုများကို အလေးထားလုပ်ဆောင်နေသည်။ Blackrock မှ Larry Fink က “ကုမ္ပဏီများသည် ၎င်းတို့အနေဖြင့် ဘက်ပေါင်းစုံမှ အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများ၏ ရည်ရွယ်ချက်များနှင့် လိုအပ်ချက်များကို လက်ခံခြင်းမရှိဘဲ ရေရှည် အမြတ်အစွန်းမရရှိနိုင်ပါ၊ နောက်ဆုံးရည်ရွယ်ချက်မှာ ရေရှည်အကျိုးအမြတ်ရရှိရန် ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ သက်ဆိုင်သူများကို တုန့်ပြန်မှုမရှိခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲဆိုင်ရာ အန္တရာယ်များကို ကိုင်တွယ်မှုမရှိသော ကုမ္ပဏီများနှင့် နိုင်ငံများသည် ဈေးကွက်မှ ယုံကြည်မှုကင်းမဲ့လာခြင်းကြောင့် အရင်းအနှီးများ ပိုမိုကုန်ကျနိုင်သည်။ ၎င်း၏ဆန့်ကျင်ဖက်ဖြစ်သည့် ပွင့်လင်းမြင်သာမှုကို ထောက်ခံအားပေးခြင်းနှင့်သက်ဆိုင်သူများကို ပြန်လည်တုန့်ပြန်မှုရှိကြောင်းပြသသည့်ကုမ္ပဏီများနှင့် နိုင်ငံများက ပိုမိုအရည်အသွေး မြင့်မားသော၊ ပိုမိုစိတ်ရှည်

210 Mandatory human rights due diligence laws: the Netherlands led the way in addressing child labour and contemplates broader action, Allen and Overy, 2 September 2020

211 Switzerland: Responsible Business Initiative rejected at ballot box despite gaining 50.7% of popular vote, 29 November 2020 CNN

သောအရင်းအနှီးများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုထိရောက်စွာ ဆွဲဆောင်နိုင် လိမ့်မည်။" ဟုပြောကြားခဲ့သည်။

စားသုံးသူများ၊ ပစ္စည်းပေးသွင်းသူများ၊ ဝန်ထမ်းများ၊ အစုရှယ်ယာရှင်များနှင့် ဒေသခံလူမှုအသိုင်းအဝိုင်းများ အပါအဝင် ၎င်းတို့၏ အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများအားလုံး၏ အကျိုးစီးပွားကို ဖြည့်ဆည်းပေးသင့်သည်ဟူသော ချဉ်းကပ်ဆောင်ရွက်မှုကို 'အစုရှယ်ယာရှင်အရင်းရှင်စနစ်' ဟုခေါ်သည်။ ဤစနစ်အရ ကုမ္ပဏီ၏ ရည်ရွယ်ချက်မှာ အမြတ်အစွန်းကိုသာမကြည့်ဘဲ အခြားသောပတ်သက်ဆက်နွယ်သူအုပ်စုများနှင့် ပတ်သက်၍ ငွေကြေးအကုန်ကျခံခြင်းဖြင့် အစုရှယ်ယာရှင်များ၏တန်ဖိုးကိုမြှင့်တင်ပေးခြင်းဖြင့် ရေရှည်တန်ဖိုးကိုဖန်တီးရန်ဖြစ်သည်။ကမ္ဘာ့စီးပွားရေးဖိုရမ်၏အပြည်ပြည်ဆိုင်ရာစီးပွားရေးကောင်စီသည် ESG အစီရင်ခံခြင်းတွင် အသုံးပြုရန်အတွက် 'Stakeholder Capitalism Metrics' ကိုသတ်မှတ်နိုင်ရန် လုပ်ဆောင်နေသည်။[212] ယင်းမှာအယူအဆသစ်တော့ မဟုတ်ပေ။ ၂၀၁၅ G20/OECD ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အခြေခံမူများက ဆိုထားသည်မှာ "ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာမူဘောင် သတ်မှတ်ရာတွင် ဥပဒေပါ (သို့မဟုတ်) နှစ်ဦးနှစ်ဖက်သဘောတူညီမှုများအရ အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများ၏ အခွင့်အရေးများအား အသိအမှတ်ပြုထည့်သွင်းသင့်ပြီး၊ ကော်ပိုရေးရှင်းများနှင့် အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများ၏ ပူးပေါင်းလုပ်ဆောင်မှု နယ်ပယ်များဖြစ်သော ဓနဥစ္စာဖန်တီးခြင်း၊ အလုပ်အကိုင်ဖန်တီးခြင်းနှင့် ငွေကြေးတောင့်တင်းခိုင်မာသော စီးပွားရေး လုပ်ငန်းများ၏ ရေရှည်တည်တံ့ခိုင်မြဲမှုစသည့်ကိစ္စရပ်များတွင် တက်ကြွစွာပူးပေါင်းလုပ်ကိုင်ရန် တိုက်တွန်း အားပေးသင့်သည်"ဟု ဖော်ပြထားသည်။

ထိုပြောင်းလဲမှုအား ဩစတေးလျ၊ တောင်အာဖရိက၊ ယူကေ[213] မလေးရှားနှင့် စင်ကာပူနိုင်ငံတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ကျင့်ဝတ်စာတမ်းများတွင် အသိအမှတ်ပြု ထည့်သွင်းထားသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သော စင်ကာပူနိုင်ငံ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ကျင့်ဝတ်စာတမ်းရှိ အခြေခံမူ (၁၃) တွင် 'ဘုတ်အဖွဲ့သည် အဓိကအကျိုးသက်ဆိုင်သူများ၏ လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများကို ညီမျှစွာထည့်သွင်း စဉ်းစားထားသော နည်းလမ်းတစ်ရပ်ကို တာဝန်ဝတ္တရားနှင့်အညီ သတ်မှတ်ကာကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးရလာဒ်များဖြစ်ပေါ်လာစေရန် ဆောင်ရွက်သင့်သည်'ဟူ၍ဖော်ပြထားသည်။[214] ထို့အပြင် ကုမ္ပဏီများအတွက် စည်းမျဉ်းများကို လိုက်နာကျင့်သုံးရမည်၊ မကျင့်သုံးလျှင် အဘယ်ကြောင့်ဟူ၍ ရှင်းပြရမည်ဆိုသည့် "comply or explain" မျှော်မှန်းချက်များကိုလည်း နောက်ဆက်တွဲ ပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားပါသည်။ ယင်းတို့မှာ –

- အဓိက အကျိုးစီးပွား ပတ်သက်ဆက်နွယ်သူများ အဖွဲ့များကို သတ်မှတ်ဖော်ထုတ်ရန်နှင့် ထိုအဖွဲ့များနှင့် ဆက်ဆံမှုကောင်းမွန်ရေးအတွက် စီမံဆောင်ရွက်မှုများထားရှိခြင်း။
- အစီရင်ခံစာတင်ပြနေသည့်ကာလအတွင်းအကျိုးစီးပွားပတ်သက်ဆက်နွယ်သများနှင့် ဆက်ဆံ ရေးတွင် အဓိကထားဆောင်ရွက်သွားမည့် နယ်ပယ်နှင့်၎င်းတို့၏နည်းဗျူဟာတို့ကို နှစ်ပတ်လည် အစီရင်ခံစာတွင် ထုတ်ပြန်ခြင်း။
- အကျိုးစီးပွား ပတ်သက်ဆက်နွယ်သူများအား ဆက်သွယ်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန်လတ်တလောအကြောင်းအရာများပါအချိန်နှင့်တစ်ပြေးညီ တင်ပြထားသည့် ကော်ပိုရိတ် ဝက်(ဘ်)ဆိုဒ်ကို ထိန်းသိမ်းထားရှိခြင်း။

212 Measuring Stakeholder Capitalism: Towards Common Metrics and Consistent Reporting of Sustainable Value Creation, World Economic Forum, 22 September 2020

213 UK Corporate Governance Code, ၂၀၁၈

214 Singapore Corporate Governance Code, Principle 13, eGuide

ဤလိုအပ်ချက်များသည် ပွင့်သစ်စ အစီရင်ခံစာ၏ ရည်မှန်းချက်များနှင့်လည်း ကိုက်ညီမှု ရှိပါသည်။ ထို့အပြင် မြန်မာ့ထိပ်တန်းကုမ္ပဏီကြီးများသည် စေ့စပ်ဆွေးနွေးခြင်းများ ဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိကြကြောင်းကို ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအပါအဝင် ပွင့်သစ်စလုပ်ငန်းစဉ်များက ဖော်ပြနေသည်။

မြန်မာနိုင်ငံတွင်လည်း ကုမ္ပဏီများအတွက် အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဆိုင်ရာ အခွင့်အလမ်းများလည်း 'နည်းဥပဒေများနှင့် နှစ်ဦးနှစ်ဖက် သဘောတူညီချက်များ'အရ သိသိသာသာ မြင့်တက်လာကြောင်း တွေ့ရှိရသည်။ 'နည်းဥပဒေ'ဆိုရာ၌ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) အား ဆောင်ရွက်ရာတွင် အများပြည်သူကိုယ်တိုင်ပါဝင်ခြင်း (ဆွေးနွေးအကြံပြုချက်ရယူခြင်း၊ အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာခြင်း) ကို မဖြစ်မနေ လုပ်ဆောင်ရမည့် ပြဋ္ဌာန်းချက်များ ပါဝင်ပြီး ယင်းတို့ကိုလည်း မူကြမ်းအဖြစ် ရေးဆွဲချမှတ်ပြီးဖြစ်သည်။ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်များ (ECC) ထုတ်ပြန်ရာတွင် EIA လုပ်ငန်းစဉ်မှ သိရှိလာသော နစ်နာမှုများအတွက် ပြန်လည်ကုစားမှုများကို မဖြစ်မနေဆောင်ရွက်ပေးရမည့်ဥပဒေရေးရာ သတ်မှတ်ချက်များအား ထည့်သွင်းခြင်းလည်း ပါဝင်သည်။[215]

ဤအစီရင်ခံစာအတွက် အကဲဖြတ်ထားသည့် ကုမ္ပဏီများထဲမှ ကုမ္ပဏီ (၁၂) ခုသည် အကျိုးသက်ဆိုင်သူများကို ရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းစဉ်နှင့် ၎င်းအကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့် စေ့စပ်ဆွေးနွေးခြင်းဆိုင်ရာ ကတိကဝတ်များကို ဆောင်ရွက်ထားကြောင်း တွေ့ရှိရသည်။ ကုမ္ပဏီ (၇) ခုသည် ပိုင်ဆိုင်မှုပစ္စည်းများဆိုင်ရာ လေ့လာဆန်းစစ်မှုများ (material analysis)အား ဆောင်ရွက်ထားကြောင်း သိရှိရပါသည် (၂၀၁၉ခုနှစ်တွင် ၄ခုသာ တွေ့ရှိခဲ့ပါသည်။) ကုမ္ပဏီအချို့မှာလည်း ပြင်ပအကျိုးသက်ဆိုင်သူများဖြစ်သော မီဒီယာများ၊ ဒေသခံလူထုများ၊ အစိုးရအဖွဲ့များနှင့် စေ့စပ်ဆွေးနွေးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် သီးသန့်အဖွဲ့များ ဖွဲ့စည်းထားသည်။ ဤသို့ လုပ်ဆောင်မှုမျိုးကို လက်ခံကြိုဆိုရမည်ဖြစ်ပြီး အကြောင်းရင်းမှာ အရက်ဖက်လူ့အဖွဲ့အစည်းများမှ MCRB သို့ ပြောကြားချက်များအရ (အထူးသဖြင့် အစိုးရနှင့် တွဲဖက်လုပ်ကိုင်သည့် လုပ်ငန်းများတွင်) ကုမ္ပဏီများသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးအတွက် လုပ်ဆောင်ရာတွင် စိန်ခေါ်မှု အများအပြားရှိသည့် အနက် နစ်နာမှုကိုလက်ခံပြီး ကိုင်တွယ်ဖြေရှင်းရန်နှင့် အကျိုးသက်ဆိုင်သူများနှင့် စေ့စပ်ဆွေးနွေးခြင်းတို့ကို လိုလိုလားလားဖြင့် လုပ်ဆောင်ရန် ဆန္ဒရှိသည့် ကုမ္ပဏီဝန်ထမ်းများကို ရှာဖွေတွေ့ရှိနိုင်ရေးကလည်း တစ်ခုအပါအဝင် ဖြစ်သည်။

## ကော်ပိုရိတ်လူမှုရေးဆိုင်ရာ တာဝန်ယူမှု' (CSR) နှင့် "ပရဟိတဆောင်ရွက်ခြင်း

မြန်မာကုမ္ပဏီများအပြင် အစိုးရအရာရှိများနှင့် ရပ်ရွာပြည်သူလူထုများအနေဖြင့် "တာဝန်ယူမှုရှိသောစီးပွားရေး လုပ်ငန်းများဆောင်ရွက်မှု (responsible business conduct)"၊ "ကုမ္ပဏီ၏ ဥပဒေအရတရားဝင် လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများ"၊ "ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း"၊ "CSR" နှင့် "ပရဟိတဆောင်ရွက်ခြင်း" တို့အကြား ခွဲခြားရန် အခက်အခဲဖြစ်နေသည်။ ဤရှုပ်ထွေးမှုများမှာ မြန်မာနိုင်ငံတစ်ခုထဲတွင်သာ ဖြစ်နေသော ပြဿနာများ မဟုတ်ပါ။ ၎င်းသည် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်းတွင် 'ကော်ပိုရိတ်လူမှုရေးဆိုင်ရာ တာဝန်ယူမှု' (CSR) နှင့် စပ်လျဉ်း၍ ဆင့်ကဲပြောင်းလဲလာမှုနှင့် နားလည်မှုတို့ကို ထင်ဟပ်စေသည်။

OECD ၏ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မူဝါဒလေ့လာသုံးသပ်ချက်[216] (ဒုတိယအကြိမ်)၏ အခန်း (၄) တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုကို မြှင့်တင်ခြင်းနှင့် လုပ်သာကိုင်သာရှိအောင် ဆောင်ရွက်ခြင်း (RBC) အခန်းတွင် ဖော်ပြထားသည်။


215 မြန်မာနိုင်ငံ၏ EIA လုပ်ငန်းစဉ်များ၌ အများပြည်သူမှ ပူးပေါင်းပါဝင်မှုဆိုင်ရာ လမ်းညွှန်မှုကြမ်း၊ ၃၁ ရက်၊ မေလ ၂၀၁၇ ခုနှစ်။
216 OECD, November 2020

RBC ဆိုသည်မှာ ထောက်ပံ့မှုကွင်းဆက်နှင့် စီးပွားရေးလုပ်ငန်းများ၏ ပတ်သက်ဆက်နွယ်မှု အပါအဝင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များကိုပါ စီးပွားရေးလုပ်ငန်း လုပ်ဆောင်ချက်တိုင်းတွင် ပေါင်းစပ်၍ ထည့်သွင်းစဉ်းစားခြင်းဖြစ်သည်။ စီးပွားရေး လုပ်ငန်းများ၊ အစိုးရများနှင့် ပါဝင်ပတ်သက်သူများသည် ပြီးခဲ့သည့်နှစ်များအတွင်း စီးပွား ရေးလုပ်ငန်းများနှင့် လူမှုအဖွဲ့အစည်းများအကြား ပတ်သက်ဆက်နွယ်မှုတွင် အသုံးပြုလေ့ ရှိသည့် ဝေါဟာရဖြစ်သော လူမှုရေးဆိုင်ရာတာဝန်ရှိမှု (CSR) ကို ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်သည်။ အဆိုပါနှစ်များအတွင်း CSR ကို RBC နှင့် စီးပွားရေးနှင့် လူ့အခွင့်အရေး (BHR) တို့နှင့်အတူ ပိုမိုအသုံးများလာခဲ့ပြီး တစ်ခါတစ်ရံ အဆိုပါဝေါဟာရ အသုံးအနှုန်းများကို အပြန်အလှန်ဖလှယ်၍ အသုံးပြုလာကြသည် (ဥပမာ ဥရောပသမဂ္ဂ) အဆိုပါ အယူအဆ အားလုံးသည် စီးပွားရေးလုပ်ငန်းများမှ လူများ၊ ကမ္ဘာမြေကြီးနှင့် လူမှုအဖွဲ့အစည်းအပေါ် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုနှင့် ထောက်ပံ့မှုကွင်းဆက်တိုင်း၏ သက်ရောက်မှု အတိုင်း အတာကို တစ်စိတ်တစ်ဒေသမဟုတ်ပဲ ၎င်းတို့၏ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုလုံးတွင် ပါဝင်သည့် အစိတ်အပိုင်းအဖြစ် ထည့်သွင်းစဉ်းစားနိုင်မည့် မျှော်မှန်းချက်ကို ထင်ဟပ်စေ သည်။ ထို့ကြောင့် CSR ၊ RBC နှင့် BHR တို့၏ အဓိက သွင်ပြင်လက္ခဏာမှာ စီးပွားရေး လုပ်ငန်းများသည် ပြည်တွင်းဥပဒေများကို လိုက်နာဆောင်ရွက်ရုံသာမက ၎င်းတို့၏ လုပ် ဆောင်ချက်များနှင့် ၎င်းတို့နှင့်ဆက်နွယ်နေသည့် ထောက်ပံ့သူများ၊ တွဲဖက် လုပ်ကိုင်သူများမှ ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးသက်ရောက်မှုများကို စီမံခန့်ခွဲခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုကို ဦးတည်လုပ်ဆောင်နေသည့် ကော်ပိုရိတ်အပြုမူ (Corporate Conduct) ကိုရည်ညွှန်းခြင်း ဖြစ်သည်။ အဆိုပါအယူအဆများသည် လူမှုအကျိုးပြု ပရဟိတလုပ်ငန်း များနှင့် အလားတူပင်ဖြစ်သည်ဟု မယူဆသင့်ပါ။

MCRB သည် တာဝန်ရှိသောစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ သင်တန်းများပေး သည့်အခါတိုင်း 'CSR' ဟုခေါ်ဆိုနိုင်သည့် လုပ်ငန်းဆောင်ရွက်မှုများ (ပုံ ၃ ကိုကြည့်ပါ) ကို ကြိုးစားရှင်းပြလေ့ရှိသည်။ MCRB သည် စီးပွားရေးလုပ်ငန်းများအား ဥပဒေအရလေးစားလို က်နာမှုကိုအလေးပေးဆောင်ရွက်၍ လူ့အခွင့်အရေးဆိုင်ရာ ဖြစ်နိုင်ချေရှိသည့် သက်ရောက်မှု များအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence)နှင့် ထိခိုက်မှုမရှိရန် (do no harm) လုပ် ဆောင်ပြီးနောက် စီးပွားရေးလုပ်ငန်းများအနေဖြင့် အကျိုးအမြတ်ဝေမျှခြင်း(CSV)၊ ရေရှည် တည်တံ့ ခိုင်မြဲခြင်းနှင့် လူများအားလုံးပါဝင်နိုင်အောင် မည်သို့လုပ်ဆောင်မည်ကို စဉ်းစားရန် တိုက်တွန်းသည်။ CSV နှင့် ရေရှည်တည်တံ့ ခိုင်မြဲခြင်းသည် စီးပွားရေးဆိုင်ရာမဟာဗျူဟာနှင့် ပိုမိုဆက်နွယ်သည် ထို့ကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်သည့်အချိန်တွင် ပရဟိတ လုပ်ဆောင်မှုများတွင် အသုံးပြုသည့် ဘတ်ဂျက်များကို လျှော့ချ၍ ၎င်းတို့ကို ပိုမိုလုပ်ဆောင် ရန်လိုအပ်သည်။ ယေဘုယျအားဖြင့် ၎င်းတို့သည် အခြားသူများအား ငွေကြေးထောက်ပံ့ ခြင်းထက် ကုမ္ပဏီလုပ်ငန်း ဆောင်ရွက်မှုများမှတစ်ဆင့် လုပ်ဆောင်ခြင်းဖြစ်သောကြောင့် အဂတိလိုက်စားမှု ဖြစ်နိုင်ချေနည်းသည်။ ဤလုပ်ဆောင်မှုများအားလုံးသည် ကုမ္ပဏီတစ်ခု ၏ ဝင်ငွေနှင့် “လုပ်ငန်းလည်ပတ်ရန်အတွက် လူမှုအသိုင်းအဝိုင်းများမှ ခွင့်ပြုချက်” ကို ရရှိနိုင်ရန် အထောက်အကူပြုသည်။ မြန်မာနိုင်ငံရှိ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများသည် ဤချဉ်းကပ်မှုနှင့် ပိုမိုကိုက်ညီအောင် လုပ်ဆောင်နေသည်။[217]

217 ဥပမာအားဖြင့် EuroCham ၏ ‘CSR Advocacy Group’ မှ ထွက်ပေါ်လာသည့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ကနဦးဆောင်ရွက်များ။

## ပုံ – ၃ ။
## MCRB ၏ Spectrum of Corporate (Social) Responsibility သို့မဟုတ် တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်းဆိုင်ရာ အလေ့အကျင့်




မြန်မာကုမ္ပဏီကြီး အများအပြားသည် ၎င်းတို့အနေနှင့် အလှူဒါနများပြုလုပ်နိုင်မည့် 'ဖောင်ဒေးရှင်း'များကို ဖွဲ့စည်းထားရှိကြသည်။ သို့ရာတွင် အဆိုပါဖောင်ဒေးရှင်းများ၏ ဥပဒေနှင့်အညီ ဆောင်ရွက်မှုရှိမရှိနှင့် ပေးဆောင်ခြင်း ရှိမရှိနှင့် အလှူဒါန စသည်တို့နှင့်ပတ်သက်သည့် အချက်အလက်များသည် ၎င်းတို့၏ စီမံအုပ်ချုပ်မှုစနစ် ကဲ့သို့ပင် သဲကွဲမှုမရှိလှပေ။ ဖောင်ဒေးရှင်းများကို လုပ်ဆောင်ခြင်းသည် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကိုချိုးဖောက်ရန် အသုံးပြုသည့် နည်းလမ်းတစ်ရပ် ဖြစ်နေတတ်သည်။

သို့သော်လည်း မြန်မာကုမ္ပဏီများစွာသည် ပရဟိတလုပ်ငန်းကိုသာ ယခုချိန်ထိအာရုံစိုက်နေကြသည်။ ကုမ္ပဏီကြီးအချို့သည် ၎င်းတို့အနေနှင့် အလှူဒါနများပြုလုပ်နိုင်မည့် 'ဖောင်ဒေးရှင်း'များကို ဖွဲ့စည်းထားရှိကြ သည်။ ဤ 'ဖောင်ဒေးရှင်းများ' အများးစု သည် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ သို့မဟုတ် အခြားသက်ဆိုင်သည့် ဥပဒေများနှင့်အရ ဖွဲ့စည်းထားခြင်း မဟုတ်သောကြောင့် စီမံအုပ်ချုပ်မှုစနစ်မှာ မကောင်းပါ။ ထို့ကြောင့် ၎င်းတို့ ပေးဆောင်ရမည့် အခွန်များ ပေးဆောင်ခြင်း ရှိမရှိနှင့် အလှူဒါန လုပ်ငန်းဆောင်ရွက်မှုတို့မှာ ရှင်းလင်းမှု မရှိပါ။[218]

၎င်းတို့တွင် ဖောင်ဒေးရှင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုမ္ပဏီများ သို့မဟုတ် ၎င်းတို့၏ ပိုင်ရှင်များသည် ဒေသခံအဖွဲ့အစည်းများနှင့် ကနဦးလုပ်ငန်းဆောင်ရွက်မှုများအပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ပုံမှန်လှူဒါန်းမှုများ၊ ပံ့ပိုးမှုများလုပ်လေ့ရှိသည်။ Doing Good Index 2020 (ဇယား ၇ ..... ကို ကြည့်ပါ) အရ အမြတ်အစွန်းအတွက် မဟုတ်ဘဲဖွဲ့စည်းထားသည့် အဖွဲ့အစည်း ၃၇% သည် ကော်ပိုရိတ်၏ အထောက်အပံ့ကို ရရှိသည်။ ပျမ်းမျှအားဖြင့် အာရှတွင် ၄၈ % ဖြစ်သည်။[219]

218 ရွှေတောင်ဖောင်ဒေးရှင်းသည် ခြွင်းချက်တစ်ခုဖြစ်သည်။ ၎င်းကို ၂၀၁၈ ခုနှစ်တွင် မှတ်ပုံတင်ခဲ့ပြီး ပထမဆုံးအကြိမ် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ဝေခဲ့သည်။

219 doinggoodindex.caps.org/dashboard. The Doing Good Index သည် ပရဟိတလုပ်ငန်းကို တိုင်းတာသည်။ ၎င်းသည် World Giving Index of the Charities Aid Foundation ၏ World Giving Index တွင် တိုင်းတာသည့် Casual ပေးကမ်းခြင်းနှင့်ကွဲပြားသည်။ CAF World Giving Index ၂၀၁၉ အောက်တိုဘာလ ၁၀ ကြိမ်မြောက်စိစစ်ထုတ်ဝေမှုတွင် WGI အတိုင်းအတာအရ မြန်မာနိုင်ငံသည် ၁၀ နှစ်တာအတွင်းတွင် တစ်ကမ္ဘာလုံးတွင် အဆင့် (၂) ဖြစ်ပါသည်။

### ဇယား– ၇။ Doing Good Index ၂၀၂၀ အစီရင်ခံစာ

၂၀၁၉ ခုနှစ်တွင် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန MCRB သည် Centre for Asian Philanthropy and Society CAPS[220] နှင့် တွဲဖက်၍ DGI 2020[221] အတွက် မြန်မာနိုင်ငံဆိုင်ရာ သုတေသနများဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် လူမှုရေးဆိုင်ရာများ လုပ်ကိုင်နေသော social delivery organisations' အကျိုးအမြတ် မယူသောအဖွဲ့ (၁၀၅) ခုအား ပြည့်စုံသော မေးခွန်းများဖြင့် အွန်လိုင်းမှလည်းကောင်း၊ လူကိုယ်တိုင်လည်းကောင်း စစ်တမ်းများကောက်ယူသလို အစိုးရအရာရှိများ၊ ကျွမ်းကျင်သူများနှင့်လည်း ယင်းသုတေသနအတွက် မေးမြန်းမှုများပြု လုပ်ထားသည်။[222]

DGI 2020 သည် မြန်မာနိုင်ငံအပါအဝင် အာရှ ၁၈နိုင်ငံရှိ မတူညီသော နယ်ပယ်လေးခုကို တိုင်းတာခြင်း ဖြစ်ပြီး

- အခွန်နှင့်ဘဏ္ဍာရေးမူဝါဒများ – အလှူရှင်များနှင့် လက်ခံသူများအတွက် မက်လုံး
- စည်းကြပ်မှုများ – စွမ်းဆောင်ရည်ပြည့်ဝမှု၊ ငွေကြေးစီးဆင်းမှု၊ တာဝန်ခံမှု၊ ဆက်သွယ်ရေး
- လူမှု–ယဉ်ကျေးမှု ဂေဟစနစ်များ – ပြည်သူလူထုအမြင်၊ အဖွဲ့အစည်းဆိုင်ရာအသိအမှတ်ပြုမှု၊ စွမ်းရည်အခြေခံအဆောက်အအုံ (talent infrastructure)၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်
- အစိုးရ၏ ဝယ်ယူရေး ကဏ္ဍ – ဝယ်ယူရေးဆိုင်ရာအခွင့်အလမ်းများကိုလက်လှမ်းမှီခြင်း၊ ဝယ်ယူမှု လုပ်ငန်းစဉ် တို့ပါဝင်သည်။

ဤအစီရင်ခံစာအား ၂၀၂၀ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၈ခုနှစ်က "လုံလောက်စွာ ဆောင်ရွက်ခြင်းမရှိ–Not Doing Enough" ဟူသော အနေအထားမှ "ဆောင်ရွက်မှုအဆင်ပြေလာသည်–Doing OK"ဟူသော အခြေအနေသို့ ရောက်ရှိ လာခြင်းဖြစ်သည်။ ယင်းမှာ အကျိုးအမြတ်မယူသောအဖွဲ့များ မှတ်ပုံတွင်ရေးတွင် တိုးတက်မှုရှိလာသလို ခြုံငုံကြည့်ပါကလည်း တိုးတက်မှုများရှိလာ၍ ဖြစ်သည့်အပြင်၊ ၂၀၁၄ ခုနှစ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ နှင့် ပိုမိုချိတ်ဆက်မှုရှိလာခြင်းနှင့် ၂၀၁၇ မြန်မာကုမ္ပဏီများ ဥပဒေအရ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီလီမိတက်အဖြစ် မှတ်ပုံတင်ရန်ရွေးချယ် စတင်မိတ်ဆက်လာခြင်းတို့နှင့် ဆက်စပ်မှုရှိလာသောကြောင့် ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများသည် အစိုးရ၏ ကယ်ဆယ်ရေးလုပ်ငန်းများတွင် လှူဒါန်းမှုများ ပြုလုပ်ရန်တောင်းဆိုပါက လှူဒါန်းမှုများပြုလုပ်ကြသည်။ မြန်မာနိုင်ငံ ကိုဗစ် ၁၉ တုန့်ပြန်မှုများတွင် စီးပွားရေးလုပ်ငန်းများ၏ လှူဒါန်းမှုများသည် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်နေကြောင်းနှင့် ထိုသို့ဆောင်ရွက်မှုများသည် အစိုးရနှင့်အများပြည်သူများက ကျယ်ကျယ်ပြန့်ပြန့် ချီးမွမ်းကြသည်။ သို့ပေမယ့်လည်း လှူဒါန်းခြင်းကြောင့် (အထူးသဖြင့် အစိုးရအရာရှိများ) စည်းကျော်၍ အဂတိလိုက်စားမှုကိုဖြစ်ပေါ်စေနိုင်သည်။[223] အစိုးရဆီမှ အခွင့်အရေးများရယူလိုသဖြင့် လှူဒါန်းမှုများပြုလုပ်ခြင်းသည် စစ်အစိုးရ၏ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) လက်ထက်တွင် အသုံးများသော 'ခရိုနီ' များ၏ လမ်းစဉ်တစ်ရပ်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့် အကျိုးအမြတ်များဖြစ်သည့် ကားတင်သွင်းခွင့်ပါမစ်များ၊ ဆောက်လုပ်ရေး လုပ်ကိုင်ခွင့်များ၊ မြေယာနှင့် ပတ်သက်သည့် သဘောတူညီမှုများနှင့် အခြားအခွင့်အရေးများကို ရရှိသောကြောင့်ဖြစ်သည်။ ဩဇာလွှမ်းမိုးမှုရှိရန် သို့မဟုတ် လာဘ်ထိုး၍နှုတ်ပိတ်ရန် လှူဒါန်းမှုကို အသုံးချ၍ဝယ်ယူကြသည်။ MCRB က ပြုလုပ်သော မြန်မာ့သတ္တုတွင်းလုပ်ငန်းကဏ္ဍ၏ ကဏ္ဍအလိုက် သက်ရောက်မှုများအားဆန်းစစ်ခြင်းဆိုင်ရာ သုတေသနတွင်တွေ့ရှိရသည့် အခြေအနေမှာ မြန်မာ့သတ္တုတူးဖော်ရေးကုမ္ပဏီများသည် ၎င်းတို့၏ CSR ဘတ်ဂျက်ကို သုံးစွဲ၍ ရွာအကြီးအကဲများအား လှူဒါန်းပေးအပ်ပြီး အတုံ့

220 caps.org

221 http://doinggoodindex.caps.org/

222 www.myanmar-responsiblebusiness.org/news/2020-doing-good-index-launched.html

223 IRD Practice Statement 1/2018 on Deductibility of Gifts to Government Officials makes clear that gifts to government officials တွင် အခွန်လျှော့စေရန်အတွက် အစိုးရအရာရှိများ၏ မိသားစုတစ်ဦး သို့မဟုတ် ယင်းတို့နှင့် ရင်းနှီးကျွမ်းဝင်သူများမှတစ်ဆင့် ယင်းတို့အား လက်ဆောင်များပေးခြင်းသည် တရားမဝင်သည့် ကုန်ကျစရိတ်များဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ ၎င်းသည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံ အဂတိလိုက်စားတိုက်ဖျက်ရေးဥပဒေနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။

အလှည့်အနေဖြင့် သတ္တုတူးဖော်ရေး စီမံကိန်းများအတွက် သဘောတူညီမှုလက်မှတ်များနှင့် အထောက်အပံ့များ ရယူခဲ့ကြသည်။[224]

ထို့ကြောင့် ကုမ္ပဏီများသည် ၎င်းတို့၏ကုမ္ပဏီအပြင် ဖောင်ဒေးရှင်းကိစ္စရပ်များတွင်ပါ ကောင်းမွန်သည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် due diligence ကို ပုံဖော်ဆောင်ရွက်သင့်ပါသည်။[225] ၎င်းသည် စစ်တပ်၏ စီးပွားရေးဆိုင်ရာ အကျိုး စီးပွားများနှင့် ပတ်သက်၍ သုတေသနပြုလုပ်ထားသည့် UN FFM အစီရင်ခံစာမှလည်း အတည်ပြုပေးထားသည် (အထက်တွင်ကြည့်ပါ)။ ထိုအစီရင်ခံစာတွင်ပါရှိသည့် ကုမ္ပဏီအချို့မှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် စစ်တပ်၏တောင်းဆိုချက်များကို တုံ့ပြန်လှူဒါန်းမှုများပြုလုပ်ခဲ့သည့် ကုမ္ပဏီများဖြစ်သည်။ ထိုအချိန်မှစတင်၍ ကုမ္ပဏီများသည် ၎င်းတို့၏ လှူဒါန်းမှုများကိုရပ်တန့်ခဲ့ပြီး၊ မူဝါဒများချမှတ်ခြင်းနှင့် ကြီးကြပ်ထိန်းချုပ်ခြင်းများ ပြုလုပ်ခဲ့သည်။ ၎င်းသည် စီးပွားရေးလုပ်ငန်း ကျင့်ဝတ်ဖြောင့်မှန်ရေး ချိုးဖောက်မှုအန္တရာယ်ကိုဖြစ်စေနိုင်သည့် တောင်းဆိုမှုများကို ဆန့်ကျင်ရာတွင် အကူညီပေးနိုင်လိမ့်မည်။[226]

ပွင့်သစ်စ ၂၀၂၀ တွင် ကုမ္ပဏီများ၌ ပရဟိတ / လှူဒါန်းခြင်းဆိုင်ရာမူဝါဒရှိမရှိနှင့် ပတ်သက်၍ (မေးခွန်း ၇၅ဖြင့်) အကဲဖြတ်အမှတ်ပေးခဲ့ရာ ၁၁ ခုက ရှိခဲ့ပြီး ၁၈ ခုက လှူဒါန်းခြင်းဆိုင်ရာ အသုံးစရိတ်များကို ဖော်ပြထားသည်။

## ၂၀၁၄ ခုနှစ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ

မြန်မာနိုင်ငံတွင် ပရဟိတလုပ်ငန်းများနှင့် ကုသိုလ်ဖြစ်ထောက်ပံ့မှုများနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများနှင့် အုပ်ချုပ်မှုများ တိုးတက်ကောင်းမွန်စေအောင် လုပ်ဆောင်မှုများ ပြုလုပ်ရန် သိသိသာသာလိုအပ်သည်။ ၂၀၁၄ ခုနှစ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ ဖောင်ဒေးရှင်း သို့မဟုတ် အခြားသောအလှူအတန်း ပြုလုပ်သည့် အဖွဲ့စည်းများသည် မှတ်ပုံတင်ရန်လိုအပ်သောကြောင့် ယင်းမှာ အပြည်ပြည်ဆိုင်ရာ လွတ်လပ်စွာသင်းပင်းဖွဲ့ခွင့်ဆိုသည့် စံချိန်စံနှုန်းနှင့် မကိုက်ညီပါ။ ၎င်းသည် အဖွဲ့အစည်း၏ ရည်ရွယ်ချက်များအပေါ်မူတည်၍ မှတ်ပုံတင်ခွင့်ကိုလည်း ကန့်သတ်ထားသည်။ ဥပမာ ပတ်ဝန်းကျင်၊ အားကစားနှင့် ယဉ်ကျေးမှုတို့မပါဝင်ပါ။ ထိုလွယ်ခိုက်လွယ်သော အကြောင်းအရာများ ပါဝင်သည်။ မှတ်ပုံတင်ခြင်းစနစ်ကြောင့်လည်း ထိရောက်သောကြီးကြပ်မှု မဖြစ်ပေါ်ပါ။ ၎င်း၏မူလပထမ ရည်ရွယ်ချက်မှာ လှူဒါန်းမှုများသည် ရည်ရွယ်ထားသည့်အတိုင်း အသုံးပြုရန်နှင့် အလွဲသုံးစားမပြုလုပ်ရန်၊ ငွေကြေးလိမ်လည်၍ဖြုန်းတီးခြင်း သို့မဟုတ် အကြမ်းဖက်မှုများတွင်အသုံးပြုသည့် ရန်ပုံငွေများ မဖြစ်အောင် ကြီးကြပ်ရန်ဖြစ်သည်။[227] သို့သော်လည်း ၎င်းသည် ရန်ပုံငွေများကို ကြီးကြပ်ခြင်းထက် လှုပ်ရှားမှုများကိုထိန်းချုပ်ရန်အဓိကထားသည်။

အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်ခြင်းသည် မြို့နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် ဗဟိုမှချုပ်ကိုင်မှုများကို လျှော့ချထားသော်လည်း မြန်မာနိုင်ငံတွင် ပရဟိတလုပ်ငန်းများ တစ်စုစည်းထဲမှတ်ပုံတင်ခြင်းနှင့် ပရဟိတလုပ်ငန်းများဆိုင်ရာ ကော်မရှင်မရှိပါ။ ၂၀၁၁ ခုနှစ် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ ကအရ တွက်ချက်ပြီး စည်းကြပ်ရာတွင် နိုင်ငံတော်မှ အသိမှတ်ပြုသည့် ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ယင်းကိစ္စများနှင့် သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ်သို့ဖြစ်စေ လှူဒါန်း

224 Sector–Wide Impact Assessment on Limestone, Tin and Gold Mining in Myanmar, p.51, MCRB, March 2018

225 ဤသည်ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပခဲ့သည် MCRB ၏ ကော်ပိုရိတ် ပရဟိတလုပ်ငန်းများ၏ စီမံအုပ်ချုပ်မှု အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည်။ ဇူလိုင်လ ၂၀၂၀ တွင် ထုတ်ဝေခဲ့သည့် MCRB ၏ Business Integrity လက်စွဲစာအုပ်တွင် နောက်ထပ် လမ်းညွှန်ချက်များ ပေးထားပါသည်။

226 ဒီဇင်ဘာလ ၂၀၁၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် KBZ ဘဏ်၏ လူမှုရေးဆိုင်ရာ ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှု မိတ်ဖက်ကော်မတီ (SPIP) သည် ဥပမာတစ်ခု ဖြစ်ပါသည်။

227 အကြမ်းဖက်မှုလုပ်ငန်းများတွင် ငွေကြေးထောက်ပံ့မှုနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ Financial Action Task Force (FATF) ၏ Mutual Evaluation ၏ အစီရင်ခံစာ၏ အကြံပြုချက်နံပါတ် (၈)အရ မြန်မာနိုင်ငံသည် တစ်စိတ်တစ်ပိုင်းအားလိုက်နာမှုရှိသည်ဟု ဖော်ပြထားပြီး၊ အကျိုးအမြတ်မယူသော အဖွဲ့အစည်းများမှ အကြမ်းဖက်မှုများအား ရန်ပုံငွေထောက်ပံ့ပေးမှု အန္တရာယ်မှာနည်းပါးကြောင်း မှတ်ချက်ပြုခဲ့ပါသည်။ သို့သော်လည်း ၎င်းနှင့်ပတ်သက်၍ ဥပဒေရေးဆွဲသူများမှ လမ်းညွှန်ချက်များ ထုတ်ပြန်ထားခြင်းမရှိပါ။

ထည့်ဝင်ငွေကို နုတ်ပယ်နိုင်သည်။[228] ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်စစ်ဆေးမှုများ ပြုလုပ်ရာတွင်'အသိမှတ်ပြုသည့်အဖွဲ့အစည်းများ'ကိုဖော်ထုတ်ရန်လွယ်ကူသောနည်းလမ်း မရှိပါ။ ဥပဒေ၏အဓိပ္ပယ်ဖွင့်ဆိုချက်တွင်' အသိမှတ်ပြုသည့် အဖွဲ့အစည်းများ' မပါဝင်ဟုလည်း လှူဒါန်းမှုများစွာပြုလုပ်ထားသော ကုမ္ပဏီတစ်ခုကို ပြည်တွင်းအခွန်များ ဦးစီးဌာနက ပြောသည်။[229]

ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာ ကျင့်သုံးရန်သက်မှတ်ချက် အမှတ် ၂/၂၀၁၈ သည် ဝင်ငွေခွန်တွက်ချက်မှုတွင် နုတ်ပယ်ခွင့်ပြုသည့် ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းသို့ ယင်းကိစ္စနှင့်သက်ဆိုင်သည့် ရန်ပုံငွေလှူဒါန်းထည့်ဝင်ငွေအဖြစ် သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ မည်သို့လိုက်နာ ကျင့်သုံးရမည်ကို ရှင်းလင်းစွာသိရှိနိုင်ရန်အတွက်ထုတ်ပြန် ကြေညာထားသည်။[230] သို့ရာတွင် ၎င်းသည် အတိတ်ကာလက အစိုးရထံသို့ လှူဒါန်းမှုများ အလွဲသုံးစားပြုလုပ်ခြင်းကို ထင်ဟပ်မှုတစ်ခုဖြစ်စေရန် ပြသမှုတစ်ခုဖြစ်နိုင်သည်။ ဤအချက်သည် မကြာသေးမီက အစိုးရ၏ကိုဗစ်တုန့်ပြန်မှု အစီစဉ်များတွင် တိုင်းနှင့်ပြည်နယ်အစိုးရများထံ ထည့်ဝင်မှုများပြုလုပ်ခဲ့သည့် ကုမ္ပဏီများအတွက် အကျုံးဝင်လိမ့်မည်။ လက်တွေ့တွင် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ က[231] အရ အလှူအတန်းများကို ဝင်ငွေခွန်မှ နှုတ်ပယ်နိုင်သည်ကို ပြည်တွင်းအခွန်များဦးစီးဌာနက အသိမှတ်ပြုနိုင်သော်လည်း ဝန်ငွေခွန် ဥပဒေနှင့် လက်တွေ့ကျင့်သုံးရမည့် လက်တွေ့ကျင့်သုံးရမည့် အချက်တို့အကြား ကွာဟနေမှုများက မေးစရာဖြစ်လာကာ အခွန်ပေးရသူများကို အစိုးရကမေးလာစေသည်။ ယင်းကိုညှိနှိုင်းပေးရသည့် အခွန်အရာရှိအနေဖြင့်လည်း ကျင့်ဝတ်ဆိုင်ရာ အန္တရာယ်ရှိလာသည်။

ထို့ကြောင့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကိုဖျက်သိမ်း၍ အလှူရှင်များနှင့် အလှူလက်ခံရရှိသည့် အဖွဲ့အစည်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည့်အပြင် ကြီးကြပ်ကွပ်ကဲမှု ထိထိရောက်ရောက်ပေးနိုင်ရန် ခေတ်မီသည့် ကုသိုလ်ရေးဆိုင်ရာ ဥပဒေဖြင့် အစားထိုးရန် လိုအပ်ကြောင်းပြသပါသည်။ ဝင်ငွေခွန်ဥပဒေနှင့်အတူ ကုသိုလ်ရေးဆိုင်ရာ ဥပဒေသည် အလှူရှင်များ (ကော်ပိုရိတ်နှင့် လူပုဂ္ဂိုလ်နှစ်ဦးစလုံး)အတွက် သင့်လျော်သော မက်လုံးများဖြစ်သည့်အပြင် ကုသိုလ်ရေးဆိုင်ရာအဖွဲ့စည်းအဖြစ် အသိမှတ်ပြုချင်လျှင် အလှူလက်ခံလိုသည့် အဖွဲ့အစည်းများမှတ်ပုံတင်ရန် မက်လုံးများကို ပေးသင့်သည်။ ထိုကဲ့သို့သောဥပဒေသည် ကုသိုလ်ရေးဆိုင်ရာအဖွဲ့အစည်းအဖြစ် မှတ်ပုံမတင်လိုသူများ၏ အခွင့်အရေးအပါအဝင် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်အခွင့်အရေးကို ကာကွယ်သင့်သည်။ သို့သော်လည်း မှတ်ပုံတင်မရှိလည်း အသင်းအဖွဲ့တစ်ခုအဖြစ် အသိအမှတ်ပြုခံရရန်နှင့် အသင်းအဖွဲ့၏အမည်ဖြင့် ဘဏ်ငွေစာရင်းဖွင့်ခြင်း သို့မဟုတ် အစိုးရ၏ ဆွေးနွေးအကြံရယူသည့်ပွဲများတွင် ဖိတ်ကြားခြင်းခံရအောင် လုပ်ဆောင်သင့်သည်။

## ကုမ္ပဏီများ၏ မဖြစ်မနေနှင့် ဆန္ဒအရလုပ်ဆောင်သည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသုံးစရိတ်များ

ကော်ပိုရိတ်ပရဟိတလုပ်ငန်းများနှင့် ဖောင်ဒေးရှင်းများ၏ အခန်းကဏ္ဍတွင် ကုမ္ပဏီများက လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်ရွယ်ချက်များကို မည်သို့စေတနာအလျောက် ထည့်ဝင်မည်နှင့်မည်သည့်သတ်မှတ်ချက်များမဖြစ်မနေထားရှိမည်အစရှိသည်တို့အပါအဝင်

228 အခွန်လျှော့ပေးရာတွင် assessable ဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းထက် မကျော်လွန်ရပါ။ ဝင်ငွေခွန်ဥပဒေမူကြမ်းတွင် လှူဒါန်းခြင်း၊ ပေးကမ်းခြင်းအတွက် ၁၀ ရာခိုင်နှုန်းသာ အမြင့်ဆုံး လျှော့ချနိုင်သည်ဟု အဆိုပြုထားသည်။

229 MCRB ကို မြန်မာကုမ္ပဏီကြီးတစ်ခုနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ။

230 Update on Tax Treatment on Donations based on Practice Statement 2/2018, PWC Newsletter ၂၀၁၉ ခုနှစ်၊ ဇွန်လ၊ ၂၄ ရက်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်အမှတ် ၂/၂၀၁၈ အရ အမှတ် (ဂ) စာသင်ကျောင်းများ၊ စာကြည့်တိုက်များနှင့် ဆေးရုံများသို့ တိုက်ရိုက်ပေးကမ်းလှူဒါန်းခြင်း သို့မဟုတ် အများပြည်သူဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပေးကမ်းလှူဒါန်းခြင်း သို့မဟုတ် အများပြည်သူဆိုင်ရာ အဆောက်အအုံများအတွက် ပေးကမ်းလှူဒါန်းခြင်းနှင့် (င) အစိုးရအဖွဲ့အစည်းများ သို့မဟုတ် အစိုးရဝန်ကြီးဌာနများသို့ ပေးကမ်းလှူဒါန်းခြင်းတို့ကို သတ်မှတ်ပေးထားသည်။

231 ၂၀၁၁ ခုနှစ်၊ ဝင်ငွေခွန်ဥပဒေ၏ ပုဒ်မ ၆ (က)အရ လှူဒါန်းထည့်ဝင်ခြင်းဆိုသည်မှာ ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေး စသည့် အများပြည်သူအကျိုးပြုလုပ်ငန်းများတွင် ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။

လိုအပ်ချက်များကို ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။ အထူးသဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အစိုးရသည့် လက်ရှိတွင် စိတ်ရှုပ်ထွေးမှုများဖြစ်ပွားနေသည်။ EIAs များသည် ဖြစ်နိုင်ချေရှိသည့် ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်ရန်ကိုသာ အလေးပေးသင့်ပြီး၊ ကုမ္ပဏီများအနေဖြင့် ထိခိုက်မှုများကို လျှော့ချအောင်ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များ (ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသူက ပေးလျော်ငွေ) ကျခံရန်လိုအပ်သည်။ ယင်းအစားလက်ရှိတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MoNERC)၏ ချဉ်းကပ်မှုသည် "ရပ်ရွာဖွံ့ဖြိုးတိုးတက်မှု" အတွက် ကုမ္ပဏီများသည် မည်မျှသုံးစွဲသည်ကို သတ်မှတ်ရန်ကိုသာ ပိုမိုအာရုံစိုက်နေသည်။ (တစ်ခါတရံ ယင်းကို CSR ဟု ရည်ညွှန်းလေ့ရှိသည်။)

'ပတ်သက်ဆက်နွှယ်သူများကိုဦးစားပေးသည့်ဝါဒ' (အထက်တွင်ကြည့်ပါ) ကို နားလည်သောကုမ္ပဏီသည် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုခြင်းကို နားလည်လိမ့်မည်။ ဥပမာအားဖြင့် ဒေသခံများအား သင်တန်းများပေးခြင်း၊ အလုပ်အကိုင်နှင့် ၎င်းတို့ထံမှ ပစ္စည်းများဝယ်ယူမှုများသည် ၎င်းတို့အကျိုးစီးပွားအတွက်သာဖြစ်ပြီး၊ "လုပ်ငန်းလည်ပတ်ရန်အတွက် လူမှုအသိုင်းအဝိုင်းများမှ ခွင့်ပြုချက်" ရရှိရန် ခိုင်မာလိမ့်မည်။ သို့သော်လည်းရပ်ရွာဖွံ့ဖြိုးရေးအတွက် မဖြစ်မနေသုံးစွဲမည့် အသုံးစရိတ်များကို သတ်မှတ်ခြင်းသည် EIA ၏ အဓိကရည်ရွယ်ချက် မဟုတ်ပါ။ အထူးသဖြင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများကိုလျှော့ချရာတွင် အသုံးပြုရမည့် ကုန်ကျစရိတ်ကို အစားထိုးရန် အသုံးပြုမှုတစ်ခုအဖြစ် မရှုမြင်သင့်ပါ။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MoNERC) အပါအဝင် အစိုးရအရာရှိများအကြား ကုမ္ပဏီများသည် ဥပဒေအရ CSR နှင့်စပ်လျဉ်း၍ ၂% အသုံးပြုရမည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ကြသည် (သို့သော်လည်း မည်သည်၏ ၂%ကို အသုံးပြုရမည်ကို မရှင်းလင်းပါ)။ သို့သော်လည်း တစ်ဦးချင်းစီ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုရှာဖွေထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်များ (PSC)၏ လိုအပ်ချက်များမှလွဲ၍ လူမှုရေးအသုံးစရိတ်များ / ရပ်ရွာလူထုသို့လှူဒါန်းခြင်းများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဥပဒေအရလိုအပ်ချက်မှာ ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၏ ပုဒ်မ ၅၆ ဖြစ်သည်။ ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှု၏ နှစ်ရာခိုင်နှုန်းထက်မနည်းသော မနည်းသောရန်ပုံငွေတစ်ရပ်အား လုပ်ငန်းစတင်သည့်နှင့် တစ်ပြိုင်နက်တည်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရထံပေးအပ်၍ သက်ဆိုင်ရာလွှတ်တော်အမတ်၏ လမ်းညွှန်မှုနှင့် အညီသုံးစွဲရမည်ဟုပါရှိသည်။ ယင်းမှာလည်း စီးပွားရေးလုပ်ငန်းကျင့်ဝတ်ဖြောင့်မှန်ရေးအတွက် နောက်ထပ်အန္တရာယ်တစ်ခုပင် ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်သည် MCRB ၏ Corporate Philanthropy အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူများ (နိုင်ငံခြားသား ဖြစ်စေ၊ မြန်မာနိုင်ငံသားဖြစ်စေ) ၎င်းတို့၏အမြတ်အစွန်း၏ရာခိုင်နှုန်းတစ်ခုကို ပရဟိတလုပ်ငန်းများတွင် သုံးစွဲရန် ဥပဒေအရ တာဝန်ဝတ္တရားမရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းအစား MIC သည် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယင်းတို့၏ စီးပွားရေးလုပ်ငန်းများက မြန်မာပြည်သူများ၏ လူမှုဘဝတိုးမြှင့်တင်နိုင်ပြီး၊ 'တာဝန်ယူမှုရှိခြင်းနှင့် အများနှင့် အကျိုးဝင်သော ရင်းနှီးမြှုပ်နှံမှု' ကို ဖော်ဆောင်နိုင်မည့် နည်းလမ်းများစွာကို ထည့်သွင်းစဉ်းစားရန် အားပေးသည်။[232]

၂၀၁၉ ခုနှစ်မှစ၍ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ခွင့်ပြုချက်ရရှိထားသော အသေးစားသတ္တုတူးဖော်ရေးကဲ့သို့သော စီးပွားရေးလုပ်ငန်းများအား မြို့နယ်အဆင့်အရာရှိများက ဖွင့်

232 Governance of Corporate Philanthropy, MCRB အလုပ်ရုံဆွေးနွေးပွဲ၊ အောက်တိုဘာလ ၂၀၁၉ ခုနှစ်။

ထားသော ဘဏ်စာရင်းများသို့ CSR ထည့်ဝင်မှုများ လုပ်ဆောင်ရန် ဒေသတွင်းအာဏာပိုင်များ၏အမိန့်အရ ပိုမိုလိုအပ်သည်။ သို့သော်လည်း ၎င်းတို့ကို ဥပဒေအားဖြင့် ကြီးကြပ်သည့် အထွေထွေစာရင်းစစ် မရှိသောကြောင့် အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေသည့်နှုန်း မြင့်တက်နေသည်။ ၎င်းသည် ဖြစ်နိုင်ချေရှိသော ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုအတွက် သဘောတူညီချက်အပါအဝင် သတ္တုတူးဖော်ရေးကုမ္ပဏီသည် ဒေသခံပြည်သူများနှင့်အတူ သုံးစွဲမှုများကို ဆုံးဖြတ်ချက်များ ပြုလုပ်ရာတွင်လည်း ပြုလွယ်ပြင်လွယ်မဖြစ်တော့ပါ။[233] ပုလဲမွေးမြူရေးလုပ်ငန်းကဏ္ဍတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ (TRG) သည် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် ဘဏ္ဍာရေးနှစ် ၂၀၁၉ တွင် လူမှုရေးဆိုင်ရာပေးချေမှု အတွက် မြန်မာကျပ် ၃၁ သန်းသုံးစွဲခဲ့သည်ဟု ဖော်ပြထားသည့် Tasaki Pearls ၏ အခွန်သက်သာခွင့် ပြန်လည်တောင်းခံမှုကို ငြင်းဆန်ခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ (TRG) သည် သတ်မှတ်ဝင်ငွေ၏ ၂%သည် ဒေသတွင်းအစိုးရသို့ ပေးဆောင်ရမည်ဟု ယုံကြည်သောကြောင့်ဖြစ်သည်။[234] ဤဖွံ့ဖြိုးတိုးတက်မှုများ ရှိနေသော်လည်း မြန်မာနိုင်ငံသည် သဘာဝ သယံဇာတအရင်းအမြစ်များတွင် ထိရောက်မှုရှိသည့် ဝင်ငွေခွဲဝေမှုစနစ်ကို မစတင်နိုင်သေးသဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများသည် ၎င်းအား ဒေသတွင်း ဝင်ငွေတိုးမြှင့်အောင် ဆောင်ရွက်မှုတွင် ရွေးချယ်မှုတစ်ခု အဖြစ် သတ်မှတ်ထားကြသည်။

ကုမ္ပဏီအချို့သည် ၎င်းတို့၏ဆန္ဒအလျောက် သို့မဟုတ် ဥပဒေအရမဖြစ်မနေ သုံးစွဲခဲ့သည်များကို လူမှုရေးဆိုင်ရာပေးချေမှုဟု မြန်မာနိုင်ငံ သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်း (MEITI) တွင် ဖော်ပြခဲ့သည်။ ၂၀၁၇–၂၀၁၈ ခုနှစ် MEITI အစီရင်ခံစာ၏ အပိုင်း ၆.၅တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ တွင်းထွက်လုပ်ငန်းကဏ္ဍနှင့် ပုလဲလုပ်ငန်းကဏ္ဍရှိ ကုမ္ပဏီများသည် ၎င်းတို့၏လူမှုရေးဆိုင်ရာပေးချေမှုမှာ မြန်မာကျပ် ၂၃.၆ ဘီလီယံ (ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၈ သန်း) ဖြစ်ပြီး၊ မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် “၎င်းတို့၏ အသားတင်အမြတ်၏ ၂% အဖြစ်” မြန်မာကျပ် ၃.၄ ဘီလီယံအား ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံများအတွက် ဆန္ဒအလျောက် ခွဲဝေပေးခဲ့သည် ဟုဖော်ပြထားသည်။ လူမှုရေးဆိုင်ရာပေးချေမှုအများစုမှာ ဆန္ဒအလျောက်ပေးချေမှုများဖြစ်ကြောင်း တွေ့ရှိခဲ့သည်။[235] သို့သော်လည်း စစ်တပ်ပိုင် MEH (လက်ပံတောင်းကြေးနီနှင့် တကောင်းတောင် သတ္တုတွင်းများ၏ အစုရှယ်ယာပိုင်ရှင်များ) သည် မြန်မာကျပ် ၆၇၆ သန်းအား ဥပဒေအရမဖြစ်မနေဟု ဖော်ပြထားသောကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုရှာဖွေထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်များ (PSC)၏ လိုအပ်ချက်ဖြစ်ကြောင်း ထင်ဟပ်စေနိုင်ပြီး၊ မြန်မာကျပ် ၂၇ သန်းမှာ ဆန္ဒအလျောက်သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ကြိုတင်ခန့်မှန်းနိုင်၍ လက်တွေ့တွင် အသုံးမချသေးသည့်အရာများအပါအဝင်၊ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူတစ်ဦးက မဖြစ်မနေပြုလုပ်ရမည့် ထည့်ဝင်မှုများနှင့်အခွန်များနှင့်ပတ်သက်၍ ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ယင်းတွင် ၂၀၁၄ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၏ အပိုင်း (၅)တွင် ဖော်ပြထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေသို့ ထည့်ဝင်ခြင်း၊ ဂေဟဝန်ဆောင်မှုများ အတွက်ပေးချေမှုများ (PES) နှင့်၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၏ အပိုင်း (၈) တွင် ပါရှိသည့် အလုပ်သမားကျွမ်းကျင် ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေတို့ ပါဝင်သည်။[236] မြန်မာနိုင်ငံတွင်လည်းပတ်နေသောကုမ္ပဏီသည် ပြဋ္ဌာန်းထားသောဥပဒေဆိုင်ရာ လိုအပ်ချက်များနှင့် ပတ်သက်ဆက်နွှယ်သူ များကိုဦးစားပေးသည့်ဝါဒ အလေ့အကျင့်များ သို့သော် ပြိုင်ဆိုင်မှုဆိုင်ရာ ကုန်ကျစရိတ်တွင်မဟုတ်ဘဲ ကိုက်ညီခြင်းကို သေချာမှုရှိစေရန်အတွက် မဖြစ်သေးသော်

233 Natural Resources Governance Institute (NRGI) ၏ နောင်လာမည့် စာတမ်းတွင် ၎င်းအား ပိုမိုအသေးစိတ်လေ့လာပါမည်။

234 MCRB တွင်ရှိသည့် စာရွက်စာတမ်းများ

235 EITI Report 2017–2018, EITI Myanmar

236 The Levy System of Establishing Skills Development Fund, Global New Light of Myanmar, 9 August 2020

လည်းကြိုတင်မြင်နိုင်ဖွယ်ရှိသောအရာများအပါအဝင်မြန်မာနိုင်ငံရှိရင်းနှီးမြှုပ်နှံသူတစ်ဦးက မဖြစ်မနေပြုလုပ်ရမည့် အခွန်ပေးဆောင်ရမှုနှင့် ထည့်ဝင်မှုများ အားလုံးပါဝင်အောင် ကြည့်မြင်ရန်လိုအပ်သည်။

**ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် သတင်းအချက်အလက် ထုတ်ဖော်ကြေညာခြင်းအတွက် တစ်သမတ်တည်းဖြစ်သော ချဉ်းကပ်မှုတစ်ခုကို မြန်မာနိုင်ငံတွင် အကောင်ထည်ဖော်ဆောင်ရွက်ခြင်း**

အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်မှုဦးစားပေးလုပ်ငန်းစဉ်များ အောင်မြင်ရန် အစိုးရတစ်ရပ်လုံးပါဝင်သော ချဉ်းကပ်မှုကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)တွင် တောင်းဆိုထားသည်။ အမျိုးမျိုးသော အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ကွဲပြားခြားနားသော သတ်မှတ်ချက်များအကြောင်းကို အပိုင်း၂ နှင့် ၃ တွင်မီးမောင်းထိုး၍ ဖော်ပြခဲ့သည်။ ထို့ကြောင့် ESG အစီရင်ခံခြင်းအပါအဝင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများနှင့် ထုတ်ဖော်ကြေညာခြင်းဆိုင်ရာတို့တွင် တစ်သမတ်တည်းဖြစ်ရန် အစိုးရဌာနများအချင်းချင်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုများ လိုအပ်ကြောင်း ဖော်ပြထားပါသည်။

MoPF ၏ အမိန့် ကြေငြာအမှတ် ၆၀/၂၀၁၈ မြန်မာနိုင်ငံ သဘာဝသယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်း (MEITI) ဖြင့် ဖွဲ့စည်းခဲ့ခြင်းသည့် (အပိုင်း ၂ ကိုကြည့်ပါ) အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့ (Beneficial Ownership Task Force) သည် အစိုးရ ဌာနများအချင်းချင်း အပြုသဘောဆောင်သည့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု တစ်ခုဖြစ်သည်။ သို့သော်လည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ (Beneficial Ownership Task Force) သည် တွင်းထွက် လုပ်ငန်းကဏ္ဍတစ်ခုတည်းကိုသာ အဓိကထားပြီး၊ MEITI ၏ လိုအပ်ချက်များကိုဆောင်ရွက်ရန် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ 'မီးခိုးရောင်စာရင်း' မှ နုတ်ထွက်နိုင်ရန်အတွက် FATF ၏ အကြံပြုချက်များကို လိုက်နာဆောင်ရွက်ခြင်း အပါအဝင် ငွေခဝါချခြင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုနှင့်ဆိုင်သည့် ကျယ်ပြန့်မှုရှိသော အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများကို မြန်မာနိုင်ငံမှ ဖြည့်ဆည်းပေးရန်အတွက် ၎င်းကိုဒီဇိုင်းရေးဆွဲထားခြင်းမဟုတ်ပါ။

အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် သတ်မှတ်ချက်များတွင် စည်းကြပ်သူများက တစ်သမတ်တည်းဖြစ်နေမှုသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ AML နှင့် CTF ၏ ရည်မှန်းချက်များကို ဆောင်ရွက်ရာတွင် မြန်မာအစိုးရ၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးမည့်အပြင် ပုဂ္ဂလိကကဏ္ဍ၏ ဥပဒေလေးစားလိုက်နာမှုနှင့် ငွေကြေးများလက်လှမ်းမီမှုတို့တွင် အဆင်ပြေချောမွေ့စေရန် အထောက်ကူဖြစ်စေပါသည်။ တစ်သမတ်တည်းဖြစ်အောင် ဆောင်ရွက်ရမည့် နေရာများတွင် လွတ်လပ်သောဒါရိုက်တာများ၊ အကျိုးခံစားခွင့်ရှိသူပိုင်ရှင် (BO)၊ နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများ (PEPs)၊ ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်း (RPTs)၊ မိသားစုဝင်များနှင့် အကျိုးစီးပွားပဋိပက္ခတို့ ပါဝင်သည်။ သတ်မှတ်ချက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုမှုများ ကွဲပြားပါက ၎င်းသည် ရည်မှန်းချက်အပေါ်တွင်သာအခြေခံရမည်ဖြစ်ပြီး ဝန်ကြီးဌာန၊ ကော်မတီ သို့မဟုတ် ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ထက် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းနှင့် ကိုက်ညီမှုရှိရမည်။

အစိမ်းရောင်ဘဏ္ဍာငွေရရှိရန် အခွင့်အလမ်းများလာသည်နှင့်အမျှ ESG အစီရင်ခံမှုများ တောင်းဆိုမှုများ များလာမည် ဖြစ်သောကြောင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MoPFI) (SECM နှင့် YSX အပါအဝင်)၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (MIFER) နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (MONERC) တို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) တို့အကြား ညှိနှိုင်းမှုများ လုပ်ဆောင်ရန် လိုအပ်လာလိမ့်မည်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM)၏ အမှီခိုကင်းမဲ့နေ

သောကြောင့် အစိုးရဌာနများအချင်းချင်း ညှိနိုင်းဆောင်ရွက်မှုဆိုင်ရာ ချဉ်းကပ်မှုများတွင် ၎င်း၏ပူးပေါင်းပါဝင်မှုကိုတာဆီးပိတ်ပင်မှုမရှိအောင်လုပ်ဆောင်ပါ။ထိုအဖွဲ့အစည်းများသည် စည်းမျဉ်းစည်းကမ်းများနှင့် ရွေ့ပြောင်းဆောင်ရွက်မှုတွင်ဌာနတွင်း တစ်သမတ်တည်း ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရမည်သာမက MSDP နှင့် အခြားသော မူဝါဒများ၊ မြန်မာနိုင်ငံ စည်းမျဉ်းများအပြင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ အကြံပြုထားသည့် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန်လည်း လိုအပ်သည်။ ပြန်လည်ရေးဆွဲထားသော မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ (Development Assistance Policy DAP)[237] နှင့်အညီ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်း ကိုက်ညီရန်လိုအပ်သည်။ ဤအစီရင်ခံစာနှင့် ၎င်း၏အောက်ခြေမှတ်ချက်များတွင် ဖော်ပြထားသည့် ကနဦးရွေ့ပြောင်းဆောင်ရွက်များတွင် တွေ့ရသည့်အတိုင်း အစိုးရများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍများအပါအဝင် ဖွံ့ဖြိုးမှုဆိုင်ရာမိတ်ဖက်များ (PID) သည် မြန်မာနိုင်ငံတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ကော်ပိုရိတ်ထုတ်ဖော် ကြေညာခြင်းအပါဝင် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရာတွင် တက်ကြွစွာပါဝင်ကြသည်။

သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ရည်ရွယ်ချက်များတွင် ပုဂ္ဂလိကကဏ္ဍမှ မဖြစ်မနေထည့်ဝင်မှုနှင့် ဆန္ဒအလျှောက် ထည့်ဝင်မှုများကို အစိုးရဌာနများ အားလုံးနားလည်မှုရှိရန် လိုအပ်သည်။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု အပြုအမူ (သို့မဟုတ် စီးပွားရေးနှင့် လူ့အခွင့်အရေး) ဆိုင်ရာ အမျိုးသား လှုပ်ရှားမှုစီမံချက် (NAP) ကို ရေးဆွဲရာတွင် OECD ၏ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မူဝါဒလေ့လာသုံးသပ်ချက်က အထောက်အကူ ဖြစ်ပေလိမ့်မည်။ [238]

## မြန်မာနိုင်ငံ ကော်ပိုရိတ် အုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်း

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းမရှိပါ။ ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းသည် ကော်ပိုရိတ်အုပ်ချုပ်မှုကောင်းများနှင့် ပိုမိုကောင်းမွန် မြင့်မားသည့် စံချိန်စံညွှန်းများဆီသို့သွားရန် ဦးတည်ချက်ရည်မှန်းချက်ရှိသည့် ပုဂ္ဂလိက ကဏ္ဍ၏ ကတိကဝတ်များကို အားပေးနိုင်သည်။ ၎င်းသည် ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးမဟုတ်သည့် ထုတ်ဖော်ကြေညာချက် အစီရင်ခံစာများ၊ အကျိုးစီးပွား ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ အစုရှယ်ယာအနည်းငယ်သာပိုင်သည့် အစုရှယ်ယာရှင်များနှင့် ပိုမိုထိတွေ့ဆက်ဆံမှုများရှိစေရန် လမ်းညွှန်ပေးနိုင်သည်။ မန်နေဂျာများနှင့် ဒါရိုက်တာများ၏အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်းဖြစ်စေရန် ကူညီပေးနိုင်ပါသည်။ ယခုအခါတွင် နိုင်ငံပေါင်း ၁၄၀ ကျော်တွင် ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းများရှိသည်။ ၎င်းတို့အနက် နိုင်ငံ ၅၀ ကျော်မှာ IFC ၏ အကူအညီဖြင့် အကောင်ထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ IFC သည် ၂၀၁၆ ခုနှစ်ကတည်းက မြန်မာနိုင်ငံ၌ ကော်ပိုရိတ် အုပ်ချုပ်မှုဆိုင်ရာ ရွေ့ပြောင်းဆောင်ရွက်မှုများ လုပ်ဆောင်နေသောကြောင့် ၎င်းသည် မြန်မာနိုင်ငံ၏ ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာဝန်းကျင်ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သည် (ဇယား ၈.... ကိုကြည့်ပါ)။[239]

237 Myanmar Development Assistance Policy, September 2020

238 OECD Investment Policy Review: Myanmar 2020

239 Corporate Governance Codes and Scorecards, IFC

ဇယား – ၈။

## IFC ၏ မြန်မာနိုင်ငံ ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ ရှေ့ပြေးဆောင်ရွက်မှုများ (MCGI)

ကမ္ဘာ့ဘဏ်အဖွဲ့၏ အဖွဲ့ဝင်ဖြစ်သော IFC သည် မြန်မာ့ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးဆိုင်ရာ ရှေ့ပြေးဆောင်ရွက်မှု (MCGI) ကို ၂၀၁၆ ခုနှစ်မှစ၍ ဩစတေးလျနိုင်ငံနှင့် ယူကေနိုင်ငံအစိုးရတို့၏ အကူအညီဖြင့် အကောင်အထည်ဖော်ခဲ့သည်။ MCGI သည် မြန်မာနိုင်ငံ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်ရေး စံချိန်စံနှုန်းနှင့် လုပ်ငန်းဆိုင်ရာအလေ့အထများ တိုးတက်ကောင်းမွန်လာစေရန်ရည်ရွယ်ပြီး အောက်ပါအချက်များကို ဦးတည်ချက်ထားရှိသည် –

- ဆွေးနွေးဟောပြောပွဲများကျင်းပခြင်း၊ အကောင်းဆုံးလုပ်ငန်းကျင့်စဉ်များ ဖြန့်ချီပေးခြင်း၊ စီးပွားရေး ဂျာနယ်လစ်များအား သင်တန်းပေးခြင်းများအစရှိသည်တို့ကို ပြုလုပ်ပေးခြင်းအားဖြင့် အများပြည်သူ နားလည်သဘောပေါက်မှု မြှင့်တင်ပေးခြင်းနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေပေးခြင်း။
- ပြည်တွင်းသင်တန်းပေးသူများအား ပြန်လည်သင်တန်းပို့ချပေးခြင်း၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကျင့်စဉ်များအတွက် လိုအပ်သော အကြောင်းအရာများနှင့် သင်တန်းပို့ချချက်များ မျှဝေပေးခြင်းများဖြင့် ပြည်တွင်းအကျိုးတူ ပူးပေါင်းဆောင်ရွက်သူများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ သင်တန်းပေးနိုင်စွမ်းနှင့် အကြံပေးဝန်ဆောင်မှုများ ဆောင်ရွက်နိုင်မှုကို အရည်အသွေးမြှင့်တင် ပျိုးထောင်ပေးခြင်း။
- ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးနှင့် ဆက်စပ်သော စည်းမျဉ်းစည်းကမ်းများ အဆင့်အတန်းမြှင့်တင်နိုင်ရန်အတွက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနှင့်အတူ လက်တွဲလုပ်ဆောင်ခြင်း။ ထိုနည်းအားဖြင့် စီးပွားရေး အခြေအနေ ပိုမိုအားကောင်းခိုင်မာလာစေခြင်း။
- ကုမ္ပဏီများအား ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လုပ်ငန်းကျင့်စဉ်များ မြှင့်တင်နိုင်ရန် တိုက်ရိုက်ထောက်ပံ့ပေးခြင်း။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးအကြံပေးကော်မတီ (CGRAC) ကို တည်ထောင်ခဲ့သည်။[240] ယင်းကော်မတီတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များပါဝင်သည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးအကြံပေးကော်မတီ (CGRAC) တွင် OECD ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌဟောင်းဖြစ်သူ Marcello Bianchi က အကြံပေးကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အဖွဲ့ဝင်များတွင် ဦးအောင်နိုင်ဦး (အမြဲတမ်းအတွင်းဝန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)၊ SECM၊ DICA၊ MICPA၊ UMFCCI၊ CBM၊ Hermes Fund Management၊ OECD၊ IFC တို့မှ ကိုယ်စားလှယ်များ ပါဝင်ပြီး၊ YSX မှ လေ့လာသူအဖြစ်ပါဝင်သည်။

CGRAC ၏ရည်မှန်းချက်များမှာ–

- မြန်မာကုမ္ပဏီများ၏ လက်ရှိအုပ်ချုပ်မှုအခြေအနေကို စစ်ဆေးခြင်း။
- မြန်မာနိုင်ငံရှိ ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများအကြား ကွာဟချက်များကို ဖော်ထုတ်ရန်၊ နှင့်
- ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲအတွက် ကိုက်ညီမှုရှိသည့် အကြံပြုချက်များပေးရန်။

ဤကော်မတီသည် မြန်မာကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းဖြစ်ပေါ်အောင် လုပ်ဆောင်မည်ဟု ယူဆရသည်။

ထိုကဲ့သို့သော ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းကို ဗဟိုဘဏ်၊ SECM နှင့် DICA တို့အပါအဝင် ကြီးကြပ်ရေး အဖွဲ့အစည်းအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် စနစ်တကျနှင့် ပွင့်လင်းမြင်သာမှုရှိစွာ အကောင်ထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည်။ ထိုစည်းမျဉ်းသည်

240 ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၃ ရက် MoPFI မှထုတ်လုပ်သည့် အမိန့်စာ ၁၇/၂၀၁၉ (MCRB ၏ မှတ်တမ်း)

မဖြစ်မနေဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများနှင့် လမ်းညွှန်ချက်များအကြား ရှင်းလင်းမှုရှိအောင် ခွဲခြားသတ်မှတ်သင့်သည်။ ၎င်းတွင် ကမ္ဘာလုံးဆိုင်ရာနှင့် အာဆီယံအလေ့အထများကို ထင်ဟပ်သင့်ပြီး၊ ESG နှင့် အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကဲ့သို့သော အပြည်ပြည်ဆိုင်ရာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ကုဒ်များတွင် ဖော်ပြလေ့ရှိသည့် ကိစ္စရပ်များတွင် လွှမ်းခြုံမှုရှိအောင်လုပ်ဆောင်သင့်သည်။ ၎င်း၏ အကောင်ထည်ဖော် ဆောင်ရွက်မှု တွင် ပုဂ္ဂလိကကဏ္ဍ ပါဝင်သင့်ပါသည်။ ထို့ပြင် အရပ်ဖက်အဖွဲ့အစည်းများသည်လည်း ပါဝင်သင့်သည် အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ အခန်းကဏ္ဍမှာ ကော်ပိုရိတ်တာဝန်ခံမှုကို မြှင့်တင်ရန်လုပ်ဆောင်ပေးခြင်းဖြစ်သည် သာမက မြန်မာ CG Code သည် စီးပွားဖြစ်လုပ်ဆောင်ခြင်းမဟုတ်သည့် (not–for–profit) ကဏ္ဍရှိ အုပ်ချုပ်မှုနှင့်လည်း သက်ဆိုင်သောကြောင့်ဖြစ်သည်။

မြန်မာဒါရိုက်တာအင်စတီကျူ (MIOD) သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာကုဒ် အကောင်ထည်ဖော်ရေးဆွဲရာတွင် အကြံဉာဏ်များပေးတွင်ပါဝင်ပြီး နောက်ပိုင်းတွင် ယင်း၏ လေ့ကျင့်သင်ကြားပေးသည့် သင်တန်းအစီအစဉ်များမှ အမြင်ဖွင့်သွားမည်ဖြစ်သည်။မြန်မာဒါရိုက်တာများ အင်စတီကျူ (MIoD) သည် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၊ ဩစတေးလျအစိုးရနှင့် ဗြိတိန်အစိုးရတို့၏ အထောက်အပံ့ဖြင့် ဖွဲ့စည်းထားရှိပြီး ၎င်း၏ ပထမအကြိမ် အထွေထွေနှစ်ပတ်လည် အစည်းအဝေးပွဲအား ၂၀၂၀ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် (ဇယားကွက် ၂ တွင် ကြည့်ပါ)။ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကအခန်းကဏ္ဍရှိ အုပ်ချုပ်မှုပိုင်းဆိုင်ရာတွင် ဘုတ်အဖွဲ့၏ လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှုအဆင့် မြင့်မားစေရန်၊ ပွင့်လင်းမြင်သာမှုနှင့် စီးပွားရေးကျင့်ဝတ်များ လိုက်နာကျင့်သုံးခြင်းပိုမိုကောင်းမွန်စေရန်၊ ကော်ပိုရိတ်ခေါင်းဆောင်များနှင့် အကျိုးစီးပွားသက်ဆိုင်သူများကြားတွင် ကွန်ယက်များဖန်တီးရန်နှင့် ရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍအပေါ် ယုံကြည်မှုမြင့်မားစေရန် ရည်ရွယ်ပါသည်။

## အခန်း - ၄။
## ၂၀၂၀ ပွင့်လင်းမြင်သာမှုအစီရင်ခံစာ - ရလဒ်များ

မြန်မာကုမ္ပဏီများအတွက် ပြုလုပ်သည့် ပွင့်သစ်စခေါ် Transparency in Myanmar Enterprises (TiME) အစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ မြန်မာကုမ္ပဏီများ၏ သတင်းအချက်အလက်များ တရားဝင်ထုတ်ပြန်မှု ပိုမိုအားကောင်းလာစေရန် ဖြစ်သည်။ ဤအလေ့အကျင့်များသည် လျင်မြန်စွာ ပြောင်းလဲသဖြင့် ၎င်းနှင့်ဆီလျော်မှုရှိအောင် MCRB နှင့် Yever တို့သည် စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းကို နှစ်စဉ်နှစ်တိုင်း ပြန်လည်သုံးသပ်သည်။ ၂၀၂၀ ခုနှစ် စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းသည် ယခင်နှစ်အစီရင်ခံစာနှင့် အလွန်တူညီမှုရှိသည်။ ဥပမာအားဖြင့် စံသက်မှတ်ချက်အရေအတွက်နှင့် ၎င်းတို့၏အမှတ်ပေးပုံ အားလုံးနီးပါး တူညီပါသည် (ဇယားကွက် … ၅ ကိုကြည့်ပါ။) သို့သော်လည်း ယခင်က လက်ခံရရှိခဲ့သည့် အကြံပြုမှုများကို ထည့်သွင်းစဉ်းစား၍ တိကျသည့် ပြောင်းလဲမှုများအကောင်ထည်ဖော်ဆောင်ရွက်ခဲ့သည်။

### စစ်တမ်းဆောင်ရွက်ပုံနည်းလမ်း

ပွင့်သစ်စ (PTS) အမှတ်ပေးသည့်နည်းစနစ်သည် မြန်မာကုမ္ပဏီများ၏ သတင်းအချက်ထုတ်ဖော်ကြေညာမှု အရည်အသွေးကို အကဲဖြတ်ရန်ရည်ရွယ်သည်။

- **"အရည်အသွေး"** ဆိုသည်မှာ ကုမ္ပဏီတစ်ခုသည် ၎င်းတို့၏မဟာဗျူဟာ၊ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့်ပတ်ဝန်းကျင်၊ လူမှုရေးနှင့်စီမံအုပ်ချုပ်မှု (ESG) အကြောင်းအရာများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ပေးနိုင်သည့် စွမ်းရည်တစ်ခုအဖြစ်နားလည်နိုင်ပါသည်။၂၀၁၈ နှင့် ၂၀၁၉ ခုနှစ် ထုတ်ဝေခဲ့သည့် အစီရင်ခံစာများကဲ့သို့ပင် ကျွန်ုပ်တို့သည် ပွင့်သစ်စ၏ ရမှတ်မှတ်တမ်းကို တည်ဆောက်ရာတွင် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း၊ ကမ္ဘာ့အဆင့် အစီရင်ခံခြင်းကနဦးဆောင်ရွက်ချက်စံနှုန်းများ (GRI)၊ ပူးတွဲအစီရင်ခံခြင်းဆိုင်ရာ မူဘောင် (IR) မူဘောင်တို့ကို အသုံးပြုခဲ့သည်။ သို့သော်လည်း MCRB / Yever သည် ယုံကြည်စိတ်ချရသည့် သတင်းများဟုတ်မဟုတ်နှင့် ရိုးသားမှု ရှိ၊ မရှိကို အကဲဖြတ်ထားခြင်းမရှိကြောင်းကို သတိပြုရန်မှာ အရေးကြီးပါသည်။ စာရင်းစစ်များသည် ပုံမှန်အားဖြင့် ထိုသို့သော လုပ်ငန်းဆောင်ရွက်ချက်ကို လုပ်ဆောင်ကြသည်၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံရှိ မည်သည့်ကုမ္ပဏီကမျှ စာရင်းစစ်များမှစစ်ထားသည့် ESG သတင်းအချက်အလက်များကို ထုတ်ဖော်ပြသရန် ဆောင်ရွက်ထားခြင်းမရှိသေးပါ။
- **"ကော်ပိုရိတ်ဆိုင်ရာ ထုတ်ဖော်ကြေညာခြင်း"**သည် အများပြည်သူမှ ရရှိနိုင်သော သတင်းအချက်များနှင့် သက်ဆိုင်သည်။ MCRB/Yever သည် အများအားဖြင့် ဝက်ဘ်ဆိုက်များတွင် ဖော်ပြထားသော အချက်အလက်များ၊ စာရွက်စာတမ်းများနှင့် သတင်းအချက်အလက်များကို ထည့်သွင်းစဉ်းစားသည့်အပြင် အခြားသော အွန်လိုင်း လူမှုရေးကွန်ယက် (Social Media) ကဲ့သို့သော ဆက်သွယ်ရေးလမ်းကြောင်းများမှ အချက်အလက်များကို လည်းသုံးသပ်စဉ်းစားထားသည်။
- **“သိသာထင်ရှားသည့် မြန်မာကုမ္ပဏီများ”**သည် အောက်ပါအခြေအနေများမှ အနည်းဆုံးတစ်ခုနှင့် ပြည့်မီသည့် ကုမ္ပဏီများကို ဆိုလိုသည်။ ကုမ္ပဏီတစ်ခုသည် အောက်ဖော်ပြပါ အချက်များရှိပါက စစ်တမ်းတွင် ပါဝင်ပါသည်။
    - ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီ
    - SECM မှ အသိအမှတ်ပြုထားသော အစုရှယ်ယာ ၁၀၀ နှင့်အထက်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ
    - ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် အများဆုံးပေးဆောင်သော ထိပ်တန်းကုမ္ပဏီ၁၀၀
    - ဘဏ်
    - တွင်းထွက်လုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ဘဏ်လုပ်ငန်း သို့မဟုတ် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း

- ၀ အရှိန်အဝါကြီးမားသော ကုမ္ပဏီ
- ၀ ပွင့်သစ်စတွင် ဆန္ဒအလျောက်ပါဝင်ချင်သည့် ကုမ္ပဏီ

ကျွန်ုပ်တို့၏ရည်မှန်းချက်အောင်မြင်ရန်အတွက် ကျွန်ုပ်တို့၏ လုပ်ငန်းအစီအစဉ်ကိုဆောင်ရွက်ရာတွင် ကုမ္ပဏီများသည် ၎င်းတို့၏ကော်ပိုရိတ် သတင်းအချက်အလက် ထုတ်ဖော်ကြေညာမှုကို ပြုပြင်မွမ်းမံနိုင်ရုံသာမက ကျွန်ုပ်တို့နှင့် ထိတွေ့ဆက်ဆံ၊ အကြံဉာဏ်ရယူနိုင်ရန်အတွက် အချိန်လုံလုံလောက် လောက်ပေးခဲ့သည်။ ၂၀၂၀ ပွင့်သစ်စ အစီရင်ခံစာထုတ်ဝေမည့်အကြောင်းကို ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်မိတ်ဆက်ခဲ့သည်။ သကြ်္ဂန်အပြီးတွင် ရမှတ်မူကြမ်းများကို ကုမ္ပဏီတစ်ခုချင်း ဆီသို့ပေးပို့ခဲ့သည်။ မေလမှ ဩဂုတ်လအထိ ကုမ္ပဏီများ အနေဖြင့် ၎င်းတို့၏ ကော်ပိုရိတ် ထုတ်ဖော်ကြေညာမှု တိုးတက်မှုရှိစေရန်အတွက် မေးခွန်းများမေးရန်နှင့် ကျွန်ုပ်တို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများလုပ်နိုင်ရန် ကုမ္ပဏီများကို အခွင့်အရေးပေးခဲ့သည်။ နောက်ဆုံး အကဲဖြတ်မှုအဆင့်ကို စက်တင်ဘာနှင့် အောက်တိုဘာလတွင် ပြုလုပ်ခဲ့သည်။ ကုမ္ပဏီများအား တိကျသော၊ ၎င်းတို့လုပ်ဆောင်နိုင်သော တုံ့ပြန်ချက်များပေးနိုင်ရန်အပြင် ကျွန်ုပ်တို့၏ ကနဦးအကဲဖြတ်မှုတွင် တွေ့ရှိခဲ့သည့် ၎င်းတို့၏ အလားလာရှိသော အားနည်းချက်များကို ပြန်လည်သုံးသပ်မှုများပြုနိုင်ရန် ရည်ရွယ်၍ ဤချဉ်းကပ်မှုများကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်နှင့်တွေ့ခဲ့သည့် ကုမ္ပဏီများ၏ ပထမနှင့် နောက်ဆုံးရမှတ်များအကြား သိသိသာသာ တိုးတက်မှုများကို ကျွန်ုပ်တို့ တွေ့ရှိခဲ့သည်။ ဤအချက်သည် ရှင်းလင်းတိကျသော လမ်းညွှန်မှုများရှိပါက ကုမ္ပဏီများသည် ၎င်းတို့၏ ထုတ်ဖော်ကြေညာမှုအရည်အသွေးကို တိုးတက်စေရန် လိုလားမှုရှိကြောင်း ညွှန်ပြပါသည်။


## ၂၀၂၀ ပြည့်နှစ် ရမှတ်မှတ်တမ်းတွင် အဓိကပြောင်းလဲမှုများ

၂၀၂၀ ပြည့်နှစ် အမှတ်ပေးစနစ်တွင် စံသက်မှတ်ချက် ၁၄၃ ခု ပါဝင်ပြီး ၂၀၁၉ ခုနှစ်နှင့် အတူတူဖြစ်သည်။ ကျွန်ုပ်တို့သည် ယခင်အမှတ်ပေးစနစ်တွင် အသုံးပြုခဲ့သည့်နယ်ပယ် ၄ ခုဖြစ်သော **ကော်ပိုရိတ်အကြောင်းအရာ၊ ကော်ပိုရိတ်စံမံအုပ်ချုပ်မှု၊ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အစီရင်ခံခြင်း**တို့ ပါဝင်သည်။ ၂၀၁၉ ခုနှစ် အစီရင်ခံစာအပြီးတွင် ပုဂ္ဂလိကပိုင်ကုမ္ပဏီအချို့သည် အမှတ်ပေးစနစ်သည် စာရင်းသွင်းထားသည့် ကုမ္ပဏီများနှင့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများမဖြစ်မနေ အစီခံတင်ပြရမည့် သတင်းအချက်အလက်များကို လွှမ်းခြုံမှုရှိသဖြင့် ၎င်းတို့အတွက် အားသာချက်ရှိသည်ဟု ၎င်းတို့အနေဖြင့်ယုံကြည်သည်ဟု တုံ့ပြန်မှုများရှိခဲ့သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဥပဒေများ၊ စည်းမျဉ်းများနှင့် လိုက်နာရမည့် ကုမ္ပဏီများနှင့် သတင်းအချက်အလက်ကို ထုတ်ဖော်ကြေညာရန် ဆန္ဒအလျောက်ဆုံးဖြတ်ခဲ့သည့်ကုမ္ပဏီများ အားလုံးကို တစ်ပုံစံတည်းအတူတူ အကဲဖြတ်ခဲ့ခြင်းဖြစ်သည်။ ဤတုံ့ပြန်အကြံပြုချက်ကို ပြန်လည်သုံးသပ်ပြီးနောက် MCRB/Yever သည် အမှတ်ပေးစနစ်ကို လိုက်လျောညီထွေမှုရှိရန်ထိန်းညှိမည်ဟု ဆုံးဖြတ်ခဲ့သည်။ ကုမ္ပဏီအားလုံးကို အကဲဖြတ်ရန် အမှတ်ပေးစနစ်တစ်ခုတည်းကို အသုံးပြုထားသော်လည်း ၎င်းတို့ကိုအုပ်စုနှစ်စုအဖြစ် ခွဲခြားခဲ့ သည်။

- **စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီများနှင့် အစုရှယ်ယာရှင် ၁၀၀ ကျော်ဖြင့်ဖွဲ့စည်းထားသည့် အများပိုင်ကုမ္ပဏီများ** – ယင်းတို့ကို မဖြစ်မနေလိုက်နာရမည့် စံသတ်မှတ်ချက်အရေအတွက် ၁၄၃ ခုဖြင့် အကဲဖြတ်သည်။ ယင်းအမျိုးအစားထဲတွင် အမြင့်ဆုံးရမှတ်မှာ ၂၀၄ မှတ်ဖြစ်သည်။ ထုတ်ဖော် ကြေညာခြင်းနှင့် သက်ဆိုင်သည့် စံသတ်မှတ်ချက် ၈၂ ခု နှင့် စွမ်းဆောင်ရည်နှင့်သက်ဆိုင်သည့် စံသတ်မှတ်ချက် ၁၂၂ ခုဖြစ်သည်။

- **ပုဂ္ဂလိကပိုင်ကုမ္ပဏီများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက်** စံသတ်မှတ်ချက် ၁၁၃ ခုသာ မဖြစ်မနေလိုအပ်ပြီး နောက်စံသတ်မှတ်ချက် ၃၀ သည် ၎င်းတို့အတွက်အပိုမှတ်ရရှိရန်အခွင့်လမ်းတစ်ခုဖြစ်သည်။ဤအုပ်စုရှိကုမ္ပဏီများအတွက် အများဆုံးရမှတ်မှာ ၁၆၇ မှတ်ဖြစ်သည်။ အပိုဆောင်း ၃၇ မှတ်ကို ကော်ပိုရိတ်အကြောင်းအရာနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမှ ရနိုင်သည်။ ထို့ကြောင့် ယင်းကုမ္ပဏီများသည် ထိုနယ်ပယ် ၂ ခုမှ ရမှတ် ၁၀၀ ရာခိုင်နှုန်းအထက် ရရှိရန် ဖြစ်နိုင်သည်။ ပုဂ္ဂလိက ကုမ္ပဏီအချို့သည် တိကျသော သတင်းအချက်အလက်များကို ဆန္ဒအလျောက်ထုတ်ဖော်ရန် ဆုံးဖြတ်ခဲ့သောကြောင့် ၎င်းတို့သည်အမှတ်များ ရရှိခဲ့သည်။

## ပုံ – ၄။ ကုမ္ပဏီအမျိုးအစား ၂ ခုအပေါ် အမှတ်ပေးပုံ




ပုံ ၄ သည် အုပ်စုနှစ်စုအကြားရမှတ်များ၏ ကွာခြားချက် အနှစ်ချုပ်ကိုဖော်ပြထားသည်။ ဒုတိယ ထည့်သွင်းစဉ်းစားမှုသည်''လက်တွေ့တွင်မရှိသည့် ဟန်ပြအခြေအနေကို ဖော်ပြခြင်း''ကို တန်ပြန်ရန်အတွက် ရည်ရွယ်ခဲ့သည်။ အကဲဖြတ်မှုတိုင်းတွင် အပြစ်အနာအဆာများရှိတတ်ပြီး၊ ယင်းအပြစ်အနာအဆာများကို ပွင့်သစ်စသည်လည်း ရှောင်လွဲ၍မရနိုင်ခဲ့ပါ။ ကျွန်ုပ်တို့၏ အကဲဖြတ်မှုမှတ်တမ်းတွင် လုပ်ဆောင်ပြီးကြောင်း အမှတ်ခြစ်နိုင်ရုံလောက်သာ လုံလောက်မှုရှိယုံမျှသာဖြစ်သည့် သတင်းအချက်အလက်များကိုသာ ထုတ်ပြန်ကြေညာရန် ကုမ္ပဏီအချို့ကြားတွင် ရေပန်းစားနေကြောင်း ကျွန်ုပ်တို့အနေဖြင့် တွေ့ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ရလဒ်မှတ်တမ်းတွင် ၈၃ ရာခိုင်နှုန်းသော စံသတ်မှတ်ချက်အရေအတွက်သည် ထုတ်ဖော်ကြေညာမှုနှင့်သက်ဆိုင်ပြီး ၂၀၂၀ ခုနှစ်တွင် ၅၇ ရာခိုင်နှုန်းသာ သက်ဆိုင်မှုရှိသည် (ဇယားကွက်၄ ကိုကြည့်ပါ။)။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ ကုမ္ပဏီများရမှတ်အမှတ်များ ရရှိရန်ဖြစ်သောကြောင့် ကုမ္ပဏီများအနေဖြင့် ပိုမိုကောင်းမွန်သောအချက်အလက်များနှင့် ထုတ်ဖော်ကြေညာချက်များကို ကောင်းကောင်း လုပ်ဆောင်သင့်သည်။ ကုမ္ပဏီတစ်ခု၏

ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများကဲ့သို့ပင် ၎င်းသည် ရုံးချုပ်၏ ကုန်ကျစရိတ်များကို ဖော်ပြရုံမက ကုမ္ပဏီ၏ ESG အစီရင်ခံစာသည် ၎င်း၏လုပ်ငန်းလည်ပတ်မှု အပြည့်အဝကို ထင်ဟပ်မှုရှိစေရန် လိုအပ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယခုနှစ်တွင် စံသတ်မှတ်ချက် ၆၈၊ ၇၁၊ ၇၅ နှင့် ၉၆ တို့အတွက် အမှတ်ပေးမှုစနစ်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့သည်။
ဤစစ်တမ်းဆောင်ရွက်ပုံ နည်းလမ်းပြောင်းလဲမှုအကြောင်းကို ဖေဖော်ဝါရီလတွင် စတင်မိတ်ဆက်စဉ် ကတည်းကပင် ကုမ္ပဏီများအားပြောကြားထားပြီး သက်ဆိုင်သောစာရွက်စာတမ်းများကိုလည်း MCRB နှင့် Yever တို့၏ ဝက်ဘ်ဆိုဒ် စာမျက်နှာများတွင် ဖတ်ရှုနိုင်အောင် ပြုလုပ်ခဲ့သည်။

**တည်ဆဲ စံချိန်စံနှုန်းများ၊ မူဘောင်များနှင့် ပွင့်သစ်စအား လိုက်လျောညီထွေမှုရှိအောင် လုပ်ဆောင်ခြင်း**

၂၀၂၀ပြည့်နှစ် ပွင့်သစ်စအစီရင်ခံစာတွင်အသုံးပြုထားသောစစ်တမ်းဆောင်ရွက်ပုံနည်းလမ်းသည် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (ACGS) မှ ဆီလျော်မှုအဖြစ်ဆုံးဖြစ်သည့် စံသတ်မှတ်ချက်များကို အသုံးပြုထားသည်။ ACGS ပထမအဆင့် စံသတ်မှတ်ချက်၏ ၄၉% သည် ပွင့်သစ်စ ၂၀၂၀ ရမှတ် မှတ်တမ်း၏ အနည်းဆုံး စံသတ်မှတ်ချက်တစ်ခုနှင့် လိုက်လျောညီထွေမှုရှိသည်။ ယခင်နှစ်က ပွင့်သစ်စ အစီရင်ခံစာများကဲ့သို့ပင် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းကို အပြည့်အဝ အသုံးမပြုရခြင်း အကြောင်းရင်းမှာ ရမှတ်မှတ်တမ်း၏ နယ်ပယ် (က) နှင့် (ခ) တို့တွင် မြန်မာကုမ္ပဏီများနှင့် ကိုက်ညီမှုမရှိသေးသည့် အကြောင်းအရာများဖြစ်သည့် ရှယ်ယာပိုင်ရှင်တို့၏ ရပိုင်ခွင့်များနှင့် ရှယ်ယာပိုင်ရှင်များကို တန်းတူညီမျှ ဆက်ဆံမှုပေါ်တွင် များစွာအသားပေးထားသောကြောင့် ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ အာဆီယံ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းအား ရေးဆွဲအကောင်အထည်ဖော်ခြင်းတွင် အနီးကပ်ပါဝင်ခဲ့သော ထိုင်းနိုင်ငံ ဒါရိုက်တာများအင်စတီကျူမှ စီအီးအိုဒေါက်တာ Bandid Nijathaworn နှင့် ဆွေးနွေးခဲ့ ပြီးနောက် ပွင့်သစ်စ အစီရင်ခံစာတွင် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း၏ နယ်ပယ် (ဂ၊ ဃ၊ င) တို့တွင် ပါဝင်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွင်း အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ၊ ထုတ်ဖော်ကြေညာမှုနှင့် ပွင့်လင်းမြင်သာမှု၊ ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ အစရှိသည့် အကြောင်းအရာများအား ဦးစားပေးထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည် (ဇယားကွက် ၃ ကို ကြည့်ပါ)။

**ဇယားကွက် ၃။**
**၂၀၂၀ပြည့်နှစ် ပွင့်သစ်စ အစီရင်ခံစာတွင်ထည့်သွင်းခဲ့သော အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း ၏ ပထမအဆင့်စံသတ်မှတ်ချက်များ**

| | ပါဝင်မှု အတိုင်းအတာ |
|---|---|
| နယ်ပယ် (က) – အစုရှင်များ၏ အခွင့်အရေးများ | ၅% |
| နယ်ပယ် (ခ) – အစုရှင်များအား သာတူညီမျှ ဆက်ဆံမှု | ၃၆% |
| နယ်ပယ် (ဂ) – ဆက်နွယ်ပတ်သက်သူများ၏ အခန်းကဏ္ဍ | ၉၂% |
| နယ်ပယ် (ဃ) – ထုတ်ဖော်ကြေညာချက်များနှင့် ပွင့်လင်းမြင်သာမှု | ၄၁% |
| နယ်ပယ် (င) – ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ | ၆၂% |

၂၀၂၀ ပြည့်နှစ် ပွင့်သစ်စ အစီရင်ခံစာတွင် ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (Integrated Reporting Framework) ဆိုင်ရာ အချက်အလက်များကိုလည်း စွမ်းဆောင်ရည်စံသတ်မှတ်ချက်များတွင် ပါဝင်ထည့်သွင်းထားသည်။ ပူးတွဲအစီရင်ခံခြင်းတွင် ပါဝင်သည့်အကြောင်းအရာများသည် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (ACGS) တွင် ပါဝင်သည့် အကြောင်းအရာများထက် ပိုမိုစုံလင်ပြီးအထူးသဖြင့် ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးမဟုတ် သည့် အစီရင်ခံခြင်း၏ အချင်းချင်းဆက်စပ်မှုအား ဖော်ပြထားသောကြောင့် ကုမ္ပဏီများသည် တန်ဖိုးအကျိုးအမြတ်များအား ၎င်းတို့၏ အကျိုးသက်ဆိုင်သူများနှင့် မည်သို့မည်ပုံ ဖန်တီး၍ မျှဝေကြသည်ကို ရှင်းလင်းစွာ သိနိုင်သည်။ ဇယား ၅ တွင် ပွင့်သစ်စ စံသတ်မှတ်ချက်များ၊ အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းနှင့် ပူးတွဲအစီရင်ခံခြင်း ဆိုင်ရာမူဘောင် တို့၏ ချိတ်ဆက်မှုများအား ဖော်ပြထားသည်။

**ဇယားကွက် – ၄။ ၂၀၂၀ပြည့်နှစ်ပွင့်သစ်စ အစီရင်ခံစာ အမှတ်ပေးစနစ်တွင်ပါရှိသည့် စံသတ်မှတ်ချက်များ**

| အမျိုးအစား | နယ်ပယ် | ထုတ်ဖော်ကြေညာခြင်း | ကုမ္ပဏီ စွမ်းဆောင်ရည် | ထပ်ဆောင်း "ထုတ် ဖော် ကြေညာခြင်း" ရမှတ် | ထပ်ဆောင်း "ကုမ္ပဏီ စွမ်းဆောင်ရည် ရမှတ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| စတော့အိပ်ချိန်း စာရင်းဝင် ကုမ္ပဏီများနှင့် အစုရှယ်ယာရှင် ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် အများပိုင်ကုမ္ပဏီများ | ကော်ပိုရိတ်အကြောင်းအရာ | ၁၄ | ၆ | – | – | ၂၀ |
| | ကော်ပိုရိတ်စီမံအုပ်ချုပ်မှု | ၃၉ | ၄ | – | – | ၄၃ |
| | ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု | ၁၈ | ၂၃ | – | – | ၄၁ |
| | အစီရင်ခံခြင်း | ၁၁ | ၂၈ | – | – | ၃၉ |
| | **စုစုပေါင်း** | **၈၂** | **၆၁** | **၀** | **၀** | **၁၄၃** |
| ပုဂ္ဂလိကပိုင် ကုမ္ပဏီများနှင့် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ | ကော်ပိုရိတ်အကြောင်းအရာ | ၁၂ | ၃ | ၂ | ၃ | ၂၀ |
| | ကော်ပိုရိတ်စီမံအုပ်ချုပ်မှု | ၁၈ | ၀ | ၂၁ | ၄ | ၄၃ |
| | ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု | ၁၈ | ၂၃ | - | - | ၄၁ |
| | အစီရင်ခံခြင်း | ၁၁ | ၂၈ | - | - | ၃၉ |
| | **စုစုပေါင်း** | **၅၉** | **၅၄** | **၂၃** | **၇** | **၁၄၃** |

**ဇယားကွက် - ၅။ ၂၀၂၀ ပွင့်သစ်စအစီရင်ခံစာတွင် အသုံးပြုထားသော အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (ACGS)နှင့် ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (Integrated Reporting Framework) ဆိုင်ရာ စံသတ်မှတ်ချက်များ**

| | စံသတ်မှတ်ချက် အရေအတွက် | ထည့်သွင်းထားသော ACGS စံ သတ်မှတ်ချက် အရေအတွက် | IR ဆိုင်ရာစံ သတ်မှတ်ချက် အရေအတွက် (ပါဝင်မှုရာခိုင်နှုန်း) |
|---|---|---|---|
| ကော်ပိုရိတ်အကြောင်းအရာ | ၂၀ | ၈ | ၇ |
| ကော်ပိုရိတ်စီမံအုပ်ချုပ်မှု | ၄၄ | ၃၇ | ၂ |
| ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု | ၄၀ | ၁၃ | ၁၈ |
| အစီရင်ခံခြင်း | ၃၈ | ၂၆ | ၃၀ |

## ထည့်သွင်း စဉ်းစားထားသော သတင်းအချက်အလက်များ၏ အရင်းအမြစ်များ

ပွင့်သစ်စအစီရင်ခံစာအတွက် အကဲဖြတ်ဆန်းစစ်ရာတွင် အများပြည်သူဝင်ရောက်ဖတ်ရှုနိုင်သော အင်တာနက် ပေါ်ရှိ တရားဝင်ဖော်ပြထားသည့် ကုမ္ပဏီဆိုင်ရာ သတင်းအချက်အလက်များအားလုံးကို (ဝက်(ဘ်)ဆိုဒ်ပေါ်တွင် ကြည့်ရှုနိုင်လျှင်) အောက်ပါစာရင်းအတိုင်း ဆန်းစစ်ခဲ့သည်။

- ကုမ္ပဏီဝက်(ဘ်)ဆိုဒ်။
- ဝက်(ဘ်)ဆိုဒ်တွင်ဖော်ပြထားသော ကုမ္ပဏီ၏ ကော်ပိုရိတ်မူဝါဒများ။
- နှစ်ပတ်လည်အစီရင်ခံစာ၊ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံစာနှင့်အခြားသင့်တော်သည့် အစီရင်ခံစာများ။ (၎င်းအစီရင်ခံစာများအား ဝက်(ဘ်)ဆိုဒ်ပေါ်တွင် ကြည့်ရှုနိုင်လျှင် (သို့မဟုတ်) ဒေါင်းလုဒ်လုပ်နိုင်လျှင်)
- UNGC Communications on Progress (COP) အစီရင်ခံစာများ။
- ကုမ္ပဏီ၏ ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များ။

MCRB နှင့် Yever သည် ကုမ္ပဏီများ၏ ထုတ်ဖော်ကြေညာချက်များအား ဆန်းစစ်သည့်အခါတွင် စည်းကမ်းမတင်းကျပ်ဘဲ ကောင်းမွန်သော အမှတ်များအား တတ်နိုင်သလောက်ပေးရန်ဆုံးဖြတ်ခဲ့ကြပါသည်။ ဥပမာအားဖြင့် မေးခွန်းအမှတ် ၈၁ ကို ဆန်းစစ်ရာတွင် နှစ်ပတ်လည်အစီရင်ခံစာတစ်ခုတည်းနှင့် မဆုံးဖြတ်ဘဲ ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ နည်းလမ်းအရပ်ရပ်တွင် တင်ပြထားသော အချက်အလက်များကိုပါ ထည့်သွင်းစဉ်းစားပေးခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် အချို့သော မြန်မာကုမ္ပဏီများသည် ယင်းတို့၏ နှစ်ပတ်လည် အစီရင်ခံစာအား မထုတ်ပြန်ရသေးသော်လည်း ၎င်းတို့၏ ဝက်(ဘ်)ဆိုဒ်တွင်မူ ကော်ပိုရိတ် မျှော်မှန်းချက်များနှင့် ဘုတ်အဖွဲ့ဝင်များ၏ ကိုယ်ရေးအတ္ထုပတ္တိများအား ထုတ်ဖော်ကြေညာထားခြင်းကြောင့် ဖြစ်ပါသည်။

## စစ်တမ်းတွင် ပါဝင်မည့် ကုမ္ပဏီများအား ရွေးချယ်ခြင်း

၂၀၂၀ ပွင့်သစ်စ အစီရင်ခံစာအတွက် MCRB နှင့် Yever တို့သည် ကုမ္ပဏီပေါင်း (၂၆၀) ခု ကို ရွေးချယ်ခဲ့ပြီး၊ ၎င်းတို့အနက်မှ ၃၁ ခုမှာ ဘဏ်များဖြစ်သည်။ (၂၀၁၈ ခုနှစ်တွင် ကုမ္ပဏီပေါင်း (၁၈၂) ခု နှင့် ၂၀၁၉ ခုနှစ်တွင် ကုမ္ပဏီပေါင်း (၂၄၈) ခု အသီးသီး ပါဝင်ခဲ့သည်။) ၎င်းတို့မှာ

- ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီ (၆) ခု၊ ထိုထဲမှ ၂ ခု သည် ဘဏ်များဖြစ်သည်။
- SECM မှ အသိအမှတ်ပြုထားပြီးစည်းကြပ်နေသည့် အစုရှယ်ယာ ၁၀၀ နှင့်အထက် ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (၅၂) ခု[241]၊ ယင်းအနက် ၈ ခုမှာ ဘဏ်များဖြစ်သည်။
- ပုဂ္ဂလိက ကုမ္ပဏီများ (၁၇၄) ခု၊ ထိုထဲမှ ၁၇ ခုမှာ ဘဏ်လုပ်ငန်းဖြစ်သည်။ ၎င်းတို့သည် –
    - o ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပြန်သော ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် အများဆုံးပေးဆောင်သောမြန်မာလုပ်ငန်းရှင်များ (၁၀၀၀) စာရင်းတွင်ပါဝင်သည့် ကုမ္ပဏီများ (သို့မဟုတ်)
    - o အရှိန်အဝါကြီးမားသောကုမ္ပဏီများ[242] သို့မဟုတ်
    - o ဆန္ဒအလျောက် အစီရင်ခံစာတွင် ပါဝင်ရန် တောင်းဆိုသူများ ဖြစ်သည်။
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (၂၈) ခု၊ ယင်းအနက် ၄ ခုမှာ ဘဏ်လုပ်ငန်းများဖြစ်သည်။

## ကုမ္ပဏီများနှင့် လုပ်ငန်းစုများကို ရွေးထုတ်ရာတွင် ကြုံတွေ့ရသော ပြဿနာများ

ယခင်ပွင့်သစ်စအစီရင်ခံစာများတွင် တွေ့မြင်ခဲ့သည့်အတိုင်းပင် မြန်မာနိုင်ငံတွင် 'လုပ်ငန်းစု' (Group) ဟူသော စကားလုံးကို တစ်သမတ်တည်း အဓိပ္ပာယ်သတ်မှတ်ထားခြင်းမရှိဘဲ အမျိုးမျိုး သုံးစွဲနေကြသည်ကို တွေ့ရှိနိုင်သည်။ အချို့သည် တရားဝင်ဥပဒေအရ လုပ်ငန်းစု အဖြစ်လျှောက်ထားပြီး လုပ်ငန်းလုပ်ကိုင်နေသလို အချို့မှာမူ လုပ်ငန်းစုအဖြစ် တရားဝင် မှတ်ပုံတင်ထားခြင်းမျိုး မဟုတ်သော်လည်း နာမည်အခေါ်အဝေါ်တွင် လုပ်ငန်းစုဟု ကိုယ်တိုင်သတ်မှတ်ပြီး လုပ်ငန်းအများအပြားကို အကြမ်းဖျင်း ပူးပေါင်းဖွဲ့စည်းကာ လုပ်ဆောင်နေခြင်းမျိုးဖြစ်သည်။ လုပ်ငန်းစုသဘောသဘာဝရှိသည့် ကုမ္ပဏီများကို ၎င်းတို့အဖွဲ့အစည်း၏ ပုံသဏ္ဍာန်နှင့် မည်သို့အကဲဖြတ်ခံလိုကြောင်း (ဥပမာအားဖြင့် လုပ်ငန်းစုအနေနှင့်ဖြစ်စေ၊ လုပ်ငန်းတစ်ခုခြင်းအနေနှင့်ဖြစ်စေ) မေးမြန်းခဲ့သည်။ အချို့သော ကုမ္ပဏီများသည် အကဲဖြတ်ချက်အတွက် ကုမ္ပဏီတစ်ခုကိုသာ ကိုယ်တိုင်ရွေးချယ်ခဲ့ပြီး အဆိုပါကုမ္ပဏီအား စစ်တမ်းတွင် တရားဝင်မှတ်ပုံတင်ထားခြင်း မရှိသော်လည်း ပင်မကုမ္ပဏီအဖြစ် သတ်မှတ်ထားရှိခဲ့သည်။ အခြားသူများသည် ဆက်နွယ်မှုရှိသည့် ကုမ္ပဏီများအဖြစ်ဖော်ပြစေလိုသောကြောင့် ၎င်းတို့ကို အခွန်အများဆုံးပေးဆောင်သူများအနေဖြင့် ဖော်ပြထားပြီး သီးခြားအမှတ်ပေးထားသည်။ ယခင်နှစ်များနှင့်မတူဘဲ ဘဏ်များအားလုံးသည် ၎င်းတို့နှင့် သက်ဆိုင်သော မည်သည့် 'အုပ်စု' ထဲတွင်မှ ထည့်သွင်းခြင်းမရှိပဲ သီးခြားစီအကဲဖြတ်ခြင်း ခံခဲ့ရသည်။

## ဝက်(ဘ်)ဆိုဒ်ဆန်းစစ်ခြင်းနှင့် ကုမ္ပဏီများနှင့် စေ့စပ်ဆွေးနွေးခြင်း

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ပွင့်သစ်စအစီရင်ခံစာ၏ သုတေသန စတင်ခြင်းကို အများပြည်သူသိရှိစေရန် မိတ်ဆက်ကာ ၂၀၂၀ ခုနှစ် အစီရင်ခံစာအတွက် အဓိကပြောင်းလဲမှုများနှင့် အကဲဖြတ်ပုံ အကဲဖြတ်နည်း များကို ကုမ္ပဏီများအား ရှင်းလင်းတင်ပြခဲ့ပြီး၊ ကနဦးမေးခွန်းများကိုလည်း ဖြေကြားခဲ့သည်။ ထို့အပြင် သုတေသနဆိုင်ရာ အသေးစိတ်အချက်အလက်များ (ကုမ္ပဏီများနှင့် ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ) ကို MCRB နှင့် Yever ဝက်(ဘ်)ဆိုဒ်များတွင် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်

241 secm.gov.mm/en/public-companies/

242 ၎င်းတွင် ယခင်က အီးယူ သို့မဟုတ် အမေရိကန်၏ အရေးယူဒဏ်ခတ်မှုခံခဲ့ရသော ကုမ္ပဏီများ ပါဝင်သည်။

ကြေညာခဲ့ပါသည်။[243] ဆန်းစစ်အကဲဖြတ်မည့် ကုမ္ပဏီများကိုလည်း (MCRB အနေနှင့် လက်လှမ်းမီသလောက် ရရှိထားသည့် လိပ်စာများနှင့် အီးမေးလ်များ အသုံးပြုပြီး ပေးပို့ဆက်သွယ်ခဲ့သည်။) ၂၀၂၀ စာတမ်းသုတေသနနည်းစနစ်များကို အီးမေးလ်နှင့် စာများပေးပို့ခဲ့သည်။

သုတေသနစာတမ်းကို အများပြည်သူအား မိတ်ဆက်ခြင်းပြုလုပ်ပြီးနောက် ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလတွင် အွန်လိုင်းပေါ်မှတစ်ဆင့် သုတေသနပြုလုပ်ခြင်းကို Yever မှ ဦးဆောင်ဆောင်ရွက်ခဲ့သည်။ ပထမအကြိမ် အကဲဖြတ်ဆန်းစစ်ခြင်းကို Yever အဖွဲ့ဝင်တစ်ယောက်မှ အကဲဖြတ်ဆောင်ရွက်ခဲ့ပြီး၊ သဘောတူညီထားသည့် အတိုင်း အကဲဖြတ်မှု အရည်အသွေးကို စံနှုန်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်။ အကဲဖြတ်စစ်ဆေးခြင်းမှ ရမှတ်မူကြမ်းများကို ကုမ္ပဏီများအား ပုံနှိပ်ဖြင့်သော်လည်းကောင်း၊ အီးမေးလ်ဖြင့်သော်လည်းကောင်း ဧပြီလတွင် မျှဝေပေးပို့ခဲ့သည်။

ပထမအကြိမ် ရမှတ်မူကြမ်းများအကဲဖြတ်ပြီးနောက် ၂၀၂၀နှစ်၊ မေလ ၁၄ရက်နေ့တွင် MCRB နှင့် Yever သည် ရမှတ်များနှင့်ပတ်သက်၍ ဆွေးနွေးရန် အွန်လိုင်းအစည်းအဝေးပွဲ (webinar) တစ်ခုကိုကျင်းပခဲ့သည်။ ရမှတ်မူကြမ်းများနှင့် ပတ်သက်၍သော်လည်းကောင်း၊ ၎င်းတို့၏ ထုတ်ဖော်ကြေညာချက်များနှင့်ပတ်သက်၍ တိုးတက်အောင်မည်သို့လုပ်ဆောင်ရမည်နှင့်ဆိုင်သည့် တိကျသော အကြံပြုချက်များနှင့်စပ်လျဉ်း၍ MCRB နှင့် Yever သို့ ဆက်သွယ်ဆွေးနွေးရန် ကမ်းလှမ်းချက်များ ပြုလုပ်ခဲ့ပါသည်။ ကုမ္ပဏီပေါင်း (၄၀)ကျော်မှ MCRB နှင့် Yever သို့ ဆက်သွယ်ခဲ့ကြပြီး ၃၄ ခုမှာ ၎င်းတို့၏ ရမှတ်မူကြမ်းနှင့်ပတ်သက်သည့် ဆွေးနွေးမှုများနှင့် ၎င်းတို့၏ ထုတ်ဖော်ကြေညာချက်များ မည်သို့ တိုးတက်အောင် လုပ်ဆောင်ရမည်နှင့်ဆိုင်သည့် တိကျသော အကြံပြုချက်များရယူရန် MCRB နှင့် Yeverသို့ဆက်သွယ်ခဲ့ခြင်းဖြစ်သည်။[244] ကုမ္ပဏီများအနေနှင့် သတင်းအချက်အလက်များကို ဩဂုတ်လကုန်တွင် နောက်ဆုံးထား၍ ထုတ်ဖော်ကြေညာရန် လိုအပ်သော်လည်း ဝက်(ဘ်)ဆိုဒ် မွမ်းမံ ပြင်ဆင်ခြင်းနှင့် ဆန္ဒအလျောက်လုပ်ဆောင်ရန် ဆုံးဖြတ်ချက်များချထားမှု နောက်ကျခြင်းများကြောင့် အချိန်ပိုတောင်းဆိုသော ကုမ္ပဏီများအား ရက်သတ္တပတ်သုံးပတ်အထိ ခြွင်းချက်အနေဖြင့် ထပ်မံ စောင့်ဆိုင်းပေးခဲ့ပါသည်။

Yever မှ အချက်အလက် ၆၀,၀၀၀ ကျော်ကို ဆန်းစစ်လေ့လာ၍ ကွန်ပျူတာထဲ ထည့်သွင်းပြီးနောက် ရမှတ်များကို အောက်တိုဘာလတွင် အပြီးသတ်ခဲ့သည်။ Yever မှ နောက်ဆုံးအကြိမ် ပြန်လည်သုံးသပ်ခဲ့သည်။ ထို့နောက် ထိပ်တန်းကုမ္ပဏီများနှင့် Yever ၏ ဝန်ဆောင်မှုများအား ရယူသုံးစွဲနေသည့် ကုမ္ပဏီများ၏ ရမှတ်များကို အကျိုးအမြတ်ဆိုင်ရာအငြင်းပွားဖွယ်ကိစ္စရပ်များ မဖြစ်ပေါ်စေရန်အတွက် MCRB မှ ထပ်မံအတည်ပြု စစ်ဆေးပေးခဲ့ပါသည် (ဇယား ၁ တွင်ကြည့်ပါ)။ MCRB သည် မည်သည့် ကွာဟချက်ကိုမှ မတွေ့ရှိပါ၊ Yever ၏ အကဲဖြတ်မှုအပေါ် ယုံကြည်စိတ်ချရမှုမှာ ၉၉.၉% ကျော်ရှိပါသည်။ ခြုံငုံ၍ကြည့်လျှင် Yever သည် သုတေသန အတွက်ပြင်ဆင်မှုနှင့် သတင်းအချက်အလက်စိစစ်မှုအပိုင်း ဆောင်ရွက်ရန် အလုပ်လုပ်ရက်ပေါင်း ၃၀၀ ကျော် (ငွေကြေးကောက်ခံခြင်းမပြုဘဲ အခမဲ့) လုပ်ကိုင်ခဲ့သည်။

ထိုကဲ့သို့ အပြန်အလှန်ဆွေးနွေးခြင်း၏ ရလဒ်အဖြစ် ကုမ္ပဏီအများစု၏ သတင်းအချက်အလက်များ ထုတ်ဖော်ကြေညာမှုသည် သိသာထင်ရှားစွာ တိုးတက်လာပြီး အကြမ်းဖျင်းရမှတ်များနှင့် နောက်ဆုံးရမှတ်များကြား ယေဘုယျအားဖြင့် ရမှတ်အားဖြင့် ၁၄% မြင့်တက်

243 https://www.myanmar-responsiblebusiness.org/pwint-thit-sa/2020.html နှင့် https://yever.org/project/pwint-thit-sa-2020/

244 MCRB/Yever နှင့်တွေ့ခဲ့သူများ Alpha Power Engineering Amata Holding Public, Ashro Group of Companies, Authentic Group, Ayeyarwaddy Farmers Development Bank Public, City Mart Holding, Dagon Group, Europe & Asia Commercial, Ever Flow River, Excellent Fortune Development, First Myanmar Investment Public, Kanbawza Bank, IGE, IKBZ Insurance, IME Group, KMD, Maha Agriculture Microfinance, Max Myanmar, Mya Ayer, Myanma Economic Holding Public, Myanmar Agribusiness Public Corporation,Myanmar Agro Exchange Public, Myanmar Thilawa SEZ Holdings Public, Parami Energy, Proven Group, Shwe Taung, Smart Technical Services, Supreme Group, United Amara Bank, Yangon Electricity Supply Corporation, Yoma Bank, Zaw Gyi Premier.

လာခဲ့သည်။ ထို့ကြောင့်ထုတ်ဖော်ကြေညာမှုနှင့် ပတ်သက်၍ ကြီးကြပ်ကွပ်ကဲသူများမှ ကုမ္ပဏီများအပေါ် အလားတူလမ်းညွှန်မှုများ ပြုလုပ်ပေးရန် လိုအပ်နေကြောင်းနှင့် ကုမ္ပဏီများမှ အဆိုပါလမ်းညွှန်မှုများကို ကြိုဆိုကြောင်း သိရှိနိုင်ပါသည်။

## အမှတ်ပေးခြင်း

ထုတ်ဖော်ကြေညာခြင်းနှင့် ပတ်သက်သော စံသတ်မှတ်ချက်တစ်ခုစီကို “YES” ဆိုလျှင် (၁) မှတ်၊ “NO” ဆိုလျှင် (၀) မှတ်ဟု ညီမျှစွာ သတ်မှတ်ထားသည်။ အမှတ်တစ်မှတ်ရရန် ကုမ္ပဏီ၏ ထုတ်ဖော်ကြေညာမှုတစ်ခုသည် ရှင်းလင်း၍ ပြီးပြည့်စုံရမည်၊ ကုမ္ပဏီမှ တရားဝင်ထုတ်ပြန်ထားပြီးဖြစ်ရမည့်အပြင် အများပြည်သူ ဝင်ရောက်ဖတ်ရှုနိုင်ရန်လည်း လွယ်ကူအဆင်ပြေရမည် ဖြစ်သည်။ ကုမ္ပဏီ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြရမည်ဖြစ်ပြီး နှစ်ပတ်လည်အစီရင်ခံစာများအတွက်မူ သက်တမ်း ၂ နှစ်ထက် မကျော်ရန်လည်း လိုအပ်ပေသည်။

ကုမ္ပဏီလုပ်ဆောင်ချက်နှင့် ပတ်သက်သော စံသတ်မှတ်ချက်တစ်ခုစီကို “YES” ဆိုလျှင် (၂) မှတ်၊ တိကျသော စံသတ်မှတ်ချက်များအတွက် – မေးခွန်း ၆၈၊ ၇၁၊ ၇၅ နှင့် ၉၆ တို့အတွက် ကျွန်ုပ်တို့သည် ကုမ္ပဏီများ၏ လုပ်ထုံးလုပ်နည်းများသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိကို အကဲဖြတ်ရန်အတွက် အမှတ်ပေး စနစ်တစ်ခုကို မိတ်ဆက်ခဲ့သည်။ ဥပမာအားဖြင့် ကုမ္ပဏီများတစ်ခုလုံး နှင့်သက်ဆိုင်သည့် လတ်တလောဆောင်ရွက်နေသည့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ပါဝင်အောင် ထုတ်ပြန်ကြေညာပါက ကုမ္ပဏီနှင့်သက်ဆိုင်သည့် အချက်အလက် တစ်စိတ်တစ်ပိုင်းသာ ထုတ်ပြန် ကြေညာသည့်ကုမ္ပဏီထက် အမှတ်ပိုရသည်။ ကုမ္ပဏီနှစ်ခုလုံးသည် သတင်းအချက်အလက်အချို့ကို ထုတ်ပြန်ကြေညာသော်လည်း၊ ကျွန်ုပ်တို့သည် ‘အပြောဖြင့် အလုပ်လုပ် နေသောသူများ’ကို ကျော်လွန်၍ ‘အစစ်အမှန် အလုပ်လုပ်သူများ’ကိုသာ ထည့်သွင်းစဉ်းစားသည်။ ထိုမှသာ ၎င်းတို့နှင့် ထိုက်တန်သော ရမှတ်များကို ရရှိနိုင်ပေလိမ့်မည် ဖြစ်ပါသည်။ စံသတ်မှတ်ချက် (၁၄၃) ချက်အနက် တစ်ချက်စီအတွက် ရမှတ်များကိုပေါင်း၍ ကုမ္ပဏီ၏ ရမှတ်စုစုပေါင်းကို တွက်ချက်ထားသည်။ ထို့နောက်တွင် ဇယားကွက် ၄ တွင် ရှင်းပြခဲ့သည့်အတိုင်း ရမှတ်ရာခိုင်နှုန်းများကို တွက်ချက်ရာ တွင် ကုမ္ပဏီအမျိုးအစားပေါ် မူတည်၍ အမှတ်ပေးပုံနည်းစနစ် ကွဲပြားသောကြောင့် စာရင်းသွင်းထားသော ကုမ္ပဏီများနှင့် အများပိုင်ကုမ္ပဏီများအကြားနှင့် ပုဂ္ဂလိကပိုင်၊ အစိုးရပိုင် ကုမ္ပဏီများအကြားတွင် ကွဲပြားခြားနားမှုရှိသည်။

### သုတေသနဆောင်ရွက်ပုံနည်းနာ၏ ကန့်သတ်ချက်များ

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်ဆန်းစစ်ခြင်းဆောင်ရွက်ရာတွင် အများပြည်သူ ဝင်ရောက်ဖတ်ရှုနိုင်သော သတင်းအချက်အလက်များပေါ်တွင်သာ အခြေခံသော အမှတ်ပေးသော သဘောသဘာဝကြောင့် မြန်မာကုမ္ပဏီများအား အမှတ်ပေးအဆင့် သတ်မှတ်ရာတွင် ကန့်သတ်ချက်များရှိခဲ့သည်။ ဤသုတေသန စစ်တမ်းဆောင်ရွက်ပုံသည် အင်တာနက်မှ သတင်းအချက်အလက်များ ရရှိနိုင်မှုကိုသာ ရိုးရှင်းစွာ အကဲဖြတ်ဆန်းစစ်ထားခြင်းဖြစ်သည်။ စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းသည် အင်တာနက်မှတစ်ဆင့် အများပြည်သူ ဝင်ရောက်လေ့လာနိုင်သော သတင်းအချက်အလက်များပေါ်တွင် အခြေခံသောကြောင့် အများပြည်သူ လက်လှမ်းမမီသော ပုံနှိပ်အနေဖြင့်သာ ရရှိနိုင်သော မူဝါဒများ (သို့မဟုတ်) အစီရင်ခံစာများသည်ကိုအမှတ်မပေးပါ။ ထို့ပြင်၊ အထူးသဖြင့် အထက်တွင်ဖော်ပြထားသော အမှတ်ပေးစနစ် မိတ်ဆက်မှုမှတစ်ဆင့် ၂၀၂၀ ခုနှစ် ပွင့်သစ်စအစီရင်ခံစာသည် မူဝါဒများအား အကောင်အထည်ဖော်ထားရှိမှုနှင့် အသုံးပြုထားသော အလေ့အကျင့်များ၏ အရည်အသွေးတို့အား စံနှုန်းသတ်မှတ်ရန် ကြိုးစားဆောင်ရွက်ခဲ့သော်လည်း ယုံကြည်ရသော စာရင်းစစ်၏ စာရင်း

စစ်ထားခြင်းမရှိလျှင် ထိုသတင်းအချက်အလက်များ၏ ခိုင်မာမှုသည် ကိုယ်တိုင် ထုတ်ဖော်ကြေညာချက်များတွင်သာ မူတည်လျက် ရှိနေသေးသည်။

## ရလဒ်များ

*မြန်မာကုမ္ပဏီများသည် သတင်းအချက်အလက်များ ထုတ်ဖော်ကြေညာမှုများ ပိုမိုလုပ်ဆောင်လာသည်။*

အကဲဖြတ်ဆန်းစစ်ထားသော ကုမ္ပဏီ (၂၆၀) ခု အနက် ကုမ္ပဏီပေါင်း (၁၆၂) ခု (၆၂%)သည် ယခုတွင် ဝက်(ဘ်)ဆိုဒ်ရှိသောကြောင့် ၂၀၁၉ ခုနှစ်(၅၂%) နှင့် နှိုင်းယှဉ်ပါက သိသာထင်ရှားစွာ တိုးတက်လာသည်။ ၎င်းသည် ၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ခုနှစ် အကြား ဆင့်ကဲပြောင်းလဲမှုနှင့် ကိုက်ညီသည် (အနှစ်ချုပ်ရှိ ပုံ ၂ တွင်ကြည့်ပါ) နှစ်နှစ်တာကာလအတွင်း သုညရာခိုင်နှုန်းရရှိမှုသည် ၄၆ ရာခိုင်နှုန်းမှ ၃၈ ရာခိုင်နှုန်းသို့ ကျဆင်းသွားပြီး အကဲဖြတ်ခဲ့သည့် ကုမ္ပဏီအရေအတွက် ၁၈၂ မှ ၂၆၀ သို့ တိုးတက်လာခဲ့သည်။ မြန်မာကုမ္ပဏီများသည် ၎င်းတို့၏ အွန်လိုင်းမှ သတင်းအချက်ထုတ်ဖော်ကြေညာမှုများကိုလည်း သိသာထင်ရှင်းစွာ တိုးတက်အောင် လုပ်ဆောင်နေသည်။

### ထုတ်ဖော်မှုအရည်အသွေး တိုးတက်ခဲ့သည်။


ပျမ်းမျှအားဖြင့် ကုမ္ပဏီ ၂၆၀ ခု၏ ပျမ်းမျှရမှတ်သည် ၂၀၂၀ ခုနှစ်တွင် ၇ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့သည်။ ၎င်းတို့မှာ ၂၀၁၉ ခုနှစ်တွင် ၅ ရာခိုင်နှုန်းသာရှိခဲ့သည် (ပုံ ၅ ကိုကြည့်ပါ)။ ကျွန်ုပ်တို့သည် ၂၀၂၀ ပြည့်နှစ်တွင် ကုမ္ပဏီများကို ပိုမိုအကဲဖြတ်ခြင်းကြောင့် ဤ၂ ရာခိုင်နှုန်း တိုးတက်လာမှုမှာ အရေးကြီးပါသည်။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ ရမှတ်များမှလွဲ၍ အားလုံး၏ ပျမ်းမျှရမှတ်များမှာ ၂၀၂၀ ပြည့်နှစ်တွင် တိုးတက်လာကြောင်းကို စိတ်ဝင်စားစွာ တွေ့ရှိပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် ၂၀၁၉ ခုနှစ်တွင် ၃ ရာခိုင်နှုန်း ရခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် ကုမ္ပဏီ အမျိုးအစားတွင် ယနေ့ချိန်ထိ ရမှတ်အနည်းဆုံးဖြစ်နေသေးသည် (ဇယားကွက် ၉ တွင် ၎င်းတို့ထဲမှ ရမှတ်အများဆုံး ကုမ္ပဏီများကို ကြည့်ရှုနိုင်ပါသည်။)

၂၀၁၉ခုနှစ်တွင်၁၁ရာခိုင်နှုန်းရှိခဲ့ရာမှယခုနှစ်တွင်၁၂ရာခိုင်နှုန်းသို့တိုးတက်လာသောကြောင့် ဘဏ်များ၏ ရမှတ်များ တိုးတက်လာသည်။ ဘဏ်များအတွက် စုစုပေါင်းရမှတ်မှာ ၀ ရာခိုင်နှုန်းမှ ၉၆ ရာခိုင်နှုန်း (uab Bank) သို့ အထိကွဲပြားနေသည်။ ပုဂ္ဂလိကပိုင် ဘဏ်သုံးခုသည် ယခုနှစ်တွင် ရမှတ်အများဆုံးရရှိသည့် ထိပ်ဆုံး ၁၀ ခု စာရင်းသို့ ဝင်ရောက်ခဲ့သည်။ အများပိုင် ကုမ္ပဏီများ၏ စွမ်းဆောင်ရည်သည် အနည်းငယ်သာ တိုးတက်ခဲ့သည် (ဇယားကွက် ၈ တွင် ရမှတ်အများဆုံးရရှိသည့် ထိပ်ဆုံး ၁၀ ခုကို ဖော်ပြထားသည်)။ ဤသည်ကို ကြည့်ခြင်းဖြင့် ပုဂ္ဂလိကကုမ္ပဏီပိုင်ရှင်များ၏ ဦးဆောင်မှုမှာ ပွင့်လင်းမြင်သာမှုအပိုင်းတွင် မည်မျှ ကြီးကြီးမားမား ထိရောက်မှုရှိကြောင်း သိရှိနိုင်ပြီး ဥပဒေရေးရာ အဖွဲ့အစည်းများကလည်း ၎င်းတို့ကြီးကြပ်သည့် အများပိုင်ကုမ္ပဏီများကို ပိုမိုလိုက်နာဆောင်ရွက်မှုရှိစေရန် ကြပ်မတ်သင့်ပြီး ထုတ်ဖော်ကြေညာခြင်းနှင့်ပတ်သက်သည့် သက်ဆိုင်ရာညွှန်ကြားချက်များကိုလည်း ရှင်းရှင်းလင်းလင်း သတ်မှတ်သင့်ကြောင်း သိရှိနိုင်ပါသည်။

ထို့အပြင် ၂၀၂၀ ရမှတ်စာရင်းတွင် ပိုမိုတောင်းဆိုမှုများ ရှိခဲ့သဖြင့် ၂၀၂၀ ခုနှစ်တွင် ထုတ်ဖော်ကြေညာချက်များကို ခေတ်နှင့်အညီပြုပြင်မွမ်းမံမှုများမရှိသော ကုမ္ပဏီများသည် ပျမ်းမျှအားဖြင့် ၁၀ မှတ်မှ ၂၀ မှတ်အထိ ဆုံးရှုံးခဲ့ရသည်။သို့သော်လည်း အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံး ၁၀ ခု၏ ပျမ်းမျှရမှတ်မှာ ၅၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းသို့ တိုးတက်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် အမှတ်အများဆုံးရခဲ့သူ (City Mart) သည် ၇၀ ရာခိုင်နှုန်းသာ ရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် (uab Bank) ၉၆ ရာခိုင်နှုန်းသို့ တိုးတက်လာသည်။

ရမှတ်အကောင်းဆုံးကုမ္ပဏီ (၁၀)ခုထဲတွင် အများစုမှာ ပုဂ္ဂလိကပိုင်ကုမ္ပဏီများ ဖြစ်ကြသည်။ ၂ ခုမှာ ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ်ဖြစ်ပြီး ၎င်းတို့ကို ပထမဆုံးအကြိမ်အဖြစ် အကဲဖြတ်ခဲ့ခြင်းဖြစ်သည်။ ရမှတ်အကောင်းဆုံး ကုမ္ပဏီ (၂၀)ခုထဲတွင် ကုမ္ပဏီ (၆) ခုမှ ဆန္ဒအလျောက် ဝင်ရောက် အကဲဖြတ်ခံခဲ့ခြင်း ဖြစ်သည်။ ဤသည်ကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံရှိ ထိပ်တန်းကုမ္ပဏီများသည် ရှင်းလင်းပြတ်သားသော ညွှန်ကြားမှုများနှင့် ပံ့ပိုးမှုများ ရရှိပါက ၎င်းတို့ ကော်ပိုရိတ်ဆိုင်ရာအချက်အလက်များ ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ အလေ့အကျင့်ကို ထိရောက်စွာ ပြုပြင်ပြောင်းလဲနိုင်သည်ကို ပြသသည်။ ပွင့်သစ်စ၏ ချဉ်းကပ်မှုများကလည်း ယင်းကို ထောက်ပံ့မှုပေးနိုင်ပါသည်။

## (ပုံ ၅) – ၂၀၁၉ နှင့် ၂၀၂၀ တို့အကြား ပျမ်းမျှရမှတ် တိုးတက်ပြောင်းလဲလာပုံ



**ပိုမိုကောင်းမွန်သော အလေ့အကျင့်များ ရရှိစေရန် အပြန်အလှန်ဆွေးနွေးမှုသည် အလွန်အရေးကြီးသည်။**

MCRB / Yever သည် ပထမနှင့် ဒုတိယအကဲဖြတ်ချက်များအကြားတွင် ကုမ္ပဏီ ၃၄ ခုအားတွေ့ဆုံရန် အချိန်ပေးခဲ့ပြီး၊ MCRB/Yever တို့ထံမှရရှိခဲ့သည့် အကြံပြုချက်များကြောင့် ၎င်းတို့၏ ကော်ပိုရိတ်ဆိုင်ရာ ထုတ်ဖော်ကြေညာမှုများ တိုးတက်ခဲ့သည်။ ပျမ်းမျှအားဖြင့် ဤကုမ္ပဏီများ၏ ရမှတ်သည် သူတို့၏ကနဦး ရမှတ် ၂၀ ရာခိုင်နှုန်းမှ နောက်ဆုံးတွင် ၃၆ ရာခိုင်နှုန်းသို့ တိုးတက်ခဲ့ခြင်းခြင်းကြောင့် ၎င်းတို့ရမှတ်၏ ၇၅ ရာခိုင်နှုန်း တိုးတက်လာကြောင်း တွေ့ရသည်။ ဆန္ဒအလျောက်ပါဝင်ခဲ့သော ကုမ္ပဏီတစ်ခုဖြစ်သည့် Authentic Group သည် ၄၄၀၀ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး အခြားတစ်ခုဖြစ်သည့် Mya Ayer သည် ၆၃၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အပြန်အလှန် ဆွေးနွေးမှုများကြောင့် အခြေားသော ကုမ္ပဏီ (၈)ခု၏ ရမှတ်များမှာ အနည်းဆုံး ၂ ဆ တိုးတက်လာကြောင်း တွေ့ရသည်။

**ထုတ်ဖော်ကြေညာခြင်းတွင် အရေးကြီးသော သတင်းအချက်အလက်များကို ပိုမိုအာရုံစိုက်ရန်နှင့် မဟာဗျူဟာကျကျဖြစ်ရန် လိုအပ်သည်။**

ကုမ္ပဏီများ၏ ၃ ရာခိုင်နှုန်းသာလျှင် ၎င်းတို့၏ ရည်မှန်းချက်များနှင့် မည်သို့အောင်မြင်အောင် လုပ်ဆောင်မည်ကို ရှင်းလင်းစွာ ရှင်းပြနိုင်ခဲ့သည်။ အလားတူစွာပင် ကုမ္ပဏီများ၏ ၆% သာ လျှင် အန္တရာယ်များကို ၎င်းတို့အနေဖြင့် မည်သို့ကိုင်တွယ်ဖြေရှင်းနေကြောင်းကို အသေးစိတ် ဖော်ပြထားသည်။ သို့သော်လည်း ၂ ရာခိုင်နှုန်းသော ကုမ္ပဏီများမှသာလျှင် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ သို့မဟုတ် ဦးစားပေးဆောင်ရွက်မှုများ ပတ်သက်သည့် ရလဒ်များကို ရှင်းရှင်း လင်းလင်းဖော်ပြထားသည့် materiality analysis တစ်ခု ထုတ်ဖော်ကြေညာခဲ့သည်။ စာရင်း သွင်းထားသောကုမ္ပဏီများနှင့်အများပိုင်ကုမ္ပဏီများသည် ယင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ထုတ်ဖော်ကြေညာချက်များကို တိုးတက်အောင်လုပ်ဆောင်သင့်သည်။ ထိုအရာ များသည် အစုရှယ်ယာရှင်များနှင့် ဈေးကွက်တွင်ပါဝင်လုပ်ကိုင်နေသူများအတွက် မရှိမဖြစ် လိုအပ်သော အရာများဖြစ်ဖြစ်သည်။

ထုတ်ဖော်ကြေညာချက်များသည် ၎င်းတို့၏ နက်ရှိုင်းခြင်းနှင့် ပြည့်စုံမှုတို့အပေါ်မူတည်၍ ကွဲပြားခြားနားသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် ၂၆ ရာခိုင်နှုန်းက ၎င်းတို့တွင် ဒါရိုက်တာ ဘုတ်အဖွဲ့ရှိကြောင်းဖော်ပြခဲ့သော်လည်း ၂၂% ကသာ ဒါရိုက်တာအရေအတွက်၊ ၁၃% က သာ ဘုတ်အဖွဲ့၏တာဝန် ဝတ္တရားများနှင့် ၈% ကသာ ဥက္ကဋ္ဌ၏ တာဝန်များကိုထုတ်ဖော် ကြေညာခဲ့သည်။

ကုမ္ပဏီများသည် တောင့်တင်းခိုင်မာမှုရှိသည့် အပြည်ပြည်ဆိုင်ရာ အစီရင်ခံခြင်းဆိုင်ရာ မူဘောင်များကို အသုံးပြုသင့်ပြီး အခြားမြန်မာကုမ္ပဏီများနှင့် နှိုင်းယှဉ်နိုင်သည့် စွမ်းဆောင် ရည်ဖြစ်အောင် ပံ့ပိုးပေးသင့်သည် (အပိုင်း၃ ကိုကြည့်ပါ)။ ၂၀၂၀ ခုနှစ်တွင် ကုမ္ပဏီ ၂၃ ခုသည် ယင်းတို့၏စွမ်းဆောင်ရည်ကိုထုတ်ဖော်ပြောဆိုရာတွင် ရေရှည် တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးရေး ရည်မှန်းချက်များ ရည်ညွှန်းခဲ့ပြီး၊ ၉ ခုမှာ အာဆီယံ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်၊ ၉ခုမှာ ကမ္ဘာ့အဆင့်အစီခံခြင်း ကနဦးဆောင်ရွက်ချက်ဆိုင်ရာ စံနှုန်းများ (GRI)နှင့် ၂ ခုမှာပူးတွဲ အစီရင်ခံခြင်း ဆိုင်ရာမူဘောင် (IR) နှင့် ၂ ခုမှာ SASB တို့ဖြင့်ပြသခဲ့သည်။ အရေအတွက်အားဖြင့် နည်းပါးသော်လည်း ဤကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် ပိုမိုကောင်းမွန်သော ကော်ပိုရိတ် ဆိုင်ရာထုတ်ဖော်ကြေညာမှုနှင့် အစီရင်ခံခြင်းတို့ အတွက် လမ်းကြောင်းဖော်ထုတ်ခြင်းများ ကြောင့် အသိအမှတ်ပြုသင့်သည်။ အလားတူ အလေ့အကျင့်များ လုပ်ကိုင်ရန် စတော့အိပ် ချိန်းစာရင်းဝင်ကုမ္ပဏီများနှင့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများကို မက်လုံးများပေးခြင်း နှင့် အားပေးတိုက်တွန်းခြင်းတို့ ပြုလုပ်သင့်သည်။

နောက်ဆုံးအနေဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များအပေါ် သတင်းအချက် အလက် ထုတ်ဖော်ကြေညာခြင်း ဆိုင်ရာစွမ်းဆောင်မှုတွယ် ကုမ္ပဏီအနည်းငယ်သည် သတင်းအချက်အလက်များစွာကို ထုတ်ဖော် ပြသခဲ့ကြသည် (ဇယားကွက် -၆)။ ယင်းတို့ထံမှ

အများစုသည် ၎င်းတို့၏ စွမ်းဆောင်ရည် သို့မဟုတ် နယ်ပယ် သို့မဟုတ် ဆီလျော်မှုနှင့် မေးခွန်းထုတ်ဖွယ်ဖြစ်သည့် အဓိက စွမ်းဆောင်မှုညွှန်းကိန်းများ (KPIs)တို့နှင့်ဆိုင်သည့် မရေရာ၊ မသေချာသည့် အချက်များကို ထုတ်ဖော်ကြေညာကြသည်။ သက်ဆိုင်ရာ အဓိက စွမ်းဆောင်မှု ညွှန်းကိန်းများ (KPIs) များကို သက်မှတ်ဖော်ထုတ်ရန်မှာ စီးပွားရေး case များ ရှိသည်။ စွမ်းအင်သုံးစွဲမှုကို ထုတ်ဖော်ပြောဆိုနိုင်သော ကုမ္ပဏီသည် ၎င်းတို့အနေဖြင့် စွမ်းအင်အတွက် ကုန်ကျစရိတ်ကို မည်သို့လျှော့ချရမည်ကို သိရှိသောကြောင့် အနာဂတ်တွင် အမြတ်အစွန်းကို ပိုမိုရရှိအောင် လုပ်ဆောင်နိုင်မည့် အနေအထားတွင် ရှိသည်။ ထိုနည်းတူစွာပင် အလုပ်သမားသစ်များကို ဆွဲဆောင်ရန်၊ ထိန်းသိမ်းရန်နှင့် အလုပ်သမားများ၏ အလားအလာကို တိုးတက်စေရန်အတွက် ကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေများ ဖန်တီးပေးခြင်းနှင့် အခွင့်အလမ်းများ လှုံ့ဆော်ပေးခြင်းသည် မရှိမဖြစ်လိုအပ်သည်။ ထို့ကြောင့် ဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံမှုနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ထုတ်ဖော်နိုင်ခြင်းသည် စီမံခန့်ခွဲမှု၏အရည်အသွေးကို ထင်ဟပ်စေပါသည်။ လက်ရှိတွင် ၂%သော ကုမ္ပဏီသာလျှင် ထိုကဲ့သို့သော သတင်းအချက်များကို ထုတ်ဖော်ကြေညာထားသည်။

သတင်းအချက်အလက် ထုတ်ဖော်ကြေညာမှု အကောင်းဆုံးလုပ်ဆောင်သည့် ထိပ်တန်းကုမ္ပဏီ(၃၀)ခုစာရင်းကိုဇယားကွက်(၇)တွင်ဖော်ပြထားသည်။အကဲဖြတ်ဆန်းစစ်ထားသော စုစုပေါင်းကုမ္ပဏီ (၂၆၀) ခုနှင့် ၎င်းတို့၏ရမှတ်များစာရင်း အပြည့်အစုံကို နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားသည်။


**ဇယားကွက် ၆။**
**ကုမ္ပဏီများမှထုတ်ဖော်ပြသထားသည့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာအကြောင်းအရာများ**

| THEMES | TOPICS | % |
|---|---|---|
| လူမှုရေး | ခွဲခြားဆက်ဆံမှုမရှိသည့်အလုပ်ရှင် (ကျား / မ၊ လူမျိုး၊ အသက်) | ၈ % |
| လူမှုအသိုင်းဝိုင်းတစ်ခုလုံး | ပရဟိတလုပ်ငန်းများ | ၈ % |
| လူမှုရေး | လေ့ကျင့်ရေးသင်တန်းများ | ၇ % |
| လူမှုရေး | အလုပ်ထွက်နှုန်း | ၇ % |
| Environmental | စွမ်းအင် | ၆ % |
| လူမှုရေး | ကြိမ်နှုန်း / သေဆုံးမှုနှုန်း | ၆ % |
| လူမှုရေး | အလုပ်ပျက်ကွက်မှုနှုန်း | ၅ % |
| လူမှုရေး | ရာထူးတိုးတက်မှု / အကဲဖြတ်မှု | ၅ % |
| လူမှုရေး | ကျန်းမာရေးဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင် | ၅ % |
| လူမှုအသိုင်းဝိုင်းတစ်ခုလုံး | ကုန်ပစ္စည်းဆိုင်ရာတာဝန်ဝတ္တရားများ | ၄ % |
| သဘာဝပတ်ဝန်းကျင် | ကာဗွန် | ၄ % |
| လူမှုအသိုင်းဝိုင်းတစ်ခုလုံး | ထောက်ပံ့ရေးကွင်းဆက်စီမံခန့်ခွဲမှု | ၄ % |
| သဘာဝပတ်ဝန်းကျင် | ရေ | ၃ % |
| လူမှုရေး | မသန်စွမ်းမှု | ၃ % |
| သဘာဝပတ်ဝန်းကျင် | စွန့်ပစ်ပစ္စည်း | ၃ % |
| လူမှုရေး | ဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံမှု | ၂ % |



ဇယားကွက် ၇။ ၂၀၂၀ပြည့်နှစ် ပွင့်သစ်စ အစီရင်ခံစာ တွင် အကဲဖြတ်ဆန်းစစ်ထားသော အကောင်းဆုံးထိပ်တန်းကုမ္ပဏီ (၃၀) ခု

| Rank 2020 | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|---|
| 1 | uab bank | PR | 128% | 228% | 73% | 76% | 96% |
| 2 | CITY MART HOLDING (CMHL) | PR | 128% | 156% | 74% | 76% | 89% |
| 3 | SHWE TAUNG GROUP | PR | 100% | 100% | 77% | 75% | 81% |
| 4 | YOMA BANK | PR | 133% | 161% | 56% | 65% | 79% |
| 5 | FIRST MYANMAR INVESTMENT PUBLIC (FMI) | L | 100% | 77% | 73% | 50% | 69% |
| 6 | MAX MYANMAR GROUP | PR | 106% | 139% | 48% | 43% | 62% |
| 7 | KANBAWZA BANK (KBZ BANK) | PR | 94% | 172% | 35% | 38% | 57% |
| 8 | MYANMAR THILAWA SEZ HOLDINGS PUBLIC (MTSH) | L | 85% | 66% | 38% | 54% | 55% |
| 9 | TMH TELECOM PUBLIC | L | 88% | 60% | 30% | 59% | 54% |
| 10 | DAGON GROUP | PR | 117% | 128% | 42% | 27% | 53% |
| 11 | MYANMAR AGRO EXCHANGE PUBLIC (MAEX) | P | 85% | 64% | 44% | 39% | 52% |
| 12 | KMD | PR | 94% | 117% | 29% | 39% | 49% |
| 13 | SMART TECHNICAL SERVICES | PR | 67% | 111% | 26% | 43% | 46% |
| 14 | IME GROUP | PR | 83% | 50% | 28% | 48% | 44% |
| 15 | ALPHA POWER ENGINEERING | PR | 67% | 28% | 39% | 48% | 44% |



## ဇယားကွက် ၇။ ၂၀၂၀ပြည့်နှစ် ပွင့်သစ်စ အစီရင်ခံစာ တွင် အကဲဖြတ်ဆန်းစစ်ထားသော အကောင်းဆုံးထိပ်တန်းကုမ္ပဏီ (၃၀) ခု

| Rank 2020 | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|---|
| 16 | MYAN SHWE PYI TRACTORS (MSP CAT) | PR | 72% | 44% | 23% | 56% | 44% |
| 17 | IGE GROUP | PR | 89% | 128% | 30% | 21% | 43% |
| 18 | PROVEN GROUP | PR | 78% | 56% | 7% | 59% | 41% |
| 19 | GRAND GUARDIAN INSURANCE PUBLIC (GGI) | P | 62% | 30% | 21% | 55% | 39% |
| 20 | MAHA AGRICULTURE MICROFINANCE | PR | 67% | 111% | 27% | 16% | 36% |
| 21 | MYANMAR AGRIBUSINESS PUBLIC CORPORATION (MAPCO) | P | 46% | 49% | 33% | 13% | 31% |
| 22 | ZAWGYI PREMIER | PR | 72% | 33% | 23% | 19% | 28% |
| 23 | AUTHENTIC GROUP | PR | 72% | 28% | 12% | 24% | 25% |
| 24 | EVER FLOW RIVER GROUP (E. F. R) | L | 58% | 32% | 15% | 12% | 23% |
| 25 | AYEYARWADY BANK (AYA BANK) | PR | 28% | 61% | 23% | 7% | 21% |
| 26 | AMATA HOLDING PUBLIC | P | 46% | 40% | 2% | 10% | 19% |
| 27 | EXCELLENT FORTUNE DEVELOPMENT GROUP (EFD) | PR | 67% | 17% | 16% | 7% | 18% |
| 28 | AYEYARWADDY FARMERS DEVELOPMENT BANK PUBLIC (A BANK) | P | 19% | 19% | 21% | 10% | 17% |
| 29 | MYANMA AWBA GROUP | PR | 44% | 33% | 17% | 4% | 16% |
| 30 | FIRST PRIVATE BANK (FPB) | L | 50% | 17% | 2% | 15% | 16% |



## ဇယားကွက် ၈။ ထိပ်တန်း  အများပြည်သူနှင့်သက်ဆိုင်သော ကုမ္ပဏီ (၁၀) ခု

| Ranking among public companies | Company Name | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|
| 1 | MYANMAR AGRO EXCHANGE PUBLIC (MAEX) | 85% | 64% | 44% | 39% | 52% |
| 2 | GRAND GUARDIAN INSURANCE PUBLIC (GGI) | 62% | 30% | 21% | 55% | 39% |
| 3 | MYANMAR AGRIBUSINESS PUBLIC CORPORATION (MAPCO) | 46% | 49% | 33% | 13% | 31% |
| 4 | AMATA HOLDING PUBLIC | 46% | 40% | 2% | 10% | 19% |
| 5 | AYEYARWADDY FARMERS DEVELOPMENT BANK PUBLIC (A BANK) | 19% | 19% | 21% | 10% | 17% |
| 6 | GREAT HOR KHAM PUBLIC | 35% | 21% | 15% | 2% | 14% |
| 7 | CO-OPERATIVE BANK (CB BANK) | 35% | 13% | 14% | 8% | 14% |
| 8 | MYANMAR TECHNOLOGIES AND INVESTMENT CORPORATION | 27% | 15% | 2% | 6% | 10% |
| 9 | GLOBAL TREASURE BANK PUBLIC | 19% | 13% | 0% | 10% | 9% |
| 10 | ASIA GREEN DEVELOPMENT BANK (AGD BANK) | 15% | 9% | 9% | 1% | 7% |



ဇယားကွက် ၉။ ထိပ်တန်း နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (၁၀) ခု

| Ranking among SEEs | Company Name | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|
| 1 | YANGON ELECTRICITY SUPPLY CORPORATION | 33% | 6% | 2% | 10% | 9% |
| 2 | MYANMAR SHIPYARDS | 28% | 17% | 0% | 0% | 5% |
| 3 | MYANMA INVESTMENT AND COMMERCIAL BANK | 11% | 17% | 0% | 1% | 4% |
| 4 | MYANMA ECONOMIC BANK | 17% | 11% | 0% | 0% | 3% |
| 5 | ELECTRICITY SUPPLY CORPORATION | 11% | 6% | 2% | 1% | 3% |
| 5 | MANDALAY ELECTRICITY SUPPLY CORPORATION | 11% | 11% | 0% | 1% | 3% |
| 5 | MYANMAR PORT AUTHORITIES | 22% | 0% | 0% | 1% | 3% |
| 8 | MYANMAR ECONOMIC CORPORATION | 22% | 0% | 0% | 0% | 2% |
| 8 | MYANMAR PEARL ENTERPRISE | 17% | 0% | 0% | 1% | 2% |
| 8 | MYANMAR POSTS AND TELECOMMUNICATION | 22% | 0% | 0% | 0% | 2% |
| 8 | NO 1 MINING ENTERPRISE | 22% | 0% | 0% | 0% | 2% |



## ဇယားကွက် ၁၀။ ၂၀၂၀ ပြည့်နှစ် ပွင့်သစ်စ အစီရင်ခံစာမှ ဘဏ်များ

| Ranking among banks | Company Name | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|
| 1 | uab bank | 128% | 228% | 73% | 76% | 96% |
| 2 | YOMA BANK | 133% | 161% | 56% | 65% | 79% |
| 3 | KANBAWZA BANK (KBZ BANK) | 94% | 172% | 35% | 38% | 57% |
| 4 | MAHA AGRICULTURE MICROFINANCE | 67% | 111% | 27% | 16% | 36% |
| 5 | AYEYARWADY BANK (AYA BANK) | 28% | 61% | 23% | 7% | 21% |
| 6 | AYEYARWADDY FARMERS DEVELOPMENT BANK PUBLIC CO (A BANK) | 19% | 19% | 21% | 10% | 17% |
| 7 | FIRST PRIVATE BANK (FPB) | 50% | 17% | 2% | 15% | 16% |
| 8 | CO-OPERATIVE BANK (CB BANK) | 35% | 13% | 14% | 8% | 14% |
| 8 | MYANMAR CITIZENS BANK PUBLIC (MCB) | 46% | 23% | 0% | 9% | 14% |
| 10 | MYANMAR ORIENTAL BANK (MOB) | 28% | 28% | 17% | 2% | 13% |
| 11 | GLOBAL TREASURE BANK PUBLIC | 19% | 13% | 0% | 10% | 9% |
| 12 | ASIA GREEN DEVELOPMENT BANK (AGD BANK) | 15% | 9% | 9% | 1% | 7% |
| 13 | MYAWADDY BANK | 28% | 17% | 0% | 3% | 6% |
| 14 | SHWE (RURAL & URBAN) DEVELOPMENT BANK | 17% | 0% | 8% | 1% | 5% |
| 15 | NAY PYI TAW DEVELOPMENT BANK (NAY PYI TAW SIBIN BANK | 22% | 17% | 0% | 1% | 5% |
| 16 | CONSTRUCTION, HOUSING AND INFRASTRUCTURE DEVELOPMENT BANK | 15% | 11% | 0% | 0% | 4% |
| 17 | MYANMA INVESTMENT AND COMMERCIAL BANK (MICB) | 11% | 17% | 0% | 1% | 4% |
| 18 | MYANMA ECONOMIC BANK | 17% | 11% | 0% | 0% | 3% |
| 19 | MYANMA TOURISM BANK PUBLIC | 15% | 0% | 0% | 0% | 2% |
| 20 | MINERAL DEVELOPMENT BANK | 17% | 0% | 0% | 0% | 2% |
| 20 | MYANMAR MICROFINANCE BANK | 17% | 0% | 0% | 0% | 2% |
| 22 | SMALL & MEDIUM ENTERPRISE DEVELOPMENT BANK | 12% | 0% | 0% | 0% | 1% |
| 23 | MYANMA APEX BANK | 11% | 0% | 0% | 0% | 1% |
| 23 | MYANMAR FOREIGN TRADE BANK | 11% | 0% | 0% | 0% | 1% |
| 23 | TUN COMMERCIAL BANK | 11% | 0% | 0% | 0% | 1% |
| 26 | GLORY FARMER DEVELOPMENT BANK (G BANK) | 8% | 0% | 0% | 0% | 1% |
| 27 | INNWA BANK | 6% | 0% | 0% | 0% | 1% |

| Ranking among banks | Company Name | Corpo-rate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|
| 27 | RURAL DEVELOPMENT BANK | 6% | 0% | 0% | 0% | 1% |
| 29 | FARMERS DEVELOPMENT PUBLIC BANK CO | 0% | 0% | 0% | 0% | 0% |
| 29 | MYANMA AGRICULTURE DEVELOPMENT BANK | 0% | 0% | 0% | 0% | 0% |
| 29 | YADANABON BANK | 0% | 0% | 0% | 0% | 0% |
| 29 | YANGON CITY BANK LTD | 0% | 0% | 0% | 0% | 0% |

## မြန်မာကုမ္ပဏီများအတွက် အကြံပြုချက်များ

### ပွင့်လင်းမြင်သာမှုနှင့် အစီရင်ခံခြင်း

- ဝန်ထမ်းများ၊ မီဒီယာများနှင့် အကျိုးသက်ဆိုင်သူများထံသို့ ဆက်သွယ်ပြောကြားနိုင်မည့် နည်းလမ်းတစ်ခုအနေဖြင့် ကုမ္ပဏီစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပါဝင်သည့် ဝက်(ဘ်)ဆိုဒ်ကို မြန်မာနှင့် အင်္ဂလိပ်ဘာသာနှစ်မျိုးလုံးဖြင့် တည်ဆောက်ရန် (သို့မဟုတ်) ရှိပြီးသား ဝက်(ဘ်)ဆိုဒ်များကို ဘာသာစကားနှစ်မျိုးဖြင့် ဖော်ပြခြင်းဖြင့် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန်။ အကျိုးသက်ဆိုင်သူများကို ထိရောက်မှန်ကန်စွာ ဆက်သွယ်နိုင်ရေးအတွက်ဆောင်ရွက်ထားရန်နှင့် မှတ်ချက်များနှင့် တုံ့ပြန်ချက်များကို ရယူရန်။
- ဝက်(ဘ်)ဆိုဒ်များကို ပုံမှန် ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်ရန်။ ထိုဝက်(ဘ်)ဆိုဒ်များပေါ်တွင် တင်ပေးထားသည့် သတင်းအချက်အလက်များသည်လည်း အချိန်နှင့်တစ်ပြေးညီ မှန်ကန်သော အချက်အလက်အသစ်များကို ဖြည့်စွက်ထားကြောင်းကို သေချာစွာ လုပ်ဆောင်ရန်။ ထိုအချက်အလက်များသည်လည်း တစ်သမတ်တည်းဖြစ်ပြီး စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ လိုအပ်ချက်များကိုလည်း အပြည့်အဝ ကိုက်ညီအောင် လုပ်ဆောင်ရန်။
- သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရာ၌ အောက်ပါတို့အပေါ်တွင် အထူးအလေးပေးသင့်ပါသည်။
    - o လက်အောက်ခံလုပ်ငန်းခွဲများ၊ ဖက်စပ်များနှင့် အခြားသော ဆက်စပ်နေသည့် လုပ်ငန်းများအားလုံးနှင့်ပတ်သက်သည့်အသေးစိတ်အချက်အလက်များကဲ့သို့ ကုမ္ပဏီ (သို့မဟုတ်) အုပ်စု၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွဲ့စည်းပုံနှင့် ပတ်သက်၍ ပို၍ပွင့်လင်းမြင်သာအောင် လုပ်ဆောင်ရန်။
    - o ဘုတ်အဖွဲ့၏ လုပ်ပိုင်ခွင့်များကို တရားဝင်ဖော်ပြထားသော စာတမ်း အပါအဝင် ကော်ပိုရိတ်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများနှင့် အလေ့အထများနှင့် ပတ်သက်သည့် အချက်အလက်များကို ပိုမိုထုတ်ပြန်ပေးရန်။ ဘဏ္ဍာရေးအရ မည်မျှသတ်မှတ်ထားသည်၊ လူသားအရင်းအမြစ်အားဖြင့် မည်မျှလုပ်ကိုင်နေသည်တို့အပါအဝင် ကုမ္ပဏီသည် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာတို့ကို မည်သို့ကိုင်တွယ်နေသည်ဆိုသော အချက်အလက်များအား ပိုမိုထုတ်ပြန်ပေးရန်။
    - o ကုမ္ပဏီဝက်(ဘ်)ဆိုဒ်များတွင် နှစ်ပတ်လည်အစီရင်ခံစာများကို ထုတ်ပြန်ကြေညာရန်၊ အထူးသဖြင့် စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများနှင့် ဘဏ်များအတွက် နှစ်ပတ်လည်အစီရင်ခံစာများကို ထုတ်ပြန်ကြေညာရန်။
    - o ကုမ္ပဏီမှတ်ပုံတင်အရာရှိသို့ တင်သွင်းရသည့် စာရင်းစစ်ပြီးသား ဘဏ္ဍာရေးစာရင်းများကို အချိန်မီ ထုတ်ပြန်ကြေညာရန်။
    - o ဘဏ္ဍာရေးမဟုတ်သော ကိန်းဂဏန်း အချက်အလက်များ အပါအဝင် စာရွက်စာတမ်းများနှင့် သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာပေးခြင်းအားဖြင့် အကျိုးသက်ဆိုင်သူများအား ကုမ္ပဏီ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ သတင်းအချက်အလက်များကို ပိုမိုပံ့ပိုးပေးရန်။ ဤသည်တို့တွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ၊ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် တိုင်ကြားမှုများအား မည်သို့ ကိုင်တွယ်နေကြောင်း စသည့်အကြောင်းအရာများ ပါဝင်သည်။

o အများပြည်သူ သိရှိစေရန် ထုတ်ပြန်ထားသော သတင်းအချက်အလက်များ အားလုံးကို လွယ်ကူစွာ ကြည့်ရှုရယူနိုင်ခြင်းနှင့် အဓိက စာရွက်စာတမ်းများကို မြန်မာ အင်္ဂလိပ် နှစ်ဘာသာလုံးဖြင့် ထားရှိပေးရန်။

- နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံမှုစံနှုန်းများ (IFRS) အား အလျင်မြန်ဆုံး ကျင့်သုံးဆောင်ရွက်ရန်။
- ကမ္ဘာ့အဆင့်အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက် (GRI) နှင့် ပူးတွဲအစီရင်ခံခြင်း ဆိုင်ရာမူဘောင် (Intergrated Reporting Framework) အစရှိသော နိုင်ငံတကာ အသိအမှတ်ပြု အစီရင်ခံခြင်းဆိုင်ရာ မူဘောင်တစ်ရပ်အား အသုံးပြုပြီး ရေရှည်ဖွံ့ ဖြိုးတိုးတက်မှုပန်းတိုင်များ (SDGs) ကို ညွှန်းဆိုခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲခြင်း ဆိုင်ရာ အစီရင်ခံစာအား ထုတ်ပြန်ကြေညာရန်နှင့် ယင်းအစီရင်ခံစာကို ကုလ သမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် (UN Global Compact) ဆိုင်ရာ အစီရင်ခံခြင်းတွင် ဆီလျော်သလို အသုံးပြုရန်။
- မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ နှစ်စဉ်ဒါရိုက်တာများ၏ အစီရင်ခံစာကို စီစဉ် ရေးဆွဲသည့်အခါတွင် ကုမ္ပဏီအတွင်းနှင့် ပြင်ပမှ ဆက်နွှယ်ပတ်သက်သူများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကုမ္ပဏီကို အန္တရာယ်ပြုနေသည့် ဆိုးရွိုးနို င်ခြေရှိနေသည့်အရာများကို ဖော်ထုတ်ရန် 'material assessment' ကို ဆောင် ရွက်ရန်နှင့် တစ်ချိန်တည်းမှာပင် အကောင်းဆုံးအဖြစ် AA1000 စံနှုန်းများနှင့်လည်း ကိုက်ညီအောင် လိုက်နာရန်။
- IFC ၏ TipSheet ကို အခြေခံ၍ COVID နှင့်သက်ဆိုင်သည့် ဘဏ္ဍာရေးနှင့် ESG အန္တရာယ်များကို အစီရင်ခံရန်။ (အပိုင်း ၁ ကိုကြည့်ပါ) ။
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် ထိခိုက်မှုဆန်းစစ်ချက်များသည် ဆက်စပ် လိုအပ်မှုရှိပါက ထုတ်ပြန်ကြေညာပေးရန်။ EIA များကို လုပ်ဆောင်သည့်အခါတွင် လည်း အရည်အသွေးပြည့်မီသော အတိုင်ပင်ခံပညာရှင်များကိုသာ သေချာစွာ အသုံးပြုရန်နှင့် ထိုဆန်းစစ်ချက်တွင် ပါဝင်သည့်အကြောင်းအရာများ၊ ဆက်စပ်နေ သည့်တိုင်ပင်ဆွေးနွေးမှုများနှင့်သတင်းအချက်အလက်ထုတ်ပြန်မှုများသည်လည်း EIA လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများနှင့် ကိုက်ညီအောင် လုပ်ဆောင်ရန်။
- ကျောက်စိမ်းနှင့် ကျောက်မျက်တူးဖော်ခြင်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင် ရွက်သော ကုမ္ပဏီများအပါအဝင် တွင်းထွက်သယံဇာတတူးဖော်ရေးနှင့် ဆက်စပ် နေသည့် ကုမ္ပဏီများအနေဖြင့် အချက်အလက်များကို တောင်းဆိုမှ ထုတ်ပြန်ခြင်း မဟုတ်ဘဲ ကြိုတင်၍ မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် EITI စံနှုန်းများနှင့်အညီ ထုတ်ပြန်ကြေညာပေးရန်။ ထိုသို့ ထုတ်ပြန်ကြေညာပေးရာတွင် ကုမ္ပဏီများမှ ကိုင် ဆောင်ထားသည့် သတ္တုတူးဖော်ရေးလိုင်စင်များ၊ အစိုးရအား အခွန်များ မည်မျှ ဆောင်နေသည်၊ အခြားသော မည်သည့်ငွေကြေးများအား အစိုးရသို့ ပေးဆောင် နေရသည်၊ ထုတ်လုပ်မှုအဆင့်များသည် မည်မျှရှိနေသည်၊ စာချုပ်တွင် (၂၀၂၁ ဇန်နဝါရီ ၁ နောက်ပိုင်းချုပ်ဆိုသော စာချုပ်များ ကို ထုတ်ဖော်ပြသရမည်။)မည်သို့ သော သတ်မှတ်ချက်များ ပါရှိသည်၊ ကုမ္ပဏီ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူမှာ မည်သူမည်ဝါ ဖြစ်သည်တို့ကိုပါ ထည့်သွင်းဖော်ပြသင့်ပါသည်။
- ကာဗွန်ဒိုင်အောက်ဆိုဒ် နှင့်အခြားသော ဖန်လုံးအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို ခြေရာခံရန်နှင့် အစီရင်ခံရန်။

**ကုမ္ပဏီဒါရိုက်တာများနှင့် ၎င်းတို့၏ တာဝန်များ**

- မြန်မာကုမ္ပဏီများ ဥပဒေအသစ်နှင့် ကုမ္ပဏီဖွဲ့စည်းပုံနမူနာတို့ကို အသုံးချ၍ အကောင်းမွန်ဆုံး အလေ့အထများနှင့် အမျိုးမျိုးသော ရှယ်ယာရှင်များနှင့် ဆက်

နှယ်ပတ်သက်သူများ၏ အကျိုးအမြတ်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံစနစ်များကို မွမ်းမံပြင်ဆင်ရန်။

- ကုမ္ပဏီဒါရိုက်တာများအားလုံးသည် မြန်မာကုမ္ပဏီများဥပဒေတွင် ပြဋ္ဌာန်းထားသော ၎င်းတို့၏ တာဝန်ဝတ္တရားများကို သေချာစွာ သိရှိအောင်ဆောင်ရွက်ရန်နှင့် မြန်မာဒါရိုက်တာများ အင်စတီကျူ (MIoD) မှ ပို့ချသော ဒါရိုက်တာ အသိအမှတ်ပြု သင်တန်းကဲ့သို့သော သင်တန်းများကို တက်ရောက်နိုင်အောင် ဆောင်ရွက်ပေးရန်။
- အရည်အသွေး ပြည့်ဝသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ဘုတ်အဖွဲ့လုပ်ငန်းများကို ထောက်ပံ့နိုင်ရန်အတွက် ကုမ္ပဏီအတွင်းရေးမှူး ခန့်အပ်ရန် (သို့မဟုတ်) ကုမ္ပဏီအတွင်းရေးမှူးဆိုင်ရာ ကျွမ်းကျင်ဝန်ဆောင်မှုများကို အသုံးပြုရန်။
- ဘုတ်အဖွဲ့၏ ကြီးကြပ်ကွပ်ကဲရေး ထိရောက်စေရန်အတွက် ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးမဟုတ်သည့် စာရင်းစစ်ခြင်းများတွင် အရင်းအမြစ်များကို လုံလုံလောက်လောက် ရင်းနှီးမြှုပ်နှံရန်။ ဘုတ်အဖွဲ့အား ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများဆိုင်ရာ ဆန်းစစ်ချက် (HSE Management and Environmental Impact Assessment) ကဲ့သို့သော အထူးကျွမ်းကျင်ပညာရှင်များ လိုအပ်သည့် တာဝန်များအတွက် ခိုင်မာသက်ဝင်နေသော အချက်အလက်များနှင့် အခြား ခိုင်မာသော သတင်းအချက်အလက်များကိုပေးအပ်နိုင်ရေးအတွက်၊ အထူးသဖြင့် အရည်အသွေးကောင်းမွန်သည့် ကျွမ်းကျင်ပညာရှင်၊ အထူးသဖြင့် စာရင်းစစ်တို့၏ အကြံဉာဏ်တန်ဖိုးအတွက် ရင်းနှီးမြှုပ်နှံရန်နှင့် ကုန်ကျစရိတ်ကို အသိအမှတ်ပြုရန်။
- ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့တွင် ကျား/မ ရေးရာ တန်းတူညီမျှမှုကို မြှင့်တင်ပေးရန် လမ်းညွှန်တွဲခေါ်သည့် mentoring အစီအစဉ်များနှင့် အခြားသော လှုပ်ရှားမှုမျိုးကို မြန်မာနိုင်ငံတွင် ယေဘုယျအားဖြင့် ပို၍ ဆောင်ရွက်လာစေရန် တိုက်တွန်းအားပေးရေးအတွက် ထိုလှုပ်ရှားမှုများကို ပံ့ပိုးပေးရန်။ ဘုတ်အဖွဲ့တွင် အကြီးတန်းစီမံခန့်ခွဲမှုတွင် မတူကွဲပြားမှုကို လက်ခံထားကြောင်း အချက်အလက်များ ဖော်ပြရန်။
- ခွဲခြားဆက်ဆံမှု မပြုရေးနှင့် လူ့အခွင့်အရေးများကို လေးစားလိုက်နာရမည့် ၎င်းတို့၏တာဝန်များကို မည်သို့ပြည့်ဝအောင် ကုမ္ပဏီများက လုပ်ဆောင်နိုင်မည်ဟူသော လမ်းညွှန်ချက်များကဲ့သို့သော ကိစ္စရပ်များနှင့်ပတ်သက်၍ www.mcrb.org မှ ပေးထားသည့် ရင်းမြစ်များကို အသုံးပြုရန်။
- မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) ၏ ညွှန်ကြားချက် ၃/၂၀၂၀ နှင့်အညီ (၁.၄.၂၁ မှစ၍ စာရင်းသွင်းထားသော ကုမ္ပဏီများနှင့် အစုရှယ်ယာရှင် ၁၀၀ ကျော်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် မဖြစ်မနေ) ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်း (RPTs) မူဝါဒတစ်ခုကို ရေးဆွဲရန်၊ ထုတ်ပြန်ရန်နှင့် အကောင်ထည်ဖော် ဆောင်ရွက်ရန်။
- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA) ၏ ၉/၂၀၂၀ နှင့်အညီ အပြည်ပြည်ဆိုင်ရာ အလေ့အကျင့်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် များကို အခြေခံ၍ ဘုတ်အဖွဲ့ဝင်ဒါရိုက်တာများတွင် မည်သူ များသည် လွတ်လပ်သောဒါရိုက်တာများ ဖြစ်ကြောင်းကို ဖော်ထုတ်ရန်။
- ကုမ္ပဏီဖွဲ့စည်းပုံအခြေခံမှုများသည် နှစ်ပတ်လည် အထွေထွေအစည်းဝေးပွဲများ (AGMs) နှင့် ဘုတ်အဖွဲ့အစည်းအဝေးများကို အွန်လိုင်းမှကျင်းပခြင်းများ ဖြစ်နိုင်သည်ကို ကြိုတင်ခန့်မှန်း၍ ကျိမ်းသေအောင်လုပ်ဆောင်ထားရန်။

**စီးပွားရေးကျင့်ဝတ်များဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု**

- အဂတိတိုက်ဖျက်ရေးကော်မရှင်မှ ထုတ်ပြန်ထားသော စည်းမျဉ်း ၈ ချက်ကို အခြေခံသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအစီအစဉ်တစ်ခုကို ရေးဆွဲပြီး အကောင်အထည်ဖော်ရန်။
- ကုမ္ပဏီမှ ကြုံတွေ့ရသည့် အဓိကအဂတိဆိုင်ရာ ဘေးအန္တရာယ်များ၊ ထိုဘေး အန္တရာယ်များကို မည်သို့လျှော့ချနိုင်ရန်နှင့် ရလဒ်များကို မည်သို့ဆောင်ကျဉ်းနိုင်ရန် စသည်တို့ကို ဖော်ထုတ်နိုင်ရန်အတွက် ခိုင်မာတောင့်တင်းသည့် ဘေးအန္တရာယ် စီမံခန့်ခွဲရေးစနစ်များကို ဆောင်ရွက်ရန်။
- အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ ထုတ်ပြန်ထားသော စီးပွားရေး လုပ်ငန်းပိုင်းဆိုင်ရာ ဂုဏ်သိက္ခာနှင့်စပ်လျဉ်း၍ အမြင့်ဆုံးအဆင့်မှနေ၍ ဦးဆောင်မှု ကို ပြသရန်။ ဝန်ထမ်းများ အားလုံးကိုလည်း ကုမ္ပဏီခေါင်းဆောင်အကြီးအကဲများ အနေဖြင့် ဤအဂတိလိုက်စားမှု တိုက်ဖျက်ရေးကို မည်မျှ အလေးထားဆောင်ရွက် သည်ကို မကြာခဏ သတိပေးရန်။
- စီးပွားရေးလုပ်ငန်းပိုင်း ဖြောင့်မတ်မှန်ကန်မှုရှိစေရေး အစီအစဉ်များကို အကောင် အထည် ဖော်ဆောင်ခြင်းနှင့်ပတ်သက်၍ နှစ်စဉ် သတင်းအချက်အလက်များကို ကုမ္ပဏီဝက်(ဘ်)ဆိုဒ်ပေါ်တွင် ပုံနှိပ်ထုတ်ဝေရန်။ ထိုသို့လုပ်ဆောင်ရာတွင် မူဝါဒကို အများပြည်သူသိရှိအောင် ထုတ်ပြန်ဖြန့်ဝေခြင်း၊ ဝန်ထမ်းများနှင့် ဒါရိုက်တာများ အား သင်တန်းများပေးခြင်းနှင့် အခြားသော ကြီးမားသည့် မည်သည့်ဖြစ်ရပ်များကို မဆို ထည့်သွင်းဖော်ပြရန်။
- အခြားသော စီးပွားရေးလုပ်ငန်းများနှင့်အတူ စုပေါင်း၍ အဂတိလိုက်စားမှု တိုက် ဖျက်ရေး ဆောင်ရွက်ချက်များကို ပူးပေါင်းလုပ်ဆောင်ရန်။ ဥပမာ – အများပြည်သူ ဆိုင်ရာ တင်ဒါခေါ်သည့် လုပ်ငန်းစဉ်များ (သို့မဟုတ်) အကောက်ခွန်ရှင်းလင်းရေး များနှင့် ပတ်သက်၍ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း။
- ကုမ္ပဏီ၏ စီးပွားရေးဆိုင်ရာ ဖြောင့်မတ်မှုရှိစေရေးအစီအစဉ်တွင် အကျိုးစီးပွား ပဋိပက္ခဖြစ်ခြင်းနှင့် နိုင်ငံရေးပါတီများကို လှူဒါန်းခြင်းကဲ့သို့သော အချက်များကို မည်သို့ဆောင်ရွက်သည်ကို လွှမ်းခြုံပါဝင်အောင် ဖော်ပြရန်။
- ကုမ္ပဏီများအနေဖြင့် ဖောင်ဒေးရှင်းများကို တည်ထောင်ထားလျှင် (သို့မဟုတ်) လှူဒါန်းရန်အတွက် အခြားဘတ်ဂျက်များရှိပါက စီမံအုပ်ချုပ်မှုကိုလည်း စနစ် တကျထားရန်။ ထိုသို့ ဆောင်ရွက်ရာတွင် လွတ်လပ်၍ အမှီအခိုကင်းသည့် ဘုတ် အဖွဲ့ဝင်များ ပါဝင်ပြီး ထိုသူများသည်လည်း ဥပမာအားဖြင့် လာဘ်ပေးမှုများဟု ထင်မြင်ယူဆနိုင်သော လှူဒါန်းမှုများနှင့် နိုင်ငံရေးအရ အကျိုးခံစားခွင့် ရရှိနိုင် သူများ ပါဝင်ပတ်သက်နေခြင်းတို့ကြောင့် ဤသို့သော လှူဒါန်းမှုများ ပြုခြင်းအား ဖြင့် စီးပွားရေး လုပ်ငန်းပိုင်းဆိုင်ရာ ဖြောင့်မတ်မှု ဂုဏ်သိက္ခာဆိုင်ရာ ပြဿနာများ မဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်။ကုမ္ပဏီက ငွေပေးရန်ဆုံးဖြတ်ပါက ၎င်းကို ပိုင်ရှင်နှင့် ဘုတ်အဖွဲ့အဆင့်တွင်အ တည်ပြု ခွင့်ပြုချက်ရယူရန် နှင့် Transparency International မှ ညွှန်ကြားချက်အတိုင်း အများသိစေရန် ထုတ်ပြန်ရန်။
- ကုမ္ပဏီပိုင်ရှင် (များ) သည် အလှူငွေများ လှူဒါန်းပါက သီးခြားအစီအစဉ်များ ချမှတ်ရန်၊ ကုမ္ပဏီမှ သီးခြားခွဲထုတ်ထားခြင်း ကျိမ်းသေကြောင်းကို သတင်းအချက် ထုတ်ဖော်ကြေညာရန်။

| မြန်မာနိုင်ငံတော်အစိုးရသို့ အကြံပြုချက်များ | ကော်ပိုရိတ်စီမံအုပ်ချုပ်မှု |
| --- | --- |

- (အစိုးရဌာနများအချင်းချင်း) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) နှင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) တို့က ထုတ်ပြန်ထားသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ထုတ်ဖော်ကြေညာမှုဆိုင်ရာ သတ်မှတ်ချက်များမှာ ချိတ်ဆက်မှုရှိပြီး တစ်သမတ်တည်းဖြစ်စေရန် လိုအပ်သလို တစ်ပြေးတည်း သတ်မှတ်ခြင်းကလည်း အချို့ကုမ္ပဏီအမျိုးအစားများနှင့် ကိုက်ညီမှုမရှိနိုင်ကြောင်းကို အသိအမှတ်ပြုရန်။ ဥပမာ ဘဏ္ဍာရေးကဏ္ဍသည် အခြားကဏ္ဍများထက် ပိုမိုသာလွန်သည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစံနှုန်းများ လိုအပ်နိုင်သည်။

- (အစိုးရဌာနများအချင်းချင်း) ပွင့်လင်းမြင်သာသော အများပြည်သူ၏ အကြံပြုချက်များကို တောင်းခံသည့် လုပ်ငန်းစဉ်မှတစ်ဆင့် မြန်မာနိုင်ငံအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကျင့်ဝတ် ဖြစ်ပေါ်လာအောင် ဆောင်ရွက်နိုင်ရန်။ ယင်းကျင့်ဝတ်တွင် –
    - o ပုဂ္ဂလိကကဏ္ဍအား ကောင်းမွန်သော ကော်ပိုရေးရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာနှင့် စပ်လျဉ်း၍ ကတိကဝတ်ပြုရန် အားပေးရန်။ ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေး မဟုတ်သည့် အစီရင်ခံစာများ ထုတ်ဖော်ကြေညာခြင်း၊ ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံမှုများနှင့် အသေးစားရှယ်ယာရှင်များနှင့် ပိုမိုကောင်းမွန်သော ထိတွေ့ဆက်ဆံမှုရှိအောင် မြှင့်တင်ခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်မှု များပေးရန်။
    - o ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ညွှန်ကြားချက် ၉/၂၀၂၀ ကို အခြေခံ၍ ဘုတ်အဖွဲ့ဝင်များ၏ လွတ်လပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားမှုရှိသည့် အဓိပ္ပာယ်ဖွင့်ဆိုရန်။ ယင်းဖွင့်ဆိုချက်များသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများနှင့်ကိုက်ညီပါ ပိုမိုကောင်းမွန်သည်။
    - o "comply or explain" စနစ် (စည်းမျဉ်းများကို လိုက်နာကျင့်သုံးရမည်၊ မကျင့်သုံးလျှင် အဘယ်ကြောင့်ဟူ၍ ရှင်းပြရမည် အကယ်၍ SECM အုပ်ချုပ်မှုအောက်တွင်ရှိပါက ကုမ္ပဏီများအနေနှင့် ယင်းကို လိုက်နာဆောင်ရွက်နိုင်ခြင်း မရှိပါက အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ဟူသော အကြောင်းပြချက်အား ရှင်းပြရန်။ စသည်တို့ ပါဝင်သင့်သည်။
- မှတ်ပုံတင်ထားသော မြန်မာနိုင်ငံရှိ ကုမ္ပဏီများက
    - o မြန်မာကုမ္ပဏီများဥပဒေ၊ အထူးသဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အပိုင်းအား လိုက်နာဆောင်ရွက်ရန်။
    - o အစီရင်ခံခြင်းဆိုင်ရာ တာဝန်ဝတ္တရားများကို အထူးသဖြင့် အများပိုင်ကုမ္ပဏီများက သိရှိထားရန် စသည်တို့ကို က DICA ကတာဝန်ယူရန်။
    - o ကုမ္ပဏီများသည် ၎င်းတို့ကိုယ်၎င်းတို့ 'ကုမ္ပဏီသေးတစ်ခု' အဖြစ် ကြေညာရန် ရွေးချယ်မှုကို အလွဲသုံးစား မပြုစေရန်
- မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)/ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA (သို့) ဗဟိုဘဏ် (CBM) သို့ တရားဝင်တင်ပြရန် လိုအပ်သော ကော်ပိုရိတ်ဆိုင်ရာ အစီရင်ခံစာအားလုံးကို စည်းကြပ်သူသုံး ဦးထံ အလိုအလျောက်ရရှိနိုင်အောင် လုပ်ဆောင်ရန်။
- SECM နှင့် DICA အနေဖြင့် သက်ဆိုင်ရာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု သတ်မှတ်ချက်များကို စောင့်ကြည့်လေ့လာရန်နှင့် ပြဋ္ဌာန်းရန်အတွက် လိုအပ်သည့် တာဝန်ယူမှု၊ တာဝန်ခံမှုပိုင်းဆိုင်ရာ အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်း သတ်မှတ်ရန်။ ထို့အပြင် ကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ခြင်း၊ ကော်ပိုရိတ်စီမံအုပ်

ချုပ်မှုနှင့် ပတ်သက်၍ ကုမ္ပဏီများအား လမ်းညွှန်ပေးခြင်း၊ တာဝန်ဝတ္တရားများအား ခိုင်ခိုင်လုံလုံနှင့် ထင်ထင်ရှားရှား သတ်မှတ်ပြဋ္ဌာန်းခြင်းနှင့် အခြားတရားစီရင်ရေးဆိုင်ရာ ဥပမာများနှင့် အလေ့အကျင့်များကို အတုယူ၍ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု တိုးတက်လာစေရန်အတွက် ဦးဆောင်မှုပြုနိုင်ခြင်း စသည်တို့ကို လုပ်ဆောင်ရာတွင် အဖွဲ့အစည်းများအနေနှင့် ကျွမ်းကျင်အရင်းအမြစ်များ လုံလုံလောက်လောက် ရှိနိုင်ရန်။

- SECM အနေဖြင့် အကောင်းမွန်ဆုံးသော နှစ်ပတ်လည်အစီရင်ခံစာများအား ဆုချီးမြှင့်ခြင်း (သို့မဟုတ်) ကော်ပိုရိတ်စီမံ အုပ်ချုပ်မှုဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ လိုက်ပါဆောင်ရွက်ထားသော ကုမ္ပဏီများအား အသိမှတ်ပြုသည့် စာရင်းပြုစုထားခြင်း စသည့် အားပေးလုပ်ဆောင်မှုများကို လုပ်ကိုင်ခြင်းဖြင့် ကော်ပိုရိတ်စီမံ အုပ်ချုပ်မှုဆိုင်ရာ လုပ်ဆောင်ချက်များနှင့် ထုတ်ဖော်ကြေညာမှုတို့ တိုးတက်လာစေရန်အတွက် ဖန်တီးရန်။
- SECM နှင့်DICA အနေဖြင့် စတော့ရှယ်ယာ ဈေးကွက်ဝင်ထားသည့် စာရင်းဝင်ကုမ္ပဏီများအားလုံးနှင့် အများပိုင်ကုမ္ပဏီများသည် မြန်မာဒါရိုက်တာများ အင်စတီကျူ (သို့မဟုတ်) အခြားသော အသိအမှတ်ပြုခြင်း ခံထားရသည့် ဒါရိုက်တာများ အင်စတီကျူမှနေ၍ ဒါရိုက်တာလက်မှတ် (သို့မဟုတ်) အသိအမှတ်ပြု လက်မှတ်ပေးသည့် သင်တန်းတစ်ခုခုကို ပြီးမြောက်အောင်မြင်စွာ တက်ရောက်သင်ယူထားသူ တစ်ဦး အနည်းဆုံးရှိရမည်ဟူသော စည်းမျဉ်းတစ်ခုကို စတင်အသက်သွင်းရန်။
- SECM နှင့်DICA အနေဖြင့် "၂၀၁၇ ခုနှစ် ROSC စံသတ်မှတ်ချက်များနှင့် ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာမှုဆိုင်ရာ အစီရင်ခံစာ၊ မြန်မာနိုင်ငံရှိ စာရင်းများနှင့် စာရင်းစစ်ခြင်း ('Report on Observance of Standards and Codes (ROSC): Accounting and Auditing: Myanmar')" ဟူသော အစီရင်ခံစာတွင်ပါသော အကြံပြုချက်များကို မြန်မာနိုင်ငံစာရင်းကောင်စီ (Myanmar Accountancy Council) နှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (Myanmar Institute of Certified Public Accountants) တို့နှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရန်။
- FRD အပါအဝင် မြန်မာနိုင်ငံ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန(MoPFI) သည် ၁၉၅၀ အထူးကုမ္ပဏီများ အက်ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ကုမ္ပဏီများနှင့် ကုမ္ပဏီများက Corporate Governance Principles အားလေးစားလိုက်နာမှုရှိစေရန်နှင့် ထိရောက်မှုရှိသော ထုတ်ဖော်ကြေညာခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသော အစီရင်ခံတင်ပြရန် လုပ်ဆောင်ရန်။လက်ရှိ ဘဏ်ပေါင်းစည်းမှုများသည် အဖွဲ့အစည်းသစ်များအား ဝဘ်ဆိုဒ်များကိုပြန်လည်ပြုပြင်ရန်၊ ထုတ်ဖော်ကြေညာခြင်းတို့ကိုတိုးတက်စေရန်နှင့် အစိမ်းရောင်စီးပွားရေးကို အထောက်အကူပြုစေမည့် မူဝါဒ ကတိကဝတ်တစ်ခုရေးဆွဲနိုင်သည့် အခွင့်လမ်းတစ်ခုဖြစ်စေရန်။
- (ဝန်ကြီးဌာန အတည်မပြုရသေးပါ) လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခြင်းအတွက် နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသည့် ခေတ်မီသော ကုသိုလ်ပြု လှူဒါန်းခြင်းဆိုင်ရာဥပဒေကိုရေးဆွဲရန် အများပြည်သူနှင့် တွေ့ဆုံဆွေးနွေး အကြံဉာဏ်ရယူရန်။ ကော်ပိုရိတ်ဖောင်ဒေးရှင်းများ၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အခြားကြီးကြပ်ရေးအဖွဲ့များအပါအဝင် အလှူရှင်များနှင့် လက်ခံသူအဖွဲ့အစည်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိအောင်လုပ်ဆောင်ခြင်း၊ တရားဝင်အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ လှုပ်ရှားများတွင် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုများကို လျှော့နည်းအောင်လုပ်ဆောင်ပြီး ၎င်းသည် ၂၀၁၄ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကို အစားထိုးသင့်သည်။ ဆွေးနွေးတိုင်ပင်ခြင်းနှင့် မူကြမ်းရေးဆွဲခြင်း

လုပ်ငန်းစဉ်အတွက် ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ အထောက်အပံ့ကိုရယူပါ။ (ကုမ္ပဏီများဥပဒေ သည်စံပြ ဖြစ်သည်)

- (ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (MIFER)/ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများထံမှ ရရှိနိုင်သည့်အခွန်အခများနှင့် အလုပ်သမားကျွမ်းကျင် ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေကဲ့သို့သော ကြိုတင်ခန့်မှန်းနိုင်၍ လက်တွေ့တွင် အသုံးမချသေးသည့်အရာများအပါအဝင်၊ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူတစ်ဦးမှ မဖြစ်မနေလုပ်ဆောင်ရမည့် ထည့်ဝင်မှုများနှင့် အခွန်များနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ရန်။

## ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်များ လွယ်ကူစွာရရှိနိုင်မှု

- မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ဝက်ဘ်ဆိုဒ်တွင် ရှယ်ယာရှင် ၁၀၀ နှင့်အထက်ရှိသော အများပြည်သူဆိုင်ရာ ကုမ္ပဏီများအားလုံး၏ နှစ်စဉ်အစီရင်ခံစာများကို ပုံနှိပ်ထုတ်ဝေရန်။ ထို့အပြင် စာရင်းဝင်ထားသည့် ကုမ္ပဏီများ၏ လက်ရှိပုံနှိပ်ထုတ်ဝေမှုများကိုလည်း ထပ်ထည့်ပေးရန်။ ၎င်းတို့ကို scan လုပ်ထားခြင်းမျိုးမဟုတ်လဲ သတင်းအချက်အလက်များကို အလွယ်တကူ ရှာဖွေနိုင်ရန် pdf ကဲ့သို့သော ပုံစံမျိုးဖြင့်လည်း ထားပေးပါရန်။
- ECD/MONREC အနေဖြင့် EIA လုပ်ထုံးလုပ်နည်းများတွင် ပါဝင်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာခြင်းနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာစေရန် ဆောင်ရွက်ရန်။ အစိုးရအနေနှင့်ရော စီမံကိန်းအကောင်အထည်ဖော်ဆောင်သူများ အနေနှင့်ပါ နှစ်ဖက်စလုံးမှ အပြည့်အဝ လုပ်ဆောင်ရန်။ စီမံကိန်းနှင့်ပတ်သက်သော ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ စာရွက်စာတမ်းများအားလုံးကို အွန်လိုင်းပေါ်တွင် အလွယ်တကူ ရရှိနိုင်အောင် စနစ်တကျ လုပ်ဆောင်ထားရန်။
- (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA) / မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သည် MyINDY မှတစ်ဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဆုံးဖြတ်ချက်များမချမီ အနှစ်ချုပ် အဆိုပြုလွှာများကို ထုတ်ပြန်ခြင်းနှင့်ဆိုင်သည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပါဝင်သော လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။ ကုမ္ပဏီများနှင့်ပတ်သက်၍ ရှာဖွေနိုင်သော စာရွက်စာတမ်းများ တင်ပြရန် လိုအပ်ခြင်းဖြင့် MyINDY ကို အသုံးပြုများအတွက် အွန်လိုင်းပေါ်တွင် အလွယ်တကူ ရရှိနိုင်အောင် စနစ်တကျ လုပ်ဆောင်ထားရန်။
- (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) / မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) MyINDY မှစီမံကိန်းများကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) လုပ်ငန်းစဉ်နှင့် ချိတ်ဆက်ရန်။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) ဒေတာဗေ့တစ်ခု တည်ထောင်ရန်။
- DICA/MIC အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ပါမစ်ကိုင်ဆောင်ထားသူများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေပုဒ်မ (၁၉၆) အရ ခွင့်ပြုထားသော စီမံကိန်းအတွက် နှစ်စဉ်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေရန် လိုအပ်ကြောင်းကို သတိပေးရန်။
- (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) / MyCO) နှစ်စဉ်အစီရင်ခံစာ (AR-97) တင်ရာတွင် ကုမ္ပဏီများအား ၎င်းတို့၏ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သည့် အဓိကစီးပွားရေးလုပ်ဆောင်မှုများကို ဖော်ထုတ်စေရန်နှင့်ပြီးပါက MyCo တွင်ရှာဖွေ၍ ရရှိအောင်ပြုလုပ်ထားစေရန်။ လက်ရှိတွင် အချို့လုပ်ဆောင်နေ

သော်လည်း ကုမ္ပဏီတော်တော်များများသည် ယင်းကို လုံးဝ မပြုလုပ်ကြသလို အချို့ကလည်း တိကျမှန်ကန်စွာ မဖော်ပြပေ။ မလုပ်ဆောင်ခြင်းဖြစ်သည်။ သို့သော်လည်း ကုမ္ပဏီများအား အခြားလုပ်ဆောင်မှုများလုပ်ဆောင်ပါက မတားဆီးသင့်ပါ။

- (ဗဟိုစာရင်းအင်းအဖွဲ့) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် ပန်းတိုင်များ (SDGS) ၁၂.၆.၁ ၏ ပုဂ္ဂလိကကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲမှုအစီရင်ခံခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။
- အစိုးရအနေဖြင့် သက်ဆိုင်ရာ ဥပဒေများအားလုံးနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များနှင့်ဆက်စပ်သော သတင်းအချက်အလက်များကိုပါ လက်လှမ်းမီအောင် ထည့်သွင်းပေးထားရန်။ သတင်းအချက် အလက်ရရှိပိုင်ခွင့် ဥပဒေကို ပြဋ္ဌာန်းနိုင်အောင် ကြိုးပမ်းမှုကို ပိုမိုတိုးမြှင့်ရန်။
- မူကြမ်းရေးဆွဲထားသည့် ထောက်ပံ့ပို့ဆောင်ရေးဥပဒေ (procurement law) နှင့် ပတ်သက်၍ ဆွေးနွေးသည့်အခါတွင် ဥပဒေထဲတွင် သတင်းအချက်အလက်ထုတ်ပြန်ကြေညာခြင်းဆိုင်ရာ စာသားပါရှိစေရေး ဆောင်ရွက်ရန်။ ထိုပါရှိလာသော စာသားကို နောက်ပိုင်းနည်းဥပဒေများထဲတွင် အကျယ်ချဲ့၍ ဆွေးနွေးနိုင်ပါသည်။ ဥပမာ – အထွေထွေဝယ်ယူမှုများဆိုသည့် ခေါင်းစဉ်အောက်တွင် အောက်ပါကဲ့သို့သော ပုဒ်မများကို ထည့်သွင်းနိုင်ပါသည်။ စာချုပ်ချုပ်ဆိုသည့် ဌာနသည် စီမံကိန်းတစ်ခုကို စတင်ပြင်ဆင်သည့်ကာလမှစပြီး တင်ဒါခေါ်ယူချိန်နှင့် စာချုပ်အကောင်အထည်ဖော်သည့် အခါများတွင် အဓိကကျသော အဆင့်တိုင်း၌ စာချုပ်တစ်ခုနှင့်ပတ်သက်၍ ရည်ရွယ်ချက်၊ မည်မျှ အတိုင်းအတာထိ ကျယ်ဝန်းသည်၊ ကုန်ကျစရိတ်နှင့် စာချုပ်ကို မည့်သည့်အချိန်တွင် စတင်အသက်ဝင်မည် စသည့် အချက်များကို ဝန်ကြီးဌာနမှ ချမှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အချိန်မီ ထုတ်ပြန်ပေးရမည်။
- (စီမံဘဏ္ဍာစက်မှု/ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က) ပြည်သူ့ဘဏ္ဍာဖြင့် ဆောင်ရွက်သည့်ကိစ္စများတွင် အဂတိလျှော့ချရန်နှင့် ပိုမိုစွမ်းအင်ပြည့်စေရန်အတွက် ဆောက်လုပ်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (CoST)အစီအစဉ်ဖြင့် ကနဦးစမ်းသပ်စီမံကိန်းကို အကောင်ထည်ဖော်ရန်။
- (စီမံ၊ ဘဏ္ဍာ၊ စက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့က )၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက် နောက်ပိုင်းတွင် လက်မှတ်ထိုးထားသူတို့လိုက်နာရမည့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) ဆိုင်ရာ သတ်မှတ်ချက်ကို ကြိုတင်ပြင်ဆင်ခြင်းအားဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုများကို တူးဖော်ထုတ်လုပ်ရေးဆိုင်ရာ စည်းကမ်းချက်များကို ပြဋ္ဌာန်းထားသည့် စာချုပ်များနှင့် သဘောတူညီချက်များကို ပြည်သူအများ သိရှိအောင် ထုတ်ဖော်ကြေညာရန်။ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) စံနှုန်း၏ စည်းကမ်းချက်အမှတ် ၃.၁၂ (ခ) ကို ပြည့်မီရုံမျှမက ထိုစည်းကမ်းချက်အရ EITI အစီရင်ခံစာတွင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုစသည့် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို စီမံအုပ်ချုပ်သည့်စာချုပ်များနှင့် လိုင်စင်များကို သတင်းအချက်အလက်များ ထုတ်ပြန်ပေးခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ မူဝါဒကိုပါ မှတ်တမ်းတင်ထားရန်။

**အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် နိုင်ငံရေးအရ ဩဇာအာဏာရှိသူများ**

- (ပြည်ထဲရေးဝန်ကြီးဌာန (MoHA)/အစိုးရဌာနများအချင်းချင်း) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ လုပ်ငန်းအဖွဲ့/ကော်မတီတစ်ခုကို စတင်ဖွဲ့စည်း၍ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ကို အစားထိုးရန်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို စိတ်ဝင်စားသည့် အာဏာပိုင်များ၊ သဘာဝ သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်း (EITI) တွင်ပါရှိသည့် မီးခိုးရောင်စာရင်း၊ အကျိုးအမြတ် ခံစားခွင့်ရှိသူများနှင့် နိုင်ငံရေးဩဇာအာဏာရှိသူများ အားလုံးကို အတူတကွစုစည်းရန်။
- (အစိုးရဌာနများ အချင်းချင်း) အကျိုးအမြတ်ခံစားခွင့်ရှိသူများ၊ နှင့် နိုင်ငံရေး အရ ဩဇာတိက္ကမ ရှိသူများ (PEPs) ကိုဖော်ထုတ်ခြင်းသည် တွင်းထွက်လုပ်ငန်းကဏ္ဍတစ်ခုတည်းသာမဟုတ်ဘဲ မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းများအားလုံးအကျုံးဝင်အောင် လုပ်ဆောင်ရန်။ ထိုသို့လုပ်ဆောင်ရာတွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများအပေါ် အခြေခံ၍ တစ်တမတ်တည်းဖြစ်အောင်လုပ်ဆောင်ရန်။ သဘာဝအရဆုံးရှုံးနိုင်ခြေမြင့်မားသော သယံဇာတထုတ်ယူတူးဖော်သော လုပ်ငန်းကဏ္ဍသည် ချဉ်းကပ်မှုတစ်ခုတိုးမြှင့်ပါက ငြင်းခုန်မှုရှိလိမ့်မည်။ ဥပမာ EITI အစီရင်ခံစာများ သို့မဟုတ်၊ နိုင်ငံရေးအရ ဩဇာတိက္ကမ ရှိသူများ (PEPs)နှင့် စပ်လျဉ်း၍ စံသက်မှတ်ချက်များ ဖြစ်သည်။ ထို့ကြောင့် သယံဇာတ ထုတ်ယူတူးဖော်သော ကုမ္ပဏီများ၏ ထုတ်ဖော်ကြေညာမှုများနှင့် စပ်လျဉ်း၍ အကြံရယူရာတွင် သက်ဆိုင်ရာ MEITI အဖွဲ့၏အကြံပြုချက်များကိုရယူသင့်သည်။
- မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) / ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) (သို့) ဗဟိုဘဏ် (CBM) အပါဝင် အစိုးရဌာများအားလုံး) BO၊ နိုင်ငံရေးအရ ဩဇာတိတ္တမရှိသူများ (PEPs)၊ ပိုင်ဆိုင်မှုများကြေညာခြင်းနှင့် ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်း (RPT)နှင့်ဆိုင်သည့် စည်းမျဉ်းများတွင် “မိသားစုများ”၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စံသက်မှတ်ချက် တစ်ခုတည်းဖြစ်အောင် လုပ်ဆောင်ရန်။
- (အစိုးရဌာနများအချင်းချင်း) 'ပြည်တွင်း နိုင်ငံရေးအရ ဩဇာတိတ္တမရှိသူများ (PEPs) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် စည်းမျဉ်းများအားလုံးနှင့် သက်ဆိုင်မှုရန်နှင့် မြန်မာနိုင်ငံ အခြေအနေနှင့် ကိုက်ညီအောင် လုပ်ဆောင်ရန်။ 'နိုင်ငံရေးတွင် သိသာထင်ရှားစွာ ဩဇာလွှမ်းမိုးမှုရှိခြင်း'နှင့် 'အကြီးတန်းအရာရှိ'တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖော်ထုတ်ခြင်းတို့အပြင် MEITI ထဲတွင် ဖော်ပြထားသကဲ့သို့ “တိုင်းရင်းသားလက်နက်ကိုင်များ” အကြောင်းလည်း ထည့်သွင်းပါ။
- (ပြည်ထဲရေးဝန်ကြီးဌာန)၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၏ ပုဒ်မ ၃ (စ)အရ အကျိုးအမြတ်ခံစားခွင့်ရှိသူများနှင့်ဆိုင်သည့် သတင်းအချက်များ စုဆောင်းရန်နှင့် မှတ်ပုံတင်ခြင်းတို့တွင် ကြီးကြပ်ရန်နှင့် လေးစားလိုက်နာမှုမရှိသည့် ကုမ္ပဏီများအား တားဆီးပိတ်ဆို့မှုများ လုပ်ဆောင်ရန်အတွက် DICA အားကြီးကြပ်ရေးအာဏာပိုင်အဖြစ် ခန့်အပ်ရန် ဗဟိုအဖွဲ့က တရားဝင်အမိန့်စာ ထုတ်ပြန်၍ တာဝန်ပေးအပ်ရန်။
- (DICA) ဤအာဏာအသစ်များကို ထင်ဟပ်စေရန်နှင့် ကုမ္ပဏီများအား လမ်းညွှန်ချက်များနှင့်အညီ ကျင့်သုံးရန် DICA ညွှန်ကြားမှု ၁၇/၂၀၁၉ ကို အများပြည်သူနှင့် တိုင်ပင်ဆွေးနွေး၍ ပြုပြင်မွမ်းမံမှုများ လုပ်ဆောင်ရန် ကုမ္ပဏီအားလုံး၏ အကျိုးအမြတ်ခံစားခွင့်ကို အများပြည်သူများ သိရှိအောင် ထုတ်ဖော်ရန်အတွက် MyCO အား ကြားခံတစ်ခုအဖြစ်ပြုလုပ်၍ ယင်းသို့ ထည့်သွင်းနိုင်သည့် ပူးတွဲပုံစံများ လုပ်ဆောင်ပါ။ ယင်းတွင်–

- ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (AML) စည်းမျဉ်းများနှင့် အပြည်ပြည်ဆိုင်ရာ အလေ့အကျင့်များနှင့် ကိုက်ညီစေရန် (threshold) သတ်မှတ်ချက်များကို ၅% ဆိုသည်ထက် ၂၅% ဟု လိုက်လျောညီထွေမှုရှိအောင် ပြုပြင်ရန်။
- သတင်းအချက်အလက်များရ ယူရန်အတွက် ညွှန်ကြားချက်များ ထုတ်ပြန်ရာတွင် ကုမ္ပဏီ၏တာဝန်များ ရှင်းရှင်းလင်းလင်းရှိစေရန်နှင့် အကျိုးခံစားခွင့်ရရှိသူများ၏ သတင်းအချက်အလက်များကို ရယူရာတွင် ကုမ္ပဏီအနေဖြင့် မည်သို့ လုပ်ဆောင်ရန်လိုသည်ကို ရှင်းလင်းစွာ ဖော်ပြရန်။ ထိုမှသာ ကုမ္ပဏီသည် ၎င်းတို့လုပ်ဆောင်ရမည့် တာဝန်ကို ရှင်းရှင်းလင်းလင်း သိမည်ဖြစ်သည်။ အထူးသဖြင့် အကျိုးအမြတ်ခံစားခွင့်ရှိသည့် ကုမ္ပဏီပိုင်ရှင်သည် အခြားနိုင်ငံရှိ တရားစီရင် ပိုင်ခွင့်တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီတစ်ခုဖြစ်သည့်ပိုအခါ၍ အရေးကြီးပါသည်၊ ထို့ကြောင့် ၎င်းသည် အသိမှတ်ပြုထားသော စတော့အိတ်ချိန်းတွင် စာရင်းသွင်းထားသော ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိကပိုင် တစ်ခုဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြရမည်။ ယင်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အလေ့အကျင့်ဆိုင်ရာ ချဉ်းကပ်မှုတစ်ခုတည်း မရှိပါ။ ထို့ကြောင့် ၎င်းကို ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးသင့်သည်။
- နိုင်ငံရေးအရ သြဇာရှိသူ PEP တစ်ယောက်အနေဖြင့် မိမိကိုယ်ကို ထုတ်ဖော်ကြေငြာအောင် တောင်းဆိုမည့်အစား၊ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်များ၏ လက်ရှိရာထူး၊ ယခင်ရာထူး၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ရင်းနှီးသော အပေါင်းအသင်းများနှင့် သက်ဆိုင်သည့် မေးခွန်းများမေးရန် ဖောင်များပေး၍ ဖြေဆိုခိုင်းပါ။ လူတစ်ဦးချင်းအား နိုင်ငံရေးအရ သြဇာရှိသူ PEP အဖြစ် သတမှတ်ရန် သင့်၊ မသင့်ဆုံးဖြတ်ရာတွင် DICA သည် ဤအချက်အလက်များကို အသုံးပြုသင့်သည်။ နိုင်ငံရေးအရသြဇာရှိသူ PEP ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချမှတ်လိုက်ပါက အဘယ်ကြောင့် ယင်းသည် နိုင်ငံရေးအရ သြဇာရှိသူအဖြစ် သတ်မှတ်ကြောင်းကို အများပြည်သူမှ သိရှိအောင် ဖော်ပြပါ၊ ဥပမာ၊ ယင်းသည် ယခင် အကြီးတန်းဝန်ထမ်း၏ မိသားစုဝင်စသည်ဖြင့်။
- ပုဂ္ဂိုလ်ရေးဆိုင်ရာအခြေခံမှုများကို ထည့်သွင်းစဉ်းစား၍ စည်းကြပ်သူများအား အချက်အလက်များ အကာအကွယ်ပေးခြင်း သဘောတရားများကို လေ့ကျင့်ပေးရန်။ ပုံစံဖောင်များတွင် အစိုးရအေဂျင်စီများနှင့် ပါတီများအတွက် ပြဌာန်းထားသော တာဝန်ဝတ္တရားများနှင့် မည်သည့်အချက်အလက်များကို အများပြည်သူမှသိရှိအောင် ထုတ်ပြန်မည် အစရှိသည်တို့ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသင့်သည်။ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ယင်းတို့၏ နေရပ်လိပ်စာများကဲ့သို့သော အကျိုးခံစားခွင့်ရှိသူပိုင်ရှင်များ၏ ထပ်လောင်း သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ အထူးသက်ဆိုင်သည်။
- ကုမ္ပဏီများအားအကျိုးခံစားခွင့်ရှိသောပိုင်ရှင်နှင့် နိုင်ငံရေးအရသြဇာလွှမ်းမိုးမှုရှိသူများ (PEP) များနှင့် ပတ်သက်၍ ပြောင်းလဲမှုရှိပါက သတ်မှတ်ထားသည့် အချိန်ကာလအတွင်း DICA အား အသိပေးရန်ခွင့်ပြုရန်အတွက် လိုအပ်ပါက အစီရင်ခံခြင်းလိုအပ်ချက်များနှင့် MyCo annual လိုက်လျောညီထွေမှုရှိအောင် လုပ်ဆောင်ရန်။

• (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)) က ကုမ္ပဏီဒါရိုက်တာတစ်ဦးချင်းစီ၊ အရာရှိတစ်ဦးချင်းစီ၏ အချက်အလက်များကို အများပြည်သူမှ ရှာဖွေ နိုင်အောင် MyCo ၏ လုပ်ဆောင်မှုစွမ်းရည်ကို မြှင့်တင်ရန်နှင့် တစ်ဦးချင်းစီ ခန့်အပ်မှုနှင့် ပတ်သက်သော အချက်အလက်များအားလုံးကို hyperlink များမှ တစ်ဆင့် ရယူနိုင်အောင်လုပ်ဆောင်ရန်။ ၎င်းသည် DICA ၏ ဌာနတွင်းရှိဒေတာ

ဘဏ်စာရင်းသို့သွင်းမည့် ငွေပမာဏကို လူတစ်ဦးချင်းစီ၏ NRC နံပါတ်ဖြင့် ချိတ်ဆက်ခြင်းဖြင့် အလွယ်တကူ အောင်မြင်နိုင်သည်။ ယူကေ၊ နယူးဇီလန်နှင့် အခြားကုမ္ပဏီ မှတ်ပုံတင်ဌာနများက အခကြေးငွေပေးဆောင်ပါက ဤဝန်ဆောင်မှု ပံ့ပိုးပေးသည်။

- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA ) က ကုမ္ပဏီများအား BO နှင့် PEP ပုံစံဖောင်များကို မည်သို့ဖြည့်ရမည်ကို လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊ အွန်လိုင်းမှ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပြောင်းလဲမှုများရှိပါက ဆက်သွယ်ပြောကြားခြင်းတို့ကို လုပ်ဆောင်ရန်။ ထို့ပြင် လိုအပ်ချက်အသစ်များကို ကုမ္ပဏီများ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် သင့်လျော်သည့် သတ်မှတ်ရက်တစ်ခု သတ်မှတ်ပေးပါ။
- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) က မှတ်ပုံတင်ထားသည့် သတင်း အချက်များမှာ တိကျမှန်ကန်မှုမရှိဟု ယုံကြည်သော ပြည်သူလူထု တစ်ဦးဦးမှ သတင်းအချက်အလက်များကိုပေးနိုင်ရန် လျှို့ဝှက်သတင်းပေးပို့ နိုင်သည့် လမ်းကြောင်းတစ်ခုကို ထူထောင်ရန်။ သတင်းပေးသူများနှင့် သတင်းမှန်တိုင်ကြားသူများကို အကာကွယ်ပေးပါ။

**ရန်ကုန်စတော့အိပ်ချိန်းသို့**

- အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံစီနှုန်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် Sustainable Stock Exchange Initiative သို့ဝင်ရောက်ရန်။
- ၎င်းကို ရေရှည်ရည်မှန်းချက်တစ်ခုအဖြစ် မဖြစ်မနေလုပ်ဆောင်မည်ဟူသော ရည်ရွယ်ချက်နှင့်အတူ စာရင်းသွင်းထားသည့် ကုမ္ပဏီများနှင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ ရေရှည်တည်တံ့ခိုင်မြဲသော အစီရင်ခံစာများကို အားပေးရန် SSE စာရွက်စာတမ်းများအပေါ် အခြေခံရန် လမ်းညွှန်ချက်များ ထုတ်ပြန်ရန်။
- ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု (ESG) အစီရင်ခံစာများအတွက် ဆုပေးခြင်းများကို စတင်လုပ်ဆောင်ရန်။

**အဂတိလိုက်စားမှု တိုက်ဖျက်ရေး**

- လိုအပ်ပါက အရပ်ဖက် လူ့အဖွဲ့အစည်းများ၏ နေရာနှင့် မီဒီယာ၏ လွတ်လပ်ခွင့်သာမက ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကိုပါ အကာအကွယ်ပေးရေးကို အာမခံပေးနိုင်မည့် ယန္တရားနည်းလမ်းများကို ပြဋ္ဌာန်းကျင့်သုံးရန်နှင့်ကျင့်သုံးမည်ဖြစ်ကြောင်း လူသိရှင်ကြား ကတိပြုပေးရန်။ ဤသို့လုပ်ဆောင်ရာတွင် ပြစ်မှုဆိုင်ရာအသရေဖျက်မှု ဥပဒေ (၆) ခုအား အစားထိုး၍ နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့်အသရေဖျက်မှုဥပဒေဥပဒေပြုပြင်ပြောင်းလဲခြင်းတို့လည်း ပါဝင်မည်ဖြစ်ပြီး၊ ဖော်ထုတ်ပြောဆိုသူများကို ဒုက္ခမပေးရလေအောင် ဆောင်ရွက်ခြင်း၊ ဥပမာ – နိုင်ငံတော် လျှို့ဝှက်ချက်ဥပဒေ၊ အသရေဖျက်မှုဥပဒေများကို အလွဲသုံးစားပြုလုပ်ကာ ဒုက္ခပေးခြင်းကို ကာကွယ်ခြင်း။
- Whistle–blower protection ခေါ် ဖော်ထုတ်ပြောဆိုသူကို အကာအကွယ်ပေးခြင်းအား ဦးစားပေးဆောင်ရွက်ရန်။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းစီမံကိန်း Action Plan နှင့် ဥပဒေပြုပြင်ပြောင်းလဲမှုများ၊ ဘဏ္ဍာရေးသာမက ရုပ်ပိုင်းဆိုင်ရာ ရင်းမြစ်များကိုပါ ပံ့ပိုးပေးခြင်းအားဖြင့်လည်း ထိရောက်စွာတိုင်ကြားနိုင်သည့် ယန္တရားတစ်ခုပေါ်လာနိုင်မည် ဖြစ်သလို သက်သေများနှင့် ဖော်ထုတ်ပြောဆိုသူများကိုလည်း အများပြည်သူနှင့်ဆိုင်သည့် ကဏ္ဍတွင်ကော၊ ပုဂ္ဂလိကကဏ္ဍတွင်ပါ ကာကွယ်ပေးနိုင်မည့် ယန္တရားများ ပေါ်ထွက်လာပါလိမ့်မည်။

- မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ငွေကြေးခဝါချခြင်း ဥပဒေကဲ့သို့ ဥပဒေများကို ပြင်ဆင်ရန်။ ထိုသို့ ပြင်ဆင်ရာတွင်လည်း UNCAC ပထမအကြိမ် သုံးသပ်မှုစက်ဝန်းတွင် မီးမောင်းထိုးပြသောအချက်များနှင့် အညီ ဖြစ်အောင် နည်းဥပဒေများကို ပြင်ဆင်ရန်။ ထို့အတူ UNCAC ပထမအကြိမ် ပြန်လည်သုံးသပ်ရေးတွင် ချပေးလိုက်သည့် အကြံပြုချက်များကိုလည်း နောက်ဆက်တွဲအနေဖြင့် လုပ်ဆောင်ရန်။ ထိုသို့ လုပ်ဆောင်ရာတွင် နည်းပညာဆိုင်ရာ အကူအညီပေးနိုင်သည့် လုပ်ငန်းစဉ်ထဲတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပါဝင်ရေးကိုလည်း သေသေချာချာ ဆောင်ရွက်ရန်။ (UNCAC ပိုဒ်မ ၆၃ (၄) (၅) (၆) နှင့် (၇)။)
- စီးပွားရေးလုပ်ငန်းများနှင့်တိုင်ပင်ဆွေးနွေးကာ ကြိုးနီစနစ်ဖြစ်စေမှုများနှင့် အဂတိလိုက်စားမှုဖြစ်နိုင်ချေ အန္တရာယ်များကို ရှာဖွေဖော်ထုတ် (corruption risk assessments ပြုလုပ်) ခြင်းဖြင့် လုပ်ငန်း အဆင်ပြေစေရန် ငွေပေးရခြင်းနယ်ပယ်ကို လျှော့ချရန်နှင့် ခွင့်ပြုချက်တောင်းခံရာတွင် တတ်နိုင်သမျှ လွယ်ကူအဆင်ပြေစေရန်နှင့် အွန်လိုင်းမှ လုပ်ကိုင်နိုင်သည့် စနစ်ပြုလုပ်ထားရန်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သို့**

- အဂတိလိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာအသစ် (၂၀၂၂-၂၀၂၃) ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းစဉ်အား အထောက်အပံ့ပေးရန်အတွက် စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား လုပ်ငန်းကော်မတီတွင် ပါဝင်အောင်လုပ်ဆောင်ရန်။ ၎င်းသည် အရပ်ဖက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းနှင့် အဓိပ္ပါယ်ရှိသော ချိတ်ဆက်ဆောင်ရွက်မှုများနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်းကို အားပေးသည့် အများပြည်သူနှင့် ဆွေးနွေးအကြံဉာဏ် ရယူခြင်းအပေါ်အခြေခံသည့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်လည်း ကိုက်ညီသည်။
- မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ဖော်ပြချက်များနှင့် အညီ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များစာရင်းကို ပြည့်စုံစွာနှင့် ပွင့်လင်းမြင်သာစွာ အကောင်ထည်ဖော်ရန်။
- နိုင်ငံရေးအရ သြဇာအာဏာရှိသူ (PEP) များနှင့် ၎င်းတို့၏ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များစာရင်းကို အများပြည်သူသိရှိနိုင်ရန်အတွက် ပွင့်လင်းအချက်မူ (open data principles )များအတိုင်း ထုတ်ပြန်ခြင်းကို ဥပဒေအားဖြင့်လည်းကောင်း လက်တွေ့ကျင့်သုံးမှုအားဖြင့်လည်းကောင်း နောက်ထပ်ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ရန်။ ယင်းတွင် အများပြည်သူဆိုင်ရာ အရာရှိများနှင့် မိသားစုဝင်များပါဝင်သင့်သည်။
- ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များစာရင်းအား စစ်ဆေးအတည်ပြုပြီးနောက် ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူများက ထိန်းချုပ်စစ်ဆေးရန်နှင့် မှားယွင်းတင်ပြမှုများ ရှိပါက အရေးယူမှုများကို ဆောင်ရွက်ရန်။
- အစိုးရအရာရှိများအား အကျိုးစီးပွားပဋိပက္ခ ဖြစ်စေနိုင်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို “အခမဲ့”ရယူမှုများနှင့် ပတ်သက်သော အချက်များအားလုံးကို အဂတိတိုက်ဖျက်ရေး ဥပဒေတွင် ထည့်သွင်း၍ ဖြည့်စွက်ပြဋ္ဌာန်းရန်။
- ပိုမိုကောင်းမွန်သော တင်ဒါများ၊ ဝယ်ယူရေးကိစ္စများနှင့် အချို့အချက်များကို မဖြစ်မနေထုတ်ပြန်ရမည်ဟု သတ်မှတ်ကာ သတင်းအချက်အလက် ရပိုင်ခွင့်များကို ဥပဒေများတွင်ပါဝင်စေရန်နှင့် အများပြည်သူများ ပါဝင်ဆွေးနွေးခွင့်ရရှိခြင်းဖြင့် ပိုမိုကောင်းမွန်သော စည်းမျဉ်းများနှင့် ခွင့်ပြုမိန့်များ ဖြစ်ပေါ်လာစေရန်အတွက်

အစိုးရနှင့် လွှတ်တော် သို့ အသိပညာများတင်ပြဆွေးနွေးရန်။

- UNCAC ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရေးနှင့် စောင့်ကြည့်ရေး အတွက် သန္နိဋ္ဌာန်ချဆောင်ရွက်နေသည့် ကမ္ဘာတစ်ဝန်းလုံးမှ အရပ်ဖက်လူမှုအဖွဲ့ အစည်းများ ပူးပေါင်းထားသည့် coalition (UNCAC ညွန့်ပေါင်းအဖွဲ့) က ရေးဆွဲ ထားသည့် UNCAC ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှု ကတိပြုချက် ကို အများပြည်သူများသိရှိအောင် ထောက်ခံကြောင်း ထုတ်ပြန်ကြေညာရန်။
- ပွင့်လင်းမြင်သာမှု၊ စုံစမ်းဖော်ထုတ် သတင်းရေးသားသူများအပါအဝင် အရပ်ဖက် အဖွဲ့များနှင့် အဂတိတိုက်ဖျက်ရေးနှင့် တာဝန်ယူမှု တာဝန်ခံမှုတို့ကို လုပ်ကိုင်နေ သော အခြားအသိပေးတိုင်ကြားသူများအား အကာအကွယ်ပေးရန်နှင့် အသရေ ဖျက်မှု ဥပဒေပြင်ဆင်မှု၊ သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် အသိပေးတိုင်ကြားသူ အကာ ကွယ်ပေးရေးတို့ ကိုထောက်ခံရန်။

**လွှတ်တော်သို့**

- ပြစ်မှုဆိုင်ရာအသရေဖျက်မှု ဥပဒေများပြုပြင်ပြောင်းလဲရာတွင် အကူညီများပေးရန် နှင့် အသရေဖျက်ခြင်း ဆိုင်ရာဥပဒေတစ်ခုပြဋ္ဌာန်းရာတွင် စာနယ်ဇင်းများ၏ စုံစမ်းထောက်လှမ်းနိုင်သည့် သတင်းအတတ်ပညာအား တားဆီးပိတ်ပင်မှု မရှိ အောင် လုပ်ဆောင်ရန်။
- အထက်ပါ အကြံပြုချက်များအနက် နိုင်ငံတော်မှ ပစ္စည်းဝယ်ယူသည့် ဥပဒေမူကြမ်း (Procurement Law) နှင့် ပတ်သက်သည့်အချက်များကို ထည့်သွင်းစဉ်းစားရန်နှင့် ဆက်လက်၍လည်း အများပြည်သူနှင့်ဆိုင်သည့် ကိစ္စများတွင် တင်ဒါခေါ်ယူသည့် အခါတွင်ဖြစ်စေ၊ ပစ္စည်းများဝယ်ယူသည့်အခါတွင်ဖြစ်စေ ပွင့်လင်းမြင်သာမှုရှိ အောင် ဆက်လက်၍ ဖိအားပေးရန်။ တစ်ချိန်တည်းမှာပင် မေးခွန်းထုတ်စရာ၊ ပြောဆိုစရာ ဖြစ်နေသည့် ဆုံးဖြတ်ချက်များကိုလည်း အများပြည်သူသိအောင် မီးမောင်းထိုးပြ ဆွေးနွေးရန်။
- နိုင်ငံရေးပါတီများ၏ ရန်ပုံငွေနှင့်လှူဒါန်းမှုများနှင့် ၎င်းတို့၏ထုတ်ဖော်ကြေညာမှု များနှင့် စပ်လျဉ်းသည် ဥပဒေများ ပိုမိုခိုင်မာမှုရှိစေရန် နိုင်ငံရေးပါတီများနှင့် ရွေး ကောက်ပွဲဆိုင်ရာ ဥပဒေများကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်။

**မြန်မာ့ အရပ်ဖက်လူမှုအဖွဲ့ အစည်းများနှင့် မီဒီယာများသို့**

- ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ခံမှုရှိစေရေးနှင့် ပတ်သက်ပြီး စောင့်ကြည့် လေ့လာရာတွင် ကုမ္ပဏီများမှ ထုတ်ပြန်ကြေညာသော သတင်းအချက်အလက် များ အသုံးပြုရန်။ ကုမ္ပဏီများက ၎င်းတို့ထုတ်ပြန်၍ ကတိကဝတ်ပြုထားသည့် အချက်များကို လိုက်နာခြင်းမရှိပါက (သို့မဟုတ်) လိုက်နာခြင်း စံချိန်မပြည့်မီပါက ထိုကုမ္ပဏီများ၊ ထိုဖြစ်ရပ်များကို သိရှိအောင် သတင်းရေးသားတင်ပြရန်။
- ကုမ္ပဏီမှကျင်းပသော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းများဆိုင်ရာ တိုင်ပင် ဆွေးနွေးမှုများနှင့် အကျိုးသက်ဆိုင်သူများဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်ဆွေး နွေးရန်။ တွေ့ရှိချက်များကို သတင်းရေးသားရန်။
- ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှု၊ ဘဏ္ဍာရေးရာများနှင့် အခွန်ကိစ္စများကိုလည်း ထည့်သွင်း ဖော်ပြခြင်း အပါအဝင် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ မီဒီယာမှ သတင်းရေး သားခြင်းကို ပိုမိုခိုင်မာအားကောင်းအောင် လုပ်ဆောင်ရန်။

**ရင်းနှီးမြှုပ်နှံသူ အသိုင်းအဝိုင်းသို့**

- တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု ဖြစ်စေရေးအတွက် မူဝါဒများနှင့်အညီ ရင်းနှီးမြှုပ်နှံရန်။
- စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရာတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများဆိုင်ရာ နိုင်ငံတကာ ကျင့်ဝတ်စံနှုန်းများကို လေးစားလိုက်နာအောင် (သို့မဟုတ်) ထို့ထက်မက ပိုကောင်းအောင် လုပ်ဆောင်သွားရေးအတွက် မြန်မာကုမ္ပဏီများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေရန်။ ထိုနည်းတူစွာ တစ်ဆင့်ခံဆောင်ရွက်သူ ကန ်ထရိုက်များနှင့် ကုန်ပစ္စည်းပံ့ပိုးမှု ကွင်းဆက်တစ်လျှောက်လုံးတွင် ကုမ္ပဏီများ၏ ဆုံးရှုံးနိုင်ခြေ အခြေအနေများ၊ လုပ်ငန်းလည်ပတ်မှုများနှင့် ဆက်စပ်နေသော သက်ရောက်မှုများကို အားသွန်ခွန်စိုက် အစီရင်ခံတင်ပြရန်။
- မြန်မာကုမ္ပဏီများကို နိုင်ငံတကာစံချိန်စံနှုန်းများနှင့်ကိုက်ညီသည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်စီမံအုပ်ချုပ်မှု (ESG) ဆိုင်ရာအစီရင်ခံစာများ ရေးသားစေရန် တိုက်တွန်းရန်။

## နောက်ဆက်တွဲ ၁
## ရလဒ်အပြည့်အစုံဖော်ပြထားသောဇယား

L = Listed
P = Public
PR = Private
SEE = State-owned Economic Enterprise

| Rank 2020 | Rank 2019 | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|
| 1 | 5 | uab bank | PR | 128% | 228% | 73% | 76% | 96% |
| 2 | 1 | CITY MART HOLDING (CMHL) | PR | 128% | 156% | 74% | 76% | 89% |
| 3 | 3 | SHWE TAUNG GROUP | PR | 100% | 100% | 77% | 75% | 81% |
| 4 | - | YOMA BANK | PR | 133% | 161% | 56% | 65% | 79% |
| 5 | 2 | FIRST MYANMAR INVESTMENT PUBLIC (FMI) | L | 100% | 77% | 73% | 50% | 69% |
| 6 | 3 | MAX MYANMAR GROUP | PR | 106% | 139% | 48% | 43% | 62% |
| 7 | - | KANBAWZA BANK (KBZ BANK) | PR | 94% | 172% | 35% | 38% | 57% |
| 8 | 7 | MYANMAR THILAWA SEZ HOLDINGS PUBLIC (MTSH) | L | 85% | 66% | 38% | 54% | 55% |
| 9 | 15 | TMH TELECOM PUBLIC | L | 88% | 60% | 30% | 59% | 54% |
| 10 | 8 | DAGON GROUP | PR | 117% | 128% | 42% | 27% | 53% |
| 11 | 14 | MYANMAR AGRO EXCHANGE PUBLIC (MAEX) | P | 85% | 64% | 44% | 39% | 52% |
| 12 | 13 | KMD | PR | 94% | 117% | 29% | 39% | 49% |
| 13 | 19 | SMART TECHNICAL SERVICES | PR | 67% | 111% | 26% | 43% | 46% |
| 14 | - | IME GROUP | PR | 83% | 50% | 28% | 48% | 44% |
| 15 | - | ALPHA POWER ENGINEERING | PR | 67% | 28% | 39% | 48% | 44% |
| 16 | 9 | MYAN SHWE PYI TRACTORS (MSP CAT) | PR | 72% | 44% | 23% | 56% | 44% |
| 17 | 17 | IGE GROUP | PR | 89% | 128% | 30% | 21% | 43% |

| Rank 2020 | Rank 2019 | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|
| 18 | 33 | PROVEN GROUP | PR | 78% | 56% | 7% | 59% | 41% |
| 19 | 6 | GRAND GUARDIAN INSURANCE PUBLIC (GGI) | P | 62% | 30% | 21% | 55% | 39% |
| 20 | - | MAHA AGRICULTURE MICROFINANCE | PR | 67% | 111% | 27% | 16% | 36% |
| 21 | 12 | MYANMAR AGRIBUSINESS PUBLIC CORPO-RATION (MAPCO) | P | 46% | 49% | 33% | 13% | 31% |
| 22 | 31 | ZAWGYI PREMIER | PR | 72% | 33% | 23% | 19% | 28% |
| 23 | - | AUTHENTIC GROUP | PR | 72% | 28% | 12% | 24% | 25% |
| 24 | 35 | EVER FLOW RIVER GROUP (E. F. R) | L | 58% | 32% | 15% | 12% | 23% |
| 25 | 10 | AYEYARWADY BANK (AYA BANK) | PR | 28% | 61% | 23% | 7% | 21% |
| 26 | - | AMATA HOLDING PUBLIC | P | 46% | 40% | 2% | 10% | 19% |
| 27 | - | EXCELLENT FORTUNE DEVELOPMENT GROUP (EFD) | PR | 67% | 17% | 16% | 7% | 18% |
| 28 | 104 | AYEYARWADDY FARMERS DEVELOPMENT BANK PUBLIC (A BANK) | P | 19% | 19% | 21% | 10% | 17% |
| 29 | 17 | MYANMA AWBA GROUP | PR | 44% | 33% | 17% | 4% | 16% |
| 30 | 22 | FIRST PRIVATE BANK (FPB) | L | 50% | 17% | 2% | 15% | 16% |
| 31 | 22 | AYEYAR HINTHAR TRADING | PR | 28% | 56% | 11% | 5% | 15% |
| 31 | 20 | UNITED PAINTS GROUP (UPG) | PR | 33% | 22% | 8% | 15% | 15% |
| 33 | 16 | GREAT HOR KHAM PUBLIC | P | 35% | 21% | 15% | 2% | 14% |
| 34 | 28 | CO-OPERATIVE BANK (CB BANK) | P | 35% | 13% | 14% | 8% | 14% |
| 34 | 20 | MYANMAR CITIZENS BANK PUBLIC (MCB) | L | 46% | 23% | 0% | 9% | 14% |
| 36 | - | MYA AYER GROUP | PR | 50% | 0% | 19% | 1% | 13% |
| 36 | 22 | MYANMAR ORIENTAL BANK (MOB) | PR | 28% | 28% | 17% | 2% | 13% |
| 38 | 22 | PARAMI ENERGY GROUP | PR | 33% | 6% | 15% | 4% | 11% |
| 39 | - | INTERNATIONAL BEVERAGES TRADING | PR | 22% | 28% | 8% | 7% | 11% |

| Rank 2020 | Rank 2019 | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|
| **40** | 46 | **SUPREME GROUP** | PR | 39% | 17% | 2% | 10% | 10% |
| **41** | 28 | **HTOO GROUP** | PR | 33% | 17% | 10% | 2% | 10% |
| **42** | - | **MEDI MYANMAR GROUP** | PR | 44% | 0% | 5% | 8% | 10% |
| **43** | 22 | **MYANMAR TECHNOLOGIES AND INVEST-MENT CORPORATION** | P | 27% | 15% | 2% | 6% | 10% |
| **44** | 35 | **YANGON ELECTRICITY SUPPLY CORPORA-TION (YESC)** | SEE | 33% | 6% | 2% | 10% | 9% |
| **45** | 46 | **GLOBAL TREASURE BANK PUBLIC** | P | 19% | 13% | 0% | 10% | 9% |
| **46** | 35 | **ASIA WORLD** | PR | 33% | 0% | 10% | 3% | 8% |
| **47** | - | **ASIA ROYAL** | PR | 22% | 0% | 9% | 6% | 8% |
| **48** | - | **IKBZ INSURANCE** | PR | 33% | 11% | 2% | 4% | 7% |
| **49** | 60 | **ASIA GREEN DEVELOPMENT BANK (AGD BANK)** | P | 15% | 9% | 9% | 1% | 7% |
| **49** | 46 | **MANDALAY MYOTHA INDUSTRIAL DEVELOP-MENT PUBLIC** | P | 31% | 6% | 0% | 4% | 7% |
| **51** | 31 | **YANGON BUS PUBLIC** | P | 15% | 13% | 3% | 2% | 7% |
| **52** | - | **CAPITAL DIAMOND STAR GROUP (CDSG)** | PR | 33% | 0% | 0% | 7% | 7% |
| **53** | - | **DANAYARZAR** | PR | 22% | 33% | 0% | 0% | 6% |
| **53** | 39 | **MYAWADDY BANK** | PR | 28% | 17% | 0% | 3% | 6% |
| **55** | - | **FORTUNE INTERNATIONAL** | PR | 44% | 0% | 0% | 1% | 5% |
| **55** | - | **SHWE (RURAL AND URBAN DEVELOPMENT) BANK** | PR | 17% | 0% | 8% | 1% | 5% |
| **55** | 46 | **UMG GROUP** | PR | 44% | 0% | 0% | 1% | 5% |
| **58** | 46 | **MOTTAMA HOLDING** | PR | 33% | 0% | 0% | 4% | 5% |
| **59** | 39 | **MYANMAR SHIPYARDS** | SEE | 28% | 17% | 0% | 0% | 5% |
| **59** | - | **NAY PYI TAW DEVELOPMENT BANK (NAY PYI TAW SIBIN BANK)** | PR | 22% | 17% | 0% | 1% | 5% |
| **59** | 33 | **YATHAR CHO INDUSTRY** | PR | 28% | 0% | 2% | 3% | 5% |

| Rank 2020 | Rank 2019 | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|
| 62 | 30 | MYANMAR PAYMENT UNION PUBLIC (MPU) | P | 8% | 9% | 0% | 5% | 5% |
| 62 | - | YANGON URBAN PUBLIC TRANSPORTATION PUBLIC | P | 15% | 6% | 0% | 4% | 5% |
| 64 | 68 | AA MEDICAL PRODUCTS (PACIFIC AA GROUP) | PR | 33% | 0% | 0% | 2% | 4% |
| 65 | 35 | CONSTRUCTION, HOUSING AND INFRASTRUCTURE DEVELOPMENT PUBLIC BANK (CHID) | P | 15% | 11% | 0% | 0% | 4% |
| 65 | - | GOLDEN LAND EAST ASIA DEVELOPMENT PUBLIC | P | 12% | 6% | 0% | 4% | 4% |
| 67 | - | PACIFIC ELECTRIC | PR | 17% | 22% | 0% | 0% | 4% |
| 68 | - | AYE NYEIN THAR | PR | 28% | 0% | 0% | 3% | 4% |
| 68 | - | NATIONAL INFRASTRUCTURE HOLDINGS (NIHC) | PR | 33% | 0% | 0% | 1% | 4% |
| 68 | 68 | SHWE THAN LWIN MEDIA | PR | 6% | 0% | 8% | 1% | 4% |
| 71 | 46 | G.B.S AGRICULTURAL SERVICES PUBLIC | P | 31% | 0% | 0% | 0% | 4% |
| 71 | 60 | TANINTHARYI DIVISION DEVELOPMENT PUBLIC | P | 19% | 6% | 0% | 0% | 4% |
| 73 | - | ASHRO MYANMAR | PR | 33% | 0% | 0% | 0% | 4% |
| 73 | 60 | DENKO TRADING | PR | 28% | 0% | 0% | 1% | 4% |
| 73 | 68 | MYANMA INVESTMENT AND COMMERCIAL BANK (MICB) | SEE | 11% | 17% | 0% | 1% | 4% |
| 73 | 39 | MYANMAR DISTRIBUTION GROUP (MDG) | PR | 33% | 0% | 0% | 0% | 4% |
| 73 | 104 | MYAWADDY TRADING | PR | 17% | 6% | 2% | 1% | 4% |
| 73 | 46 | VICTORY MYANMAR GROUP | PR | 33% | 0% | 0% | 0% | 4% |
| 79 | - | MYANMAR ECONOMIC HOLDINGS PUBLIC (MEHL) | P | 33% | 6% | 0% | 0% | 3% |
| 80 | - | WI SA RA INTERNATIONAL | PR | 22% | 0% | 0% | 2% | 3% |
| 80 | - | YADANAR KAUNG KIN GEMS & JEWELLERY | PR | 28% | 0% | 0% | 1% | 3% |
| 82 | 104 | DECO-LAND GROUP | PR | 28% | 0% | 0% | 0% | 3% |
| 82 | 104 | ELEVEN MEDIA GROUP | PR | 11% | 17% | 0% | 0% | 3% |

| Rank 2020 | Rank 2019 | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|
| 82 | - | LWIN OO HTWE TRADING | PR | 28% | 0% | 0% | 0% | 3% |
| 82 | 68 | MYANMA ECONOMIC BANK | SEE | 17% | 11% | 0% | 0% | 3% |
| 82 | - | YOUNG INVESTMENT GROUP | PR | 28% | 0% | 0% | 0% | 3% |
| 87 | - | MYANMAR TELECOMMUNICATION NET-WORK PUBLIC | P | 23% | 0% | 0% | 0% | 3% |
| 87 | 104 | RAKHINE DEVELOPMENT CORPORATION | P | 12% | 6% | 0% | 0% | 3% |
| 89 | 60 | EDEN GROUP | PR | 22% | 0% | 0% | 1% | 3% |
| 89 | 46 | ELECTRICITY SUPPLY CORPORATION | SEE | 11% | 6% | 2% | 1% | 3% |
| 89 | - | M9 GROUP | P | 0% | 0% | 3% | 4% | 3% |
| 89 | 104 | MANDALAY ELECTRICITY SUPPLY CORPO-RATION | SEE | 11% | 11% | 0% | 1% | 3% |
| 89 | 68 | MYANMAR PORT AUTHORITIES | SEE | 22% | 0% | 0% | 1% | 3% |
| 89 | 68 | NEW DAY ENERGY | PR | 22% | 0% | 0% | 1% | 3% |
| 95 | 39 | ASIA BUSINESS SYNERGY PUBLIC | P | 12% | 4% | 0% | 0% | 2% |
| 95 | - | MAW SHAN DEVELOPMENT PUBLIC | P | 12% | 2% | 0% | 1% | 2% |
| 97 | 60 | A1 GROUP | PR | 22% | 0% | 0% | 0% | 2% |
| 98 | - | AUNG THITSA OO INSURANCE | PR | 17% | 0% | 0% | 1% | 2% |
| 98 | 68 | LOI HEIN | PR | 22% | 0% | 0% | 0% | 2% |
| 98 | 68 | MYANMAR ECONOMIC CORPORATION | SEE | 22% | 0% | 0% | 0% | 2% |
| 98 | - | MYANMAR KAIDO | PR | 22% | 0% | 0% | 0% | 2% |
| 98 | - | MYANMAR PADAUK TRADING | PR | 22% | 0% | 0% | 0% | 2% |
| 98 | 46 | MYANMAR PEARL ENTERPRISE | SEE | 17% | 0% | 0% | 1% | 2% |
| 98 | 68 | MYANMAR POSTS AND TELECOMMUNICA-TION | SEE | 22% | 0% | 0% | 0% | 2% |
| 98 | 68 | NO (1) MINING ENTERPRISE | SEE | 22% | 0% | 0% | 0% | 2% |

| Rank 2020 | Rank 2019 | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|
| 98 | 46 | PAHTAMA GROUP | PR | 17% | 0% | 0% | 1% | 2% |
| 98 | - | THAN TAW MYAT | PR | 22% | 0% | 0% | 0% | 2% |
| 98 | 68 | YANGON AIRPORT GROUP | PR | 22% | 0% | 0% | 0% | 2% |
| 109 | - | MYO NAING-NINE GROUP | PR | 17% | 0% | 0% | 1% | 2% |
| 110 | 60 | GOLDEN MYANMAR AIRLINES PUBLIC | P | 15% | 0% | 0% | 0% | 2% |
| 110 | - | MYANMA TOURISM BANK PUBLIC | P | 15% | 0% | 0% | 0% | 2% |
| 112 | - | BEST OIL | PR | 17% | 0% | 0% | 0% | 2% |
| 112 | - | BHOME YAUNG CHI | PR | 17% | 0% | 0% | 0% | 2% |
| 112 | 68 | CONSUMER GOODS MYANMAR | PR | 17% | 0% | 0% | 0% | 2% |
| 112 | 68 | EUROPE & ASIA COMMERCIAL | PR | 17% | 0% | 0% | 0% | 2% |
| 112 | - | MINERAL DEVELOPMENT BANK | PR | 17% | 0% | 0% | 0% | 2% |
| 112 | 68 | MYANMAR INSURANCE ENTERPRISE | SEE | 17% | 0% | 0% | 0% | 2% |
| 112 | - | MYANMAR MICROFINANCE BANK LIMITED | PR | 17% | 0% | 0% | 0% | 2% |
| 112 | - | MYANMAR TIMBER ENTERPRISE | SEE | 17% | 0% | 0% | 0% | 2% |
| 112 | - | MYAT MYITTAR MON | PR | 17% | 0% | 0% | 0% | 2% |
| 112 | 60 | SHWE BYAIN PHYU | PR | 17% | 0% | 0% | 0% | 2% |
| 112 | - | STEEL KING | PR | 17% | 0% | 0% | 0% | 2% |
| 112 | - | U KYU FAMILY GRAINS & MANUFACTURING | PR | 17% | 0% | 0% | 0% | 2% |
| 124 | 68 | INLAND WATER TRANSPORT | SEE | 11% | 0% | 0% | 1% | 1% |
| 124 | 68 | MYANMAR OIL AND GAS ENTERPRISE (MOGE) | SEE | 6% | 0% | 2% | 1% | 1% |
| 124 | 68 | MYANMAR PETROCHEMICAL ENTERPRISE (MPE) | SEE | 6% | 0% | 2% | 1% | 1% |
| 124 | 68 | MYANMAR PETROLEUM PRODUCT ENTER-PRISE (MPPE) | SEE | 6% | 0% | 2% | 1% | 1% |

| Rank 2020 | Rank 2019 | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|
| 128 | - | MYANMAR INFORMATION & COMMUNICATION TECHNOLOGY DEVELOPMENT CORPORATION PUBLIC | P | 4% | 0% | 0% | 3% | 1% |
| 128 | - | MYANMAR LICENSED CONTRACTORS PUBLIC | P | 4% | 4% | 0% | 0% | 1% |
| 128 | 46 | SMALL & MEDIUM ENTERPRISES DEVELOPMENT BANK PUBLIC | P | 12% | 0% | 0% | 0% | 1% |
| 131 | - | AIR KANBAWZA | PR | 11% | 0% | 0% | 0% | 1% |
| 131 | 104 | DAGON BEVERAGES | PR | 11% | 0% | 0% | 0% | 1% |
| 131 | - | DOUBLE CRANE (MYANMAR) | PR | 11% | 0% | 0% | 0% | 1% |
| 131 | 104 | KHA YAY TRADING | PR | 11% | 0% | 0% | 0% | 1% |
| 131 | - | MYANMA APEX BANK | PR | 11% | 0% | 0% | 0% | 1% |
| 131 | 104 | MYANMA FOREIGN TRADE BANK | SEE | 11% | 0% | 0% | 0% | 1% |
| 131 | 68 | MYANMAR GEMS ENTERPRISE | SEE | 6% | 0% | 2% | 0% | 1% |
| 131 | - | NCX MYANMAR | PR | 11% | 0% | 0% | 0% | 1% |
| 131 | 68 | NO (2) MINING ENTERPRISE | SEE | 6% | 0% | 0% | 1% | 1% |
| 131 | 104 | NO (3) HEAVY INDUSTRIES ENTERPRISE | SEE | 11% | 0% | 0% | 0% | 1% |
| 131 | - | PT POWER TRADING | PR | 11% | 0% | 0% | 0% | 1% |
| 131 | 68 | SEIN WUT HMON | PR | 11% | 0% | 0% | 0% | 1% |
| 131 | 104 | SHWE WAH YAUNG AGRICULTURE PRODUCTION | PR | 11% | 0% | 0% | 0% | 1% |
| 131 | 39 | THILAWA SPECIAL ECONOMIC ZONE MANAGEMENT COMMITTEE | SEE | 11% | 0% | 0% | 0% | 1% |
| 131 | - | TUN COMMERCIAL BANK | PR | 11% | 0% | 0% | 0% | 1% |
| 146 | 104 | MYANMAR MOTION PICTURE DEVELOPMENT PUBLIC | P | 8% | 0% | 0% | 0% | 1% |
| 147 | - | GLORY FARMER DEVELOPMENT BANK LIMITED (G BANK) | PR | 8% | 0% | 0% | 0% | 1% |
| 147 | - | GOLD ENERGY | PR | 6% | 0% | 0% | 1% | 1% |
| 149 | 104 | BENHUR TRADING | PR | 6% | 0% | 0% | 0% | 0.6% |

| Rank 2020 | Rank 2019 | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|
| **149** | - | **EVER SUNNY INDUSTRIAL (ESI FOOD)** | PR | 6% | 0% | 0% | 0% | 0.6% |
| **149** | - | **FIRST TOP EDIBLE OIL** | PR | 6% | 0% | 0% | 0% | 0.6% |
| **149** | - | **GA MONE PWINT** | PR | 6% | 0% | 0% | 0% | 0.6% |
| **149** | - | **INNWA BANK** | PR | 6% | 0% | 0% | 0% | 0.6% |
| **149** | 104 | **KMA GROUP** | PR | 6% | 0% | 0% | 0% | 0.6% |
| **149** | - | **KYAW SAN** | PR | 6% | 0% | 0% | 0% | 0.6% |
| **149** | - | **NEW MEN INTERNATIONAL** | PR | 6% | 0% | 0% | 0% | 0.6% |
| **149** | 104 | **NO (1) HEAVY INDUSTRIES ENTERPRISE** | SEE | 6% | 0% | 0% | 0% | 0.6% |
| **149** | 104 | **NO (2) HEAVY INDUSTRIES ENTERPRISE** | SEE | 6% | 0% | 0% | 0% | 0.6% |
| **149** | - | **RURAL DEVELOPMENT BANK** | PR | 6% | 0% | 0% | 0% | 0.6% |
| **149** | - | **SHU SAN INDUSTRY** | PR | 6% | 0% | 0% | 0% | 0.6% |
| **161** | - | **DAWEI DEVELOPMENT PUBLIC** | P | 4% | 0% | 0% | 0% | 0.5% |
| **161** | 104 | **ACE GROUP** | PR | 4% | 0% | 0% | 0% | 0.5% |

L = Listed
P = Public
PR = Private
SEE = State-owned Economic Enterprise

## Companies without disclosure (in alphabetical order)

| PUBLIC COMPANIES (22) | PRIVATE COMPANIES (72) |
|---|---|
| Citizen Business Public | Annawar Tun |
| Farmers Development Bank Public | Asia Metal Construction |
| Forest Products Joint Venture Corporation | Bhone Kyaw San |
| Hantharwady Development Public | Billion Soe Kaung San |
| Kayin State Development Public | Dagon Win Win |
| Kaytumadi Development Public | Diamond Dragon |
| Mandalay Industrial Zone Development Public | Eain Myint San |
| Maubin Development Public | Eden Energy & Natural Resources Development |
| Myanmar Agriculture & General Development Public | Excellent Myanmar |
| Myanmar Automobile Development Public | Farmer Phoyarzar |
| Myanmar Edible Oil Industrial Public (MEICO) | Forever Group |
| Myanmar Irrawaddy Development Public | Forever Winner |
| Myanmar Sugar Development Public | Fu Xing Brothers Group |
| Myeik Future Development Public (MFD) | G and G |
| Myeik Corporation Public | Great Genesis Gems |
| National Development Group | Green Land (Food) International |
| New City Development Public | Hein Htet Swam |
| Oleander Construction Group Public | Heyday Energy Trading |
| Rakhine Economic Initiative Public | Htoo Construction Development Group |
| Shanni Development Public | Information Technology Central Services |
| Tavoy Trading Public | International Gateways Group |
| Yangon Metropolitan Development Public | Jade King & Queen Gems & Jewellery |
| **SEEs (4)** | Jing Hpaw Aung Jade & Jewellery |
| Electric Power Generation Enterprise | Khin Maung Win Family |
| Myanmar Agriculture Development Bank | Khine Khine Phyo International Trading |
| Myanmar Pharmaceuticals Enterprise | Khwar Nyo Trading |
| Myanmar Railways | Kian Ho |

## PRIVATE COMPANIES (continued)

Kian Sein

League-21 Trading

Lighthouse Enterprises

Linn Lett Win Yadanar Gems

Lluvia

Lwin and Myint Trading

Min Dhama

Moe Htet Gabar

Moe Thu Kha Trading

Moon Sun Trading

Mya Gae Trading

Myanmar GR

Myanmar Mayson Industries

Myanmar United Power

Myanmar Winery & Distillery

Myanmar Zhulian Direct Market

Myat Myittar Mon (G & J)

Naing Group

Ngwe Yi Pale Group

Nilar Yadanar

Nilar Yoma Trading

North East Gate Fruit

Petrol Star

Pro 1 (Myanmar)

Regency Material Trading

Resources Group Trading

Shwe Gandamar International Trading

## PRIVATE COMPANIES (continued)

Shwe Gone Myint

Shwe Mar Ga Golden & Mining

Shwe Me

Shwe Myan Aung

Six Winner Brothers

Thein Than Brothers

Thit Sar Shwe Yi

Thu Gyi Min

TMW Enterprise

Total Supply Chain

U Sein Wan ML IPP

Unique Move Trading

Unlimited Channel

Yadanabon Bank

Yadanar Taung Tann Gems

Yangon City Bank

Yuzana

Zaykabar

| # | | Disclosure/ Performance | Standard/ Bonus | Asean Corporate Governance Scorecard |
|---|---|---|---|---|
| **ကော်ပိုရိတ် အကြောင်းအရာ** | | | | |
| **တင်ပြပုံ** | | | | |
| 1 | ကုမ္ပဏီတွင် လက်ရှိအခြေအနေကို ထင်ဟပ်သည့် vision နှင့် mission statement ရှိပါသလား။ | **D** | **S** | **E.1.4** |
| 2 | ကုမ္ပဏီ၏ ကော်မရှင်အဖွဲ့(သို့) ဒါရိုက်တာဘုတ်အဖွဲ့မှ vision နှင့် mission များကို ပုံမှန် ပြန်လည်စီစစ် အတည်ပြုခြင်း ပြုလုပ်ပါသလား။ ပြီးခဲ့သော (၅)နှစ်အတွင်း ဤကဲ့သို့ အနည်းဆုံး တစ်ကြိမ်မျှ ပြုလုပ်ခဲ့ပါသလား။ | **D** | **S** | **E.1.5** |
| 3 | ကုမ္ပဏီသည် ၎င်း၏ ကော်ပိုရိတ်တန်ဖိုးများကို ထုတ်ပြန်ကြေငြာပါသလား။ | **D** | **S** | |
| 4 | ကုမ္ပဏီသည် ၎င်း၏ လုပ်ငန်းလုပ်ဆောင်မှုများကို အကြမ်းဖျင်းရှင်းပြပါသလား။ ကုမ္ပဏီသည် ၎င်း၏ အကြောင်းအရာကို ဖော်ပြပါသလား။ | **D** | **S** | |
| 5 | ကုမ္ပဏီသည် ၎င်း၏ စီးပွားရေး မူပုံစံနှင့် အကျိုးသက်ဆိုင်သူများအတွက် ကုမ္ပဏီမှ မည်သို့တန်ဖိုး ဖန်တီးပေးကြောင်း ရှင်းလင်းစွာ ဖော်ပြပါသလား။ | **P** | **S** | |
| **ပိုင်ဆိုင်မှုဆိုင်ရာဖွဲ့စည်းပုံ** | | | | |
| 6 | ကုမ္ပဏီသည် ၎င်း၏မိခင်ကုမ္ပဏီ၊ ဦးပိုင်ကုမ္ပဏီ၊ လက်အောက်ခံကုမ္ပဏီ၊ တွဲဖက်ကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီ၊ အထူးရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည့် special purpose enterprises/vehicles (SPEs)/(SPVs)နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဖော်ပြပါသလား။ | **D** | **S** | |
| 7 | ရှယ်ယာများ၏ ၅%(သို့) ၅% ထက်ပိုသေ ရှယ်ယာပိုင်ရှင်များသည် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြနိုင် သည့် အချက်အလက်များကို ဖော်ပြပါသလား။ | **D** | **S** | |
| 8 | ရှယ်ယာအများစုကို ပိုင်ဆိုင်သော ပိုင်ရှင်များကို သွယ်ဝိုက်သော(သို့) တိုက်ရိုက်ကျသောနည်းလမ်းဖြင့် ဖော်ပြပါသလား။ | **D** | **S** | |
| 9 | ဒါရိုက်တာများ၏ ပိုင်ဆိုင်သောရှယ်ယာပမာဏကို တိုက်ရိုက်(သို့) )သွယ်ဝိုက်သောနည်းဖြင့် ဖော်ပြပါ သလား။ | **D** | **S** | |
| 10 | အကြီးတန်းစီမံခန့်ခွဲမှု၏ ပိုင်ဆိုင်သောရှယ်ယာပမာဏကို တိုက်ရိုက်(သို့) )သွယ်ဝိုက်သောနည်းဖြင့် ဖော်ပြပါသလား။ | **D** | **S** | |
| **ကုမ္ပဏီ၏ နည်းဗျူဟာ** | | | | |
| 11 | ကုမ္ပဏီသည် ၎င်း၏ အဖွဲ့အစည်းအနေဖြင့် မည်သည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိလိုသနည်းဟူသောအချက်နှင့် ၎င်းပန်းတိုင်ကို ရောက်ရှိနိုင်အောင် မည်သို့ အကောင်အထည်ဖော်မည်ဟူ၍ ရှင်းလင်းစွာ ဖော်ပြထားပါသလား။ | P | S | |
| 12 | ကော်ပိုရိတ်နည်းဗျူဟာကို အကောင်အထည်ဖော်ခြင်းအား ဒါရိုက်တာဘုတ်အဖွဲ့များမှ သုံးသပ်ခြင်း၊ စောင့်ကြည့်ခြင်း နှင့် ကြီးကြပ်ခြင်းပြုရန်အတွက် လုပ်ငန်းစဉ်တစ်ခုရှိပါသလား။ | D | S | E.1.6 |
| 13 | ကုမ္ပဏီသည် ၎င်း၏နည်းဗျူဟာကို အကောင်အထည်ဖော်ရာတွင် မည်သို့သော စိန်ခေါ်မှုများနှင့် မရေရာမှုများ တွေ့ကြုံနိုင်ကြောင်းနှင့် အကျိုးဆက်အနေဖြင့် ကုမ္ပဏီ၏စီးပွားရေးမူပုံစံနှင့်အနာဂတ်လုပ်ဆောင်မှုအား မည်သို့သက်ရောက်နိုင်ကြောင်း ရှင်းလင်းစွာဖော်ပြပါသလား။ | P | B | |

| # | | Disclosure/ Performance | Standard/Bonus | Asean Corporate Governance Scorecard |
|---|---|---|---|---|
| **ကော်ပိုရိတ်ဆိုင်ရာ ဆက်သွယ်ပြောဆိုခြင်း** | | | | |
| 14 | ကုမ္ပဏီသည် အောက်ဖော်ပြပါ ဆက်သွယ်ပြောဆိုခြင်း နည်းလမ်းများအား အသုံးပြုပါသလား။ | | | |
| - | ကုမ္ပဏီ ဝက်(ဘ်)ဆိုက် | **D** | **S** | **D.6.2** |
| 15 | ကုမ္ပဏီတွင် အချိန်နှင့်တစ်ပြေးညီ အောက်ဖော်ပြပါ အချက်အလက်များအား ထုတ်ဖော်ကြေငြာသည့် ဝက်(ဘ်)ဆိုက်တစ်ခုရှိပါသလား။ | | | |
| - | ဒေါင်းလုပ်ဒ် ရယူနိုင်သော နှစ်ပတ်လည် အစီရင်ခံစာ။ | **D** | **B** | **D.8.3** |
| - | နှစ်ပတ်လည်အထွေထွေညီလာခံ(AGM)နှင့်/သို့ အထူးအထွေထွေညီလာခံ(EGM)အတွက် အသိပေးအကြောင်းကြားခြင်း။ | **D** | **B** | **D.8.4** |
| - | နှစ်ပတ်လည် အထွေထွေ ညီလာခံ (AGM) နှင့်/သို့ အထူးအထွေထွေညီလာခံ (EGM) ၏ အစည်းအဝေး မှတ်တမ်းများ။ | **P** | **B** | **D.8.5** |
| 16 | ကုမ္ပဏီတွင် ကော်ပိုရိတ် တာဝန်ယူမှု (CSR) ကဏ္ဍ /အစီရင်ခံစာ (သို့) ရေရှည်တည်တံ့နိုင်ရေး အခန်းကဏ္ဍ/အစီရင်ခံစာ သီးခြားရှိပါသလား။ | **D** | **S** | **C.1.7** |
| 17 | သတင်းအချက်အလက်များသည် ယုံကြည်ရပြီး အများမှ အသုံးပြုနိုင်ကာ အချိန်နှင့် တပြေးညီ ဖော်ပြထား ပါသလား။ | **P** | **S** | |
| 18 | ကုမ္ပဏီသည် ၎င်းမှ ထုတ်ပြန်ကြေငြာထားသော သတင်းအချက်အလက်များနှင့် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း၏ လိုအပ်ချက်များကြားရှိ ကွာဟချက်များအား ဆန်းစစ်မှုတစ်ရပ်ပြုလုပ်ထားပါသလား။ | **P** | **B** | |
| **ကော်ပိုရိတ် စီမံအုပ်ချုပ်မှု** | | | | |
| **အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်း** | | | | |
| 19 | နောက်ဆုံးကျင်းပထားသော အထွေထွေအစည်းအဝေး၌ ဆုံးဖြတ်ချက်များ/အစီအစဉ်များအတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ကြားနေမဲများ၏ ရလဒ်အရေအတွက်ကို ထုတ်ဖော်ပြသခဲ့ပါသလား။ | P | B | A.3.6 |
| 20 | နောက်ဆုံးကျင်းပထားသော နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ ဆုံးဖြတ်ချက်တစ်ခုစီတွင် အကြောင်းအရာ တစ်ခုသာ ပါဝင်ပါသလား။ ဆိုလိုသည်မှာ ဆုံးဖြတ်ချက်တစ်ခုတွင် အကြောင်းအရာများစွာ ပါဝင်ခြင်းမရှိပေ။ | D | B | B.2.1 |
| 21 | အထွေထွေအစည်းအဝေး ကြေငြာချက်များအားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ထုတ်ဝေသည့်နေ့၌ပင် အင်္ဂလိပ် ဘာသာသို့ ပြည့်ပြည့်စုံစုံဘာသာပြန်ဆို၍ ထုတ်ဝေပြန်ကြားခြင်း ရှိပါသလား။ | D | B | B.2.2 |
| **ဒါရိုက်တာဘုတ်အဖွဲ့၏ ဖွဲ့စည်းပုံ** | | | | |
| 22 | ကုမ္ပဏီတွင် ဒါရိုက်တာ ဘုတ်အဖွဲ့ ရှိပါသလား။ | D | S | |
| 23 | ဒါရိုက်တာ ဘုတ်အဖွဲ့ဝင် အရေအတွက်အား ထုတ်ပြန်ကြေငြာထားခြင်း ရှိပါသလား။ | D | S | |
| 24 | ဒါရိုက်တာဘုတ်အဖွဲ့ (သို့) ကော်မရှင်အဖွဲ့သည် (၅)ဦးထက်မနည်း၊ (၁၂)ဦးနှင့်အောက်ရှိသော လူဦးရေဖြင့် ဖွဲ့စည်းထား ပါသလား။ | D | S | |
| 25 | Chairman နှင့် CEO ၏ အခန်းကဏ္ဍများအား မတူညီသော လူပုဂ္ဂိုလ်များမှ တာဝန်ယူထားပါသလား။ | D | B | E.4.1 |
| 26 | Chairman သည် non-executive ဒါရိုက်တာ ဖြစ်ပါသလား။ | D | B | |

| # | | Disclosure/ Performance | Standard/ Bonus | Asean Corporate Governance Scorecard |
|---|---|---|---|---|
| 27 | Chairman သည် Independent ဒါရိုက်တာ ဖြစ်ပါသလား။ | D | B | E.4.2 |
| 28 | Chairman သည် independent မဖြစ်ပါက ဘုတ်အဖွဲ့သည် Independent ဖြစ်သည့် ဦးစီး/ထိပ်တန်း ဒါရိုက်တာ ရွေးချယ်ခန့်အပ်ထားကာ ၎င်းပုဂ္ဂိုလ်၏ အခန်းကဏ္ဍ တာဝန်များအား သတ်မှတ်ထားပါသလား။ | D | B | E.4.5 |
| 29 | ဒါရိုက်တာများသည် ပြီးခဲ့သည့်နှစ်နှစ်အတွင်း CEO တာဝန်ထမ်းဆောင်ခဲ့သည့်သူများဟုတ်ပါသလား။ | D | B | E.4.3 |
| 30 | ဒါရိုက်တာများထဲတွင် ကုမ္ပဏီ၏ အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ချက်အတိုင်း independent ဖြစ်သည်ဟု ယူဆရသော ဒါရိုက်တာ ဦးရေအရေအတွက် မည်မျှရှိသနည်း။ | D | B | |
| 31 | သီးခြားဖြစ်၍ အုပ်ချုပ်ရေးပိုင်းတွင် မပါဝင်သော independent၊ non-executive ဒါရိုက်တာများ/ကော်မရှင်အဖွဲ့ဝင်များသည် အနည်းဆုံး (၃)ဦးရှိ၍ ထို ဦးရေပမာဏသည် ဒါရိုက်တာဘုတ်အဖွဲ့၏ ၅၀% ထက် ပိုနေပါသလား။ | D | B | E.2.4 |
| 32 | Independent ဒါရိုက်တာများ (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင်များသည် စီမံခန့်ခွဲရေးနှင့် အဓိကရှယ်ယာဝင်များ အပိုင်းတို့တွင် သီးခြားလုပ်ဆောင်ကြပါသလား။ | D | B | |
| 33 | ကုမ္ပဏီသည်ဒါရိုက်တာတစ်ဦးချင်းစီ (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင် တစ်ဦးချင်းစီအတွက် အခြားသော publicly listed ကုမ္ပဏီများတွင်ပါ တစ်ချိန်တည်း၌ ဘုတ်အဖွဲ့ဝင်နေရာ (၅)နေရာသာ ပါဝင်ခွင့်ရှိသည်ဟု သတ်မှတ်ထားပါသလား။ | D | B | E.2.6 |
| **ဒါရိုက်တာ ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ** | | | | |
| 34 | ဒါရိုက်တာဘုတ်အဖွဲ့မှ ၎င်း၏ကဏ္ဍနှင့်တာဝန်ယူမှုများကို ရှင်းလင်းစွာဖော်ပြထားခြင်း ရှိပါသလား။ | D | S | E.1.3 |
| 35 | ဒါရိုက်တာဘုတ်အဖွဲ့မှ အတည်ပြုချက်လိုအပ်သော ဆုံးဖြတ်ချက်များအား ထုတ်ဖော်ပြသထားခြင်း ရှိပါသလား။ | D | S | E.1.2 |
| 36 | Chairman ၏ အခန်းကဏ္ဍနှင့် တာဝန်ယူမှုအပိုင်းများကို ထုတ်ဖော်ပြသထားခြင်း ရှိပါသလား။ | D | S | E.4.4 |
| 37 | တစ်နှစ်အတွင်းပြုလုပ်သော ဒါရိုက်တာဘုတ်အဖွဲ့အစည်းအဝေး အကြိမ်အရေအတွက်ကို ဖော်ပြခြင်းရှိပါသလား။ | D | S | E.3.2 |
| 38 | ကုမ္ပဏီသည် ဒါရိုက်တာတစ်ဦးချင်း (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင်တစ်ဦးချင်း၏ အစည်းအဝေး တက်ရောက်မှု အသေးစိတ် အချက်အလက်များကို ဖော်ပြခြင်းရှိပါသလား။ | D | S | D.2.6 / E.3.3 |
| 39 | ကုမ္ပဏီသည် ဒါရိုက်တာအသစ်များအတွက် လုပ်ငန်းစဉ်နှင့် အကျွမ်းဝင်စေရေး အစီအစဉ်များရှိပါသလား။ | D | B | E.5.1 |
| 40 | ကုမ္ပဏီမှ CEO နှင့် ဘုတ်အဖွဲ့ဝင်တစ်ဦးချင်းစီ၏ လစာ၊ ခံစားခွင့်ဆိုင်ရာ အချက်အလက်အသေးစိတ်ကို ဖော်ပြခြင်း ရှိပါသလား။ | D | B | D.2.7 / E.3.12 |
| **စာရင်းစစ် ကော်မတီ** | | | | |
| 41 | ကုမ္ပဏီတွင် စာရင်းစစ်ကော်မတီတစ်ခုရှိပါသလား။ | D | S | E.2.18 |
| 42 | စာရင်းစစ်ကော်မတီသည် Independent Director အများစုပါဝင်သည့် အုပ်ချုပ်ရေးနှင့် မသက်ဆိုင်သော ဒါရိုက်တာအဖွဲ့နှင့် ဖွဲ့စည်းထားပါသလား။ | D | B | E.2.19 |
| 43 | စာရင်းစစ်ကော်မတီဥက္ကဋ္ဌသည် Independent Director (သို့) Independent ကော်မရှင် အဖွဲ့ဝင်တစ်ဦး ဖြစ်ပါသလား။ | D | B | E.2.20 |
| 44 | ကော်မတီတွင် ပါဝင်သည့် Independent Director (သို့) ကော်မရှင် အဖွဲ့ဝင်များအနက် အနည်းဆုံး တစ်ဦးဖြစ်စေ စာရင်းကိုင်ပညာ တတ်ကျွမ်းပါသလား (စာရင်းကိုင် လက်မှတ် သို့မဟုတ် လုပ်ငန်းအတွေ့အကြုံ ရှိပါသလား)။ | D | S | E.2.22 |

| # | | Disclosure/ Performance | Standard/ Bonus | Asean Corporate Governance Scorecard |
|---|---|---|---|---|
| 45 | Annual Report တွင် စာရင်းစစ်ကော်မတီ၏ အစည်းအဝေးကျင်းပသည့် အကြိမ်အရေအတွက်ကို ဖော်ပြထားခြင်း ရှိပါသလား။ | D | S | E.2.23 |
| 46 | စာရင်းစစ် ကော်မတီ အစည်းအဝေးများတွင် တက်ရောက်သူစာရင်းအား ထုတ်ပြန်ကြေငြာပါသလား။ | D | S | E.2.23 |
| **ရွေးကောက်ခြင်းကော်မတီ** | | | | |
| 47 | ကုမ္ပဏီတွင် ရွေးကောက်ခြင်းကော်မတီ (NC) ရှိပါသလား။ | D | S | E.2.8 |
| 48 | ရွေးကောက်ခြင်းကော်မတီသည် Independent Director အများစုပါဝင်သည့် အုပ်ချုပ်ရေးနှင့် မသက်ဆိုင်သော ဒါရိုက်တာအဖွဲ့နှင့် ဖွဲ့စည်းထားပါသလား။ | D | B | E.2.9 |
| 49 | ရွေးကောက်ခြင်းကော်မတီဥက္ကဋ္ဌသည် Independent Director (သို့) Independent ကော်မရှင် အဖွဲ့ဝင်တစ်ဦး ဖြစ်ပါသလား။ | D | B | E.2.10 |
| 50 | နှစ်ပတ်လည် အစီရင်ခံစာတွင် ရွေးကောက်ခြင်းကော်မတီ၏ အစည်းအဝေးကျင်းပသည့် အကြိမ်အရေအတွက်နှုန်းကို ဖော်ပြထားခြင်း ရှိပါသလား။ | D | S | E.2.12 |
| 51 | ရွေးကောက်ခြင်း ကော်မတီအစည်းအဝေးများတွင် တက်ရောက်သူစာရင်းအား ထုတ်ပြန်ကြေငြာပါသလား။ | D | S | E.2.12 |
| **ငွေကြေးလုပ်ခပေးခြင်း/ငွေကြေးလျော်ပေးခြင်း ကော်မတီ** | | | | |
| 52 | ကုမ္ပဏီတွင် ငွေကြေးလုပ်ခပေးခြင်း ကော်မတီ (RC) ရှိပါသလား။ | D | S | E.2.13 |
| 53 | ငွေကြေးလုပ်ခပေးခြင်း ကော်မတီသည် Independent Director အများစုပါဝင်သော အုပ်ချုပ်ရေးနှင့် မသက်ဆိုင်သော ဒါရိုက်တာအဖွဲ့နှင့် ဖွဲ့စည်းထားပါသလား။ | D | B | E.2.14 |
| 54 | ငွေကြေးလုပ်ခပေးခြင်း ကော်မတီ၏ ဥက္ကဋ္ဌသည် Independent Director (သို့မဟုတ်) Independent ကော်မရှင် အဖွဲ့ဝင် တစ်ဦးဖြစ်ပါသလား။ | D | B | E.2.15 |
| 55 | နှစ်ပတ်လည်အစီရင်ခံစာတွင် ငွေကြေးလုပ်ခပေးခြင်းကော်မတီ၏ အစည်းအဝေးကျင်းပသည့် အကြိမ်အရေအတွက်နှုန်းကို ဖော်ပြထားခြင်းရှိပါသလား။ | D | S | E.2.17 |
| 56 | ငွေကြေးလုပ်ခပေးခြင်း ကော်မတီ အစည်းအဝေးများတွင် တက်ရောက်သူစာရင်းအား ထုတ်ပြန်ကြေငြာပါသလား။ | D | S | E.2.17 |
| **လုပ်ဆောင်မှုအကဲဖြတ်ခြင်းနှင့် ဘုတ်အဖွဲ့ဝင်များ ခန့်အပ်ခြင်း** | | | | |
| 57 | ကုမ္ပဏီသည် CEO၊ မန်နေးဂျင်း ဒါရိုက်တာ၊ ဥက္ကဋ္ဌနှင့် အဓိကကျသည့် စီမံခန့်ခွဲသူများ၏ ရာထူးလွှဲပြောင်းဆင့်ခံခြင်းတို့အား ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်များက မည်သို့စီစဉ်ထားကြောင်း ဖော်ပြထားခြင်းရှိပါသလား။ | P | B | E.5.3 |
| 58 | ကုမ္ပဏီသည် CEO၊ မန်နေးဂျင်း ဒါရိုက်တာနှင့် ဥက္ကဋ္ဌတို့အား နှစ်စဉ် လုပ်ဆောင်မှု ဆန်းစစ်ခြင်း ပြုလုပ်ပါသလား။ | D | B | E.5.4 |
| 59 | ကုမ္ပဏီသည် ဒါရိုက်တာအသစ်များ/ကော်မရှင်အဖွဲ့ဝင် အသစ်များ ရွေးချယ်ရာတွင် အသုံးပြုသည့် ဆုံးဖြတ်ပုံများအား ဖော်ပြခြင်းရှိပါသလား။ | P | B | E.3.9 |
| 60 | ဒါရိုက်တာဘုတ်အဖွဲ့ဝင်များအား နှစ်စဉ်လုပ်ဆောင်မှုအကဲဖြတ်ခြင်း ပြုလုပ်ပါသလား။ | D | B | E.5.5 |
| 61 | ဘုတ်အဖွဲ့အား အကဲဖြတ်ရာတွင် အသုံးပြုသော ဆုံးဖြတ်ပုံများအား ကုမ္ပဏီမှ ဖော်ပြထားခြင်းရှိပါသလား။ | P | B | E.5.5 |

| # | | Disclosure/ Performance | Standard/ Bonus | Asean Corporate Governance Scorecard |
|---|---|---|---|---|
| **ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု** | | | | |
| **စီမံခန့်ခွဲမှု** | | | | |
| 62 | ကုမ္ပဏီသည် နေရာတကျဖြစ်သော Internal Control လုပ်ငန်းစဉ်များ (သို့မဟုတ်) ဘေးအန္တရာယ် စီမံခန့်ခွဲခြင်း စနစ်များကို ဖော်ပြထားခြင်းရှိပါသလား။ | D | S | E.3.19 |
| 63 | နှစ်ပတ်လည် အစီရင်ခံစာတွင် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ(သို့မဟုတ်)ကော်မရှင်အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ရုပ်ပိုင်းဆိုင်ရာ ထိန်းချုပ်မှု (သို့မဟုတ်)ဘေးအန္တရာယ်စီမံခန့်ခွဲမှုများ(လုပ်ငန်းလည်ပတ်မှုဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့်အခြားသော ထိန်းချုပ်မှုများ)အား ပြန်လည်ဆန်းစစ်မှုများပြုလုပ်ခြင်းကို ဖော်ပြထားပါသလား။ | D | S | E.3.20 |
| 64 | ကုမ္ပဏီသည် အဓိကကျသည့် ဘေးအန္တရာယ်များအား မည်သို့ စီမံခန့်ခွဲကြောင်း ထုတ်ဖော်ကြေငြာပါသလား။ | P | S | E.3.21 |
| 65 | နှစ်ပတ်လည် အစီရင်ခံစာတွင် အောက်ပါ ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဖော်ပြထားခြင်း ရှိပါသလား။ | | | |
| - | – သဘာဝပတ်ဝန်းကျင် | D | S | |
| - | – လူမှုရေး (HR) | D | S | |
| - | – လူမှုရေး (လူမှုအသိုင်းအဝိုင်း) | D | S | |
| - | – စီမံအုပ်ချုပ်မှု | D | S | |
| - | – ဘဏ္ဍာရေး | D | S | |
| 66 | ကုမ္ပဏီသည် အဖွဲ့အစည်းမှ ကာလတို၊ကာလလတ်နှင့် ကာလရှည်တို့တွင် တန်ဖိုးဖန်တီးပေးနိုင်ခြင်းပေါ်တွင် သက်ရောက်မှုရှိသည့် ဘေးအန္တရာယ်များနှင့် အခွင့်အလမ်းများသည် မည်သည်တို့ဖြစ်ကြောင်းနှင့်၎င်းတို့အား ကုမ္ပဏီမှ မည်သို့ ကိုင်တွယ်ဖြေရှင်းလျက်ရှိကြောင်း ဖော်ပြထားခြင်းရှိပါသလား။ | P | S | |
| **နည်းဗျူဟာ** | | | | |
| 67 | ကုမ္ပဏီတွင် ရေရှည်တည်တံ့မှု စီမံခန့်ခွဲရေးတာဝန်ခံ၊ အရာရှိ ရှိပါသလား။ | D | S | |
| 68 | ကုမ္ပဏီတွင် ရေရှည်တည်တံ့ရေး နည်းဗျူဟာများရှိပါသလား။ | P | S | |
| 69 | ကုမ္ပဏီသည် ၎င်း၏ stakeholders' mapping process အားရှင်းပြခြင်းရှိပါသလား။ | D | S | |
| 70 | ကုမ္ပဏီသည် ၎င်း၏ materiality analysis ဆန်းစစ်ချက်များအား ဖော်ပြထားပါသလား။ | D | S | |
| 71 | ကုမ္ပဏီ၏ စီးပွားရေး ကိစ္စရပ်များအတွက် materiality analysis ဆန်းစစ်ချက်များသည် မည်သို့သက်ဆိုင်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားခြင်း ရှိပါသလား။ | P | S | |
| 72 | ကုမ္ပဏီသည် ၎င်း၏ ရေရှည်တည်တံ့ခိုင်မြဲရေး အကြောင်းအရာနှင့် စပ်လျဉ်းသည့် ကာလတို၊ ကာလရှည် ပန်းတိုင်များအား ဖော်ပြခြင်းရှိပါသလား။ | P | S | |
| 73 | ကုမ္ပဏီ၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ ဦးတည်ချက်များသည် ကတိကဝတ်တည်ပြီး သင့်လျော်သည့် အချိန်အတိုင်းအတာများ သတ်မှတ်ထားသော materiality analysis နှင့် တိတိကျကျ ချိန်ညှိထားခြင်းရှိပါသလား။ | P | S | |
| 74 | ကုမ္ပဏီသည် ပြင်ပမှ မိမိအကျိုးစီးပွားနှင့်ဆက်စပ်သူများနှင့် အချို့သောအကြောင်းအရာများတွင် ၎င်းတို့၏ အတွေးအမြင်များ သိရှိနိုင်ရန် ဆွေးနွေးခြင်းများ ပြုလုပ်ပါသလား။ | D | S | |
| **ကော်ပိုရိတ် မူဝါဒများ** | | | | |
| 75 | အောက်ဖော်ပြပါ အကြောင်းအရာများအား မူဝါဒတွင် ဖော်ပြထားခြင်း ရှိပါသလား။ | | | |

| # | | Disclosure/ Performance | Standard/ Bonus | Asean Corporate Governance Scorecard |
|---|---|---|---|---|
| - | – ဘုတ်အဖွဲ့၏ အကျိုးအမြတ်ဆိုင်ရာ အငြင်းပွားဖွယ်ဆိုင်ရာကိစ္စရပ်များ(အချို့သော အစည်းအဝေးများတွင် ဆန္ဒမဲပေးခြင်းမှ ရှောင်ရှားခြင်း) | P | S | E.1.1 |
| - | – လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ | P | S | |
| - | – အရောင်းအဝယ်ပြုလုပ်မှုများတွင် ဒါရိုက်တာ၏ အကျိုးစီးပွားနှင့် အခြားသောအကျိုးအမြတ်ဆိုင်ရာ အငြင်းပွားဖွယ်ကိစ္စရပ်များအား ထုတ်ဖော်ကြေငြာခြင်း | P | S | |
| - | – အကျိုးအမြတ် ခွဲဝေမှုဆိုင်ရာ (dividend) မူဝါဒ | P | S | B.4.1 / B.4.2 / B.4.3 |
| - | – ဝန်ထမ်းများ/အလုပ်သမားများ | P | S | D.2.4 |
| - | – ညီတူညီမျှ အခွင့်အရေးများ/မတူကွဲပြားမှု | P | S | |
| - | –အလျှုအတန်း/ ပရဟိတ | P | S | |
| - | –ထိပါးနှောက်ယှက်မှုကို ဆန့်ကျင်ခြင်း | P | S | |
| - | – လူ့အခွင့်အရေး | P | S | |
| - | – ဒါရိုက်တာများအတွက် လုပ်ငန်းဆိုင်ရာ ပညာပေးအစီအစဉ်များ (စဉ်ဆက်မပြတ်)။ | P | S | |
| - | – ဆက်နွယ်သူများအချင်းချင်း အရောင်းအဝယ်ပြုလုပ်မှုများ။ | P | S | |
| - | – Executive ဒါရိုက်တာနှင့် CEO များအတွက် ငွေကြေးလုပ်ခပေးခြင်း (လုပ်ခ၊စရိတ်၊ ပစ္စည်းဖြင့် ထောက်ပံ့မှု၊ အခြား လုပ်ခလစာ)။ | P | S | B.4.2 / B.4.3 / D.3.1 |
| - | – ရေတို ဘဏ္ဍာရေးဆိုင်ရာကိန်းဂဏန်းများအား ကျော်လွန်၍ ကုမ္ပဏီ၏လုပ်ဆောင်မှုအတွက် အပိုဆုကြေး/ငွေကြေး အလျော်ပေးခြင်း။ | P | S | |
| - | – ဈေးကွက်တွင် သာမန်အားဖြင့် မရရှိနိုင်သည့် အသိပညာများကို အသုံးချခြင်း။ | P | S | C.3.3 / E.3.12 |
| - | Use of knowledge generally not available on the market / Insider trading | P | S | |
| **စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ** | | | | |
| 76 | ကုမ္ပဏီတွင် ကျင့်ဝတ်ဆိုင်ရာ ဥပဒေ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်း များကိုအသေးစိပ် ဖော်ပြထားပါသလား။ | D | S | E.2.1 |
| 77 | ကုမ္ပဏီသည် ဒါရိုက်တာများ (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင်များ၊ အထက်ရှိ စီမံခန့်ခွဲမှုအပိုင်းနှင့် ဝန်ထမ်းများအားလုံးသည် ထိုစည်းမျဉ်းဥပဒေများအား လိုက်နာရမည်ဟု ဖော်ပြထားပါသလား။ | D | S | E.2.2 |
| 78 | ကုမ္ပဏီမှ ထိုစည်းမျဉ်းဥပဒေများကို လိုက်နာကျင့်သုံးစေရန် မည်ကဲ့သို့ အကောင်အထည်ဖော် လုပ်ဆောင်ကြောင်း၊ ကြီးကြပ်ကွပ်ကဲကြောင်း ဖော်ပြပါသလား။ | D | S | E.2.3 |
| **ထုတ်ဖော်ပြောဆိုခြင်းဆိုင်ရာ မူဝါဒ** | | | | |
| 79 | မိမိစီးပွားရေးနှင့် သက်ဆိုင်သူများ (ဥပမာအားဖြင့် ဝယ်ယူအားပေးသူများ၊ ကုန်ပစ္စည်းပံ့ပိုးသူများ၊ ပြည်သူ အစရှိသဖြင့်)တို့မှ ၄င်းတို့၏ အတွေးအမြင်များ၊ ၄င်းတို့ အခွင့်အရေးအတိုင်း မကျေနပ်မှုများရှိပါက ပြောပြနိုင်ရန် ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံကို ကုမ္ပဏီအနေဖြင့် မိမိဝက်(ဘ်)ဆိုက်တွင်သော်လည်းကောင်း၊ နှစ်ပတ်လည် အစီအရင်ခံစာတွင်သော်လည်းကောင်း အသေးစိတ်အချက်အလက်များ ဖော်ပြထားပါသလား။ | D | S | C.2.1 |
| 80 | ထုတ်ဖော်ပြောဆိုလိုပါက အမည်နာမဖော်ပြရန် မလိုဘဲ တင်သွင်းနိုင်ပါသလား။ | D | S | |
| 81 | ကုမ္ပဏီတွင် တရားမဝင်သော အပြုအမူများ၊ လုပ်ငန်းကျင့်ဝတ်ဖောက်ဖျက်မှုများကို ဖော်ထုတ်ပေးသော ဝန်ထမ်း တစ်ဦးအား လက်တုံ့ပြန်ခြင်းမှ ကာကွယ်နိုင်ရန် မူဝါဒ (သို့) လုပ်ဆောင်မှုများရှိပါသလား။ | D | S | C.4.2 |
| **ရေရှည်တည်တံ့ ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံခြင်း** | | | | |
| 82 | ကုမ္ပဏီသည် ၄င်း၏ လုပ်ဆောင်မှုများအား ဆန်းစစ်အစီရင်ခံနိုင်ရန် (dashboard) စာရင်းဇယားတစ်ခု အသုံးပြုပါသလား။ | P | S | |

| # | | Disclosure/ Performance | Standard/ Bonus | Asean Corporate Governance Scorecard |
|---|---|---|---|---|
| 83 | ကုမ္ပဏီသည် UNGC၏ တိုးတက်မှုအခြေအနေနှင့် ပတ်သက်၍ သတင်းဆက်သွယ်ပေးပို့ချက်ဖြစ်သည့် COP အစီ ရင်ခံစာ/ ရေရှည် တည်တံ့ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံစာအားလက်ရှိ (သို့)ယခင် ဘဏ္ဍာရေးနှစ်အတွက် ထုတ်ပြန်ထားခြင်း ရှိပါသလား။ | D | S | |
| 84 | ၎င်းအစီရင်ခံစာတွင် ပါဝင်ရမည့် အကြောင်းအရာများအား ရှင်းလင်းစွာ သတ်မှတ်ထားခြင်း ရှိပါသလား။ | P | S | |
| **အစီရင်ခံခြင်း** | | | | |
| **နှစ်ပတ်လည် အစီရင်ခံစာ** | | | | |
| 85 | ကုမ္ပဏီသည် နှစ်ပတ်လည် အစီရင်ခံစာအား ထုတ်ပြန်ကြေငြာပါသလား။ | D | S | |
| 86 | နှစ်ပတ်လည် အစီရင်ခံစာအား အင်္ဂလိပ်ဘာသာဖြင့် ရယူနိုင်ပါသလား။ | D | S | |
| 87 | နှစ်ပတ်လည် အစီရင်ခံစာအား မြန်မာဘာသာဖြင့် ရယူနိုင်ပါသလား။ | D | S | |
| 88 | နှစ်ပတ်လည် အစီရင်ခံစာအား ဘဏ္ဍာရေးနှစ်ကုန်ပြီး ရက်ပေါင်း ၁၂၀ အတွင်း ထုတ်ပြန်ကြေငြာပါသလား။ | D | S | D.7.2 |
| 89 | ကုမ္ပဏီ၏ နှစ်ပတ်လည် အစီရင်ခံစာတွင် အောက်ပါအချက်အလက်များအား ဖော်ပြထားပါသလား။ | | | |
| - | ကော်ပိုရိတ် ရည်မှန်းချက်များ | D | S | D.2.1 |
| - | ဒါရိုက်တာများ/ကော်မရှင်အဖွဲ့ဝင် များ၏ ကိုယ်ရေး အချက်အလက်များ (အနည်းဆုံးအနေဖြင့် အသက်၊ အရည်အချင်း၊ ပထမအကြိမ် အလုပ်ခန့်ထားသည့် နေ့ရက်၊ သက်ဆိုင်ရာ အတွေ့အကြုံနှင့် အခြားသော စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများတွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်နေခြင်းရှိမရှိ စသောအချက်များ ) | D | S | D.2.5 |
| **မူဘောင်** | | | | |
| 90 | ကုမ္ပဏီသည် အောက်ဖော်ပြပါ မူဘောင်များအား လိုက်နာကျင့်သုံးပါသလား။ | | | |
| - | AA1000 | P | S | |
| - | DJSI | P | S | |
| - | GRI | P | S | |
| - | Integrated Reporting | P | S | |
| - | SASB | P | S | |
| - | SDGs | D | S | |
| **ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်မှုပိုင်းဆိုင်ရာ** | | | | |
| 91 | ကုမ္ပဏီသည် ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာ အဓိက စွမ်းဆောင်ရည် ညွှန်ကိန်းများအား ထုတ်ဖော် ကြေငြာပါသလား။ | D | S | D.2.2 |
| 92 | ကုမ္ပဏီသည် အခွန်ပေးဆောင်ခြင်းနှင့် ပတ်သက်၍ ထုတ်ဖော်ကြေငြာပါသလား။ | D | S | |
| 93 | စာရင်းစစ်ခြင်း ဝန်ဆောင်မှုနှင့် စာရင်းစစ်ခြင်း မဟုတ်သော ဝန်ဆောင်မှုများ (ဆိုလိုသည်မှာ အကြံပေးဝန်ဆောင်မှုများ) အား ကုမ္ပဏီတစ်ခုတည်းထံသို့ တာဝန် အပ်နှင်းထားပါသလား။ | D | S | |
| 94 | ကုမ္ပဏီသည် ယခင် ဘဏ္ဍာနှစ်အတွင်း ကူညီထောက်ပံ့မှုပေးရာတွင် အသုံးပြုခဲ့သော ကုန်ကျငွေအား ထုတ်ဖော် ကြေငြာပါသလား။ | D | S | |

| # | | Disclosure/ Performance | Standard/ Bonus | Asean Corporate Governance Scorecard |
|---|---|---|---|---|
| **ဘဏ္ဍာရေး မဟုတ်သော** | | | | |
| **95** | အောက်ဖော်ပြပါ မူဝါဒများအား အကောင်အထည်ဖော်သည့် လုပ်ဆောင်ချက်များကို ကုမ္ပဏီမှ တရားဝင် ထုတ်ပြန်ပါသလား။ | | | |
| - | - ဝယ်ယူအားပေးသူများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရမှု | **P** | **S** | **C.1.1** |
| - | - ကုန်ပစ္စည်းပံ့ပိုးပေးသူ/တဆင့်ခံလုပ်ကိုင်သူ ရွေးချယ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ | **P** | **S** | **C.1.2** |
| - | - ပတ်ဝန်းကျင်အတွက် ဆိုးကျိုးသက်ရောက်မှုမရှိစေသော ကုန်ပစ္စည်းပံ့ပိုးပေးသည့် ကွင်းဆက် | **P** | **S** | **C.1.3** |
| - | - ဒေသခံလူထုများနှင့် အပြန်အလှန်ဆက်သွယ်ပြောဆိုခြင်း | **P** | **S** | **C.1.4** |
| - | - အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ | **P** | **S** | **C.1.5** |
| - | - ကြွေးရှင်၏ အခွင့်အရေးများ | **P** | **S** | **C.1.6** |
| **96** | ကုမ္ပဏီသည် အောက်ဖော်ပြပါ အချက်များနှင့် ပတ်သက်၍ ၄င်း၏ (အဓိက စွမ်းဆောင်ရည်ညွှန်ကိန်း) KPI များအား ကြေညာခြင်းရှိပါသလား။ | | | |
| **လူမှုရေးဆိုင်ရာ ကိစ္စရပ်များ** | | | | |
| - | – ဝန်ထမ်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်း | **P** | **S** | **D.2.3** |
| - | – ဝန်ထမ်းများ အလုပ်မှနုတ်ထွက်နှုန်း | **P** | **S** | **D.2.3** |
| - | – အလုပ်ပျက်ကွက်ခြင်း ပမာဏ | **P** | **S** | **D.2.3 / C.3.1** |
| - | – လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေး | **P** | **S** | **D.2.3 / C.3.1** |
| - | – အသေအပျောက် နှုန်းထား | **P** | **S** | **D.2.3 / C.3.1** |
| - | – သင်တန်းပေးခြင်း | **P** | **S** | **D.2.3 / C.3.2** |
| - | – ရာထူး တက်ခြင်း/မြှင့်ပေးခြင်း | **P** | **S** | **D.2.3** |
| - | – အခွင့်အရေးတူ အလုပ်ခန့်ခြင်း (ကျား/မ၊ လူမျိုး၊ အသက်) | **P** | **S** | **D.2.3** |
| - | – မသန်စွမ်းမှု | **P** | **S** | **D.2.3** |
| **သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ** | | | | |
| - | – စွန့်ပစ်အညစ်အကြေး | **P** | **S** | **D.2.3** |
| - | – စွမ်းအင် | **P** | **S** | **D.2.3** |
| - | – ကာဗွန် | **P** | **S** | **D.2.3** |
| - | – ရေ | **P** | **S** | **D.2.3** |
| **လူမှုအသိုင်းအဝိုင်းဆိုင်ရာ တာဝန်များ** | | | | |
| - | – ထုတ်ကုန်ပစ္စည်းဆိုင်ရာ တာဝန် | **P** | **S** | **D.2.3** |
| - | – ကုန်ပစ္စည်းပံ့ပိုးပေးသည့် ကွင်းဆက်ဆိုင်ရာ တာဝန် | **P** | **S** | **D.2.3** |
| - | – ပရဟိတ လုပ်ငန်းများ | **P** | **S** | **D.2.3** |
| **97** | ဘဏ္ဍာရေးမဟုတ်သော ကိန်းဂဏန်းများအား ပြင်ပအဖွဲ့အစည်းမှ စာရင်းစစ်ပါသလား။ | **P** | **S** | |




မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး
အထောက်အကူပြုဌာန

No.6 (A), Shin Saw Pu Road,
Kayinchan Qtr, Ahlone, Yangon, Myanmar

**Phone:** +95 1 512613
**Email:** info@myanmar-responsiblebusiness.org
www.mcrb.org.mm
www.myanmar-responsiblebusiness.org

Yever
smarter together

27 Aung Zeya Road,
Yankin Township, Yangon, Myanmar

**Phone:** +95 9 254 795 095
**Email:** contact@yever.org
www.yever.org